www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဇော်ဗလ

၏

ထုတ်ဝေပြီး စာအုပ်များ

★ ကွန်မြူး သူရဲကောင်း 'ဘာရူ(စ်)လီ'
သူနှင့် သူ့ခေတ်ပြိုင် ဆိုင်းသမား၊ ရုပ်ရှင်သရုပ်ဆောင်များ
[၁၉၇၅၊ စက်တင်ဘာ]

★ 'ကျွန်ဈေးမစ်ချန်း'
သူနှင့် သူ့ရုပ်ရှင်များ
[၁၉၇၅၊ ဒီဇင်ဘာ]

★ 'သေမင်းဖြူနှင့် စတေးခံ'
*Jaws* ဝတ္ထု မြန်မာပြန်
[၁၉၇၆၊ ဩဂုတ်]

★ စာ (၁)
နိုင်ငံတကာ ရုပ်ရှင်ဇာတ်လမ်းများ
[၁၉၇၇၊ နိုဝင်ဘာ]

★ နိုင်ငံတကာ ရုပ်ရှင်သရုပ်ဆောင်များ မိတ်ဆက် (၁)
[၁၉၇၉၊ ဇူလိုင်]

ယခု

★ 'သေမင်းဖြူနှင့် စတေးခံ'
[ဒုတိယအကြိမ် ပုံနှိပ်ခြင်း]

ရှေ့လ

☆ 'အသားထဲကလောက် အဆည်းထဲသို့ကျည်'
Badge 369: The Super Cop မြန်မာပြန်
[၁၉၈၀၊ မေ]

BURMESE CLASSIC .com

# ဇော်ဗလ

မြန်မာပြန်

# JAWS



## သေမင်းဖြူ နှင့် စတေးခံ

F.A (ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

ဤစာအုပ်ကို
ဒေါ်အမာ
ကေသရာဇာ စာပေ
[မြ-၀၂၀၆၁]
အမှတ် ၁၄၊ ဇမ္ဗူရာဇ်လမ်း
စမ်းချောင်း၊ ရန်ကုန်မြို့က
၁၉၈၁ ခုနှစ် ဧပြီလတွင်
ဒုတိယအကြိမ် ပုံနှိပ်ခြင်း အဖြစ်
ထုတ်ဝေဖြန့်ချိသည်။

BURMESE CLASSIC .com

စာမူကြိုတင်ခွင့်ပြုချက် အမှတ် - (၆၀၅)

မျက်နှာဖုံးကြိုတင်ခွင့်ပြုချက် - (၂၃၉)

တန်ဖိုးသတ်မှတ်ချက် - ၂၀ ကျပ်

ကေသရာဇာ

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဖုံးပန်းချီ - ပန်းချီ စိုးမိုး

အတွင်းပန်းချီ - မျိုးမြင့်၊ တင်မောင်ကြည်

အတွင်းဘလောက် - ထွန်းဆိုင်

စာအုပ်ချုပ် - မင်းမင်းစိုးမိသားစု

အဖုံးရိုက် - အောင်သန်း အော့(ဖ်)ဆက်

အတွင်းသားရိုက် - ဦးအုန်းစိန် (မြ-၀၃၀၇)
ရွှေပြည်စိုးပုံနှိပ်တိုက်
၅၄၊ ဇောတိကလမ်း
ကျောက်မြောင်း၊ ရန်ကုန်မြို့။



F. B (ဒုတိယ အကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

# စာရေးဆရာ နှင့် စာအုပ် နှင့် ရုပ်ရှင်

ဂျော(စ်) [*Jaws*] ဝတ္ထုကိုရေးသားသူ **'ပီတာ ဘင်(ချ်)လေ'** (*Peter Benchley*)သည် အနုပညာမျိုးရိုးမှ ဆင်းသက်လာခဲ့သူ တဦးဖြစ်သည်။ သူ့ဖခင် **'နသန်နီရယ်(လ်)ဘင်ချ်လေ'**သည် 'နယူးယောက်ကား ဂျာနယ်' တွင် ဟာသ ဝတ္ထုတိုများ ရေးသားခြင်းဖြင့် အောင်မြင်နေသူတဦး ဖြစ်သည်။ သူ့အဖိုး **ရောဘတ်ဘင်(ချ်)လေ'** သည်လည်း တခေတ်တချိန်က ကျော်ကြား ထင်ရှားသော ဟာသဝတ္ထု လူရွှင်တော်ကြီးတဦး ဖြစ်ခဲ့သည်။

ပီတာဘင်(ချ်)လေသည် ဟားဗတ်(ဒ်)တက္ကသိုလ်မှ ဘွဲ့ရပြီးသော် တနှစ်ကြာမျှ အနားယူယင်း ကမ္ဘာလှည့် ခရီးထွက်ခဲ့သည်။ ယင်းခရီးစဉ်၏ ရလဒ်မှာ *Time & Ticket* (၁၉၆၄) အမည်ရှိ ခရီးသွားဆောင်းပါးစာအုပ်တအုပ် ပေါ်ထွက်လာခဲ့ခြင်း ဖြစ်သည်။ ထို့နောက် သူသည် **ဝါရှင်တန်ပို့(စ်)** သတင်းစာအတွက် သတင်းထောက်အဖြစ်လည်းကောင်း၊ **နယူး(စ်)ဝိ(ခ်) မဂ္ဂဇင်း** အတွက် ရေဒီယိုနှင့် ရုပ်မြင်သံကြားကဏ္ဍ အယ်ဒီတာ အဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ထို့ပြင် အမေရိကန်သမ္မတဂျွန်ဆင်အုပ်ချုပ်ရေး ကာလများအတွင်းတွင် မိန့်ခွန်းများကို ရေးသားစီစဉ်ပေးသူအဖြစ်လည်း လုပ်ကိုင် ပေးခဲ့ဖူးသည်။

'ဂျော(စ်)' သည် ပီတာ ဘင်(ချ်)လေ၏ ပထမဦးဆုံးသော **စိတ်ကူးယဉ်ဝတ္ထု** ဖြစ်သည်။

BURMESE CLASSIC .com

စာရေးဆရာ ပီတာဘင်(ချ်)လေအား ဂျော(စ်)ဝတ္ထု ရေးသားဖြစ်အောင် လှုံ့ဆော်ပေးခဲ့သော နောက်ခံအကြောင်းတခု ရှိခဲ့သည်။ ယင်းမှာ **'ရေလွှာက ပြာ သေမင်းက ဖြူ'** (*Blue Water, White Death*) အမည်ရှိ ငါးမန်းရုပ်ရှင်တခု ဖြစ်သည်။ ယင်း *Blue Water, White Death* သည် ၁၉၇၁ ခုနှစ်က ပေါ်ထွက်လာခဲ့သော ငါးမန်းဖြူဆိုင်ရာ သုတေသနပြု မော်ကွန်းတင် ရုပ်ရှင်တခု ဖြစ်သည်။ ဇာတ်လမ်းရုပ်ရှင်တခုကား မဟုတ်ပါချေ။

ကုန်တိုက်ကြီးတခုကို အမွေအဖြစ် ဆက်ခံရရှိလိုက်သော **'ပီတာဂင်(မ်)ဘဲ(လ်)'** (*Peter Gimbel*) အမည်ရှိ သူကြွယ်ပေါက်စလေး တဦးသည် ၁၉၇၁ ခုနှစ်တွင် **'စတင်(န်)တွန်ဝါတာမင်း' 'ရွန်တေလာ'၊ 'ဗာလာရီတေလာ'၊ ရော့(ဒ်)နီဇွန်ကလင်(စ်)'** အမည်ရှိ မိတ်ဆွေများနှင့်အတူ ပင်လယ်ပြင် ခရီးရှည် မိုင်ပေါင်း ၁၈,၀၀၀ ခန့်ကို ခြောက်လကြာမျှလှည့်လည်သွားလာခဲ့ပြီး ငါးမန်းဖြူများအကြောင်း သုတေသန လုပ်ခဲ့သည်။ ပင်လယ်ပြင် ရေလွှာအောက်သို့ စွန့်စွန့်စားစားဆင်းပြီး ရုပ်ရှင်၊ ရုပ်သေ ဓာတ်ပုံများ ရိုက်ကူး မှတ်တမ်းတင်ခဲ့သည်။ ပီတာ ဂင်(မ်)ဘဲ(လ်)နှင့်အဖွဲ့သည် မာဒါဂက်စကာနှင့် မိုဇမ်ဘစ် ရေလက်ကြား၊ တောင်အာဖရိကတိုက်၏ ကမ်းလွန်ပင်လယ်ရေပြင်၊ သြစတေးလျတိုက်နှင့် သီရိလင်္ကာနိုင်ငံတို့၏ကမ်းလွန်ပင်လယ်ရေပြင်တို့တွင်အဓိကသုတေသနလုပ် ခဲ့ကြသည်။ 'လူစွန့်စား'တို့၏ ငါးမန်းဖြူသုတေသနလုပ်ငန်းကြီး၏ အဆုံး



ဂျော(စ်)'ဝတ္ထုကို ဖန်တီးပြီး
ဂျော(စ်)'ရုပ်ရှင်အတွက်
ဇာတ်ညွှန်းရေးပေးခဲ့သူ
စာရေးဆရာ'ပီတာဘင်[ချ်]လေ'

www.burmeseclassic.com

www.burmeseclassic.com

[illegible] ([illegible])[illegible] ရှည်လျားသည့် တက္ကနိုက်ကာလာဆေး [illegible] '[illegible] ပြာ ဆေမင်းက ဖြူ' (*Blue Water, White Death*) အမည်ရှိ ငါးမန်းဖြူတို့၏ သဘာဝဖြစ်ရပ်မှန် [illegible] ရုပ်ရှင်ကားတခု ဖြစ်ပေါ်လာခဲ့တော့သည်။ ယင်း ရုပ်ရှင်ကားကို (*Cinema Center Films*) မှ တင်ဆက်ပြီး **'နှစ်ဆယ်ရာစု ဖောက်(စ်)'** (*20th Century-Fox*) ကုမ္ပဏီ မှ ကမ္ဘာအနှံ့သို့ ဖြန့်ချိပြသခဲ့သည်။

ယင်း ရုပ်ရှင်ကိုကြည့်ရှုပြီးသည့်နောက်တွင် ပီတာ ဘင်(ချ်)လေသည် ငါးမန်းဖြူများ၏သဘာဝကို စိတ်ဝင်စားသွားခဲ့သည်။ သို့နှင့် *Blue Water, White Death* မော်ကွန်း ရုပ်ရှင် ရိုက်ကူးစဉ်က ပါဝင်ခဲ့သည့် 'လူစွန့်စား'တဦးဖြစ်သူ 'စတင်တွန် ဝါတာမင်း' ကို အပါခေါ်လာ သူကိုယ်တိုင်လည်း ၁၉၇၂-၇၃ ခုနှစ်များတွင် ဩစတေးလျတိုက် တောင်ပိုင်း သမုဒ္ဒရာပြင်ဆီသို့ သွားရောက်လေ့လာခဲ့ရာမှ'ဂျော(စ်)'ဝတ္ထု ပေါ်ထွက်လာခဲ့ရခြင်းဖြစ်၏။



ပီတာဘင်(ချ်)လေအား 'ဂျော[စ်]' ဝတ္ထုကို ရေးဖြစ်အောင် လှုံ့ဆော်ပေးခဲ့သည့် ငါးမန်းဖြူဆိုင်ရာ သုတေသန မော်ကွန်းတင်ရုပ်ရှင် *Blue Water, White Death* ရုပ်ရှင်မှ တကယ့် ငါးမန်းဖြူကြီး။

"အကာလ ညဉ့် အခါ၏ ရေပြင်ထဲတွင် ရောမငါးကြီးသည် တိတ်ဆိတ်စွာ ရွေ့လျားနေချိန်၌ ယင်း၏ လခြမ်းသဏ္ဍာန်ဆောင် အမြီးကြီးက ငါးကြီး၏ ရွေ့လျားမှုကို ဖြစ်စေသည်။"

...ဟူ၍ သူ၏ ဝတ္ထုရှည်ကြီး၏ ပထမဆုံးသော ဝါကျကို စတင် ရေးချလိုက်စဉ်က ယင်းဝတ္ထုမှ ငွေကြေး အမြောက်အမြားကိုဖြစ်စေ၊ အရှိန်အဟုန်ကြီးမားသော ကျော်ကြားမှုကို ဖြစ်စေ သူမတူအောင် ရရှိလိမ့်မည်ဟု စာရေးဆရာ ဘင်(ချ်)လေက ရိပ်စားမိခဲ့ဟန် မတူပါချေ။ သူ၏ ဝတ္ထုသည် ကမ္ဘာ့စာဖတ်ပရိသတ်ကို ကြောက်ခမန်းလိလိ စိတ်ဝင်စားအောင် စွမ်းဆောင်နိုင်လိမ့်မည်ဟူ၍လည်း သူ ထင်ခဲ့မိပုံ မပေါ်။

သို့သော်....

ယင်း 'ဂျော(စ်)'သည် သူ့ ပွဲဦးထွက် စာအုပ်ပင် ဖြစ်သော်ငြားသည်း ၁၉၇၄ ခုနှစ်အတွင်း အမေရိကန်ပြည်ထောင်စု၏ စာအုပ်လောကတွင် မကြုံစဖူး အထူး အောင်မြင်မှု ရရှိခဲ့ပါချေသည်။ ထုတ်ပတ်အတွင်း **'ရောင်းရအတွင်ကျယ်ဆုံးသော စာအုပ်'** (*Best Sellers*)ဆယ်အုပ်စာရင်းဟွင် ရက်သတ္တပတ်ပေါင်းများစွာ နေရာယူခဲ့သည်။ 'ရောင်းရအတွင်ကျယ်ဆုံး'ဘွဲ့ကိုလည်းတနှစ်တိုင်တိုင် သက်တမ်း ရှည်ကြာစွာ ထိန်းသိမ်းထားနိုင်ခဲ့သည်။ ၁၉၇၅ခုနှစ်အတွင်းက အမေရိကန် တနိုင်ငံတည်းမှာပင် စောင်ရေ ငါးသန်းခွဲ ပုံနှိပ်ထုတ်ဝေနိုင်ခဲ့သည်။ ယနေ့ဆိုလျှင် ယင်းစာအုပ်ကို နိုင်ငံတကာ စာအုပ်ထုတ်ဝေရေးဌာန အသီးသီးက စောင်ရေ ကိုးသန်းအထိ ပုံနှိပ်ထုတ်ဝေပြီးခဲ့ပြီ ဖြစ်သည်။ နိုင်ငံတကာ ဘာသာရပ်များသို့လည်း အသီးသီး ပြန်ဆိုခဲ့ပြီး ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်လောကတွင် 'ဂျော(စ်)'သည် ဤမျှ ဤမျှ အောင်မြင်ကျော်ကြားလာသောအခါ စာပေလောကနှင့် အနီးကပ်ဆုံးသော နေရာတွင်တည်ရှိနေသည့်ရုပ်ရှင်လောကကလည်း 'ဂျော(စ်)'အပေါ် စိတ်ဝင်စားလာလေတော့သည်။ 'ဂျော(စ်)' ဝတ္ထုကို မျက်စိကျခဲ့သည့် ရုပ်ရှင်ကုမ္ပဏီများတွင် 'ယူနီဗာဆယ်' ရုပ်ရှင်ကုမ္ပဏီကြီးသည် ရှေ့ဆုံးတန်းမှ ပါဝင်ခဲ့သည်။

ယူနီဗာဆယ် ကုမ္ပဏီကြီးသည် မျက်မှောက်ခေတ် (လွန်ခဲ့သော လေး၊ ငါး ရှစ်နှစ်တာ) ကာလအတွင်းက *The Sting, M.A.S.H, The Sugarland Express* အစရှိသည့် ကမ္ဘာကျော် ရုပ်ရှင်ကားများကို ရိုက်ကူး ထုတ်လုပ်ခဲ့သည့် ရုပ်ရှင်ကုမ္ပဏီ ဖြစ်သည်။ ယူနီဗာဆယ်ကုမ္ပဏီမှ ထုတ်လုပ်သူ ရစ်ချတ်(ဒ်)ဇာနု(ခ်) နှင့် သူ့ တွဲဘက် ဒေးဗစ်ဘရောင်းတို့က အခြားသော ကုမ္ပဏီများ ထက် လက်သွက်စွာ ပီတာဘင်(ခ်ျ)လေအား သူ့ဝတ္ထုနှင့် ဇာတ်ညွှန်း အတွက် ဒေါ်လာ ၁၇၅,၀၀၀ ပေးပြီး 'ဂျော(စ်)'ကို ရုပ်ရှင်ရိုက်ကူးရန် ဝယ်ယူလိုက်လေသည်။

အခြားသူများလက်သို့ 'ဂျော(စ်)' မပါသွားစေရန် အတွက် အလောသုံးဆယ် ဝယ်သာ ဝယ်လိုက်ရသည်။ ယင်း 'ဂျော(စ်)'ကို ရုပ်ရှင်အဖြစ် မည်သို့မည်ပုံ အသက်သွင်းရမည် ဆိုသည်ကိုမူ ပရိုဂျူဆာ နှစ်ဦးတို့ လုံးဝ မစဉ်းစားရသေးချေ။

အကြောင်းမှာ 'ဂျော(စ်)'၏ အဓိကဇာတ်ကောင်မှာ နှစ်ဆယ့်ငါးပေ ရှည်လျားသော ရောမ ငါးမန်းကြီး ဖြစ်သည်။ ရောမ ငါးမန်းကြီးများသည် အဖမ်းခံဘဝ၌ အသက်ရှင် နေထိုင်နိုင်သည့် အစဉ်အလာ မရှိ။ ယင်းတို့အား ရေကန်တခုထဲတွင် ထည့်လှောင် မွေးမြူထား၍ မရ။ ထိုကဲ့သို့ ပြုလုပ်မည်ဆိုလျှင် အလွန်တိုတောင်းလှသော အချိန်ကာလ အတွင်းမှာပင် ငါးမန်းဖြူကြီးများသည် အသက်သေဆုံးသွားလေ့ ရှိတတ်ကြသည်။ ထို့ကြောင့် ငါးမန်းဖြူ အရှင်များဖြင့် ယင်းဝတ္ထုကို ရုပ်ရှင်အဖြစ် မည်သို့မျှ ရိုက်ကူးနိုင်မည် မဟုတ်ပါချေ။

'ရေလှိုင်းက ပြာ သမင်းက ဖြူ' ဖြစ်ရပ်မှန် မော်ကွန်းတင် ရုပ်ရှင်တွင်ငါးမန်းဖြူအရှင် အကောင်ပေါင်းနှစ်ဒါဇင်ထက် မနည်း ပါဝင်သော်လည်း ပီတာဘင်(ခ်ျ)လေကမူ သူ့ 'ဂျော(စ်)'ရုပ်ရှင် တွင် ငါးမန်းကြီးတကောင်တည်းကိုသာ ဇာတ်ကောင်အဖြစ်ထားရှိ ခဲ့သည်။ သို့သော် ယင်း ငါးမန်းကြီးကို အလျား နှစ်ဆယ့်ငါးပေ ရှိသည့် ရောမ ငါးမန်းကြီး တကောင် အဖြစ် 'ဖွဲ့' ခဲ့သည်။ ဝတ္ထု တွင်အနေဖြင့် ဤမျှ ကြီးမားသော ငါးမန်းကြီး တကောင်၏ ဆိုက် သဘာဝကို ပီပီပြင်ပြင် ပေါ်လွင်အောင် ရေးဖွဲ့ရေးမှာ အကြောင်းမဟုတ်လှသော်လည်း ရုပ်ရှင်အသွင်ဖြင့် တင်ပြရေးမှာမူ လွယ်ကူခြင်း အလျှင်းမရှိပါပေ။ ဤမျှ ကြီးမားသော ငါးမန်းကြီး တကောင်ကို အလွယ်တကူ ရှာဖွေဖမ်းဆီးရန် လွယ်ကူသည် ထား ဦး။ ရုပ်ရှင်ရိုက်ကူး၍ မပြီးမချင်း မွေးမြူထားရန် ဆိုသည်မှာ အား လုံးဝ မဖြစ်နိုင်သော ကိစ္စပင် ဖြစ်ပေသည်။

BURMESE CLASSIC .com


၁၉၇၄ ခုနှစ် အတွင်း 'ရောင်းရ တွင် ကျယ်ဆုံးသော' ဂျော[စ်] ဝတ္ထု ကို ၁၉၇၅ ခုနှစ် အတွင်း ဝင်ငွေ အကောင်းဆုံးရခဲ့သော၊ အအောင်မြင် အကျော်ကြားဆုံးသော ဓာတ်ကား ရွှေစင်ရုပ်တုဆု (၃)ခုရရှိသောရုပ်ရှင် အဖြစ်သို့ အသွင်ပြောင်းပေးခဲ့သူ— လူရွယ်ဒါရိုက်တာ 'စတီဗင် စပီး[လ်]ဘာ့[ဂ်]'

www.burmeseclassic.com

www.burmeseclassic.com

သို့ဖြင့် ရုပ်ရှင်ထုတ်လုပ်သူနှစ်ဦးသည် ယင်း 'ဂျော(စ်)'ရုပ်ရှင်တွင် ငါးမန်းအစစ်ကို မသုံးပဲ၊ ငါးမန်းအတု (စက်ရုပ်ငါးမန်း)ကိုသာ အသုံးပြုရန် ဆုံးဖြတ်လိုက်ကြလေတော့သည်။

ငါးမန်းဖြူအကြောင်း ရုပ်ရှင်ရိုက်ကူးသည့်အခါ ငါးမန်းအစစ်ထက် စက်ရုပ်ငါးမန်းကိုသာ အသုံးပြုခြင်းသည် ဘေးအန္တရာယ်ပိုမိုကင်းရှင်းနိုင်ကြောင်းကိုလည်း ရုပ်ရှင် ထုတ်လုပ်သူများ သဘောပေါက်မိဟန် တူပေသည်။ အကြောင်းကား ငါးမန်းဖြူအကြောင်း ရုပ်ရှင်ရိုက်ကူးရာတွင် အသက်သေဆုံးရသည့် သာဓကများ ရှိခဲ့ဖူးသောကြောင့်ပင် ဖြစ်သည်။

လွန်ခဲ့သော တစ်ဆယ့်သုံးနှစ်တာကာလ (၁၉၆၇)က ဖြစ်သည်။

ဆင်မြူရယ်(လ်)ဖူးလားအမည်ရှိ ရုပ်ရှင်ဒါရိုက်တာတဦးသည် သူနှင့် ဂျွန်ကင်း(စ်)ဘရစ်(ဂျ်)(ဒ်)အမည်ရှိစာရေးဆရာတဦးတို့ပူးပေါင်းရေးသားသော ဝတ္ထုတပုဒ်ကို *Heritge Enterprises* ရုပ်ရှင်ကုမ္ပဏီ အတွက် ရိုက်ကူးပေးခဲ့သည်။ ယင်း ရုပ်ရှင်ဇာတ်ကားမှာ လက်နက်မှောင်ခိုသမားများ၊ သမုဒ္ဒရာအောက် ကြမ်းပြင်ရှိ သင်္ဘောပျက်မှ ရွှေများကို မတရားရှာယူသူ လူပေါ်လူဇော်များ၊ တနဖူး သိုက်တူးသူ လောဘသမားများ၏ စွန့်စားခန်းဖြစ်သည်။ ဇာတ်လမ်း၏ အစိတ်အပိုင်း အချို့တွင် သက်ရှိ ငါးမန်းဖြူများလည်း ဇာတ်ရံအဖြစ် ပါဝင်ကြရသည်။

ဒါရိုက်တာဖူးလားနှင့် သူ့အဖွဲ့သည် အခန်း အတော်များများကို ရိုက်ကူးပြီးနောက် ငါးမန်းဖြူပါဝင်သော ဇာတ်ဝင်ခန်း တခန်းကို ၁၉၆၇ ခုနှစ် ဇွန်လ (၇)ရက်နေ့တွင် မက္ကဆီကို ပင်လယ်ကွေ့၌ ရိုက်ကူးနေခဲ့သည်။ ပထမတွင် ရုပ်ရှင်အဖွဲ့သည် မိမိတို့ ဖမ်းမိထားသော ငါးမန်း အရှင်တကောင်ကို ယဉ်ကျေးသိမ်မွေ့အောင် သင်ကြားပေးပြီး ရုပ်ရှင်ရိုက်ကူးနေခဲ့ကြခြင်း ဖြစ်သည်။ ပင်လယ်ပြင်မှ အခြားတပါးသော ငါးများ ဝင်ရောက် မလာနိုင်စေရန် အတွက်လည်း ပိုက်ကွန်များကို သွယ်တန်းကာဆီး ထားခဲ့သည်။

သို့ရာတွင် မမျှော်လင့်သည့်ကိစ္စတခုသည် ရုတ်တရက် ပေါ်ပေါက်လာခဲ့လေတော့သည်။ ပင်လယ်ပြင်တနေရာမှ ငါးမန်းဖြူတကောင်



တကယ့် ငါးမန်း အစစ်ဖြင့် ရုပ်ရှင်ရိုက်ယင်း ငါးမန်းကိုက်ခံရမှုဖြစ်ပြီး လူ တကယ်သေသွားရမှုကြောင့် ကမ္ဘာကျော်သွားခဲ့ရသည့် '*Shark*' ရုပ်ရှင်ကား [၁၉၆၈]မှ တကယ်ဖြစ်ရပ်မှန် အနိဋ္ဌာရုံ ပြကွက်တကွက်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

သည့် ဘွားကနဲ ပေါ်ပေါက်လာခဲ့ပြီး ကာရံထားသော ပိုက်တန်းများကို ဖြတ်တောက် ထိုးဖောက် ဝင်ရောက်လာကာ စတန့်မင်း 'ဂျိုဆေမာကို'(၃၂နှစ်)ကို ကိုက်သတ်ဝါးမျိုပစ်လိုက်လေတော့သည်။ ဖြစ်ပျက်ပုံမှာ တမိနစ်မျှပင် မပြည့်တတ်သည့် အလွန် တိုတောင်းလှသော အချိန်ပိုင်းကလေးအတွင်း၌ ဖြစ်ရကား ရုပ်ရှင်အဖွဲ့သားများမှာ မှင်တက် မိနေခဲ့ကြသည်။ မှိန်းဆဲ့၊ လှုံ့ဆော်လုပ်ရန် သတိ ဝင်လာသည့် အချိန်တွင်မူ ငါးမန်းဖြူကြီးမှာ သူတို့နှင့် ခပ်းရာ ရေပြင်တနေရာဆီသို့ ရောက်ရှိသွားခဲ့ပြီ ဖြစ်၏။ စတန့်မင်း ဂျိုဆေမာကိုမှာ နေရာတွင်ပင် ပွဲချင်းပြီး အသက် ပျောက်သွားခဲ့ရ၏။ သို့သော်သူ့ ရုပ်ရှင်အဖွဲ့သားများက ယင်း ဖြစ်ရပ်ကို ရုပ်ရှင်၊ ရုပ်သေကင်မရာများဖြင့် အမိအရ မှတ်တမ်းတင်ရိုက်ကူးယူနိုင်ခဲ့ကြလေသည်။ ရုပ်ရှင်ရိုက်ကူးစဉ် ငါးမန်းကိုက်ခံရသေဆုံးခြင်းသတင်းနှင့်အတူ ယင်းသို့သော အနိဋ္ဌာရုံ ဖြစ်ရပ်ကို ဓာတ်ပုံရိုက် မှတ်တမ်းတင်ယူလိုက်နိုင်သည့် အကြောင်းမှာလည်း တမုဟုတ်ချင်း ကျော်ကြားသောသတင်းတခု ဖြစ်သွားလေတော့သည်။ 'လိုက်(ဖ်)'(*Life*)ကဲ့သို့သော ကမ္ဘာကျော် ရုပ်စုံ မဂ္ဂဇင်းကြီးကပင်လျှင် မှတ်တမ်းဝင် ဓာတ်ပုံများကို ဈေးကြီးပေး ဝယ်ယူခြင်း၊ ယင်းဖြစ်ရပ်အား အသားပေး ပုံနှိပ်ဖော်ပြခြင်းတို့ကြောင့် ယင်း ရုပ်ရှင်ကားမှာ မပြခင်ကပင် နာမည်ကြီးသွားခဲ့တော့သည်။ ရုပ်ရှင်ထုတ်လုပ်သူများကလည်း ယင်းအခွင့်အရေးကို အမိအရ ဖမ်းယူ သုံးစွဲပစ်ခဲ့ကြသည်။ တဦးပေါ် တဦး ဘနုဖူး သိုက်တူးကာ စီးပွားရေးအပွကြံကြသောလောဘသား လူစွန့်စားများ၏ အကြောင်းကို မူတည်ရိုက်ကူးထားသော ယင်း ရုပ်ရှင်၏ မူလအမည်ကိုပင် ပြောင်းလဲပစ်လိုက်ကာ '**ငါးမန်း**' (*Shark*) ဟူသည့် အမည်သစ်တခု ထပ်မံပေးပြီး ကမ္ဘာအနှံ့ ရုံတင် ပြခဲ့လေသည်။ ဤသို့ဖြင့် ယင်း ရုပ်ရှင်ကားမှာ ကျော်ကြားမှု ရရှိခဲ့လေသည်။ [ဤ *Shark* ရုပ်ရှင်ကို ၁၉၇၇ ခုနှစ်အတွင်းက ရန်ကုန်မြို့တွင် ရုံတင်ပြသသွားခဲ့ပြီး ဖြစ်သည်။]

ငါးမန်းဖြူ အစစ်များကို အသုံးပြု ရိုက်ကူးမည် ဆိုလျှင် အထက်ပါကဲ့သို့သော အန္တရာယ်များ ဖြစ်လာနိုင်သည့်အပြင် ပီတာဘင်(ချ်)လေ ရေးဖွဲ့ခဲ့သော ၂၅ပေရှည် ငါးမန်းဖြူကြီး တကောင်



▲ 'ဂျော[စ်]ရုပ်ရှင်ကား၏ ဖန်တီးရှင် သုံး ဦး၊ ထုတ်လုပ်သူ 'ဘရောင်း'၊ ရိုက်ကူးသူ 'စပီး(လ်)ဘာ့(ဂ်) နှင့် ထုတ်လုပ်သူ 'ဇာနော့(ခ်)'

www.burmeseclassic.com

www.burmeseclassic.com

ကိုလည်း အလွယ်တကူ ရှာဖွေမရနိုင်သည့် အခက်အခဲများကြောင့် ပရိုဂျူဆာ ဇာနု(ခ်)နှင့် ဘရောင်း တို့သည် ဂျော(စ်) ရိုက်ရန်အတွက် စက်ရုပ်ငါးမန်းကြီး တည်ဆောက်ခဲ့ကြရလေသည်။ 'ငါးမန်းကြီး'ဟူ၍ ဧကဝုစ်ကိန်းနှင့် ပြောရသော်လည်း အမှန် တကယ်လက်တွေ့ တည်ဆောက်ခဲ့ကြရသည်မှာ ငါးမန်းကြီးတကောင်တည်း မဟုတ်ချေ။ စက်ရုပ်ငါးမန်း(၃)ခု လုပ်ခဲ့ရခြင်း ဖြစ်သည်။

ပထမဆုံး ငါးမန်းဖြူကြီးကို တကောင်လုံး၊ တကိုယ်လုံးအပြည့် တည်ဆောက်ခဲ့ရသည်။ အခြား နှစ်ကောင်ကိုမူ အကောင်ပြည့် မဟုတ်ပဲ ဗယ်ဘက်ခြမ်းတခြမ်း၊ ညာဘက်ခြမ်းတခြမ်းဆီသာ တည်ဆောက်ခဲ့ကြသည်။ အကြောင်းမှာ ရုပ်ရှင်၏ အဓိက ဇာတ်ကောင်ငါးမန်းဖြူကြီးကို အနီး၊ အဝေး၊ ထက်၊ အောက်၊ ဝဲယာ၊ ဘေးဗယ်၊ ညာ မြင်ကွင်းအမျိုးမျိုးမှ ရိုက်ကူးယူနိုင်ရေးအတွက် ဖြစ်ပေသည်။ ယင်း သံမဏိ ငါးမန်းကြီးများတွင် ယိုအပ်သော စက်ကိရိယာ အမြောက်အမြားပါဆင်ပြီး ယင်းငါးမန်းကြီး သဘာဝကျကျ လှုပ်ရှား သွားလာနိုင်ရန်အတွက် လူ(၁၃) ယောက်တို့က စက်ခလုတ်များကို ထိန်းသိမ်းမောင်းနှင်ပေးကြရသည်။ ယင်း သံမဏိငါးမန်းကြီးများကို တည်ဆောက်ခသည်ပင်လျှင် ပရိုဂျူဆာများအား ဒေါ်လာ နှစ်သိန်း၊ နှစ်သောင်း၊ ငါးထောင်အထိ 'ခိုက်'သွားစေခဲ့ပေသည်။ အခက်အခဲပေါင်း အမျိုးမျိုးနှင့် ကြုံတွေ့ခဲ့ရပြီး ရုပ်ရှင်ရိုက်ရက် စုစုပေါင်း (၅)လခန့် ကြာပြီးသည့်နောက်တွင် ဂျော(စ်)သည် ဝတ္ထုအသွင်မှသည် ရုပ်ရှင်အဖြစ်သို့ ရောက်ရှိလာခဲ့လေတော့သည်။ ထုတ်လုပ်မှုစရိတ်သည်လည်း အမေရိကန် ဒေါ်လာ (၈) သန်း အထိ ကုန်ကျခဲ့ရလေတော့သည်။

သို့သော်....

ပရိုဂျူဆာ ရစ်ချတ်(ဒ်)ဇာနု(ခ်)နှင့် ဒေးဗစ်ဘရောင်းတို့နှစ်ဦး၏ စွန့်စားမှုသည် ထိုက်တန်သော အောင်မြင်မှုကို ရရှိခဲ့ကြပေသည်။ သူတို့သည် ဂျော(စ်)ကို ၁၉၇၅ ခုနှစ်၏ နွေရာသီ အချိန်နှင့် 'တိုက်'ပြီး ဇွန်လ ပထမပတ်တွင် ရုံတင်ခဲ့လေသည်။ အမေရိကန်ပြည်ထောင်စု၏ မြို့ကြီးပေါင်းများစွာရှိ ရုံကြီးပေါင်း(၄၉၀) တွင်



'ဂျော(စ်)' ရုပ်ရှင်ကြောင့် ခေါ်ဖေါ်ပေါက်လာခဲ့ရသော နိုင်ငံရေး ကာတွန်းများ။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

တမြိုင်တည်း ရုံတင်ပြသခဲ့သည်။ ဘင်(ချ်)လေ၏ *Jaws* ဝတ္ထုကို ဖတ်ပြီး ယင်းဇာတ်လမ်းကို တသသ စွဲမက်နေခဲ့ကြသော အမေရိကန် ပရိသတ်မှာ နွေရာသီအားလပ်ရက်နှင့် တိုက်တိုက်ဆိုင်ဆိုင် ရုံတင် လာခဲ့သော *Jaws* ရုပ်ရှင်ကိုလည်း အငမ်းမရ အကဲခတ်ကြည့်ရှုခဲ့ကြ လေသည်။ ရုပ်ရှင်အဖြစ် ပေါ်ထွက်မလာမီက ယင်း ရုပ်ရှင်တွင် ငါးမန်းအစစ်ကို မသုံးပဲ စက်ရုပ်ကြီးကိုသာ အသုံးပြုထားကြောင်း သတင်းများ ကြိုတင်ထွက်ပေါ်လျက်ရှိခဲ့ရာ ရုပ်ရှင်ကြည့် ပရိသတ် အများစုတို့က ယင်း ရုပ်ရှင်အပေါ် ဘဝင်မကျမှုများ အထိုက် အလျောက် ရှိထားခဲ့ကြ၏။ စက်ရုပ်ငါးမန်းကြီးကို ကြည့်ရသည်မှာ 'ငါးမန်းအစစ်နှင့် တူမှတူပါ့မည်လား' ဟူ၍လည်း သံသယပွားခဲ့ကြ သည်၊ သည်းထိတ်ရင်ဖိုရသော ပြည့်ပြည့်ဝဝမှ ခံစားနိုင်ပါ့မည်လား လည်း မချင့်မရဲဖြစ်မှု ရှိခဲ့ကြလေသည်။

သို့သော်....

ယင်း ဂျော(စ်) ရုံပေါ်သို့ ရောက်ရှိလာသောအခါ၌မူ ထို ဤဤသော သံသယအမျှင်အစ ဘဝင်မကျရမှုလေးများ လုံးဝပျောက် ပျက် ချုပ်ငြိမ်းကုန်ကြရတော့သည်။ ပိတ်ကားပေါ်တွင် တွေ့မြင် နေရသည့် 'သေမင်းဖြူ'ကြီးမှာ လူသားများက စက် ဆောက်ပြ ထိန်းချုပ်ကာ လှုပ်ရှားပေးနေသည့် စက်ရုပ်ငါးမန်းကြီး အမှန်ပင် ဖြစ်ပါသည်ဟု ဘုရားစူး ကျိန်တွယ်ပြောရလောက်အောင်ပင် ငါးမန်း ကြီးက အသက်ဝင်လွန်းလှသည်။ ရေလှောတွင်းငယ် ကူးခတ်လှုပ်ရှား နေပုံ၊ လူသားများ အန္တရာယ်ပြု တိုက်ခိုက်နေပုံ တို့မှာ တကယ့်သတ် မိစ္ဆာကောင်ကြီးကို ကိုယ်တိုင်ကိုယ်ကြပ် မြင်တွေ့ ရင်ဆိုင်နေကြရ သကဲ့သို့ သဘာဝ ယုတ္တိ ရှိလွန်းလှသည်။ အသက်ဝင် ပီပြင်လွန်း သည်။ သည်းထိတ်ရင်ဖို ရသကို ပြည့်ပြည့်ဝဝ ပေးစွမ်းနိုင်ခဲ့သည် ယင်း ရုပ်ရှင်ကို ရိုက်ကူးသူ ထိုစဥ်က အသက် ၂၇ နှစ်ရှိ 'စတီဗင် စပီး(လ်)ဘာ့(ဂ်)'အမည်ရှိ တက်သစ်စ လူငယ် ဒါရိုက်တာလေး၏ လက်ရာမှာ သူ့ အလျင် ပေါ်ထွန်းခဲ့သော ဝါရင့် ဒါရိုက်တာကြီး များကိုပင် တုန်လှုပ်သွားစေခဲ့သည်။ ယနေ့မျက်မှောက်ခေတ် ရုပ်ရှင် သမိုင်းတွင် ဝင်ငွေအကောင်းဆုံးဟု သတ်မှတ်ထားခြင်း ခံရသော **'ဂေါ့(ဒ်)ဖားသား'**ရုပ်ရှင်၏ဝင်ငွေထက်ပင် မြင့်မားသာလွန်သော ဝင်ငွေ စံချိန်သစ်များကို တင်ခဲ့လေသည်။ ဤ ဂျော(စ်)ဝတ္ထု




▲ မိမိ အလိုရှိသည့် မြင်ကွင်းကို ရရှိစေရန် ဤသို့ သရုပ်ဖော် ပုံကြမ်းများ 'ရိုက်ညွှန်း'တွင် ရေးဆွဲပြီးမှ *Jaws* ကို တိတိကျကျ ရိုက်ကူးခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ဂျော(စ်)ရုပ်ရှင်များကိုအမှီပြု၍အမေရိကန်နိုင်ငံရေးလောကတွင် ပြက်လုံးများ၊ ကာတွန်းရုပ်ပြောင်များ၊ ဟာသများ ပေါ်ပေါက်လာခဲ့ရသေးသည်။ ဤဝတ္ထု၊ ဤရုပ်ရှင်များကြောင့် ၁၉၇၅ ခုနှစ်နွေရာသီတွင် *Jawsmania* ခေါ် 'ဂျော(စ်)ရောဂါ' (သို့မဟုတ်) 'ငါးမန်းရောဂါများ' အကြီးအကျယ် 'ထ'ခဲ့ကြရသည်။ သည်ဂျော(စ်)ရုပ်ရှင်ကို မှီ၍ အခြားသောလုပ်ငန်းများ စီးပွားရေးလုပ်ငန်းများမှာ အကျိုးများစွာ ဖြစ်ထွန်းခဲ့ကြရသည်။ ဂျော(စ်)ဝတ္ထုများရောင်းလေရာရာတွင်အရောင်းသွက်ခဲ့သည်။ဂျော(စ်)ရုပ်ရှင်များ ပြလေရာရာတွင် '**ပွဲမြည်ရုံလျှံ အောင်ပွဲခံ**' (*Box-Office*) ဖြစ်ခဲ့ကြရသည်။

ယခု-

အနှိမ်မည်သော ဤမည်သော *Jaws* ဝတ္ထုကို '**သေမင်းဖြူနှင့်စတေးခံ**'အမည်ခံဖြင့် စာဖတ်သူများထံ ဒုတိယအကြိမ်မြောက် အရောက်ပို့လိုက်ပါပြီ။ *Jaws* ရုပ်ရှင်တိုမှ ၁၉၈၁ ခုနှစ်အဦးပိုင်းတွင် ရန်ကုန်မြို့ရှိ ရုပ်ရှင်ရုံကြီး (၄)ရုံ၌ တပြိုင်တည်း ကြည့်မြင့်ခွင့် ရရှိတော့မည် ဖြစ်ပါကြောင်း။

၁၉၇၅ ခုနှစ်အတွက် ရုပ်ရှင် ထူးချွန် ဆု ('အော်စကာ') ၃-ခု [အကောင်းဆုံး ဖလင် တည်းဖြတ်မှု၊ အသံနှင့် တေးဂီတ (မူရင်း)] များ ရရှိ သွားခဲ့ သည့် *Jaws* ရုပ်ရှင်။




# အပိုင်း



www.burmeseclassic.com

www.burmeseclassic.com



# ၁

## [ က ]

ဂိမ္မတ္တ၏ အဦး အစ လကွယ်ညတည။

အနက်ရောင်ကတ္တီပါစကြီး တခုပေါ်သို့ စိန်တုံး စိန်ပွင့်လေးများကို ပစ်စလက်ခတ်ဖြန့်ကြဲ လွှင့်ပစ်ထားသည့်နှယ် မှိတ်တုတ်မှိတ်တုတ်ငွေကြယ်ပွင့်လေးများသည် မဟူရာ ကောင်းကင် ဝဋ္ဋာဖြင်ကျယ်ကြီးကို နောက်ခံပြုကာ ဟိုတခု သည်တစုဖြင့် မိမိတို့စွမ်းအားရှိသလောက် ထွန်းလင်းလျက် ရှိကြကုန်၏။ ကြယ်ပွင့် လေးများ၏ အလင်းရောင်သည် ဘော်သာခွာ စန္ဒာလမင်းကြီး၏ လင်းရောင်ခြည်ကဲ့သို့ တလောကလုံးကို ထိန်လင်း ဝင်းပ အေးမြ မသွားစေနိုင်သော်လည်း **လောင်း အိုင်လင်းကျွန်း၏ အမီတီ** ရေချိုးဆိပ်ကလေးကိုမူကား ပိန်းပိတ်အောင် မည်းမှောင်နေခြင်းမှကာကွယ်ပေးလျက်ရှိပေသည်။





ရေချိုးသူ၊ ရေကူးသူ၊ နေပူဆာလှုံသူ၊ ဆော့ကစား သူများ၏ တေးသံ၊ ရယ်မောမြူးထူးသံ၊ ဂီတသံ၊ ဆူညံသံများဖြင့် တနေ့တာလုံး စည်ကား သိုက်မြိုက်ခဲ့သော **အိုး(လ်ဒ်)မီး(လ်)** လမ်းနှင့် **စတော့(ချ်)** လမ်းတို့၏ အရှေ့ဘက်ရှိ ကမ်းခြေ တကြောသည် ယခုအခါ တစတစနှင့် ငြိမ်သက်စပြုလာခဲ့ချေပြီ။ တအိအိတလိမ့်လိမ့်ဖြင့် ပင်လယ်ပြင်မှ အပြေးတက်လာခဲ့ကြသော လှိုင်းခေါင်းဖြူများက ကမ်းခြေ သဲသောင်ပြင်ပေါ်သို့ လာရောက် ရိုက်ခိုက်သံသည်သာလျှင် အကာလ ညဥ့်နက် သန်းခေါင်ယံ၏ တိတ်ဆိတ်ခြင်းကို ဖျက်ဆီးနေသည့် တခုတည်းသော အသံ ဖြစ်ပေ၏။

ရှည်လျားစွာပေါ်ထွန်းလျက်ရှိသော သဲသောင်ပြင်ကျယ်ကြီး၏ တဘက်တွင် အပြော ကျယ်စွာသော ကမ်းမမြင်၊ လမ်းမမြင် **အတ္တလန္တိတ်** မဟာသမုဒ္ဒရာ ပြင်ကျယ်ကြီး တည်ရှိနေသည်။ အခြားတဘက်တွင်မူ ပင်လယ်ပြင်ကို မျက်နှာမူလျက် တည်ဆောက်ထားသော လူနေအိမ်ခြေများ၊ တည်းခိုရိပ်သာများ၊ စားသောက်ဆိုင်များ တည်ရှိကြကုန်သည်။ သန်းခေါင်ယံ လွန်ခဲ့ပြီ ဖြစ်သည်နှင့်အမျှ တနေ့တာလုံး သဲသောင်ပြင် ပေါ်တွင်သာ အချိန် ဖြုန်းခဲ့ကြသော '**နွေဦးသည် အပန်းဖြေခရီးသည်များ**' မှာ အနားယူ အိပ်စက်နေကြကုန်ပြီ ဖြစ်သည်မို့ တည်းခိုရိပ်သာ အများစုမှာ တိတ်ဆိတ်မည်းမှောင်လျက် ရှိနေကြ၏။

သို့အစေ အများနည်းတူ မဟုတ်သော တည်းခိုရိပ်သာ တခုတည်း ရှိနေပါသေးသည်။ ယင်းသည် မြက်ပင်များ ဟိုတစု သည်တကွက် ကျိုးတိုး ကျဲတဲပေါက်ရောက်နေသည့် သဲမွမွ သောင်ခုံ၏ အနောက်ဘက်တွင် တည်ရှိနေပြီး ယင်း၏ အတွင်းခန်း တခုသည်သာ ထက်တိုင် မီးထွန်းလျက် ရှိနေပါသေးသည်။ အခန်းတွင်းမှ ကြုန့်ကြုန့် မီးရောင်သည် ပြတင်းပေါက်မှတဆင့် ဖြတ်သန်း၍ သဲသောင်ပြင်ပေါ်သို့ ကျရောက် ထွန်းလင်းလျက် ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းတည်းခိုခန်း၏ မျက်နှာစာ တံခါးမကြီးသည် ရုတ်တရက် ပွင့်လာခဲ့ပြီး အသက် နှစ်ဆယ်ဝန်းကျင်ရှိ အမျိုးသား တဦးနှင့် အမျိုးသမီးတဦးတို့သည် ရှေ့ဘက် သစ်သားကပြင်ပေါ်သို့ ထွက်လာခဲ့ကြသည်။ သူတို့နှစ်ဦးသည် အမိုးတီကမ်းခြေသို့ ပြေးခဲ့သည့် ညနေခင်းကမှ ရောက်ရှိ လာခဲ့ကြသော နှေ့ညှော်သည် ချစ်သူစုံတွဲ ဖြစ်ပြီး အခန်းထဲတွင် မခံမရပ်နိုင်လောက်အောင် လှောင်အိုက် နေသဖြင့် အိပ်ရာမဝင်မီ လေညင်းခံရန် အပြင်သို့ ထွက်လာကြခြင်း ဖြစ်ဟန် တူပေသည်။

သူတို့နှစ်ဦးသည် အေးမြသော ပင်လယ်လေနှင့်တွေ့ထိမှုကြောင့် စိတ်လက်ပေါ့ပါး လန်းဆန်းသွားပြီး ပင်လယ်ပြင် ကျယ်ကြီးကို တငေးမောမော ကြည့်နေမိကြသည်။ တခဏတွင်းမှာပင် ပင်ဆယ်ကမ်းခြေ လေနုအေးက သူတို့နှစ်ဦး၏ စိတ်အာရုံကို ညှို့ယူဖမ်းစားပစ်လိုက်ဟန် တူသည်။ တဦးကိုတဦး အလျှင်အမြန် ပွေ့ဖက်လိုက်ပြီး လှေကားထစ်လေးများမှ တဆင့် သောင်ခုံပေါ်သို့ အသော့ကလေး ပြေးဆင်းလိုက်ကြသည်။

အမျိုးသားသည် ပူအိုက်သည့် ကြားမှပင် အရက်ကို အတန်ငယ် မူးအောင် သောက်ထားခဲ့သဖြင့် နောက်ဆုံး လှေကားထစ်ကို နင်းမိသည့်အချိန်တွင် သူသည် ဟန်ချက်ပျက်သွားပြီး သဲသောင်ပြင်ပေါ်သို့ ခြေချော် လဲကျသွားခဲ့သည်။ မိန်းမပျိုက အသံလွင်လွင် တလှေးဖြင့် တခစ်ခစ် ရယ်မောလျက်မှ အမျိုးသားကို ဆွဲထူပေးလိုက်၏။ ထို့နောက် သူတို့ နှစ်ဦးသည် တယောက်လက်ကို တယောက် ဆွဲကာ သဲသောင်ပြင်တလျှောက် ပြေးထွက် သွားခဲ့ကြသည်။

"အလျင်ဆုံး ရေကူးလိုက်ကြရအောင် နော်။ ဒါမှ မောင့် ဦးနှောက် ရှင်းသွားမယ်"

"ကိုယ့်ခေါင်းကို အဘာ ထားလိုက်စမ်းပါကွာ။ ဒါက အရေးမကြီးပါဘူး။ လာ..."





အမျိုးသားက မိမိကို မိမိ သဲသောင်ပြင် ပေါ်သို့ နောက်ပြန် လှဲချလိုက်သည်။ သူလဲကျသွားစဉ်တွင် အမျိုးသမီး၏ လက်တဘက်ကိုပါ လှမ်းဆွဲလိုက်သည်ဖြစ်ရာ နှစ်ဦးစလုံး သဲပြင်ပေါ်သို့ လုံးထွေးကျသွားတော့၏။

*

လမိုက်ည၏ သန်းခေါင်ယံ အချိန်ခါဖြစ်သည်မို့ ရေပြင် အဏ္ဏဝါ၏ အဆင်း အရောင်သည်လည်း မပွင့်ရာ အာကာသပြင်နှင့် အပြိုင် မည်းမှောင် နက်ပြောင်လျက် ရှိချေ၏။ တမ်းစပ်နှင့် ဂိုက်တရာ ခန့်သာ ကွာလှမ်းတော့သည့် ပင်လယ်ပြင်၏ အောက်အနက်ပိုင်း ဓာနေရာ တွင် ငရာမငါးကြီးတကောင်သည် သိမ်မွေ့ ညင်သာစွာ ကူးခတ် ရွေ့လျားလျက် ရှိနေသည်။

လခြမ်းပုံသဏ္ဍာန်ဆောင်သည့် အပေါ်ဝိုက် အောက်ကြီး အမြီး ကြီးတို့ ဘေး ဗယ်ညာ လှုပ်ရှား ယမ်းခါပေးခြင်းအားဖြင့် ငါးကြီး သည် ယင်း၏ ခန္ဓာကိုယ်ကြီးအား တနေရာမှ အခြားတနေရာသို့ ရွေ့လျားမှုကို ဖြစ်စေလျက် ရှိသည်။ သတ္တဝါကြီးသည် သူ၏ပါးစပ် ကို အနည်းငယ် ဟထားသည်ဖြစ်လေရာ ရေများသည် ပါးစပ် အတွင်းသို့ အဆက်မပြတ် စီးဆင်းဝင်ရောက်လျက် ရှိပြီး ပါးဟက်မှ တဆင့် အပြင်သို့ ပြန်လည်ယိုထွက်လျက် ရှိသည်။ ဤသို့အားဖြင့် ရေထဲတွင် ပျော်ဝင်လျက်ရှိသော အောက်ဆီဂျင်ဓာတ်ကို အသုံးပြု ကာ ငါးကြီးမှာ အသက်ရှင်နေရခြင်း ဖြစ်၏။ ဤသတ္တဝါကြီးတွင် အခြားအခြားသော ငါးမျိုးများနည်းတူ ဝမ်းဗိုက်ထဲတွင် လေအိတ် သို့မဟုတ် လေပူဖောင်းများ မရှိချေ။ ထို့ပြင် အောက်ဆီဂျင် ပျော်ဝင်နေသော ရေကို ပါးဟက်များအတွင်းသို့ ရောက်အောင် သက်သွင်းနိုင်သည့် ပါးဟက်နောက်မှ ရေယက်မျိုးလည်း မပါရှိချေ သဖြင့် ယင်းသတ္တဝါကြီးမျိုးသည် မိမိ၏ခန္ဓာကိုယ်ကြီး ရှေ့ဆက်



www.burmeseclassic.com

www.burmeseclassic.com



သို့ စုံးစုံးမြုပ်သွားစေရန်နှင့် အသက်ရှူနိုင်ရန်အတွက်ပါ တနေရာမှ တနေရာသို့ အမြဲတမ်း ကူးခတ်လှုပ်ရှားနေရပေသည်။ ထိုသို့ မဟုတ်ပဲ တနေရာတည်းတွင်သာ ငြိမ်သက်စွာ နေခဲ့ပါမူ ဤလို ငါးကြီးမျိုးသည် မိမိ၏ အလေးချိန်ဖြင့် ရေအောက်သို့ တဖြည်းဖြည်းချင်း နစ်ဆင်းသွားပြီး အောက်ဆီဂျင်ဖြတ်လပ်မှုကြောင့် အသက်မရှူနိုင်ပဲ သေဆုံးရမည်သာ ဖြစ်လေသည်။

သို့သော် ဤငါးကြီးမျိုးတွင် တခြားတပါးသော ငါးများထက်သာလွန်၍ ကောင်းမွန်သည့် ထူးခြားချက်တရပ်ကား ရှိနေပြန်ပေသေးသည်။ ယင်းတို့သည်ကား သူတို့၏ ခန္ဓာကိုယ်တလျှောက်ရှိ သေးငယ်လှသောမြောင်းကလေးများထဲမှ အရည်ကြည်များအောက်ရှိ အကြောမျှင်ကလေးများသည် ပတ်ဝန်းကျင်ရေထု၏ လှုပ်ရှားပြောင်းလဲမှုကို အထူးစူးရှထက်မြက်စွာ အာရုံခံစား သိရှိနိုင်ခြင်းပင် ဖြစ်တော့သည်။ ထို့ကြောင့် ငါးကြီးသည် သူ့ခန္ဓာကိုယ်ကို ရှေ့နောက် ဝဲယာသို့ မစောင်းမလှည့်ပဲနှင့် မိမိပတ်ဝန်းကျင် ရေထုအတွင်း၌ ဖြစ်ပေါ် ပြောင်းလဲနေမှုများကို ချက်ချင်း သိနိုင်စွမ်းရှိလေသည်။

ငါးကြီးသည် စက္ကန့်ပိုင်းမျှ ငြိမ်သက်နေခဲ့ရာမှ လှုပ်ရှားမှုတခုကို ပြုလုပ်လိုက်၏။ ၎င်းတကောင်သည် သူ ဦးတည်ဗျူသန်းနေရာ လမ်းကြောင်းကို ပြောင်းလဲလိုသောအခါ တောင်ပံတဘက်ကို အောက်သို့ စိုက်ချပြီး ကျန်တဘက်ကို အထက်သို့ မင့်တင်လိုက်ဘိသကဲ့သို့ ဤရေသတ္တဝါကြီးသည်လည်း သူ၏ ပါးဟက်နောက်ဘက်ရှိ ရင်ပိုင်းဆူးတောင်ကြီးတစုံနှင့် အရွယ်အစားတောင်းစွာမညီသော **လခြမ်းပုံသဏ္ဍာန် အပေါ်ဒိုတ် အောက်ကြီး အမြီးကြီး**ကို အသုံးပြုကာ လမ်းကြောင်းကို ပြောင်းလဲပစ်လိုက်သည်။





ကြောက်မက်ဖွယ် ရောမ ငါးမန်းကြီး၏ လှုပ်ရှားမှုသည် သူ၏ သွင်ပြင်လက္ခဏာနှင့် လုံးဝ မလိုက်ဖက်အောင် လျှင်မြန်ပေါ့ပါး သွက်လက်လှပါချေသည်တကား။

*

သဲကမ္ဘလာ မြေမွေ့ရာပေါ်တွင် ပက်လက်လှန် လဲလျောင်းယင်း ညိုးမှောင်မှောင် ကောင်းကင်ပြင်မှ မှိတ်တုတ်မှိတ်တုတ် ငွေကြယ်လေးများကို ငေးမောကြည့်နေသော အမျိုးသမီး၏ ရင်ခုန်သံသည် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။ လွန်ခဲ့သော မိနစ်ပိုင်းကကဲ့သို့ နှလုံးသွေးတိုးနှုန်း မြန်ခြင်း အလျှင်း မရှိတော့ပြီ။ သူသည် မိမိနံဘေးရှိ အမျိုးသားဘက်သို့ လှည့်ကြည့်လိုက်သည်။ သူသည်လည်း သူမကဲ့သို့ပင် သဲမွေ့ရာကို ကျောခင်းလျက်။ သို့သော် မျက်စိအစုံကို မှိတ်ထားသည်။ အမျိုးသမီးငယ်က နှစ်လိုဖွယ် တချက် ပြုံးလိုက်ပြီး

“ကဲ ကိုယ်တော်ချော၊ ဘယ်လိုလဲ ရေကူးဖို့ အချိန်ရောက်ပြီလေ”

“မင်း သွားချင်သွားလေ၊ ကိုယ် ဒီတဲ စောင့်တော့မယ်”

လူရွယ်က ထိုသို့ ပြောပြီးသည်နှင့်တပြိုင်နက် သူ့မျက်လုံးများကို ပြန်မှိတ်ထားလိုက်သည်။

မိန်းကလေးသည် လူရွယ်အား ခေါ်၍ ရမည့်ပုံ မပေါ်သည်နှင့် သဲသောင်ပြင်မှ ထလိုက်ပြီး ကမ်းစပ်သို့ တကိုယ်တည်း လျှောက်သွားခဲ့သည်။ ပင်လယ်ပြင်မှ အပြေးတက်လာသည့် အေးမြသော ရေလှိုင်းများသည် သူမ၏ ခြေချောင်းကလေးများအကြားမှ ဖြတ်ကျော်သွားခဲ့သည်ဖြစ်ရာ ရုတ်တရက်ဖြစ်သည်မို့ အမျိုးသမီးမှာ လန့်ဖျပ်ပြီး နောက်တွန့်သွားမိသေးသည်၊ နွေရာသီဟုဆိုသော်လည်း ဇွန်လ အလယ်ပိုင်းမျှသာ ရောက်သေးသည်ဖြစ်ရာ လေထုထဲတွင် အအေးဓာတ်သည် မကုန်စင်တတ်သေး။ ထို့ထက် ပင်လယ်ရေ၏ အအေး



www.burmeseclassic.com

www.burmeseclassic.com



ခါတ်ကာ ပိုမို လွန်ကဲလျက် ရှိချေသည်။ သူမက နောက်သို့ လှည့်ပြီး သောင်ပြင်ပေါ်မှလူငယ်သို့ အော်ပြောလိုက်ပြန်သေးသည်။

"မောင်....တကယ်ပဲ ရေမကူးတော့ဘူးလား"

သို့သော် နှစ်နှစ်ခြိုက်ခြိုက်ကြီးအိပ်ပျော်နေပြီဖြစ်သော လူရွယ်ထံမှ မည်သို့သော တုံ့ပြန်ပြောဆိုသံကိုမျှ သူမ မကြားရတော့ပါချေ။

ပူနွေးစေးကပ်နေသော သူမ၏ ခန္ဓာသည် အေးမြသော ရေထုကို တောင့်တနေပြီဖြစ်ရာ အမျိုးသမီးသည် နောက်သို့ ခြေလှမ်း အနည်းငယ်ဆုတ်လိုက်ပြီးနောက် ရေထဲသို့ ခပ်သွက်သွက်လေး ပြေးဆင်းသွားလိုက်သည်။ ရေသည် သူမ၏တင်ပါးသို့တိုင် ထိလာသည့် အချိန်တွင် အမျိုးသမီးသည် သူမ၏ မျက်နှာပေါ်သို့ ဝဲကျနေသော ဆံပင်များကို ဘေး ဗယ်ညာသို့ သိမ်းဖယ်ပစ်လိုက်ပြီး ရှေ့သို့ဆက်၍ လျှောက်လာခဲ့သည်။ ပင်လယ်ရေပြင်သည် သူမ၏ ပခုံးသားနှင့် တတန်းတည်း ဖြစ်သွားသည့်အခါ မိန်းမပျိုသည် ကိုယ်ကို ရှေ့သို့ အလျားထိုး မှောက်ချလိုက်ပြီး နည်းစနစ်အတိုင်း မဟုတ်သော သူမ၏ '**အရိုင်းကူး**' သို့မဟုတ် '**ခွေးကူး**' ကို စတင်ပါတော့သည်။ ရေပြင်ကို ခြေနှင့်ခတ်၊ လက်နှင့်ယက်၍ ကူးခတ်ရာမှ ထွက်ပေါ်လာသော တဝုန်းဝုန်း၊ တဗွမ်းဗွမ်း မြည်သံများသည် ကမ်းစပ်ကို ရေလှိုင်းရိုက်ခတ်သံများနှင့်အတူ ရောနှောသွားလေတော့သည်။

ငါးကြီးသည် သူ၏လခြမ်းပုံဆောင် အပေါ်ဝိုက်အောက်ကြီး အမြီးကိုအသုံးပြုလိုက်ခြင်းဖြင့် သူ၏ဦးတည်ကူးခတ်ရာ လမ်းကြောင်းသည် သွင်သွင်ကြီး ပြောင်းလဲသွားခဲ့ရသည်။ ကမ်းခြေနှင့် ဂိုက်တရာ ဝန်းကျင်ခန့်သာ လှမ်းတော့သော အကွာအဝေးတခုသို့ ရောက်ရှိလာခဲ့ပြီး မှား မကြာမီမှာပင် သူ၏ပတ်ဝန်းကျင် ရေထုအတွင်း၌ ပြောင်းလဲမှု တခု ရှိနေပြီဖြစ်ကြောင်းကို အာရုံခံစား သိရှိလိုက်မိသည်။ အမှောင် ထု ကြီးစိုးနေသော ရေလွှာပြင်ဖြစ်၍ ငါးကြီးသည် မိန်းမပျိုကို





တွေ့မြင်ရခြင်း အလျှင်းမရှိချေ။ ပတ်ဝန်းကျင်မှ အနံ့အသက်ကို သည်း လုံးဝ မရသေးပါချေ။ သို့သော် အမျိုးသမီး၏ လှုပ်ရှားမှုကြောင့် ရေထုအတွင်းရှိ ရေလှိုင်းလေးများသည်လည်း ပြောင်းလဲ လှုပ်ရှား သွားခဲ့ကြ၏။ ရေလှိုင်းလေးများ၏ တုန်ခါနှုန်းသည် ရေကြောအတွင်း၌ ဆက်တိုက် တုန်ခါသွားကြပြီး ရေသတ္တဝါ ငါးမကြီး၏ ခန္ဓာကိုယ်အား သွားရောက် ရိုက်ခတ်ကြတော့သည်။ ထိုအခါ ငါးကြီး၏ ခံစားမှု အာရုံကြောလေးများသည် မိမိ ထိတွေ့ခံစားရချက်များကို ဦးနှောက်ထံသို့ အဆက်မပြတ် သတင်းပေးပို့လေတော့သည်။ သို့နှင့် ငါးကြီးသည် မိမိ၏ပတ်ဝန်းကျင် အခြေအနေ ပြောင်းလဲမှုကို မျက်စိမဖွင့် နားမစွင့် ရနံ့မသင့်လေသည့်တိုင် အလိုအလျောက် သိရှိခဲ့ရပါချေပြီ။

အမျိုးသမီးသည် ရေကူးနေရာမှ မကြာမီကြာ ကိုယ်ဖော့ရပ်နားသင်းမှ ကမ်းစပ်သို့ ပြန်လည်မျှော်ကြည့်လေ ရှိသည်။ သူမသည် မီးရောင်ဖြာထွက်နေသော တည်းခိုရိပ်သာကို ဗဟိုပြု၍ မိမိ ရောက်ရှိနေသည့်နေရာကို ချိန်ကိုက်လေ ရှိသည်။ မိမိသည် ကမ်းစပ်နှင့်အတန်ငယ် ကွာလှမ်းသည့်နေရာသို့ ရောက်ရှိနေပြီဖြစ်ရုံမျှမက အတော်ပင်မောပန်းနေပြီလည်းဖြစ်၍ ကမ်းခြေသို့ ပြန်ကူးရန် ဆုံးဖြတ်လိုက်သည်။ ဒီရေမှာ ပြေပြေလေးတိုးလျက်ရှိ၏။ သူမသည် အတန်ငယ် အမောပြေသွားသည်နှင့်တပြိုင်နက် ကမ်းခြေသို့ ပြန်လည်ကူးခတ်လေတော့သည်။

ငါးကြီး၏ ထက်မြက်သည့် အာရုံတွင် ပတ်ဝန်းကျင် ရေထု၏ တုန်ခါမှုနှုန်းသည် မူလကထက် ပိုမို ပြင်းထန်ရှားလာပြီ ဖြစ်သည်။ သို့တစေ ထိုတုန်ခါမှုကိုဖြစ်ပေါ်စေသော အရာသည် မိမိ၏ သားကောင် ဟုတ် မဟုတ်ဆိုသည်မှာ မသေချာသေး။ သို့နှင့် ငါးကြီးသည် တုန်ခါမှုဖြစ်ပေါ်ရာ ရေကြောလမ်းကြောင်းများအတိုင်း ခြေရာခံ၍လိုက်သွား၏။ ရှေ့သို့ငါးကြီးတိုးလာလေလေ တုန်ခါမှုမှာပိုမိုပြင်းထန်သိသာထင်ရှားလာလေလေ ဖြစ်တော့သည်။ သတ္တဝါကြီးသည်



www.burmeseclassic.com

www.burmeseclassic.com



ယင်း၏ အမြီးကြီးကို တချက်ဆတ်၍ ရိုက်ခတ်လိုက်သည်တွင် ယင်း၏ ခန္ဓာကိုယ်ကြီးသည် ရှေ့သို့ တဟုန်ထိုး တိုးထွက်သွားခဲ့၏။

ငါးကြီးသည် **တုန့်ခါမှုကို ဖြစ်ပေါ်စေသော** အရာ၏ အနီးဆယ့်နှစ်ပေအကွာသို့ ရောက်ရှိလာခဲ့ပြီ။ ငါးကြီးသည် ရေမျက်နှာပြင် အောက် အနက်ခြောက်ပေမှ ကူးခတ်နေခဲ့ခြင်းဖြစ်ပြီး ရုတ်ခြည်း ရောက်ရှိလာခဲ့သည့်အတွက် အမျိုးသမီး၏ အောက်ဘက်ရှိ ရေထုမှာ အပေါ်သို့ တမုဟုတ်ချင်းမြင့်တက်သွားခဲ့သည်။ ရေထု၏ တွန်းတင်ခြင်းကို ခံလိုက်ရသဖြင့် သူမ၏ခန္ဓာကိုယ်သည် ရေမျက်နှာပြင်နှင့်အတူ အထက်သို့ အနည်းငယ် မြောက်တက်သွားခဲ့သည်။ တဖန် ရေလုံးများသည် အောက်သို့ ပြန်လည်နိမ့်ကျသွားခဲ့ပြန်သည်။

အမျိုးသမီးသည် သူမ၏ ခန္ဓာကိုယ်အောက်မှ ရေလွှာပြင်၏ ထူးခြားစွာ ပြောင်းလဲလှုပ်ရှားမှုကို သတိပြုလိုက်မိသဖြင့် ရေကူးခြင်းကို ခေတ္တရပ်နားလိုက်သည်။ ကိုယ်ကို ဖော့ယင်း အသက် အောင့်ပြီး အခြေအနေကို လေ့လာကြည့်လိုက်သည်။ သို့သော် မည်သို့သော ထူးခြားမှုမျိုးမှ ထပ်မံဖြစ်ပေါ်လာခြင်း မရှိသဖြင့် ရေကူးခြင်းကို ပြန်စတော့သည်။

ငါးကြီးသည် ယခုအခါ သားကောင်၏ရနံ့ကို ကောင်းစွာ ရှူရှိုက်မိလေပြီ။ ရေသတ္တဝါကြီးသည် သူ၏ သားကောင်ကို ဗဟိုပြုကာ စက်ဝိုင်းခြမ်းပုံသဏ္ဍာန်ဖြင့် ကူးခတ်ယင်းမှ မိမိ၏သားကောင်ကို စိမ်ပြေနပြေ လေ့လာလျက်ရှိသည်။ သူ့ခန္ဓာကြီးမှာ အထက်သို့ တက်လာခဲ့ပြီး ရေမျက်နှာပြင် အောက်မှရှပ်၍ ကူးခတ်လျက်ရှိရာ သူ၏တြိဂံပုံသဏ္ဍာန်ကျောရိုးဆူးတောင်ကြီးမှာ ရေမျက်နှာပြင်ကိုခွေးပါးပါးနှင့် ခွဲနေဘိသကဲ့သို့ ထင်းထင်းကြီး ပေါ်လွင် လာလေတော့သည်။

အမျိုးသမီးသည် ဤအခြင်းအရာကို တွေ့မြင်မိခြင်း အလျှင်းမရှိသော်လည်း တစုံတခု၏ လှုံ့ဆော်မှုကြောင့် သူမသည် ပထမဆုံး အကြိမ် ကြောက်စိတ် ဖြစ်ပေါ်လာခဲ့မိ၏။ ယခုအခါ သူမသည်





ကမ်းခြေမှ ဂိုက်ငါးဆယ်ခန့်သာ ကွာလှမ်းတော့သော အကွာအဝေးသို့ ရောက်ရှိလာပြီး သဲသောင်ပြင်သို့ သွားရောက် ရိုက်ခတ်နေသော လှိုင်းခေါင်းဖြူများကိုပင် လှမ်း၍မြင်တွေ့နေရပြီဖြစ်သည်။ ကျောရိုးအတွင်းမှ စိမ့်တက်လာခဲ့သော ကြောက်စိတ်ကြောင့် သူမသည် ကမ်းခြေသို့ အမြန်ဆုံးရောက်ရန် အားသွန်၍ ကူးခတ် လေတော့သည်။

ငါးကြီးသည် မိန်းကလေးနှင့် ပေလေးဆယ်ခန့် အကွာတွင် ကူးခတ်လျက်ရှိနေရာမှ ရုတ်တရက် လက်ဝဲဘက်သို့ ကွေ့ချလိုက်သည်။ ထို့နောက် ရေနက်ထဲသို့ ခေါင်းစိုက် ငုပ်လျှိုးလိုက်၏။ တဖန် ငါးကြီးသည် သူ၏ အမြီးကြီးကို ဗယ်ညာနှစ်ချက်မျှဆတ်၍ ခတ်လိုက်ရုံဖြင့် အမျိုးသမီး၏ နောက်ကျောတည့်တည့်သို့ ရောက်ရှိလာခဲ့၏။

အစတွင် အမျိုးသမီးသည် သူမ၏ ညာဘက်ခြေထောက်ကို ရေမှော် သစ်စတစက လာရောက်တိုက်မိသလိုလို၊ သို့မဟုတ် ကျောက်ဆူးတခုခုနှင့် ခြစ်မိသယောင်ယောင် ခံစားလိုက်ရသည်။ ရုတ်တရက် ပြင်းထန်မှုကြောင့် ခပ်ပြင်းပြင်းတချက် ခံစားလိုက်ရခြင်းမျှသာဖြစ်ပြီး နာကျင်ခြင်း မရှိ၍လည်း အဖြစ်မှန်ကို မသိရှိလိုက်ပါချေ။ သူမသည် ထိခိုက်မိသော ခြေထောက်ကို လက်ဝဲဘက်လက်ဖြင့် စမ်းသပ်ကြည့်လိုက်သည်။ သူမသည် ဗယ်ခြေထောက်နှင့် ညာလက်ကို အသုံးပြု၍ ကိုယ်ကို 'ဖော့' ထားယင်းမှ သူမ၏ ဦးခေါင်းကို ရေပြင်အထက်တွင်မော့၍ နေစေသည်။ လက်ဝဲဘက်လက်သည် သူမ၏ခြေဖျားများကို စမ်းသပ်မရနိုင်အောင် ဖြစ်နေသည်။ ရေပြင်မှာ မည်းမှောင်နေ၍လည်း မိမိလက်ကိုပင်မိမိပြန်၍မမြင်ရတော့ချေ။

ခြေဖျားများကို စမ်း၍မရသဖြင့် အထက်သို့ တဆင့်တက်ပြီး ခြေသလုံးကို စမ်းကြည့်ပြန်လေသည်။ မတွေ့၊ ဘာကိုမျှ မတွေ့ရပါချေ၊ ထိုစဉ် သူမ၏ဦးခေါင်းထဲတွင် မူးမိုက်ရီဝေသည့် ဝေဒနာရှိကို ခံစားလိုက်ရပြီး မျက်လုံးများလည်း ပြာမှောင်လာတော့သည်။

www.burmeseclassic.com



နောက်ဆုံးတွင် သူမ၏ စမ်းတဝါးဝါး လက်ချောင်းလေးများသည် ညာဘက် ခြေသလုံးရှိရမည့် နေရာတွင် ခြေသလုံးအစားအသားများ ပဲ့ရွဲ့နေပြီဖြစ်သည့်အရိုးငေါငေါကြီးတခုကိုသာ သွားရောက် စမ်းသပ်မိလေသည်။ သူမ၏ လက်ချောင်းများအကြားမှ တသွင်သွင် ဖြတ်သန်းစီးဆင်းလျက်ရှိသည့် ပူနွေးနွေးစေးပျစ်ပျစ်အရာများမှာလည်း အခြားမဟုတ်၊ သူမ၏ ခြေသလုံးမှ ထွက်သောသွေးများပင် ဖြစ်ကြောင်းကို အမျိုးသမီး ရိပ်စားသိရှိလိုက်ရလေတော့၏။

နာကျင်သော ဝေဒနာနှင့် ထိတ်လန့်သော ခံစားမှုနှစ်ခုတို့ကို သူမသည် တချိန်တည်း၊ တပြိုင်တည်း။ တပေါင်းတစည်းဘည်းခံစားလိုက်ရရှာသည်။ မိန်းကလေးသည် သူမ၏ဦးခေါင်းကို နောက်သို့ လှန်ချကာ အသံဝါကြီးဖြင့် စူးစူးဝါးဝါး ဟစ်အော်လိုက်လေသည်

သို့တစေ သူမ၏အသံသည် ကမ်းစပ်ကို ရေလှိုင်းများ ပုတ်ခတ်နေသည့် အသံကို ကျော်လွှန်နိုင်ခြင်း အလျှင်းမရှိ။ ကျော်လွှန်နိုင်သည်ထားဘိဦး သဲသောင်ပြင်ပေါ်မှ အမူးလွန်နေသော အမျိုးသားကို နိုးကြားစေနိုင်လိမ့်မည်လည်း မဟုတ်ပါချေ။

ငါးမန်းကြီးသည် မိန်းမပျို၏ ခြေထောက်တဘက်ကို ကိုက်ဖြတ်လိုက်ပြီးသည်နှင့်တပြိုင်နက် သူ၏ သားကောင်နှင့် ခပ်လှမ်းလှမ်းသို့ ခွာသွားခဲ့လေသည်။ သူသည် ပါးစပ်ထဲတွင် ပါလာသော ခြေထောက် တပိုင်းတစကို ဝါးစားမနေတော့ပဲ အရိုးရော အသားပါ တပေါင်းတည်း မျိုချပစ်လိုက်၏။

ပါးစပ်ထဲမှ အစာသည် ယင်း၏ဝမ်းဗိုက်ထဲသို့ ရောက်ရှိသွားကြောင်း သေချာသည်နှင့်တပြိုင်နက် ငါးကြီးသည် အမျိုးသမီး ခြေထောက်မှ သွေးညှီနံ့များကို ခြေရာခံကာ သူ၏သားကောင်ဆီသို့ ဒုတိယအကြိမ် ချီတက် လာခဲ့ပြန်သည်။ သည့်တကြိမ်တွင် ငါးကြီးသည် အမျိုးသမီးကို အောက်တည့်တည့်မှ ဝင်ရော





ကိုက်ခိုက်ခြင်း ဖြစ်၏။ ပါးစပ်ကြီးကို အစွမ်းကုန်ဖွင့်ကာ ရေအောက် အတော်နက်နက်တနေရာမှ တရှိန်ထိုးမြေးတက်လာပြီး အမျိုးသမီး၏ ခါးအလယ်ပိုင်းကိုမှန်း၍ဟပ်ပစ်လိုက်ခြင်းဖြစ်သည်။ အရှိန်ပြင်းပြင်းနှင့် မောင်းနှင်လာသော မီးရထား စက်ခေါင်းတွဲကြီးတခု၏ ဝင်ဆောင့်ခြင်းကို ခံလိုက်ရဘိသည့်အလား သူမ၏ ခန္ဓာကိုယ်သည် ငါးကြီး၏ ပါးစပ်ကြားတွင်ညှပ်လျက် ရေပြင်မှ အထက်သို့ မြောက်တက်သွားခဲ့၏။ ငါးမန်းကြီး၏ ပါးစပ်ပြန်အပိတ်တွင် အမျိုးသမီး၏ ခန္ဓာကိုယ်အောက်ပိုင်းတခုလုံးသည် ရင်ခေါင်းမှပြတ်လျက် ငါးကြီး၏ ခံတွင်းအတွင်းသို့ ပါသွားခဲ့လေပြီ။ ငါးကြီးသည် အမျိုးသမီး၏ ခန္ဓာကိုယ်တခြမ်းကို ငုံလျက် အောက်သို့ ပြန်လည်ကျဆင်းသွားစဉ်တွင် သွေးများသည် ရေများနှင့်အတူ ရေမျက်နှာပြင်မှ အထက်သို့ ပန်းတက်သွားကာ ကြီးမားသော ရေပန်း၊ ရေဖွားများကို ဖြစ်ပေါ်စေ၏။ ငါးကြီး၏ ကြီးမားသန်စွမ်းသော မေးရိုးကားကြီးများနှင့် သွားများသည် ယင်း၏ ခံတွင်းအတွင်းသို့ ရောက်ရှိနေပြီဖြစ်သည့် အမျိုးသမီး၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကို အရိုးရော အသားပါ ကြေညက်ညက် ကြေမွသွားအောင် ကြိတ်ဝါးပစ်လိုက်ရာ စက္ကန့်ပိုင်းအတွင်းမှာပင် စေးပျစ်ပျစ် အရည်များအဖြစ်သို့ ပြောင်းလဲ ရောက်ရှိသွားခဲ့ရလေသည်။

ရေမျက်နှာပြင်အောက်သို့ ပြန်လည် ရောက်ရှိသွားသောအခါ ငါးမန်း၏ ဦးခေါင်းကြီးကို ဗယ်ညာယမ်းခါလျက် ပါးစောင်အတွင်းရှိ အသားတုံး အသားတစ် အကြွင်းအကျန်များကို ကြိုက်ပုံဆောင်းနေသော သွားစွယ်ကြီးများဖြင့် ကိုက်ဝါးလျက်မှ အနီးအနားတွင် မိမိ၏သားကောင် ရှိသေးလို ရှိသေးငြား စူးစမ်းလျက် ရှိနေသည်။

ဘောင်ဘင်ခတ်နေသော ရေမျက်နှာပြင် ပြန်လည်ငြိမ်သက်သွားသောအခါတွင်မှ မိန်းကလေး၏ အလောင်းကောင်မှ အသားတုံး



www.burmeseclassic.com

www.burmeseclassic.com



အသားစအချို့မှာ ရေအောက် သဲကြမ်းပြင်ပေါ်မှ တဖြည်းဖြည်း ချင်း ကျဆင်းလာခဲ့သည်။ အချို့တို့သည်ကား သွေးကွက်ကြီးများ နှင့်အတူ ရေစီးကြောင်းအတိုင်း မြုပ်တခါ ပေါ်တလှည့်ဖြင့် စီး ဆင်း မျောပါသွားခဲ့ကြကုန်သည်။ ငါးမန်းကြီး၏ စားကြွင်းစား ကျန် ဤအပုံအရွဲ့ အစအနလေးများသည် ဒီလှိုင်းလုံးများအကြား တွင် နိဂုံးကမ္ဘတ် အဆုံးသတ်ကြရမည်သာ ဖြစ်ချေသည်သာတည်း။

*

[ ခ ]

သဲသောင်ပြင်ပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်မောကျနေ ခဲ့သော အမျိုးသားသည် အရုဏ်ဦး၏ အအေးဓာတ်ကြောင့် အိပ်ရာမှ လန့်နိုးလာခဲ့ရချေသည်။ သူ၏ နှုတ်ခမ်းများသည် သွေ့ခြောက် ခေ ကပ်၍ နေသည်။ သူ၏ ဝမ်းဗိုက်အတွင်းမှ အရက်များက ချဉ်စုပ်စုပ် အနံ့များအဖြစ်သို့ လေပူဆန်တက်ကုန်ကြပြီ ဖြစ်သည်။ အရှေ့ဘက် မိုးကောင်းကင်တွင် ပန်းနုရောင်ဖျော့ဖျော့လေး သန်းလာပြီကို တွေ့ မြင်ရသဖြင့် မိုးတော့ မလင်းတတ်သေး၊ အရုဏ်တက်ရန်တော့ မဝေး တော့ပြီဖြစ်ကြောင်း သူ သတိပြုမိလိုက်သည်။

သူသည် သဲသောင်ပြင်ပေါ်မှ ထ လိုက်ပြီး အဝတ်အစားများကို ကောက်ယူဝတ်ဆင်လိုက်သည်။ အဝတ် ဝတ်နေယင်းမှပင် သူသည် အမျိုးသမီးကို သွားသတိရသည်။ သူမသည် တည်းခိုရိပ်သာအတွင်း သို့ ပြန်လည် ဝင်ရောက်သွားပြီ ဖြစ်ပါလျက်နှင့် သူ့ကို အိပ်ရာ နိုးမသွားရကောင်းလားဟု ဒေါပွမိသေးသည်။ သို့သော် သဲသောင် ပြင်ပေါ်တွင် ပြန့်ကျဲနေသော အမျိုးသမီး၏ အဝတ်အစားများကို





တွေ့မြင်လိုက်ရသောကြောင့် ရုတ်တရက် စဉ်းစားမရ ဖြစ်သွား သည်။ သို့သော် သူသည် ကြာရှည် တွေးတောမနေတော့ပဲ အမျိုး သမီး၏ အဝတ်များကို ကောက်ယူကာ တည်းခိုရိပ်သာ ရှိရာသို့ လျှောက်လာခဲ့သည်။

သူသည် တည်းခိုရိပ်သာပေါ်သို့ ခြေဖျားထောက် တက်ခဲ့ပြီး တံခါးကို အသံမမြည်အောင် ဖွင့်လိုက်သည်။ ဧည့်ခန်းသည် မည်း မှောင်ပြီး ဟာလာဟင်းလင်း ဖြစ်နေသည်။ တဝက်တပျက် သောက် သားပြီးဖြစ်သော အရက်ဖန်ခွက်များ၊ ပေပွနေသော ဆေးလိပ်ပြာ ခွက်များ၊ ညစ်ပတ်နေသော ပန်းကန်ပြားများ ဟိုတခု သည်တခု ပြန့်ကျဲနေသည်ကို တွေ့ရသည်။ သူသည် ဧည့်ခန်းကို ဖြတ်ကျော်ပြီး အမျိုးသမီးနှင့်သူ အတူနေသည့် အခန်းရှိရာသို့ လျှောက်သွားခဲ့ သည်။ စင်္ကြံ လမ်းအတိုင်းလက်ျာဘက်သို့ ကွေ့ကာ လျှောက်သွားခဲ့ရာ တံခါးပိတ်ထားသော အခန်းနှစ်ခုကို ဖြတ်ကျော်သွားခဲ့ရသည်။ သူ့ အခန်းမှာ တံခါးပွင့်လျက် ရှိသည်။ ခုတင်နံဘေးရှိ စာကြည့်မီးမှာ လည်း ပွင့်လျက်ရှိနေသည်။ ခုတင်နှစ်လုံးမှာ မူလခင်းကျင်းထား သည့် ပုံစံအတိုင်း ပြန့်ပြန့်ပြူးပြူး ရှိနေသည်။ သူသည် အမျိုး သမီး၏ အဝတ်အစားများကို ခုတင်ပေါ်သို့ ပစ်တင်လိုက်ပြီး ဧည့် ခန်းရှိရာသို့ ပြန်ထွက်လာခဲ့သည်။ ဧည့်ခန်းကို မီးဖွင့်လိုက်သောအခါ ထိုင်ခုံနှစ်ခုစလုံးပေါ်တွင် အိပ်နေသူမရှိ။ အထီးတည်းဖြစ်နေကြောင်း တွေ့မြင်လိုက်ရသည်။

ဤတည်းခိုရိပ်သာတွင်၊ သူတို့နှစ်ဦး ငှားရမ်းနေထိုင်သော အခန်း အပြင် အခြားအခန်းနှစ်ခုလည်း ရှိပေသေးသည်။ ရိပ်သာပိုင်ရှင် လင်မယားသည် တခန်းတွင် အိပ်လျက်၊ ကျန်တခန်းတွင် အခြားစုံတွဲ တတွဲက တည်းခိုလျက် ရှိသည်။ အမျိုးသားသည် ပထမအိပ်ခန်း တံခါးကို တတ်နိုင်သမျှ အသံမမြည်အောင်၊ ဖွင့်လိုက်ပြီး အခန်း တွင်းသို့ ချောင်းကြည့်လိုက်၏။ နှစ်ယောက်အိပ် ခုတင်ကြီးနှစ်လုံး တွင် ပိုင်ရှင်နှင့် သူ့ဇနီးတို့သည် ခုတင်စွန်း တဘက်တချက်စီတွင်



www.burmeseclassic.com

www.burmeseclassic.com



အိပ်မောကျလျှက် ရှိကြသည်။ သူသည် အခြားအခန်းတခုသို့ သွား ရောက် ဖွင့်ကြည့်ပြန်သည်။ ခုတင်နှစ်လုံးရှိနေပြီး အတွင်းရှိဧည့်သည် နှစ်ဦးသည် ခုတင်ကိုယ်စီဖြင့် အိပ်လျက်ရှိကြသည်။ လူရွယ်သည် သူ၏အခန်းသို့ ပြန်သွားပြီး လက်ပတ်နာရီကို ကြည့်လိုက်သည်။ ငါးနာရီပင် ထိုးပေတော့မည်။

သူသည် ခုတင်ဘလုံးပေါ်တွင် ထိုင်လျှက် အခြားခုတင်တလုံး ပေါ်တွင် ပုံလျှက်သားရှိနေသော အမျိုးသမီး၏ အဝတ်အစားများ ကို ငေးကြည့်နေမိသည်။ သူ့အဖော် အမျိုးသမီးသည် ဤ တည်းခို ရိပ်သာအတွင်း၌ ရှိမနေသည်မှာ သေချာပေပြီ။ ညစာစားစဉ်က သူ သတိထားကြည့်မိသည်။ ဧည့်သည်တစ်မိးတရံဆံ လာသည်ကို မတွေ့ခဲ့ရချေ။ ထို့ကြောင့် သူအိပ်ပျော်နေစဉ်က ကမ်းခြေပေါ်တွင် အမှတ်မထင် ဆုံတွေ့ခဲ့သော အခြားလူတယောက်ယောက်နောက်သို့ လိုက်ပါသွားစရာလည်း အကြောင်းမရှိ။ သို့ဖြင့် အမျိုးသမီးသည် သူ့ကို ဘာမပြောညာမပြောနှင့် စွန့်ခွာသွားရန်လည်း အကြောင်း မမြင်။ အကယ်၍ သူ့ကို စွန့်ခွာသွားလိုသည်ထားဘိဦး သူမ၏ ကိုယ်ပိုင်အဝတ်အစားအချို့ကိုတော့ ယူသွားသင့်ပေသည်။ ယခု အမျိုးသမီး၏ အဝတ်အစားအပြည့်အစုံသည် ဗီရိုထဲတွင် လက်ရာ မယွင်း ရှိနေပေသည်။ ထို့ကြောင့် ထွက်ပြေးခြင်းတော့ မဖြစ်နိုင်။ သို့ဖြစ်လျှင်—

**'ဖြစ်နိုင်စရာ'** တခုပဲ ရှိသည်။

သူမသည် အန္တရာယ်ဆိုးတခုနှင့် မမျှော်လင့်ပဲ ရင်ဆိုင်တိုးခဲ့ရ[illegible] များလား။

ယင်း **'ဖြစ်နိုင်စရာ'**သည် **အမှန်ပင် သေခြာပေါက် ဖြစ် နိုင်သည့်ကိစ္စ'** ဖြစ်ကြောင်း စဉ်းစားမိသည်နှင့် သူသည် ထိုင်ရာမှ ချက်ချင်း ထလိုက်ပြီး ရိပ်သာပိုင်ရှင်၏ အိပ်ခန်းရှိရာသို့ ထွက်လာ ခဲ့သည်။ သူသည် ခုတင်နံဘေးတွင်ရပ်ကာ ခေတ္တခဏမျှ တွန့်ဆုတ်





[illegible]ဆိုင်းနေပြီးမှ သူ၏လက်တဘက်ကို ရိပ်သာပိုင်ရှင်၏ပခုံးပေါ်သို့ [illegible]သာအယာ တင်လိုက်သည်။

"**ချက်(ခ်)**— ဗျို့ဂျက်(ခ်) ခဏလောက် ထပါအုံး"

ဂျက်(ခ်)သည် သက်ပြင်းတချက် ချလိုက်ပြီးမှ မျက်လုံးများကို [illegible]ကြည့်လိုက်သည်။

"ဘာတုံးဗျ"

"ကျွန်တော်လေ။ **ထွစ်** ပါဗျ။ အခုလိုအချိန်ကြီးမှာ ခင်ဗျားကို [illegible]ရတာ အားနာပါတယ်ဗျာ။ ဒါပေမယ့် ပြဿနာတခု ပေါ်နေပြီ [illegible]ဘာနဲ့"

"ပြဿနာ ဟုတ်လား၊ ဘာပြဿနာလဲ"

"ခင်ဗျား **ခရစ်စီ (ခရစ္စတင်း)**ကို တွေ့မိသလား"

"ခင်ဗျား ဘာတွေလာပြောနေတာလဲ။ ခရစ်စီဟာ ခင်ဗျားနဲ့ပဲ [illegible]ရှိနေတာ မဟုတ်လား"

"ဟင့်အင်း၊ ကျွန်တော် သူ့ကို အခု ရှာမတွေ့လို့"

ဂျက်(ခ်)သည် အိပ်ရာပေါ်တွင် ထထိုင်လိုက်ပြီး မီးခလုတ်ကို [illegible]လိုက်သည်။ သူ့ဇနီးသည် လူးလွန့်လာပြီး ခေါင်းကို ခေါင်းမြီး [illegible] ပြန်အိပ်လိုက်သည်။ ဂျက်(ခ်)က သူ၏နာရီကို ကြည့်လိုက်ပြီး [illegible]သန့်တကြား ရေရွတ်လိုက်သည်။

"ဘုရားရေ၊ မနက်ငါးနာရီတောင် ထိုးပြီ။ ခင်ဗျားအိပ်ဖို့အတွက် [illegible]တ်ထိ အဖော်မတွေ့သေးဘူး.... ဟုတ်လား"

"ခင်ဗျားကို အနှောင့်အယှက်ပေးရတာ စိတ်မကောင်းပါဘူး [illegible]။ ဒါထက် ခင်ဗျား သူ့ကို နောက်ဆုံးတွေ့လိုက်တာ ဘယ်တုန်း [illegible]ဆိုတာ မှတ်မိသလား"

"အို၊ မှတ်မိတာပေါ့။ သူက ခင်ဗျားတို့နှစ်ယောက် ရေကူး [illegible]သို့ပြောပြီး ခင်ဗျားတို့နှစ်ယောက်စလုံးထွက်သွားခဲ့ကြတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါထက် ခင်ဗျားကကော သူ့ကို ဘယ်အချိန်က နောက်ဆုံး တွေ့လိုက်လို့လဲ”

“သောင်ပြင်ပေါ်မှာပဲ။ ဒီနောက် အိပ်ပျော်သွားခဲ့တယ်။ ခင်ဗျား ဆိုလိုတာက တဲခိုရိပ်သာထဲကို ခရစ်စီ လုံးဝပြန်မလာခဲ့ဘူးပေါ့ ဟုတ်လား”

“ဟင့်အင်း၊ ကျွန်တော်မအိပ်ခင်အထိတော့ သူ ပြန်ဝင်လာတာ မတွေ့မိဘူး။ ကျွန်တော်အိပ်ရာဝင်တော့လဲ သန်းခေါင်ကျော် တာချက်တီးလောက် ရှိနေပြီ”

“သူ့ အဝတ်အစားတွေကိုတော့ ကျွန်တော် တွေ့လာခဲ့တယ်”

“ဘယ်မှာလဲ၊ သောင်ပြင်ပေါ်မှာလား”

“ဟုတ်ပါတယ်”

“ခင်ဗျား ရေချိုးခန်းထဲကော ဝင်ရှာကြည့်ပြီးပြီလား”

တွမ်က ခေါင်းညိတ်လိုက်သည်။

“ရေချိုးခန်းထဲတင်မကဘူး၊ ဟင်ကဲ(ယ်၊လ်)တို့ လင်မယားရဲ့ အခန်းထဲပါ ဝင်ရှာကြည့်ခဲ့ပြီးပါပြီ။ အဲဒီမှာလဲ မတွေ့ဘူး”

“ဟင်ကဲ(ယ်၊လ်)လင်မယားရဲ့ အခန်းထဲ ဝင်ရှာတယ်၊ ဟုတ် လား။ ခင်ဗျားအမျိုးသမီးက ဟင်ကဲ(ယ်၊လ်)တို့စုံတွဲနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ”

တွမ်၏မျက်နှာမှာ ရဲကနဲ ရှက်သွေးဖြာသွားခဲ့ရသည်။

“ကျွန်တော် မသိဘူးလေ။ ကျွန်တော် သိရသလောက်ကတော့ ခရစ်စီဟာနားလည်ရအတော်ခက်တယ်လို့ပဲ။ ပြီးတော့ဟင်ကဲ(ယ်၊လ်) တို့ လင်မယားကလဲ ဒီအတိုင်းပဲ။ အို ကျွန်တော်က စွပ်စွဲပြောဆိုနေ တာ၊ အထင်လွဲနေတာတော့ မဟုတ်ပါဘူး။ သူ့ကို မတွေ့တာနဲ့ ဝင်ရှာကြည့်မိတာပါ။ ဘာရယ် မဟုတ်ပါဘူး။ ခင်ဗျားကို မနိုးခင် တအိမ်လုံးမှာ နှံ့စပ်အောင် ရှာဖွေပြီးတဲ့သဘော ဖြစ်ချင်လို့ပါ”

“ကဲ ဒီတော့ ခင်ဗျား ဘယ်လိုသဘောရသလဲ”





“ကျွန်တော်ထင်တာကတော့ ခရစ်စီဟာမမျှော်လင့်တဲ့အန္တရာယ် ဆိုးတခုခုနဲ့များ ကြုံတွေ့ခဲ့ရသလား။ ဆိုပါတော့၊ ရေများ နစ် သွားသလား”

…က်(ခ်)က သူငယ်၏မျက်နှာကို ခေတ္တမျှ တွေ၍ ကြည့်နေလိုက် သည်။ ပြီး သူ့ လက်မှ လက်ပတ်နာရီကို ဖျတ်ကနဲ ကြည့်လိုက်ပြန် သည်။

“ဒီမြို့ကရဲတွေ ဘယ်အချိန်မှာ အလုပ်စခန်းဝင်ကြသလဲတော့ ပြောတတ်ဘူး၊ ဘာပဲဖြစ်ဖြစ်လေ ကီစ္စက ပူပူနွေးနွေး ကိုင်တွယ် တာကို ပိုကောင်းတယ်”

*



www.burmeseclassic.com

www.burmeseclassic.com



# ၂

## [ က ]

အမေရိကန်မြို့ ရဲစခန်းတွင် ဖြစ်သည်။

ညတာဝန်ကျ ရဲသား လင်း(လီယိုနာ့ဒ်)ဟင်းဒရစ်သည် သူ့အလုပ် စားပွဲခုံထိုင်၍ စုံထောက်ဝတ္ထုတပုဒ်ကို ဖတ်လျက်ရှိသည်။ ဝတ္ထုထဲမှ မစ္စတာလင်းဒစ်ဇီအမည်ရှိ ဇာတ်ကောင် အမျိုးသမီးအား မော်တော်ဆိုင်ကယ်စီး လူရမ်းကားတစုတို့က မတရားကျင့်ရန် ကြံစည်နေသည့် အခန်းသို့ အရောက်တွင် စားပွဲပေါ်ရှိ တယ်လီဖုန်းက စူးရှစွာ မြည်ဟည်းလာခဲ့သည်။ ဟင်းဒရစ်သည် တယ်လီဖုန်းကို ချက်ချင်းကောက်မကိုင်သေးပဲ ဝတ္ထုကို ဖတ်မြဲ ဆက်ဖတ်နေလိုက်သေးသည်။ ဝတ္ထုထဲမှ ဇာတ်လိုက်မ ဖြစ်သူ မစ္စအစ်ဇီက သူမ၏ဆံပင်ထဲတွင် လျှို့ဝှက်စွာ သယ်ဆောင်လာခဲ့သော ဓားဖြင့် လူရမ်းကားတဦး၏ ခန္ဓာကိုယ်အောက်ပိုင်းတနေရာသို့ တအားဆောင့်ထိုးလိုက်





ပြီးသည့် အခန်းသို့ရောက်သည့်တိုင် ဆက်လက် ဖတ်ရှုလိုက်ပြီးသောအခါတွင်မှ တယ်လီဖုန်းကို ကောက်ယူလိုက်လေသည်။

"အမေရိက ရဲစခန်းက တာဝန်ကျ ရဲသားဟင်းဒရစ်ပါ။ ကျွန်တော်တို့အား ဘာများ အကူအညီပေးရပါမလဲခင်ဗျာ"

"ကျွန်တော် အိုး(လ်ဒ်)မီး(ယ်) လမ်းက ဂျက်(န်)မှုပါ၊ လူပျောက်မှုတခု တိုင်ချင်လို့"

"ကျေးဇူးပြုပြီး နောက်တခေါက် ထပ်ပြောပါလားခင်ဗျာ"

ဟင်းဒရစ်သည် တချိန်က ဗီယက်နမ်စစ်မြေပြင်တွင် ရေဒီယိုဆက်သွယ်ရေးမှူးအဖြစ် တာဝန်ယူခဲ့ဖူးသူဖြစ်ရာ သတင်းများကို လက်ခံရယူရာတွင် အလွန်စေ့စပ်သေချာမှု ရှိလှသည်။ ယခုလည်း သူ့အလေ့အကျင့်အတိုင်း သတင်းတခုကို အမှားအယွင်း မရှိပဲ လက်ခံရရှိရေးအတွက် ဒုတိယအကြိမ်ထပ်မံပြောပြရန် ဂျက်(န်)မှုအား မေတ္တာရပ်လိုက်ခြင်းဖြစ်သည်။ ဤသို့ စစ်ဟန်၊ စစ်မာန်၊ စစ်အသံဖြင့် ပြောဆိုဆက်ဆံရခြင်းမျိုးကို ဟင်းဒရစ် အလွန်သဘောတွေ့လှ၏။

"ကျွန်တော့် တည်းခိုရိပ်သာက အမျိုးသမီးတယောက် ဒီမနက်ဈေးသွားဖို့ထွက်သွားခဲ့တာ အခုထိ ပြန်ရောက်မလာသေးပါဘူး။ အဲဒီအမျိုးသမီးရဲ့ယောကျ်ားလေးမိတ်ဆွေက သူမရဲ့အဝတ်အစားတွေကို ပင်လယ်ကမ်းစပ် သဲသောင်ပြင်တနေရာမှာ တွေ့ရတယ်လို့ ပြောပါတယ်"

ဟင်းဒရစ်သည် မိမိ၏နားမှ ကြားရသမျှတို့ကို စာရေးစက္ကူအပေါ်တွင် လက်က အသေအလိုက်ရေးယင်း မေးခွန်းများကိုလည်း အခိုပြီးတခု ဆက်တိုက်မေးချလျက်ရှိသည်။

"အဲဒီအမျိုးသမီးရဲ့ နာမည်က"

"ခရစ္စတင်း ဝေါ(တ်)ကင်းပါ"

"အသက်ကရော"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်မသိ၊ အဲ ခဏနေပါအုံး၊ ကျွန်တော် မေးပေးပါ့မယ်၊ နှစ်ဆယ့်ငါးနှစ်ပတ်ဝန်းကျင်လောက်မှာ ရှိလိမ့်မယ်လို့ သူ့အဖေက ပြောပါတယ်"

"အရပ်အမြင့်နဲ့ ကိုယ်အလေးချိန်ကို ပြောပါ"

"ခဏလေး နေအုံးနော်"

တဘက်မှ အသံခေတ္တမျှ ပြတ်တောက်သွားပြီးနောက်....

"အရပ်က ငါးပေ ခုနစ်လက်မလောက်၊ ကိုယ်အလေးချိန်က ပေါင် တရာ့နှစ်ဆယ်နဲ့ သုံးဆယ်ကြားမှာ ရှိလိမ့်မယ်ထင်ပါတယ်"

"မျက်လုံးနဲ့ ဆံပင်အရောင်ကရော"

"ဒီမှာ ရဲဘော်ကြီးရဲ့၊ ဘာပြုလို့ များ ဒီလိုမလိုအပ်တဲ့မေးခွန်းတွေကို တောင်စဉ်ရေမရ လျှောက်မေးနေရတာလဲ၊ ဒီကမ်းခြေမှာ ညစဉ် လူတယောက်ကျစီ ရေနစ်သေဆုံးနေတာမှ မဟုတ်တာ။ ရေနစ်သေဆုံးနေပြီဖြစ်တဲ့ မိန်းကလေးတယောက်ရဲ့ အလောင်းကို ခင်ဗျားတို့ တွေ့ရပြီဆိုယင် အဲဒီမိန်းကလေးဟာ ခရစ္စတင်းပဲ ဖြစ်မှာပေါ့ဗျ၊ ခရစ္စတင်းနဲ့မှားရအောင် ပြီးခဲ့တဲ့ညက လူနှစ်ယောက်လောက် ရေနစ်ခဲ့လို့လား"

"ဒီမိန်းကလေးကို ရေနစ်ပါတယ်လို့ ခင်ဗျားကို ဘယ်သူပြောလို့လဲ မစ္စတာဖုရဲ့၊ ခင်ဗျားကရော ဘာ့ကြောင့် ပြောနိုင်သလဲ ဆိုပါတော့ဗျာ၊ သူ့ဟာသူ လမ်းလျှောက်ထွက်သွားတာကော မဖြစ်နိုင်ဘူးလား"

"ဗျာ၊ အဝတ်မဲ့ အမျိုးသမီးတယောက်ထဲ အရုဏ်တက် အချိန်လောက်မှာ လမ်းလျှောက်ထွက်ပါ့မလား။ အဲဒီလိုသတင်းမျိုးကော ခင်ဗျား မကြာခဏ ကြားရလေ့ရှိလို့လား"

"ဒီလိုတော့ မကြားမိပါဘူးမစ္စတာဖု၊ ဒါပေမယ့် နွေရာသီတခါ ရောက်လာပြီဆိုတိုင်း ဘယ်လိုပြဿနာမျိုး ပေါ်ပေါက်လာလိမ့်မယ် ဆိုတာ ကြိုတင်ခန့်မှန်းထားလို့ မရနိုင်ဘူးဗျ။ အလျှင်နှစ် ဩဂုတ်လ





ထဲ့က ဆိုယင် အပျော်ကြူးတဲ့လူတစုဟာ ကုလပ်တခုရဲ့အစီအစဉ်အရ က,ပွဲတခုလုပ်ခဲ့တာ ခင်ဗျားကြားမိမှာပေါ့၊ အဝတ်မဲ့ မောင်မယ်တွေရဲ့ တော်သလင်း က,ပွဲလေး ကဲပါ၊ မိန်းကလေးရဲ့ မျက်လုံးအရောင်နဲ့ ဆံပင်အရောင်ကို ပြောမှာသာ ပြောစမ်းပါ"

"ဆံပင်အရောင်က ဟို...အဝါ ဘယ်လို ခေါ်မလဲဗျာ၊ ရွှေအိုရောင်လို့ ဆိုရမလား၊ အဲ သူ့ထက်နည်းနည်း ဖျော့ချင်လဲ ဖျော့မယ် ခင်ဗျ။ မျက်လုံးအရောင်ကိုတော့ ကျွန်တော်မသိဘူး။ နေအုံး၊ ကောင်မလေးရဲ့အဖေကို မေးကြည့်လိုက်အုံးမယ်။ အာ၊ သူလဲ အတိအကျ မသိဘူးတဲ့ခင်ဗျ။ အကြမ်းအားဖြင့် ညိုညစ်ညစ်အရောင်ဘဲ ဆိုပါတော့ဗျာ"

"ကောင်းပြီလေ မစ္စတာဖု၊ ဒီကိစ္စကို ကျွန်တော်တို့ စုံစမ်းပါ့မယ်၊ အကြောင်းထူးယင် ခင်ဗျားဆီ အမြန်ဆုံး ဆက်သွယ်ပါ့မယ်"

ဟင်းဒရစ်သည် တယ်လီဖုန်းကို ပြန်ချထားလိုက်ပြီး သူ့လက်ပတ်နာရီကို ကြည့်လိုက်၏။ ငါးနာရီထိုးပြီး ဆယ်မိနစ်။ ယခုလို အချိန်မျိုးတွင် သူ့ဆရာ **စခန်းမှူး**သည် အိပ်ရာမှ နိုးလိမ့်ဦးမည်မဟုတ်။ ခရစ္စတင်းဝါ့(တ်)ကင်း ပျောက်ဆုံးမှုသတင်းကိုယခုလိုအချိန်မျိုးတွင် စခန်းမှူးဘရော့ဒီအား အိပ်ရာမှနိုးပြီး ပြောသင့်မပြောသင့် ဟင်းဒရစ် ချိန်ဆလျက်ရှိသည်။

မစ္စခရစ္စတင်း ပျောက်ဆုံးနေသည် ဆိုသည်မှာလည်း ယခုအချိန်အထိ အတည်မပြုနိုင်သေးချေ။ မိန်းမပျိုသည် ကမ်းစပ် သဲသောင်ပြင်ပေါ်တွင် လမ်းလျှောက်နေစဉ် လမ်းမပေါ်တွင် အမှတ်မထင်တွေ့ရသော 'ငနဲ' တယောက်နောက်သို့ ကောက်ကောက်ပါ လိုက်သွားပြီး 'ကြည်' နေပေလိမ့်မည်။ ထို့ကြောင့်သာ ယခုထက်တိုင် သည်းခိုရိပ်သာသို့ ပြန်မရောက်သေးခြင်းမျိုးကော မဖြစ်နိုင်သလော။ ဟင်းဒရစ်သည် မိမိကိုယ်မိမိ အမေးပုစ္ဆာထုတ်ကြည့်သည်၊ ဖြစ်နိုင်သည်မှ ဟိုဘက်တောင် လွန်သေး။ ခုခေတ် ကာလသားသမီးများ



www.burmeseclassic.com

www.burmeseclassic.com



သည် ခုမြင်ခုကြိုက်၊ ခုလိုက် ခုညားနှင့် အညှာလွယ်လွန်းလှသည်။ ခရစ္စတင်းသည်လည်း ဤအစားထဲကပင် ဖြစ်ဟန်တူသည်။

အကယ်၍....

အကယ်၍ ဂျက်(ခ်)ဖုပြောသကဲ့သို့ သူမသည် ရေနစ်သေဆုံးခဲ့ပြီး ဖြစ်လျှင်ကော။ အခြေအနေသည် မကောင်းလှ။ ယခုအချိန်လောက် ဆိုလျှင် လှိုင်းလုံးများ၏ သယ်ဆောင်မှုကြောင့် သူမ၏ အလောင်းသည် ကမ်းစပ် သဲသောင်ပြင် တနေရာရာသို့ ရောက်ရှိနေလောက်ပေပြီ။ နံနက် စောစောတွင် ကမ်းစပ်သဲသောင်ပြင်ပေါ်၌ လမ်းလျှောက်ထွက်လေ့ရှိကြသော ကလေးထိန်း အမျိုးသမီးများနှင့် အရွယ် မရောက်တတ်သေးသော ကလေးသူငယ်များက ခရစ္စတင်း၏ အလောင်းကို မြင်တွေ့သွားကြလျှင် မသင့်လျော်ပေ။ အပန်းဖြေ ခရီးသည်များ၊ မြို့သူမြို့သားများထက် မိမိတို့က ဦးစွာ ရှာဖွေတွေ့ရှိပြီး လိုအပ်သော စစ်ဆေးမှုများ။ အချိန်မီ ဖယ်ရှားခြင်းများကို ပြုလုပ်နိုင်မှသာလျှင် ဤကမ်းခြေ တဝိုက်တွင် ရှုတ်ရှက်သဲသဲ ဖြစ်ခြင်းအားမှ ကာကွယ်နိုင်မည်ဖြစ်သည်။ သူ့ဆရာ စခန်းမှူးက လည်း ဤသို့ပင် သဘောရှိပေလိမ့်မည်ဟု ဟင်းဒရစ် တွေးမိသည်။

သူသည် တယ်လီဖုန်းကို ကောက်ယူပြီး နံပါတ်အချို့ကို လှည့် လိုက်လေသည်။

*

စားပွဲပေါ်ရှိ တယ်လီဖုန်းမှ ထူးရှုသော မြည်သံသည် အနီးရှိ ခုတင်ပေါ်၌ နှစ်ခြိုက်စွာ အိပ်ပျော်လျက် ရှိသော စခန်းမှူး၏ အိပ်မက်များကို တပိုင်းတစစီဖြစ်အောင် ဖျက်ဆီး ပစ်လိုက်သည်။ ပထမအကြိမ် မြည်သံများသည် သူ့အိပ်မက်နှင့် ရောထွေး သွားခဲ့ သည်။ အိပ်မက်ထဲတွင် သူသည် အတိတ်ကာလ ကျောင်းသားဘဝ





သို့ ပြန်လည်ရောက်ရှိနေခဲ့ပြီး ကျောင်းသူတဦး၏ အချစ်ကို အဝမှ ရသည်ရန် ကြိုးပမ်းလျက် ရှိနေသည်။ ဒုတိယအကြိမ် တယ်လီဖုန်း မြည်လာသည့်အခါတွင်မူ သူ၏အိပ်မက်များမှာ လုံးဝပျောက်ကွယ် သွားရုံမျှမက သူကိုယ်တိုင်လည်း အိပ်ရာမှ လန့်နိုး လာခဲ့ရလေ သည်။ ဘာရော့ဒီသည် အိပ်ရာပေါ်မှ လူးလှိမ့်ထကာ တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

"ပြောပါ"

ဘာရော့ဒီက အိပ်ချင်မူးတူးအသံဖြင့် ထူးလိုက်သည်။

"ဟဲလို ဆရာလား၊ ကျွန်တော် ဟင်းဒရစ်ပါ။ အခုလိုအချိန်မျိုး မှာ အနှောင့်အယှက်ပေးရတာကို ခွင့်လွှတ်ပါဆရာ။ ဒါပေမယ့်"

"အခု ဘယ်နှစ်နာရီ ရှိပြီလဲ"

"ငါးနာရီထိုးပြီး မိနစ် နှစ်ဆယ်ပါခင်ဗျ"

"ဆို၊ ကိစ္စက"

"ကျွန်တော်တို့ **ရေပေါ်စာတစောင်** ရနေပြီထင်လို့ ဆရာ့ကို သတင်းပို့တာပါခင်ဗျ"

"ဘာကွ၊ **ရေပေါ်စာ** တုတ်လား၊ မင်းစကားရဲ့ အဓိပ္ပာယ်ကို နားမလည်ပါလား"

ဤ '**ရေပေါ်စာ**' ဟူသည့် စကားရပ်မှာ ဟင်းဒရစ် မကြာ သေးမီလေးကမှ ဖတ်ရှုနေခဲ့သည့် ဝတ္ထုထဲမှ ဘန်းစကားတခု ဖြစ် သည်။ ပင်လယ်ပြင်၌ ရေနစ် သေဆုံးသူ မှန်သမျှတို့သည် လှိုင်းလုံး များ၏ ရိုက်ပုတ်သယ်ဆောင်မှုကြောင့် နာရီ အနည်းငယ် အကြာ တွင် ရေမျက်နှာပြင်အထက်သို့ ပေါ်တက်လာပြီး တနေရာမှတနေရာ သို့ ဝေါ်လော မျှောပါလျက် ရှိတတ်ခြင်းကို အကြောင်းပြု၍ **ရေပေါ်စာ** ဟူ၍ သုံးနှုန်းထားခြင်း ဖြစ်ပေသည်။

ဟင်းဒရစ်သည် သူ့နှုတ်မှ အမှတ်မထင် လွှတ်ကနဲ ပြောလိုက်မိ သော ဘန်းစကားကြောင့် ရှက်သွားမိ၏။ သူ့စကားကိုသူ အလျင် အမြန် ပြင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"**ရေနစ်သေဆုံးမှု** တိုင်ချက်တခု ရထားတာကို ပြောတာပါ ဆရာ"

"ဘာ၊ ရေနစ်မှု ဟုတ်လား"

"ဟုတ်ပါတယ်ဆရာ၊ အပန်းဖြေခရီးသည်တွေ ရေဆင်းမကူးခင်မှာ ကျွန်တော်တို့က ဦးအောင်သွားပြီး စုံစမ်း စစ်ဆေးထားယင် ကောင်းမလားလို့ပါဆရာ၊ အနိဋ္ဌာရုံ မြင်ကွင်းတခုကြောင့် မသာယာတဲ့ နေ့တနေ့ ဖြစ်မသွားရအောင်ပါဆရာ"

ဟင်းဒရစ်သည် သူရေးမှတ်ထားခဲ့သည့် ဂျက်(ခ်)ဖု၏ တိုင်ချက်ကို ဖတ်ပြအစီရင်ခံလိုက်သည်။

ဘာရော့ဒီက သက်ပြင်းတချက်ကို လေးလေးတွဲ့ တွဲ့ ချလိုက်သည်။

"ဒါထက် **ကင်း (မ်)** ဘဲ (လ်) တယောက်ကော"

ကင်း(မ်)ဘဲ(လ်)သည် ရဲမော်တော်ယာဉ်ဖြင့် ပတ္တခရောင်လှည့်သည့် တာဝန်ကို ယူရသူဖြစ် ၁ည်။ သို့သော် သူသည် ထုံးစံအတိုင်း ကားအတွင်းရှိ ဆက်သွယ်ရေး ရေဒီယိုခလုတ်ကိုပိတ်ပြီး ဆေးဆိုင်တခု၏ နောက်ကွယ်တွင် ကားကိုရပ်ကာ နှစ်နှစ်ခြိုက်ခြိုက်ကြီးအိပ်မောကျလျက် ရှိနေမည် ဖြစ်သည်ကို ဘာရော့ဒီ တွေး လိုက်မိသည်နှင့်

"အို၊နေတော့ နေတော့၊ဒီကောင်ကတော့ ထုံးစံအတိုင်း ရေဒီယိုပိတ်ပြီး အိပ်နေမယ့် အကောင်ပဲ။ တနေ့မှ ဒီကောင့်ကားက ရေဒီယိုကို ပိတ်လို့ မရအောင် အသေလုပ်ထားပေးရအုံးမယ်"

ဟင်းဒရစ်က ဘာရော့ဒီစကားကို ဆုံးအောင် စောင့်နားထောင်နေလိုက်ပြီးမှ

"ခုန ကျွန်တော် ပြောခဲ့သလို အခုလိုအချိန်မျိုးမှာ ဆရာ့ကို အနှောင့်အယှက်ပေးရတာ အားနာလှပါတယ်၊ ဒါပေ..."

"ကိစ္စမရှိပါဘူး ဟင်းဒရစ်၊ ငါနားလည်ပါတယ်။ မင်း ငါ့ဆီ အခုလိုဖုန်းဆက်တာ မှန်ကန်ပါ[illegible] ငါ့ အ[illegible] ရေမိုးချိုး ဗိုက်ထဲထဲ အစာလေး နည်းနည်း[illegible]ပါ[illegible] သ[illegible]နဲ့ တပြိုင်နက် လာခဲ့





[illegible]။ စခန်းကို အလာမှာလဲ ကားကို အိုး(လ်၊ဒ်) မီး(လ်၊စ်)လမ်း အတိုင်းမောင်းယင်း တမ်းခြေဘလျှောက်ကို ကြည့်လာခဲ့မယ်။ မင်း [illegible] **ရေမှေပါစာ** သူများဘာကာရဲ့ ကိုယ်ပိုင်ကမ်းခြေတွေပေါ်များ [illegible]ားတင်နေသလားဆိုတာပေါ့။ တကယ်လို့ ဘာမျှ ထူးခြားတာ [illegible]တွေ့ရယင်လဲ နေ့တာဝန်သမားတွေ ဂျူတီဝင်တဲ့အချိန်ကျမှ ဂျက်ဖု [illegible] ကောင်မလေးရဲ့ အဖော်ကို ငါသွားတွေ့လိုက်မယ်။ ကဲ ဒါပဲ [illegible]ာ် တော်ကြာမှ မင်းနဲ့ ငါ တွေ့ကြသေးတာပေါ့"

ဘာရော့ဒီသည် တယ်လီဖုန်းကို အသာချလိုက်ပြီး အပျင်းဆန့်[illegible]တ်သည်။ နှစ်ယောက်အိပ် ခုတင်ကြီးအထက် သူ့နံဘေးတွင် [illegible]ခွေလေး အိပ်လျက်ရှိသော သူ့ဇနီး အယ်လင်းကို လှမ်းကြည့် [illegible]တ်သည်။ တယ်လီဖုန်းမြည်သံ ထွက်ပေါ် လာစဉ်က သူမသည် [illegible]ည်း ဘာရော့ဒီကဲ့သို့ပင် လန့်နိုးလာခဲ့သေးသည်။ သို့သော် ရေး [illegible]သတ်ပျာ အမှုအရာများကို သူ့ယောကျ်ားထံမှ မြင်တွေ့ရခြင်း [illegible]သဖြင့် '**အရေးပေါ်ကိစ္စ**' တခုမဟုတ်ကြောင်း သူမ အဘာပ် [illegible]လိုက်သည်။ သို့နှင့် အယ်လင်းသည် စိတ်အေးလက်အေး ပြန် [illegible]ည် အိပ်ပျော်သွားခဲ့ပြီ ဖြစ်သည်။

*

သူ့ဇနီး အယ်လင်း ဘာရော့ဒီသည် သူ့ထက် ငါးနှစ်ခန့် ငယ်သူ [illegible]၏၊ ယခုမူ သူမ၏အသက်မှာ သုံးဆယ့်ခြောက်နှစ်ပင် ရှိပြီဖြစ် [illegible]ာ်လည်း သုံးဆယ်ဆို့သာ ထင်မှတ်ရလောက်အောင် အရွယ် [illegible]သူဖြစ်သည်။ သူမ၏[illegible]ပ်ခ[illegible]ယောလားစိုင်များမှာ နုနယ်စိုပြည် [illegible] တောင့်တင်းခဲ၊ [illegible]မှခြေဖြိုး[illegible] ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဇနီးဖြစ်သူ၏ လှုပနှံပျိုမျစိုပြည်ဖွံ့ဖြိုးမှုတို့ကိုကြည့်ယင်း ဘရော့ဒီမှာ မချိတင်ကဲ ဖြစ်ရသည်။ သူသည် မိမိဇနီး၏ အလှအပများအတွက် ဂုဏ်ယူခြင်းဖြစ်ရသလို တခါတရံ စိတ်မချမ်းသာခြင်းလည်း ဖြစ်ရသည်။ ဂုဏ်ယူရခြင်း၏ အကြောင်းရင်းမှာ....

အယ်လင်းကဲ့သို့ ငယ်ငယ်ရွယ်ရွယ်, နုနုလှလှ အမျိုးသမီးလေးတဦးကို သူ့လိုအသက်ကြီးကြီး လူတယောက်က ဇနီးမယားတဦးအဖြစ် သိမ်းပိုက်ရယူထားနိုင်ခြင်းမှာ သူ့တကာထက် ထူးချွန်သောအရည်အချင်းတမျိုးမျိုး၊ သို့မဟုတ် မိန်းမသားတို့ 'စွဲ' စေလောက်သော 'တန်ခိုးကောင်း' ရှိထားသောကြောင့်ဖြစ်သည်ဟူ၍ ဘရော့ဒီအား လူအများက အထင်ရောက်စေသောကြောင့်ပင်။

သူမက ကလေးသုံးယောက်ကို တယောက်ပြီးတယောက် မွေးထုတ်ပြီးသည့် အအိုတဦးဖြစ်သည့်တိုင် သူမ၏ခန္ဓာကိုယ်မှာ 'မကျ' သေး။ တသားမွေးပြီးတိုင်း တသွေးလှလှုတ် ရှိနေသည်။ ဘရော့ဒီကမူ တနေ့တခြား မုံဖျက်လာခဲ့သည်။ သူ့ခန္ဓာကိုယ် အလယ်ပိုင်းသည် တဖြည်းဖြည်း ဆူဖြိုးလာသည်။ အရပ်အမြင့် ခြောက်ပေတလက်မရှိ၍သာ တော်တော့သည်။ ယနေ့ သူသည် ပေါင်နှစ်ရာကျော် အလေးချိန်စီးသော သူ့ခန္ဓာကိုယ်ကို သူ ပြန်သယ်နေရခြင်းဖြစ်၏။ သည်ကြားထဲ သွေးတိုးရောဂါကလည်း သူ့ကို ဒုက္ခပေးပြန်ချေသေးသည်။

အထူးသဖြင့် နွေရာသီကာလများသည် ဘရော့ဒီ့ ကို လိုင်ထအောင် ဆွပေးသော အခါသမယများဖြစ်သည်ဟု ဆိုလျှင် မှားမည်မဟုတ်ပေ။ အကြောင်းကား ဤဒေသရှိ မိန်းမပျို လေးများသည် ပူအိုက်သော လများတွင် အဝတ်အစား များများစားစား ဝတ်လေ့ဝတ်ထ မရှိကြ။ ဘောင်းဘီကျပ်ကျပ် တိုနံ့နံ့လေးများနှင့် အတွင်းခံအင်္ကျီမပါသော ချည်ထည် ဂျာစီ အင်္ကျီ ပါးပါးလေးများကိုသာ အများဆုံး ဝတ်ဆင်ကြသည်။ ပေါင်တံရှည်ရှည် ဖွံ့ဖွံ့ဖြိုးဖြိုး





များသွားကျိုင်းကျိုင်း လုံမပျိုလေးများက ထိုကဲ့သို့ ဝတ်ဆင်ပြီး ဆက်ကော့လက်ကော့ သွားလာနေစဉ် မြို့ထဲတနေရာတွင် ဆုံတွေ့ရပြီဆိုလျှင် ဘရော့ဒီသည် အားပါးတရ မျက်စိစားပွဲ ထိုင်ပစ်လိုက်ချင်စိတ်များ ဖြစ်ပေါ်လာလေ့ရှိသည်။ ချည်ထည်ပါး ဂျာစီအင်္ကျီအောက်တွင် အထိန်းအကွပ်မဲ့စွာ လှုပ်ယမ်းတုန်ခါနေသော အသားစိုင်များသည် ဘရော့ဒီအဖို့ စိတ်ကူးယဉ် အိပ်မက် မက်စရာများလည်း ဖြစ်ကြသည်။ သို့သော် သူသည် ကြာကြာမျက်စိစားပွဲ မထိုင်ရပါချေ။ ထိုအခါများတွင် ဘရော့ဒီသည် သူ၏ အာသာဆန္ဒရိုင်းများကို အဘင်းအကျပ် ချိုးနှိမ်ပစ်ရလေ့ရှိသည်၊

အကြောင်းမှာ

"ငယ်ရွယ်သန့်မာတဲ့အားကောင်းမောင်းသန်ယောကျ်ားပျိုလေးတွေကိုတွေ့ယင် ငါ့မိန်းမကကော ဒီလို ရမ္မက်ထန်တဲ့ အကြည့်မျိုးနဲ့ ကြည့်များနေမှာလား၊ အဲဒီလိုများ ကြည့်နေလို့ ...."

ဟူသည့် သဝန်တိုသည့် အတွေးများ ရုတ်ခြည်း ပေါ်ပေါက်လာတတ်သောကြောင့်ပင်။ တချိန်တည်းမှာပင် သူသည် လူ့ဘဝ၏ သက်တမ်းတဝက်ကို ကျော်ဖြတ်လာခဲ့ပြီး ဖြစ်ကြောင်းကို သတိပြုမိလာသည်။ ကျန်ရှိ နေသေးသည့် သက်တမ်း တဝက်မှာလည်း ပို၍ဆိုးသေတော့သည့် အကျပိုင်းဖြစ်ခြင်းကြောင့် ဘရော့ဒီမှာ ပို၍မို၍ စိတ်ခေတ်ကျမိသည်။

နွေရာသီသည် ဘရော့ဒီကိုသာ မဟုတ် သူ့ဇနီး အယ်လင်းကိုပါ ခံတိုင်းညှဉ်းဆဲလေ့ရှိသော ရာသီဥတုလည်း ဖြစ်ချေသည်။ သည်နွေသို့ ရောက်လေတိုင်း သူမ မတွေးလိုသော အတွေးများက အယ်လင်း၏ ခေါင်းထဲသို့ တခုပြီးတခု ဝင်ရောက် နှောင့်ယှက်လာကြတော့သည်။ အတွေးပေါင်းစုံတို့သည် သူမ၏ ခေါင်းထဲတွင် ပြောင်းဆန်၍ နေတတ်သည်။ အတိတ်ကာလက မိမိဆုံးရှုံးခဲ့ရသော အခွင့်အသမ်းများ၊ အနာဂတ်ကာလတွင် ဖြစ်ပေါ်လာရန် မျှော်မှန်းခဲ့သော်လည်း ဆက်တွေ့တွင် အကောင်အထည် ပေါ်မလာသည့်ရည်ရွယ်ချက်များ—



www.burmeseclassic.com

www.burmeseclassic.com



စသည့် ရှေးအတိတ်မှ ဆွေးရိပ်များသည် နွေရာသီ အတွေးစိတ်ထဲတွင် တရစ်ဝဲဝဲ ပေါ်၍လာတတ်လေသည်။

သူမနှင့် အတူတကွ ကြီးပြင်းလာခဲ့ကြသည့် ကျောင်းနေဘက် ငယ်ပေါင်းကြီးဖော် သူငယ်ချင်းများမှာ ယခုအခါဆိုလျှင် ဘာ သဌေးများ၊ ကုန်သည်ပွဲစားများနှင့် အကြောင်းပါကုန်ကြ ချမ်းသာ ကြွယ်ဝသူများ ဖြစ်၍နေကြပေပြီ။ သူမ၏ သူငယ်ချင်း ဟောင်းများသည် နွေရာသီတွင် အမိတိမြို့သို့ လာရောက် အပန်းဖြေ ကြသလို ဆောင်ဥတုသို့ ရောက်သောအခါ၌လည်း နယူးယောက် သွားရောက် အနားယူဦးမည့် သူများ ဖြစ်ကြသည်။ သူတို့တတွေသည် မကြောင့်မကြ၊ မတောင့်မတနှင့် ဘဝခရီးကို အေးအေးလူလူ နှင်း ကြသူများ ဖြစ်သည်။ ကံကောင်းကြလေစွ။ သူမမှာသာ လစာနည်း သော ရဲအရာထမ်း တဦးကို အိမ်ထောင်ဖက် ပြုခဲ့မိသည်ဖြစ် ငယ်ပေါင်း သူငယ်ချင်းတောင်းများ အလယ်တွင် မျက်နှာငယ် သည်။ ရဲဇနီးလေး အယ်လင်း၏ အကြောင်းသည် သူမ၏ ငယ် ပေါင်း သူငယ်ချင်းဟောင်း သူကြွယ်ကတော် တသိုက်တို့၏ စကား ဝိုင်းတွင် အပျင်းပြေ ပြောစရာ ဟာသပုံပြင်လေးတပုဒ် ဖြစ်နေ လိမ့်မည်။ သို့မို့ကြောင့် နွေဥတုများသည် အယ်လင်းအဖို့ သော ရာသီများ ဖြစ်လေတော့၏။

ပထမဆုံးအကြိမ် ဘရေ့ဒီနှင့် စတင် ဆုံတွေ့ရစဉ်က အယ်လင်း ၏ အသက်မှာ နှစ်ဆယ့်တနှစ်မျှသာ ရှိသေးသည်။ ထိုစဉ်က အယ်လင်း မှာ အထက်တန်းအောင်မြင်ပြီးခါစ မိဘများနှင့်အတူ အမိတိမြို့ နွေရာသီ အပန်းဖြေခရီး ရောက်ရှိနေစဉ် ဖြစ်သည်။ သူမ၏ မိဘများ သည် အတော်အတန် ကြွယ်ဝသူများ ဖြစ်ကြရာ အယ်လင်းသည် ဘ ကို စည်းစိမ်နှင့် သက်သောင့်သက်သာ နေရခြင်းတွင် အလေ့အကျ ရခဲ့သည်။ အိမ်မှုကိစ္စ ဗာဟီရများ၊ အိမ်ထောင်သားမွေး ကိစ္စများနှ အချိန်ပြည့် နပန်းလုံးယင်း ဘဝနေဝင်ချိန်သို့ ရောက်ရှိသွားရမည့် အရေးကို အယ်လင်းသည် ထိုစဉ်က လုံးဝနှစ်မြို့ခြင်း မရှိခဲ့ပါချေ။





ဘရေ့ဒီနှင့် သူမ ဆုံဆည်းခဲ့ရပုံလေးသည် ကဗျာမဆန် လှ တော့လှ။

တခုသောနွေလ၏ ထိုတညမှာ အယ်လင်းသည် ယောကျ်ား မိတ်ဆွေတဦးနှင့် အတူ ကားစီးလာခဲ့သည်။ အချိန်မှာ အတ ည့်နက်နေပြီဖြစ်ရုံမျှမက သူမ၏ အဖော်မှာလည်း အဝေ ယစ်နေခဲ့သည်။ သူမ၏အဖော်သည် လမ်းကျဉ်းကလေးအတ ားကို အရှိန်ပြင်းပြင်း မောင်းနှင့် ဝင်ရောက်လာခဲ့၏။ များ သင် သူတို့၏ ကားသည် ယာဉ်ထိန်းရဲသားတဦး၏ မြန်းခြင်းကို ခံရလေတော့သည်။ ထိုရဲသား လူငယ် စ်လွှင်မှု၊ ကြံ့ခိုင်ပြေပြစ်မှု၊ ယဉ်ကျေးဖွယ်ရာမှု စသ ယ်လင်း၏ နူနယ်သော နှလုံးသားလေးကို သိမ့်သိမ့်လေး သွားစေခဲ့၏။ အမူးလွန်နေသော စုံတွဲ၏ အခြေအနေကို တိသော ပြည်သူ့ဝန်ထမ်းကောင်း ယာဉ်ထိန်းရဲသားေ ယ်လင်းတို့၏ မော်တော်ကားကို ကိုယ်တိုင် ဝင်ရော ယ်လင်းကိုရော ထိုလူငယ်ကိုပါ အိမ်တိုင်ရာရောက် လိုက်လံပို့ ပေးခဲ့လေသည်။ ထိုစဉ်က သူတို့နှစ်ဦးကို အကူအညီပေးခဲ့သေ ာဉ်ထိန်း ရဲသားလေးသည်ကား ယနေ့ သူမ၏ ခင်ပွန်းဘဝသို့ ရောက်ရှိနေပြီဖြစ်သော **မာတင် ဘရေ့ဒီ** ပင် ဖြစ်ပေတော့၏။

နောက်တနေ့နံနက်တွင် အယ်လင်းသည် ဈေးဝယ် ထွက်ယင်း ခန်းအနီးသို့ အမှတ်မထင် ရောက်ရှိသွားခဲ့သည်။ သို့နှင့် သူမက ာနာအတွင်းသို့ ဝင်ရောက်ပြီး လွန်ခဲ့သည့်ညက ကင်းလှည့်တာဝန် ခဲ့သော ရဲသား၏ အမည်နှင့် နေရပ်လိပ်စာကို စုံစမ်းခဲ့သည်။ ပြန်ရောက်သည်နှင့် တပြိုင်နက် အယ်လင်း ရှတ်ပါ(ဒ်)သည် ခဲ့သောညက သူတို့အတွဲအား ကြင်နာစွာ ကူညီသမှု ပြုခဲ့ခြင်းကို ုးဇူးအထူးတင်ရှိပါကြောင်း ဘရေ့ဒီထံ စာတစောင် ရေးသား ပို့ခဲ့သည်။ တကြိမ်တည်းမှာပင် အမိတိရဲစခန်းရှိ ဘရေ့ဒီ၏ ကြီးအကဲ စခန်းမှူးကြီးထံသို့လည်း စာတစောင် ရေးသားပေးပို့



www.burmeseclassic.com

www.burmeseclassic.com



ါက်၏။ယင်းစာထဲတွင်ရဲသားမာတင်ဘရော့ဒီ၏ ကူညီမှုနှင့် စပ်လျဉ်း ကျေးဇူးတင်ရှိကြောင်း၊ သူသည် အားကိုးထိုက်သည့် ပြည်သူ့ ဥမ်းကောင်းတဦး ဖြစ်ကြောင်းကို ထောက်ခံရေးသားထားခဲ့၏။ ၍သည်မှစ၍ အယ်လင်းနှင့် ဘရော့ဒီတို့၏ ခင်မင်ရင်းနှီးမှု ာတ် အအိုသည် တဖြည်းဖြည်း ကြီးမား ခိုင်မြဲလာခဲ့သည်။ ဒီ၏ ရက်အားများကို သူတို့နှစ်ဦး ညစာအတူ ထွက်စားခြင်း ုပ်ရှင်ကြည့်ခြင်းများဖြင့် ကုန်ဆုံးစေခဲ့သည်။ ို့ ရှိခဲ့ကြရာမှ

အယ်လင်းရှက်ပါ(ဒ်)သည် ထိုနှစ် နိုဝင်ဘာလတွင် မစ္စက်အယ် ဘရော့ဒီဘဝသို့ ရောက်သွားခဲ့ရသည်။အယ်လင်း၏ မိဘများ သမီးဖြစ်သူကို ဘွဲ့ရသည်အထိ ကျောင်းဆက်တက်စေလိုခြင်း ဖြစ်သည်။ ဘရော့ဒီကိုယ်တိုင်ကလည်း လက်ထပ်ခြင်းကို စ် နွှေပေါက်သည့်တိုင် ရွှေ့ဆိုင်းထားလိုသည်။ သို့သော် င်းဘမှု တနှစ်တာ စော၍ လက်ထပ်လိုက်ခြင်းအားဖြင့် ဝတွင် ကြီးမားသော ခြားနားမှု ရှိလိမ့်မည်မဟုတ်ဟု ဆိုကာ မလျော့ကျရမည့် လမ်းကို မိမိအာသာ ရွေးချယ်လိုက်လေသည်။

အယ်လင်းအဖို့မူ ထိုလမ်းကိုမှ မရွေးလျှင်လည်း မဖြစ်တော့ချေ။ အကြောင်းကား အမီတီရဲအဖွဲ့ပိုင် ဖို့ဆီဒင် ကင်းလှည့် ရဲကားကြီး၏ နောက်ဘက်ထိုင်ခုံပေါ်တွင် ရဲသားလေး ဘရော့ဒီနှင့် မကြာခဏ ချစ်တင်းနှောခဲ့ကြခြင်း၏ ရလဒ်အဖြစ် သူမတွင် ကိုယ်ဝန် ငြိတွယ် လာခဲ့ပြီ ဖြစ်ခြင်းကြောင့်ပင်တည်း။

လက်ထပ်ပြီးခါစ ပထမနှစ်များတွင် သူတို့နှစ်ဦးသည် အလွန် ပျော်ရွှင်သော ဇနီးမောင်နှံတစုံ ဖြစ်ခဲ့သည်။ ထိုစဉ်က အယ်လင်း၏ မိတ်ဆွေများက သူတို့ဇနီးမောင်နှံအား မကြာခဏ ထမင်းဖိတ်ကျွေး ခြင်း၊ ပျော်ပွဲရွှင်ပွဲများ သွားရန် ခေါ်ခြင်း၊ အိမ်လည်လာခြင်းများ ပြုခဲ့သည်။ ကနဦးအစတွင် အယ်လင်း၏အသိုက်အဝန်းတွင် ဘရော့ဒီ တယောက် အနေကျပ်ခြင်းဖြစ်ရသလို ဘရော့ဒီ မိတ်ဆွေ အသိုင်း





အဝန်းတွင် အယ်လင်းတယောက် အနေကြုံ့ခြင်းဖြစ်ခဲ့ရသည်။ ကာလ ကြာ၍ နောင် တဦးနှင့် တဦး ရင်းနှီးသွားကြသောအခါတွင်မူ ၍အခက်အခဲများသည် အလိုအလျောက် အဆင်ပြေသွားခဲ့လေသည်။

လွန်ခဲ့သည့် လေးနှစ်ရာသီ မတိုင်မီကဆိုလျှင် အယ်လင်းမှာ အတော်ပင် ပျော်ရွှင်သူ ဖြစ်ခဲ့၏။ အိမ်ထောင်ကျပြီး ခုနစ်နှစ်အတွင်း မှာပင် သားသုံးယောက် ထွန်းကားခဲ့ပြီး ဖြစ်သည်။ သားများအား ပြုစုကျွေးမွေး၊ အိမ်မှုကိစ္စ ဗာဟီရများ ဆောင်ရွက် စသည်ဖြင့် ခဏမအားနိုင်အောင် ရှိခဲ့သည်။ သို့သော် သူမ ပျော်ရွှင်ခဲ့ သည်။

သားထွေးလေး 'ရှောင်း' ကျောင်းစတက်သည့် အချိန်မှစ၍ သူမ ၏ ဘဝသည် အထီးကျန် ဆန်လာခဲ့သည်မှာ ယခု လေးနှစ်တိုင်ခဲ့ပေပြီ။ သားကြီး 'ဘီလ်'သည် ဆယ့်လေးနှစ်၊ သားလတ် 'မာတင်' (ဂျူနီယာ) က ဆယ့်ဘနှစ်၊ သားထွေးလေး ရှောင်းက ရှစ်နှစ်ပင် ပြည့်ခဲ့ပြီ။

နေ့စဉ် ဘရော့ဒီက အလုပ်သွား၊ သားများက ကျောင်းတက်နှင့် အိမ်တွင် မိမိတယောက်တည်း ကျန်ခဲ့သည့် အခါများတွင် အယ်လင်း သည် တစတစနှင့် သူမ၏ ဘဝကို ငြီးငွေ့လာတော့၏။ ဘရော့ဒီ အပေါ်လည်း မကျေမနပ် ဖြစ်လာတော့သည်။ ဘရော့ဒီနှင့် သူမ လက်ထပ်စဉ်က သူသည် အယ်လင်းကို ကတိတွေ့တပုံကြီး ပေးခဲ့၏။

ထိုစဉ်က သူသည် အမီတီရဲစခန်းတွင် လုပ်သက်ခြောက်နှစ်မျှသာ ရှိသေးသော သာမန်ရဲသားလေးတယောက်မျှသာ ဖြစ်သည်။ သူ၏ ရည်ရွယ်ချက်မှာ တနေ့သောအခါ အမီတီမြို့ ရဲစခန်း၏ အကြီး အကဲဖြစ်သည့် စခန်းမှူးဘဝသို့တိုင် ရောက်ရှိအောင် တက်လှမ်းရေး ဘ၍ ဖြစ်သည်။ အယ်လင်းကသာ သူ့အတွက် သားယောက်ျား သေးများမွေးပေးခဲ့ပါလျှင် သူသည်နှစ်စဉ်နွေအကုန် ဆောင်းအကူး ရောက်ကြွလူးသည့် ရာသီဦးဘွင် မြစ်ဝကျွန်းပေါ်ဒေသများသို့ ရက် ရှည် အပန်းဖြေခရီး ထွက်မည်၊ သနားများကို ရိုင်ဖယ်သေနတ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရေဘဲ ပစ်နည်း သင် ပေး မည် ဟူ၍လည်း စကား ကြွယ်ခဲ့ဖူး သည်။ နှစ်နှစ်တကြိမ်၊ သုံးနှစ်တကြိမ် မြို့ကြီးပြကြီးများသို့ မိသားစု အပန်းဖြေခရီး မှန်မှန်ကြီးထွက်မည်ဟုလည်း ကတိပေးခဲ့သည်။

ယခု အိမ်ထောက်သက် ဆယ့်ငါးနှစ်သို့သာ တိုင်ခဲ့သည်။ သားသုံး ယောက်သာရခဲ့သည်။ မင့်ကြင်အယ်လင်းဘရော့ဒီ ဖြစ်လာခဲ့ပြီးနောက် ပိုင်းတွင် အမိတီမြို့မှလွဲ၍ အခြားတပါးသော မြို့များသို့ သွား ရောက်ခွင့် အလျှင်းမကြုံနိုင်သေးချေ။ ယခင် အပျိုစင်ကာလ၊ သူမ ကျောင်းသူဘဝကနှင့်လျှင် သူမ၏ ဖခင်သည် နယူးယောက်မြို့တွင် ရုံးစိုက်နေထိုင်သည်ဖြစ်ရာ နှစ်စဉ် နွေရာသီရောက်တိုင်း အမိတီမြို့သို့ လာရောက်အပန်းဖြေခဲ့ကြသည်၊ နှစ်စဉ်နွေရာသီရောက်တိုင်း အမိတီ သို့ လာရောက်အပန်းဖြေကြယင်းမှ ဆယ့်တစ်နှစ်မြောက် နွေရာသီ တွင် မာတင်ဘရော့ဒီနှင့် ဆုံဆည်းခဲ့ရပြီး ခုထက်တိုင် အမိတီ၌ပင် တနှစ်လျှင် ဥတုလေးလီ၊ ဆယ့်ငါးနှစ်တိုင်တိုင် သောင်တင်နေခဲ့ရ ခြင်းပင်တည်း။

ဘရော့ဒီသည် သူ့ကတိအတိုင်း အလုပ်ကို ကြိုးစားလုပ်ကိုင်ခဲ့ သဖြင့် ယခုအခါ စခန်းမှူးဘဝသို့ပင် တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။ သို့တစေ သူရရှိသောလစာသည် အယ်လင်း၏ ကျောင်းနေဘက် သူငယ်ချင်းဟောင်းတို့၏ ဝင်ငွေနှင့်နှိုင်းစာလျှင် မတန်တဆ နည်း ပါး ကွာခြားလွန်းလှသည်။ သူငယ်ချင်း အပေါင်းအသင်းဟောင်း များ သုံးစွဲသလို မိမိမသုံးစွဲနိုင်၊ သူတို့နေသလို မိမိ မနေနိုင်၊ သူတို့ သွားသလို မသွားနိုင်သောအခါ အယ်လင်းသည် မိမိ၏ ယက်ရှိ ဘဝကို မိမိ မကျေနပ်ဖြစ်လာလေတော့သည်။ ဘရော့ဒီ အပေါ် တွင်လည်း စိတ်ကုန်ခန်းစ ပြုလာပြီဖြစ်သည်။ သူ့ကတိ အတိုင်း မိသားစုတစု အားလပ်ခွင့်ယူ၍ နှစ်စဉ် အပန်းဖြေခရီးထွက်မည် စီမံကိန်းသည် လုံးဝအကောင်အထည် မပေါ်လာရုံမျှမက သား ယောကျ်ားလေးများအား လူဝင်ဆံ့စေရန် တင်းနှစ်ဘစားအသင်း သို့ သွင်းပေးရန် ပြောသည်ကိုပင်ငွေပိုငွေလျှံ မရှိသေးဟုအကြောင်း





ပြင်းပယ်ခဲ့၏။ ရေဘဲပစ်ရန် ရိုင်ဖယ်ဝယ်ပေးဖို့ဝေးစွ တင်းနစ် ...တ်ကိုပင် ဝယ်မပေးလိုသော ဘရော့ဒီအား အယ်လင်းက ...နပ်ခြင်း အလျှင်းမရှိချေ။

နွေရာသီတခုသို့ ရောက်လေတိုင်း သူမ၏စိတ်အစဉ်သည် ထာဝရ ...ကျေမှု၊ လိုဘမပြည့်မှုများဖြင့် ညစ်ညူး နောက်ကျိနေလေ့ရှိ ...။ သူမသည် မိမိကိုယ် မိမိ ဆန်းစစ်ကြည့်သည်။ သူမ၏ စိတ် ... **'ဖြန်လည်ဆန်းသစ်စေမည့်အရာ'** တခုခု အမှန်ပင် လိုအပ် ...ဖြစ်ကြောင်း တွေ့မြင်လာခဲ့သည်။ ဖြန်လည်ဆန်းသစ်မှုလည်း နွေရာသီ သုံးလပတ်လုံးကို အမိတီမြို့လေး၌သာ ကုတ်၍နေရ ...ပါက သူမသည် အိပ်ဆေး၊ စိတ်ငြိမ်ဆေးစသည်တို့၏ဓာတ်ဖြင့် ...ခ် လုံးပါး ပါးရဖွယ်သာ ရှိတော့ကြောင်းကိုလည်း နား ...ခဲ့ရလေသည်။

...နှင့် အယ်လင်းတယောက် ထွက်ပေါက် ရှာတော့သည်။

...ခဲ့သော နှစ်ပေါင်းများစွာကတည်းက ကွဲကွာ နေခဲ့ပြီး ...သီတွင် အမိတီကမ်းခြေသို့ လာရောက်အပန်းဖြေကြသည့်အခါ ... ပြန်လည်ဆုံတွေ့ရလေ့ရှိသော သူမ၏ ကျောင်းနေဘက် ...ငယ်ချင်းဟောင်းများနှင့် ပြန်လည်ရောနှော ဆက်ဆံကြည့်သည်။ ...သင်းက မိမိတို့ အမိတီမြို့၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး ...ကြောင်း စသည်များနှင့် **ဆောက်သင်(မ်)တန်း** ဆေးရုံတွင် ...သ်ပိုင်း၌ စိတ်ဖြေလက်ပျောက် စေတနာ့ဝန်ထမ်း သူနာပြု ...အဖြစ် မိမိ လုပ်အားပေးလျက် ရှိနေကြောင်း စသည်ဖြင့် ...ါးတရ ပြောပြသည်။ မြို့ကြီးသူ လူကုံထံသူကြွယ်ကတော် ...ခွ နယူးယောက်မြို့၏ နိုင်ငံရေးအကြောင်း၊ ပန်းချီ၊ ပန်းပု ...ားအကြောင်း၊ မိမိတို့နှင့် သိကျွမ်းရင်းနှီးသော စာရေးဆရာ ...ဆိုဆရာများအကြောင်း စသည်တို့ကိုသာ အဓိကထား၍ ပြော ...ရှိကြရာ စကားနှစ်ရပ်တို့၏ အရှိန်အဝါချင်း၊ ဆွဲဆောင်မှု ...ာ ဆိတ်နှင့်ဆင်ဗမာအကြီးအကျယ် ခြားနားလျက်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ယခုအခါ ကောင်းစားနေကြပြီဖြစ်သော သူမ၏ ငယ်
သူငယ်ချင်းဟောင်း သူကြွယ်တတော်များသည် သူမအပေါ် တ
တတ် ပတ်ပတ် လိုက်လိုက်လှဲလှဲ မရှိကြတော့ကြောင်း၊ ထိုအ
တွင်းသို့ကိုးဝင်ခြင်းဖြင့် မိမိအရှက် မိမိပြန်ခွဲနေခြင်းသာဖြစ်ကြောင်း
အယ်လင်း သိမြင်လာခဲ့သည်။ သူနှင့် အယ်လင်းသည် သူတို့
'ခွာ' လိုက်သည်။

တဖန် ဒုတိယအကြိမ် ကြိုးစားခြင်းအနေဖြင့် နွေရာသီ
အမိတီသို့ လာရောက်လည်ပတ်ကြသည့် **နွေ ညွှ သည် အာဝ**
လူစိမ်းများကို မိတ်ဆက်အသိဖွဲ့ကာ လက်ပွန်းတတီး ပေါင်းသ
ကြည့်ပြန်သည်။ သို့သော် စကားပြောယင်း ဇာတိပြဆိုသလို
ဘဝ၊ မိမိယောကျ်ား ရရှိသောလစာ စသည်များကို သူတပါးအ
မပြောလို့ပဲ ပြောပြရပြန်တော့သည်။ ယင်းသည်လည်း မိမိအ
မိမိ ဖြေပြရသောအလုပ်ဖြစ်၍ အယ်လင်းသည် ဤအကြံ့စ
လည်း မကြာမီမှာပင် စွန့်လွှတ်ပစ်လိုက်လေတော့သည်။

နောက်ဆုံး၌...

နွေခန့်ခင်းများတွင် အထီးကျန် မဖြစ်စေရန် ဆောက်သင်(
တန် ဆေးရုံ၌ စေတနာ့ဝန်ထမ်းအကူ သူနာပြုအဖြစ် အမှုထမ်း
ခြင်းသည်သာလျှင် သူမအတွက် လောလောဆယ်တွင် အကော
ဆုံးသော စိတ်ငြိမ်ဆေးဖြစ်ကြောင်း အယ်လင်း သဘောပေါ
နားလည်လာရတော့၏။

*

ဘရော့ဒီသည် ဟင်းဒရစ်ထံမှ တယ်လီဖုန်းလာခင်ကမြင်
ထားခဲ့သော အိပ်မက်ကြောင့် သူ့စိတ်မှာ အကြီးအကျယ် လှုပ်
ထကြွလျက်ရှိနေသည်။ သူသည် အလုပ်တာဝန်ဖြင့် အပြင်သို့ ထွ
မသွားမီ အယ်လင်းနှင့် ချစ်ခင်းနှောသွားချင်သေးသည်။ အယ်လ





အား သူ ကလူကျီစယ်ခွင့်မရခဲ့သည်မှာ ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ နှစ်စဉ်
ပေါက်လာမြဲဖြစ်သော '**နွေ စီးအိ**' ရောဂါသည် ယခုအခါ
ကို ပူးဝင်နှောင့်ယှက်စပြုနေပေပြီ။ ထို့ကြောင့် ဘရော့ဒီသည်
၏ မျက်နှာရိပ် မျက်နှာကဲကိုကြည့်ကာ ချဉ်းကပ်ရလေ့ရှိသည်။
လော ဘရော့ဒီနှင့်အယ်လင်းတို့ နှစ်ဦးအကြားတွင် ဖိုမ ကိစ္စ
သွယ်မှုမရှိခဲ့သည်မှာ ရက်အားဖြင့် အတန်ပင်ကြာမြင့်ခဲ့လေပြီ။
ဘရော့ဒီသည် တတောင်ဆစ်ကိုအားပြုကာ ကိုယ်ကို ကြွလိုက်
ကျန်လက်တဘက်ဖြင့် သူမ၏မျက်နှာပြင်ပေါ်တွင် ဝဲကျနေ
ဆံပင်အချို့ကိုယူကာ သူမ၏ နားခေါင်းပေါက်ဝတွင် တေ့
က်သည်။ အယ်လင်းသည် ဘရော့ဒီမျှော်လင့်ထားသလို နှာ
တ်ခြင်း၊ လန့်နိုးလာခြင်း အလျဉ်းမရှိ။ စေ့ထားသောပါးစပ်
ပွင့်လာခဲ့ကြပြီး နှာခေါင်းအစား ပါးစပ်ဖြင့် အသက်
ရှူသွင်းနေသည်ကို တွေ့လိုက်ရ၏။
ဘရော့ဒီသည် စိတ်အပျက်ကြီးပျက်သွားသည်။

*

[ ၁ ]

ဒီး(လ်း၆)မီး(လ်)လမ်းသို့ ဘရော့ဒီ ရောက်ရှိလာချိန်တွင် နံနက်
ာ်နာရီပင် ခွဲတော့မည်။ အရှေ့ဘက်ကောင်းကင်မှ နေ့ဝန်း
သည်လည်း ပိုပြင်ပြင် ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။ နေမင်း
ကြီးသည် အရှက်ဦး အနီရောင်ရဲရဲမှ လိမ္မော်ရောင်သို့ လည်း
ာင်း၊ ယင်းမှတဖန် ဝါဝင်းဝင်းအဆင်းသို့လည်းကောင်း တဆင့်



www.burmeseclassic.com

ပြီးတဆင့် ပြောင်းလဲ လာခဲ့သည်။ ကောင်းကင်ပြင်မှာ မိုးသာ
မိုးရိပ်များ ကင်းစင်ပြီး ကြည်ကြည်လင်လင် ရှိနေ၏။

ကားလမ်းနှင့် ကမ်းခြေအကြားတွင် ပုဂ္ဂလိကပိုင်လူနေအဆောင်
အအုံများ ကိုယ်ပိုင်ကမ်းစပ်များခံနေ၍ ကားပေါ်မှကြည့်လျှင် က
ခြေကို ကောင်းစွာ မတွေ့မြင်နိုင်။ ထို့ကြောင့် သူ၏ ပတ္တရေ
ကင်းလှည့် ဖို့(ဒ်)ဆီဒင်ကားကြီးကို ဂိုက်တရာခန့် မောင်းမိလေတ
ဘရော့ဒီသည် ကားပေါ်မှ တခါဆင်း၊အဆောက်အအုံများအကြ
လမ်းကြားမှ ဖြတ်သန်းပြီး ပင်လယ်ကမ်းစပ်ဆီသို့ မှန်ပြောင်း
တခါကြည့် စသည်ဖြင့် အကြိမ်ကြိမ်လုပ်ခဲ့ရာ နံနက်ခုနစ်နာရီခန့်
ကမ်းခြေတခုလုံးအား အကြမ်းအားဖြင့် စစ်ဆေးကြည့်ရှုပြီး ဖြ
သည်။ မစ္စခရစ္စတင်း၏ အလောင်းနှင့်ထူသော အရာဟူ၍ တ
မတွေ့ရ။ မှန်ပြောင်းမှတဆင့် သူ မြင်တွေ့ရသည်များမှာ ရေ
ရေမှော်၊ ဒိုက်တတွေ၊ သစ်သားအကျိုးအပဲ့ တစ်စနှစ်စနှင့်
ထားခြင်းခံရသော စည်သွတ်ဗူးခွံ သုံးလေးလုံး စသည်တို့
ကြသည်။

ခရစ္စတင်း၏ အလောင်းသည် ယခုအချိန်ထိ ပင်လယ်ပြင်၌
ရှိနေပေလိမ့်မည်။ လှိုင်းလုံးများက ပင်လယ်ကမ်းစပ်သို့ သယ်ဆော
လာပြီးဖြစ်လျှင်မူ ဖွေးဖွေးဖြူနေသော သဲသောင်ပြင်ကြီးပေါ်
ထီးတည်းကြီးတင်လျက် ကျန်ရစ်နေသည်ကို သူ အမှန်ပင် တွေ့
သာ ဖြစ်သည်။ ယခုမူ အလောင်းနှင့် ဆင်ဆင်တူသည်ဟု
လောက်သည့် သစ်တုံး၊ သစ်ငုတ်တိုများကိုပင် မတွေ့ မမြင်ရ
ပင်လယ်ပြင်တွင် လှိုင်းများ ငြိမ်သက်နေသည် ဖြစ်ရာ ခရစ္စ
အလောင်းသည် ကမ်းခြေသို့ တော်တော်နှင့် မျှောဝါလာဦး
မဟုတ်သေးပေ။ ထို့ကြောင့် အတန်ကြာသောအခါမှ ကမ်း
ထဲခါက်ပြန်လာရန် ဆုံးဖြတ်လိုက်ပြီး ဘရော့ဒီသည် ကား
စခန်းရှိရာသို့ ရှေးရှုမောင်းနှင်လာခဲ့လေသည်။





ရဲစခန်းသို့ ဘရော့ဒီ ရောက်လာချိန်တွင် ဟင်းဒရစ်သည် ထိုနေ့
နံနက်ထုတ် သတင်းစာများကို ဖတ်ရှုပြင် ပြီးနှင့်နေလေပြီ။ ထိုနေ့
သည် ဟင်းဒရစ်အဖို့ ရက်အား ဖြစ်သည်။ နံနက်ရှစ်နာရီတိတိတွင်
နေ့ဂျူတီသမားအား တာဝန် လွှဲပေးပြီးနောက် သူ့အဖို့ အိမ်ပြန်
အိပ်ရန်သာ ကျန်တော့သည်။ နေ့ဂျူတီသမားအဖြစ် တာဝန်လက်ခံ
ရမည့် ကင်းဘဲ(လ်)သည် လွန်ခဲ့သောညက ပတ္တရောင်ရဲကားနှင့်
ကင်းလှည့်တာဝန်ကျခဲ့သည်။ ညကင်းလှည့်တာဝန်ကျခဲ့သည်ဟု ဆိုရ
သော်လည်း ကင်းဘဲ(လ်) အမှန်တကယ် ပြုလုပ်ခဲ့သည်မှာ ကားတို
အေးဆိုင်တဆိုင်၏ နောက်တွင်ရပ်၊ မှန်တံခါးကို အလုံပိတ်ပြီး နှစ်
နှစ် ခြိုက်ခြိုက် အိပ်စက်နေခဲ့ခြင်းသာ ဖြစ်လေသည်။

ဘရော့ဒီသည် ဟင်းဒရစ်အား ကမ်းခြေတွင် ထူးခြားသည့်အရာ
တစ်ခု တစုံတခုမျှမတွေ့ခဲ့ရကြောင်း ပြောပြီး သူ၏ ရုံးခန်းအတွင်း
သို့ ဝင်ခဲ့သည်။ သူသည် ကော်ဖီဘခွက်နှင့် မြိုး စိမ်းပြန်ပြေသောက်
ကာ ထိုနေ့ထုတ် ဒေလီနယူး(စ်) နှင့် လီဒါ သတင်းစာများကို
ယူ၍ ပြီးတစောင် ကောက်ယူဖတ်လိုက်သည်။ ဒေလီနယူး(စ်)
သည် နယူးယောက်မြို့ထုတ် သတင်းစာဖြစ်သည်။ လီဒါသည် နေ့
တိုင်တွင် နေ့စဉ်ထွက်သော်လည်း ဆောင်းအခါ၌မူ တပတ်လျှင်
တကြိမ်သာ ထုတ်ဝေလေ့ရှိသည့် ဒေသဆိုင်ရာသတင်းစာ ဖြစ်ပေ
သည်။

ကင်းဘဲ(လ်)သည် နံနက်ရှစ်နာရီမထိုးမီမှာပင် ရဲစခန်းသို့ ရောက်
လာခဲ့သည်။ ဘွန်ကြေနေပြီဖြစ်သော သူ၏ ရဲဝတ်စုံက သူသခင်သည်
အိပ်ခဲ့သောညက ကောင်းစွာအိပ်စက်ခဲ့ပြီးဖြစ်ကြောင်း သက်သေခံ
နေသယောင်ရှိ၏။ ကင်းဘဲ(လ်)သည် ဟင်းဒရစ်နှင့်အတူ ကော်ဖီ
သောက်ပြီးနောက် နံနက်ရှစ်နာရီတိတိတွင် နေ့တာဝန်ကိုလွှဲပြောင်း
လက်ခံယူလိုက်လေသည်။

www.burmeseclassic.com



ထို့နောက် ဘရော့ဒီလည်း အခန်းထဲမှ ထွက်လာပြီး ဟင်းဒရစ်ကို ခေါ်ကာ အိုး(လ်၊ဒ်)မီး(လ်)လမ်းရှိ ဂျက်(ခ်)ဇု၏တည်းခိုရိပ်သာသို့ သူ၏ကားကို မောင်းလာခဲ့သည်။

"သူတို့ အိပ်ရာက ထမှ ထ,ကြပါအုံးမလား မသိဘူးဆရာ"

ကားကို ဂျက်(ခ်)ဇု၏ အိမ်ဝင်းအတွင်းသို့ ကွေ့ဝင်လိုက်စဉ်တွင် ဟင်းဒရစ်က ပြောလိုက်သည်။

"ကျွန်တော် လွန်ခဲ့တဲ့ နွေတုန်းက အဖြစ်အပျက်တခုကို အမှတ်ရလို့ပါဆရာ။ မိန်းမကြီးတယောက်က မနက် တနာရီလောက်မှာ ကျွန်တော့်ဆီဖုန်းဆက်ပြီး သူ့ရဲ့လက်ဝတ်လက်စားတွေ ပျောက်ဆုံးသွားကြောင်း တိုင်ချက်ဖွင့်တယ်။ ဒါနဲ့ ကျွန်တော်က **ဟုတ်ကဲ့** ကျွန်တော် ခုချက်ချင်းလာခဲ့ပါ့မယ်လို့ပြောလိုက်တယ်။ အမျိုးသမီးကြီးက ကျွန်မ အခုအိပ်တော့မလို့ မနက်ကျမှလာ ဆိုတာနဲ့ **နောက်တနေ့မနက်ဆယ်နာရီ** လောက်မှာ ကျွန်တော် အဲဒီအမျိုးသမီးကြီးနဲ့ သွားတွေ့တော့ ကျွန်တော့်ကို အပေါက်ဆိုး မှတ်ပွတ်တယ်။ **ဘာလို ဒီလောက်အစောကြီး လာရတာလဲ။ အိပ်ကောင်းတဲ့ အချိန်ကြီးမှာ အလိုက်ကမ်းဆိုးဘာမှ မသိတတ်ဘူးတဲ့**"

ဘရော့ဒီသည် ကားကို စက်ရှိန်သတ်ပြီး ဆင်းလိုက်သည်။

"သူတို့ဟာ ဒီမိန်းကလေးအတွက် တကယ်ပဲ သောကရောက်နေရိုးမှန်ယင် ခုအချိန်ထိ အိပ်လို့ ရကြအုံးမယ် မဟုတ်ပါဘူးကွာ"

အိမ်ရှေ့တံခါးကြီးကို ခေါက်ရုံမှ မဆုံးသေးမီမှာပင် တံခါးပွင့်လာကာ အထဲမှ လူရွယ်တယောက် ထွက်ပေါ်လာခဲ့သည်။

"ဆရာတို့အလာကို ကျွန်တော်တို့တတွေ စောင့်နေကြပါတယ်။ ကျွန်တော့်နာမယ်က **တွမ် ကက်ဆစ်ဒီ**ပါ။အခု ဆရာတို့ ခရစ္စတင်းကို တွေ့ခဲ့ကြပါပြီလား"

"ဟင့်အင်း၊ ကိုယ်တို့ မင်းအမျိုးသမီးကို မတွေ့သေးပါဘူး။ ကိုယ်က စုံထောက်မှူး ဘရော့ဒီပါ။ ဟောဒါက ကိုယ့်ရဲဘော် ဟင်းဒရစ်ပါ။ ကဲ၊ ကိုယ်တို့အထဲဝင်မယ်နော်"





ငါးမိနစ်မျှပင် မပြည့်တတ်သေးသော အချိန်ပိုင်းလေးအတွင်းမှာပင် ဘရော့ဒီသည် သူ သိလိုသောအချက်အလက်မှန်သမျှကို လူရွယ့်ထံမှ စုံစမ်းသိရှိခဲ့ရလေသည်။ တွမ်ကက်ဆစ်ဒီက သူနှင့် ခရစ္စတင်းတို့ နှစ်ဦးစလုံး လွန်ခဲ့သည့်ညက လုံးဝအသုံးမပြုခဲ့ရသေးသည့် အိပ်ခန်းကို လိုက်လံပြသသည်။ မွေ့ရာနှင့်အိပ်ရာခင်းများသည် တွန့်ရှုံ့ခြင်းများ လုံးဝမရှိပဲ မူလခင်းကျင်းထားစဉ်ကအတိုင်း ပြေပြစ်ပြီး သန့်သန့်ရှင်းရှင်းနှင့် ရှိနေကြောင်း ဘရော့ဒီ သတိပြုမိလိုက်သည်။

တွမ်ကက်ဆစ်ဒီသည် အဝတ်ဗီရိုကို ဖွင့်ကာ ကမ်းခြေသို့သွားခဲ့စဉ်တုန်းကမှ ရရှိခဲ့သည်ဟု ဆိုသော ခရစ္စတင်းဝါတ်ကင်း၏ အဝတ်အချို့ကို ထုတ်ပြသည်။

"သူ ရေကူးဝတ်စုံ ဝတ်မသွားဘူးလား"

ဘရော့ဒီက မေးလိုက်သည်။

"ဝတ်မသွားပါဘူး။ ဗီရိုအပေါ်ဆုံးထပ်မှာ ဒီအတိုင်းပဲ တွေ့ရတယ်"

"ဒါနဲ့ မစ္စတာကက်ဆစ်ဒီ၊ အရေးထဲ အကြောင်းထဲမှာ ပေါက်ကရတွေ၊ ပေါက်ကရ မေးနေတယ်လို့တော့ သဘောမထားနဲ့ပေါ့ဗျာ။ ဟို...ခရစ္စတင်းမှာ သာမန်မဟုတ်ပဲ သူများတကာထက် ထူးခြားဆန်းကျယ်တဲ့ အမူအကျင့်လေးတွေများ ရှိတတ်သလားလို့ပါ။ အဲ ကျွန်တော်ဆိုလိုတာက ဒီလိုပါ၊ ညသန်းခေါင်လောက်မှာ အိပ်ရာက ယောင်ယမ်းထပြီး အိပ်ပျော်လျက်နဲ့ လမ်းလျှောက်တာမျိုး၊ အဝတ်မဲ့ အပြင်ထွက် လမ်းလျှောက်တာမျိုး"

"ကျွန်တော် သိရသလောက်တော့ သူ့မှာ ဒါမျိုးအကျင့်မရှိပါဘူး။ နို့ပြီး ကျွန်တော်ကိုယ်နှိုက်ကလဲ သူ့အကြောင်း ဂဃနဏ သိပ်သိထားတာ မဟုတ်ဘူးခင်ဗျ။ တွေ့တာကလဲ ဘာမှကြာသေးတာ မဟုတ်သေးတော့"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပြီ၊ ဟုတ်ပြီ။ ကျွန်တော်သဘောပေါက်ပြီ။ ကဲ-ကျွန်တော်တို့ ကမ်းခြေကို တခေါက်ပြန်သွားပြီး စစ်ဆေး ကြည့်လိုက်အုံးမယ်။ ခင်ဗျားလိုက်ဖို့တော့ မလိုပါဘူး။ ဟင်းဒရစ်နဲ့ ကျွန်တော်သွားပါမယ်"

"ခင်ဗျားတို့အတွက် တာဝန် မကြီးဘူးဆိုယင် ကျွန်တော်လဲ လိုက်ချင်ပါတယ်"

ဟင်းမေးရှာ့ဒီသည် ကွမ်ကာက်ဆစ်ဒီ၏ တောင်းဆိုချက်ကို ငြင်းဆန်

"ကျွန်ပြုပါချေ။

*

[၁]

ဘာရော့ဒီသည် ကမ်းခြေတလျှောက် အထက်မှအောက်၊ အောက်မှ အထက်သို့ အပြန်ပြန်အထပ်ထပ် မျက်စိတဆုံး ရှာဖွေ စစ်ဆေး ကြည့်ရှုလျက်ရှိသည်။ သူရပ်နေသည့် နေရာမှဆိုလျှင် ရှေ့နောက် ဝဲယာ မြင်ကွင်းများသို့ တမိုင်ခန့်စီအထိ ပြက်ပြက်ထင်ထင် တွေ့မြင်နိုင်လေသည်။ သို့သော် မသင်္ကာဖွယ်ရာပစ္စည်းဟူ၍ စိုးစဉ်းမျှမတွေ့မြင်ရသေးချေ။ သဲသောင်ပြင်ပြန့်ပြန့်ပြူးပြူးကြီးသည် အထီးတည်း ဝပ်စင်းလျက်ရှိသည်။ ဖြူလွလွ သဲသောင်ပြင်ပေါ်တွင် ဟိုတကွက် သည်တကွက်တင်၍ ကျန်ရစ်ခဲ့သည့် စိမ်းညိုညို အဆင်းရှိ တချို့တည်းသောပစ္စည်းမှာ ပင်လယ်ရေညှိများသာ ဖြစ်ကြသည်။

ကာက်ဆစ်ဒီက သူအိပ်ပျော်နေခဲ့သည့် နေရာကို လက်ညှိုးညွှန်ပြသည်။ သဲများသည် လူတကိုယ်စာ ခွက်ဝင်နေ၏၊ ပင်လယ်ရေလှိုင်းများ၏ ဖျက်ပစ်ခြင်းကို မခံရသေး။ ကာက်ဆစ်ဒီသည် မိန်းမပျို၏





အတွင်းခံအဝတ်များကို တွေ့ရှိရသည့် နေရာကိုလည်း လိုက်ပြသည်။

"ကဲ၊ ကိုယ်တို့ နည်းနည်းပါးပါး လျှောက်ကြည့် ကြရအောင်" ဘာရော့ဒီက ပြောလိုက်သည်။

"တို့တတွေ လူစုခွဲပြီး ရှာကြရအောင်။ လီယိုနတ်....မင်းက အဲဒီဘက် အရှေ့ စူးစူးကိုသွား။ ငါနဲ့ ကာက်ဆစ်ဒီက အနောက်ဘက်ကို သွားမယ်။ မသင်္ကာစရာ တခုခုတွေ့ယင် ခရာမှုတ်ပြီး အချက်ပေးလိုက်၊ မင်းမှာ ခရာပါတယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ပါပါတယ်။ ဒါထက် ကျွန်တော် ဖိနပ်ချွတ်ချင်တယ် ဆရာ၊ ဒီဖိနပ်ကြီးနဲ့ သဲပျော့ပေါ်မှာ လမ်းလျှောက်ရတာ မလွယ်ဘူး၊ ပြီးတော့ ရေစိုကုန်မှာလဲ စိုးတယ်"

"ချွတ်ချင် ချွတ်ပေါ့ကွ၊ ဒီနေ့ဟာ မင်းရဲ့ အားလပ်ရက်ပဲ။ တာဝန်မှ မရှိတာ။ ကိုယ်ပိုင်လွတ်လပ်ခွင့်ပဲ။ ငါပြောတာက ဖိနပ်ကိုနော်။ အေး ဘောင်းဘီကိုတော့ ယောင်လို့မှ သွားမချွတ်လိုက်စေနဲ့ ကိုယ့်လူ။ အများမြင်ကွင်းမှာ မတော်တရော် နေထိုင်မှု အသိတ်တလန့်ဖြစ်စေမှုဆိုတဲ့ ပုဒ်မတွေတပ်ပြီး မင်းကို ဖမ်းချုပ်ပစ်ရမှာပဲ"

ဘာရော့ဒီသည် ပူဆွေးသောက ရောက်နေသည့် ကွမ်ကာက်ဆစ်အသောက် စိတ်ပြေလက်ပျောက် ဖြစ်စေရန် ရည်ရွယ်ပြီး ဟာသနောက်လိုက်သည်။

ဟင်းဒရစ်သည် ဘာရော့ဒီညွှန်ကြားသည့်အတိုင်း အရှေ့ဘက်သို့ တကိုယ်တည်း ထွက်လာခဲ့သည်။ လက်နှစ်ဘက်ကို ဘောင်းဘီအိတ်များထဲတွင်ထည့်လျက် ဦးခေါင်းကို ငိုက်စိုက်ချကာ လျှောက်လာခဲ့သည်။ ထိုသို့ လမ်းလျှောက် လာယင်းမှ မည့်သည့် အချိန်ကသူ နောက်ဆုံးရေကူးခဲ့မိသည် ဆိုသည်ကို ပြန်ပြောင်းစဉ်းစားနေမိသည်။ သူ နောက်ဆုံး ရေကူးခဲ့သည်မှာ လွန်ခဲ့သော ငါးနှစ်သော်က ဖြစ်မည်ဟု ထင်သည်။ ဗီယက်နမ်စစ်မြေပြင်မှ ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com

ခါစ စစ်တပ်မှ ထွက်၊ ရဲတပ်ဖွဲ့သို့ဝင်ပြီး အမီတီမြို့လေးသို့ ရောက်စဉ်က တကြိမ် နှစ်ကြိမ် ရေကူးခဲ့ဖူးသည်။ ထိုစဉ်က သူဝတ်ခဲ့သော ရေကူးဘောင်းဘီတိုလေးမှာ ယခု သဲ့တွင် ရှိမရှိ ဆိုသည်ကိုပင် သူ မမှတ်မိတော့။ ဘယ်ချောင်သို့ ရောက်နေလေပြီမသိ။ အမီတီကမ်းခြေ မြို့ကလေးတွင် အမှုထမ်းသက် ငါးနှစ်ရှိခဲ့ပြီ ဖြစ်သော်လည်း ဤရေချိုးဆိပ်ကမ်းလေးနှင့် သူ ကင်းကွာနေသည်မှာ ကြာခဲ့လေပြီ။ နယူးယောက်မြို့ရှိ လူဦးရေ၏ ဆက်ဝက်ခန့်သည် နယူးယောက်မြို့ရှိ ကမ္ဘာကျော်မိုးထိမြင့် **အင်ပိုင်ယာစတိတ်အဆောက်အအုံကြီးသို့** သွားရောက် လေ့လာကြခြင်း မရှိသကဲ့သို့လည်းကောင်း၊ နယူးယောက်ဆိပ်ကမ်းရှိ **လစ်ဘာတီ ရုပ်တုကြီး** အား တ ကူး တ ကန့် သွား ရောက် မကြည့်ဖြစ်သကဲ့သို့ လည်းကောင်း၊ ဟင်းဒရစ်နှင့် ဤကမ်းခြေသည်လည်း **'နီးလျက်နှင့်ဝေး'** ဖြစ်နေခဲ့သည်။ **'ရွာနားကဘုရား ရွာသားမသွားဖြစ်'** ဖြစ်နေခဲ့သည်။ နွေစဉ်အနီးကပ်၍ ကျော်ကျော်သွားခဲ့ရသော **ကမ်းကျောက်ကမ်းခြေ** ဖြစ်နေခဲ့လေသည်။

စိတ်အတွေးက အဝေးသို့ ရောက်နေခဲ့သော်လည်း သူ၏မျက်စိများကမူ ကမ်းစပ်သဲသောင်ပြင်ပေါ်တွင် တင်ရှိနေသော ပစ္စည်းမှန်သမျှတို့ကို တခုမျှအလွတ်မပေးပဲ စစ်ဆေးသော အကြည့်ဖြင့် ကြည့်လာခဲ့သည်။ သေးငယ်သော ခရုခွံလေးများနှင့် ရေညှိထွေးလေးများကိုပင် မကြွင်းမကျန်ရစ်စေရန် အထူးသတိပြုလာခဲ့သည်။ အတော်အတန် လျှောက်မိလျှင် နောက်သို့ ပြန်လှည့်ကြည့်လိုက်ရာ ဘာရော့ဒီနှင့် ကက်ဆစ်ဒီတို့သည် မိုင်ဝက်ခန့်သို့ပင် ခရီးပေါက်နေပြီဖြစ်ကြောင်း ဟင်းဒရစ် တွေ့လိုက်ရ၏။

ဘာရော့ဒီ ညွှန်ကြားခဲ့သည့် အကွာအဝေးသို့ ရောက်သည့်တိုင်မည်သည့် ထူးခြားချက်ကိုမျှ မတွေ့ရသောအခါ ဟင်းဒရစ်သည် ရှေ့သို့ ဆက်လက် လျှောက်မနေတော့ပဲ နောက် ကြောင်း ပြန်ရောက်ရန် ခြေဦးလှည့်လိုက်သည်။ ထိုစဉ်မှာပင် သူသည် တစုံတခု





ကို အမှတ်မထင် မြင်လိုက်ရသည်။ သူ့ရှေ့ ဂိုက်သုံးဆယ်ခန့် အကွာ သောင်ပြင်ပေါ်တွင် ပင်လယ်ရေညှိ ရေမှော် အထွေးကြီး တခု တင်လျက် ရှိနေသည်။ ယင်းရေမှော် အထွေးကြီးသည် သာမန်ရှိသင့်ရှိထိုက်သော အရွယ်အစားထက် ပိုမို ကြီးမားနေခြင်းကြောင့် သူ့စိတ်တွင် သင်္ကာရှိမကင်း ဖြစ်လာခဲ့၏။ယင်းရေညှိအထွေးကြီးအတွင်းတွင် အခြားသော ပစ္စည်းတစုံတခု ပါဝင် ငြိတွယ်ကောင်းပါဝင်နေလိမ့်မည်ဟု ဟင်းဒရစ် တွေးမိကာ ရှေ့သို့ ခပ် သုတ်သုတ်လျှောက်သွား လိုက်သည်။

အနီးသို့ ရောက်သည်နှင့် ဟင်းဒရစ်သည် ခါးကိုင်းပြီး ရေညှိရေမှော် ဒိုက်သရောများကို ဖယ်ရှားဝစ်လိုက်သည်။ သူ၏ လက်များ သည်ရေညှိထွေးကြီးအတွင်းမှ ခပ် လုံးလုံး ပစ္စည်း တခုကို ရှာတွေ့လိုက်သည်နှင့် သွားမရောက်သပ်လိုက်မိသည်နှင့် အကြီးအကျယ် တုန်လှုပ်ချောက်ချား သွားရသည်။ အချိန်အတန်ကြာ သည်အထိ သူသည် ဆွံ့အမယ်ယောက် ကြက်သေသေကာ မိမိရှေ့ရှိ မြင်းကွင်းကို ငေးစိုက်ကြည့်နေမိသည်။

အတန်ကြာမှ ဟင်းဒရစ်သည် သတိဝင်လာပြီး ဘောင်းဘီအိတ်အတွင်းမှ ခရာကို တုန်တုန်ယင်ယင်ဖြင့် ထုတ်ယူပြီး ပါးစပ်တွင် ထပ်လိုက်သည်။ မိမိရှေ့ရှိ အော့နှလုံးနာစရာ မြင်ကွင်းကြောင့် ဟင်းဒရစ်၏ ပါးစပ်မှ ခရာသံအစား မျို့အန်သံ များသာ ထွက်ပေါ်လာခဲ့ရ၏၊ သူ၏ ခန္ဓာကိုယ်မှလည်း ဒယီး ဒယိုင်ဖြစ်သွားပြီး နောက်ဆုံးတွင် ဒူးညွတ်ကာ အရုပ်ကြိုးပြတ် လဲကျသွားခဲ့လေတော့သည်။

ရေညှိရေမှော် ဒိုက်သရောထွေးကြီး အတွင်းမှ ပေါ်ထွက် လာခဲ့သည့် အရာဝတ္ထု သည်ကား ဝိညာဉ် ထင်းလင်း အသက်ရှင်ခြင်းအလျင်း ကင်းမဲ့နေပြီ ဖြစ်ရုံမျှမက ပြာနှမ်းနှမ်း အရောင်ပင်ပြောင်းလဲစ ပြုနေပြီ ဖြစ်သော အမျိုးသမီးတဦး၏ အလောင်း၊ အလောင်းမှ အဝတ်ပင် မစုံတော့သော အလောင်းဖြစ်၍ နေချေပြီ။

www.burmeseclassic.com



လူ့ ခန္ဓာကိုယ်တခုကို သုံးပိုင်း ပိုင်းလျှင် အထက်ဆုံး အပိုင်းဖြစ်သော ရင်ခေါင်းပိုင်း တခုတည်းသာ ရှိတော့သည် ဖြစ်သော မစ္စ ခရုစ္စတင်းဖြစ်ပေ၏။ အင်္ဂါမစုံတော့ပြီ ဖြစ်သော ယင်း အလောင်းတွင် ကျန် ရှိနေသေးသော အစိတ်အပိုင်း အချို့မှာ ဦးခေါင်း ပခုံးစွန်း တပိုင်း တစ၊ လက်မောင်း တဘက်နှင့် ရင်ဘတ် တခြမ်း စသည်တို့ ဖြစ်ကြ၏။ အလောင်းပေါ်တွင် ကျန်ရှိ နေသေးသည့် တဘက်ထည်းသော ရင်းသားမှာလည်း ပြားချပ်၍ပင် နေလေပြီ တည်း။

*







# ၃

[က]

…သည့်တစ်နာရီခန့်တွင် ဘရော့ဒီသည် သူ၏ရုံးခန်းသို့ ပြန်လည် …ရှိခဲ့ပြီး နံနက်ခင်းက တွေ့ရှိခဲ့ရသည့် အခြင်းအရာ များနှင့် …င်း၍ **သေမှုသေခင်း** ပုံစံ တွင် ဖြည့်စွက် ရေးသွင်းလျက် … **‘သေဆုံးရခြင်း အကြောင်းရင်း’** ဟူသည့် ကွက်လပ်မှ … အခြားသော ကွက်လပ်များတွင် ဖြည့်စုံစွာ ရေး သွင်း …တ် ပြီး သည့် အချိန်တွင်မှ စားပွဲပေါ်ရှိ တယ်လီဖုန်းက …ည်လာသည်။

“…ား(လ်)ဆန်ဒီး(စ်) ပြောနေတယ်၊ မာတင်လား”

…ဘက်မှ အသံရှင်က ဆိုသည်။

…ား(လ်)ဆန်တိုး (စ်)သည်ဆော်ဘက်သင်(မ်)တန် ဆေးရုံမှူးမင်း … ဆရာဝန်ဖြစ်သည်။ ဘရော့ဒီသည် နံနက်ပိုင်းကပင် ဆေးရုံသို့



www.burmeseclassic.com

ဖုန်းဆက်ခေါ်ပြီး သူနာတင် ဆေးရုံကားတစီး မှာယူခဲ့သည် သူနာတင်ကားသည် အိုး(လ်းဒ်)မီး(လ်းစ်) လမ်းထိပ် ကမ်းခြေ ဆိုက်ရောက် လာခဲ့ပြီး သေဆုံးသူ ခရစ္စတင်းဝါ့(တ်) ကင်း(စ်) အလောင်းကိုခွဲစိတ် စစ်ဆေးရန်အတွက် ရာဇာအိတ်တလုံးဖြင့် ထည့် ပြီး ဆောက်သင် (မ်) တန် ဆေးရုံသို့ ယူဆောင်သွားခဲ့၏။ ထ ဒေါက်တာဆန်တိုး (စ်)ဖုန်းဆက်ခြင်းမှာ မစ္စဝါ့(တ်)ကင်း (စ်) ကိစ္စ ဝင်ဖြစ်ရမည်ဟု ဘာရေ့ဒီ အတပ်သိဘုက်သည်။

"ဟုတ်ကဲ့ ပြောပါ၊ ကား(လ်)အဖြစ်က ဘယ်လိုတဲ့..."

"အဲဒီ လူသေမှုမှာ မသင်္ကာစရာတွေ မရှိဘူးဆိုယင် ဒါဟာ ငါးမန်းကိုက်မှုပဲ ဖြစ်ရမယ်လို့ ကျွန်တော ပြောချင်ပါတယ်"

"ကျွန်တော်ကလဲ ဒါဟာ လူသတ်မှုတခုလို့ မထင်ပါ ကား(လ်)။ လူသေမှုပဲဖြစ်မှာပါ။ ဘာပြုလို့လဲဆိုယင် လူသတ် တွေ့တဲ့ သဲလွန်စလဲ တခုမှမတွေ့ရဘူး။ လူသတ်လက်နက်လဲ မတွေ့ ပြီးတော့ မသင်္ကာစရာလူလဲ မရှိပါဘူး"

"ဒါဖြင့် ငါးမန်းကိုက်တာပဲ ဖြစ်ဖို့ သေချာပါတယ်။ ငါးမန်း အတော့်ကိုကြီးတဲ့ ငါးမန်းကြီးတကောင် ဖြစ်မယ်ဗျ။ ပင်လယ်ဘ သဘော်ကြီးတွေမှာရှိတဲ့ ပန်ကာကြီးတွေကတောင် မိန်းကလေ ကို ဒီလိုဖြစ်အောင် လုပ်နိုင်လိမ့်မယ် မထင်ဘူး၊ ခန္ဓာကိုယ် နှစ်ပိုင်း ပြတ်သွားအောင်တော့ လုပ်နိုင်မယ်ပေါ့။ ဒါပေမယ့်...."

"ကောင်းပြီလေ ကား(လ်)၊ ကျွန်တော့်ဆီကို အခုလို ဖုန်းဆ တဲ့ အတွက် ကျေးဇူးတင် ပါတယ်။ လောလောဆယ်မှာ တော ကျွန်တော့်အမှု မတောင့်သေးလို့"

"အို......သောရီးဗျာ။ သောရီးပဲ မာတင်ရေ့၊ ဒါဖြင့်ယ လောလောဆယ် မှာတော့ ကျွန်တော် တို့ ရင်ခွဲရုံ မှတ်တမ်း 'ငါးမန်းကိုက်၍ သေဆုံးခြင်း' လို့ ပဲ ဖြည့်ရေးလိုက်မယ်။ဒါပြ တခြားဖြစ်နိုင်စရာ အကြောင်းမရှိတော့ဘူး ဆိုယင် ပေါ့"





ဘာရေ့ဒီသည် တယ်လီဖုန်းကို ပြန်ချထားလိုက်သည်။ ဖြည့်သွင်း ကတ်စ 'သေမှုသေခင်း' ပုံစံ၏ 'သေဆုံးရခြင်း အကြောင်းရင်း' ကွက်လပ်တွင် 'ငါးမန်းကိုက်ခြင်းကြောင့်' ဟူ၍ရေးထည့်လိုက်သည်။ ပြီးနောက် ကုလားထိုင်ပေါ်သို့ ကိုယ်ကို လျှောချ မှီထိုင် လိုက်၏။

*

အမိတီတမြို့လုံး၏ ဝင်ငွေသည် 'နွေရာသီ' အပေါ်တွင် လုံးဝမှီခို နေလေသည်။ နွေရာသီသို့ ရောက်လေလျှင် အနီး ပတ်ဝန်းကျင် သမျာများမှ ရာပေါင်း များစွာသော ခရီးသည်တို့သည် အမိတီ ပင်လယ်ကမ်းခြေသို့ အပန်းဖြေ လာရောက် နားနေလေ့ ရှိကြသည်။ နွေဥတုတခု (တနည်းအားဖြင့် ဆိုရလျှင်) ရက်သတ္တပတ် တဆယ့် နှစ်ပတ် အတွင်း ခရီးသည် အလာ များပါလေမှ ဤ ပင်လယ် ကမ်းခြေ မြို့လေးသည် တနှစ်စာအတွက် လုံလောက်သော ဝင်ငွေ ကို ရယူနိုင်ကြလိမ့်မည်။ နွေရာသီတွင် ဝင်ငွေ များများ ရှိထားပါ သေမှုလည်း လာမည့် ဆောင်းဥတုကို အကျပ်အတည်း ကင်းရှင်းစွာ ဖြင့် ဖြတ်သန်း ကျော်လွှားနိုင်မည် ဖြစ်ပေသည်။

အမိတီမြို့မှ မြို့ခံလူဦးရေမှာ တထောင်ဖြစ်သည်။ နွေရာသီ ဂျူလိုင်လသို့ ရောက်လျှင်မူ အမိတီမြို့၏ လူဦးရေမှာ တသောင်း သို့ တိုင် ရောက်ရှိ သွားတတ်သေသည်။ ပိုလာသော အပန်းဖြေခရီး သည် 'နွေဧည့်သည်' ကိုးထောင် ကျော်တို့သည် အမိတီမြို့သူ မြို့ သား တထောင်ခော် တို့အား နှစ်စဉ်နှစ်တိုင်း လာရောက် အလုပ် အကျွေး ပြုနေသည်ဟုဆိုက များမည်မဟုတ်ပေ။ အကြောင်းကား 'နွေဧည့်သည်' ကိုးထောင်ထံမှ သုံးလအတွင်းရရှိလိုက်သော ဝင်ငွေ

www.burmeseclassic.com



သည် ဒေသခံ အမေရိကန် မြို့သူ မြို့သား များ အတွက် လုံလောက်သော တနှစ်စာ အသုံးစရိတ်ကို ဖြစ်စေခြင်းကြောင့်ပင်တည်း။

ယခုလည်း နွေဦးသို့ ရောက်၍ လာလေပြီ။

ယခုနှစ် နွေရာသီတွင် တရုပ်တကျေးမှ ခရီးသည် များသည် တစုံတခုသော အကြောင်း ကြောင့် အမေရိကန်မြို့ သို့ လာရောက် အပန်းဖြေခြင်း မပြုကြလျှင် မြို့ခံ လူများ၏ စီးပွားရေးသည် အကြီးအကျယ် ထိခိုက်သွားပေလိမ့်မည်။ အမေရိကန်မြို့သား များသည် ဆောင်းအတွက် လိုအပ်သော အနွေးထည်များ၊ ခေလာင်စာများ အခြေခံစားသောက်ကုန် ပစ္စည်းများကို ဝယ်ယူ သိုမှီး ထားနိုင်မည် မဟုတ်တော့ပေ။ ဤမြို့ရှိ ကုန်ပစ္စည်း လက်လီ အရောင်း ဆိုင်များသည်လည်း မြို့ကြီးပြကြီးများရှိ ကုန်ပစ္စည်း လက်ကား ဆိုင်ကြီးများသို့ ကြွေးဟောင်း ဆပ်၍ ကြွေးသစ် ယူသည့် စနစ်ကို လည်း ပုံမှန် ဆက်လက် လုပ်ဆောင်နိုင်ကြတော့မည် မဟုတ်။ ဓေတ္တယာယီ ပိတ်ပစ်ကောင်း ပိတ်ပစ်ရပေလိမ့်မည်။

နွေခရီးသည်များကို အားကိုးပြီး ဖွင့်လှစ်ထားသော တည်းခိုရိပ်သာ၊စားသောက်ဆိုင်၊ရုပ်ရှင်ရုံ၊ဓာတ်ဆီဆိုင်၊ကပွဲရုံစသည့် ခရီးသွားအများပြည်သူနှင့်တိုက်ရိုက်ထိတွေ့ဆက်ဆံနေရသည့် အဆောက်အအုံများကိုလည်း နှစ်ပတ်လည် ပြုပြင် မွမ်းမံမှုများ ပြုလုပ်နိုင်ကြမည် မဟုတ်ချေ။ အကြောင်း တစုံတခုကြောင့်သော ယခုနှစ် နွေရာသီတွင် အမေရိကန်ကမ်းခြေသို့ လူအလာ ကျဲခဲ့ပါက မြို့တခုလုံး၏ စီးပွားရေးသည် အမှန်ပင် ကသောင်းကနင်း ဖြစ်သွားရပေလိမ့်မည်။ ထိုနှစ် စီးပွားရေး မပြေလည်မှုသည် နောင်နှစ်သို့ ရောက်သည့်တိုင် အဆက်ပြေချင်မှ ပြေပေလိမ့်မည်။ စီးပွားရေးပိုင်း ပြေလည်မှု မရှိခြင်း၏ အကျိုးဆက်အဖြစ် လူမှုရေးပိုင်းတွင် စာရိတ္တ ယိမ်းယိုင်မှုများ ဖြစ်လာနိုင်သည်။ ထိုအခါ အုပ်ချုပ်ရေးပိုင်း၌ ပြဿနာ ပဋိပက္ခများကိုလည်း အင ပ်ကိုမို များပြားလာစေနိုင်သည်။ အကျပ်အတည်း ဖြစ်လာ





...သည်။ ဤအချက်ကို ဤမြို့၏ စခန်းမှူးဖြစ်သူ ဘရော့ဒီက ...င်း၍ နားလည် သဘောပေါက်ထားပြီး ဖြစ်သည်။

...ရော့ဒီကဲ့သို့ပင် ကျန်မြို့သူ မြို့သား အားလုံးတို့ကလည်း ...တ်ကို သဘောပေါက် လက်ခံထားကြပြီး ဖြစ်သည်။ ထို့... မြို့သူ မြို့သား အားလုံးတို့သည် အမေရိကန်ကမ်းခြေအား ...သူငါ လာရောက် အပန်းဖြေချင်စရာ ကောင်းသော ဒေသ ...ခုဖြစ်စေရန် အမြဲထာဝရ တက်ညီလက်ညီ ကြိုးပမ်းလျက် ...သည်။ မိမိတို့ မြို့သို့ **'နွေညှိသည်တော်'** များ တနှစ်ထက် ...ပိုမို များပြားစွာ လာရောက် လည်ပတ်ကြစေရန် ဒေသခံများ ...ဖြစ်သည့်နည်းနှင့် ဆောင်ရွက်ကြမည်သာ ဖြစ်ပေသည်။

...ရော့ဒီအနေဖြင့် တဘက်တွင် အမေရိကန်မြို့ကလေးတွင် တရား ...စိုးမိုးရေး၊ ငြိမ်းဝပ်ပိပြားရေး၊ အများပြည်သူ၏အသက် ...စည်းစိမ် ကာကွယ်စောင့်ရှောက်ပေးရေး၊ အခြေအနေမှန် ...သူသို့ အသိပေးရေး စသည်တို့ကို ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်း ...ကာကွယ်စောင့်ရှောက်ပေးရမည့် တာဝန်ရှိသလို အခြား ...တွင်လည်း ကောလာဟလ သတင်းများ မပြန့်ပွားရေး၊ ...တားဆီးပေးရေး စသည်တို့ကို ပြုလုပ်ရန်လည်း တာဝန်တရပ် ...ရှိသေးသည်။ မဟုတ် မမှန် ကောလာဟလ သတင်းများ ...ရေး အတွက်ကိုမူ အမေရိကန်မြို့၏ 'လီဒါ' သတင်းစာကြီး၏ ...ာ ဟယ်ရီမီးဒိုး(စ်)နှင့် ညှိနှိုင်းတိုင်ပင်ရပေလိမ့်မည်။

...ဟယ်ရီမီးဒိုး(စ်)တို့၏ ဆက်ဆံမှုမှာ အလွန် သိမ်မွေ့ ...းလှသည်။ သူတို့နှစ်ဦးတွင် သဘောတူညီချက်တရပ် ရှိထား ...သင်းမှာ အမေရိကန်မြို့၏ အကျိုးစီးပွားကို တိုးပွားစေမည့် ...ဖြစ်လျှင် 'လီဒါ'တွင် အသားပေးရေးသားရန်နှင့် အကျိုး ...ထိပါးစေမည့် သတင်းဖြစ်လျှင်မူ သမန်ကာ လျှ ကာမျှသာ ...ရန်၊ သို့တည်းမဟုတ် လုံးဝ သတင်းရှောင်ချထားရန်ပင်

www.burmeseclassic.com



ပမာအားဖြင့်ဆိုသော်–

လွန်ခဲ့သည့် နှစ်ရာသီက ဖြစ်ပွားခဲ့သည့် မှုခင်းမှုများကို
အသားမည်း နီဂရိုးတယောက်သည် အမျိုးသမီး အတော်များ
ကို မုဒိမ်းကျင့်ခဲ့သည်။ ဤကိစ္စကို ဘရော့ဒီနှင့် မီးဒိုး(စ်)တို့
တိုင်ပင် ညှိနှိုင်းပြီး 'လီဒါ' သတင်းစာတွင် သာမန်သတင်း
အဖြစ်သာ ဖော်ပြလိုက်သည်။ ဤနီဂရိုး မုဒိမ်းကောင်၏ ယု
ပက်စက်ပုံကို အဆီတထပ်၊ အသားတထပ် တစ်တစ်ခွခွ ရေး
ဖော်ပြနေခြင်းအားဖြင့် နှစ်ရာသီ အပန်းဖြေညှော်သည်များကို
အကျိုးမပြုးခရီးသည်များကိုမှီ၍ စီးပွားရှာနေသူများအတွက်
အကျိုးမဖြစ်၊ ဧည့်ကြိုလုပ်ငန်းအတွက်လည်း ဈေးခေါ်လက်မှဲ့
နိုင်။ ဤသတင်းကို အကျယ်တဝင့် ရေးသားဖော်ပြခြင်း အာ
တော်ရုံ တန်ရုံ အပန်းဖြေ အလည်လာချင်သူများကိုင်
သွားစေနိုင်သေးသည်။ ထို့ပြင် ကံမကောင်း အကြောင်းမလှ
လူယုတ်မာ၏ အစော်ကားခံလိုက်ရသော အမျိုးသမီးများက
မိမိတို့၏ အမည်နာမကို သတင်းစာထဲတွင် မပါစေလိုကြ။ တ
နစ်ရှက် မဖြစ်လို။ မလွဲသာလွန်း၍ ရဲစခန်းသို့ တိုင်ချက်ဖွင့်
ခြင်းသည်ပင် လွန်လှပေပြီ။ ထိုကဲ့သို့ မည်သူ တဦးတယောက်
အကျိုးမပြုသော မုဒိမ်းမှုသတင်းမျိုးကို သာမန် တာ
ပျက်ခစမွှသတင်း တပုဒ်အဖြစ်သာ 'လီဒါ' သတင်းစာတွင် ဖေ
လေ့ရှိသည်။

အကယ်၍

အမိတ်မြို့သို့ လာရောက် အပန်းဖြေနေသည့် သူကြွယ်
အရက်မူးပြီး ကားအရှိန်မလျှော့ဘဲ မောင်းမှုဖြင့် အဖမ်းခံရပြီဆို
ဘရော့ဒီသည် ထိုပုဂ္ဂိုလ်အား 'ယိုင်စင်မဲ့ယာဉ်မောင်းမှု' ဖြင့် တ
စွဲဆိုခံရမှုမှက လီဒါသတင်းစာတွင်လည်း ပါကြီးချဲ့ရေးသွားပေ
ဖြစ်စေသည်။







…င်(မ်)ဘန်ကဲ့သို့ ဝေးသော ဒေသများမှ လူငယ်များ အမိတ်မြို့သို့
…ရောက်လည်ပတ်စဉ် ပြဿနာတခုခု လုပ်မိပြီဆိုပါက ဘရော့ဒီ
…ည် ထိုလူငယ်များ၏ အမည်၊ အသက်၊ နေရပ်လိပ်စာနှင့် ပေးသည့်
…သော် စသည့် အသေးစိတ် အချက်အလက်များကို မီးဒိုး(စ်)သို့
…ဆင့်ကမ်းလိုက်မည်ဖြစ်သည်။ မီးဒိုး(စ်)ကလည်း ထိုသတင်းကို
…ရှာဖွေ့မှ အသားပေးကာ တဆိတ်ကို တအိတ်လုပ်၍ ဖော်ပြပေး
…ည်၊ အကယ်၍ ပြစ်မှုကျူးလွန်သူများမှာ အမိတ်မြို့သား လူငယ်
…ဖြစ်နေလျှင်မူ 'ပတ်ဝန်းကျင်ကို အနှောင့်အယှက်ပေးသည့် လူငယ်
…အား ရဲက ခေါ်ယူဆုံးမလိုက်သည်' ဟူ၍ တပိုဒ်မျှသာရှိသော
…ည သတင်းတိုလေး တပုဒ်အဖြစ်သာ လီဒါသတင်းစာတွင် ပါရှိ
…လိမ့်မည်။ အနှောင့်အယှက်ပေးသည့် လူငယ်၏အမည်ကို သိလို
…ါမှ သတင်းစာတွင် ရှာဖွေတွေ့ရှိနိုင်လိမ့်မည် မဟုတ်ပါချေ။
ဘရော့ဒီနှင့် မီးဒိုး(စ်)တို့တဦးနှင့်တဦး ဤရွေ့ ဤမျှ အပေးအယူ
… သဟဇာတ ဖြစ်ကြပါလျက်နှင့် တကြိမ်သောအခါတွင်မူ သူတို့
…သည် အကြီးအကျယ် ပဋိပက္ခ ဖြစ်ခဲ့ရလေသည်။ ထိပ်တိုက်တွေ့
…သည်။

မီးဒိုး(စ်)သည် အလွန်လာဘ်မြင်သည့်၊ ဇွဲလုံ့လရှိသည့်၊ ပါရမီ
…သည့် သတင်းစာသမားတဦး ဖြစ်သည်။ သတင်းတခုကို အနံ့ရ
…သားကောင်အနံ့ရသော အမဲလိုက်ခွေးမှမှာ မိမိ၏ ရည်မှန်း
…န်းတိုင်သို့ ရောက်သည့်တိုင် သဲသဲမဲမဲ ဇွဲနပဲဖြင့် လိုက်လေ့ရှိသူ
…သည်၊ အခြားသူများ၏ အမြင်တွင် အရေးမကြီးဟု ထင်ရသော
…ကိစ္စတခုကို သူသည် ဆန့်ကျင်ဘက်ရှုထောင့်မှ ကြည့်မြင်သုံး
…တတ်သည့် လူထူးလူဆန်းတယောက်လည်း ဖြစ်ချေသည်။

…၁၉၇၆ ခုနှစ်၏ နွေရာသီတွင် စကော့(ချ်)လမ်းရှေ့ရှိ ကမ်းစပ်
…သောဖြင်ပေါ်တွင် အမျိုးသမီးတယောက် သေဆုံးနေခဲ့၏။ ထို
…ကလေးသည် အမိတ်မြို့ရှိ အချမ်းသာဆုံးသော ပုဂ္ဂိုလ်များ
…ထဲတွင် တဦးအပါအဝင်ဖြစ်သည့် ကြေးရတတ် လူကုံထံတဦး၏



www.burmeseclassic.com

www.burmeseclassic.com



သမီးဖြစ်သည်။ ထိုအိမ်စုတွင် မသက်ာစရာ အထောက်အထား တစုံ
မျှ မတွေ့ရသဖြင့် ဘရေ့ဒီက **'သွေးရှိ၊ သားရိုး ရေနစ်သေ**
**ခြင်း'**ဟု မှတ်ချက်ချကာ အမှုကို ပိတ်ပစ်ခဲ့၏။

သို့သော်–

သတင်းစာသမား ဟယ်ရီမီးဒိုး(စ်)၏ ရှုထောင့်တမူ တမျိုးတ
သာ ဖြစ်ခဲ့၏။ ရင်ခွဲရုံအရောက်၊ အလောင်းကို တာဝန်ရှိဆရာဝ
များက ထုံးစံအတိုင်း ခွဲစိတ်၍ ရောဂါ၏ ဇာစ်မြစ်ကို ရှာဖွေကြ
ပြုသောအခါ သေဆုံးသူ မိန်းကလေး၏ ဆွေမျိုး အသိုက်အဝ
အပြင်းအထန် ငြင်းဆန် ကန့်ကွက်ခဲ့ကြသည်။ ဤတွင် မီးဒိုး(စ်)
"ယင်းကိစ္စသည် သွေးရိုးသားရိုးမဟုတ်" ဟု ကောက်ချက်ချလိုက်
သည်။

သို့နှင့် အမဲလိုက်ခွေးကြီး မီးဒိုး(စ်)သည် အနံ့ရလိုက်ပြီ
သော အမဲကောင်နောက်သို့ အပြင်းအထန် လိုက်လေတော့
အချိန်နှစ်လမျှ အကြာတွင်မူ မီးဒိုး(စ်)သည် ကွယ်လွန်သူ
ကလေး၏ လျှို့ဝှက်ဇာတ်လမ်းတပုဒ်ကို ဖော်ထုတ်နိုင်ခဲ့လေ
သည်။

သေဆုံးသူမိန်းကလေးသည် မူးယစ်ဆေးဝါး အလွန်အကျွံ
သော **'ဆေးကျွန်'** တဦးဖြစ်သည်။ သူမအတွက် လိုအပ်သော
အင်းများကို အာလူးယာခင်းပိုင်ရှင် ပိုလန် လူမျိုးတဦး၏ သ
ထောက်ပံ့နေခဲ့သည်။ ထိုမိန်းကလေးသည် ဟဲရိုးအင်းများကို အ
အကျွံ သုံးမိကာ သတိမရတချက် ရတချက်အချိန်တွင် ရေနစ်သေ
ရခြင်းဖြစ်လေသည်။ မီးဒိုး(စ်)သည် ဟဲရိုးအင်းဖြန့်ဖြူးမှုအား ဆ
လက်၍ ခြေရာခံလိုက်သွားရာ အမီတီနယ်မြေတဝိုက်တွင် ရှော်ရှား
သည့် ဟဲရိုးအင်း မှောင်ခိုဂိုဏ်းကြီးတဂိုဏ်းလုံးကို ဖော်ထုတ်နိုင်သ
အထိ ဖြစ်သာခဲ့သည်။ ယင်းဇာတ်လမ်းပေါ်ထွက်လာခြင်း၏ ရ
မြန် အဖြစ် အမီတီမြို့သည် အတော်အတန် နာမည်ပျက်ခဲ့ရသ
အဆိုးဆုံးမှာ ဘရေ့ဒီဖြစ်သည်။အမှိုက်ကစ ပြောသာဒ်မီးလောင်ခြ





ကြောင့် သူသည် အကြီးအကျယ်သိက္ခာကျခဲ့ရသည်။ သူ၏မူလရှိရင်းစွဲ
သိက္ခာကို ပြန်လည် ဆယ်တင်နိုင်ရန်အတွက် အထူး ကြိုးပမ်းခဲ့သည်။
သို့သော် ပြည်နယ်ဆိုင်ရာ စုံစမ်း ထောက်လှမ်းရေးကလည်း
ဝင်ရောက် စွက်ဖက်လာပြီ ဖြစ်သည်မို့ ဘရေ့ဒီခမျာ စိတ်ရှိတိုင်း
လုပ်ဆောင်ခွင့်မရခဲ့ချေ။ မူးယစ်ဆေးဝါးဥပဒေနှင့် ငြိစွန်းသူ တဦးစ
နှစ်ဦးစကို ဖမ်းဆီးပြီး အထက်သို့ တင်ပို့ပေးခဲ့သည့်တိုင် သူ၏
သိက္ခာကို မူရင်းသို့ ရောက်အောင် ပြန်မတင်နိုင်သေးပဲ ရှိနေခဲ့သည်။
ဟယ်ရီမီးဒိုး(စ်)ကမူ ယင်းသတင်းကို တိုင်းပြည်သို့ ဖော်ထုတ် တင်ပြ
နိုင်ခြင်းကြောင့် ဒေသဆိုင်ရာ သတင်းစာထူးချွန်ဆု နှစ်ဆုကို ရရှိခဲ့
၏။

ယခုမူ သူ၏သိက္ခာကို ပြန်လည် ဆယ်တင်နိုင်မည့် အခွင့်အလမ်း
တခု ပေါ်လာလေပြီ။ သူသည် အများပြည်သူအဖို့ အကျိုးရှိစေမည့်
ကိစ္စတခုကို အချိန်မီ ဖော်ထုတ် အသိပေးလိုက်ခြင်းအားဖြင့် ကျေး
ဇူးတင်မှု၊ ယုံကြည်ကိုးစားမှု စသည်တို့ကို ပြန်လည်ရယူနိုင်လိမ့်မည်
ဟု၍ မျှော်လင့်ထားသည်။ လူသတ်ငါးမန်းကြီး ဤအမိတီကမ်းခြေမှ
ဆေးရာသို့ ရောက်ရှိသွားနိုင်လောက်သည့် အချိန်အထိ ဤကမ်းခြေကို
ခေတ္တယာယီ ပိတ်ထားလိုက်ချင်သည်။ ကျားများသည် လူသားကို
တကြိမ်စားမိပြီဆိုလျှင် လျှာလည်သွားပြီး နောင်အခါတွင် လူသား
ကိုသာ စွဲစွဲလမ်းလမ်း ဖြစ်သွားတတ်ကြောင်း၊ လူများကို ဆက်တိုက်
အန္တရာယ်ပြုတော့ကြောင်းကို ဘရေ့ဒီကြားနာမှတ်သားခဲ့ဖူးသည်။
ငါးမန်းများသည်လည်း ကျားများကဲ့သို့ပင် လူသား၏အရသာကို
ခံစားတတ်ခြင်း ရှိမရှိ ဆိုသည်ကိုမူ ဘရေ့ဒီ မသိ။ မည်သို့ပင်ဖြစ်
စေ ရေကူးသည်များအား ငါး ဤငါးမန်းကြီးက ထပ်မံတိုက်ခိုက်နိုင်
သည့် မည်သည့်အခွင့်အရေးကိုမျှ မပေးမိရန် ဘရေ့ဒီ ဆုံးဖြတ်ချက်
ချလိုက်သည်။ ယခုအခါ ဘရေ့ဒီသည် ငါးမန်းကိုက်မှုသတင်းကို
အများပြည်သူသို့ ဖော်ထုတ် အသိပေးလိုက်ချင်သည်။ လူများ
ကြောက်ရွံ့ထိတ်လန့်ပြီး ရေထဲသို့ မဆင်းပဲ နေကြစေချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ငါးမန်းကိုက်မှုသတင်းကို သတင်းစာတွင် ထည့်သွင်းဖော်ပြရေး ကိစ္စကိုမူ သူ လွယ်လွယ်နှင့်ဆောင်ရွက်နိုင်လိမ့်မည် မဟုတ်။ အတော် ကြီး အကြောက်အကန် အပြင်းအထန် အငြင်းပွားယူရမည့် ကိစ္စ ဖြစ်ကြောင်း ဘရော့ဒီ နားလည်ထားပြီး ဖြစ်သည်။ အမိတီ၏ စီး ပွားရေးသည်လည်း အမေရိကန် ပြည်ထောင်စုကြီးရှိ အခြားသော မြို့ရွာများကဲ့သို့ပင် ကျဆင်းလျက်ရှိနေသည့် ကာလ ဖြစ်သည်။ယမန် နှစ်ကစ၍ ကုန်ပစ္စည်းများ ဈေးတက်ခဲ့သည်။ အခန်းငှားရမ်းခနှုန်း များကို တိုးမြှင့်လာခဲ့သည်။ ဤသည်ကို အကြောင်းပြု၍ လူငယ် အများစုသည် ယခင်ကကဲ့သို့ ကိုယ့်အခန်း ကိုယ်ငှားနေသည့် စနစ်ကို မသုံးတော့။ အုပ်စုတစုလျှင် ဆယ်ယောက်မှ ဆယ့်ငါးယောက်အထိ ပါဝင်တတ်သော 'အုပ်စု' ကလေးများသည် အမိတီမြို့သို့ ရောက် လာကြပြီးနောက် အချိုးကျ ငွေစုပေါင်းထည့်ဝင်ကာ တည်းခိုရိပ် သာကြီးတခုလုံးကို ဘုံရိပ်သာအဖြစ် ပုတ်ပြတ်ငှားရမ်းပြီး စုပေါင်း တည်းခိုကြလေသည်။

နွေရာသီသုံးလပတ်လုံးအတွက် တည်းခိုရိပ်သာကြီးတခုလုံး၏ ငှား ရမ်းခမှာဒေါ်လာ ၇,၀၀၀ မှ ၁၀,၀၁၀ အထိ ရှိတတ်သည်၊ ဒေါ် လာ တသောင်းတန် အိမ်ခန်းများမှာ ပင်လယ် ကမ်းခြေ ဘက်သို့ မျက်နှာမူထားပြီး ကမ်းစပ်နှင့်များစွာ မကွာလှမ်းသော နေရာများ တွင် ရှိသဖြင့် ဈေးနှုန်းကြီးမြင့်ရခြင်း ဖြစ်သည်။ ယခု ဇွန်လအလယ် ကို ရောက်ပြီဖြစ်သည့်တိုင် ထိုအခန်းများကို ငှားရမ်းမည့်သူများ မရောက်ရှိလာကြသေးပေ။ ဒေါ်လာငါးထောင်တန် အိမ်ခန်းများ သည်လည်း မျှော်သင့်သလောက် လူမဝင်သေးချေ။

ယခုနှစ်နွေသည် သိပ်မထူးခြားသေးသော နွေမျှသာ ဖြစ်သည်။ ယခုအခြေအနေသည် အလယ်အလတ်တွင်ရှိနေသည်။ ငါးမန်းကိုက်မှု သတင်းကိုသာ သတင်းစာများတွင် ထည့်သွင်း ဖော်ပြလိုက်ပါက အပန်းဖြေလာကြမည့် နွေညှိသည်များသည် အမှန်ပင် 'တွန့်'သွား





အကြောင်း ရှိသည်။ အမိတီမြို့၏ စီးပွားရေးအခြေအနေသည် ယ်အလတ်လောက်တွင်ရှိနေရာမှ **'ဆိုးရွားသောအခြေအနေ'** သို့ ရောက်ရှိသွားနိုင်ကြောင်းကိုလည်း ဘရော့ဒီ တွက်မိပြန်

ဘရော့ဒီသည် ဘေးကျပ်နံကျပ်အခြေအနေနှင့် ရင်ဆိုင်ရလျက် ည်။ ထိုသတင်းကို သတင်းစာများတွင် ထည့်လည်း ထည့်ချင် မထည့်ပဲလည်း ထားလိုသည်။ ထည့်မိပြလျှင်လည်း တဒုက္ခ ည့်မိ၍ ပြဿနာပေါ်လာလျှင်လည်း တမှောင့်ဖြစ်၍ တွေးယင်း သင်းမှ စိတ်အိုက်လာတော့သည်။

ငါးမန်းကြီးသည် အမိတီကမ်းခြေမှ ဝေးရာသို့ ထွက်ခွာ ည်ဆိုက သွားလောက်ပေပြီ။ ဤတွေးခေါ်ချက်သည် မြို့၏ ားရေးဘက်သို့ ယိမ်းသော တွေးခေါ်ချက် ဖြစ်သည်။သို့သော် ရော့ဒီသည် 'ထွက်ခွာသွားလောက်ပေပြီ' ဟူသည့် မသေချာ ရာသော မှန်းဆထင်မြင်ချက်လေးတခုကို အသေ ဆုပ်ကိုင်ထား အသက်များကို သေမင်းနှင့် ယှဉ်ပြိုင်လောင်းကစားခြင်း မပြု ချေ။ မျက်စိစုံမှိတ်၊ အရဲစွန့်ပြီး 'မကောင်းသူထိပ်၊ ကောင်းသူ '?ဟူ၍ လောင်းကစားလိုက ဖြစ်နိုင်သော်လည်း 'လောင်းကြေး' မတန်တဆ မြင့်မားလွန်းလှ၏။ လောင်းမကစားထိုက်လောက် အောင်ပင် 'ကြေး'က 'ကြီး' လွန်းလှချေသည်။ မိုက်ရူးရဲဆန်ဆန် ၍ လုပ်လိုက်ပြီးနောက် မိမိ၏လုပ်ရပ်သည် မှန်ကန်လာခဲ့ပါက ကြောင်းမဟုတ်။ အကယ်၍ မှားယွင်းပြီဆိုသည်နှင့် တမြိုင်နက် အသက်ပေါင်းများစွာတို့ကို ပေးလျော်ရပေတော့မည်။ မူလကတည်း ကျဆင်းနေခဲ့သော မိမိ၏သိက္ခာသည်လည်း ကုန်းကောက်စရာ ရှိတော့မည်မဟုတ်။

သို့ဖြင့်–

မြို့၏စီးပွားရေးကို အသာထား။အဖြစ်မှဲ့သောလူ အသက်ပေါင်း များစွာတို့အလဟဿဆုံးရှုံးခြင်းမှကာကွယ်ရန်ထိုသတင်း...



www.burmeseclassic.com

စာတွင် ဖော်ပြမှုဖြစ်မည်ဟု ဘရော့ဒီက ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာ ချလိုက်တော့သည်။ တွေဝေခြင်းမရှိတော့ပြီဖြစ်သော ဘရော့ဒီသည် တယ်လီဖုန်းကို ကောက်ယူလိုက်ပြီး ဟာယ်ရီမီးဒိုး(စ်)၏ နံပါတ်ကို လှည့်ချလိုက်၏။ တယ်လီဖုန်းကို တဘက်မှ ကောက်ယူသံ ကြားလိုက်သည်နှင့် တပြိုင်နက်–

"ဟယ်ရီလားဗျို့" ဟု မေးလိုက်သည်။

တဘက်မှပုဂ္ဂိုလ်သည် ဟယ်ရီမီးဒိုး(စ်)ဖြစ်ကြောင်း သိသည်နှင့် တပြိုင်နက်–

"ကိုယ်ပါ၊ ဘရော့ဒီလေ။ ခင်ဗျားနဲ့အတူ နေ့လယ်စာ စား ကောင်းမလားလို့၊ အားရဲ့လား"

"အင်း၊ ကျွန်တော့်ဆီ ခင်ဗျား ဘယ်အချိန်မှာ ဖုန်းဆက်ပါ ဆိုတာကိုပဲ ကျွန်တော် တွေးနေတာ။ ကဲ...ဘယ်မှာစားကြမှာလဲ ခင်ဗျားဆီ ကျွန်တော် လာခဲ့ရမှာလား။ ဒါမှမဟုတ် ခင်ဗျား မှာလား"

"ခင်ဗျားဆီ ကျွန်တော် လာခဲ့ပါမယ်"

"ဘာစားမှာလဲ"

"အသားအုပ်မုန့်၊ သီးရွက်စုံကြော်နဲ့ နို့တခွက်ပဲပေါ့ဗျာ။ ကျွန် တော်တို့ စားနေကျဆိုင်ကပဲ မှာလိုက်ပါ။ ခင်ဗျားရဲ့ ရုံးခန်းမှာ စားကြတာပေါ့"

*

[ ၁ ]

ဘရော့ဒီက နောက်ဆုံးကျန်ရှိသည့်အသားညှပ်ပေါင်မုန့် တ ကို ပါးစပ်တွင်းသို့ ထည့်လိုက်သည်။ ပလတ်စတစ်ခွက် အတွင်း တဝက်သာသာ ကျန်ရှိနေသေးသောနွားနို့ကိုလည်း တကျိုက်တည်း





နှင့် ကုန်စင်အောင် မော့ချလိုက်၏။ သူသည် ပေါင်မုန့်ထုတ်သော ဆီစိမ်စက္ကူကိုလုံးချေပြီးအမှိုက်ပုံးထဲသို့ ပစ်ထည့်လိုက်သည်။ မီးဒိုး(စ်) သည် ခရမ်းချဉ်သီးချဉ်ရည်ဆမ်းထားသော အမဲသားကြော်တလုံး၊ အာလူးကြော်တဗူး၊ ထောပတ်မုန့်ဗာယုက်ကို ဆယ်ခြောက်အောင်စ ဝင်စည်းသွတ်ဘီယာဖြင့် သဲ သဲမဲမဲ ဖြို့လျက်ပင်ရှိသေးသည်။ ဘရော့ဒီ သည် မီးဒိုး(စ်)၏ စားအား ကောင်းပုံကို ကြည့်ယင်း အတိတ် ကာလကရုပ်ပုံလွှာတခုကိုဖြတ်ကနဲမြင်ယောင်လာမိသည်။ သွေးသံရဲရဲ မော်တော်ကားတိုက်မှုတခုသတင်းလာယူသူမီးဒိုး(စ်)သည် အနိဋ္ဌာရုံ မြင်တွင်း တခုကြောင့် မည်သို့မျှ ခံစားမှုမဖြစ်ရှိမှုမက လက်ထဲ တွင် ကိုင်ထားသော အုန်းသီးစိမ်းမှ အုန်းရည်ကိုပင် ကျူရိုးစုပ်တံ ဖြင့် စုပ်အသောက် မပျက်ခဲ့ချေ။ ဘရော့ဒီသည် ကုလားထိုင် နောက် မှီသို့ ကိုယ်ကို လျော့ချ မှီထိုင်လိုက်ပြီး စီးကရက်တလိပ်ကို ထုတ်ယူမီးညှိလိုက်သည်။

"ဝါ(တ်)ကင်းရဲ့ အမှုနဲ့ ခင်လျဉ်းပြီး ကျုပ်တွေးမိတဲ့ အချက် တချက်နှစ်ချက် ရှိတယ်၊ အဲဒါ ခင်ဗျားနားထောင်ချင်မယ်ဆိုယင်...."

မီးဒိုး(စ်)က အသာအယာ ခေါင်းညိတ်ပြလိုက်သည်။

"အမျိုးသမီး သေဆုံး သွားပုံကတော့ ခပ် ဆန်းဆန်း ပါပဲ။ ဒီအကြောင်းကို ဆန့်တိုး(စ်)နဲ့ကျွန်တော်...."

"ဟုတ်တယ်။ ကျွန်တော်လဲ သူနဲ့စကားပြောပြီးပါပြီ"

မီးဒိုး(စ်)က ကြားဖြတ်ပြောလိုက်သည်။

"ဒါဆိုယင် သူ ဘယ်လိုတွေးထင်တယ်ဆိုတာကို ခင်ဗျား သိပြီ ပေါ့။ အဲဒါ ငါးမန်းရဲ့ တိုက်ခိုက်မှုကြောင့် သေဆုံးရခြင်း ဖြစ် တယ်ဆိုတာ မြေကြီးလက်ခတ်မလွဲ သေချာနေပါပြီ။ မစ္စဝါ(တ်) ကင်းရဲ့အလောင်းကို ခင်ဗျားတွေ့ယင် ကျွန်တော့် ယူဆချက်ကို ခင်ဗျားလဲ လက်ခံမှာပါ"

"အလောင်းကို ကျွန်တော်တွေ့ပြီးပါပြီ။ အလောင်းကိုတွေ့ ပြီးပြီးချင်းမှာပဲ ဝု(ဒ်)ဟိုး(လ်) အဏ္ဏဝါဗေဒသိပ္ပံမှာအလုပ်လုပ်နေ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



တဲ့ မက်(တ်)ဟူးပါးဆိုတဲ့ ကျွန်တော့်မိတ်ဆွေလူငယ်တယောက်ကို ဒီအကြောင်းပြောလိုက်တယ်။ ဝေါ့(တ်)ကင်းရဲ့အလောင်းဟာ ဘယ်လို ပုံပန်းသဏ္ဌာန်မျိုးရှိတယ် ဆိုတာကိုလဲ ထည့်ပြောလိုက်တယ်။ ဒီတော့ သူကလဲ ဒါဟာ ငါးမန်းတမျိုးရဲ့လက်ချက်ပဲ ဖြစ်ရမယ်လို့ ပြောပါတယ်”

“အဲဒီ ငါးမန်းဟာ ဘာအမျိုးအစားလဲ”

“ငါးမန်းဖြူမျိုးတဲ့။ လူကိုရန်မူတိုက်ခိုက်တတ်တဲ့ တခြားငါးမန်းမျိုး တွေလဲရှိပါသေးတယ်။ဆိုပါတော့ဗျာ။ ကျားငါးမန်းလို့မျိုး။ တူ သဏ္ဌာန်ဦးခေါင်းရှိတဲ့ ‘ဟမ္မားဟက်(ဒ်)’ လိုမျိုး ငါးမန်းတွေပဲ။ ဟူးပါးပြောတဲ့အတိုင်းဆိုယင်တော့ ဒီမိန်းကလေးကို ကိုက်သတ်စားသွားတဲ့ ငါးမန်းဟာ တော်ရုံတန်ရုံကောင်မျိုးမဟုတ်ဘူးတဲ့။ သူ့ပါးစပ်ဟာ ဟောဒီလောက်ကြီးရှိလိမ့်မယ်လို့ ဆိုတယ်”

မီးဒိုး(စ်)သည် သူ၏လက်နှစ်ဘက်ကို ဘေး တဘက်တချက်ဆီသို့ ချဲ့ဖြလိုက်သည်။ အကွာအဝေးမှာ သုံးပေခန့် ရှိပေမည်။

“တခါတခါတော့ ငါးမန်းပြာ တွေကလဲ လူကို ဒုက္ခပေးတတ်သေးတယ်။ ဒါပေမယ့် မစ္စဝေါ့(တ်)ကင်းကို တိုက်ခိုက် သတ်ဖြတ်သွားတဲ့ ငါးမန်းကတော့ ငါးမန်းဖြူပဲ ဖြစ်ရမယ်လို့ ဟူးပါးက အခိုင်အမာဆိုတယ်။ ဘာပြုလို့လဲဆိုယင် လူတယောက်ကို နှစ်ပိုင်းပြတ်အောင် ကိုက်ဖြတ်နိုင်တဲ့ ဒီလောက်ကြီးကြီးမားမား ငါးမန်းဆိုယင် ဒီကောင်ပဲ ရှိတာကလား။ ပြီးတော့…သူ့မှာ တခြား နာမည်တမျိုးလဲ ရှိသေးသဗျ”

“ဟုတ်လား၊ ဘာတဲ့လဲဗျ”

“လူသားစားငါးမန်းတဲ့။ သူ့အရောင်က တခြား ငါးမန်းတွေနဲ့စာယင် ပိုပြီးဖြူလို့ ငါးမန်းဖြူ လို့လဲ အရပ်စကားနဲ့ခေါ်ကြသေးတယ်။ တခြား ငါးမန်းတွေကတော့ လူတွေကို တခါတရံမှ တိုက်ခိုက်လေ့ ရှိကြတယ်။ ဒါကလဲ သူ့အကြောင်းနဲ့ သူမှပါ။ ဆာလောင် မွတ်သိပ် နေတဲ့ အခါမျိုး၊ ဒေါသ ထွက် နေတဲ့





အခါမျိုးတွေ နှင့် တိုက်ဆိုင်နေယင် ဒါမှမဟုတ် ရေထဲမှာ သွေး နံ့ရတဲ့ အခါမျိုးတွေကျမှပါ။ အမြဲရန်မူလေ့ မရှိပါဘူး။ အဲ… ငါးမန်းဖြူကျတော့ ဒီလိုမဟုတ်ဘူး။ သူကတော့ မုဆိုးသက်သက်ပဲ။ ပင်လယ်ပြင်မှာတွေ့တဲ့၊ သူ့နိုင်တဲ့ သက်ရှိမှန်သမျှဟာ သူ့သားကောင်၊ သူ့အစာလို့ သဘောထားတယ်။ ပင်လယ်ပြင်မှာ သူနဲ့ ရင်ဆိုင်တွေ့လိုက်ယင် သေမင်းနဲ့တွေ့ရပြီသာ မှတ်။ ဒါကြောင့်လဲ တချို့က ငါးမန်းဖြူကို ‘သေမင်းဖြူ’ရယ်လို့လဲ တင်စား ခေါ် ဝေါ်ကြသေးတယ်။ ဩ၊ ဒါထက် မရှိသေ့စကားဗျာ…။ မစ္စဝေါ့(တ်)ကင်းဟာ အဲဒီအချိန်က မိန်းမတို့ဓမ္မတာ ရာသီသာနေလို့ များ ငါးမန်းကြီးဟာ သွေးညှိနံ့ ရပြီး….”

“အလို ဘုရားရေ၊ ကျုပ် ဘယ့်နှယ်သိနိုင်ပါ့မလဲဗျ”

မီးဒိုး(စ်)၏အမေးကြောင့် ဘရော့ဒီ စိတ်တိုသွားသည်။

“အင်း…၊ ခင်ဗျားကတော့ အတော့်ကို စုံစုံစေ့စေ့ လေ့လာ ပြီး ဖြစ်နေပါလား ဟယ်ရီ”

“ဒါကတော့ ကျွန်တော်တို့အလုပ်က အများပြည်သူနဲ့ ထိတွေ့ ဆက်ဆံနေရတဲ့အပိုင်းဖြစ်လေတော့ အများပြည်သူ စိတ်ဝင်စား မယ့်ကိစ္စ၊ ဗဟုသုတဖြစ်စေမယ့်အကြောင်းအရာဆိုယင် ကျွန်တော် တို့ ကိုယ်နှိုက်က ကြိုတင်ဆည်းပူးလေ့လာ မေးမြန်းထားရတာ ပေါ့ဗျာ။ ကိုယ့်အတွက်လဲ ဗဟုသုတရတာပေါ့။ ဒါမှ သတင်းစာ ဖတ် ပြည်သူတွေကို မှန်မှန်ကန်ကန် တိတိကျကျ တင်ပြအသိပေးနိုင် မယ်ပေါ့။ အကြောင်းရင်း မှန်ဟာ ဘယ်လို ဖြစ်တယ် ဆိုတာကို တွေးတောဆုံးဖြတ်ဖို့ကတော့ စာဖတ်ပရိသတ်တွေရဲ့ တာဝန်ပေါ့။ ဒါပေမယ့် ကျွန်တော်တွေးနေတာက ဒီကိစ္စမျိုး နောက်ထပ် ဖြစ် ပေါ်လာနိုင် မလာနိုင် ဆိုတာပါပဲ”

“ဒီကိစ္စမျိုး နောက်ထပ် ဖြစ်ပေါ်လာလိမ့်ဦးမယ်လို့ ခင်ဗျား မျှော်လင့်ထားသလား”

“ဟင့်အင်း။ ဒီ ကိစ္စမျိုး နောက်ထပ် ဖြစ်လာ လိမ့်မယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မထင်ပါဘူး။ မနေ့ညက အဖြစ်အပျက်ဟာ ဆယ်ရေး တရေး ကိုးရေး တရာ ဆိုသလို အလွန့်အလွန် ဖြစ်ခေါင့်ဖြစ်ခဲ့တဲ့ ကိစ္စတရပ်ပါ။ မင့်ခရစ္စတင်းတယောက်သာ ကံဆိုးလွန်းလို့ အခု လို ဖြစ်သွားရရှာတာပါ။ ဟူးပါးရဲ့အဆိုအရဆိုယင် ငါးမန်းဖြူ တွေဟာ အခုအချိန်မှာ အလွန့်အလွန်ရှားပါးနေပါပြီ။ မျိုးဆက် ပြုတ်လုနီးနီး အခြေကို ရောက်နေပြီ။ နောက်ဘခုကလဲ ဒီအနီး အနား ရေပြင်တဝိုက်မှာ ဒီကောင်တွေ ခိုအောင်းနိုင်တဲ့ ကျောက် ဆောင်၊ ကျောက်တန်းတွေလဲ မရှိပါဘူး။ ဒီကမ်းခြေ ဒေသဟာ ဒီကောင်တွေရဲ့စားကျက် ဖြစ်ရအောင်လဲ သူတို့ကြိုက်တတ်တဲ့ ငါး မွေးမြူရေးလုပ်ငန်းတွေနဲ့ သားသတ်ရုံက အညှီအဟောက် အညစ် အကြေးတွေကို ဒီနေရာမှာ လာရောက်စွန့်ပစ်တာမျိုးလဲ မရှိပါဘူး။ သူ့အာရုံကို ညို့ယူဖမ်းစားနိုင်တဲ့ အစားအစာမျိုးလဲ ဒီနေရာမှာ ရှိမှမရှိတာဆိုတော့ ဒီကောင်ကြီးဟာ တခြားတနေရာက မျက်စိ လည် 'ခရီးကျ' လာတဲ့ **အာဂန္တု မိစ္ဆာကောင်ကြီး**' ပါ။ အခု အချိန်လောက်ဆိုယင်လဲ ဒီကမ်းခြေရဲ့ရေပြင်အောက်မှာ ရှိတော့မှာ မဟုတ်ပါဘူး။ မစ္စဝါ့(တ်)ကင်းကို ကိုက်ပြီးကတည်းက အဝေး ဝေးလံတဲ့ ရေပြင်တနေရာဆီကို ထွက်သွားလောက်ပါပြီ''

မီးဒိုး(စ်)သည် ကရားရေလွှတ်ပြောရသဖြင့် မောလာဟန်ဖြင့် စကားကို ခေတ္တဖြတ်ထားလိုက်ပြီး ဘရော့ဒီမျက်နှာကို စေ့စေ့ ကြည့်နေလေသည်။ တချိန်လုံး ငြိမ်သက်စွာ နားထောင်နေခဲ့သော ဘရော့ဒီက....

''ဒါဖြင့်ယင်လဲ မနေ့ညက ဖြစ်ပျက်ခဲ့တဲ့အကြောင်းကို ဖုံးဖိ မထားပဲ သတင်းစာထဲမှာ ထည့်ရေးလိုက်ယင် မကောင်းဘူးလား ဟယ်ရီ။ အမှန်ကို အမှန်အတိုင်း၊ အဖြစ်ကို အဖြစ်အတိုင်း အသိ ပေး ဖော်ပြလိုက်ခြင်းအားဖြင့် မလိုလားအပ်တဲ့ တီးတိုးစကား၊ ကောလာဟလသတင်းတွေကို ကြိုတင်ကာကွယ် တားဆီးလိုက်ရာ ရောက်တာပေါ့။ပြီးတော့ခင်ဗျားပြောတဲ့အတိုင်း ဒီမိစ္ဆာကောင်ကြီး





...ခြေကို မသာတော့ဘူး ဆိုတာ သေချာယင် လက်ရှိ ...အကြောင်း မရှိဘူးထင်ပါတယ် ဆူငယ်ချင်း''

...ဒိုး(စ်)က သတ်ပြင်းရှည်တချက် မှုတ်ထုတ်လိုက်ယင်း....

''သတင်းစာဆရာတဦးရဲ့ ကျင့်ဝတ်အတိုင်း ဆောင်ရွက်ရမယ် ...တော့ ခင်ဗျားပြောတာမှန့်တယ် မာတင်။ဒါပေမယ့် တဘက် ...ကြည့်လို့ မရဘူးလေ။ ကျွန်တော်တို့မြို့ရဲ့ စီးပွားရေးမျက်နှာ ...ထောက်ရဦးမယ် မဟုတ်လား။ ဆိုပါတော့ ခင်ဗျားပြောသလို ...ကို အဖြစ်အတိုင်း၊ အမှန်ကို အမှန်အတိုင်း တင်ပြလိုက်မယ်ဆို ...ဘယ်လိုတုံ့ပြန်မှုတွေ ဖြစ်လာမလဲ ကြည့်ကြရအောင်။ အမိတီ ...ယ်ကမ်းခြေမှာ ရေဆင်းကူးတဲ့ မိန်းကလေး တယောက်ကို ...န်းကြီးတကောင်က ထက်ပိုင်းဖြတ်အောင် ကိုက်ဖြတ်လိုက်တယ် ...သတင်းဟာ တောမီးလိုပျံ့နှံ့သွားမယ်။ လူတွေဟာ ဒီကမ်းခြေ ...အပန်းဖြေဖို့ အတော်ပဲ ရှ သွားကြမယ်။ ဒီမှာတင်မဟုတ် ...ဘူး၊ ဒီကမ်းခြေနဲ့ ဆက်နေတဲ့ **နန်တတ်ကက်**၊ **ဗိုင်းယာ့(ဒ်) ...(စ်)ဟင်တန်** ကမ်းခြေ ရေချိုးဆိပ်တွေကိုပါ လူတွေ မလာ ...တော့ပဲ လောင်းအိုင်လင်းမှာရှိတဲ့ ကျုပ်တို့ဒေသခံတွေ အားလုံး ...နှုရကပ် ဆိုက်ကုန် ကြလိမ့်မယ်။ ဒီနှစ် ကျွန်တော်တို့ မြို့ကို ...**ညှိသည်တော်**'ကိုးထောင်လောက် လာကြလိမ့်မယ်လို့ ခန့် ...ထားတယ်။ ကဲ တွက်ကြည့်စမ်းဗျာ။ ခင်ဗျား ထည့်လိုက်ချင်တဲ့ ...င်းဘပုဒ်ကြောင့် ကျုပ်တို့မြို့ဟာ ဝင်ငွေဘယ်လောက် ဆုံးရှုံး ...ရမယ်ဆိုတာကို...''

...ရော့ဒီသည် မည်သို့မျှ စောဒကတက်ခြင်းမပြုတော့ပဲ ခေါင်း ...သာအယာညိတ်ပြပြီး မီးဒိုး(စ်)၏ တင်ပြချက်ကို လက်ခံသင့် ...င်း အသိအမှတ်ပြုလိုက်သည်။

...ခင်ဗျားပြောတာတွေကိုကျုပ် မငြင်းလိုပါဘူးဟယ်ရီ၊ဒီငါးမန်း ...အခုအချိန်မှာ မိုင်တရာလောက်ဝေးတဲ့နေရာကို ရောက်နေ...



www.burmeseclassic.com

www.burmeseclassic.com



လောက်ပါပြီ။ နောက်ပြန်လှည့်လာဖို့လဲ သိပ်အကြောင်းမရှိ
ပါဘူး"

သူသည် စကားကိုရပ် ခေတ္တနားထားလိုက်ပြီး စားပွဲ
စီးကရက်ဗူးထဲမှ အသစ်တလိပ်ကို ထုတ်ယူ မီးညှိလိုက်သည်။ တ
နှစ်ချက်ခန့် ရှိုက်ဖွာပြီးမှ....

"ခိုးမပြိုဘူး ပြိုခဲ့သော်ပေါ့ဗျာ။ အဲဒီငါးမန်းကြီး အ
မရောက်သေးပဲ ဒီကမ်းခြေကို တပတ်ကျော့ ပြန်လာမယ်၊
ဆင်းသူ တယောက်ယောက်ကို နောက်တခေါက် ထပ်ဆွဲမယ်ဆို
ကောဗျာ၊ ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ၊ ကျုပ်တို့မှာ တာဝန်
ပြီ။ ကျုပ်တို့ရဲ့ ပယောဂမကင်းပဲ ဖြစ်နေလိမ့်မယ်။ ဒီတော့
ဗျာ-ကျုပ်ရဲ့ဆန္ဒကတော့ ဒီသတင်းကို သတင်းစာထဲမှာထည့်
တယ်။ ပြီးတော့ ကမ်းခြေကိုလဲ တရက် နှစ်ရက်လောက် ယာ
ပိတ်ထားလိုက်ချင်တယ်။ ခါးသီးတဲ့ အန္တရာယ်တခုနဲ့
အကြိမ်ထပ်ပြီး ရင်မဆိုင်ရအောင် ကြိုတင်ကာကွယ်တဲ့ သဘော
တယ်ရှိ"

မီးဒိုး(စ်)သည် သူ၏ ကုလားထိုင်နောက်မှီကို အသာမှီ
သက်သောင့်သက်သာထိုင်ယင်း ဘရော့ဒီ၏ လိုလားချက်ကို အ
ကြာသည်အထိ တွေးတော ချိန်ဆလျက် ရှိသည်။ နောက်ဆုံးတွ
စိတ်မသက်မသာဖြင့်....

"ခင်ဗျားလုပ်ချင်တဲ့အလုပ်အတွက် ကျုပ် လုံးဝ မကူညီနိုင်
ဘူး မာတင်။ ဒီငါးမန်းကိုက်မှုသတင်းကို လီဒါ သတင်းစာထဲ
လုံးဝမထည့်ဖို့ မနေ့ကတည်းက ကျုပ် ဆုံးဖြတ်ချက် ချခဲ့ပြီးသား
ဒါပေမယ့် အသားလွတ်လုပ်တာတော့ မဟုတ်ရပါဘူး။ ကျုပ်
ခိုင်လုံတဲ့ အကြောင်းက ရှိနေပါတယ်။ ဒီတမနက်ခင်းမှာတ
ငါးမန်းကိုက်မှုကိုအကြောင်းပြုပြီး ကျွန်တော်ဆီကို ဖုန်းဆက်ကြ
မြောက်ကြိမ်ထက်မနည်း ရှိသွားပြီမာတင်။ ဘယ်သူတွေ ဆီက
ခင်ဗျားထင်သလဲ။ ပထမ ငါးဦးကတော့ 'နွေဥည့်သည်တော်များ





...တ် လည်ပတ်မှုအပေါ်မှာ မှီခိုပြီး စီးပွားရေးလုပ်နေကြတဲ့
...ခိုပ်သား၊ ပျော်ပွဲစားရုံ၊ ညကလပ်နဲ့ ပင်လယ်ကမ်းခြေသုံး
...ဋ္ဌားရမ်းဌာနတွေရဲ့ ပိုင်ရှင်တွေ ဆီကပဲ။ အဲ နောက်ဆုံး
...ာက်ကတော့ **မစ္စတာကိုး(လ်)မင်း** ကိုယ်တိုင်ပဲ။ သူကတော့
...ါ်သတင်းစာရဲ့ အစုရှယ်ယာ ငါးဆယ့်ငါးရာခိုင်နှုန်းကို ပိုင်ဆိုင်
...သူပဲ။ လီဒါ သတင်းစာထဲမှာ မစ္စဝါ(တ်)ကင်းရဲ့ သတင်းကို
...ယ် မထည့်ဘူးဆိုတာကို သူတို့အားလုံး သိချင်နေကြတယ်။
...င်းကို လီဒါသတင်းစာထဲမှာ လုံးဝမထည့်ရဘူးလို့ သူက ဆို
...ယ်။ ဒီသတင်းကို မသိမသာ မှောင်ချထားလိုက်ယင်-မကြာ
...ပဲ ဒီကောင်မလေးရဲ့အကြောင်းဟာ အမိတိုမြို့သူမြို့သားတွေ
...သိအာရုံက တဖြည်းဖြည်းနဲ့ မေ့မှိန်ကွယ်ပျောက် သွားမှာ
..."

...ဒိုး(စ်)ထံမှ ယတိပြတ်စကားကို ကြားရသောအခါ ဘရော့ဒီ
...င်တွေချသွားခဲ့ရသည်။ ပြီးမှ....

"ကောင်းပြီလေ။ ဒီသတင်းကို ခင်ဗျားရဲ့သတင်းစာထဲမှာမထည့်
...းဆိုယင်လဲ ကျွန်တော်ဘယ်တတ်နိုင်ပါမလဲ။ ဒါပေမယ့် အများ
...သူ့ရဲ့ အသက်အန္တရာယ်ကို ကာကွယ်တဲ့အနေနဲ့ အခုတလော
...းခြေတလျှောက်မှာ ရေမကူးကြဖို့ တားမြစ် ရမှာကတော့
...တော်တို့ရဲ့တာဝန်ပဲ။ ဒီကမ်းခြေမှာ ဘယ်လိုအန္တရာယ်မျိုးနဲ့
...တွေ့နိုင်တယ်ဆိုတဲ့ သတိပေး ဆိုင်းဘုတ်လေးတွေကိုတော့ စိုက်
...ရမှာပဲ။ ကဲ၊ ကျွန်တော် သွားလိုက်ပါအုံးမယ်"

"ကောင်းပါပြီမာတင်၊ ဒါကတော့ ခင်ဗျားရဲ့ သဘောပေါ့။
...မယ့် ကျွန်တော်ကတော့ မေးစမ်းပါရစေအုံးဗျာ။ ခင်ဗျားဟာ
...းဆန္ဒနဲ့ တက်လာခဲ့တဲ့ စခန်းမှူးကြီးတယောက်ပါနော်၊ ဟုတ်
...း"

"သိပ်ဟုတ်တာပေါ့ဗျာ၊ အမေရိကန်သမ္မတလိုမျိုး ...နှစ်
...တမ်းရှိတဲ့ စခန်းမှူးကြီးပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုအများဆန္ဒနဲ့ ဝင်လာခဲ့တဲ့ စခန်းမှူးကြီးတယောက်ဟာ အများဆန္ဒနဲ့ မကိုက်ညီတော့တဲ့အခါ ဘာ ဖြစ်သွားနိုင်တယ်ဆို ခင်ဗျားထင်သလဲ"

"ဒါ ခြိမ်းခြောက်နေတာလား ဟယ်ရီ"

မီးဒိုး(စ်)က ပြုံးလိုက်သည်။

"ကျွန်တော့်စိတ်ရင်းကို ခင်ဗျားသိပါတယ် မာတင်။ အများရဲ့ အကျိုးကို သည်ပိုးပါမယ်လို့ ကြွေးကြော်ပြီးတက်လာခဲ့ပြီး အများ ဆန္ဒကို မလိုက်လျောနိုင်လို့ အများရဲ့ ဖယ်ရှားခြင်းကို ခံလို ရတယ် ဆိုယင် မကောင်းပါဘူး။ ဒါ ခင်ဗျား အတွက် ပြော တာပါ။ ကျွန်တော့်စေတနာကို နားလည်စမ်းပါဗျာ"

ဘရော့ဒီက ထိုင်ရာမှ ထ,လိုက်သည်။

"ကျေးဇူးတင်ပါတယ်။ ဪ....ဒါထက် နွေလယ်စာအတွ ဘယ်လောက်ကျသလဲ ဟယ်ရီ"

"နေပါစေ.နေပါစေ၊ မကြာခင် အလုပ်လက်မဲ့ဘဝနဲ့ စားရ သောက်ရမဲ့ ဖြစ်တော့မယ့်လူဆီက ငွေကို မယူရက်ပါဘူးဗျာ"

ဘရော့ဒီက ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

"ဘယ်တတ်နိုင်ပါ့မလဲဗျာ၊ 'ပြည်သူ့ရဲတို့ရဲ့အကြီးမားဆုံးတာ ဟာ ပြည်သူတွေရဲ့အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှော ဖို့ပဲ'ဆိုတဲ့ စကားရပ်ကို ခင်ဗျားမကြားဖူးသေးလို့ ဒီစကားပြော တာ ဖြစ်မှာပါ"

*

[၇]

ရုံးခန်းသို့ ဘရော့ဒီ ပြန်လည်ရောက်ရှိပြီး ဆယ်မိနစ်ခန့်အကြာ တွင် သူ၏စားပွဲပေါ်ရှိ ဌာနတွင်းသုံး စကားပြောခွက်ဘလေး အချက်ပေးခေါင်းလောင်းသံ မြည်လာခဲ့၏။ ထို့နောက် စကားပြော





နှင်းဆက်သွယ်ရေး စက်ခလုတ်ခုံ၌ ထိုင်ရသော တာဝန်ကျ ဆမ်းတဦး၏ ကြည်လင်ပြတ်သားသော သတင်းပို့သံ ထွက် လာသည်။

"ဆရာနဲ့တွေ့ဖို့ မြို့ဝန်မင်း ရောက်နေပါတယ်ခင်ဗျာ"

ဘရော့ဒီက တကိုယ်တည်း ပြုံးလိုက်မိသည်။ **မြို့ဝန်မင်း** ဟူ ရာထူးဌာနန္တရပြ နာမဝိသေသန စကားလုံးကို ကြားလိုက်ရ ယ်ချင်သလိုလို ဖြစ်သွားမိသည်။ အမှန်မှာ သူ့အမည်ရင်းသည် **ဆိ(လောရင့်(စ်)မောင်း'** ဖြစ်သည်။ သူသည် **မောင်းနှင့်** (စ်) အိမ်ရာခြံမြေ အရောင်းအဝယ်လုပ်ငန်းမှ အစုစပ်ပိုင်ရှင် )တဦး ဖြစ်သည်။ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် လူထုထောက်ခံ ဆုခိုင်နှုန်းဖြင့် အရွေးခံရကာ မြို့တော်ဝန်ဘဝသို့ ရောက်ခဲ့ သည်။ ယခုအခါ ပတ်စန်းကျင်၏ဘွဲ့တံဆိပ်ပေးမှုဖြင့်'**မြို့တော်ဝန်' တော်ဝန်'**ဟူသော ဝိသေသ စကားလုံးကို နားအရသာ တွေ့ ခြင်းသည်။ ရင်းနှီးသူများက သူ့အား နာမည်ရင်းဖြင့် ခေါ် ဆက်ဆံကြသည့် အခါများတွင် အလွန်စိတ်မချမ်းမသာ ဖြစ်ရ ကြသည်။ အကြောင်းသိသူများက သူ့အား 'မြို့တော်ဝန် မင်း' မိုးမွှန်အောင်ခေါ်ဝေါ်သုံးစွဲပြီး သူ၏ကျေနပ်မှုကို ရယူ ကြသည်။ ယခုအခါ သူ၏အမည်ရင်းဖြစ်သည့် လောရင့်(စ်) မောင်းပင်လျှင် ကွယ်ပျောက်လုမတတ်ဖြစ်၍ နေပေပြီ။ မြို့တော် ဝန်မင်းကိုယ်တိုင်ပင်လျှင် မိမိ၏အမည်ကိုမိမိမှတ်မိမှ မှတ်မိပါလေဦး မသိ။

ဘရော့ဒီက ချဉ်ချဉ်ရှိသည်နှင့်–

"မြို့တော်ဝန်မင်းကို ကျေးဇူးပြုပြီး အခန်းထဲကို ကြွခဲ့ပါလို့ တင်လိုက်ပါ"ဟု ပြောချလိုက်သည်။

မောင်းသည် ဘရော့ဒီ၏ ရုံးခန်းအတွင်းသို့ ဝင်လာပြီး ဘရော့ဒီ နှင့်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ ရုံး ဆိုက်ပင်→



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် အခုတင်ပဲ ဟယ်ရီမီးဒိုး(စ်)နဲ့စကားပြောပြီးလာခဲ့တယ် ဒါထက် ခင်ဗျား ဘယ်သူ့ရဲ့ အမိန့်အာဏာနဲ့ ဒီကမ်းခြေကို ပိတ် ချင်ရတာလဲ"

တု ခပ်ထန်ထန်မေးလိုက်သည်။

ဘာရော့ဒီကလည်း အညံ့မခံချေ။

"ခင်ဗျားကတော့ ကျုပ်ကို ဘယ်သူ့အနေနဲ့ မေးမြန်းစစ်ကြော နေတာလဲ။ မြို့ဝန်တယောက်အနေနဲ့ မေးတာလား၊ အိမ်ပွဲစား မြေပွဲစားတယောက်အနေနဲ့ မေးနေတာလား၊ ဒါမှမဟုတ် မိတ် တယောက်အနေနဲ့ မေးနေတာလား။ ရှင်းရှင်းပြောစမ်းပါလယ်"

ဘာရော့ဒီက မြို့ဝန်မင်းအား နာမည်ခေါ်၍ ပြန်မေးလိုက်သည်

"ဘယ်အနေနဲ့မေးမေး ခင်ဗျား ကျုပ်ကိုပြန့်မေးခွန်းထုတ်မနေ ကျုပ်မေးတာကိုသာဖြေစမ်းပါ။ဘယ်သူ့ အမိန့်အာဏာနဲ့ ခင်ဗျား ဒီကမ်းခြေကို ပိတ်ချင်ရတာလဲလို့"

"ဒါကတော့ ဒီမြို့မှာရှိနေကြတဲ့ မြို့သူ မြို့သားတွေရဲ့အသ စည်းစိမ်ကို ကာကွယ်စောင့်ရှောက်တဲ့ သဘော သက်သက် ကျွန်တော့်မှာ တာဝန်ရှိတယ်လို့ ယူဆတယ်လေ။ ဒါကြော ဒီကမ်းခြေကို အနည်းဆုံး တရက်တန်သည် နှစ်ရက်တန်သည် ပိ ထားလိုက်ဖို့ ကျွန်တော့်သဘောနဲ့ကျွန်တော် ဆုံးဖြတ်လိုက်တာ တရားဝင်ခွင့်ပြုချက်အမိန့်တော့ မရှိပါဘူး။ တကယ်လို့ လူ တယောက်ဟာ ရေဆင်းကူးခဲ့လို့ ညကလို အလားတူ ဖြစ်ရပ် ထပ်မံဖြစ်ပွားခဲ့ယင် အဲဒီလူကို ကျွန်တော့်အနေနဲ့ ရေကူးမှုနဲ့ ချုပ်လို့လဲ ရမှာမဟုတ်တော့ဘူး။ ကျွန်တော့်မှာသာ ကိုယ့်တာ ပေါ့လျော့မှုကြောင့် အဖြစ်မဲ့တဲ့ ခရီးသည်တွေ အသဟာသ ဆုံး ရတယ်ဆိုပြီး ရင်ထုမနာ ဖြစ်ရမှာ"

ဗောင်းသည် ဘာရော့ဒီ၏ ကျိုးကြောင်းဆက်စပ် တင်ပြ များကို လုံးဝဂရုမစိုက်ပဲ....





"ဘာပဲဖြစ်ဖြစ် ဒီကမ်းခြေမှာ ရေကူးတာကို ပိတ်ပင် တားမြစ် ထားတာ မရှိစေချင်ဘူး။ ဂျူလိုင်လ လေးရက် အမေရိကန် ပြည် ထောင်စုရဲ့ နှစ်ပတ်လည် လွတ်လပ်ရေးအောင်ပွဲ ပျော်ပွဲ ရွှင်ပွဲနေ့ လာလဲ သိပ်မဝေးလှတော့ဘူး။ ဒီရက်သတ္တပတ်မှာ ဒီကမ်းခြေဟာ အစည်ကားဆုံးဖြစ်မှာပဲ မာတင်၊ ဒီလိုကာလမျိုးမှာ ကျွန်တော် တို့ဘတွေဟာ အခွင့်ကောင်းကို အရယူတတ်ဖို့လိုပါတယ်။ 'ကျုပ်တို့ မှာ ငါးမန်းကိုက်လို့ မိန်းကလေးတယောက် သေရပါတယ်ဗျ' လို့ တဲ့ ကိုယ့်လည်ပင်း ကိုယ်ကြိုးကွင်းစွပ်တဲ့ ကြော်ငြာမှုမျိုး၊ ဝါဒ မှုမျိုးကို ကျုပ်တို့မလိုချင်ဘူး မာတင်"

"ဟုတ်တယ်၊ ကျွန်တော့်ဘက်က ပြောရယင်လဲ ဒီကမ်းခြေဟာ အန္တရာယ်မကင်းသေးကြောင်း သိထားလျက်နဲ့ အဖြစ်မဲ့တဲ့ လူတွေ ကြောင်းမဲ့ ထပ်သေကြရတာကို လက်ပိုက်ကြည့်မခံနိုင်ဘူး"

"နောက်ထပ် ဘယ်သူမှလဲ သေကြတော့မှာ မဟုတ်ပါဘူးဗျာ။ ဗျားက အဲဒီကမ်းခြေကိုပိတ်ထားလိုက်ယင်သာ အလုပ်မရှိပဲ သူ ါးကိစ္စတွေမှာသာ အမြဲစပ်စုတတ်တဲ့ သတင်းထောက်တွေဟာ လိုက် ခွေးတွေလို အနံ့ခံပြီး ဒီကမ်းခြေကို တယောက်ပြီး ယောက် စုပြုံရောက်ရှိလာလိမ့်မယ်။ ပြီးတော့ အမိတီကမ်းခြေဟာ ကို ကြောက်စရာကောင်းတဲ့ ဒေသတခုအဖြစ် ရောက်အောင် တ်ကိုတအိတ်လုပ် ပုံကြီးချဲ့ ရေးကြလိမ့်မယ်။ ဒီလိုဆိုယင် ဘယ် သည်တွေက ကျုပ်တို့မြို့ကိုလာကြဦးမှာလဲ။ တနှစ်တာအတွက် တဲ့ ဝင်ငွေကို ကျုပ်တို့တတွေ ဘယ်နေရာမှာ သွားရှာကြ ခင်ဗျားအိတ်ထဲက ထွက်လာမလား၊ ကဲ..."

ဗောင်းသည် ပြောယင်းပြောယင်းမှုပင် ဒေါသသံ ပါလာ၍လ စိတ်လှုပ်ရှားမှုကြောင့် ဘို့ခန္ဓာကိုယ်ကြီးသည် တုန်တုန် င်ဖြစ်နေသည်။ ဘာရော့ဒီအနေဖြင့် ဗောင်းတယောက် ဤရွေ့ စိတ်ဆိုးမာန်ဆိုးနှင့် ပြောပုံဆိုပုံမျိုးကို ယခင်က တကြိမ်မျှ မြင် ခဲ့ရဖူးခြင်း မရှိ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ၊ ဒီလောက်တောင် ခေါင်းမာလှတာ ဟောဒီမှာကြည့်"

ဗောင်းသည် သူ့ကုတ်အင်္ကျီ အတွင်း၌ အသင့်ထည့်လာသော အမိတ်မြို့ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေ စာအုပ်ငယ်ကလေးကို ယူလိုက်ပြီး ဘရော့ဒီရှေ့တွင် ဖွင့်ပြလိုက်သည်။ ပြည်သူ့ဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံရသော အရာထမ်းတဦးကို ရာထူးဝန် ရွေးချယ်ရေးအဖွဲ့ဝင် အများစုက အချိန်မရွေး ရာထူးမှ ပြန်လည်ရုပ်သိမ်းပစ်နိုင်ကြောင်း ဖော်ပြထားလေသည်။

"ခင်ဗျားရဲ့ဆန္ဒကို ရုပ်မသိမ်းဘူးဆိုယင် ခင်ဗျားကိုပဲ လက်ရှိရာထူးက ရုပ်သိမ်းပစ်ရလိမ့်မယ်။ ခင်ဗျားနေ့ရာမှာ လူစားထိုးခန့်မှာပဲ"

ဘရော့ဒီသည် အားမတန်သဖြင့် မာန်လျော့ရလေတော့သည်။

"ကဲ၊ ခင်ဗျားက ဒီကမ်းခြေကို တကယ်ပဲ မပိတ်စေချင်ဘူးလားလယ်ရဲ့"ဟု မေးလိုက်သည်။

မိမိအလိုသို့ ဘရော့ဒီတယောက် ပါလာပြီဖြစ်သည်ကို ရိပ်စားမိသည့် ဗောင်းက အောင်နိုင်သူတဦး၏ လေသံဖြင့်–

"ဟုတ်တယ်မာတင်၊ ဒီကမ်းခြေကို ဖွင့်ထားလို့ ခင်ဗျားမှာ ဘာဆုံးရှုံးမှုရှိမှာ မဟုတ်ဘူးဆိုတာယုံပါ"

ဘရော့ဒီက သက်ပြင်းတချက် ချလိုက်ပြီး

"ကျွန်တော့်သဘောကတော့ ဒီကမ်းခြေကို ဖွင့်ပေးထားခြင်းဟာ အန္တရာယ်ပဲလို့ ယူဆတယ်။ ဒါပေမယ့် ဒီမြို့ရဲ့ ဝင်ငွေဒီလောက် အရေးကြီးနေတော့လဲ ခင်ဗျားတို့ အများစု သဘောအတိုင်းပဲပေါ့ဗျာ"

"ဟုတ်တယ် မာတင်၊ ဒီမြို့ရဲ့ဝင်ငွေဟာ တကယ်ပဲ အရေးကြီးနေပါတယ်"

ဗောင်းသည် ကျေနပ်အားရစွာ ပြုံးလိုက်သည်။ ဘရော့ဒီ ရိုးခန်းထဲသို့ ရောက်ကတည်းက ယခုအကြိမ်သည် ပထမဆုံးအကြိမ် ပြုံးလိုက်ခြင်းပင် ဖြစ်သည်။ သူသည် ထိုင်ရာမှ ထလိုက်ပြီး–





"အခုလို သဘောတူညီမှုရရှိတဲ့ အတွက် ကျေးဇူးတင်ပါတယ် မာတင်။ ကဲ၊ ကျွန်တော် မှာ မစ္စတာဖုန်နဲ့သွားတွေ့ပြီး မပြေလည်သေးတဲ့ ကိစ္စ ကလေးတွေကို ညှိနှိုင်းဖို့ကိစ္စက ရှိနေသေးလို့ ကျွန်တော် ပြန်ပါအုံးမယ်"

"အဲဒီလူတွေဟာ နှုတ်မဖွာဘူးလို့ ခင်ဗျား ပြောနိုင်သလား။ ဒီလူတွေက သူတို့သိသမျှကို တိုင်း(မ်စ်)နဲ့ နယူး(စ်) သတင်းစာက သတင်းထောက်တွေကို ဖွင့်မချလိုက်ဘူးလို့ ခင်ဗျားပြောရဲရဲ့လား"

"ဒီပြဿနာကို ခင်ဗျားဆီမှာလာပြီး ပြေလည်အောင် ဖြေရှင်းနိုင်သလို သူတို့နဲ့လဲ ပြေပြေလည်လည် ဖြစ်အောင် ဆောင်ရွက်နိုင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ခင်ဗျားကိုပြောစရာတခု ကျန်နေသေးတယ်။ မစ္စတာဝါ(တ်)ကင်းမှာ ဆွေမျိုးညာတိရော၊ ရင်းနှီးတဲ့ မိတ်ဆွေအပေါင်းအသင်းပါ မရှိပါဘူး။ သူ့အတွက် ပူဆွေးသောကရောက်မယ့် လူဆိုတာ တယောက်မှ မရှိဘူး။ သူ့အကြောင်း သိရသလောက်ကတော့ မစ္စဝါ(တ်)ကင်းဟာ ပြည်ထောင်စုရဲ့အနောက်မြောက်ဖျားဖြစ်တဲ့ အိုက်ဒါဟိုကနေပြီး ကျွန်တော်တို့ အမိတ်မြို့ရှိတဲ့ အရှေ့တောင်ဖျားအထိ ရရာအလုပ်ကို လုပ်စား၊ ရထားစီးပြီး ခြေသလုံး အိမ်တိုင်ပြု လေလွင့်လာခဲ့တဲ့ မိန်းမပေါ်လေးတဦး ဖြစ်တယ်ဆိုတာပါပဲ"

*



www.burmeseclassic.com

www.burmeseclassic.com



# ၄

## [က]

ဩဂုတ်လ ၂၀-ရက် သည်တနင်္ဂနွေနေ့တွင် ကျရောက်သည်၊

ရာသီဥတုသည် ဆက်လက်သာယာ ငြိမ်သက်လျက်ပင် ရှိနေသည် နေတောင်လေကလည်း ညင်းညင်းသာသာကလေးသာ တိုက်ခတ်လျ ရှိရာ ပင်လယ်ရေမြင်တွင် လှိုင်းခေါင်းဖြူများပင် ဖြစ်ပေါ်ခြင်းမ ပေ။ မွန်းတည့်ချိန်သို့ ရောက်သော် အိုး(လ်ဒ်) မီး(လ်)လမ်းနှ စကော့(ချ်)လမ်းတို့၏ အရှေ့ဘက်ရှိ ကမ်းခြေတလျှောက်လုံးသ အနားယူသူ၊ အပန်းဖြေသူများဖြင့် စည်ကားလျက် ရှိလေပြီ။ အ သားများသည် မျက်နှာသုတ်ပဝါ မြူထည်ရှည်ကြီးများပေါ်တွ လဲလျောင်းယင်း နေပူဆာ လှုံလျက်ရှိကြသည်။ သူတို့သည် ည ပိုင်းတွင် တင်းနစ်ကစားရန်နှင့် နယူးယောက်မြို့သို့ အပြန်ခရ





အတွက် အားမွေးနေကြဟန်ရှိသည်။ သူတို့ အိမ်သူသက်ထား ဇနီး သားများကမူ အလျှုမီနီယံ ဒန်သတ္တုဖြင့် ပြုလုပ်ထားသော နောက်မှီ ခေါက်ကုလားထိုင်လေးများပေါ်တွင်ထိုင်လျက် ဟယ်လင် ဏ် အင်းနတ်(စ်)၊ ဂျွန်ချီဗာ၊ တောလာကာလက်ဝဲ(လ်)စသည့် နာမည် ကျော် စာရေးဆရာတို့၏ ဝတ္ထုများဖြင့် ဇိမ်ယူလျက် ရှိကြသည်။

ဆယ်ကျော်သက်ရွယ် လုံမပျိုတသိုက်ကမူ သဲသောင်ပြင်ပေါ်တွင် ဒသီကြီးများ ခင်းလျက် မှောက်သူမှောက်၊ လှန်သူလှန်၊ လဲလျောင်း ယင်းဖြင့် နေရောင်ခြည်၏အရသာကို ခံစားနေကြသည်။ ခန္ဓာကိုယ်၏ ဖြူဖွေးသော အတွင်းသားများ ညိုမောင်းနီတွေးသော အရောင် ရရှိရေး၊ နေရောင်ခြည်သမမျှတစွာ ရရှိရေးတို့ အတွက် သူမတို့၏ ခန္ဓာကိုယ်များပေါ်ရှိ ဘီကနီရေကူးဝတ်စုံတို့၏ သိုင်းကြိုးများကို ဖြေလျှော့ ချထားကြသည်။လူပျိုလူရွယ်များကလည်း အညှီရှိရာတွင် ယင်အုံသလို ချောမောလှပ စိုပြည်တောင့်တင်းသော အမျိုးသမီး များ၏ အနီးတွင်သာတရစ်ဝဲဝဲရှိနေကြသည်။ သူတို့သည် တောက်ရိုး ဦးဆုပ်များကို မျက်နှာပေါ်သို့ အုပ်၍လည်းကောင်း၊ နေကာမျက်မှန် များ တပ်၍လည်းကောင်း ပိုးလိုးပက်လက် အိပ်စက်နေကြသော 'ဆမ်းခြေမယ်'လေးများ၏ ဖုထစ်မောက်ကြွ တောင့်တင်း လုံးဝန်း သော စိတ်လှုပ်ရှားဖွယ်ရာ ခန္ဓာကိုယ်အစိတ်အပိုင်း အသီးသီးကို အားမနာတမ်း မျက်စိစားပွဲထိုင်လျက် ရှိကြသည်။ မချောလေးများ ကသည်း ကိုရွေကာလသားများ မိမိတို့အနီးတွင် ရှိမှန်းသိ၍ တမင် ပင် ကြူလေ၊ မူလေ၊ မြူလေရော့သလား မသိ။ ဘီကနီ ဖြေလျှော့ လျှော့ မိမိတို့၏ခန္ဓာကိုယ်များကို ဟိုလှိမ့်သည်စောင်း နေရာပြောင်း ပြောင်း 'ဖို'သတ္တဝါတို့၏ အမြင်အာရုံကို သစ်ဆန်းစေလျက်ရှိ၏။ 'ဖို' သတ္တဝါတို့၏ရင်ကို ပို၍ပို၍ 'ဖို' စေလျက် ရှိပေ၏။

ကလေးငယ်များအဖို့မူ အမိုက် သဲသောင်ပြင်ကျယ်ကြီး တခုလုံး သည် ရောမ ကစားကွင်းကြီးတခုပင် ဖြစ်တော့သည်။ သူတို့သည် ရေစပ်စပ် သဲသောင်ပြင်ပေါ်တွင် ခရုကောက်၊ တွင်းတူး၊ သဲအိမ်



www.burmeseclassic.com

www.burmeseclassic.com



ဆောက် စသည်ဖြင့် မအားနိုင်အောင် ရှိလေသည်။သူတို့စိတ်အတွင်း ဝယ် မိမိတို့ငယ်စဉ်က ဘာတွေဖြစ်ခဲ့သည်၊ နောင်ကြီးပြင်းလာမည့် အနာဂတ်ကာလတွင် အဘယ်သို့သော ပုဂ္ဂိုလ်ကြီးမျိုး ဖြစ်လာရ မည် စသည်ဖြင့် အလိုရမ္မက် ကြီးမားတောင့်တ ကြောင့်ကြစိတ်များ မရှိ။ လောဘ၊ ဒေါသ၊ မောဟ စိတ်များမရှိ။ သူတို့ အတွင်းစိတ် အတွင်းအသိသညာခံသည် ပကတိအမှန်ပင် အညစ်အကြေးကင်းစင် ဖြူစင်ကြလေစွ။

ဤသို့သော ကလေးပေါင်း များစွာတို့အနက်မှ အသက် ခြောက်နှစ်အရွယ်ရှိ 'အလက်' ဟူသည့် အမည်ရှိ ချာတိတ်ငယ် တယောက်သည် ကျောက်ခဲပြားလေးများဖြင့် ပင်လယ် ရေမျက်နှာ ပြင်ပေါ်သို့ ရှပ်တိုက်ပစ်ခတ် ဆော့ကစားလျက်ရှိ၏။ သူ၏မိခင်သည် သူနှင့်မလှမ်းမကမ်းရှိ ဒလီတခုပေါ်တွင် လဲလျောင်းလျက် ရှိသည်။ ထိုသို့ ကစားလျက်ရှိရာမှ အတန်ကြာသော် အလက်သည် ပျင်းရိ ငြီးငွေ့ဟန်ဖြင့် သူ့မိခင်ရှိရာသို့ လျှောက်လာပြီး မိခင်၏ နံဘေးရှိ လွတ်နေသော ဒလီပေါ်သို့ သူ၏ကိုယ်ကို လှဲချလိုက်သည်။

"မေမေ...."

အလက်သည် ရည်ရွယ်ချက်ကင်းမဲ့စွာဖြင့် သဲပြင်ပေါ်တွင် အရုပ် လေးများရေးခြစ်နေရာမှ သူ၏မိခင်ကို ခေါ်လိုက်သည်။ သူ၏ မိခင် သည် မှိတ်ထားသောမျက်လုံးကို ဖြည်းညင်းစွာ ဖွင့်လိုက်ပြီး မျက်နှာ ပေါ်သို့ ကျဆင်းနေသော နေရောင်ခြည်ကို လက်ဝါးဖြင့်ကာယင်း—

"ဘာလဲသား" ဟု မေးလိုက်သည်။

"သား ပျင်းလာပြီ မေမေ"

"ဘာလို့ပျင်းရတာလဲ သားရယ်။ သွားဆော့နေချေပါလား လို့"

"ဟင့်အင်း၊ ကျွန်တော်မကစားချင်တော့ဘူးမေမေ"

"သားရယ်၊ မေမေ ပင်ပန်းလွန်းလို့ပါကွယ်။ မေမေ့ကိုမနှောင့် ယှက်ပါနဲ့နော်။ မေမေ ခဏအနားယူပါရစေအုံး"





"ဒါဖြင့် ဒီရာဘာဖောင်လေးကို ကျွန်တော် ယူသွားမယ်နော်"

"သားက ဘယ်ကို သွားမှာလဲ"

"ဒီနားလေးတင်ပါ မေမေ၊ ကျွန်တော် လှိုင်းစီး ချင်လို့ပါ။ ကျွန်တော် ဒီဖောင်လေးပေါ်မှာပဲ အိပ်နေမှာပါ၊ ရေထဲဆင်းမကူး ဘူးမေမေရ"

သူ့မိခင်သည် လှဲလျောင်းနေရာမှ ထထိုင်လိုက်သည်။ ပြီး နေကာ မျက်မှန်ကို တပ်လိုက်သည်။ သူမသည် ပင်လယ်ကမ်းစပ်တလျှောက် ကိုသည်သည်လှမ်းမျှော်ကြည့်လိုက်သည်။သူတို့နှင့် ကိုက်သုံးဆယ်ခန့် ဝေးသည့် ကမ်းခြေတနေရာတွင် လူ တဦးသည် သူ၏ခါးလယ် လောက်အထိ မြုပ်နေသည့် ရေအနက်တွင်ရပ်လျက်ရှိသည်။ ကလေး ငယ်တယောက်ကိုလည်း သူ၏ပခုံးထက်တွင် ထမ်းပိုးလျက် ပင်လယ် ပြင် တနေရာသို့ ငေးမျှော်ကြည့်လျက် ရှိချေသည်။

"ကောင်းပြီလေ။ သား သွားချင်သပဆိုယင်လဲ သွားပေါ့။ ဒါ ပေမယ့် သိပ်ဝေးဝေးတော့ မသွားရဘူးနော်။ ရေလဲ ဆင်းမကူးနဲ့၊ ဖောင်ပေါ်မှာပဲ နေရမယ်....ဟုတ်လား"

မိခင်သည် သူ့သားကို အလေးအနက်ထား၍ ပြောနေခြင်းကို သိလွင်စေရန် သူမ၏ နေကာမျက်မှန်ကို အောက်သို့လျှောချလိုက် ပြီး သူ့သားအား စူးစူးစိုက်စိုက်ကြည့်ကာ ကတိတောင်းလိုက်သည်။

"ဟုတ်ကဲ့ပါ မေမေ"

ချာတိတ်လေးသည် သူ၏ဆန္ဒ ပြည့်ဝသွားပြီဖြစ်၍ သွက်လက်ပေါ့ ပါးစွာ နေရာမှထလိုက်ပြီး ရာဘာဖောင်လေးကို လက်နှစ်ဘက်ဖြင့် အသွတ်ဆွဲယူ သွားလေသည်။ သူ့ခါးလယ်ခန့်အထိ မြုပ်သော ရေ အနက်သို့ရောက်သောအခါ အလက်သည် သူ့ခန္ဓာကိုယ် အပေါ် ပိုင်းကို ရာဘာဖောင်လေးပေါ်သို့ မှောက်ချလိုက်သည်။ ထိုအချိန် တွင် လှိုင်းတချက်ပုတ်လိုက်သဖြင့် ရာဘာဖောင်လေးမှာ အထက်သို့ အနည်းငယ် မြောက်တက်သွားခဲ့သည်။ သို့တစေ အလက်သည် ဖောင်လေးပေါ်တွင် ကောင်းစွာနေရာယူမိပြီး ဖြစ်နေပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ဖောင်အထက်တွင် စမ်းလျားမှောက်လျက်မှ ရေမျ
ကို လက်နှစ်ဘက်ဖြင့် ညင်သာစွာ ယက်ဆွဲလျက်ရှိ၏။ မသိသာ
လောက်အောင် ညင်သာသော ရေစီးကြောင်းတခုက ရာဘာဖော
လေးကို ရေနက်ထဲသို့ တဖြည်းဖြည်း ဆွဲယူသွားနေကြောင်းကို
သူကလေးခမျာ အလျှင်း သတိမပြုမိခဲ့ပါချေ။

ကမ်းစပ်မှ ဂိုက်ငါးဆယ်အကွာအဝေး၏ ဟိုဘက်သို့ ကျော်လွ
သွားပြီဆိုလျှင်ပင် ဤဒေသရှိ ရေအောက်ကြမ်းပြင်သည် ပြေ
ညီညွတ်ခြင်း အလျှင်းမရှိတော့ချေ။ ဂိုက်ငါးဆယ်မပြည့်မီက အဆ
ပြေပြေရှိခဲ့ရာမှ ဂိုက်ငါးဆယ်ကျော်ပြီ ဆိုသည်နှင့် တမုဟုတ်ချ
စောက်နက်သွားတော့သည်။ ရေအောက် ကြမ်းပြင်သည် မူလ
ပင်လယ်ရေမျက်နှာပြင်မှ နိမ့်ဆောင့် တစ်ဆယ်ဒီဂရီရှိနေရာမှ ဂိ
အကွာအဝေးသို့ ရောက်သည်တွင် လေးဆယ့်ငါးဒီဂရီသို့ ရုတ်ခြည်
နိမ့်ကျသွားလေတော့၏။ ထို့ကြောင့် ရေထု၏ အနက်သည်လည်
ပထမ ဆယ့်ငါးပေ။ ယင်းမှ နှစ်ဆယ့်ငါးပေ၊ တဖန် ပေလေးဆယ
ထို့နောက် ပေငါးဆယ်အထိ အကြီးအကျယ် နက်ရှိုင်း သွာ
တော့သည်။

ပင်လယ်ရေပြင်အောက် အနက်သုံးဆယ့်ငါးပေခန့်တွင် ငါးကြီး
တကောင်သည် ညင်ညင်သာသာ လွန့်လူးကူးခတ်လျက်ရှိသည်။ သူ
အမြီးကြီးသည် ဗယ်ယိမ်းညာသွဲ့ တလှုပ်လှုပ် တယမ်းယမ်းဖြ
ငါးကြီး၏ဦးတည်ရာ တည့်မတ်မှန်ကန်ခြင်းဖြစ်အောင် ထိန်းကျောင်း
ပေးလျက်ရှိ၏။ ငါးကြီးသည် အမိတီရေချိုးဆိပ်ကမ်းနှင့် မျဉ်းပြိုင်
ပြု၍ ကူးခတ်နေရာမှ ရုတ်တရက် ကမ်းခြေသို့ ဦးတည်လိုက်သည်။
ပင်လယ်ရေပြင်ထုအောက်ရှိ ကြမ်းခင်းမြေသားမှာ ကမ်းခြေနှင့် နီး
လာလေလေ အပေါ်သို့ မြင့်တက်လာလေလေဖြစ်ရာ ငါးကြီး၏
ကိုယ်ခန္ဓာသည်လည်း ရေမျက်နှာပြင်ပေါ်သို့ တဖြည်းဖြည်း ပေါ်
ထွက်လာခဲ့သည်။ ငါးကြီး၏မျက်စိသည် ရေအောက်တွင်သာ ပိုမို
ထင်ရှားစွာ မြင်တွေ့ရသည်ဖြစ်ရာ ရေပေါ်တွင် မည်သည့် အရာ





များ တည်ရှိနေသည် ဆိုသည်ကိုမူ ယခုထက်တိုင် မသိရှိ
ပေ။

အလက်လေးသည် ရာဘာဖောင်လေးပေါ်တွင် မှောက်ခုံလေး
သွတ် လှိုင်းစီးနေရာမှ လက်နှစ်ဘက်ကို ရေထဲသို့ တွဲလောင်း
ားလိုက်၏။ သူ၏ခြေဖျားလေးများနှင့် ခြေကျင်းဝတ်မှာမူကား
အဘက်အကျတွင် မြုပ်ချည်ပေါ်ချည်နှင့် ရှိနေကြ၏။ သူသည်
ါင်းကို ကမ်းခြေဘက်သို့ လှည့်ထားသည်ဖြစ်ရာ သူ၏ဖောင်
လေးသည် ကမ်းခြေမှ အတန် ကွာလှမ်းလာပြီ ဖြစ်ကြောင်းကို
တ် သတိပြုလိုက်မိသည်။ သူ့မိခင်၏ခွင့်ပြုချက်ထက် ကျော်လွန်
ပြီ ဖြစ်ကြောင်းကိုသည်းနားလည်လိုက်သည်။ သို့သော် အလက်
ကြောက်ရွံ့ ထိတ်လန့်စိတ် အလျှင်းမရှိချေ။ အကြောင်းကာ
ယ်ပြင်တွင် လှိုင်းလေထန်ခြင်း အလျှင်းမရှိရုံမျှမက သူ ရောက်ရှိ
သည့် နေရာသည်လည်း ဂိုက်ငါးဆယ်ထက် ကျော်လွန်ခြင်း မရှိ
သောကြောင့်ပင်တည်း။

သို့တစေ–

သူ၏မိခင်သာ သိရှိသွားခဲ့ပါက သူ့အား ရေထဲတွင် ဆက်လက်
ာ့ကစားခွင့် ပေးတော့မည် မဟုတ်ပဲ ကမ်းပေါ်သို့ အတက်
တော့မည်သာ ဖြစ်လေသည်။ ထို့ကြောင့် ကမ်းခြေနှင့် နီးကပ်
ားစေရန် လက်နှစ်ဘက်ဖြင့် ရေကိုယက်ခြင်း၊ ခြေထောက်ဖြင့်
ကိုခတ်ခြင်းများကို ဖြူလုပ်လိုက်သည်။ ရေကိုယက်သည့် သူ၏
တ်များက ညင်သာသလောက် ရေကို ခတ်ထုတ်သော ခြေထောက်
ရေထိသံများကမူ 'ဖျတ်ဖျတ်' 'ဖျတ်ဖျတ်'ဟူသည့် အဆက်မပြတ်
သံများကို ဖြစ်ပေါ်စေခဲ့လေသည်၊ ခြေထောက်နှင့် ရေကိုခတ်
မှုကြောင့် ရေပန်း ရေမွှားများ၊ ရေပလုံစီ များသည်လည်း
ဆက်မပြတ် ဖြစ်ပေါ်လာတော့သည်။

ငါးကြီးသည် ရေပြင်ပေါ်တွင် ထွက်ပေါ်လျက်ရှိသော အသံ
ားကိုမူ မကြားချေ။ သို့တစေ အလက်၏ ခြေထောက်ပုပ်ရှားမှု



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ရေထုအတွင်း ရေလှိုင်းလေးများ တမုဟုတ်ချင်း ပြောင်းလဲသွားကြောင်းကိုမူ သူ၏ ခံစားမှု အာရုံကြောလေးများက ခံစား သိရှိလိုက်သည်။ လှုပ်ရှားမှုကို ဖြစ်ပေါ်စေသော အရာဝတ္ထုသည် ရေမျက်နှာပြင်ပေါ်တွင်အမှန်ပင် တည်ရှိနေကြောင်းနှင့် ယင်းဝတ္ထုပစ္စည်းသည် ကမ်းခြေဆီသို့ ဦးတည်ရွေ့လျားလျက် ရှိပြီဖြစ်ကြောင်းကိုမူ ငါးမန်းကြီး သိရှိသွားခဲ့ပြီ ဖြစ်သည်။

ထိုစဉ်မှာပင် အလက်သည် ခြေခတ်မှုကို ခေတ္တရပ်နားထားလိုက်သည်။ ရေလှိုင်းလေးများ၏ ရွေ့လျားပြောင်းလဲမှုသည် ရုတ်တရက် လျော့နည်းသွားလေသည်။ ထို့ကြောင့် ငါးမန်းကြီးသည် သူ၏ ကူးခတ်နှုန်းကို လျှော့ချပစ်လိုက်သည်။ ဦးခေါင်းကြီးကို ဟိုဟိုသည်သည် ဝှဲစောင်းယင်းမှ လှုပ်ရှားမှုကို ဖြစ်ပေါ်စေသည့်ပစ္စည်းကို တွေ့နိုးနိုး ရှာဖွေကြည့်ရှုလိုက်သည်။ အလက်သည် လုံးဝ ငြိမ်သက်လျက်ရှိရာ ငါးမန်းကြီးသည် မိမိ၏သားကောင်ကို ရှာမတွေ့တော့ပဲ ရေအောက်သဲကြမ်းပြင်နှင့် အလက်၏ ရာဘာဖောင်လေးအကြားမှပင် အမှတ်တမဲ့ ဖြတ်သန်းကူးခတ်သွားခဲ့မိလေသည်။

ချာဟိတ်လေးသည် သူ၏ ခြေထောက်များကို ပြန်လည် လှုပ်ရှားလိုက်ပြန်သည်။ သည်တကြိမ်တွင်မူ သူသည် လက်ကို အမိကထားရှ်ဆွဲသည်။ ခြေကိုမူ သုံးကြိမ်ခတ်ရမည့်နေရာတွင် တကြိမ်သာလျှင် ခတ်တော့သည်။ သို့စေကာမူ အလက်၏ ခြေထောက်က တကြိမ်ခတ်လိုက်တိုင်း ရေလှိုင်းများသည် လှုပ်ရှားမှုသတင်းတခုကို ငါးမန်းဖြူကြီးထံ မှန်မှန်သတင်းပို့ပေးလျက် ရှိ၏။ ငါးကြီးသည် နောက်ကြောင်းသို့ ပြန်လှည့်လာသည်။ သည်တကြိမ်တွင်မူ ရေမျက်နှာပြင်ပေါ်ရှိ သူ၏သားကောင်ကို အလွယ်တကူ မြင်တွေ့သွားခဲ့လေသည်။ ထို့ကြောင့် ငါးမန်းဖြူကြီးသည် ရေအောက်သဲကြမ်းပြင်နှင့် ထိလုနီးပါး ကူးခတ်နေရာမှ ရေပေါ်သို့ အမြန်ဆုံးသော နည်းဖြင့် တက်ရောက်လာခဲ့၏။ သူသည် ကိုယ်ကို ကွေ့ဝိုက်ကူးမနေတော့ပဲ ခေါင်းသိုက် အပေါ်သို့ တက်လာခဲ့ခြင်းပင် ဖြစ်တော့သည်။





အလက် နောက်ဆုံးသိရှိလိုက်ရသည့် တခုတည်းသောအချက်မှာ … ဝမ်းဗိုက်အား ပစ္စည်းတစုံတခုဖြင့် အရှိန်ပြင်းပြင်း ဆောင့်ထိုး …တ်ရခြင်းပင် ဖြစ်သည်။အငိုက်တွင် အရိုက်သို့ ဆောင့်ထိုးခံလိုက် …ည်ဖြစ်ရာ သူသည် ဟစ်အော်အကူအညီတောင်းဖို့ဝေးစွ အသက် …ပင် အချိန်မရလိုက်ပါချေ။ အကယ်၍ ဟစ်အော်ဖို့ အချိန် …ည်ထားဘိဦး။ ဘာကိုအော်ရမှန်းပင် သူသိမည် မဟုတ်ပါချေ။ …ကြောင်းကား ငါးကြီးကို သူလုံးဝမမြင်တွေ့လိုက်ရသောကြောင့် …တည်း။

ငါးကြီး၏ဦးခေါင်းသည် ရာဘာဖောင်ကလေးကိုရေမျက်နှာပြင် …ထက် ပေအတော်မြင့်မြင့်သို့ မြောက်တက်သွားစေခဲ့လေသည်။ ငါးကြီး၏ပါးစပ်ပြဲကြီးသည် သူငယ်လေး၏ ဦးခေါင်း၊လက်မောင်း၊ … ခန္ဓာကိုယ်အလယ်ပိုင်းနှင့် ရာဘာဖောင်လေး၏ အစိတ်အပိုင်း …တော်များများကို တကိုက်တည်းနှင့် ပိုင်းဖြတ် ဝါးမျိုပစ်လိုက် …သည်။ အလက်အား ဖမ်းဟပ်ကိုက်စားလိုက်ချိန်တွင် ငါးကြီး၏ …ကိုယ်တဝက်ခန့်သည် ရေမျက်နှာပြင်ထက်သို့ ဘွားကနဲမြောက် …တက်ပေါ်ထွက်လာခဲ့ပြီး ပင်လယ်ပြင်တွင်းသို့ ပြန်လည်ဂျွမ်းဆင်း ငုပ် …ဦးဘွယ်ပျောက်သွားခဲ့လေသည်။

…ဘမ်းစပ်သဲသောင်ပြင်ပေါ်တွင်ရပ်လျက် ပင်လယ်ပြင်ကို ကြည့် …နေသော လူကြီးသည် မနီးမဝေးရေပြင်ပေါ်တွင် တစုံတခုကို ရုတ် …တည်း မြင်တွေ့လိုက်ရသည်။ သို့သော် ထိုအရာသည် မည်သည့်ပစ္စည်း …သည် ဆိုသည်ကိုမူ မသေချာလှပေ။ သို့တစေ သူ၏နှုတ်ဖျားမှ …ယ်"ဟူသည့် အာမေဍိတ်သံ ထွက်သွားခဲ့၏။

"ဘာလဲဖေဖေ၊ ဘာလဲ"

သားငယ်ဖြစ်သူသည် ဖခင်ဖြစ်သူအား တအံ့တသြဖြင့် မေးမိုက် …သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုနားမှာ ငါးမန်းလား၊ ဝေလငါးလားမသိဘူး။ အတော်ကြီး တဲ့ သတ္တဝါကြီးတဲကောင် ခုန်ထွက်လာတာ မြင်လိုက်ရသလားလို့"

သဲသောင်ပြင်ပေါ်တွင် မပျော်တချက်၊ ပျော်တဝက်ဖြင့် အိပ် လျက်ရှိသော အလက်၏မိခင်သည် အိပ်ရာမှ နိုးလာခဲ့ပြီ ဖြစ်သည်။ သူမသည် မြေရာခင်းပေါ်တွင် ထထိုင်လိုက်ပြီး ရေစပ်စပ်တွင် ရပ် လျက်ရှိသော လူကြီးအား အမှတ်မထင် လှမ်းမျှော်ကြည့်လိုက် မိသည်။ ထိုလူကြီးသည် ပင်လယ်ပြင်တနေရာသို့ လက်ညှိုးထိုး၍ သူ့သားအား တစုံတခုကို ပြောပြနေကြောင်း သူမ မြင်တွေ့ရသည်။ သို့သော် သူတို့သားအဖနှစ်ဦး ဘာတွေပြောနေကြသည် ဆိုသည် ကိုမူကား လုံးဝ မကြားရချေ။ ထို့ကြောင့် သူမသည် မျက်နှာပြင် ပေါ်သို့ ဖြာဆင်းနေသော နေရောင်ခြည်ကို လက်ဝါးဖြင့်ကာယ ထိုလူကြီးညွှန်ထားရာ ရေပြင်တနေရာဆီသို့ လှမ်းမျှော်ကြည့်လိုက် သည်။ နေရောင်ခြည် လာရောက် ထိတွေ့မှုကြောင့် မျက်စိကျိန်း လောက်အောင် ထလက်လက်တောက်ပပြီး တဖျတ်ဖျတ် လှုပ်ရှား နေသော ရေပြင်ကျယ်ကြီးမှလွဲ၍ ဘာတခုကိုမျှ သူမ မတွေ့ရပါ ချေ။ ထို့ကြောင့် မြေရာခင်းပေါ်သို့ အသာပြန်လှဲချယင်း မျက်စိ များကို စုံမှိတ်ထားလိုက်သည်။ သို့သော် မိမိ၏ သားလေးအလက် မှာ ပင်လယ်ရေပြင်ပေါ်တွင် ဖောင်စီး ဆော့ကစားနေခဲ့သည်ကို ရုတ်တရက် သတိရလာသဖြင့် ချက်ချင်း ထထိုင်လိုက်ပြီး အလက် ဖောင်စီးနေသည်ကို နောက်ဆုံး မြင်တွေ့ခဲ့ရသည့်နေရာသို့ အလျင် အမြန် ကြည့်လိုက်သည်။ တပြိုင်တည်းဆိုသလို နှုတ်မှလည်း ဟစ် ခေါ်လိုက်မိလေသည်။

"အလက်....သားရေ၊ လူတလေး"

*





[၁]

ဘရော့ဒီသည် သူ၏ နေအိမ်တွင် နေ့လယ်စာစားလျက်ရှိသည်။ အယ်လင်းက သူ့အနီးမှနေ၍ လိုအပ်သည်များကို ဖြည့်ဆည်းပေး နေ၏။ "အာလူးဟင်းရှိသေးယင် နည်းနည်းလုပ်ပေါ်အုံးကွ" ဟု သူက အယ်လင်းအား လှမ်းပြောလိုက်စဉ်မှာပင် တယ်လီဖုန်းသံက ရုတ် တရက် မြည်ဟည်းလာခဲ့သည်။ အယ်လင်းက—

"ကျွန်မကိုင်လိုက်မယ်လေ" ဟု ပြောရာ ဘရော့ဒီက—

"နေ....နေ၊ ဒါ ကိုယ့်အတွက်ပဲ ဖြစ်မှာပါ" ဟူ၍ ဟန့်တားလိုက် သည်၊ သူကိုယ်တိုင်သည်း ကုလားထိုင်မှ ထလိုက်ပြီး ဖြစ်၏၊ ဘရော့ ဒီ လင်မယားနှစ်ဦးအကြားတွင် ဤသို့ မကြာခဏ ဖြစ်တတ်၏။ အယ်လင်းက နှုတ်သွက်သည်၊ "ကျွန်မလုပ်လိုက်မယ်"၊ "ကျွန်မ ယူပေးမယ်" စသည်ဖြင့် ဦးအောင်ပြောသူမှာ အယ်လင်း ဖြစ်သည်။ တယ်တမ်းလုပ်ရသူ၊ ထတယ်တမ်း ယူပေးရသူကား ဘရော့ဒီသာ ဖြစ်သည်။ တခါတရံ မီးဖိုခန်းထဲတွင် တစုံတခု မေ့ကျန်နေပါက "အင်၊ မီးဖိုခန်းထဲမှာ လက်သုတ်ပဝါမေ့နေခဲ့ပြီ။ ကျွန်မသွားယူ လိုက်အုံးမယ်" ဟု အယ်လင်း၏မါးစပ်က ပြောပေမည်။ သို့သော် သူသည် နေရာမှ ရွေ့မင်ရွေ့လိမ့်မည်မဟုတ်။ သူမက ထိုသို့ ပြော လိုက်ပြီဆိုလျှင် တကယ်တမ်း ထယူ၊ ထလုပ်ရမည့်သူမှာ ဘရော့ဒီ သာလျှင်ဖြစ်ကြောင်း သူတို့နှစ်ဦးစလုံး၏ ဝမ်းထဲတွင် ကိုယ်စီကိုယ်စီ နားလည်ထားပြီးသား ဖြစ်၏။ ယခုလည်း သူမအကြောင်းကို နားလည်ပြီးသား ဖြစ်သော ဘရော့ဒီက ကုလားထိုင်မှ ဦးစွာ ထလိုက်သည်။

တယ်လီဖုန်းကို ဘရော့ဒီက ကောက်ယူလိုက်သည်နှင့် တပြိုင်နက် ဘက်မှ စကားပြောသူ၏အသံ ချက်ချင်း ပေါ်လာသည်။

"ကျွန်တော် ဘစ်အီ ပြောနေပါတယ်ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



စခန်းမှ တာဝန်ကျ ရဲသားထံမှ ဖြစ်သည်။

"ကဲ၊ ဆိုစမ်းပါအုံးဘစ်ဘီ၊ ဘာများလဲ"

"ဒီလိုပါဆရာ...."

ဘစ်ဘီ၏အသံကို နားထောင် ကြည့်ရခြင်းအားဖြင့် သူတာဝ
တွင် အရေးတကြီး တင်ပြစရာကိစ္စတခု ရှိနေပြီဖြစ်ကြောင်း၊ သို့သေ
တယ်လီဖုန်းမှတဆင့် အသေးစိတ် တင်ပြရန်ကိုမူ ဝန်လေးလျက်
ကြောင်း ဘရေ့ဒီ ရိပ်စားမိလိုက်သည်။ ဘစ်ဘီသည် ရဲဌာ
အတွင်းရှိ တစုံတယောက်နှင့် တစုံတခု ပြောဆိုနေသံ သဲ့သဲ့
ဘရေ့ဒီ ကြားနေရသည်။ ခဏအကြာတွင် ဘစ်ဘီအသံ ပြန်ပေ
လာသည်။

"အခု ရဲဌာနထဲကို အမျိုးသမီးတယောက် ရောက်နေပါတ
ဆရာ။ အခု သူမဟာ ပဋ္ဌာမြေလူး အရူးတပိုင်း ဖြစ်နေပါတ
ဆရာ"

"နေပါအုံး၊ သူက ဘာဖြစ်လို့ ပဋ္ဌာမြေလူးဖြစ်နေရတာတုန်း"

"သူ့သားလေး ကမ်းခြေမှာဆော့...."

ဘရေ့ဒီရင်ထဲတွင် ဒိန်းကနဲဖြစ်သွားသည်။

ဘစ်ဘီက ဆက်လက်၍....

"ဆရာ ဒီနေ့ **ကြာသပတေးနေ့ပါ** ဆရာ"

အမှန်မှာ ထိုနေ့သည် ကြာသပတေးနေ့ မဟုတ်။ တနင်္ဂနွေနေ့
ဖြစ်မှန်း ဘရေ့ဒီ သိသည်။ သားအတွက် ပဋ္ဌာမြေလူး အရူးသဖွ
ပူဆွေးသောက ရောက်နေရသူတဦး၏ ရှေ့တွင် သူ့သား သေဆုံး
ကြောင်း ဘရေ့ဒီကို ပြောပြရန်မှာ ဘစ်ဘီအဖို့ မျက်နှာ ပူစရာ
ဖြစ်နေသည်မှာ အမှန်ပင်။

သို့သော် ဘစ်ဘီသည် လိမ္မာ ပါးနပ်စွာပင် သူ့ဆရာထံ
လျှို့ဝှက်စကားတခုဖြင့် သတင်းပေးပို့ ခဲ့လေသည်။ ထိုနေ့သ
တနင်္ဂနွေနေ့ဖြစ်လျက်နှင့် ကြာသပတေးနေ့ဟု ဆိုခဲ့ချေသည်။ 'ကြာ
သပတေးနေ့' သည် စကားဝှက်ပင်။ မစ္စခရစ်စတင်း ဝါ့(တ်)ကငး



...ည်ရှိအမျိုးသမီးတဦးသည် လွန်ခဲ့သောလေးရက်၊ 'ကြာသပတေး'
...နေ့နက်တွင် ပင်လယ်ဗြင်း၌ ရေကူးနေစဉ် ငါးမန်း အတိုက်ခံရကာ
...ဆုံးခဲ့သည် မဟုတ်ပါလား။

ဘရေ့ဒီကလည်း အခြေအနေကို ရိပ်စားမိလိုက်သည်။

"အေးအေး၊ စခန်းကို ငါအခုပဲ လာခဲ့မယ်"

*

ဘရေ့ဒီ တကိုယ်လုံးသည် နယ်ကျသည့်နှယ် တုန်တုန်ယင်ယင်
...နေသည်။ မိမိသည် သစ္စာဖောက်ခံလိုက်ရသူ တဦးလိုရော၊ သစ္စာ
...မိသူ တဦးလိုပါ ဝမ်းနည်းတသ ခံစားနေရမိသည်။ မိမိက
...ါးအပေါ် လှည့်စားခဲ့သလိုလို၊ မိမိကိုယ်၌ကပင် အလှည့်စား
...ခံရသလိုလို မအီမလည် မကြည်မသာ ခံစားချက်မျိုး ကိုလည်း
...နေရမိသည်။ မိမိ၏ ဆန္ဒရင်းမပါပဲ ခေါးမိုးအကြပ်ကိုင်ခြင်းခံရ
... ရာဇဝတ်မှုတခု ကျူးလွန်မိသူတဦး ပမာလည်း ခံစားနေရမိ
...သခုကိစ္စသည် သူ့အပေါ်သို့ လုံးလုံး တာဝန် ပုံကျလာခဲ့ချေပြီ။
...သာယ် တာဝန်ပျက်ကွက်သူမှာ 'သူ' မဟုတ်။ လယ်ရီဗောင်း
...ခေါင်းအပါတစုတို့ သည်သာလျှင် နံပါတ်တစ် တရားခံ ဖြစ်
...သည်။ 'သူ'က အမှန်တရားကို ဖော်ထုတ် အသိပေးလိုခဲ့သည်။
... 'သူတို့'က အာဏာအရှိန်အဝါသုံးစွဲပြီး သူ့ကို 'သြဇာ'
...ကြသည်။ အပြစ်တင်ခြင်းတင်လျှင် လယ်ရီနှင့် အပေါင်းပါ
...သာ အပြစ်တင်ရချိမ့်မည်။ သို့သော် ဤအကြောင်းများကိုမူ
...မြို့နေ ပြည်သူများက လုံးဝသိရှိကြလိမ့်မည် မဟုတ်။ ဘရေ့ဒီ
... တာဝန်အရှိဆုံး ပုဂ္ဂိုလ်အနေနှင့် မြင်ကြပေမည်။ လက်ညှိုး
...ပြစ်တင် ရှုတ်ချကြပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲစခန်း၏ အနောက်ဘက်သို့ ဘရော့ဒီ စီးလာသည့်ကား ဆိုက်ရောက် လာသောအခါတွင် လီဒါ သတင်းစာတိုက်၏ အယ်ဒီတာ ဟယ်ရီမီးဒိုး(စ်)သည် သူ့အား ဆီးကြိုလျက်ရှိကြောင်းကို ဘရော့ဒီ တွေ့လိုက်ရသည်။ မီးဒိုး (စ်) သည်ကားတံခါးကိုဆွဲဖွင့်ပြီး ဘရော့ဒီ နံဘေးရှိ ထိုင်ခုံလွတ်တွင် ဝင်ထိုင်လိုက်သည်။

"ပြဿနာတွေကတော့ တက်ကုန်ပြီဗျ" ဟု ပြောလိုက်သည်။

"ဟုတ်လား၊ အထဲမှာ ဘယ်သူတွေ ရောက်နေသလဲ ဟယ်ရီ"

"တိုင်း (မ်၊စ်) သတင်းစာတိုက်က လူတယောက်၊ နယူး(စ်)ဒေး က လူနှစ်ယောက်၊ ကျွန်တော့်တိုက်က တယောက်နဲ့ ပြီးတော့ ပျောက်သွားတဲ့ ကလေးရဲ့ အမေနဲ့၊ အဲဒီ အဖြစ်အပျက်ကို မြင်တွေ့လိုက်တယ်ဆိုတဲ့ လူတယောက်၊ သူတို့အားလုံး ခင်ဗျားကို စောင့်နေကြလေရဲ့"

"နေပါအုံး။ တိုင်း (မ်၊စ်) သတင်းစာက ဘယ်လိုလုပ်ပြီး ဒီမှာ ပါလာရတာလဲ"

"ကံဆိုးချင်လို့ပေါ့ဗျာ၊ သူက ရုံးပိတ်ရက်မှာ ဒီကမ်းခြေကို အပန်းလာဖြေတာ၊ နယူးဒေး (စ်) က သတင်းထောက်နှစ်ယောက်လည်း ကလဲ ဒီအတိုင်းပဲ။ အဲ....ကောင်လေး ငါးမန်းကိုက်ခံရတဲ့ သတင်း လဲကြားရော အခင်းဖြစ်ပွားရာနေရာ နှစ်မိနစ်အတွင်း ရောက်အောင် သူတို့အားလုံး သွားနိုင်ခဲ့ကြတယ်လေ"

"ဘယ်အချိန်က ဖြစ်တာလဲ"

မီးဒိုး (စ်) က သူ့လက်ပတ်နာရီကို ကြည့်လိုက်သည်။

"သိပ် မကြာသေးဘူးဗျ။ အလွန်ရှိလှမှ ဆယ့်ငါးမိနစ် နှစ်ဆယ်ပဲ"

"မစ္စဝါ့(တ်)ကင်းရဲ့ ကိစ္စကိုကော သူတို့တွေ သိထားကြ သလား"

"ဒါတော့ အတပ်မပြောနိုင်ဘူး။ ကျွန်တော့်လူတယောက် ဒီ ကို သိတယ်။ ဒါပေမယ့် သူက နှုတ်လုံပါတယ်။ သူတို့ တခြားလူတွေ





ဘယ်သူတွေနဲ့ တွေ့ဆုံ မေးမြန်းကြအုံးမလဲ မသိဘူး။ ဒီအကြောင်း ကို သိထားတဲ့ လူတွေနဲ့တွေ့ယင်တော့ မစ္စဝါ့(တ်) ကင်း ကိစ္စဟာ ပေါ်သွားမှာပဲ"

"ဟုတ်တယ်၊ ဒီကိစ္စဟာ အနေးနဲ့ အမြန်ဆိုသလို ပေါ်သွားမှာ ပဲ တော့ သေချာတယ်"

"ကျွန်တော်လဲ သဘော ပေါက်ပါတယ်။ အဲဒီ အခါမှာ ကျွန်တော့်အနေနဲ့ အနေရ အထိုင်ရ ခက်တော့မှာပဲ"

"ဗျာ၊ ခင်ဗျားအနေရ အထိုင်ရခက်လိမ့်မယ် ဟုတ်လား။ ကျုပ် ကို ခင်ဗျားရယ်စရာ ပြောနေတာတော့ ဟုတ် မထင်ပါဘူးနော်"

"ကျုပ် အတည်ပြောနေတာပါမာတင်။ တကယ်လို့ တိုင်း(မ်၊စ်) သတင်းစာက သတင်းထောက်သာ ဒီသတင်းကို ရသွားခဲ့ယင် မနက် ဖြန်ဆိုယင် သူတို့သတင်းစာမှာ အကျယ်တဝင့်ပါလာတော့မှာ အမှန် ပဲ။ ဒီအခါမှာ လီဒါဟာ လုံးဝအသုံးမကျတဲ့ သတင်းစာ တစောင် အဖြစ် ရောက်သွားလိမ့်မယ်။ ဒီတော့ ကျွန်တော့် သိက္ခာကို ဆယ်တဲ့ အနေနဲ့ တခြားသတင်းစာတွေက မစ္စဝါ့(တ်)ကင်းရဲ့ အကြောင်း ကို မရေးတဲ့တိုင် ကျွန်တော်ကပဲ ဖော်ကောင်လုပ်လိုက်တော့မယ်"

"ဘယ်လို...ဘယ်လိုပြောတယ်။ ခင်ဗျား အဲဒီသတင်းကို ဘယ်လို ရေးမှာလဲ"

"ခုန ပြောခဲ့ပါပြီတော့၊ ကျွန်တော့်မှာ အနေရ အထိုင်ရခက် နေပါပြီလို့။ အခုထိ ဘယ်လိုရေးရမှန်း မသိသေးဘူး"

"ခင်ဗျား တယ်သူ့အပေါ် 'ပုံချ' မယ် စိတ်ကူးသလဲ။ မြို့တော် ဝန် လယ်ရီဗောင်း အပေါ်လား"

"ဒါလဲ မဖြစ်သေးဘူးဗျ"

"ဒါဖြင့်ယင် ကျွန်တော့် အပေါ်လား"

"အို ....အို၊ မဟုတ်ရပါဘူးဗျာ။ ကျွန်တော် ပထမဆုံး ကား(လ်) မီးဒိုး (စ်) နဲ့ တွေ့ဆုံညှိနှိုင်းကြည့်ပါအုံးမယ်။ သူ့ဆီက အကြံ ကောင်း ဉာဏ်ကောင်းလေးများ ရနိုင်မလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"အမှန်တရားကို ဖော်ထုတ်ဖို့က ဘယ်လိုလဲ"

"ဘယ်လို အမှန်တရားလဲ"

"ဘယ်လို အမှန်တရားရှိမှာလဲဗျ။ အမှန်အတိုင်း ဖြစ်ပျက်ခဲ့တဲ့ အမှန်တရားပဲပေါ့။ ရေးထည့်လိုက်ပါလား၊ ကျွန်တော်က ကမ်းခြေ ကို ပိတ်ချင်တယ်။ ကမ်းခြေဟာ ငါးမန်းအန္တရာယ်ရှိကြောင်း၊ လူတွေ ကို အသိပေးချင်တယ်။ ဒါပေမယ့် ရာထူးစန့် ရွေးချယ်ရေး အဖွဲ့ဝင် လူကြီးတွေက သဘော မတူကြဘူး။ ကျွန်တော့်ကို အလုပ် ဖြုတ် ပစ်မယ်လို့ ခြိမ်းခြောက်ကြတယ်။ ကျွန်တော်တလဲ ထမင်းအိုး အတွ ခံဖို့ သတ္တိမရှိတာနဲ့ သူတို့ရဲ့စကားကို လက်ခံ လိုက်ရတယ်ဆိုတာ တွေကို"

"ကဲပါ မာတင်ရယ်၊ ဒါတွေဟာ ခင်ဗျားရဲ့အပြစ်တွေ မဟုတ် ပါဘူး။ ခင်ဗျားရဲ့ အပြစ်မတုတ်သလို တခြား ဘယ်သူ့ အပြစ်မှ မဟုတ်ပါဘူး။ အခြေအနေဟာ သူ့အလိုလို ဖြစ်ပေါ် လာတော့ ကျုပ်တို့ကလဲ တခုခုကို 'စွန့်' လိုက်၊ 'အော' လိုက်ရတယ်ပေါ့။ အ ကျွန်တော်တို့ ကံမကောင်းတော့ ရှုံးသွားရတယ်ပေါ့။ ဘယ်တ နိုင်မလဲဗျာ"

"ဟင်...၊ 'စွန့်' လိုက် 'အော' လိုက်ရတယ်ဟုတ်လား။ ကြော စရာကြီးပါလားဗျ။ ကောင်းပြီလေ၊ အခု ကျွန်တော် အထဲဝင်ပြေ သေသွားတဲ့ သူငယ်လေးရဲ့အမေနဲ့ တွေ့ပြီး ဝမ်းနည်းစကား ပြော လိုက်အုံးမယ်။ သူ့သားကို၊ ငါးစာအဖြစ် ကျွန်တော်တို့ 'စွန့်' လိုက်၊ 'အော' လိုက်ရတဲ့အတွက် တကယ်ပဲ စိတ်မကောင်း ဖြစ် ပါတယ်လို့"

ဘရော့ဒီသည် ရဲဌာနာအဘွင်းသို့ ဘေးတံခါးပေါက်မှ ဝ လိုက်သည်။ ကလေး၏ မိခင်သည် သူ့စားပွဲရှေ့ တည့်တည့် ကုလားထိုင်တွင်ထိုင်ပြီး လက်ကိုင်ပဝါ တထည်ကိုလည်း သူ့လက် ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလျက်ရှိကြောင်း တွေ့





၏။ လူတယောက်ကမူ အခန်း၏နံရံကို ကိုယ်တစောင်းမှီ၍ ရပ် နေတ်ရှိသည်။ အဖြစ်အပျက်ကို မြင်တွေ့လိုက်ရပါသည်ဟု ဆိုသူမှာ ဤပုဂ္ဂိုလ်ပင် ဖြစ်လိမ့်မည်ဟု ဘရော့ဒီက တွက်ဆ လိုက်သည်။ ဘရော့ဒီသည် သောကရောက်နေသူ တဦးအား နှစ်သိမ့်စကားပြော ရာ၌ ကျွမ်းကျင်ခြင်း အလျှင်းမရှိ။ သို့နှင့် သူသည် မိမိကိုယ်ကိုမိမိ နူးရိုးသားသားပင် မိတ်ဆက်လိုက်ပြီး မေးစရာရှိသည်များကို စတင် မေးမြန်းလေတော့သည်။

ကလေး၏မိခင် အမျိုးသမီးကြီးက သူမအနေဖြင့် ဘာကိုမျှ မမြင် တွေ့လိုက်ရကြောင်း၊ ပထမအကြိမ်ဘွင် သူမ၏သားလေးကို တွေ့မိ သေးကြောင်း၊ အချိန်အနည်းငယ် ကြာသွားပြီးနောက် သတိရ၍ ကြည့်လိုက်သည့် အခါ၌မူကား မတွေ့ရတော့ကြောင်း။ သူမ၏ သားငယ်ကိုယ်စား စုတ်ပြတ်ပျက်စီးနေပြီဖြစ်သော ရာဘာ ဖောင် ကလေး၏ အပိုင်းအစများကိုသာ တွေ့ရကြောင်း ပြောပြသည်။ သူမသည် စိတ်ဓာတ်ကျဆင်းလျက် ရှိသော်လည်း အသံကို မှုမှန်ဖြစ် အောင် ထိန်းထိန်းသိမ်းသိမ်းပြု၍ ပြောသွားကြောင်း၊ ဘရော့ဒီ သတိပြုမိသည်။ အဖြစ်အပျက်ကို ကိုယ်တိုင် မြင်တွေ့လိုက်ရပါသည် ဟု ဆိုလာသော ပုဂ္ဂိုလ်ကြီးကလည်း သူမြင်တွေ့ လိုက်ရသည် (သို့တည်းမဟုတ်) သူတွေ့လိုက်ရသည်ဟု ထင်လိုက်သော အရာ တွေ့အကြောင်းကို အစစ်ခံသွားခဲ့၏။

"ကဲ၊ ဒါဖြင့် ငါးမန်းကြီးကို မျက်မြင်ဒိဋ္ဌ တွေ့လိုက်ရ ပါတယ် ဆိုတဲ့သူ မရှိကြဘူး ဆိုပါတော့"

"မရှိကြပါဘူး။ ဒါပေမယ့် ငါးမန်းမှ မဟုတ်ယင် ဘာများ ဖြစ်နိုင်အုံးမှာမို့လဲ"

"အမျိုးမျိုး ဖြစ်နိုင်တာပေါ့။ ဆိုပါတော့ ရာဘာ ဖောင်ဟာ ပေါက်ပျက်ပြီး လေတွေထွက်ကုန်လို့ ကောင်ကလေး ရေနစ်သေဆုံး တာမျိုး"



www.burmeseclassic.com

www.burmeseclassic.com



အမှန်မှာ ဘရော့ဒီသည် အဖြစ်မှန်ကို ရင်မဆိုင်ရဲ၍ အမှန်တရားကို သိထားပါလျက်နှင့် မိမိကိုယ်ကိုးရာ အခန်းတွင်းမှ လူအများကိုပါ လိမ်လည်နေခြင်းသာ ဖြစ်တော့သည်။ ဤတွင် ကလေး၏မိခင်က ကြားဝင် ကန့်ကွက်စကား ဆိုသည်။

"ကျွန်မသားလေးဟာ ရေကူးကျွမ်းကျင်တဲ့သူ တယောက်ပါ"

"အင်းလေ… အဖြစ်မှန်ဟာ ဘယ်လိုဆိုတာ မကြာခင် အချိန်အတွင်းမှာပဲ ကျွန်တော်တို့ သိလာရတော့မှာပါ"

"ခင်ဗျား ဘာကိုဆိုလိုတာလဲ"

နံရံကို ကျောမှီရပ်နေသည့် လူကြီးက မေးလိုက်သည်။

"ဒီလိုပါ၊ ဘယ်အကြောင်းကြောင့်ပဲ ဖြင့်ဖြစ် ပင်လယ်ပြင်မှာ ရေနစ်သေကြတဲ့ လူတွေရဲ့ အလောင်းဟာ လှိုင်းလုံးတွေရဲ့ ပုတ်ခတ်သယ်ဆောင်လာမှုကြောင့် ကမ်းခြေ တနေရာမှာ လာတင်တတ်ကြပါတယ်။ ငါးမန်းကိုက်ရိုး မှန်ယင်လဲ မှားနိုင်စရာ အကြောင်းမရှိပါဘူး။ အလောင်းကို တွေ့ရယင် အဖြေမှန်ကို သိရမှာပါ"

အမျိုးသမီးသည် စားပွဲပေါ်သို့ မှောက်ချပြီး ကျုံကျုံပါအောင် ငိုချလိုက်လေသည်။ ဘရော့ဒီသည် စကားကို မဆင်မခြင် ပြောလိုက်မိခြင်းအတွက် မိမိကိုယ် မိမိ ဆဲရေးတိုင်းထွာ ဖြစ်တင်လိုက်မိသည်။ "ကျွန်တော် စိတ်မကောင်းပါဘူးဗျာ" ဟူ၍လည်း ပျာပျာသလဲ တောင်းပန်လိုက်သည်။

ဘရော့ဒီသည် အလက်၏မိခင်နှင့် နံရံတွင် ကျောမှီရပ်နေသည့် လူကြီးအား အခန်းထဲတွင် ခေတ္တစောင့်ဆိုင်းနေပါရန် မှာကြားပြီး အပြင်ခန်းသို့ ထွက်လာခဲ့သည်။ နယူး(စ်)ဒေးသတင်းစာမှ သတင်းထောက်နှစ်ဦးသည် ခုံတန်းရှည်လေး တခုပေါ်တွင် ထိုင်လျက် ရှိကြသည်။ သူတို့ နှစ်ဦးအနက်မှ တဦးက ရေကူးဘောင်းဘီတို ကလေးနှင့် ဖြစ်သည်၊ ကျန် တယောက်မှာမူ ဘလေဇာကုတ်အင်္ကျီ ဘောင်းဘီရှည် ပွပွနှင့်ဖြစ်၏။ မီးဒိုး(စ်)၏ တိုက်မှ သတင်းထောက် 'နက်





ည် ရဲသား ဘစ်ဘီနှင့်နံရံတွင် ကျောမှီလျက် စကားပြောနေကြသည်။ အခန်းထဲမှ ဘရော့ဒီ ထွက်လာသည်ကို မြင်သည်နှင့် တပြိုင်နက် သူတို့ ပြောလက်စ စကားကို ရပ်ပစ်လိုက်ကြသည်။

"ကဲ…၊ ကျွန်တော် ဘာများ ဆောင်ရွက်ပေးရပါမလဲ ခင်ဗျာ"

မီးဒိုး(စ်) အနီးတွင် ရပ်လျက်ရှိသော လူငယ်သည် ရှေ့သို့ လှမ်း တိုးလာပြီး–

"ကျွန်တော်က နယူးယောက် တိုင်း(မ်၊စ်)သတင်းစာက သတင်းထောက် ဘီ(လ်)ဝှစ်(တ်)မင်းပါ။ အဲဒီအချိန်က ကျွန်တော် ကမ်းခြေမှာ ရှိနေပါတယ်"

"ဒါဖြင့် ခင်ဗျား ဘာမြင်လိုက်သလဲ"

နယူး(စ်)ဒေးသတင်းထောက်က ကြားဖြတ်၍

"မမြင်ပါဘူး၊ ဘာမှ မမြင်ပါဘူး။ အဲဒီအချိန်က ကျွန်တော်လဲ ကမ်းခြေမှာ ရှိနေတာပါပဲ။ ခင်ဗျားရဲ့ ရုံးခန်းထဲမှာ ရောက်နေတဲ့ လူတာသာ…"

ထိုသူ၏စကား မဆုံးမီမှာပင် ဘရော့ဒီက–

"အဲဒီလူကလဲ ကောင်လေး ဘယ်လို ဖြစ်သွားတယ်ဆိုတာ သေသေချာချာ မြင်လိုက်တာ မဟုတ်ဘူး" ဟူ၍ ကြားဖြတ်ပြောလိုက်သည်။

တိုင်း(မ်၊စ်)သတင်းထောက်သည် ပြုံးတုံ့တုံ့ အမူအရာဖြင့်–

"ကဲ၊ ဆိုစမ်းပါအုံး စခန်းမှူးကြီးရဲ့။ သတင်းစာမှာ ဘယ်လို ရေးရမှာလဲ။ ထူးဆန်းစွာ ကွယ်ပျောက်သွားခြင်း လို့ ရေးရမလား။ ဒါမှမဟုတ် ကောင်လေးတယောက် ပင်လယ်ပြင်တွင် ထူးဆန်းစွာ ပျောက်ဆုံးသွားခြင်းလို့ပဲ ခေါင်းစဉ် တပ်ပေးရမလား"

တိုင်း(မ်၊စ်)သတင်းထောက်၏ ဤသို့သော 'ကလိ'လုံး၊ 'ရိ'လုံးများကို ဘရော့ဒီမှာ ခံပြင်းလှသည်။ သို့သော် မတတ်သာချေ။



www.burmeseclassic.com

www.burmeseclassic.com

တိုင်း(မ်၊စ်)ကဲ့သို့သော သတင်းစာကြီးနှင့် ရန်တုဖက်ပြိုင်မည်ဆိုပါမူ မိမိသာ 'နာ'ပေမည်။ ထို့ကြောင့် စိတ်ကို ချုပ်ထိန်းပြီး

"ဒီမှာ မစ္စတာဝှစ်(တ်)မင်း၊ အခုတိစ္စဟာ အလက် ဆိုတဲ့ ကောင်ကလေးက ပျောက်ဆုံးနေတဲ့အဆင့်မှာပဲ ရှိသေးတယ်။ သေတယ် ရှင်တယ် ဆိုတာဟာ တိတိကျကျ သိရသေးတဲ့ကိစ္စမဟုတ်ဘူး။ ကောင်လေးဟာ ဘယ်လို အန္တရာယ်ဆိုးနဲ့ရင်ဆိုင်တိုးခဲ့ရတယ်ဆိုတာ ခိုင်လုံတဲ့ သက်သေအထောက်အထား ဘာမှရှိသေးတာ မဟုတ်ဘူး။ မျက်မြင်သက်သေလဲ မရှိဘူး။ ကောင်လေးဟာ ရေနစ်တာလဲ ဖြစ်နိုင် ဖြစ်မယ်၊ ဒါမှမဟုတ် တီရစ္ဆာန် တကောင်ကောင်ရဲ့၊ ဒါမှမဟုတ် လူတယောက်ယောက်ရဲ့ တိုက်ခိုက်တာကို ခံရ...."

အရှိန်ပြင်းပြင်းနှင့် မောင်းနှင့်လာသောကားတစီး ရဲဌာနာ ရှေ့သို့ အရောက်တွင် ရုတ်တရက် ဘရိတ်အုတ်လိုက်သဖြင့် 'ကျွီ' ဟူသော ကားဘီးနှင့် ကတ္တရာလမ်း ပွတ်တိုက်မိဟန် မြည်သံရှည်ကြီး တခု ကျယ်လောင်စွာ ပေါ်ထွက်လာခဲ့သဖြင့် ဘရော့ဒီမှာ သူ့စကား တပိုင်းတစနှင့် ရပ်ပစ်လိုက်ရသည်။

ခဏအကြာတွင် ကားတံခါးကို ဆောင့်ပိတ်ပစ်လိုက်သံ ကြားရပြီး ရဲဌာနအတွင်းသို့ ရဲသား လီယိုနတ်(ဒ်) ဟင်းဒရစ် အပြေးအလွှား ဝင်ရောက်လာကြောင်း တွေ့ရသည်။ ဟင်းဒရစ်၏ ခန္ဓာကိုယ်ပေါ် တွင် ရေကူးဘောင်းဘီတိုလေးမှလွဲ၍ အခြားအဝတ်အစား ဘာတခု မျှ ဝတ်ဆင်မထားသဖြင့် အခန်းတွင်းရှိ လူအားလုံးက အံ့အားသင့် စွာ ငေးကြည့်နေကြသည်။

"နောက်တယောက် ငါးမန်း အကိုက်ခံရပြန်ပြီဗျို့"

ဟင်းဒရစ်က အမောတကော ပြောလိုက်သည်။

"ပထမအကြိမ်က ဘယ်တုန်းကလဲ"

တိုင်း(မ်၊စ်) သတင်းထောက်ကအ လျှင်အမြန်ဝင်မေးလိုက်သည်။

ဟင်းဒရစ်က မည်သို့မျှ ပြန်လည်ဖြေကြားခြင်း မပြုနိုင်သေး မီမှာပင် ဘရော့ဒီက ကြားဖြတ်၍—





"တို့လဲ အဲဒီအကြောင်းကို အခုပဲ ဆွေးနွေးနေကြတာကွ လီယိုနတ်(ဒ်)ရ။ မင်းပဲဖြစ်ဖြစ် ဘယ်သူပဲဖြစ်ဖြစ် ဖြစ်ရပ်မှန်ကို တိတိအပ်သေချာ မသိပဲနဲ့ စကားကို တဇွတ်ထိုး ဝင်ပြောတာမျိုးကို ငါလုံးဝမကြိုက်ဘူး။ အခုကိစ္စမှာ ကောင်ကလေးက သူ့ဘာသာသူ ရေနစ်သေတာတော မဖြစ်နိုင်ဘူးလား....ကဲ"

"ဗျာ၊ ကောင်းလေး ဟုတ်လား။ ဘယ်ကလာ ကောင်လေး ရမှာလဲ။ လူကြီးမှ အဖိုးကြီးဗျ အဖိုးကြီး။ အကိုက်ခံရတာ ဘာမှ မကြာသေးဘူး။ အလွန်ဆုံးကြာမှ ငါးမိနစ်ပဲ ရှိအုံးမယ်၊ သူက ရေကူးနေတာ၊ တကြိမ်မှာ လှိုင်းလုံးတွေအောက် ရောက်သွားခဲ့တယ်။ ဘာမှ မကြာလိုက်ဘူး၊ အသံဝါကြီးနဲ့ တခုခု ဟစ်အော် အကူအညီ တောင်းသံ ကြားလိုက်ရလို့ ကြည့်လိုက်တော့....လားလား၊ သူ့ခေါင်း ဟာ ရေအောက်ထဲကို ရောက်သွားတာ တွေ့လိုက်ရတယ်။ နောက် တခါ ခေါင်းပြန်ပေါ်လာပြီး အော်ပြန်ပါလေရော။ ဘာပြောတယ် ဆိုတာကိုတော့ သဲသဲကွဲကွဲမကြားရဘူး။ ခေစူးစူးဝါးဝါးနဲ့ ဗူးလုံးနား တွင်းပဲ။ ကြည့်ရတာကတော့သတ္တဝါတကောင်ကောင်က သူ့ရဲ့ ခန္ဓာ ကိုယ်အောက် ပိုင်းကို ရေအောက်ထဲ ဆွဲချနေပုံပဲ။ အဖိုးကြီးရဲ့ ဘေး ပတ်ပတ်လည် ရေပြင်ဟာ သွေးခြင်းခြင်းနီပြီး တဝုန်းဝုန်းနဲ့ လှိုင်း ထနေတယ်။ မကြာခင်မှာပဲ ရေအောက်က သတ္တဝါကြီးရဲ့ ဇာတိရုပ် ဟာလဲ ရေပြင်ထက်မှာ ဘွားကနဲ ပေါ်လာတော့တာပါပဲ။ ငါးကြီး လေ။ ငါးကြီးမှ ရောမငါးမန်းဖြူကြီး။ နည်းတဲ့အကောင်ကြီးမဟုတ် ဘူး။ ကျွန်တော့်တသက်မှာ အဲဒီလောက်ကြီးတဲ့ ငါးမန်းကြီးကို တခါမှ မတွေ့ဖူးသေးဘူး။ စတေရှင်ဝက်ဂွန်း ဂျစ်ကားတစီးလောက် ရှိမယ် ထင်တယ်။ ဒီကောင်ကြီးဟာ အဖိုးကြီးကို ကိုက်လိုက်၊ ထွက် သွားလိုက်။ နောက်တခါပြန်လာပြီး ကိုက်လိုက် လုပ်နေပုံပါပဲ။ ကျွန်တော်ထဲ ခါးလည်လောက်နစ်တဲ့အထိ ရေထဲဆင်းပြီးအဖိုးကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ဆွဲယူဖို့ ကြိုးစားပါသေးတယ်။ ဒါပေမယ့် ငါးကြီးက ခဏ ခဏပြန်လှည့်လာပြီး တိုက်ခိုက်နေလို့ ကျွန်တော်လဲ လက်လျှော့ လိုက်ရတယ်”

လီယိုနတ်(ဒ်) ဟင်းဒရစ်သည် စိတ်လှုပ်ရှားနေရုံမျှမက စကား ကို ကရားရေလွှတ် ပြောလိုက်ရသဖြင့် အတော်ပင် မောဟိုက်နေ လေသည်။ သူ၏ရင်မှာ အသက်ရှူလိုက်တိုင်း ဖုတ်လှိုက်ဖုတ်လှိုက် ဖြစ်နေသည်။ သူ၏မျက်လုံးများမှာ စိတ်လှုပ်ရှားမှု၊ တုန်လှုပ်မှု ဝမ်းနည်းမှုများကြောင့် နီရဲရီဝေနေသည်။ မျက်ရည်စ,လေးများ လည်း စို့နေပေသည်။ သူသည် အနည်းငယ် အမောပြေမှ...

“အတော်ကြာတဲ့ အခါကျမှ ငါးကြီး ထွက်သွားတော့တယ် ဒီနေရာက အပြီးအပိုင် ထွက်သွားမသွားဆိုတာကိုတော့ ကျွန်တော် လဲ မပြောနိုင်ဘူး။ ဒီတော့မှ ရေပေါ်မှာ ပေါ်လောမျောနေတဲ့ အဖိုးကြီးရဲ့အလောင်းရှိရာကို ကျွန်တော်လျှောက်သွားပြီး ဆယ်ယူ လိုက်တယ်။ အဖိုးကြီးရဲ့မျက်နှာဟာ ရေအောက်ထဲမှာ ရောက်နေ တယ်။ ဒီတော့ ကျွန်တော်က သူ့လက်မောင်းကို လှမ်းဆွဲယူလိုက် ရတယ်”

“အဲဒီတော့....”

ဘရော့ဒီသည် သိချင်စိတ် ပြင်းထန်မှုကြောင့် မချင့်မရဲ ဖြစ်လာ ကာ ဟင်းဒရစ်၏စကားကို ထောက်ပေးလိုက်သည်။

“သူ့လက်မောင်းကြီးဟာ ကျွန်တော့်လက်ထဲကို ပါလာတာ ပေါ့။ လက်မောင်းနဲ့ဆက်နေတဲ့ ပခုံးသားတော့ နည်းနည်းရယ် ပြီးတော့ လည်ပင်းနဲ့ဦးခေါင်းရယ်၊ ဒါပဲကျန်တော့တယ်လေ။ ကျန် တဲ့ အစိတ်အပိုင်းတွေကတော့ ငါးမန်းကြီးရဲ့ နေ့လယ်စာ ဖြစ် သွားခဲ့ပြီပေါ့”

ဘရော့ဒီသည် ဟင်းဒရစ်၏မျက်နှာကို စိုက်ကြည့်နေလိုက်သည် ပြီးမှ....

“မင်း သူနာတင်ကားကို ခေါ်လိုက်ပြီလား”





ဟင်းဒရစ်က ခေါင်းခါလိုက်သည်။

“ဘာ၊ အခုမှ သူနာတင်ကား ခေါ်မယ်ဟုတ်လား။ မြက်စည်း တွေကို မြင်းဝင်စားလို့ ကုန်နေမှ ကျိုတံခါးကိုပိတ်ဖို့ ကြိုးစားနေ တာနဲ့ မတူဘူးလား စခန်းမှူးကြီးရယ်”

တိုင်း(မ်၊စ်) သတင်းထောက်က ဝင်‘ထောက်’လိုက်သည်။

“ဒီမှာ ခင်ဗျားရဲ့သောက်ပါးစပ်ကြီးကို ပိတ်ထားစမ်းပါ။ ကဲ၊ ...ဒ်ဘီ မင်းက ဆေးရုံကို အကြောင်းကြားလိုက်။ လီယို နတ်(ဒ်) ...င်းကော ဒီနေ့ လုပ်အား နည်းနည်းပါးပါးပေးဖို့ စိတ်ကူးရှိ ...လား”

လီယိုနတ်(ဒ်)ဟင်းဒရစ်က ခေါင်းညိတ်သည်။

“ကောင်းပြီ၊ အဝတ်အစားလဲ၊ ပြီးတော့ ‘ဒီကမ်းခြေကို ...ခုအချိန်က စပြီး ပိတ်လိုက်ပြီ’ ဆိုတဲ့ အမိန့် ကြော်ငြာ ...ိုင်းဘုတ်တွေ နေရာအနှံ့လိုက်ပြီး စိုက်လိုက်ကွာ”

ဘရော့ဒီသည် အမိန့်တခုကို ပြတ်သားစွာ ချပေးလိုက်လေပြီ။

*

[ ၇ ]

တနင်းလာနေ့နံနက်တွင် ဘရော့ဒီသည် ရုံးခန်းသို့ ခုနစ်နာရီ ...ိုးပြီးမှ ရောက်ရှိလာခဲ့သည်။ ထိုနေ့ထုတ် နယူးယောက်ဘိုင်း(မ်၊စ်) သတင်းစာသည် သူ့စားပွဲပေါ်တွင် အသင့်ရောက်နှင့်နေပြီ ဖြစ် ကြောင်း ဘရော့ဒီ တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



## "လောင်းအိုင်လင်းတွင် ငါးမန်းကိုက်မှုကြောင့် နှစ်ယောက် သေရခြင်း"

....ဟူသည့် မျက်နှာမည်းစာလုံးများဖြင့် ရိုက်နှိပ်ထားသည့်အမင်္ဂလာ သတင်းဆိုးကြီးသည် 'တိုင်း(မ်၊စ်)' သတင်းစာ၏ မျက်နှာဖုံး၊ ရှေ့ဆုံး စာမျက်နှာမှနေ၍ ဘရော့ဒီကို ကြိုဆိုနှုတ်ဆက်နေသယောင် ရှိ၏။ ယင်းသတင်းသည် ထိုနေ့ထုတ် သတင်းစာ မျက်နှာဖုံး၏ လေးပုံ သုံးပုံမျှ နေရာယူထားလေသည်။ ယင်းသတင်းကို ရေးသားသူမှာ နယူးယောက်တိုင်း(မ်၊စ်)၏ အထူးသတင်းထောက် 'ဝီလျံ၊ အက်(ဖ်) ဗွစ်(တ်)မင်း' ဟု ဖော်ပြထား၏။

ဘရော့ဒီသည် ထိုသတင်းကို ပြီးဆုံးအောင် ဖတ်ရှုပြီးနောက် စိတ် မသက်မသာစွာဖြင့် သတင်းစာကို စားပွဲပေါ်သို့ ပြန်ချထား လိုက်သည်။ ကျန် သတင်းများကို ဆက်လက်ဖတ်ရှုလိုစိတ် အလျှင်း မရှိတော့ပြီ။ နယူးယောက် 'တိုင်း(မ်၊စ်)' သတင်းစာတွင် မစ္စခရစ္စ တင်းဝါ့(တ်)ကင်း သေဆုံးမှုကို ဖော်ပြထားခြင်းမရှိ။ သူတို့သည် ယခုထက်တိုင် ထိုအကြောင်းကို မသိသေး၍ ဖြစ်မည်ဟု ဘရော့ဒီ တွေးမိသည်။ နယူးယောက် 'တိုင်း(မ်၊စ်)' တွင် **ကော်နီကျွန်း**၊ နယူးယောက်မြို့ **ငါးသုတေသန** ဌာနမှ မစ္ဆဗေဒပညာရှင် ဒေါက်တာ ဒေးဗစ်ဒိုက်တာက....

"လူနှစ်ဦးကိုသတ်သွားသည့် ငါးသည် တကောင်တည်းသာဖြစ် နိုင်ကြောင်း၊ ထိုငါးမှာလည်း ငါးမန်းဖြူပင် ဖြစ်နိုင်ကြောင်း၊ ယခုလို ရာသီဥတုအခြေအနေမျိုးတွင် ငါးမန်းများ အသွင်အသာ နည်းကြောင်း၊ သေဆုံးသူ နှစ်ဦးမှာ အလွန် ကံဆိုးလွန်း၍ ဖြစ် ကြောင်း ဘေးအန္တရာယ်နှင့် **မတော်တဆ တိုက်တိုက်ဆိုင်ဆိုင်** ရင်ဆိုင်တိုးသွားရခြင်း ဖြစ်ကြောင်း"

ဟူ၍ မှတ်ချက်ပြုထားလေသည်။

---

ကေသရာဇာ



"**မတော်တဆ တိုက် တိုက် ဆိုင် ဆိုင်**"။ ဤစကားစုလေးကို ...ရော့ဒီနှုတ်မှ ပဲ့တင်ထပ်မိသည်။ မစ္စခရစ္စတင်း သေဆုံးရမှုကို ...သေး၍သာ ဤဒေါက်တာက ဤစကားကို ပြောခြင်း ဖြစ်ပေ ...။ အကယ်၍ ယခုအခါ သေဆုံးသူမှာ စုစုပေါင်း သုံးဦးမျှ ...ားပြီ။ သားကောင် နံပါတ်တစ်သည် 'အလက်' မဟုတ်၊ ...ရစ္စတင်းသာ ဖြစ်သည်ဆိုသည့် အဖြစ်မှန်ကို ဒေါက်တာဒိုက်တာ ...များသိလျှင် မည်သို့မည်ပုံ မှတ်ချက် ပြုလေမည်နည်း။ ဘရော့ဒီ ...ကြည့်သည်။ နောက်ထပ် လူနှစ်ဦး ထပ်မံ အသက်ဆုံးရှုံးရခြင်း ... မြို့တော်ဝန်မင်း အမှုပြုသော လူမိုက်တစု၏ အသိဉာဏ် ...င်းပါးမှု၊ ခွင့်လွှတ်နိုင်စရာမရှိသော မိုက်မှားမှုကြောင့်သာလျှင် ...ကြောင်း ဟူသည့် အမှန်တရားကိုသာ ဒေါက်တာ သိရှိမည် ...လျှင်....

အကယ်၍ သူတို့သည် ဘရော့ဒီကို အာဏာသုံး၍ တားဆီးခြင်း၊ ...ချုပ်ချယ်ခြင်း၊ ခြိမ်းခြောက်ခြင်းများမရှိခဲ့လျှင် သူသည် ဒုတိယ တတိယ လူနှစ်ဦးတို့၏ အသက်ကို အမှန်ပင် ကယ်တင်နိုင်ပေ ...ည်။

"ဪ၊ ခင်ဗျားက သတင်းစာတောင်ဖတ်ပြီးနေနှင့်မှကိုး" ...ခါးပေါက်တွင် ရောက်နှင့်နေပြီဖြစ်သော မီးဒိုး(စ်) က အာသံ ...က်သည်၊

"ဟုတ်တယ်၊ အခုပဲ ဖတ်ပြီးတယ်။ ဒါပေမယ့် မစ္စ ဝါ့(တ်) ...ရဲ့ သတင်းကို မတွေ့ဘူး။ ဒီအကြောင်းကို သူတို့မသိကြသေး ...ဘူတယ်"

"ကျွန်တော့် သတင်းစာထဲမှာတော့ အဲဒီသတင်းကို ထည့်ရေး ...ပြီ၊ ဟောဒီမှာ"

...ဒိုး (စ်) က အမိတီမြို့ထုတ် 'လီဒါ' သတင်းစာကို ဘရော့ဒီ ...း ကမ်းပေးလိုက်သည်။

---

ကေသရာဇာ

www.burmeseclassic.com

www.burmeseclassic.com



## ကြောက်စရာ ငါးမန်းကြီး တကောင်၏ တိုက်ခိုက်မှုကြောင့် အမီတီ ကမ်းခြေတွင် လူနှစ်ဦး သေဆုံးရခြင်း

....ဟူသည့် စာလုံးမည်းကြီးများဖြင့် ပုံနှိပ်ထားသော ခေါင်း ကြီးသည် ထိုနေ့ထုတ် လီဒါသတင်းစာ၏ မျက်နှာဖုံးပြည့် သတ ရှည်ကြီးဖြစ်နေသည်။ ခေါင်းစဉ် စာလုံးကြီးသည် ထိုးတည်းကြ ပေါ်လွင်နေသည်။ ယင်း ခေါင်းစဉ်ကြီး၏အောက်တွင် ခေါင်း ခွဲတခုက–

**"ယင်းငါးမန်းကြီး၏ တိုက်ခိုက်မှုကြောင့် သေဆုံး ရသူများမှာ ယခုအခါ သုံးယောက်ရှိသွားပြီ"**

....ဟု ဆိုထား ပြန်လေသည်။ လီဒါ၏ မျက်နှာဖုံးရှိ ကော ခြောက်ခုစလုံးသည် **"သေမင်းဖြူ"** ကြီး၏ တိုက်ခိုက်မှုကို အသေ စိတ် ခြယ်မှုန်းထားလေသည်။

ဘရော့ဒီက ဆက်လက် ဖတ်ကြည့်သည်။

**အမီတီ၊ လောင်းအိုင်လင်း။ ဂျွန် ၂၀ ရက်။** ယမန်နေ့မွန်းလွဲပိုင်း က စကော့ (ချ်) လမ်းထိပ်ရှိ ကမ်းခြေတွင် ရေဆင်းကူး သည့် အမီတီမြို့၏ 'နွေဧည့်သည်တော်' နှစ်ဦးတို့မှာ လူသာ စား ငါးမန်းကြီး၏ ရက်စက်စွာ တိုက်ခိုက်မှုကြောင့် အသ ဆုံးရှုံးသွားခဲ့ကြရသည်၊

ပထမ သေဆုံးသူမှာ အသက် ၆ နှစ်အရွယ်ရှိ **အလ ဇန်းဒါးကင့် (တ်) နာ** ဖြစ်သည်။ သူသည် မိခင်ဖြစ်သူ အတူ **ရူး (စ်) နက် (န်) ရှိ မစ္စတာနှင့် မစ္စက် ရစ်ချ ပက်ကာ** တို့၏ တည်းခိုရိပ်သာတွင် လာရောက်တည်းခို သူ ဖြစ်သည်။ သူသည် ရာဘာ ဖောင်ကလေးကို စီးနေစဉ်





ရေပြင်အောက်မှ ငါးမန်းကြီး၏တိုက်ခိုက်မှုကို ခံလိုက်ရခြင်း သည်။ ယခု သတင်းရေးသည့် အချိန်အထိ သူ၏အလောင်း ကို ရှာမတွေ့သေးချေ။

အလက် အကိုက်ခံရပြီး နာရီဝက်အတွင်းမှာပင် အသက် ၆၅ နှစ်အရွယ်ရှိ မစ္စတာ ကာတာဆိုသူမှာ ငါးမန်းကြီး၏ တိုက်ခိုက်ခြင်းကို ခံလိုက်ရပြန်သည်။

သူသည် အလက်အကိုက်ခံရသည့် ကမ်းခြေမှ နှစ်ဖာလုံ ခန့်သာ ကွာဝေးသည့် ကမ်းခြေတွင် ညင်သာသော လှိုင်း ပျော့လေးများပေါ်၌ ရေကူးနေစဉ် ငါးမန်းဖြူကြီးက သူ၏ နောက်ကျောဘက်မှပေါ်လာပြီး သူ့ကိုကိုက်သတ်သွားခဲ့ခြင်း ဖြစ်သည်။

ပထမအကြိမ် အကိုက်ခံရစဉ်က မစ္စတာ ကာတာသည် ပတ်ဝန်းကျင်သို့ ဟစ်အော် အကူအညီ တောင်းခံခဲ့ရှာသည်။ တိုက်ဆိုင်၍လားမသိ၊ လင်း ဟင်းဒရစ်ဆိုသူ ရဲသား တဦး သည် ဤမြို့သို့ ပြောင်းရွှေ့လာခဲ့ပြီးသည့် ငါးနှစ်တာကာလ အတွင်း ပထမဆုံးအကြိမ် ကမ်းခြေတွင် ရေဆင်းကူးနေစဉ် မစ္စတာ ကာတာ၏ ဟစ်အော်သံကို ကြားလိုက် ရသည်ဟု ဆိုသည်။

ဟင်းဒရစ်သည် မစ္စတာကာတာအား ကယ်ဆယ်နိုင်ရေး အတွက်စွမ်းစွမ်းတမံ ကြိုးစားပါသော်လည်း ငါးမန်းကြီးက အခေါက်ခေါက်အခါခါ ပြန်လှည့်လာပြီး တိုက်ခိုက်နေသည့် အတွက်အောင်မြင်ခြင်းမရှိခဲ့ပေ။ဟင်းဒရစ်က မစ္စတာကာတာ အား ကမ်းခြေပေါ်သို့ ဆွဲတင်လိုက်နိုင်သည့်အချိန်တွင်မစ္စတာ ကာတာမှာအသက် ပျောက်နေခဲ့ပြီ ဖြစ်သည်။

မစ္စတာ မောရစ် ကာတာသည် နယူးယောက်မြို့ အမှတ် ၁၂၂၄အမေရိကန်ရိပ်သာရှိ စိန်ရွှေ ရတနာ ဆိုင်ကြီးပခု၏



www.burmeseclassic.com

ပိုင်ရှင်ဖြစ်ပြီး သီတင်းဆုံးရက်များတွင် ဤမြို့သို့ လာရောက် အပန်းဖြေနေစဉ် ယခုကဲ့သို့ ကွယ်လွန်သွားရခြင်း ဖြစ်သည်။

ယမန်နေ့က သေဆုံးသူများမှာ ငါးမန်းကြီး၏ ဒုတိယနှင့် တတိယသားကောင်များဖြစ်ကြသည်။လွန်ခဲ့သော ငါးရက်ခန့် ကလည်း ယင်းငါးမန်းကြီး၏ကိုက်ခိုက်မှုကြောင့် မစ္စဒရစ္စတင် ဝ႑(တ်)ကင်း အမည်ရှိ ခရီးသည်အမျိုးသမီးတဦးမှာ သေဆုံး ခဲ့ရပြီး ဖြစ်သည်။

မစ္စဝ႑(တ်)ကင်းသည်လွန်ခဲ့သည့်ဗုဒ္ဓဟူးနေ့ ညသန်းခေါင် ယွန်းယွန်းတွင် ပင်လယ်ကမ်းစပ်၌ ရေးဆင်းကူးရာမှ ပျောက် ဆုံးသွားခဲ့ပြီးကြာသာပတေးနေ့နံနက်ပိုင်းသို့ရောက်မှ စခန်း မာတင်ဘာရော့ဒီနှင့် ရဲသားဟင်းဒရစ်တို့ကသူမ၏ အလောင်း ကို ကမ်းစပ်သဲသောင်ပြင် တနေရာတွင် ရှာဖွေ တွေ့ရှိခဲ့ သည်။

မှုခင်းဘက်ဆိုင်ရာ ဆရာဝန်ကြီး ကား(လ်)ဆန်တိုး(စ်) အဆိုအရ ဆိုပါမူ မစ္စဝ႑(တ်)ကင်း သေဆုံးရခြင်းမှာ ငါးမန်းကိုက်မှုကြောင့်သာ ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ငါးမန်းကိုက်၍ သေဆုံးခြင်းကို အများပြည်သူများ သို့ မည်သည့် အတွက်ကြောင့် အသိမပေးပဲ ဖုံးဖိ ထားခဲ့သည် ဆိုသည်ကိုမူမစ္စတာဆန်တိုး(စ်)က ဖြေဆိုရန်ငြင်းဆန်ခဲ့သည်။ ဘရော့ဒီက မီးဒိုး(စ်)အား မော့ကြည့်လိုက်ပြီး–

“ဆန်တိုး(စ်)က ဘာဖြစ်လို့ ငြင်းဆိုခဲ့သလား”

“ဟင့်အင်း။ ဒါပေမယ့် ဒီကောင်မလေး သေဆုံးရခြင်း အကြောင်းရင်းကို ခင်ဗျားနဲ့ ကျွန်တော့်ကိုပဲ သူက ပြောပြခဲ့တယ်။ တခြား ဘယ်သူ့ကိုမှလဲ ပြောပြဖို့ မလိုဘူးလို့ သူက ယူဆတယ်။ ဆန်တိုး(စ်)ဟာ တာဝန်ရှိ ပုဂ္ဂိုလ် တဦး ဖြစ်လို့မို့ သူ့ အနေနဲ့ တရားဝင် စကားတခုခုပြောဖို့ ကျွန်တော် မျှော်လင့်ခဲ့တယ်ဆိုပါတော့ ဗျာ……





‘သူမ၏ မိသားစုက ဤကိစ္စကို သိပ်သိပ်သည်း သည်းလျှို့လျှို့ဝှက်ဝှက် ဖြစ်စေလိုကြကြောင်း၊ သတင်းစာ များတွင် ဖော်ပြရေးသားခြင်းမပြုရန် မေတ္တာရပ်ခံ သာကြောင်း၊ ဤကိစ္စတွင် ရာဇဝတ်မှုနှင့် မကင်းသော လက္ခဏာများကို မတွေ့မြင်ရသောကြောင့်လည်း ကျွန်ုပ် တို့က ဝ႑(တ်)ကင်း မိသားစု၏ဆန္ဒကို လိုက်လျောခဲ့ရပါ ကြောင်း….’

…စသည်ဖြင့် သူ့ ပါးစပ်က ပြောစေချင်ပါတယ်။ ဒါပေမယ့် ဘာမှ မပြောလိုဘူးလို့ တွင်တွင်သာ ငြင်းဆိုနေခဲ့တယ်။ …ကျွန်တော်အနေနဲ့ သူ့အပေါ် အပြစ် ပုံချချင်လို့ မဖြစ်ဘူးဗျ”

“…ဒါတော့ ခင်ဗျား ဘာလုပ်သလဲ”

“…ဘယ်ရီဗောင်းဆီ ကျွန်တော် ဆက်သွယ်ကြည့်ပါသေးတယ်။ …ယ် သူလဲ သီတင်းဆုံး ရက်အားတွေမှာ ခရီး ထွက်နေလို့ …ခဲ့ရဘူး။ တကယ်လို့ သူရှိနေယင်တော့ အကောင်းသားပဲ၊ … ကျွန်တော်တို့မြို့ရဲ့ အကောင်းဆုံးသော အာဏာပိုင် ပုဂ္ဂိုလ် …ပြောရေးဆိုခွင့် ရှိသူပဲ”

“အခု သူနဲ့မတွေ့ရတော့ ခင်ဗျား ဘာလုပ်သလဲ”

“ဆက်ဖတ်ကြည့်ပါအုံးလေ”

မည်သို့ပင်ဖြစ်စေ၊ အမိတ်ရဲအဖွဲ့နှင့် မြို့အုပ်ချုပ်ရေး အဖွဲ့ တို့မှ တာဝန်ရှိ ပုဂ္ဂိုလ်ကြီးများက အများ ပြည်သူများ ထိတ်လန့်တကြား မဖြစ်စေရေး အတွက် ဤသတင်းကို ထိန်းချုပ်ထားခဲ့ခြင်း ဖြစ်ကြောင်း၊ မစ္ဆဗေဒ ပညာရှင် တဦးထံမှလည်း ယင်း ငါးမန်းကြီး ထပ်မံ ရောက်ရှိလာစရာ အကြောင်းမရှိ ဟူသည့် ထင်မြင်ချက်ကို ရရှိထားပြီး ဖြစ်သဖြင့်လည်း အထက်ပါ အတိုင်း သတင်းကို မှောင်ချ ရခြင်း ဖြစ်ကြောင်း မြို့အုပ်ချုပ်ရေး အဖွဲ့ဝင် ရွေးချယ်ခံ သူကြီးတဦးက ပြောဆိုလိုက်ကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုပြောတဲ့ ရွေးချယ်ခံ လူကြီးတဦးဆိုတာ ဘယ်သူလဲ"

"အဖွဲ့ဝင်အားလုံး၊ တာဝန်ရှိသူ အားလုံးလို့ ပြောလို့ ရတယ်။ အဲ....ဘယ်သူ့ကိုမှ ရည်ညွှန်းတာ မဟုတ်ဖူးလို့ လဲ ဆို တယ်။ အမိပ္ပာယ်တတော့ အားလုံးဟာ တသဘောတည်း ရှိ တာမို့လို့ အပြစ်တင်ယင် အားလုံးကိုတင်ရမှာပဲ။အားလုံးမှာ တာ ရှိတယ်။ အဲ...ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုပြီး တယောက်တည်း ကွက်ပြီး လက်ညှိုးထိုးလို့တော့ မရဘူးလေ"

"ရေချိုးဆိပ်ကို ပိတ်မပစ်တဲ့ ကိစ္စနဲ့ ပတ်သက်လို့ကော ခင်ဗျာ ရေးထားသေးသလား"

"ရေးထားတယ်လေ"

"ရေးထားတယ်....ဟုတ်လား"

ဘရော့ဒီက သတင်းစာကို ဆက်ဖတ်ကြည့်သည်။

ဤကိစ္စနှင့်စပ်လျဉ်း၍ အမိကတာဝန်ရှိသူ ဘရော့ဒီအ 'အဘယ်ကြောင့် ကမ်းခြေကို မပိတ်ပဲထားရကြောင်း' ရှ လင်း ပြောကြားရန် သွားရောက် တွေ့ဆုံ မေးမြန်း ဘရော့ဒီက–

အတ္တလန်တိတ် သမုဒ္ဒရာကြီးသည် အလွန်ပင် ကျယ် လှကြောင်း၊ ငါးကြီးသည် တနေရာတည်းတွင် စွဲစွဲမြဲ အတည်နေမည်မဟုတ်ကြောင်း၊ဟိုမှသည်သို့ အမြဲရွေ့ပြော ကူးခပ်သွားလာနေသည်သာ ဖြစ်ကြောင်း၊ယခုအခါတွင် င ကြီးသည် ဤ ကမ်းခြေမှ အဝေးတနေရာသို့ ထွက်ခွာ သွ လောက်ပြီ ဖြစ်ကြောင်း၊ ဤ ကမ်းခြေအနီးတဝိုက်တွင် င ကြီး နှစ်ခြိုက် မက်မောတတ်သော အစားအစာများ မ ကြောင်း၊ အကယ်၍ အမိတီကမ်းခြေကို ပိတ်ထားလိုက်သ ထားဘိဦး လူအများသည် အိ(စ်)ဟင်(မ်)တန် ကမ်းခြေ သွားရောက် ရေကူး ကြမည်သာ ဖြစ်ကြောင်း၊ ငါးမန်းကြ သည်လည်း ရေကြည်ရာ မြက်နုရာ ရှာဖွေယင်းမှ လူအများ



ရှိနေသော အိ(စ်)ဟင်(မ်)တန် ကမ်းခြေသို့ ရောက်ရှိသွား ပါက ထိုကမ်းခြေရှိ လူများသည်လည်း အမိတီမှာကဲ့သို့ပင် သေကြရမည် ဖြစ်ကြောင်း' ထုတ်ဖော် ပြောဆိုခဲ့သည်။

သို့သော်လည်း ယမန်နေ့က ငါးမန်းကြီး၏ တိုက်ခိုက်မှု ထင်မံ ဖြစ်ပေါ်လာခဲ့ပြီးသည့် နောက်တွင် စခန်းမှူးကြီး ဘရော့ဒီသည် အမိတီကမ်းခြေကို နောက်ထပ် အကြောင်း တစုံတရာ ထပ်မံထုတ်ပြန်ကြေငြာချက်မပြုမချင်း ရက်အကန့် အသတ်မရှိ ပိတ်ထားလိုက်ပြီ ဖြစ်လေသည်။

"အလို...ဘုရားရေ။ ဒီကိစ္စမှာ ခင်ဗျားက ကျွန်တော့်အပေါ် င်းကောင်းကြီးအပြစ်ပုံချထားတာပါလားဗျ။အစကတော့ကျုပ် ားကို ခင်ဗျားတို့က လက်သင့်မခံကြဘူး။ ခင်ဗျားတို့ အကျုပ်ကိုင် ကျုပ်မယုံကြည်တဲ့ အလုပ်တခုကို လုပ်ခဲ့ရတယ်။ အခုတော့ ျုပ်အပေါ် ခင်ဗျားတို့ ကလိန်ကျလိုက်ပြန်ပြီ"

"ခင်ဗျားအပေါ် ကလိန်ကျတာ မဟုတ်ရပါဘူးဗျာ။ ကျွန်တော့် နေ့နဲ့ ပုဂ္ဂိုလ်အကြီးအကဲ တယောက်ယောက်ရဲ့ ဆုံးဖြတ်ချက်ကို ည့်ရေးဖို့ တာဝန်ရှိနေပါတယ်။ အခုလောလောဆယ် မှာတော့ ဘော်ဝန် မစ္စတာဗောင်းကလဲ ခရီးထွက်နေတာမို့ ခင်ဗျားနာမည် ဆွဲသုံးလိုက်ရတာပါ။ တကယ်တော့ ဒီကိစ္စမှာ ခင်ဗျားလိ ာဝန်မကင်းပါဘူး။ ခင်ဗျားစိတ် ပါသည်ဖြစ်စေ၊ မပါသည် ဖြစ် ကျုပ်တို့ရဲ့ဆုံးဖြတ်ချက်ကို ခင်ဗျားလက်ခံခဲ့တာပဲ။ဒီတော့ခင်ဗျား အသိတူအလိုပါတယောက်လို့ ပြောလို့ရပါတယ်"

"ကဲ...ပြီးတာတွေလဲ ပြီးခဲ့ပြီပဲ။ ထားလိုက်ပါတော့။ ဒါထက် သတင်းစာထဲမှာ ကျုပ်ဖတ်ဖို့သင့်တာ တခြား ဘာသတင်းတွေများ သေးသလဲ"

"ဘာမှ မကျန်တော့ပါဘူး။ ဒါထက် ဒီကိစ္စကို ဝု(ဒ်)ဟိုး(လ်) မက်(တ်)ဟူးပါးကို ကျွန်တော် ပြောပြလိုက်ပါတယ်။ လူက ငါးမန်းကြီး နောက်တကြိမ် တိုက်ခိုက်လာအုံးမယ် ဆိုယင် အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ငါးမန်းဟာ ဘယ်လိုငါးမန်းမျိုးဖြစ်တယ်ဆိုတာ သူ့အတိအကျ
နိုင်ပါလိမ့်မယ် တဲ့"

"ငါးမန်းတကောင်တည်းက အဲဒီလို တိုက်ခိုက်နေတယ်လို့
ပုဂ္ဂိုလ်က ယူဆနေသလား"

ဘရော့ဒီက မေးလိုက်သည်၊

"သူ့အနေနဲ့ အတိအကျတော့ မသိသေးပါဘူး။ ဒါပေမ
တကောင်တည်း ဖြစ်လိမ့်မယ်လို့ သူခန့်မှန်းတယ်။ အဲဒါလဲပဲ ငါး
ဖြူ ဖြစ်လိမ့်မယ်လို့ သူက ဆိုတယ်"

"ဟုတ်တယ်။ ငါးမန်းတဖြူသလား၊ ညိုသလား၊ ပြာသလား
မပြောတတ်ဘူး။ အခုသောင်းကျန်းနေတာကတော့ ငါးမန်းတကော
တည်းပဲဖြစ်ရမယ်လို့ ကျွန်တော် ယုံကြည်တယ်။ မနေ့ကတောင်
တော် **မွန်တောက်**မှာရှိတဲ့ ကမ်းခြေစောင့် ရဲတပ်ဖွဲ့ကို ရောက်သွ
သေးတယ်။ ဒီအနီးတဝိုက်ကရေပြင်မှာ ငါးမန်းတွေကိုများ
တွေ့မိကြမလားလို့ပေါ့။ သူတို့ကတော့ အခုထက်ထိ တကော
မြင်မိသေးဘူးလို့ ဆိုတယ်။ ဒီအနီးအနားမှာ ငါးမန်းရှိယင်လဲ
ပေကနေဆယ်ပေလောက်သာ အရှည်ရှိတဲ့ အလတ်စားငါးမန်း
တွေပဲ ဒီမှာနေလေ့ရှိတယ်တဲ့။ နောက်တမျိုးက လူကိုအန္တရာယ်
လေ့မရှိတဲ့ သဲငါးမန်းတွေပဲ ဒီဘက်ရေပြင်ကို လာလေ့ရှိတယ်
ဒါပေမယ့် အခုအချိန်ဟာ စောသေးတယ်။ ဂျူလိုင်လလယ်လော
ရောက်လေ့ ရောက်ထရှိတယ်တဲ့။ ငါးမန်းတွေကို သူတို့တွေ့ယင်
တော့ဘုတ်တစင်း လွှတ်ပြီး ကျွန်တော်တို့ကို ခေါ်ပါမယ်လို့
ကတိပေးထားတယ်"

"ဟုတ်တယ်၊ စောသေးတာတော့ အမှန်ပဲ။ ကျွန်တော်လဲ ဒါ
စဉ်းစားမရဖြစ်နေတာ။ ညကသန်းခေါင်ယံလောက်မှာ အပူ
ဘယ်လောက်ရှိတယ် ထင်သလဲ။ ဘာမှ မချွားဘူး၊ ခြောက်ဆ
ဒီဂရီလောက်ပဲရှိတယ်။ အပြင်ဘက်မှာဆိုယင် ဒီ့ထက်ပိုနည်း
အုံးမယ်။ ရေထုရဲ့ အပူချိန်ကတော့ ငါးဆယ်ပဲရှိတယ်။ ရေပြ





လောက်အေးနေတာ ဘယ်လိုငါးမန်းမျိုးလာမလဲ။ တခုတော့ရှိတာ
ပေါ့လေ၊ အအေးကြိုက်တဲ့ ဂရင်းလန်ငါးမန်းမျိုး။ ဒါပေမယ့်
ကောင်တွေလဲ ဒီလောက်ဝေးဝေးကြီး ဆင်းလာလေ့ မရှိဘူး။
ဘယ်လို ဆင်းလာခဲ့အုံးတော့၊ ဒီကောင်တွေဟာ လူကို အန္တရာယ်
ပြုလေ့ မရှိကြပါဘူး"

မီးဒိုး(စ်)က သူ၏စကားကို ဆက်ပြန်သည်။

"အဲဒီငါးမန်းဟာဘယ်လိုငါးမန်းမျိုးဖြစ်တယ်ဆိုတာသိရအောင်
ဆောင်ရွက်ဖို့ကလဲ လွယ်ပါတယ်။ ဟူးပါးရဲ့အဆိုအရဆိုယင် အခု
ကမ်းခြေကိုလဲ ပိတ်ထားလိုက်ပြီဖြစ်လို့ ကမ်းစပ်နဲ့ နီးတဲ့ ရေပြင်ပေါ်
မှာ ငါးစာတွေချမယ်တဲ့။ တကယ်လို့သာ ဒီရေပြင်တဝိုက်မှာ
ငါးမန်းကြီးရှိနေယင် ဒီအစာကို လာစားမှာ အမှန်ပဲ"

"တယ်ဟုတ်ပါလား၊ အကြံကတော့ ကောင်းသားပဲ။ တကယ်လို့
ဒီငါးမန်းကြီးပေါ်လာယင် ကျွန်တော်တို့ ဘာလုပ်ကြမလဲ"

"အမိဖမ်းရမှာပေါ့ဗျ"

"ဘာနဲ့တုံး၊ ကျုပ်ရဲ့ငါးများတံနဲ့လား"

"မှိန်းနဲ့ပါ၊ မှိန်းသေနတ်နဲ့ ဖမ်းမှရတော့မှာပေါ့"

"ဖြစ်ပါ့မလားဟယ်ရီ။ ကျုပ်တို့မှာက မှိန်းသေနတ်တပ်ထားတဲ့
ခေါ်တော်မပြောနဲ့ ရဲတပ်ဖွဲ့ပိုင် ကင်းလှည့်ခမ်တော်တောင်မှ ရှိတာ
တော်ဘူး"

"ခင်ဗျားကလဲဗျာ—ဒီနားမှာ တံငါသည်တွေပြည့်လို့၊ သူတို့ဆီက
ငှားရမှာပေါ့"

"ဒါဆို တနေ့ ပေါ်လာတရှော့ငါးဆယ်လောက်ကုန်လိမ့်မယ်"

"ဒါပေါ့...ဒါလောက်တော့ ကျမှာပဲ။ ဒါပေမယ့် ကျွန်တော်...."

ထိုစဉ် အပြင်ဘက်ခန်းမှ ဒရော်သောပါး လျှောက်လာသော လူ
တယောက်၏ခြေသံကို ကြားရသည်။ ထို့နောက်အခြားတယောက်၏
ခြေသံကိုပါ ကြားလာရသည်။ ဘစ်ဘီ၏ ကသောကမျော ပြောဆို
တောင်းပန်သံကိုလည်း ကြားလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com


"ကျွန်တော် ပြောပြီးပြီပဲအစ်မကြီး။ဆရာတို့အထဲမှာ အစည်းဝေး ထိုင်နေပါတယ်၊ ခဏလောက် သည်းခံစောင့်ပါအုံးလို့"

"ဘာ....သောက်အစည်းအဝေးလဲ၊ မလိုချင်ဘူး။ ဘယ်အခန်းလဲ ပြော။ ငါဘာသာ ငါ ဝင်သွားမယ်"

အမျိုးသမီးတယောက်၏ ဒေါသတကြီး ဟစ်အော်ပြောဆိုသံသည် မိုးချုန်းသံအလား ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့ချေသည်။ စ... ပိုင်းအတွင်းမှာပင် ဘရော့ဒီ ရုံးခန်းတံခါးပွင့်သွားပြီး အမျိုးသမီး ကြီးတဦး၏ သဏ္ဍာန်ပေါ်ထွက်လာခဲ့သည်။ သူမ၏လက်တွင် သတင်း စာ တစောင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။ သူမ၏ မျက်လုံးအိမ်များအတွင်းမှ မျက်ရည်များမှာ ပါးပြင်နှစ်ဘက်ပေါ်သို့ သွင်သွင်စီးကျလျက်။ သူမသည် ယမန်နေ့ မွန်းလွဲပိုင်းက ငါးမန်း၏ အကိုက်ခံရသဖြင့် သေဆုံးသွားခဲ့သော ကလေး၏မိခင် မစ္စက် ကင့်(တ်)နာပင်တည်း။ ဘစ်ဘီသည် အမျိုးသမီးကြီး၏နောက်မှ ထ... ကြပ်မကွာ လိုက်ပါလာခဲ့ပြီး....

"ဝမ်းနည်းပါတယ်ဆရာ။ဒီက အစ်မကြီးကို ကျွန်တော် အဖြင်... တားထားပါသေးတယ်။ သူ့တာသူ ဇွတ်အတင်းဝင်...."

"ကိစ္စမရှိပါဘူး ဘစ်ဘီ။ ဖြစ်ပါတယ်၊ သြော်၊ ကြွပါ မစ္စက် ကင့်(တ်)နာ.... ကြွပါ"

မီးဒိုး(စ်)သည်ထိုင်ရာမှထလိုက်ပြီးသူမထိုင်ရန်အတွက်ကုလားထိုင် တလုံး ထိုးပေးလိုက်သည်။ ထိုကုလားထိုင်သည် ဘရော့ဒီနှင့် အနီး ဆုံးနေရာတွင်ရှိသည်။သူမသည် မီးဒိုး(စ်)၏အပြုအမူကိုမသိကျိုးကျွ... ပြုကာ ဘရော့ဒီထံသို့သာ ဦးတည်လျှောက်သွားခဲ့သည်။ ဘရော့ဒီ သည် သူ့အလုပ်စားပွဲနောက်တွင် မတ်တတ်ရပ်လျက်ရှိသည်။

"ကျွန်တော် ဘာများဆောင်ရွက်...."

အမျိုးသမီးကြီးသည် သတင်းစာလိပ်ဖြင့် ဘရော့ဒီ၏ မျက်နှာကို ဖြတ်ရိုက်ပစ်လိုက်သည်။ သူမ၏ ရိုက်ချက်သည် ဘရော့ဒီကို အလွန် အမင်း နာကျင်ခြင်း မရှိစေသော်လည်း အထိတ်တလန့် ဖြစ်သွား...

...သည်။ကြက်သေ သေသွားစေခဲ့သည်။ သတင်းစာသည် ကြမ်းပြင် ...သို့ ကျသွားခဲ့၏။

"ဒါက ဘာလဲ၊ ဘာသဘောလဲ။ ဟင် ပြောစမ်းပါအုံး"

မစ္စက်ကင့်(တ်)နာက ခုနစ်သံချီ ဟစ်လိုက်သည်။

"ခင်ဗျား ဘာကို ဆိုလိုတာလဲ"

"ဘာကိုဆိုလိုရမှာလဲ။ ဒီသတင်းစာထဲမှာ ဖတ်ကြည့်စမ်း။ ဒီရေ ...ဟာ အန္တရာယ်ရှိမှန်းသိထားလျက်နဲ့ ဒီအကြောင်းကို ပြည်သူတွေ ...ရှင်အသိမပေးပဲ ထားခဲ့တယ်။ ငါးမန်းကြီးကြောင့် မိန်းကလေး ...ယောက်ဟာ ခပ်စောစောကတည်းက သေခဲ့ပြီးပြီဆိုတာကို ရှင် ...ဘ ဖုံးဖိထားခဲ့တယ်။ အဲဒါ ဘာသဘောလဲလို့ မေးနေတာရှင့်"

ပြေပြေလည်လည်ဖြစ်အောင် မည်သို့မည်ပုံ အဖြေပေးရမည်ဆို ...ကို ဘရော့ဒီမသိ။ အမျိုးသမီးပြောသမျှတို့မှာ အမှန်ချည်းသာ ...နေ၏။ ဘရော့ဒီသည် ဤကိစ္စကို လုံးဝ မငြင်းဆိုနိုင်သော်လည်း ...သုံးလျှားလျှား ဝန်မခံနိုင်။ သူတယောက်တည်း၏ အပြစ်ချည်း ...တ်။

"ဒါဟာ ဒီလိုရှိပါတယ်ခင်ဗျား။ မစ္စက်ကင့်(တ်)နာ ပြောတာ ...လဲ မှန်ပါတယ်၊ ဒါပေမယ့်...."

သူသည် အခြေအနေမှန်ကို ရှင်းပြခြင်းမပြုနိုင်မီ အမျိုးသမီးကြီး ဒေါသ ပိုမကြီးလာစေရန်အတွက် ဖျောင်းဖျ နှစ်သိမ့်ပေးနေရသည်။

"အလကားတို သတ်တာ ငါးမန်းမဟုတ်ဘူး၊ ရှင်သတ်တာ ရှင့် ...သတ်တာ။ ရှင်ဟာ လူယုတ်မာ။ အန္တရာယ်ရှိမှန်း သိထားလျက်နဲ့ ...ဟာ ပြည်သူတွေကို အသိမပေးခဲ့ဘူး၊ ဖုံးဖိထားခဲ့တယ်။ ရှင့် ...ကြောင့် အပြစ်မဲ့တဲ့ ကျွန်မရဲ့သားလေး၊ ချစ်စရာကောင်းလှတဲ့ ကျွန်မ ...သားလေး....အခု သေရပြီ...အခု သေရပြီ"

မစ္စက် ကင့်(တ်)နာသည် ငိုယင်း ပြောယင်း၊ပြောယင်း ငိုယင်းမှ ...အသံတဖြည်းဖြည်း ကျယ်လောင်လာသည်။ သူမ ပြောသမျှ စကား ...ုံးတိုင်းသည် ဘရော့ဒီ ခန္ဓာကိုယ်အတွင်းသို့ ဆေးထိုးအပ် တ...





www.burmeseclassic.com

www.burmeseclassic.com



မြင့် ထိုးသွင်းနေတိအလား သူ၏ နှလုံးသားအား နာကျင်ခြင်း စေလေသည်။ သားယောကျ်ားလေးများ၏ ဖခင်တဦး အနေ ဘရော့ဒီသည် ကိုယ်ချင်းစာမိသည်။ မစ္စက်ကင့်(တ်)နာ၏အသံသ အရှေ့ခုနစ်အိမ်၊ အနောက်ခုနစ်အိမ် ပျံ့လွင့်စေနိုင်သော အသံဖြ ဘရော့ဒီမှာ စိတ်ညစ်ရသည်။ သူသည် ဤအမျိုးသမီးကြီးကို မည် မျှ တားဆီး၍ ရနိုင်မည်မဟုတ်ကြောင်း သိသည်နှင့်....

"ရှူး၊ တိုးတိုးပြောလဲ ရပါတယ်ဗျာ။ ကျွန်တော်ရှင်းပြပါမ ခဏလောက် စိတ်ငြိမ်ငြိမ်ထားပါ"ဟု ပြောဆိုပြီး ဖျောင်းဖျ သိမ့်မှုပေးရန် မစ္စက်ကင့်(တ်)နာ၏ ပခုံးနှစ်ဘက်ကို ဆုပ်ကိုင်လို သည်။

"ဖယ်စမ်း၊ ဖယ်စမ်း၊ ရှင့်လက်ပုပ်ကြီးနဲ့ ကျွန်မအသားကို မထိနဲ့။ ရှင်ဟာ လူယုတ်မာ၊ လူယုတ်မာ၊ အသုံးမကျတဲ့ လူယုတ်‌ လူလိမ်၊ လူညာ။ ကဲ....ပြောစမ်းပါအုံး။ ရှင်က ဒီသတင်းကို ဘာ လို့ မြှောင်ချထားရတာလဲ"

"တော်ဗျာ၊ တော်တော့။ ခင်ဗျား လွဲနေပြီ။ ခင်ဗျား ကျွန်တေ အပေါ်မှာ နားလည်မှု လွဲနေပြီ။ ကဲ၊ မနေ့တာ မီးဒိုး(စ်)ကိုသ မေးကြည့်ပေတော့"

ဘရော့ဒီ၏လေသံသည် တောင်းပန်သံလည်းဖြစ်၊ အမိန့်ပေး ဟုဆိုကလည်း မမှားပေ။ မီးဒိုး(စ်)သည် သူ့ရှေ့ရှိ မြင်ကွင်းကြော လည်လိမ်ထားခြင်းခံရသော ကြက်ဖကြီးတကောင်လိုငိုင်တွေနေရာ ဦးခေါင်းကို မသိမသာ ညိတ်ပြလိုက်သည်။

"ဪ၊ ဒီလိုလား။ ငါ့မယုံ ငါ့သူငယ်ချင်းမေးကြည့် ဆို သဘောပေါ့လေ ဟုတ်လား။ ရှင့်ယောက်ဖက ရှင်လုပ်တာ မှ တယ်လို့ ထောက်ခံတော့မှာပေါ့။ နှစ်ယောက်ပေါင်းပြီး တကျိ တည်း၊ တဥာဏ်တည်းလုပ်မှ တော်ရုံတန်ရုံကိစ္စဟာ ပြဿနာမပေါ် တော့မှာပေါ့၊ ဟုတ်လား။ ကဲ ပြောစမ်းပါအုံး။ ဒီသတင်းကို မြှောင် ချထားဘဲ့အတွက် ရှင်တို့ ငွေဘယ်လောက် ရလိုက်သလဲဟင်"





"ဘာပြောတယ်"

"ပြောစမ်းပါ၊ ရှင့်ကို ဘယ်သူက ငွေဘယ်လောက်ပေးပြီး နှုတ် ပိတ်ထားခဲ့သလဲဟင်။ ပြောစမ်းပါ၊ ကျွန်မကို ပြောစမ်းပါ။ ကျွန်မ ထဲ ငွေပေးပါ့မယ်။ လူ့အသက်နှစ်ချောင်း နောက်ထပ်ဆုံးရှုံး ာကို လက်ပိုက်ပြီး အေးအေးလေး ကြည့်နေနိုင်စွမ်း ရှိစေတာ ယ်လို့ အကြောင်းကြောင့်လဲဟင်။ ရှင်ဟာ စကောလောက်မှ ောက်မနက်ပါလားဟင်။ ကျွန်မသားလေးရဲ့အသက်ကို ရင်းပြီး ှာ ငွေရှာတယ်။ ငွေတွေကို ကျွန်မသားလေးရဲ့ သွေးတွေထဲက ပြီး ရှင်တို့ ယူရက်ကြတယ်နော်"

"မဟုတ်ရပါဘူးဗျာ၊ မဟုတ်ရပါဘူး။ ဘုရားပေးပေး ကျမ်း ပေးပေးပါ့။ ခင်ဗျားစွပ်စွဲတာတွေ တခုမှ မမှန်ပါဘူး။ ဒီသတင်းကို ျွန်တော်တို့ လူသိမပေးပဲထားတာဟာ တခြားဘာရည်ရွယ်ချက်မှ ြို့ မဟုတ်ပါဘူး။ ဒီကိစ္စမျိုး နောက်ထပ် ဖြစ်လာနိုင်လိမ့်မယ်လို့ မျှော်လင့်ခဲ့တာကြောင့်ပါပဲ"

မစ္စက်ကင့်(တ်)နာသည် ဘရော့ဒီ၏ ဖြေရှင်းချက်ကို ကြားရပြီး ည့်နောက်တွင် ခေတ္တမျှ ငြိမ်သက်သွားသည်။ ဇလောင်ဆူနေ သော သူမ၏ ရင်တွင်းဝယ် ဘရော့ဒီစကား၏ အဓိပ္ပာယ်ကို အဖြေ ှာကြည့်နေမိသည်။ **'နောက်တခါ ထပ်ဖြစ်လိမ့်မယ်လို့ မမျှော် လင့်တာကြောင့်ပါ'**။ နှုတ်မှလည်း ပဲ တင်ထပ် ရေရွတ်နေမိသည်။ ို့နောက် သူမသည် စိတ်ကို ဆက်လက် ထိန်းချုပ်ခြင်းငှာ မစွမ်း တော့ဘိသကဲ့သို့ "အို....ဘုရား....ဘုရား"ဟု တ,ခါ သားစိတ်တက်၊ သတိလစ် မေ့မြောသွားလေတော့သည်။ ဘရော့ဒီက ဘစ်ဘီအား ဆရာဝန်ပင့်ရန် ညွှန်ကြားလိုက်သည်ကိုလည်း သူမ မသိရှိတော့။ ဆရာဝန် ရောက်လာပြီး 'လစ်(ဘ်)ရီရမ်'ထိုးပေးကာ သူနာတင် ားဖြင့် ဆေးရုံသို့ ခေါ်ဆောင်သွားသည်ကိုလည်း သိရှိခြင်း မရှိ တော့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com

အခန်းထဲတွင် သူတို့နှစ်ဦးတည်းသာ ကျန်တော့သောအချိန်တွင် ဘရော့ဒီက သူ၏လက်မှ လက်ပတ်နာရီကိုကြည့်ပြီး–

"အမယ် ကိုးနာရီတောင် မထိုးသေးပါလား။ အခုလိုမျိုး စိ လှုပ်ရှားစရာနဲ့ကြုံယင်ကျွန်တော်တော့အရက်တပက်နှစ်ပက်လော မော့ ပစ်လိုက်မိတာပဲ"

"ခင်ဗျားမှာ ဆန္ဒရှိတယ်ဆိုယင်တော့ ကျွန်တော့် ရုံးခန်းမှာ ဘာဘွန် တပုလင်းရှိတယ်လေ၊ လိုက်ခဲ့ပါလား"

"နေ....နေပါစေတော့ဗျာ ကျေးဇူးတင်ပါတယ်၊ ကျုပ်မှာ တ လုံး လုပ်စရာတွေ ကျန်ပါသေးတယ်။ ကျုပ်ဦးနှောက်တွေ ပေါ ထွက်မတုန်ယင်ပဲ တော်ပါပြီ"

"ခင်ဗျားကလဲဗျာ၊ အမျိုးသမီးကြီးက စိတ်ချောက်ချားနေတုန် သွေးလဲပူနေတုန်းဆိုတော့ ဒီလိုပဲ ပြောမှာပေါ့။ ဒါကို သိပ်အလေ အနက် ထားမနေစမ်းပါနဲ့။ တကယ်တော့ ဒါဟာ ခင်ဗျားရဲ့အပြ မဟုတ်ပါဘူး"

"ဟုတ်တယ်လေ၊ တကယ်အပြစ်ရှိတာက လယ်ရီဗောင်းရ ခင်ဗျားရယ်ပဲပေါ့။ ကျွန်တော့် ဆန္ဒအတိုင်းသာလုပ်ခွင့်ရခဲ့ယင် မန ကာ သေရတဲ့ လူနှစ်ယောက်ရဲ့အသက်ကို ကယ်တင်နိုင်တယ်။ ဒါပေ မယ့် ခင်ဗျားတို့ကြောင့် ကျုပ် ဘာမှ မလုပ်နိုင်ခဲ့ဘူး"

*

ဘရော့ဒီ၏ ရုံးခန်းအပြင်ဘက်မှ အခန်းမှ တယ်လီဖုန်းသံ မြည် လာခဲ့သည်။ တာဝန်ကျ ရဲဘော်တဦးက ကောက်ယူ နားထောင် လိုက်သည်။ မကြာမီ ဘရော့ဒီစားပွဲပေါ်မှ ရုံးတွင်းပြော ခွက်လေးမှ အသံမြည်လာခဲ့၏။

"မစ္စတာဗောင်းက စကားပြောချင်လို့ပါတဲ့ဆရာ"

ဘရော့ဒီသည် လျှပ်စစ်စကားပြော ကိရိယာလေးမှ ခလုတ်တခုကို နှိပ်လိုက်ပြီး တယ်လီဖုန်းကို ကောက်ယူလိုက်သည်။





"ဟိုင်း၊ လယ်ရီ။ဘယ့်နှယ်လဲ ခရီးသွားတာ တော်တော် ပျော်ခဲ့ လား"

"အင်း....မနေ့ည ဆယ့်တနာရီလောက်အထိတော့ ခင်ဗျားပြော ပဲပေါ့၊ ဒါပေမယ့် ညတုန်းက အိမ်အပြန် ကားပေါ်မှာ ရေ လဲဖွင့်လိုက်မိရော မပျော်နိုင်တော့ဘူး ဖြစ်သွားခဲ့ရတယ်။ အိမ် ရောက်ရောက်ချင်း ခင်ဗျားဆီကို ကျွန်တော် ဖုန်းဆက်အုံးမလို့ ဒါပေမယ့် ခင်ဗျားတယောက်လဲ တနေ့လုံး ပင်ပန်းနေရှာ ဆိုတာ တွေးမိလို့ ခင်ဗျားအိပ်ကောင်းချိန်မှာ အနှောင့်အယှက် နေတော့ပါဘူး"

"တတ်ကဲ့....ခင်ဗျားရဲ့ အဲဒီဆုံးဖြတ်ချက်ကို ကျွန်တော် လက်ခံ တယ်၊ ကျေးဇူးလဲတင်ပါတယ်"

"ဒီလိုမလှောင်ပါနဲ့ မာတင်ရာ။ မနေ့က အဖြစ်အပျက်တွေနဲ့ သက်ပြီး ကျွန်တော် လုံးဝ စိတ်မကောင်းပါဘူး"

မစ္စတာဗောင်း၏ စကားအဆုံးတွင် ဘရော့ဒီက "ခင်ဗျား ဘယ်ပဲ စိတ်မကောင်းဖြစ်မိသလား လယ်ရီ"ဟူ၍ မေးလိုက်ချင် သို့သော် ဤသို့သော ထေ့လုံး ငေါ့လုံးမျိုးသည် ယခုအချိန် မည်သူ့ကိုမျှ အကျိုးမဖြစ်ထွန်းစေနိုင်၊ ဗောင်းအဖို့လည်း နာ ခံခက် ဖြစ်သွားပေလိမ့်မည်။ ထို့ကြောင့် ဘရော့ဒီက "ဒါပေါ့ ...ဟုတ်တာပေါ့"ဟူ၍သာ အလိုက်သင့် ပြောလိုက်၏။

"ဒါနဲ့ ဒီကမ်းခြေကို ဘယ်လောက်ကြာကြာ ပိတ်ထားဖို့ စိတ် သလဲ မာတင်"

"အတိအကျတော့ ဘယ်ပြောနိုင်ပါ့မလဲဗျာ။ အခြေအနေအရ လေးငါးဆယ်ရက်လောက်ပဲ ကြာချင်ကြာမယ်။ ဒါမှမဟုတ် ဆက်ပိုချင်လဲ ပိုသွားလိမ့်မယ်ပေါ့။ ဘာလဲ၊ ခင်ဗျား ပွဲစား အားတဲ့အိမ်တွေကို ငှားမယ့်လူတွေ မရှိတော့ဘူး ဖြစ်နေလို့လား"

"အသေအချာ ပြောပြီးဆိုပြီးဖြစ်နေတဲ့ ကိစ္စနှစ်ခုကို ဒီမနက်ဘင် ပစ်လိုက်ရပြီဗျာ။ ပြီးတော့ နောက်ထပ် အိမ်အလုံး နှစ်ဆယ်



www.burmeseclassic.com

www.burmeseclassic.com



လောကီလဲ ကျွန်တော့် လက်ထဲမှာ 'ငှားရမ်းသူမရှိ' ဖြစ်နေသေးတယ်။ ဒီငါးမန်းသတင်းကြောင့် ငှားမယ့်လူတွေဟာ 'လန့်'ကုန်ကြတယ်။ ဒါထက် လာမယ့် သတင်းဆုံးရက် ဇူလိုင်လ လေးရက်နေ့ဟာ အမေရိကန်ပြည်ထောင်စုရဲ့ လွတ်လပ်ရေးအောင်ပွဲနေ့ ဖြစ်တယ်ဆိုတာကိုတော့ ခင်ဗျား သတိပြုမိမှာပါနော်။ တနည်းအားဖြင့်ဆိုယင် အင်မတန် လူစည်ကားမယ့် အချိန်ပဲပေါ့"

"သိတာပေါ့ဗျ....သိပ်သိတာပေါ့"

"ဒါဆိုယင် အခုတောင် အချိန် အတော် နောက်ကျနေပြီ ခင်ဗျားအနေနဲ့ ဒီကိစ္စကို ဇူလိုင်လ လေးရက်နေ့မတိုင်မီ ပြေလည်အောင် ဆောင်ရွက်နိုင်ပါ့မလား မာတင်။ ဒါမှမဟုတ်ယင်တော့ ကျွန်တော်တို့မြို့ဟာ နွေရာသီမှာ ငွေဘယ်လောက်မှ ရမှာမဟုတ်ဘူး"

ကြာသပတေးနေ့က အဖြစ်အပျက်ကို ဘရော့ဒီ ပြန်ပြောင်းသတိရမိသည်။ ခရစ္စတင်းခေါ့(ထ်)ကင်း သေဆုံးစဥ်က ထိုကိစ္စကို သတင်းအဖြစ် လီဒါသတင်းစာတွင် ထည့်သွင်း ဖော်ပြခြင်းမပြုရန်နှင့် ကမ်းခြေကို ပိတ်ထားခြင်းမပြုရန် ဘရော့ဒီအား လယ်ရီဗောင်းက လာရောက် တားမြစ် ပိတ်ပင် ခြိမ်းခြောက်စဥ်က ဖြစ်သည်။

ထိုစဥ်က 'ဗောင်း'က ဤသို့ ပြောခဲ့သည်။

"အခု ကျွန်တော်ဟာဆိုယင် ကျွန်တော့် ပါတနာတွေရဲ့ ဩဇာအပေးကို ခံနေရတယ်။ သူတို့က ကျွန်တော့်ကို ဖိနှိပ်နေကြတယ်။ လွှမ်းမိုးနေကြတယ်။ ကျွန်တော့် ခြေ၊ ကျွန်တော့် လက်ချည်း မဟုတ်တော့ဘူး။ ဒီတော့ဗျာ ကျွန်တော့်ကို ခင်မင်သောအားဖြင့် ပုဂ္ဂိုလ်ရေးအရ ဒီကမ်းခြေကို မပိတ်လိုက်ပါနဲ့ဗျာ။ ဒီတခုတော့ ကူညီပါ။ ဒီတခါတည်းပါပဲ"

ဘရော့ဒီအနေဖြင့် မစ္စတာဗောင်း၏စကားကို နားမလည်နိုင်အောင် ရှိခဲ့ရသည်။ လောရင့်(စ်)ဗောင်းသည် ဗောင်းနှင့်ပင်(န်)





စ်)ရှီးရဲ(လ်)အဲ့(စ်)တိတ်အမည်ခံပြီး မြို့မြေနှင့်မရွေ့မပြောင်းသော အငှတ်အရင်းပစ္စည်းများ ရောင်း၊ ဝယ်၊ ငှားရမ်းသည့်များကို ကိုယ်စားလှယ် ပွဲစားတဦးအဖြစ် ဆောင်ရွက်နေသည် ဘရော့ဒီ သိထားသည်။ သူ့လုပ်ငန်း၏ အမည်တွင် 'ပင်(န်)စ်)'ဟူသည့်အမည်တလုံးထည့်သွင်းထားသော်လည်းထို'ပင်(န်)စ်)ဆိုသည့် ပုဂ္ဂိုလ်ကို မြင်ဖူး၊ တွေ့ဖူးသူဟူ၍ တယောက်သေမျှ မရှိ။ ဗောင်း၏လုပ်ငန်းမှ ပင်(န်)ရို့(စ်)ဆိုသည့် ပုဂ္ဂိုလ်အား မြင်တွေ့လို၍ သူ့ရုံးခန်းသို့ သွားကြည့်လျှင်လည်း ထိုအမည်ကို မြင်ဖူးသူ၊ စကားပြောဖူးသူဟူ၍ အမိတီမြို့တွင် တဦးသောက်မျှမရှိ။ ထို့ကြောင့် 'ပင်(န်)ရို့(စ်)' ဆိုသည်မှာ င်းက တမင်သက်သက် လုပ်ကြံဖန်တီးထားသော အမည်သာသည်။ သူ့လုပ်ငန်းတွင် သူသာလျှင် ခေါင်းဆောင်၊ သူသာ အကြီးအကဲ၊ သူသာလျှင် ကရောဇ်ဖြစ်သည်။ ယင်းလုပ်ငန်း သူတဦးတည်းပိုင် လုပ်ငန်းဖြစ်သည်ဟု ဘရော့ဒီက တွက်ခဲ့သည်။ ယခု သူ့ကို ဩဇာပေးနေသူ၊ ကြိုးဆွဲနေသူ၊ လွှမ်းမိုးရှိပါသည်ဟု ဆိုလာသောအခါ ဘရော့ဒီမှာ အံ့ဩခြင်းဖြစ်ရသည်။

ထို့ကြောင့် ဘရော့ဒီက–

"စိတ်မရှိပါနဲ့ဗျာ....ကျွန်တော်သိချင်တာလေး တခုရှိလို့ မေးပါရစေ"

"ဘာများလဲဗျ"

"ခင်ဗျားရဲ့ ပါတနာဆိုတဲ့ လူတွေရဲ့ နာမည်က ဘာတွေတဲ့ဗျ"

ဗောင်း၏အသံ အတန်ကြာအောင် ငြိမ်သက် ပျောက်ကွယ်သွားပြီးမှ....

"ဒါ ခင်ဗျားရဲ့ အလုပ်မဟုတ်ပါဘူး၊ ကိုယ့်ကိစ္စသာ ကိုယ်ဂရုပါ၊ ကျွန်တော့်ကိစ္စ ကျွန်တော့်ဘာသာ ရှိပါစေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်လဲ ကောင်းပြီလယ်ရီ၊ ကျွန်တော် စောဒက မတက်လို တော့ပါဘူး။ ဒါပေမယ့် ကမ်းခြေကို ကျွန်တော်ပိတ်ထားတာကို ခင်ဗျားက ကန့်ကွက်ပြောဆိုနေတာတော့ ဟုတ်တယ် မထင်ပါဘူးနော်"

"မဟုတ်ရပါဘူးဗျာ၊ ကျွန်တော်က အမီတီမြို့လုံးရဲ့ဝင်ငွေ နည်း သွားမှာကို စိုးရိမ်မိတာနဲ့ ဆန္ဒစောပြီး ပြောလိုက်မိတာပါ။ ကမ်း ခြေ မြန်မြန် ပြန်ဖွင့်နိုင်ပါစေလို့လဲ ဆန္ဒပြုပါတယ်၊ ဒီ မိစ္ဆာ ငါးကြီး ဒီနေရာက ဘယ်တော့လောက် ပြန်ထွက်သွား လိမ့်မယ်လို့ ခင်ဗျား မျှော်လင့်သလဲ။ ဒီကောင်ကြီး ထွက်သွားပြီ မထွက်သွားသေးဘူး ဆိုတာကိုရော ခင်ဗျားဘယ်လိုလုပ် သိမလဲ"

"အဲဒီလောက်အထိ တွေးတောစဉ်းစားဖို့ ကျွန်တော့်မှာ အ လောက်တဲ့အချိန် မရသေးပါဘူးဗျာ။ ဒီကောင်ကြီး ဘာလို့ ဒီက ရောက်လာရတယ်ဆိုတာတောင် မပြောတတ်သေးဘူး"

"ဗျာ....ဒါဖြင့် အခု ဘာကနေ'စ'လုပ်ကြမှာလဲ မာတင်၊ အဲ ငါးကြီး ဒီက ထွက်သွားအောင် ကျွန်တော်တို့ထိုင်ပြီး ပရိတ်ရွတ် နေရုံနဲ့တော့ အမီတီ တမြို့လုံး ငတ်သေကုန်တော့မှာပဲ"

"ဒါကို ကျွန်တော်နားလည်ပါတယ်။ ခုနကတောင် ဒီကိစ္စ မီးဒိုး(စ်)နဲ့ ကျွန်တော် တိုင်ပင်နေမိသေးတယ်။ ခင်ဗျားအနေ ဒေါ်လာနှစ်ရာလောက် ရှာပေးနိုင်မလား။ တံငါသည် ဘင်ဝ ဒနာရဲ့ မော်တော်ဘုတ်ကို တရက် နှစ်ရက်လောက်ငှားပြီး ပင်လယ် ပြင်ကို ထွက်ကြည့်ချင်လို့။ ဒီလူ့အနေနဲ့ သူ့တသက်မှာ ငါးမန်း ဖမ်းဖူးရဲ့လားတော့မသိဘူး။ ကျွန်တော့်အနေနဲ့တော့ ကြိုးစား ကြည့်တာ အကျိုးမယုတ်ဘူးထင်တယ်။ မီးဒိုး(စ်)ရဲ့ မိတ်ဆွေ ဓ ဗေဒပညာရှင်ရဲ့ အကူအညီလဲ ရမှာပါ"

"ဒါပေါ့ ကြိုးစားကြည့်တာ မမှားပါဘူး။ လုပ်ပါ။ ဆက်လု ပါ။ ဒီကောင်ကြီး မရှိမှ ကျွန်တော်တို့မြို့ရဲ့စီးပွားရေး ပြေလည်မှာ ဖြစ်တာမို့ ဒီကောင်ကြီးကို အပြတ်ရှင်းဖို့ဆိုယင် ငွေဘယ်လောက်



ကုန်ကုန်ပေါ့။ ကျွန်တော် တနေရာရာက ဖြစ်တဲ့နည်းနဲ့ ရှာလာခဲ့ ပါ့မယ်"

ဘရော့ဒီက တယ်လီဖုန်းကိုချထားလိုက်ပြီး ဟယ်ရီမီးဒိုး(စ်) ဘက် လှည့်ကာ ပြောလိုက်သည်။

"ကဲ....ကျွန်တော်တော့ နားမလည်နိုင်အောင် ဖြစ်နေပြီဗျို့၊ ဒီ တယ်တော့ ဗောင်းဟာအင်မတန်ပိုက်ဆံချမ်းသာတဲ့လူပဲ။ ငါးမန်း ကြောင့် ဒီကမ်းခြေကို ဘယ်လောက်ကြာကြာ ပိတ်ထားပိတ်ထား သူ့အတွက် စီးပွားရေးထိခိုက်စရာအကြောင်းသိပ်မမြင်ဘူး။ မသကာ ဝင်ငွေနည်းနည်းပါးပါး လျော့ရုံသာ ရှိတော့မပေါ့။ အခုတော့ ဒီလိုမဟုတ်ဘူး၊ ဒီကိစ္စဟာ သေရေးရှင်ရေး ကိစ္စတခုလို အရှုံး ကြီး ဖြစ်နေတယ်။ မြို့အတွက် ပြောတာ မဟုတ်ဘူးနော်။ သူ့ ကိုယ်ကျိုးစီးပွားတခုတည်းအတွက် ပျာလောင်ခတ်နေတာ။ ဒီလူ့ အကြောင်း ဒီ့ထက်အတွင်းကျကျ ကျွန်တော်တို့ သိထားဖို့လိုလာပြီ ထင်တယ် ဟယ်ရီ"

*





www.burmeseclassic.com

www.burmeseclassic.com



# ၇

[ က ]

ခြောက်ဖာလုံနီးပါး ကွာဝေးသော ပင်လယ်ရေပြင်ပေါ်တွင် ကျောက်ချ ရပ်နားထားသည့် ဘင်ဂါဒိနာ၏ မော်တော်ဘုတ်လေးသည် ညင်သာသော ရေလှိုင်းအိအိလေးများ၏ တိုက်ခတ် ဆော့ကစားမှုကြောင့် ဗယ်တီမ်းညာယိမ်း လူးလူးလွန့်လွန့်နှင့် ရှိနေ၏။ ဘာရော့ဒီနှင့် ဟင်းဒရစ်တို့ လိုက်ပါလာသည့် မော်တော်အသေးစားလေးသည် တဖြည်းဖြည်းချင်း ရှေ့သို့ ချဉ်းကပ်လာသည်နှင့် အမျှ ဂါဒိနာ့မော်တော်ဘုတ်၏ ကိုယ်ထည်တွင် စာလုံးမည်းကြီးများဖြင့် ရေးသားထားသည့် 'ဖလစ်ကာ' ဟူသည့် အမည်စာတန်းကို ပီပီပြင်ပြင် မြင်တွေ့လာရ၏။ ဖလစ်ကာနှင့် ဂိုက်ငါးဆယ်မျှသာ





...ဝေးတော့သည့်အချိန်တွင် ဟင်းဒရစ်သည် သူတို့ စီးနင်းလာ...သည့် မော်တော်လေး၏ စက်ရှိန်ကို လျှော့ချလိုက်သည်။

အရှိန်မသေသေးသော သူတို့၏ မော်တော်ကလေးသည် ရေစီး...ကြောင်းအတိုင်း မျောပါသွားပြီး ဖလစ်ကာနှင့် ဘေးချင်းယှဉ်ကပ်...သည်။ ဘာရော့ဒီသည် မိမိစီးလာသည့် မော်တော်၏ ဦးပိုင်းသို့...၍ ဖလစ်ကာအတွင်းသို့ လှမ်းကြည့်လိုက်သည်။ ထို မော်တော်...ကြီးအတွင်း၌ လူရိပ်လူရောင် လုံးဝ မတွေ့ရ။ လှုပ်ရှားမှု...င်းမရှိ။

...င်းဒရစ်သည် ကြိုးတချောင်းကိုယူလာပြီး မော်တော်နှစ်စီး၏...ရန်းများကို ပူးတွဲချည်နှောင်လိုက်သည်။ ထို့နောက် ဘာရော့ဒီ...

"မော်တော်ပေါ် တက်ကြည့်အုံးမလားဆရာ"

"အေး"

...ရော့သည် ဖလစ်ကာပေါ်သို့ ခုန်တက်သွားရာ ဟင်းဒရစ်...သည်း နောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားခဲ့သည်။ သူတို့...သည် မော်တော်၏ စက်ခန်းအနီးတွင် ရပ်လျက် ဟိုဟိုသည်...ရှာဖွေကြည့်ရှုသော်လည်း ဘင်ဂါဒိနာ၏ အရိပ်အရောင်ကို...မျှ မမြင်တွေ့ရသေးချေ။ ဟင်းဒရစ်သည် စက်ခန်းအတွင်းသို့...င်းကို သွင်းပြီး–

"...ဘင် ခင်ဗျားအထဲမှာ ရှိသလားဗျို့" ဟူ၍ ဟစ်အော် မေးမြန်း...သည်။ တစုံတရာ ပြန်ယည့်ဖြေကြားသံကို မကြားရသဖြင့်...ကြာတွင် သူ၏ ဦးခေါင်းကို ပြန်နုတ်လိုက်သည်။

"သူ အထဲမှာတော့ မရှိဘူးဆရာ"

"အေး၊ ဒီမော်တော်ပေါ်မှာ သူ ရှိပုံ မပေါ်ဘူး။ ဒီလူဘာ...ကိုများ သွားနေပါလိမ့်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘရော့ဒီသည် စဉ်းစားမရ ဖြစ်သွားသည်။ ဘင်ဂါဒနာအတွက်
စိတ်ပူခြင်း ဖြစ်မိသည်။ ယမန်နေ့ညက သူသည် ဂါဒနာနှင့် တွေ့
ဆုံပြီး သူ၏ တံငါမော်တော် ငှားရမ်းရေးကိစ္စနှင့်စပ်လျဉ်းပြီးစကား
ပြောခဲ့၏။ထိုနေ့နံနက် ခြောက်နာရီတွင် သူသည် ကမ်းခြေမှ ပင်လယ်
ပြင်သို့ ထွက်ခွာမည်ဟု ဂါဒနာက ကတိပေးခဲ့သည်။ သို့သော် ထိုနေ့
တမနက်ခင်းလုံး ဆီးနှင်းထူထပ်စွာ ကျဆင်းနေခဲ့ပြီး ညနေစော
ကျမှ နှင်းလုံးကွဲသွားခဲ့သည်။ ညနေငါးနာရီလောက်တွင် ဘရော့
သည် ဆိပ်ကမ်းသို့ရောက်ရှိလာခဲ့ကာ ဂါဒနာကို ရှာဖွေသော်လည်း
မတွေ့ရသဖြင့် ပင်လယ်ပြင်သို့ မှန်ပြောင်းတလက်ဖြင့် ရှာဖွေကြည့်
နေခဲ့သည်။ဤတွင်မှကမ်းခြေနှင့် ခြောက်ဖာလုံခန့်ကွာလှမ်းသော
ပြင်ပေါ်တွင်ဘင်ဂါဒနာ၏ဖလစ်ကာ တံငါမော်တော်ကလေးကို
မြင်ရလေသည်။ ဘရော့ဒီက တနာရီနီးပါးမျှကြာအောင် စိတ်ရှ
လက်ရှည်ထိုင်ပြီးဖလစ်ကာကိုကြည့်နေခဲ့သည့်တိုင်မော်တော်ငယ်ပေ
တွင်လှုပ်ရှားသွားလာနေသောလူရိပ်လူရောင်များကို တွေ့မြင်ရခြ
လုံးဝမရှိခဲ့ပေ။ ထို့ကြောင့် ဂါဒနာသည် အန္တရာယ်တစုံတခုနှင့် ရ
ဆိုင်တွေ့ရလေသလားဟု ဘရော့ဒီ သံသယဝင်လာခဲ့သည်။

ထိုစဉ်မှာပင် ဆိပ်ကမ်းအနီးမှ ဖြတ်သန်းသွားသော လင်း ဟ
ဒရစ်က ဘရော့ဒီ၏ရဲကားကို မြင်တွေ့သဖြင့် အကျိုးအကြော
ဆင်းမေးခဲ့သည်။ ဘင်ဂါဒနာထံမှ ရေဒီယိုဖြင့် အကြောင်းကြ
ဆက်သွယ်ချက် ရ မရ ကို ဘရော့ဒီက ဘင်ဂါဒနာ၏ဇနီးထံ တ
လီဖုန်း ဆက်သွယ် မေးမြန်းကြည့်ခဲ့သည်။ ဘင်ဂါဒနာက မည်
သော ဆက်သွယ်မှုမျိုးမျှ မပြုလုပ်ခဲ့ပါဟု သူ့ဇနီးက ပြန်ဖြေခဲ့သ
ထို့ပြင် ဂါဒနာသည် သူနှင့်အတူ အဖော်ခေါ်သွား၊မသွားဆိုသ
ကိုလည်း ဂယနက်ဟ မသိရသဖြင့် စိတ်ပူသွားခဲ့၏။

နောက်ထပ်နှစ်နာရီအတွင်း နေဝင်မိုးချုပ်ဦးမည် မဟုတ်သဖြ
လည်း ဘရော့ဒီနှင့် ဟင်းဒရစ်တို့သည် ဘင်ဂါဒနာ၏ မော်တေ
ရှိရာသို့ သွားရောက် စုံစမ်းကြည့်ရန် ဆုံးဖြတ်ပြီး မြင်းထောင်





စ်ဆယ်အားရှိ မော်တော်ဘုတ်ငယ်တစင်း ငှားရမ်းကာ ပင်လယ်ပြင်
သို့ ထွက်လာခဲ့ကြခြင်း ဖြစ်ပေသည်။

"ဟိုအထဲမှာ ဘာတွေပါလိမ့်"

ဟင်းဒရစ်သည် ဖလစ်ကာ၏ပဲ့ပိုင်းထောင့်တနေရာရှိ လက်ဆွဲပုံး
လုံးကို အမှတ်မထင် တွေ့မြင်လိုက်သဖြင့် ဘရော့ဒီအား လက်ညှိုး
ထိုးပြလိုက်၏။

ဘရော့ဒီသည် သံပုံးရှိရာသို့ လျှောက်သွားပြီးငုံ့ကြည့်လိုက်သည်။
"ငါးအသေတွေနဲ့ အမဲသားငါး အရိအရွဲတွေ၊ အရိုးအရွက်တွေနဲ့
သွေးတွေပါ။ ဒါတွေဟာ ငါးမန်းကြီးကြိုက်တဲ့ အစာတွေပေါ့။ ဒါ
တွေကို ရေထဲသွန်ချလိုက်ယင် အညှီနံ့ကြောင့် ငါးမန်းကြီး ရောက်
လာလိမ့်မယ်။ ငါးမန်းကြီးရဲ့ အာရုံကို ဆွဲဆောင်ဖမ်းစားနိုင်မယ့်
အစာပဲပေါ့။ ဒါပေမယ့် ဒါတွေကို သူ သုံးရသေးပုံ မပေါ်သေး
ဘူး၊ ပုံးအပြည့်နီးပါး ရှိနေတာသာကြည့်"

"ဝှစ်စကီ၊ ဗီးဘရား၊ အက်ကိုး....နှစ်....ငါး....သုံး....ကိုး"

ရေဒီယိုမှ ရုတ်တရက် ထွက်ပေါ်လာသည့် ကျယ်လောင်စူးရှ
သော အသံကြောင့် ဘရော့ဒီမှာ ထ,ခုန်မိမတတ် လန့်ဖျပ်သွား
သည်။

"ကျွန်တော်တော့ နားကို မယုံနိုင်လောက်အောင် ဖြစ်နေပြီ
ဗျာ၊ မော်တော်ဘုတ်ပေါ်မှာလဲ သူမရှိဘူး။ ရေဒီယိုကလဲ ဖွင့်လျက်
သားကြီး။ ပြီးတော့ ဒင်ဂီလို့ခေါ်တဲ့ လေမှုတ် ရာဘာလှေကလေး
လဲ ဒီမော်တော်ပေါ်မှာ ပါလာနိုင်တာမဟုတ်လို့ တခြားတနေ
ရာကို လှော်လှော်ပြီး ထွက်သွားတယ်ဆိုတာလဲ မဖြစ်နိုင်ဘူး။ပြီးတော့
ဘာ ငါးတကောင်လို ရေကူးကျင်လည်တာမှ မော်တော်ပေါ်က
ခုန်ချတယ်ဆိုယင်လဲ ခုလောက်ဆို မော်တော်ပေါ် ပြန်တက်လာ
လောက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com

ဘရေ့ဒီကမူ မည်သို့မျှ ထင်မြင်ချက်မပေးပဲ ကုန်းပတ်ပေါ ရည်ရွယ်ချက်မဲ့စွာ ခေါက်တုံ့ခေါက်ပြန် လမ်းသလားနေသ မော်တော်၏ ပဲ့ပိုင်းသို့ ရောက်ခဲ့သောအခါ ပင်လယ်ရေမျ ပြင်နှင့် ထိစပ်လျက်ရှိသော မော်တော်၏ သစ်သားကိုယ်ထည်ကြ ရည်ရွယ်ချက်မဲ့စွာ ငုံ့ကြည့်လိုက်ပြန်သည်။ ဤတွင် ဘရေ့ဒီ သူ လုံးဝ မျှော်လင့်ထားခြင်းမရှိသော အခြင်းအရာကို မြင် လိုက်ရလေသည်။

ပင်လယ်ရေမျက်နှာပြင်အထက်နှစ်ပေနီးပါးခန့်အမြင့်ရှိမော် ၏ သစ်သားကိုယ်ထည်ကြီးတွင် 'လ'ခြမ်းသဏ္ဍာန် အပေါက်က များစီရရီဖြစ်ပေါ်လျက်ရှိ၏။ ထိုစက်ဝိုင်းကြီးခြမ်းသဏ္ဍာန် အပေ ကလေးများ၏ အချင်းသည် သုံးပေခန့်ရှိမည်ဟု ဘရေ့ဒီ ခန် လိုက်သည်။ ထိုအပေါက်ကလေးများသည်သစ်သားကိုယ်ထည်အ သို့ အတော်ပင် နက်ရှိုင်းစွာ ပေါက်ဝင်လျက် ရှိ၏။ ထိုစက် ခြမ်း၏ အောက်ဘက် မလှမ်းမကမ်းတနေရာတွင်လည်း ဒုတိယ ဝိုင်းခြမ်းကလေးတခု ရှိပေသေးသည်။ ဒုတိယစက်ဝိုင်းခြမ်းသည် လယ်ရေပြင်နှင့် ထိစပ်လျက် ရှိနေသည်၊ ထိုစက်ဝိုင်းခြမ်း၏ ပတ် ကျင် မော်တော်၏ သစ်သားကိုယ်ထည်ပေါ် သုံးလေးနေရာခန့် သွေးများ စွန်းထင်းပေကျံလျက် ရှိနေသည်။

"ဘုရား ဘုရား.... နောက်တယောက်တော့ မဖြစ်ပါစေနဲ့။ လီယိုနတ်(ဒ်)၊ ဒီကို လာစမ်းပါအုံးကွ"

ဘရေ့ဒီသည် စိတ်ပူပန်စွာဖြင့် ဟင်းဒရစ်အား လှမ်းခေါ် သည်။ ဟင်းဒရစ်ကလည်းဘရေ့ဒီအနီးသို့ချက်ချင်းရောက်ရှိလာ

"ဘာတုန်းဆရာ"ဟု တသောတမျော မေးလိုက်သည်။

"တဲ၊ မင်းရဲ့ခြေထောက်တွေကို ငါ ကိုင်ထားမယ်။ မ ဇောက်ထိုးဆင်းပြီး အဲဒီနေရာမှာ မြင်နေရတဲ့ အပေါက်လေး ဟာ ဘာလေးတွေလဲ၊ ဘာကြောင့် ဒီလို ဖြစ်ရတယ်ဆိုတာ ကြည့်စမ်း။ မင်းကြည့်နိုင်ရဲ့လား"

ကောသရာဇာ



"ကြည့်နိုင်မယ်ထင်ပါတယ်ဆရာ။ ဆရာသာ ကျွန်တော့် ခြေ ထောက်ကို မြဲမြဲကိုင်ထားပေးပါ"

"မင်းကလဲ မပူပါနဲ့ကွာ"

ဘရေ့ဒီသည် ခါးကိုင်းလိုက်ပြီး ဟင်းဒရစ်၏ ခြေထောက် နှစ် ဘက်ကို မြဲမြဲ စွာ ဆွဲကိုင်ထားလိုက်သည်။ ဟင်းဒရစ်သည် မော်တော် ၏ ကိုယ်ထည်ပိုင်းနှင့် ကပ်လျက် ဇောက်ထိုးဆင်းသွားသည်။ သူ သည် သစ်သားကိုယ်ထည်ရှိ အပေါက်ကလေးများကို အသေအချာ စေ့ဆေးကြည့်ရှုနေ၏။ ခဏအကြာတွင်....

"မောင်းချွေား ခဏပေးပါဆရာ"

"ဘာပြုလို့ လဲကွ"

"ဒီမှာ ဖြူဖြူချွန်ချွန် အကျိုးအပဲ့ အစလေးတစ သစ်သားထဲ မှာ စိုက်ဝင်နေတယ်။ ခဏနေအုံး၊ ကျွန်တော် ကော်ထုတ်လိုက်အုံး မယ်"

ဟင်းဒရစ်သည် သူ၏သတ်များကို ခဏကြာမျှ အလုပ်ရှုပ်သွား ပြီးနောက်....

"ရပြီ....ဆရာရေ့....ရပြီ။ ကျွန်တော့်ကို ဆွဲတင်တော့"

ဘရေ့ဒီသည် ဟင်းဒရစ်၏ ခြေထောက်များကို 'မ'၍ ကုန်းပတ် ပေါ်သို့ ဆွဲတင်လိုက်သည်။

"ကဲ... ပြစမ်းပါအုံးကွ။ ကြည့်ရအောင်"

ဟင်းဒရစ်သည် ဖြန့်ထားသော ဘရေ့ဒီ၏ လက်ဝါးပေါ်သို့ ကြိဂံပုံသဏ္ဍာန်ရှိသည့် ဖြူဖြူဖွေးဖွေး အရာဝတ္ထုလေးကို ထည့် ပေးလိုက်သည်။ ယင်းအရာဝတ္ထုလေးသည် အလျား နှစ်လက်မခန့် ရှည်ပြီး ဘေးတဘက်ထချက်ရှိ နှုတ်ခမ်းသားတွင် လွှကဲ့သို့ အသွား လေးများရှိကြကြောင်းတွေ့မြင်ရ၏။ဘရေ့ဒီကယင်းပစ္စည်းလေးဖြင့် မော်တော်လက်ရန်းသစ်သားကိုလျှောထိုးပွတ်တိုက်ကြည့်ရာ လွှဖြင့် တိုက်လိုက်ဘိသကဲ့သို့ အစင်းကြောင်းကလေးများ ဖြစ်ပေါ်လာခဲ့ သည်။ ဘရေ့ဒီက ပင်လယ်ရေပြင်ကို ငေးမောကြည့်ယင်း....

ကောသရာဇာ

www.burmeseclassic.com

www.burmeseclassic.com

"ဘုရား....ဘုရား"ဟု နှုတ်မှ မြည်တမ်းလိုက်သည်။

"ဒါ ငါးမန်းရဲ့သွားလေးမဟုတ်လား ဆရာ။ ဒီအတိုင်းဆိုယင် ဘင်ဂါဒနာဟာ ငါးမန်းစာဖြစ်သွားခဲ့ပြီပေါ့....နော်...."

"အေးလေ၊ ဒါကလွဲလို့ တခြားဖြစ်နိုင်စရာ ဘာများ ရှိသေးလို့လဲ"

*

မှောင်ရီဖျိုးဖျအချိန်သို့ရောက်မှ သူတို့နှစ်ဦး၏ မော်တော်သည် ဆိပ်ကမ်းသို့ ဝင်ရောက် ဆိုက်ကပ်လာနိုင်ခဲ့သည်။ ဆိပ်ကမ်းတွင် ဟယ်ရီမီးဒိုး(စ်)နှင့် အခြားလူတယောက်သည် သူတို့နှစ်ဦးအား စောင့်ကြိုလျက် ရှိချေသည်။ မီးဒိုး(စ်)သည် သူနှင့်အတူ ပါလာသူအား ဘရော့ဒီနှင့် မိတ်ဆက်ပေးလိုက်သည်။

"ဟောဒါက မက်(တ်)ဟူးပါး ပါ။ ဒါကတော့ စခန်းမှူး ဘရော့ဒီပေါ့"

တဦးကိုတဦး အသိအမှတ်ပြုသည့်အနေဖြင့် သူတို့နှစ်ဦး လက်ဆွဲနှုတ်ဆက်ကြသည်။

"ဩြော်–မောင်ရင်က ဝု(ဒ်)ဟိုး(လ်)အဏ္ဏဝါဗေဒသိပ္ပံက ဆိုတာထင်ပါရဲ့"

"ဟုတ်ပါတယ်ခင်ဗျ"

ဘရော့ဒီသည် ရဲအမှုထမ်းပီပီ မှန်ရီမှန်ဝါး အလင်းရောင်အောက်တွင် မပီဝိုးတဝါး မြင်တွေ့နေရသော မက်(တ်)ဟူးပါး၏ ရုပ်သွင်လက္ခဏာ ကြန်အင် အင်္ဂါရုပ်များကို အကဲခတ် လေ့လာလိုက်သည်။ ဟူးပါးမှာ အသက်နှစ်ဆယ်ကျော် အစိတ်ခန့်သာ ရှိပေဦးမည့် လူလတ်ပိုင်းဝင်တယောက်ပင်။ အသားနီညိုညို၊ ဆံပင်





www.burmeseclassic.com

ကော်နက်နှင့် ခန့်ချောချောသူ ဖြစ်၏။ အရပ်အမြင့်မှာ သူနှင့်အတူတူ ဖြစ်၍ ခြောက်ပေတလက်မ ရှိပေမည်။ ကိုယ်အလေးချိန်ကမူ သူ့လောက် များလိမ့်မည် မဟုတ်။ မိမိ၏ ပေါင်နှစ်ရာကိုယ်လုံးနှင့် နှိုင်းယှဉ်ကြည့်ပါလျှင် ဟူးပါး၏ ကိုယ်လုံးသည် ပေါင်တရာ့ခုနစ်ဆယ်ခန့်သာ 'စီး'ပေလိမ့်မည်။

"ဟယ်ရီကတော့ အဝေးကနေလှမ်းပြီး မောင်ရင့်ဦးနှောက်ကို အလုပ်ပေးနေခဲ့တယ် ထင်ရဲ့။ ဒါထက် အခု ဒီကို ဘယ်လိုလုပ် ရောက်လာတာလဲ"

"ကျွန်တော် ခေါ်ခဲ့တာပါ။ အခြေအနေကို သူ သုံးသပ်နိုင်လိမ့်မယ်လို့ ကျွန်တော် ထင်မိလို့ပါ"

မီးဒိုး(စ်)က ဟူးပါးကိုယ်စား ဝင်ဖြေသည်။

ထိုစကားကို ကြားသော် ဘရော့ဒီစိတ်ထဲတွင် ထောင်းကနဲဒေါသဖြစ်မိသည်။ ဟူးပါး၏ 'ငါးမန်းဘက်ဆိုင်ရာ ကျွမ်းကျင်မှု' ဆိုသည့် အရှိန်အဝါကြောင့် မိမိလုပ်ဆောင်လိုသော ကိစ္စရပ်များကို တကိုယ်တည်းဆုံးဖြတ်ပြီး အလျင်အမြန် လုပ်ကိုင်နိုင်လိမ့်မည် မဟုတ်ပေ။ အရာရာတွင် ဟူးပါးနှင့် ညှိနှိုင်းတိုင်ပင်ပြီးမှသာ လုပ်ဆောင်နေရလျှင် မလိုအပ်ပဲ အချိန်ပိုမို ကြန့်ကြာနေလိမ့်မည်ဟု ဘရော့ဒီ ထင်မိသည်။

မိမိက တောင်းခံခြင်းမပြုလိုသည့် အကူအညီကို ပေးလာသည့် မီးဒိုး(စ်)ကို စိတ်ထဲမှ မကျေမနပ် ဖြစ်မိသည်။ သို့သော် ထိုသို့ ရှေ့ရှိယ ပွားများခြင်းသည်မိမိ၏စိတ်ဓာတ် သေးသိမ်ညံ့ဖျင်းခြင်းကို ဖော်ပြရာရောက်သည်ဟု ဘရော့ဒီ စဉ်းစားမိကာ စိတ်ကို ထိန်းချုပ်လိုက်သည်။

"ပင်လယ်ပြင်ကိုလိုက်သွားတော့ ခင်ဗျား ဟိုမှာ ဘာတွေ့ခဲ့ရသလဲ"

ဘရော့ဒီသည် သူ့အင်္ကျီအိပ်တွင်းရှိ ငါးမန်းသွားကို လက်ဖြင့် အမှတ်မထင် စမ်းလိုက်မိသည်။သူသည် မှောင်မည်းနေသည့်ဆိပ်ကမ်း



www.burmeseclassic.com

www.burmeseclassic.com

တွင် တချိန်လုံး ရပ်ပြီး ဖြစ်ကြောင်းကုန်စင်ကို ဇာတ်ကြော
လှန်၍ မနေလို။

"တဲ၊ ရဲဌာနကို သွားကြရအောင်။ ဟိုကျမှ ပြောပြပါမယ်"

ဘရော့ဒီသည် ရဲဌာနပိုင်ကားဖြင့် ဟင်းဒရစ်အား သူ့အိ
လိုက်ပို့ပေးသည်။ မီးဒိုး(စ်)နှင့် ဟူးပါးတို့က တခြားကားတစ်
နောက်မှ လိုက်ပါခဲ့ကြသည်။ ရဲစခန်းသို့ ဘရော့ဒီ ရောက်
အချိန်တွင် ည ရှစ်နာရီ ထိုးလုပေပြီ။ မီးဒိုး(စ်)နှင့် ဟူးပ
ရောက်မလာကြသေးသဖြင့် ရဘတ်သမျှသော အချိန်လေးအ
တွင် ဘရော့ဒီသည် တယ်လီဖုန်းဆက်ခြင်းအမှုကို နှစ်ကြိမ်ပြု
သည်။

ပထမ အယ်လင်းထံ ဖုန်းဆက်ပြီး ညစာကို နွေးထားရန်
အိမ်သို့ အပြန်လမ်းတွင် ဝင်ဝယ်ခဲ့စေသည့်အရာများ ရှိမရှိ
လိုက်သည်။

ထို့နောက် တယ်လီဖုန်းလမ်းညွှန်စာအုပ်ကိုထုတ်ပြီး ဘင်ဂါ
၏ ဖုန်းနံပါတ်ကို ရှာလိုက်သည်။ တချိန်တည်းမှာပင် ဘင်ဂါ
၏ ဇနီး ဆယ်လီဂါဒနာသည် သူ့လင်သေဆုံးသွားပြီ ဖြစ်ကြော
သာ ကြားသိရပါက ကလေးသုံးယောက်နှင့် မည်သို့မည်ပုံ ဖြစ်
မည်ကို စဉ်းစားမိသဖြင့် ဂါဒနာ၏ မိသားစုနှင့် အိမ်နီးချင်း
သည့် ဂရေ့(စ်)ဖင်းလေးထံ အခြားတယ်လီဖုန်းတခုမှ ဆက်သွ
ပြီး 'ဆယ်လီဂါဒနာထံ သွားရောက် စောင့်ရှောက် အားပေး
သိမ့်ရန်'မေတ္တာရပ်ခံလိုက်သည်။ ပြီးမှ ဆယ်လီဂါဒနာအား သူ
လင်ယောကျ်ား 'ဘင်'၏သတင်းဆိုးကို အသိမ်မွေ့ဆုံးသော န
ဖြင့် အသိပေးလိုက်သည်။

သို့သော်စေ သူမက ဘရော့ဒီအား သူ့လင် ဘင်ဂါဒနာကို
တွင်းသို့ပို့ သူဟု ဆဲဆိုစွပ်စွဲလာသေးသည်။ ဘရော့ဒီက သူ့အ
ဆယ်လီက ဤသို့ စွပ်စွဲခြင်းကြောင့် ဒေါသူပုန် ထသွားသည်။ ထို





ဒေါသူပုန်ထမိခြင်းကြောင့်လည်း မိမိကိုယ်မိမိ ပြန်လည်ဒေါသ ဖြစ်
မိပြန်သည်။

မီးဒိုး(စ်)နှင့် ဟူးပါးတို့ ရဲဌာနသို့ ရောက်ရှိလာကြသောအခါ
ဘရော့ဒီက မိမိနှင့် ဟင်းဒရစ်တို့သွားခဲ့ကြသည့်ခရီးစဉ်နှင့် အတွေ့
အကြုံများကို ပြန်လည် ပြောပြလိုက်သည်။ ဘရော့ဒီက သူတွေ့မြင်
ခဲ့ရသည်များကို ရှင်းလင်းပြောပြနေစဉ် မီးဒိုး(စ်)သည် တကြိမ်
နှစ်ကြိမ်ခန့် ကြားဖြတ်ပြီး မေးခွန်းများ ထုတ်ခဲ့သည်။

သူစကား ဆုံးသည်နှင့် ဘရော့ဒီက ဘောင်းဘီအိတ် အတွင်းမှ
အဖြူရောင် ကြွေသားပစ္စည်းလေးကို ထုတ်ယူလိုက်သည်။

"ကျွန်တော်တို့ ဒါကိုတွေ့ခဲ့ကြတယ်။ သဘောရဲ့ကိုယ်ထည် သစ်
သားထဲမှာစိုက်ပြီး ကျိုးကျန်နေရစ်တာကို ဟီယိုနတ်(ဒ်)က ဆွဲနုတ်
ခဲ့တာ"

ဘရော့ဒီသည် ငါးမန်းသွား ဖြူဖြူလေးကို ဟူးပါးထံသို့ ပစ်
ပေးလိုက်သည်။ ဟူးပါးက ထို 'သွားဖြူ'လေးကို သူ၏ လက်ဖဝါး
ပေါ်တွင်တင်ပြီး အပြန်ပြန် အလှန်လှန် လှန်လှောကြည့်ရှုသည်။

"အဲဒါ ဘာဖြစ်နိုင်သလဲ မက်(တ်)"

မီးဒိုး(စ်)က မေးလိုက်သည်။

"ဒါဟာ ငါးမန်းဖြူရဲ့သွားပဲ။ ဒီသတ္တဝါကြီးဟာ ဆယ့်ငါးပေ
သနှစ်ဆယ်လောက် ရှည်လိမ့်မယ်။ အလေးချိန်က သုံးတန်လောက်
စီးနိုင်တယ်။ အံ့သြစရာ ကောင်ကြီးပဲ"

"အဲဒါ ဘယ်လိုဖြစ်တယ်လို့ ထင်သလဲ"

"စခန်းမှူးကြီး ပြောတဲ့အတိုင်းပေါ့။ 'ဖလစ်ကာ'ကို ငါးမန်းကြီး
က ရန်မူတိုက်ခိုက်တာ"

"အယ်...ဖလစ်ကာက ပေသုံးဆယ်ကျော် ရှည်တာပဲ"

"ဟုတ်ပါတယ်၊ ငါးမန်းကြီးက ဒါကို တွေးမိမှာမဟုတ်ပါဘူး။
သူ့အတွက်ကတော့ ဒါဟာ စက်အင်ဂျင်တပ်ထားတဲ့ သက်မဲ့ ပစ္စည်း
ပဲ မဟုတ်ဘူး၊ သဘောင်ယ်လဲ မဟုတ်ဘူး၊ တော်တော်ကြီးမားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတခုပဲ။ သက်ရှိပစ္စည်းလို ထင်ချင်လဲထင်နေမယ်၊ သူ့အစာ လို ထင်ချင်လဲထင်နေမယ်ပေါ့။ ဒီကောင်တွေဟာ စဉ်းစားဆင်ခြင် တုံတရား သိပ်နည်းတဲ့ကောင်တွေပဲ။ ဘာမှ တွေးတောတွက်ဆနေ လေ မရှိဘူး။ စိတ်နောက်ကိုယ်ပါ မိုက်ရူးရဲ သိပ်လုပ်တတ်ကြတယ်။ ပင်လယ်ပြင်မှာတော့ အဲဒီငါးမန်းတွေ ကြောက်ရွံ့တဲ့ အရာဟာ ခပ်ရှားရှားပဲ။ တခြားငါးမျိုးတွေဆိုယင် သူတို့ထက် ကြီးမားတဲ့ အရာဝတ္ထုတခုခုကိုတွေ့ရယင် ထွက်ပြေးတတ်ကြပါတယ်။ ဒါပေမယ့် ငါးမန်းဖြူတွေကတော့ ဒီလို မဟုတ်ဘူး"

ဘရော့ဒီက မေးခွန်းထုတ်လိုက်သည်။

"ဒီငါးမန်းကြီး ဒီအနီးတဝိုက်မှာ ဘာကြောင့် ဒါလောက် ကြာကြာ နေနေတယ်ဆိုတာ ခင်ဗျားပြောပြနိုင်မလားပဲ။ ဒီအနီး တဝိုက် ပင်လယ်ပြင်အကြောင်းကို ခင်ဗျားဘယ်လောက် နားလည် ထားပြီး ဖြစ်တယ်ဆိုတာ ကိုတော့ ကျွန်တော် မသိဘူးလေ၊ ဒါ ပေမယ့် ..."

ဘရော့ဒီ၏ စကားမဆုံးမီမှာပင် ဟူးပါးက ကြားဖြတ်၍—

"ကျုပ်က ဒီမှာကြီးပြင်းလာခဲ့တာဗျ" ဟု ဒေါသသံဖြင့် ပြော လိုက်သည်။ ဘရော့ဒီမှာ အံ့အားသင့်လျက်—

"ဘာ ရယ်။ ဒီ အမိတီမြို့မှာ ဟုတ်လား"

"မဟုတ်ပါဘူး၊ **ဆောက်(သ်)သင်(န်းစ်)**တန် မှာပါ ဒါပေ မယ့် ဒီရေပြင်အကြောင်းကို ကျွန်တော် အတော်လေ့လာခဲ့ဖူးပါ တယ်။ ဒီဘက်ကမ်းရိုးတန်းနဲ့ ပတ်သက်လို့ တောင် စာတမ်းတစောင် တင်ခဲ့ဖူးသေးတယ်။ သာမန်အားဖြင့် ဆိုရယင်တော့ ဒီကမ်းခြေတဝိုက် ဟာ ငါးမန်းတကောင်အဖို့ ကြာကြာနေနိုင်တဲ့ ဒေသတခု မဟုတ် ပါဘူး"

"ဒါဖြင့် ဒီကောင်ကြီး အခုလောက်ကြာအောင် ဒီမှာနေ နေ ရတာလဲ"





"ဒါတော့ ပြောရခက်သားပဲ။ အခုလို အခြေအနေမျိုးမှာ ငါးမန်းကြီးတကောင် ဘာလုပ်နေတယ်၊ ဘာကြောင့်ဒီမှာနေတယ် ဆိုတာကို ငွေကုန်ကြေးကျခံပြီး၊ အသက်စွန့်ပြီး သုတေသနလုပ်မယ့် သူတွေလဲ ရှားပါတယ်။ ရှင်းရှင်းပြောရယင် ဒီနေ့အခါမှာ အဲဒီ ငါးမန်းဖြူမျိုးအကြောင်းကို အတိအကျသိထားတဲ့လူဟာ အတော် ရှားနေပါပြီ"

ဘရော့ဒီက—

"စိတ်ပျက်စရာကြီးပါလားဗျာ။ ကဲ၊ ဒါဖြင့် ဒီပြဿနာကြီးကို ရှင်းပစ်ဖို့ ခင်ဗျားမှာ ဘယ်လိုအစီအစဉ်တွေ ရှိနေသလဲ၊ မှောင်နေ ပြီဖြစ်လို့ ဘင်ဂါဒနာရဲ့သဘောကိုတော့ ကျွန်တော်တို့ ဒီအတိုင်း ထားပစ်ခဲ့တယ်။ တညလောက်နဲ့တော့ ဘာမှဖြစ်စရာ အကြောင်း မရှိပါဘူး။ မနက်ကျမှ သွားဆွဲယူကြတာပေါ့"

"ကျွန်တော် အစီအစဉ် နည်းနည်းတော့ လုပ်ထားပါတယ်။ ဒီကမ်းခြေရဲ့ ရေနည်းနည်းကို နမူနာယူပြီး ခွဲခြမ်းကြည့်မယ်၊ ပြီး တော့ **အိ(စ်)ဟင်(မ)**တန်က ရေကိုလဲ ခွဲခြမ်းကြည့်ရမယ်။ နောက် ပြီး ဒီရေပြင်မှာရှိတဲ့ တခြားငါးတွေရဲ့ လှုပ်ရှားမှု ဆိုလိုတာက သာမန်မဟုတ်ပဲ မူလကနဲ့မတူတဲ့ ထူးထူးခြားခြား မှုပြောင်းလဲပြီး လှုပ်ရှားသွားလာ နေထိုင်မှုမျိုးတွေကိုလဲ လေ့လာကြည့်ရအုံးမယ်၊ ပြီးတော့ ဒီကမ်းခြေမှာရှိတဲ့ရေဟာ ဟိုဘက်ကမ်းခြေမှာရှိတဲ့ရေထက် ဘယ်လိုဓာတ်မျိုးတွေ ပိုများနေသလဲ။ ဒါမှမဟုတ် လျော့နည်းနေ သလဲဆိုတာကို အလျင် လေ့လာကြည့်ရမယ်။ ဒါတွေကိုသိပြီဆိုယင် ဒီကောင်ကြီးကို တွေ့အောင်ရှာရမယ်"

ဘရော့ဒီသည် ဟူးပါး၏ မျက်လုံးများကို စူးစူးစိုက်စိုက်ကြည့် ကာ—

"ဒီကောင်ကြီးကို အသေသတ်စေချင်တယ်။ အဲဒါကို ခင်ဗျားလဲ သတ်နိုင်ယင်သတ်၊ ဒီကိစ္စကို ခင်ဗျားမတတ်နိုင်ဘူး ဆိုယင်တော့ သတ်နိုင်မယ့် နောက်တယောက်ကို ရှာရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟူးပါးက ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

"ခင်ဗျားလေသံက လူမိုက်ဆန်လိုက်တာ၊ 'ဒီကောင်ကြီးကို **အသေသတ်စေချင်တယ်**'တဲ့ ဟုတ်လား။ ဟား ဟား။ ကဲ ကောင်း ပြီလေ၊ ခင်ဗျားရှာမယ်ဆိုတဲ့လူကို တွေ့ထားပြီလား။ သူနဲ့ စာချုပ် ချုပ်လိုက်တော့လေ။ သူ့နာမည်က ဘယ်သူတဲ့လဲ"

"မသိသေးပါဘူး။ ဘယ်လိုလဲ ဟယ်ရီ၊ ဒီအနီးတဝိုက်မှာ ငါး ကြီးကြီးဖမ်းဖူးတဲ့ ခင်ဗျားအသိ တင်ငါသည်တယောက်တလေမှ မရှိ ဘူးလား"

မီးဒိုး(စ်)က အတန်ကြာအောင် စဉ်းစားနေပြီးမှ–

"ကျွန်တော်သိထားတဲ့ တယောက်တတော့ ရှိတယ်ဗျ။ ဒီသူက **ပရော်မစ်လင်း(ဒ်)**ဆိုတဲ့ ဒေသက ကိုယ်ပိုင်ဆိပ်ခံ တံတားမှာ တယောက်ထဲနေတဲ့လူပဲဗျ။ သူ့အကြောင်းတော့ ကျွန်တော် ဂဃ နဏ မသိသေးပါဘူး။ ဒါပေမယ့် ကြားဖူးနေတာတော့ ကြာပါ ပြီ။ ခင်ဗျားသိချင်သပဆိုယင် ကျွန်တော်ထပ်ပြီး စုံစမ်းပေးပါ့မယ်။ ခြေ....ဒါထက် သူ့နာမည်က '**ကွင့်**'တဲ့"

*

[ ၁ ]

သူ၏ အိမ်ဝင်းအတွင်းသို့ ကားကို ချိုးဝင်လိုက်သည် ဆိုလျှင်ပင် ဧည့်ခန်းအတွင်းမှ ဖြာလဲ့လဲ့ မီးရောင်ကို ဘရော့ဒီသည် ပြတင်း ပေါက်များမှတဆင့် မြင်တွေ့လိုက်ရသည်။





…တလေးသည် ရုပ်မြင်သံကြားအစီအစဉ်ကို ကြည့်နေကြသည်။ …ဒီက "သားတို့ မေမေကြီးကော ဘယ်မှာလဲ" ဟု မေးလိုက် …ကြီးဘီ(လ်)က ရုပ်မြင်သံကြားကို အကြည့်မပျက်၊ နောက် …ည့်ပဲ "အပေါ်ထပ်မှာရှိတယ် ဖေဖေ။ ဖေဖေ့အတွက်ညစာ …ထဲမှာရှိတယ်လို့ မှာခဲ့တယ်" ဟု ပြောလိုက်သည်။ ဘရော့ဒီ …အေးအေး။ သားငယ် ရှောင်း မင်းတ သိပ်မိုးချုပ်မခံနဲ့နော်၊ …တော့အိပ်။ အခု ကိုးနာရီ ထိုးတော့မယ်" ဟု ပြောကာ မီးဖို …သို့ လျှောက်ဝင်လာခဲ့သည်။

…တွင်းမှ စည်သွတ်ဘီယာတဗူးကို ထုတ်ယူလိုက်ပြီး အမြည်း …စားနိုင်မည့် အစာတခုခုကို ရှာရာ ဒိန်ခဲအပဲ တတုံးမှ လွဲ၍ …ဘာကိုမျှ မတွေ့ရ။ ယင်းဒိန်ခဲမှာလည်း ဝယ်ထားသည်မှာ …ဖြစ်၍ မာကောင့် ခြောက်သယောင်းနေပြီဖြစ်သည်။ ဘရော့ဒီ …ယင်းဒိန်ခဲကိုပင် ကြွက်သားပေါင်း၊ အသားညှပ်ပေါင်မုန့် …ငယ်တို့နှင့်အတူ ပန်းကန်ပြားတခုတွင်ထည့်ကာ ဘီယာဗူးကို …တွင်ကိုင်လျက် အပေါ်ထပ် အိပ်ခန်းရှိရာသို့ တက်လာခဲ့လေ

…သူ့ဇနီး အယ်လင်းသည် အိပ်ရာပေါ်တွင်ထိုင်လျက် 'ကော့(စ်) …တန်' မဂ္ဂဇင်းတအုပ်ကို ဖတ်လျက် ရှိ၏။

"ဘယ်လို၊ ဒီနေ့ အတော်မှ ပင်ပန်းခဲ့ရဲ့လား။ ရှင်ဖုန်းဆက် …တော့ ဘာအကြောင်းမှ ထူးထူးထွေထွေ မပြောခဲ့ပါလား"

"အေး ကွာ၊ ပင်ပန်းတာတော့ မပြောနဲ့။ ဒီရက်ပိုင်းအတွင်းမှာ … အလုပ်က များနေအုံးမှာပဲ။ ဒါထက် ဘင်ဂနာရဲ့အကြောင်း …ာ မင်းကြားပြီးပြီလား"

သူသည် ပန်းကန်ပြားနှင့် ဘီယာဗူးကို အလှပြင်မှန်တင်ခုံပေါ် …တင်လိုက်ပြီး ခုတင်စွန်းတွင် ဝင်ထိုင်လိုက်သည်။ ထို့နောက် …သို့ ချွတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ကြားပြီးပါပြီ၊ သူ့အိမ်ဘေးက အမျိုးသမီး ဆယ်လီအတွက်အိပ်ဆေးလိုချင်လို့ ဒေါက်တာကရစ်ကို ဘယ်မှာ ရှာတွေ့နိုင်မလဲဆိုတာ ဖုန်းဆက်မေးတယ်။ ကျွန်မကလဲ ဒေါက်တာ ဘယ်မှာရှိတယ်ဆိုတာ မသိတာနဲ့ အိမ်မှာရှိတဲ့ 'ဆီကိုနယ်(လ်)' ကလေးတယောက်နဲ့ အပို့လွှတ်လိုက်တယ်။ သနားစရာပဲနော်။ မိန်းမ ဆယ်လီတယောက်တော့ ဒုက္ခပါပဲ။ ဒီကလေးမ ဘာဆ လုပ်မယ် ထင်သလဲဟင်"

"ဒါတော့ ငါဘယ်သိပါ့မလဲ။ ဆယ်လီအဘွက် ရင်လေးမိသေ တယ်။ မြို့မိမြို့ဖတွေအနေနဲ့ တခုခုတော့ လုပ်ပေးကြမှာပါ"

"ဒါထက် မင်းခုနကပြောတဲ့ ဆီကိုနယ်(လ်)ဆိုတာ ဘာလဲ"

"အိပ်ဆေးရဲ့ နာမည်လေ...."

"မင်း အိပ်ဆေးတွေသုံးနေတယ်၊ ဟုတ်လား။ ငါတောင် ရပါလား"

"အမြဲသုံးတာမဟုတ်ပါဘူး၊ တခါတလေမှ သုံးတာ"

"အဲဒီအိပ်ဆေးတွေကို မင်းဘယ်က ရသလဲ"

"ဒေါက်တာ ကရစ် ဆီကပါ။ ကျွန်မ အာရုံကြောတွေ ကို နောက်ဆုံးတကြိမ် သူ့ဆီသွားတုန်းက သူပေးလိုက်တာပါ။ ရှင့် ကျွန်မ ပြောဖူးပါတယ်"

"အို....ဟုတ်သားပဲ"

ဘရော့ဒီက သူ့ဖိနပ်ကို ခြေဦးဖြင့်ထိုး၍ အခန်းထောင့် တနေ သို့ ကန်ပစ်လိုက်သည်။ ပြီး....သူ့ဘောင်းဘီရှည်ကို ချွတ်သည် ပြီး....စိတ်ရှည်ရှည်နှင့် သေသပ်စွာ ခေါက်၍ ကုလားထိုင်တလုံး နောက်မှီပေါ်တွင် တင်ထားလိုက်၏။ ရှပ်အင်္ကျီကိုလည်း ချွတ်သည် ပြီး ချိတ်တခုတွင် ချိတ်လိုက်ကာ နံရံကပ် ဗီရိုအတွင်း၌ သွားချိတ် ထားလိုက်သည်။ တီရှပ်အင်္ကျီ၊ အတွင်းခံ ဘောင်းဘီတို့ကို ဝတ်ထား လျက်နှင့်ပင် ခုတင်ရှိရာသို့ ပြန်လာကာ ခုတင်စွန်းတွင် တင်ပလ္လ ဝင်ထိုင်၍ အသားညှပ်ပေါင်မုန့်ကို စတင်စားသည်။





ပေါင်မုန့်အတွင်း၌ ညှပ်ထားသော အသားများမှာ ခြောက်သွေ့ မွမွရွရွ ဖြစ်နေသည်။ စိုစိုပိုင်ပိုင် မရှိတော့ပြီ။ သူ အရသာခံ၍ နိုင်သည့် တခုတည်းသော အရာမှာ မုန်ညင်းရွက်ဖတ်ကလေး သာ ဖြစ်ကြပေသည်။

"ရှင် ကြက်သားပေါင်းကို မတွေ့ဘူးလား"

အယ်လင်းက မေးသည်။

ဘရော့ဒီ ပါးစပ်တွင်းဝယ် အစားများက အပြည့်ဖြစ်နေသည်မို့ ါင်းညိတ်၍သာ ဖြေနိုင်၏။

"ဒါဖြင့် ရှင် အခု ဘာစားနေတာလဲ"

ဘရော့ဒီက ပါးစပ်တွင်းမှ ဝါးပြီးသားများကို မြိုချလိုက်ရ၏။

"ကြက်သားပေါင်းလေ"

"ရှင် ပြန်နွေးလိုက်သေးလား"

"ဟင့်အင်း....ဒီအတိုင်းပဲလဲ စားလို့ဖြစ်တာပဲဟာ"

ဘရော့ဒီက တိတ်ဆိတ်စွာပင် ဆက်၍ စားနေလိုက်၏။ အယ်လင်း သူမ၏ လက်တွင်းရှိ မဂ္ဂဇင်း၏ စာရွက်များကို ရည်ရွယ်ချက် င်းမဲ့စွာဖြင့် ဟိုလှန် သည်လှန် လုပ်နေ၏။

"ရှင့် ငါးမန်းကိစ္စက တိုးတက်မှုရှိရဲ့လား"

"ဘာလဲ ဒီသောက်ငါးမန်းကြီးကို ဖမ်းတဲ့ကိစ္စကို မေးတာလား။ ပဲ ဝု(ဒ်)ဟိုး(လ်)က အဏ္ဏဝါဗေဒ ကျွမ်းကျင်သူ ကောင်လေး ယောက်ကို မီးဒိုး(စ်)က ခေါ်လာခဲ့တယ်"

"ဟုတ်လား၊ သူ့ပုံစံက ဘယ်လိုလဲ"

"ငါတော့ မဆိုဘူးလို့ ထင်တာပဲ။ ခပ်ငယ်ငယ်ပဲ ရှိသေးတယ်။ လဲ ဖြောင့်ပါတယ်၊ သူက ငါးတွေအကြောင်းနဲ့ ပင်လယ်ရေပြင် ကြောင်း အတော်လေး တီးမိ ခေါက်မိပုံရတယ်။ တကယ်တော့ ဘာလဲ သိပ် မဆန်းကျယ်လှပါဘူး။ သူပြောတော့ သူ့ရဲ့ ငယ်စဉ် နွေရာသီတွေကို ဆောက်(သ်)သင်(မ်ပ်)တန်မှာ ကုန်ဆုံးစေခဲ့ တဲ့၊ တက္ကသိုလ်က မစ္ဆဗေဒတွဲရ လာခဲ့သူတဦးဖြစ်တယ်လို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုယ်လား၊ သူက အလုပ်လုပ်နေတာလား"

"အဲဒါတော့ မသိဘူး၊ ကြည့်ရတာ မိဘတွေနဲ့ နေပုံပဲ။ အထ
တန်းလွှာ လူချမ်းသာမျိုးရိုးပဲ ထင်တယ်။ နွေရာသီတွေမှာ ဆိုယ
ဆောက်(သ်) သင်(မ်၊ဝ်)တန်မှာ လာအနားယူ အပန်းဖြေကြ
လူ့မလိုင်တွေရဲ့ ပုံစံမျိုးပဲ။ ကဲ၊ ဒါလောက်ဆိုယင် မင်းလဲ
အကြောင်းကို အတော် ပြည့်ပြည့် စုံစုံ သိသွားပါပြီ"

"စိတ်မဆိုးပါနဲ့ရှင်။ ကျွန်မက သိချင်လို့ သဘောရိုးနဲ့ မေး
ပါ"

"ဟုတ်ပါတယ်၊ ငါစိတ်မဆိုးပါဘူး။ ငါကလဲ မင်းသိပ်သိ
နေမယ်ထင်လို့ ပြောပြနေတာပါပဲ။ မင်းကိုယ်တိုင်ကလဲ လူကုံ
လူချမ်းသာ မျိုးရိုးက ဆင်းသက်လာခဲ့သူ ဖြစ်လေတော့...."

"တချိန်တုန်းကတော့ ဟုတ်ပါတယ်။ အခုတော့ ကျွန်မ
အသက်ကြီးပါပြီ"

"ဟာ၊ ဒါ အဓိပ္ပာယ်မရှိတဲ့ စကားပဲ။ မင်းသာ ရေကူးဝတ်စုံ
ဝတ်ပြီး ဒီမြို့ထဲမှာရှိတဲ့ အချောဆုံး အလှဆုံး ဆိုတဲ့ အ
ဆယ်ယောက်နဲ့ ယှဉ်လိုက်ယင်တောင် အနည်းဆုံး ကိုးယော
လောက်ကို အသာလေး အနိုင်ယူလိုက်နိုင်တဲ့ အသားစိုင်တွေ မင်းမှ
ရှိနေပါသေးတယ်ကွာ"

အယ်လင်း၏ မျက်နှာသည် တိမ်စင် လ နှယ် ဝင်းပသွားခဲ့သည်
သူမသည် နှစ်နှစ်ခြိုက်ခြိုက် တချက်ပြုံးလိုက်၏။

ဘရော့ဒီသည် အယ်လင်း၏ အလှအပကို ဖွင့်ဟချီးကျူးရန်
လေးလေ မရှိ။ မကြာ မတြာလည်း ဤသို့ သာသာထိုးထိုး မြော
ပင့် ချီးမွမ်းလေ့ ရှိသည်။ ဣတ္ထိယတို့၏ သဘာဝသည် ချီးမွမ်းခံ
ခြင်း၊ မြှောက်ပင့်သည်ကို မြှောက်ပင့်မှန်းသိလျက်နှင့်ကျေကျေနပ်န
နှင့် လက်သင့်ခံလိုခြင်း စသည်တို့ဖြစ်ကြောင်း ဘရော့ဒီ ကောင်းစွ
သဘောပေါက်ထားပြီး ဖြစ်သည်။ ဘရော့ဒီထံမှ ဤသို့ ချီးမွ
မြှောက်ပင့်သောစကားများကို ကြားရလျှင် တလေးသုံးယောက်၏





ခင် အသက် သုံးဆယ့်ခြောက်နှစ်အရွယ် အယ်လင်းမှာ ပီတိ ဖြာရ
သည်။ ဆယ်ကျော်သက်ရွယ် လုံမပျိုလေးတယောက်သည် သူမ၏
ချစ်ဦးသူနှင့် ပထမဆုံးအကြိမ် ချိန်းဆို တွေ့ဆုံစဉ်ကာလမျိုး၌ ခံစား
ရသော ရင်ဖိုပုံမျိုး ရင်ဖိုရသည်။

ငယ်စဉ်အခါက ဆိုလျှင် ဤစကားမျိုးသည် သူမကို ရှက်သွေး
ဖြာစေခဲ့ပေသည်။ ယခုလို အချိန်အခါမျိုးတွင်မူ ရှမ်ုက်သွေး ကြွစေ
ငိုက်မြည်း တွေဝေနေပြီဖြစ်သော သူမ၏အချစ်စိတ်ကို ပြန်လည်
ကြွားရှင်သန်စေသည်၊ ပြန်လည် လန်းဆန်း သစ်ဆန်းစေသည်။
ဤသို့သော မြှောက်ပင့် ချီးမွမ်းစကားသည် သူမနှင့် ဘရော့ဒီတို့
ဦးအတွက် သီးခြားအနက်အဓိပ္ပာယ်ရှိသည်။

"မိန်းမရာ၊ မင်းသိပ်လှတာပဲ၊ ချစ်ဖို့ကောင်းလိုက်တာ။ အအိုသာ
ရတယ်၊ အပျိုဆယ်ယောက်နဲ့ မလဲနိုင်ပါဘူး" ဟူသော စကား
း ပြောလိုက်လျှင် သူ့အပေါ် အယ်လင်းက လိုလို လားလား
ကြည်ကြည်သာသာ ရှိလာသည်ဟု ဘရော့ဒီ ထင်မှတ်ထားသည်။
ကြောင့် အယ်လင်းကို သူ လိုလားတောင့်တသောအခါများတွင်
သည် ဤသို့ ချီးမွမ်းမြှောက်ပင့် စကားများကို အမြဲပြောကြား
ရှိသည်။ ကာလ ကြာညောင်း လာသည်နှင့် အမျှ ဤစကား
များသည် သူတို့နှစ်ဦးအဖို့ 'ချစ်ဇာတ တပွဲ' စ ရန်အတွက် သိမ်မွေ့
အစပျိုးလိုက်သော အချီးနိဒါန်း၊ နိမိတ်စကားများ ဖြစ်လာ
တော့သည်။

ဘရော့ဒီသည် တနေ့တာ အလုပ်ခွင်မှ ပင်ပန်း နွမ်းနယ်စွာဖြင့်
လာခဲ့ပြီး အိပ်ခန်းထဲသို့ အဝင်တွင် ညဝတ်အင်္ကျီ ပါးလျှလျှဝတ်
အိပ်ရာထက်ဝယ် အသင့်ရောက်နှင့်နေပြီ ဖြစ်သော ဇနီးသည်
း တွေမြင်လိုက်ရချိန်တွင် 'လိုလားတောင့်တသော ဆန္ဒများ'
ရင်တွင်းဝယ် တလိပ်လိပ်ဖြင့် တက်ကြွလာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ယခု...

သူတို့ နှစ်ဦးတည်းသာ နားလည်နိုင်သော စကားဝှက်ဖြင့် ဘရော့ဒီက 'စိန်'ခေါ်ပြီးမေပြီ။

အယ်လင်းကလည်း ကြည်ကြည်သာသာ။

ဘရော့ဒီသည် ဘီယာဗူးခွံ လွတ်ကို စားပွဲပေါ်သို့ တင်လိုက်ပြီး အိပ်ရာထက်သို့ လှမ်းတက်လိုက်သည်။ သူသည် အယ်လင်း၏သည်တိုင်ကို သာသာဖွဖွ ရှုရှုလေး နမ်းလိုက်သည်။

"ကျွန်မ သိပ်အိပ်ချင်နေပြီ"

ဘရော့ဒီ့ အနမ်းများသည် သူ၏ ပါးပြင်ထက်ဆီသို့ ရောက်လာပြီ ဖြစ်သည်။

"မင်းကလဲကွာ အစောကြီး ရှိသေးတာပဲ"

"မဟုတ်ဘူး၊ ကျွန်မ ခုနက အိပ်ဆေးတလုံး သောက်ထားတယ် ဒါကြောင့် အခု သိပ်အိပ်ချင်နေတာ"

"ဘာပြုလို့ ဒီအိပ်ဆေးတွေ ခဏခဏ သောက်နေရတာလဲ တယ်....ငါ တနေ့ ဒီဆေးတွေ ယူလွှင့်ပစ်မိလိမ့်မယ်"

ဘရော့ဒီသည် အယ်လင်း၏ နှုတ်ခမ်းများကို နမ်းမည်ပြုလိုက် သည်။ ထိုစဉ် အယ်လင်းက တချက်သန်းဝေလိုက်သဖြင့် ဘရော့ဒီ မှာ နောက်တွန့်သွား၏။

"ဖြစ်မယ် မထင်ပါဘူးရှင်"

အယ်လင်းက စိတ်မပါသော လေသံဖြင့် ပြောလိုက်သည်။

"ဖြစ်ပါတယ်ကွာ၊ မင်းက နည်းနည်းပါးပါးပဲ ကူညီပေးပါ"

"ဒါထက် ဟယ်ရီမီးဒိုး(စ်)ရဲ့ သူငယ်ချင်းနာမည်က ဘယ်သူတဲ့"

"ဟူးပါး"

ဘရော့ဒီသည် စိတ်အလိုမကျသဖြင့် တိုတောင်းစွာ ဖြေလိုက် သည်။

"ဟူးပါး ဟုတ်လား၊ ရှေ့ကနာမည်က ဘာတဲ့လဲ၊ ဘာဟူးပါး လဲ။ ဒေးဗစ် ဟူးပါး တော့ မဟုတ်ပါဘူးနော်"





အယ်လင်းသည် ဟူးပါး ဟူသော အမည်ကို ကြားလိုက်ရသည် နှင့် စိတ်ဝင်စားသော အသံဖြင့် အားတက်သရော မေးလိုက်သည်။ ... သော် သူမ၏အသံသည် သွက်လက်ခြင်းမရှိတော့။ အိပ်ချင်စိတ် ... အားလေး လျှာလေး ဖြစ်၍နေပေပြီ။ မျက်ခွံများလည်း လေး နေလေပြီ။

"ဒေးဗစ်ဟူးပါး မဟုတ်ဘူးဟေ့၊ မက်(တ်) ဟူးပါး တဲ့၊ ...တ်(တ်)ဟူးပါး"

ဘရော့ဒီသည် စိတ်မရှည်တော့ပဲ ဟစ်အော်လိုက်သည်။

"အင်း၊ မက်(တ်)ဟူးပါးတော့ မသိဘူး၊ ဒေးဗစ်ဟူးပါး ဆိုတဲ့ ...ဘယောက်နဲ့တော့ တခါတုန်းက ကျွန်မအတော်ကြာအောင် တွဲခဲ့ ...တာပဲ။ မှတ်မိပါသေးတယ်။ အဲ....ဒီ....တုန်း....က"

အယ်လင်းသည် သူမ၏စကားကို အဆုံးမသတ်နိုင်တော့ချေ။ သူမ ၏ မျက်ခွံများပိတ်သွားပြီး တရှုးရှုးနှင့် အသက်ရှူကာ နှစ်နှစ် ...ထ်ခြိုက်အိပ်ပျော်သွားခဲ့သည်မှာ သစ်တုံးတတုံးကဲ့သို့ပင်။

အသက်ရှူခြင်းကြောင့် ရင်အုံအစုံမှာ နိမ့်တုံ မြင့်တုံ ဖြစ်နေသည် ...ွဲ၍ ခန္ဓာကိုယ် တခုလုံးသည် လှုပ်ရှားခြင်း အလျှင်းမရှိတော့။

"တောက်...."

ဘရော့ဒီ၏ 'တောက်'ခေါက်သံသည် အိပ်ခန်းတွင်းဝယ် ကျယ် ...လောင်စွာ မြည်ဟည်းထွက်ပေါ်လာခဲ့လေသည်။

*



www.burmeseclassic.com

www.burmeseclassic.com



ကမ်း ၊ မြေမှ မြောက်
ပါလိုခန့်ကွာဝေးသော
ရေ မြင် ပေါ် တွင်
ကျောက်ချ ရပ် နား
ထားသော 'မလစ်ကာ'
အမည် ရှိ မော်တော်
ဘုတ် လေး ပေါ် သို့
ဘရေဒ္ဒဇီ ရောက်ရှိသွား
သော အခါ၌ မူကား
မလစ်ကာ ၏ ပိုင်ရှင်
'တင် ဂါဗနာ' မှာ
ပါးမန်းဝေ 'မြစ်သွား
နှင့်ပြီး မြစ်ရေ ကျော်ပြီး



# အပိုင်း ၂



www.burmeseclassic.com

www.burmeseclassic.com



# ၆

## [က]

သောကြာနေ့၏ မွန်းလွဲပိုင်း။

ဆောက်(သ်) သင်(မ်)တန် ဆေးရုံတွင် စေတနာ့ဝန်ထမ်း ... အားပေး သူနာပြုအဖြစ် ဆောင်ရွက်ပြီးနောက် အိမ်သို့ အပြန်... အယ်လင်းဘရော့ဒီသည် စာတိုက်သို့ဝင်၍ တံဆိပ်ခေါင်းဝယ်... မိမိတို့အိမ်အတွက် ရောက်ရှိနေသော စာများကို ယူခဲ့သည်... အကြောင်းကား အရေးကြီးသော ရုံးကိစ္စ စာများမှတပါး အခြား... သော စာများကို အိမ်တိုင်ရာရောက် လိုက်လဝေငှလေ့ မရှိသော... အမိတီမြို့၏ထုံးစံကြောင့် ဖြစ်သည်။





သူမသည် စာတိုက်မှတဆင့် မင်းလမ်းမကြီးအတိုင်း လျှောက်သွားပြီး ညာဘက်သို့ ချိုးကာ ကုန်မာပစ္စည်းဆိုင်တဆိုင်သို့ ရောက်ရှိလာခဲ့သည်။ အယ်လင်းသည် ဆိုင်ရှေ့တံခါးဝေးတွင် တပ်ဆင်ထားသော လူခေါ်ခေါင်းလောင်းကလေးကို နှိပ်လိုက်သည်။ သို့သော် တံခါးက တော်တော်နှင့် ပွင့်မလာခဲ့သည့်အတွက် သူမသည် ဆိုင်၏ အနောက်ဘက် တံခါးရှိရာသို့ လျှောက်လာခဲ့သည်။ ဆိုင်၏ နောက်ဘက်တံခါးပေါက်သည် မြေအောက်ခန်း တခုသို့ ဦးတည်လျက်ရှိကြောင်းကို အယ်လင်း တွေ့ရှိရသည်။ ယင်းမြေအောက်ခန်းထဲရှိ လူတဦးသည် အခြားတနေရာရှိ လူတယောက်အား လှမ်း၍စကား ပြောနေသံကိုလည်း ကြားနေရသည်။

"ကဲ! ဟောဒီမှာ သေတ္တာတလုံးတော့ရပြီဗျို့။ ခင်ဗျားလိုချင်တဲ့ ပစ္စည်း ပါမှာပါ။ ကျွန်တော်တော့ အပေါ်ကို တက်တော့မယ်"

အသံရှင်မှာ ကုန်မာဆိုင်ပိုင်ရှင် 'အဲ(လ်)ဘတ်မောရစ်' ဖြစ်သည်။ အဲ(လ်)ဘတ်သည် အသက် ခြောက်ဆယ်ကျော်ပြီး လွန်ခဲ့သော နှစ်နှစ်ခန့်ကတည်းက နှလုံးရောဂါ၏ ဖိစီးနှိပ်စက်မှုဒဏ်ကို ခံနေရသူ ဖြစ်သည်။ သူသည် လက်ထဲမှ သေတ္တာတလုံးကို အားစိုက်၍ မ,ယင်း လှေကားထစ်များအတိုင်း တထစ်ချင်း၊ တလှမ်းချင်း ဖြည်းဆေးနှေး ကွေးစွာ လှမ်းတက်လာခဲ့သည်။

"ဟော ၊ အယ်လင်းပါလား။ ကျုပ်ဘာများ ဆောင်ရွက်ပေးရမလဲ"

လှေကားထိပ်သို့ ရောက်သည်တွင် အယ်လင်းကို တွေ့သည်နှင့် အဲ(လ်)ဘတ်က နှုတ်ဆက်လိုက်သည်။ အယ်လင်းက သေတ္တာတွင်းမှ ပစ္စည်းများကို ငုံ့ကြည့်လိုက်ပြီး....

"ဒါက ဘာတွေတုန်း အဲဘ"

"သင်္ဘောမှာသုံးဖို့ သံထည်ပစ္စည်းတွေလေ။ ဟိုမိတ်ဆွေဇာယော ... လိုချင်တဲ့ အရွယ်အစားမျိုးရအောင် အောက်ထပ်ဆင်းပြီး ဆေးရှာပေးနေတာ။ ကဲ၊ မင်းတော့ ဘာလိုချင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအိမ်က ကြွေရေဇလုံမှာသုံးတဲ့ ရာဘာ နော်ဇယ်လေး ကွဲနေလို့။ အဲဒါ အသစ်ဝယ်ချင်တယ်"

"ဪ၊ ဒါလား၊ ဒီမှာ ရှိပါတယ်"

အဲ(လ်)ဘတ်မောရစ်သည် အယ်လင်းအား ဆိုင်၏ အလယ်ရှိ သစ်သားစင်များရှိရာသို့ ခေါ်ဆောင်သွားသည်။

"မင်းပြောတာ ဒါပဲမဟုတ်လား။ ဆင့်ရှစ်ဆယ်ပဲ ကျပါတယ်"

အယ်လင်းသည် သူမ၏ စိတ်ကြိုက် ရာဘာ နော်ဇယ်တခုကို ရွေးယူလိုက်ပြီး အဲ(လ်)ဘတ်နှင့်အတူ ကောင်တာရှိရာသို့ ပြန်လျှောက်လာခဲ့သည်။

"ဒီမြို့က လူတွေကတော့ ငါးမန်းကြောင့် အတော်ပဲ စိတ်ဒုက္ခရောက်နေကြရပြီနော်" ဟု စကားစ ရှာပြောလိုက်သည်။

"ဟုတ်တဲ့"

"လူအတော်များများကတော့ ကမ်းခြေကို ပြန်ဖွင့်စေချင်နေကြတယ်။ ကျုပ်ကတော့ မာတင်လုပ်တာ မှန်တယ်လို့ ထင်တာပဲ"

"ရှင် ဒီလို သဘောပေါက် နားလည်တဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ဒီပြဿနာကို အခုဒီမှာရှိနေတဲ့ မိတ်ဆွေက ဖြေရှင်းပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ရတာပဲ"

"ဘယ်သူလဲ၊ ဘယ်က မိတ်ဆွေလဲ"

အယ်လင်းက ဟိုဟိုသည်သည် လှည့်ပတ်ကြည့်သော်လည်း မည်သူ့ကိုမျှ မတွေ့ရချေ။

"အောက်ထပ် မြေတိုက်ခန်းထဲမှာ ရှိတယ်။ သူက မက်ဆာချူးဆက်ကလာတဲ့ ငါးဘက်ဆိုင်ရာ ကျွမ်းကျင်သူတဦးပဲ။ ငါးဖမ်းဖို့ လိုအပ်တဲ့ သံမဏိချောင်းတွေကို အောက်ထပ်မှာ စိတ်ကြိုက်ရွေးနေလေရဲ့"

ထိုစဉ်မှာပင် လှေကားတလျှောက် နင်းတက်လာသော ခြေသံကို ကြားရသဖြင့် လှည့်ကြည့်လိုက်ရာ သံမဏိချောင်း နှစ်ချောင်းကို





...သင်း သူတို့ထံသို့ လျှောက်လာနေသော လူရွယ်တယောက်ကို ...လိုက်ရသည်။ ထိုလူရွယ်သည် သူမအတွက် တစိမ်းပြင်ပြင်တဦး ...ာ ဖြစ်သော်လည်း အယ်လင်းသည် ရင်းနှီးကျွမ်းဝင်ပြီးသူတဦး ...နှစ်ပေါင်းများစွာ ကြာမြင့်အောင် ကွဲကွာနေပြီးမှ ပြန်လည် ...ဆုံရသည့်ပမာ ခံစားလိုက်မိသည်။ ထို့ပြင် ဒတ္တာရီပုံပြင်ထဲမှ ...င်းသားလေးတပါးကို ရုတ်တရက်မြင်တွေ့လိုက်ရသော ဆယ် ...သက်ရွယ် လုံမပျိုလေးတဦးအလား အယ်လင်းမှာ ရင် ... ရှက်သွေးတဖြာဖြာ ဖြစ်သွားရလေသေးသည်။ သူမအနေ ...သင်း လူငယ်ကို တချိန်ချိန်က တနေရာရာတွင် မြင်တွေ့ခဲ့ရဖူး ...သည်ဟုလည်း စိတ်ထဲတွင် ထင်မှတ်နေမိသည်။

"ကျွန်တော် လိုချင်တာ တွေ့ပြီဗျ"

...ကောင်တာရှိရာသို့ လျှောက်လာယင်းမှ လူရွယ်က ပြောလိုက် ...။ သူက သံမဏိချောင်းရှည်ကြီး နှစ်ချောင်းကို ကောင်တာပေါ် ...တင်လိုက်ပြီး ဒေါ်လာနှစ်ဆယ်တန် ငွေစက္ကူတရွက်ကို အဲ(လ်) ...မောရစ်သို့ ထုတ်ပေးလိုက်သည်။ လူရွယ်က အယ်လင်းအား ...ကြည့်ပြီး သိမ်မွေ့စွာ ပြုံးပြယင်း မောရစ်သို့ ပြောလိုက်သည်။

"...သံချောင်းတွေနဲ့ဆိုယင် အလုပ်ဖြစ်ပြီပေါ့ဗျာ"

အယ်လင်းက လူရွယ်အား သေသေချာချာ စူးစိုက်ကြည့်ယင်း ...သည့်အချိန်က မည်သည့်နေရာတွင် တွေ့ခဲ့ဖူးသည် ဆိုသည်ကို ...ပြောင်း စဉ်းစားလျက် ရှိသည်။ ဆိုင်ရှင်အဲ(လ်)ဘတ်မောရစ်က ...နှစ်ဦးအား မိတ်ဆက် ပေးလေမည်လားဟုလည်း မျှော်လင့် ...သည်။ သို့သော် အဲ(လ်)ဘတ်က မသိကျိုးကျွန် ပြုနေသဖြင့် ...င်းက...

"ကျွန်မကို ခွင့်ပြုပါ၊ ရှင့်ကို မေးစရာ နည်းနည်းရှိလို့" ဟု ...၍ ပြောလိုက်သည်။

...ရွယ်သည် သူမဘက်သို့ လှည့်ပြီး ခုတိယမ္ပိ ပြုံးလိုက်ပြန်သည်။ ...ပြုံးသည် နှစ်လိုဖွယ် ကောင်းသော အပြုံး၊ နူးညံ့သော



www.burmeseclassic.com

www.burmeseclassic.com



သူ၏မျက်နှာကို ဝင်းပသွားစေသော အပြုံး၊ ရွှန်းစိုသော မျက်... များကို အရောင်တောက်ပြောင်သွားစေသော အပြုံးဟု အယ်... ထင်မှတ်မိသည်။

"ဟုတ်ကဲ့၊ မေးပါခင်ဗျ"

"ရှင်ဟာ ဒေးဗစ်ဟူးပါးဆိုတဲ့ လူနဲ့များ အမျိုးတော်နေသ... ဆိုတာ သိချင်လို့ပါ"

"ဟာ၊ သူက ကျွန်တော့်အစ်ကို အရင်းပဲ။ အစ်မက ဒေး... သိလို့လားဟင်"

"သိပါတယ်။ အဲ သိခဲ့ဖူးတယ် ဆိုပါတော့။ သူနဲ့ အ... ကြာကြာ သွားသွားလာလာ နေခဲ့ဖူးတယ်လေ၊ အစ်မနာမ... အယ်လင်းဘာရေ့ဒ်ပါ။ တချိန်တုန်းကတော့ အက်လင်းရှက်ပတ်...

"အို...ဟုတ်ပြီ၊ ဟုတ်ပြီ၊ ကျွန်တော် မှတ်မိပြီအစ်မ"

"မင်းမဖြီးပါနဲ့ကွာ။ မမှတ်မိဘူး မဟုတ်လား"

"မှတ်မိပါတယ်၊ တကယ်ပြောတာပါ။ ကဲ...ကျွန်တော်သက်... ပြမယ်၊ အဲဒီတုန်းက အစ်မ ဆံပင်ကို အခုလောက် အရှည်... သေးဘူးလေ။ ခပ်တိုတိုပဲ။ နောက်ပြီးတော့ အတော်လှတဲ့ ... ကောက်တကွင်းကိုလဲ အမြဲဝတ်လေ့ရှိတယ်။ နောက်ပြီးတော့... တာတဲ့...သီချင်းတပုဒ်ရှိပါသေးတယ်၊ အစ်မ အမြဲဆိုနေကျ... သိပြီ...သိပြီ၊ ရှီဘွန်း ဆိုလားပဲ။ ဟုတ်တယ်မဟုတ်လား။ ... သီချင်းကို အစ်မ သိပ်ကြိုက်တယ်လေ"

အယ်လင်းက သဘောကျစွာ ရယ်လိုက်သည်။

"ဘုရားရေ...မင်း မှတ်ဉာဏ်တယ်ကောင်းပါလား။ ဟုတ်... ဟုတ်တယ်။ အဲဒီသီချင်းကို အစ်မတောင် မေ့တေ့တေ့ ဖြစ်နေ...

"အဲဒီတုန်းက အစ်မနဲ့ ဒေးဗစ်တို့ နှစ်နှစ်လောက် တွဲခဲ့ကြ... နော်"

"နှစ် နှစ်ပါ၊ အဲဒီတုန်းက တကယ့်ကို ပျော် စရာ ပဲ။ ဒီအကြော... တွေ ပြန်မတွေးမိတာတောင် အတော်ကြာပြီ"





"အစ်မ ကျွန်တော့်ကို မှတ်မိပြီလား"

"ရေးတေးတေး ဖြစ်နေတာပေါ့။ အဲဒီတုန်းက မင်းက ချာတိတ် ...ရှိသေးတာ။ ဒေးဗစ်မှာ ညီတယောက် ရှိသေးတယ် ဆိုတာကို ... သတိရတယ်။ အဲဒီတုန်းက မင်းက ကိုးနှစ်၊ ဆယ်နှစ် လောက်ပဲ ...းတယ်မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒေးဗစ်က ကျွန်တော့်ထက် ဆယ်နှစ်ကြီးတယ် ... ကျွန်တော့် နာမည်က မက်(တ်)ဟူးပါး ပါ။ အဲဒီတုန်းက ... တယောက်ကပဲ ကျွန်တော့်ကို မက်သရူး လို့ ခေါ်တယ်။ ...က ပိုပြီး ဂုဏ်ရှိတယ်လို့ ကျွန်တော် ထင်တယ်။ အဲဒီလို ...တဲ့ အစ်မကိုလဲ အဲဒီတုန်းကတည်းက ကျွန်တော်က ချစ်နေ ..."

"အို..."

အယ်လင်း၏ မျက်နှာ နီရဲသွားသည်။ အဖိုးကြီး အဲ(လ်)ဘတ် ...ရစ်က သဘောကျစွာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။ ...တ်(တ်)ဟူးပါးက သူ့စကားကို ဆက်ပြန်သည်။

"တကြိမ်မဟုတ် တကြိမ်ဆိုသလိုပဲ ကျွန်တော့် အစ်ကို တွဲခဲ့တဲ့ ...ကလေးတွေကို ကျွန်တော်ကလဲ ချစ်မိပြန်ရော....

"အို...."

...ာ်ရစ်က ပြန့်အမ်းငွေ အချို့ကို မက်(တ်)ဟူးပါး၏ လက်ထဲသို့ ...ပေးလိုက်သည်။ ဟူးပါးက အယ်လင်းအား....

"ကဲ... အစ်မ၊ ကျွန်တော် ကမ်းနားဘက်ဆင်းမလို့။ အစ်မ ...ယ့် နေ့ရာနဲ့ လမ်းကြုံယင် လိုက်ခဲ့ပါလား။ ကျွန်တော် ...မယ်လေ"

"ကျေးဇူးပါပဲ၊ ဒါပေမယ့်လဲ အစ်မမှာလဲ ကားပါလို့ မလိုက် ...ပါဘူး"

အယ်လင်းသည် ဆိုင်ရှင် အဘိုးကြီးအား နှုတ်ဆက်ပြီး ဟူးပါးနှင့် ... ထွက်လာခဲ့သည်။ ဆိုင်ပြင်သို့ ရောက်လျှင်....



www.burmeseclassic.com

www.burmeseclassic.com



“မင်းက အခုတော့ သိပ္ပံပညာရှင်ကြီး ဖြစ်နေပြီပေါ့လေ ဟုတ်လား”

“မမျှော်လင့်ပဲ ဖြစ်လာခဲ့ရတာပါ အစ်မရာ။ အစတုန်းက အင်္ဂလိပ်ဘာသာ စာပေကို အဓိက အနေနဲ့ ယူခဲ့တယ်။ ဒီနော အဏ္ဏဝါဇီဝဗေဒ ဘာသာကို ပြောင်းယူလိုက်တယ်။ ကျွန်တော် ဝါသနာကို ဖြည့်စွမ်းတဲ့ အနေနဲ့ပေါ့။ ကျွန်တော်က သမု ပြင်ကျယ်ကြီးကို စိတ်ဝင်စားတယ် မဟုတ်လား။ ငယ်ငယ်တုန်း ဆိုယင် တကိုယ်လုံး စွပ် အိပ်ရတဲ့ တယောက်အိပ် အိပ်ရာလေ သဲသောင်ပြင်ပေါ် ယူသွားပြီးအိပ်လေ့ရှိတယ်။ လှိုင်းလုံးလေး က သောင်ကမ်းစပ်ကို လာရောက် ပုတ်ခတ်တဲ့ အသံကို နားထော ယင်း အဲဒီ ရေလှိုင်းလေတွေဟာ သူတို့ ဖြတ်ကျော်လာခဲ့တဲ့ တလျှောက်မှာ ဘယ်လို အဆန်းတကြယ် ကိစ္စရပ်တွေနဲ့ ကြုံတွေ ပါလိမ့်မလဲ ဆိုတာကို အမြဲ တွေးနေမိတယ်။ ဒါနဲ့ တဆက်တ မှာပဲ ငါးတွေရဲ့ အကြောင်းကို စိတ်ဝင်စားလာခဲ့တယ်။ ကော ရောက်တော့ ငါးတွေအကြောင်း သင်ရတော့တာကိုး။ အထူးသ ငါးမန်းတွေ အကြောင်းပေါ့”

အယ်လင်းက ရယ်လိုက်သည်။

“မင်းဟာကလဲကွာ ကြုံကြုံဖန်ဖန်။ ငါးမန်းကိုမှ စိတ်ဝင်စာ တယ်သို့။ ကြွက်တွေကို စိတ်ဝင်စားရသလို ဖြစ်နေမှာပေါ့”

“လူအများစုရဲ့ အထင်ကတော့ ဒီအတိုင်းပဲ။ တကယ်တော အစ်မက ငါးမန်းတွေအကြောင်း မသိသေးလို့ ဒီစကားမျိုး ပြော ပါ။ အမှန်က ဒီကောင်တွေလောက် စိတ်ဝင်စားစရာ ကောင်း သတ္တဝါမျိုး လောကမှာ မရှိသေးဘူး။ သိပ္ပံပညာရှင်တွေ လေ့လာ သမျှ၊ သုတေသနပြုလို့သမျှ အချက်အလက်တွေ အားလုံးဟာ ငါး တွေမှာ အပြည့်ရှိနေကြတယ်။ သူတို့ဟာ တကယ့်ကို လှပတ မဖြစ်နိုင်ဘူးလို့ ထင်ရတဲ့ အလွန်ဆန်းကြယ်တဲ့ စက်ယန္တရား နဲ့လဲ တူပါတယ်။ ပြီးတော့ ငှက်ကတောင်လိုလဲ ကြော့ကြေ





မော့မော့ တင့်တင့် တယ်တယ် ရှိပါတယ်။ ကမ္ဘာမြေပြင်ပေါ်မှာ ရှိတဲ့ သက်ရှိသတ္တဝါတွေအနက် ငါးမန်းဟာ အလျှို့ဝှက် အဆန်း ကြယ်ဆုံးပါပဲ။ သူတို့ရဲ့ သက်တမ်းဟာ ဘယ်လောက် ရှည်တယ်၊ သူတို့ မျိုးစိတ်ပေါင်း ဘယ်လောက်ရှိတယ်ဆိုတာ ဘယ်သူမှ အတိ အကျ မပြောနိုင်ဘူး။ အကြမ်းအားဖြင့်တော့ ကမ္ဘာ့ ရေပြင်မှာ ငါးမန်းမျိုးပေါင်း နှစ်ရာ့ငါးဆယ်ရှိတယ်လို့ ဆိုထားပါတယ်။ သိပ္ပံပညာရှင် အတော်များများဟာ ဒီငါးမန်းတွေရဲ့ အကြောင်းနဲ့ သူတို့မျိုးစိပ်တွေရဲ့ တမျိုးနဲ့တမျိုး ခြားနားချက်တွေကို လေ့လာ ယင်း၊ သုတေသနပြုယင်းနဲ့ပဲ အချိန်တွေ ကုန်ဆုံးခဲ့ကြရပါတယ်။ ဒါပေမယ့် ဒီကိစ္စဟာ နတ်ကြီးတယ်လို့ ဆိုရလေမလားပဲ။ အကြောင်း အရာတွေ အတော် စုံစုံလင်လင် ရပြီဆိုလေတိုင်း အကြောင်းတခုမဟုတ် တခုကြောင့် ရရှိထားပြီးဖြစ်တဲ့ သုတေသန အချက်အလက်တွေဟာ ထူးဆန်းစွာ ပြန်လည် ပျက်စီး ပျောက်ဆုံး သွားလေ့ရှိတယ်။ အခုချိန်ထိတော့ ဒီငါးတွေကိုနိုင်တဲ့၊ ငါးမန်း တွေရဲ့ ရန်ကို တွန်းလှန်နိုင်တဲ့ ပစ္စည်းကို ရှာဖွေ မတွေ့ရှိသေးဘူး”

ဟုပါးသည် စကားကို မနားတမ်း တောက်လျှောက် ပြောခဲ့ရာ ခေတ္တရပ်နားပြီး အယ်လင်းကို ပြုံးပြလိုက်သည်။

“ဆောရီးပဲအစ်မရာ.... အစ်မကို ကျွန်တော် လက်ချာရိုက်နေတာ ဟုတ်ပါဘူးနော့။ ကဲ....အခု အစ်မအမြင်ပဲ။ ငါးမန်းက ကျွန်တော့် ဘယ်လောက် ဖမ်းစားထားတယ် ဆိုတာကို။ တချို့လူတွေဟာ ဆေးဝါး စွဲလမ်းသလို ကျွန်တော်လဲ ငါးမန်းကို အရူးအမူး စွဲမ်းနေမိပြီ။ ငါးမန်းအကြောင်း ပြောရမယ်ဆိုယင် ကျွန်တော်က ဟင်းမေ့ ဟင်းမေ့....မမောနိုင် မပန်းနိုင်ဆိုတဲ့ အထဲကပဲ”

“ဒါထက် မင်း ယေး(လ်)တက္ကသိုလ်ကို ရောက်သေးလား”

“အို....သိပ်ရောက်တာပေါ့။ အဲဒီမှ မသွားယင် ဘယ်များ သွား ရှိသေးလို့လဲ။ ကျွန်တော်တို့ ဆွေစဉ်မျိုးဆက် လေးဆက်ထဲမှာ ယေး(လ်)ကို မရောက်တဲ့လူဆိုလို့ ကျွန်တော့်ဦးလေး တယောက်သာ



www.burmeseclassic.com

www.burmeseclassic.com



ရှိခဲ့ဖူးတယ်။ ဆွေမျိုးစုထဲမှာရှိတဲ့ ယောကျ်ားလေး မှန်သမျှ အား တရောက်ဖူးတာချည်းပဲ။ ယေး(လ်)က ကျောင်းဆားပြီးတဲ့ နောက် ဖလော်ရီဒါ တက္ကသိုလ်ကို ဆက်သွားခဲ့ပါသေးခင်ဗျ။ ဒီနောက် တော့ ကမ္ဘာလှည့်ပြီး ငါးမန်းတွေကို သုတေသနပြုခဲ့တာ အ နှစ်နှစ်လောက် ကုန်ခဲ့ပါတယ်”

“သိပ် စိတ်ဝင်စားစရာ ကောင်းမှာပဲနော်”

“ကောင်းပါပြီလား အစ်မရာ။ ကျွန်တော့် အဖို့တော့ နတ် နတ်နန်းတွေကို ရောက်နေသလိုပဲပေါ့။ ဘာနဲ့ အလားသဏ္ဍာ တူသလဲဆိုတော့အရက်သမားတယောက်ရဲ့လက်ထဲ ဗျစ်စကီရှိရဲ့ ထည့်ပေးခြင်းခံရသလိုပဲပေါ့။ တခါမှာ ကျွန်တော်ဟာ ငါး တအုပ်ကို ပင်လယ်နီကနေ ခြေရာခံလေ့လာယင်းနဲ့ ဩစတေးလျ အထိ ရောက်သွားခဲ့ဖူးတယ်။ ငါးမန်းတွေအကြောင်း ပိုပြီး လေ့ တွေ့ရှိလေလေ၊ သူတို့နဲ့ပတ်သက်ပြီး ကျွန်တော် မသိသေးတာ အများကြီး ကျန်နေပါသေးသလားဆိုတာကို နားလည်လာရ လပါပဲ။ ငါးမန်းတွေကတော့ လေ့လာလို့ကို မကုန်နိုင်အော ပါပဲဗျာ”

“ငါးမန်းတွေကို လေ့လာတော့ မင်း ရေအောက်ထဲထိ ဆ လိုက်သွားရမှာပေါ့”

“များသောအားဖြင့်တော့ သံမဏိလှောင်အိမ်နဲ့ ဆင်းလေ့ရှိ တယ်။ တခါတရံတော့လဲ လှောင်အိမ်အကာအကွယ်မပါပဲ အလွ ဆင်းလိုက်တာပါပဲ။ အစ်မစိတ်ထဲမှာ ဘာတွေတွေးနေ စဉ်းစား တယ် ဆိုတာ ကျွန်တော် သိပါတယ်။ လူအတော်များများဟာ ဒီ ပဲ တွေးထင်လေ့ ရှိကြပါတယ်။ အထူးသဖြင့် ကျွန်တော့်မေ ကိုယ်နှိုက်ကလဲ ဒီလိုပဲ ထင်နေတယ်။ ကျွန်တော်ဟာ ကိုယ့်ကိုယ် သေကြောင်းရှာကြံနေတယ်လို့။ အမှန်ကတော့ လူတယောက်အ သူဘာလုပ်နေတယ်၊ ဘာတွေ ဖြစ်လာနိုင်တယ်ဆိုတာကို သတိလ လွှတ်မဖြစ်ပဲ အမြဲတမ်း နိုးကြားထကြွနေမယ်ဆိုယင် ပေါ်ပေါ





နိုင်တဲ့ အန္တရာယ်တွေကို လျော့ပါးသွားစေနိုင်ပါတယ်။ လုံးဝ ပေါက်မလာအောင် ကာကွယ်တားဆီးပစ်နိုင်တဲ့ အထိပါပဲ”

“ဒါဆိုယင် မင်းက ကမ္ဘာပေါ်မှာ အသက်ရှင်ထင်ရှား ရှိနေ သေးတဲ့ ငါးမန်းဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူ သုတေသီကြီး ဦးပေါ့ဟုတ်လား”

ဘူးပါးက ရယ်မောလျက်…

“ခဲယဉ်းသားပဲ အစ်မရာ၊ အခုတော့ ကြိုးစားဆဲ ကာလမှာပဲ နေပါသေးတယ်။ ကျွန်တော့်အတွက် တပူနာသွားတဲ့ အချက် ချက် ရှိတယ်။ တခါက ဗီတာဝင်(မ်)ဘဲ(လ်)ရဲ့ ခရီးစဉ်မှာ ဘာလိုက်ဖို့ စီစဉ်ထားပြီးမှ လိုက်မသွားဖြစ်ခဲ့ဘူး။ သူ့ရဲ့ ခရီး ကို ရုပ်ရှင်တောင် ရိုက်ကြသေးတယ်။ ရေအောက်မှာ ငါးမန်း ကြီးနှစ်ကောင်ကို သုတေသနလုပ်တဲ့ အကြောင်းလေ။ အခု မှာ တွေ့နေရတယ်ဆိုတဲ့ ငါးမန်းဖြူ အမျိုးအစားထဲကပဲပေါ့”

“ကောင်းပါတယ်။ မမကတော့ အဲဒီခရီးစဉ်မှာ မင်း လိုက် သွားဖြစ်တာကိုပဲ ဝမ်းသာမိပါတယ်။ နို့မဟုတ်ယင် မင်းဟာ ငါးမန်းတကောင်ကောင်ရဲ့ အစာအိမ်ထဲကနေပြီး ငါးမန်းရဲ့ အတွင်းအင်္ဂါ အစိတ်အပိုင်းတွေကို လေ့လာချင် လေ့လာနေရ တော့ပြီ။ ကဲ… ဒါတွေထားပါအုံး။ မင်းအစ်ကို ဒေးဗစ်ရဲ့ အကြောင်းကို ပြောစမ်းပါအုံး။ အခု သူ ဘယ်လိုလဲ”

“သူလား၊ သူက ‘အိုကေ’ပါတယ်အစ်မရဲ့။ အခု ဆန်ဖရန်စစ္စကို မှာ ပွဲစားလုပ်နေတယ်။ အခု ဒုတိယအိမ်ထောင်နဲ့လေ။ ပထမ အိမ် ထောင်ကိုတော့ အစ်မ သိပြီးဖြစ်မှာပေါ့။ ပက်တီဖရမ့်န်လေ”

“သိပါတယ်၊ တို့တတွေ တင်းနစ်ကစားဘက်တွေပဲ။ ဒေးဗစ်ကို အစ်မဆီက ဒီတာမ လက်ပြောင်း အမွေခံသွားတာပေါ့”

“တဲ၊ ကျွန်တော်ကချည်း ပြောနေတယ်။ မမကလဲ ပြောပါအုံး၊ အကြောင်းကို။ နေအုံး နေအုံး၊ ကျွန်တော်ကပဲ ခန့်မှန်း ပြော ကြည့်မယ်လေ။ အစ်မယောကျ်ားက ရှေ့နေတယောက် ဖြစ်မယ်။



www.burmeseclassic.com

www.burmeseclassic.com



မြို့ထဲမှာ တိုက်ခန်းတခုရှိမယ်။ ကမ်းခြေမှာ အိမ်တလုံး ပိုင်မယ် ပြီးတော့ အစ်မဟာ အခုလက်ရှိအခြေအနေကို မပျော်ပိုက်ဘူး"

အယ်လင်းက ပြုံးလိုက်ယင်း ခေါင်းကို ခါယမ်းလိုက်သည်။

"မဟုတ်သေးပါဘူး၊ ပျော်ရွှင်မှုအပိုင်းတခုကလွဲယင် ကျန်တာတွေ အားလုံးမှားတယ်"

"ပြီးတော့ အစ်မမှာ ကလေးသုံးယောက် ရှိရမယ်"

"အလို တယ်ဟုတ်ပါလား၊ အစ်မကိုယ်ခန္ဓာက ဒီလောက်တောင် သိသာနေပြီလား။ မမကတော့ ကိုယ့်ကိုယ်ကိုတောင်မှ သတိ မပြုမိဘူး"

"မဟုတ်ပါဘူး။ အစ်မ ဒီလောက်အရွယ်ကျနေပြီလို့ ကျွန်တော် မဆိုလိုပါဘူး။ မသိသာလှပါဘူး။ ကျွန်တော်က ခန့်မှန်းကြည့်တာပါ။ ကဲ၊ ကျွန်တော်ပြောတာ မှန်ရဲ့လား"

"ဟုတ်ပါတယ်၊ ကလေးသုံးယောက်ကတော့ မှန်ပါတယ်။ ဒါပေမယ့် အစ်မယောကျ်ားကတော့ ရှေ့နေမဟုတ်ဘူး။ အမီတီမြို့ရဲ့ စခန်းမှူးပါ"

ဟူးပါး၏မျက်လုံးတွင် အံ့အားသင့်မှုများ ရုတ်ခြည်းပေါ်ထွက်လာသည်။ သူသည် မိမိနဖူးကို မိမိ လက်ဝါးဖြင့် ပြန်ရိုက်ကာ—

"တောက်၊ ညံ့လိုက်တဲ့ ကျွန်တော်ပါပဲဗျာ။ ကြည့်စမ်း၊ လုံးလုံးကို ဆက်စပ်မတွေးခဲ့မိဘူး။ အစ်မ ယောကျ်ားနာမည်က တရေးဒီ မဟုတ်လား။ ဟုတ်တာပေါ့။ မနေ့ညကတောင် သူနဲ့ ကျွန်တော် တွေ့ခဲ့ရလေးတယ်။ ကြည့်ရတာ လူတော်တယောက်ပါပဲ"

ဟူးပါး၏လေသံသည် မသိမသာ မာကြောသွားကြောင်း အယ်လင်း သတိပြုလိုက်မိသည်။ သို့နှင့် သူမက စကားလမ်းကြောင်းကြောင်း လွှဲပေးလိုက်သည်။

"မင်း ဒီမှာ ဘယ်လောက်ကြာကြာ နေရမယ် ထင်သလဲ ငါ့မောင်"

ကေသရာဇာ



"ကျွန်တော်လဲ တပ်အပ်သေချာ မပြောနိုင်ဘူး အစ်မ။ ငါးမန်းကြီးအပေါ်မှာ လုံးလုံးလျားလျား မူတည်နေပါတယ်။ ငါးမန်းကြီး ဘဝစ္စပြီးမှပဲ ကျွန်တော်လဲ ပြန်ရမှာပါ"

"နေတာက ဂူ(ဒ်)ဟိုးမှာလား"

"မဟုတ်ဘူး၊ ဖိုင်ယန်းနင်းမို(တ်၊စ်)မှာပါ။ဆိပ်ကမ်းနဲ့မလှမ်းတောမ်း ရေပြင်ပေါ်မှာ အိမ်ကလေးတလုံးဆောက်ပြီး နေတယ်လေ။ ကျွန်တော်က ရေနဲ့နီးနီးမှ နေတတ်တယ်။ ပင်လယ်ရေပြင်ကနေ ဆယ်မိုင်လောက်ဝေးတဲ့ ကုန်းတွင်းပိုင်းကို ရောက်တာနဲ့ ကျွန်တော့်မှာ စိတ်အနေကျပ်တဲ့၊ ပင်လယ်ပြင်ကိုလွမ်းတဲ့ ရောဂါ ရတော့တာပဲ"

"တယောက်တည်းပဲလား"

"ဒါ့ပေါ့၊ ငွေအတော်များများကုန်ကျတဲ့ စတီရီယိုပစ္စည်းတွေ စာအုပ်တွေတာလွဲယင် သက်ရှိလူသားဆိုလို့ ကျွန်တော်တယောက်ပါပဲ။ ဪ ဒါထက် အစ်မ အခု 'က' သေးသလား။ မမ အကအပ်တော်ကြောင်းကို အစ်ကိုဒေးဗစ်က မကြာခဏ ပြောပြလေ့ရှိတယ်။ သူတွဲသမျှ မိန်းကလေးတွေထဲမှာတော့ အစ်မတယောက်သာ အက အကောင်းဆုံးပဲတဲ့။ ကပွဲတခုမှာတောင် ဆုရခဲ့ဖူးသေးတယ်တဲ့၊ ဟုတ်လား"

"အလျင်တုန်းကတော့ က ခဲ့တာပေါ့။ အခုတော့ မကတာ နှစ်နဲ့ချီပြီး ကြာနေပြီ"

"ကဲ၊ စကားကောင်းနေတာနဲ့ ကျွန်တော်သွားဖို့ အချိန်တောင် ကျနေပြီ။ ကျွန်တော်မပြန်ခင် တခေါက်လောက်တော့ ထပ်တွေ့ရဖို့ မျှော်လင့်ပါတယ်"

ဟူးပါးက သူ့လက်ကို တမ်းပေးလိုက်သည်။ အယ်လင်းက သူ့လက်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လှုပ်ခါယင်း—

"အစ်မကလဲ မျှော်လင့်ပါတယ်"

"အစ်မမှာ ကားပါတယ်ဆိုတာ သေချာပါတယ်နော်"

ကေသရာဇာ

www.burmeseclassic.com

www.burmeseclassic.com



"သေချာပါတယ်။ လမ်းတိုက်မှာ ရပ်ထားတာ အစ်မရဲ့ကား ပေါ့ကွ"

"ကဲ၊ ဒါဖြင့် သွားလိုက်အုံးမယ်။ နောက်မှ တွေ့ကြသေးတာပေါ့"

ဟူးပါးသည် ကားဆိုက်ကွက်အတွင်း၌ ရပ်ထားသော သူ၏ အစိမ်းရောင် ဗို(န်)ပင်တို ကားလေးရှိရာသို့ လျှောက်သွားလိုက်သည်။ ဟူးပါးသည် ကားကို လမ်းမပေါ်သို့ အရှိန်ပြင်းပြင်းဖြင့် မောင်းတက်လိုက်သည်။ ကားကို အယ်လင်းရှေ့မှ ဖြတ်မောင်းသွားစဉ် သူ၏ ဗယ်ဘက်လက်တဘက်ကို ဝှေ့ယမ်း မြှောက်ပြ နှုတ်ဆက်သွားခဲ့သည်။ အယ်လင်းကလည်း ရှက်ရွံ့ရွံ့ဖြင့် သူမ၏ လက်ကို ဝှေ့ယမ်းယင်း ပြန်လည်နှုတ်ဆက်ခဲ့သည်မှာ လမ်းကွေ့တခုအတွင်းသို့ ဟူးပါး၏ကား ချိုးကွေ့ဝင်ရောက် ကွယ်ပျောက်သွားသည့်အထိ ဖြစ်လေသည်။

အယ်လင်းသည် လမ်းမကို ဖြတ်လျှောက်သွားပြီး သူမ၏ ကားကလေးအတွင်းသို့ ဝင်၍ ထိုင်လိုက်သည်။ ကားကို ယာဉ်ကြော ထဲသို့ မောင်းဝင်လိုက်စဉ်မှာပင် လမ်းထောင့်တနေရာ၌ ရပ်လျက်ရှိသော လယ်ရီဗောင်းကို အမှတ်မထင် တွေ့မြင်လိုက်ရသည်။ သူ့မျက်နှာပေါ်တွင် အဆွေးရိပ်များ ယှက်သန်းလျက်ရှိနေကြောင်း အယ်လင်း သတိပြုခဲ့မိသည်။ နှုတ်မှလည်း အလိုအလျောက် ရေရွတ်မိလျက်သား ဖြစ်သွားခဲ့သည်။

"အလို... သူလဲ ငါ့လိုပဲ သနားစရာ ဖြစ်နေပါလား"

*







[က]

ကမ်းခြေကို ပိတ်ထားသည့်အဖြင့် ရဲပတ္တာရောင်ကားများကလည်း နွေခင်းပိုင်းတွင် အခါမလပ် ကင်းလှည့်နေသည်ဖြစ်ရာ ပြည်သနာ တစုံတရာမျှ ထပ်မံ ပေါ်ပေါက် ဖြစ်ပွားလာခြင်းမရှိပဲ စနေနှင့် တနင်္ဂနွေ သီတင်းဆုံးရက်များသည် အေးချမ်းစွာဖြင့် ကုန်ဆုံးခဲ့လေသည်။ သို့သော် တချိန်က ဆူဆူညံညံဖြင့် စည်ကားသိုက်မြိုက်ခဲ့သော ကမ်းခြေလေးမှာ ယခုအခါ သုသာန်တစပြင်ပမာ တိတ်ဆိတ်ငြိမ်သက်သွားပြီး ထီးတည်းသာ ရပ်တည်လျက် ရှိရပြီ ဖြစ်၏။

မက်(တ်)ဟူးပါးသည် ဘင်ဂါဒနာ၏ မော်တော်ဘုတ်ဖြင့် ကမ်းခြေတကြော စုန်ချည် ဆန်ချည် ကင်းလှည့်လျက် ရှိသည်။ ရေပြင်တွင် တွေ့ရသည့် သက်ရှိ ရေသတ္တဝါများမှာ 'ငါးပြာ' တစုပ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ငါးကြီးများအတွက် အစာဖြစ်သော 'ငါးစာငါး'တအုပ်သာလျှင် ဖြစ်ကြရကား သူသည် စိတ်ပျက်စ ပြုလာခဲ့သည်။ သူတိုင်လင့်နေကြသော 'သေမင်းဖြူ'ခေါ် 'ငါးမန်းဖြူ'ကြီး၏ အရိပ် အရောင်ကိုမူ လုံးဝ မမြင်တွေ့ရသေးချေ။

ထိုအပတ်တနင်္ဂနွေနေ့သည် သူ့နားရက် ဖြစ်သည့်အလျောက် ဟူးပါးသည် အိ(စ်)ဟင်(မ်)တန်သို့ သွားရောက် လည်ပတ်ခဲ့သည်။ အိ(စ်)ဟင်(မ်)တန်ကမ်းခြေသည် ရေချိုးသူ၊ အပန်းဖြေသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိကြောင်း တွေ့ရှိခဲ့ရသည်။ သို့နှင့် အိ(စ်)ဟင်(မ်)တန်မှ အပြန်တွင် 'ဤငါးမန်းအမှုကို ပိတ်ပစ်ရန်သာ ရှိတော့ကြောင်း၊ ငါးမန်းဖြူကြီးသည် အဝေးသို့ ထွက်ခွာသွားပြီဟု ယူဆရကြောင်း၊ အကယ်၍ ငါးမန်းဖြူကြီးသာ ရှိနေရိုးမှန်လျှင် အိ(စ်)ဟင်(မ်)တန်မှ လူများကို မုချ ဒုက္ခပေးနေလောက်ပြီ ဖြစ်ကြောင်း' စသည်ဖြင့် ဟူးပါးက ဘရော့ဒီအား ပြောကြားလေသည်။

"နေပါအုံး၊ ဘယ်လိုအကြောင်းကြောင့်များ ခင်ဗျားခေါင်းထဲ အဲဒီအတွေးတွေ ရောက်လာရသလဲ"

ဟု ဘရော့ဒီက ပြန်မေးသည်။ ဟူးပါးက....

"ငါးကြီးရဲ့ အရိပ်လက္ခဏာကို ကျွန်တော်တို့ လုံးဝ မတွေ့ရတော့မဲ့ဟာ။ ပြီးတော့ ဒီအနီးအနားမှာ ဒီ့ပြင်ငါးတွေကို အုပ်စုလိုက် မကြာမကြာ တွေ့နေရတယ်။ အဓိပ္ပာယ်ကတော့ ဒီနားမှာ သူတို့ကြောက်ရမယ့် ငါးမန်းဖြူကြီး ရှိမနေလို့ဆိုတဲ့ သဘောပဲ။ ငါးမန်းကြီးသာ ဒီအနီးတဝိုက်မှာ ရှိနေသေးယင် တခြားငါးအုပ်စုလေးတွေ ဘယ်နေရဲပါ့မလဲ။ ငါးကြီးရဲ့အစာ ဖြစ်သွားမှာပေါ့။ ရေငုပ်သမားတွေ မကြာမကြာပြောဖူးတယ်။ ငါးမန်းဖြူကြီးရှိနေတဲ့ ရေပြင်ဟာဆိုယင် မကြုံစဖူး အထူးငြိမ်သက်နေလေ့ ရှိတယ်တဲ့။ အနီးအနားမှာ ဘယ်လိုငါးမျိုးမှလဲ မရှိတော့ဘူးတဲ့။ ရေပြင်တာ အဲသလို ရှင်းလင်းငြိမ်သက်နေပြီဆိုယင် သတိသာ ထားပေတော့။





အန္တရာယ်ကျရောက်ခါနီး ငြိမ်သက်မှုမျိုးပဲ။ သေမင်းခေါ်ခါနီးပြီ။ သေမင်းဖြူကြီး ကြွချီသာခါနီးပြီဆိုတဲ့ သင်္ကေတပဲ။ ပင်လယ်ရေပြင်ရဲ့ အခြေအနေဟာ အဲဒီလိုဖြစ်နေပြီဆိုယင် အဝေးကို လွတ်အောင် ပြေးနိုင်ယင်ပြေး၊ မပြေးနိုင်ယင်တော့ သေမင်းရဲ့သားကောင် ဖြစ်ဖို့သာမှတ်ပေတော့"

ဟူးပါးသည့် သူ့စကားကို ခေတ္တ ဖြတ်လိုက်သည်။ သူ့စကားအပေါ် ဘရော့ဒီ မည်မျှ စိတ်ဝင်စားခြင်းရှိသည် မရှိသည်ဆိုသည်ကို အကဲခတ်ကြည့်နေသည်။ ပြီးမှ သူ့စကားကို ပြန်ဆက်လေသည်။

"အခု ကျွန်တော် လေ့လာကြည့်တော့ ပင်လယ်ပြင်ရဲ့ အခြေအနေဟာအဲဒီလိုမှမဟုတ်ပဲ။ငါးမန်းရဲ့အစာဖြစ်တဲ့'ဘိတ်ဖစ်(ရှ်)'ဆိုတဲ့ 'ငါးစာငါး'နဲ့ 'ငါးပြာငါး'လေးတွေကို အုပ်စုလိုက် မကြာမကြာ တွေ့နေရတယ်။ရေပြင်ဟာ စည်စည်ကားကား ရှိနေတယ်။အန္တရာယ် လက္ခဏာကို မတွေ့ရဘူး။ ဒီတော့ ဒီကောင်ကြီး အဝေးကို ထွက်သွားခဲ့ပြီဆိုတာ သေချာနေပြီပေါ့"

ဘရော့ဒီသည် ရဲအမှုထမ်းတဦးပီပီ ဟူးပါး၏ ကျိုးကြောင်းဆက်စပ် တင်ပြပုံကို သုံးသပ်ကြည့်လိုက်သည်။ ဘဝင်မကျလှ။ အကြောင်းပြချက်သည် လက်ခံနိုင်လောက်သည့် အခြေအနေတွင်ရှိ။ သူတင်ပြချက်သည် ပိတ်ထားသောကမ်းခြေကို ပြန်ဖွင့်ပေးနိုင်လောက်အောင် ခိုင်လုံသေချာမှု မရှိလှ။

ခမျှော်လင့်သင့်၊ မမျှော်လင့်အပ်သော ကိစ္စတရပ်ပင် ဖြစ်စေကာမူ ဟူးပါးသည် ငါးမန်းကြီးကို တွေ့မြင်ခဲ့ရကြောင်း သူ့အားပြောကြားစေလိုသော ဆန္ဒများပင် ဘရော့ဒီတွင် ဖြစ်ပေါ်မိလေသည်။ သို့မဟုတ်ပါက ယခုအပတ်လွန်၍မှ ကမ်းခြေကို ပြန်မဖွင့်ပါလျှင် မြို့တော်ဝန်အမှူးပြုသော ကုန်သည်ပွဲစား စီးပွားရေး



www.burmeseclassic.com

www.burmeseclassic.com



သမားများ၏ တိုက်ခိုက် ထိုးနှက်မှု၊ ‘ဖိနှိပ်အား’ပေး၍ အတင်း
အကျပ် စေခိုင်းမှု စသည်များကို ရင်ဆိုင်လာရစရာ အကြောင်း
ရှိသည်။ သို့သော် မတတ်နိုင်ပြီ။

ဖြစ်လိုရာ ဖြစ်စေတော့ မိမိဆုံးဖြတ်ချက်ကိုတော့မပြင်တော့ဟု ဘရော့
သမိဋ္ဌာန်ချလိုက်သည်။

“ခင်ဗျားပြောတာကတော့ ဟုတ်သလိုလိုပါပဲ။ ဒါပေမယ့် တော
နှပ်လက်ခံနိုင်လောက်တဲ့ အခြေအနေမှာ မရှိပါဘူး။ ဒါကြော
ကမ်းခြေကို ပြန်ဖွင့်ဖို့ စိတ်မကူးသေးပါဘူးဗျာ”

*

တနင်္လာနေ့ မွန်းလွဲပိုင်းတွင် ဘရော့ဒီသည် သူ၏ ရုံးခန်း
အတွင်း၌ ထိုင်၍ အလုပ်လုပ်လျက်ရှိသည်။ လွန်ခဲ့သော တနင်္လာ
နေ့မှစ၍ ကမ်းခြေကို ပိတ်ထားခဲ့သည် ဖြစ်ရာ ယနေ့ဆိုလျှင် ရက်သတ္တ
တပတ်ပင် ကျော်လွန်လာခဲ့ပြီ ဖြစ်သည်။ ဘရော့ဒီသည် တပတ်ကြာ
ကာလအတွင်း မိမိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းနှင့် စပ်လျဉ်း၍
တိုးတက်မှု၊ ဆုတ်ယုတ်မှု အခြေအနေများကို ပြန်လည် သုံးသပ်လျက်
ရှိ၏။

ကမ်းခြေကို စတင်ပိတ်လိုက်သည့် ပထမနေ့မှစ၍ ဘရော့ဒီ ရဲအမှု
ထမ်း နှစ်ဦးကို ကမ်းခြေတွင် အစောင့်တာဝန် ချထားလိုက်သည်
ထိုနေ့မှပင် ရဲအမှုထမ်း နှစ်ဦးသည် ရေဆင်းကူးသူများနှင့် စစ်မှ
နှာ(၁၇)ခုခန့် ဖွင့်ခဲ့ရသည်။ ယင်းတို့အနက် အခက်အခဲဆုံးဟု ဆိုအ
သော စစ်မျက်နှာမှာ **ရောဘတ် ဒက်(စ်)တာ** ဆိုသူ လူကုံထံ
တဦးနှင့် ရင်ဆိုင်တိုးခဲ့ရခြင်းက ဖြစ်သည်။ ဒက်(စ်)တာသည် မိမိကိုယ်
ပိုင် (ပုဂ္ဂလိကပိုင်) ကမ်းခြေတွင် ရေဆင်းကူးခြင်း ဖြစ်လည်း ရဲ





ပိတ်ထားသည့် အများပိုင် ကမ်းခြေကို သူ မသုံး။ ဖွဲ့စည်းအုပ်ချုပ်ပုံ
အခြေခံ ဥပဒေတွင် ဖော်ပြထားသော ပုဂ္ဂလိက လွတ်လပ်ခွင့်၊
ပိုင်ဆိုင်ခွင့်များကို သူက ထောက်ပြသည်။ မိမိ၏ ကိုယ်ပိုင်လွတ်လပ်
ခွင့်အရ ရေကူးလိုက ကူးခွင့်ရှိကြောင်း ‘ကိုယ်ပိုင်လွတ်လပ်ခွင့်ကို
စော်ကားရန် ဒက်(စ်)တာက ပြန်လည် စောဒက တက်သည်။
တာဝန်အရ လာရောက် တားမြစ်သော ရဲအမှုထမ်းများကိုလည်း
သူ၏ ခွေးကြီးအား ရှူးတိုက်၍ ခြောက်လှန့် မောင်းထုတ်ပစ်သည်။
နောက်ဆုံးတွင် ရဲများက သေနတ်ဖြင့် ခွေးကြီးကို ပစ်သတ်ရလိမ့်
မည်ဟု သတိပေးသည့်အခါတွင်မှ ကိစ္စက အဆင်ပြေသွားခဲ့သည်။

နောက်တခုက အများသုံး ကမ်းခြေတွင် ဖြစ်သည်။ နယူးယောက်
မြို့သား ရှေ့နေတယောက်က အမေရိကန် ပြည်ထောင်စု ဖွဲ့စည်း
အုပ်ချုပ်ပုံ အခြေခံဥပဒေ စာအုပ်ကြီး ကိုင်ကာ တာဝန်ကျ ရဲသား
တယောက်အား မခြေမငံ ဆက်ဆံပြောဆိုသည်။ လူငယ်တသိုက်က
ထက်ခုပ်လက်ဝါး တီးကာ ယင်းရှေ့နေကို အားပေး အားမြှောက်
ပြုသည်။ အသံသေး အသံကြောင့်ဖြင့် ဟစ်အော်ကာ တာဝန်ကျ
ရဲသားကို ရှုတ်ချ ပြက်ရယ် ပြုကြသည်။

မည်သို့ပင် ဖြစ်စေ၊ တစုံတယောက်မျှ ရေဆင်းကူးခြင်း မရှိသဖြင့်
ဘရော့ဒီမှာ ဝမ်းသာရသေးသည်။

ဗုဒ္ဓဟူးနေ့တွင် လူငယ်နှစ်ယောက်သည် လှေငယ် တစင်းငှားကာ
ကမ်းခြေမှ ကိုက်သုံးရာခန့် ကွာဝေးသည့် ရေပြင် တနေရာဆီသို့
ထိတ်တဆိတ် လှော်ခတ်သွားခဲ့ကြသေးသည်။ သူတို့သည် ပင်လယ်
ပြင်တွင် တနာရီခန့် အချိန်ဖြုန်း နေထိုင်ခဲ့ကြသည်။ အသင့်ယူဆောင်
သွားခဲ့သော ကြက်၊ ဘဲတို့၏ အရိုးများ၊ ခြေထောက်များ၊ ခေါင်း
များနှင့် သွေးများကို ယောက်ချို တခုထဲတွင် ထည့်ကာ ရေထဲသို့
နှစ်ထားသည်။ ဤသည်ကို အနီးမှ ဖြတ်သွားသော တံငါ စက်လှေ
တစင်းက မြင်တွေ့သွားပြီး ကြိုးမဲ့ကြေးနန်းဖြင့် ဘရော့ဒီသို့
သတင်းပေးပို့ခဲ့သည်။ ဘရော့ဒီနှင့် ဟူးပါးတို့သည် ဖလ...ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ထိုသူငယ် နှစ်ဦးကို သွားရောက် ခေါ်ဆောင်ခဲ့ရသည်။ လူငယ်နှစ် က မိမိတို့သည် ငါးမန်းကို ဖမ်းလို၍ ငါးစာချကာ စောင့်ဆိုင်း နေခြင်း ဖြစ်ကြောင်း၊ ငါးမန်းကို တွေ့လျှင် သံချိတ်တပ်ထားသော တုတ်ဖြင့် ငါးမန်းကို ချိတ်ဆွဲပြီး နန်းတက်ကတ် ကမ်းခြေသို့ ရော သည်အထိ ရေဇာ္ဌာလျှောစီး လိုက်ပါသွားကြမည် ဖြစ်ကြော ဆင်ခြေပေးသည်။ ဘရော့ဒီက လူငယ်များအား 'နောက်တ ဤသို့လုပ်လျှင် မိမိကိုယ် မိမိ သေကြောင်း ကြံစည်မှုဖြင့် ဖမ်း အရေးယူရလိမ့်မည် ဖြစ်ကြောင်း' ဆုံးမသွတ်လိုက်ရသည်။

ထိုရက်ပိုင်းအတွင်း ငါးမန်းကို မြင်တွေ့ လိုက်ရပါသည်တ သော သတင်းပေးပို့ချက်(၄)ခုကို လက်ခံရရှိခဲ့သည်။ ပထမ သတ ကို အသေအချာ လိုက်လံ စုံစမ်းကြည့်သောအခါ ရေတွင် နေသော သစ်တုံးတတုံးကို မနေရောင်ခြည် ထိတွေ့မှုကြောင့် အ မှားခြင်း သက်သက်မျှသာ ဖြစ်ကြောင်း သိရှိရသည်။ ဒုတိ သတင်း နှစ်ပုဒ်မှာလည်း အသေအချာ လိုက်လံ စုံစမ်းကြည့်သော အခါ အဖျားရှူးသွားကြောင်း တွေ့ရသည်။ ငါးမန်းဟု ထင် သော ယင်းအရာဝတ္ထု၏ နောက်သို့ မျက်ခြည်မပြတ် လိုက် တောက်လှမ်းကြည့်သောအခါ တံငါသည်တဦး၏ အဆိုအရ ယင်း အရာဝတ္ထုသည် ဘိတ်ဖစ်(ရှ်) ငါးတအုပ်ရေပြင်ထက်သို့ ခုန်ပျံမြူး ကူးနေခြင်းသာ ဖြစ်ကြောင်း သိရှိရပြန်သည်။ နောက်ဆုံးရရှိသည် စတုတ္ထမြောက် သတင်း ပေးပို့မှုမှာမူ လိုက်လံ စုံစမ်းခြင်း မပြု သေး မီမှာပင် သူ့အလိုအလျောက်၊ မရေမရာ ဇဝေဇဝါဖြင့် နိဂုံး ချုပ်သွားခဲ့လေသည်။

ကြာသပတေးနေ့ ညနေ မှောင်ရီဖျိုးဖျအချိန်တွင် ဘရော့ဒီထံ တစုံတယောက်က အရေးတကြီး တယ်လီဖုန်း ဆက်ပြီး သတင်းတခု ပေးခဲ့သည်။ "အမျိုးသားတယောက်သည် အများသုံး ကမ်းခြေတွင် ရေပြင်ထဲသို့ ငါးစာများ ပစ်ချနေပါသည်" ဟု **တာဝန်သိ အမည် မဖော်လိုသူ သတင်းပေးက** ဆိုလာသည်။ ဘရော့ဒီက ကမ်းခြေ

အလျှင် အမြန် လိုက်သွားကြည့်ရှုရာ ထိုအမျိုးသားဆိုသူမှာ ခါးတကယ်တွင် ယောကျ်ားဝတ် မိုးကာအင်္ကျီကို ဝတ်ထားသော **စီပတ်ကား** အမည်ရှိ အမျိုးသမီး • တဦးသာ ဖြစ်ကြောင်း တွေ့မြင်ရပေသည်။

ရေထဲသို့ ပစ်ချခဲ့သည့် ပစ္စည်းမှာ မည်သည့်အရာများဖြစ်ကြောင်း ထုတ်ဖော်ဝန်ခံရန် အမျိုးသမီးသည် အစပထမတွင် ငြင်းဆန်နေ သည်။ မတတ်သာသည့် အဆုံးတွင်မှ သူမသည် စာရေးပစ္စည်း ဆိုင်မှ စာရေးမတဦး ဖြစ်ကြောင်း၊ ရေထဲသို့ ပစ်ချခဲ့သည့် များမှာ အရက်ပုလင်းခွံ သုံးလုံးပါရှိသည့် စက္ကူအိတ်တလုံး ကြောင်း အစစ်ခံသည်။

"အဲဒါတွေကို အမှိုက်ပုံးထဲ စွန့်ယင်လဲ ရသားနဲ့ ဘာလို့ ဒီမှာ ရတာလဲ"

ဘရော့ဒီက စိတ်တိုစွာ မေးလိုက်သည်။

"ဒါဆိုယင် မြူနီစီပါယ် အမှိုက်သိမ်းတဲ့လူက ကျွန်မကို အရက် လို့ ထင်သွားတော့မှာပေါ့"

"ဒါဖြင့်ယင်လဲ တခြားလူတွေရဲ့ အိမ်ရှေ့က အမှိုက်ပုံးထဲကို သွင်းထားလိုက်ပါလား"

"ဟာ.... ဒါဆိုလဲ ဘယ်တရားပါ့မလဲ။ ပြီးတော့ အမှိုက်ပုံးဆို လဲ သူတပါးရဲ့ သီးသန့် လျှို့ဝှက်ပစ္စည်းထဲမှာ တခု အပါ ခွင့်ပြုချက်မရပဲ ကိုယ်ကသွားပြီး စပ်စုဖို့၊ သွားဖွင့်ဖို့ မသင့် ဒါဟာလူ့ ယဉ်ကျေးမှုနဲ့မကိုက်ညီဘူးဆိုတာရှင်မသိဘူးလား"

အမျိုးသမီးက ဘရော့ဒီအား ပြန် မေးခွန်း ထုတ်လိုက်သည်။ ဘရော့ဒီမှာ ရုတ်တရက် အဖြေရ ကျပ်သွားသည်။ ခဏကြာမှ....

"ဒါဖြင့် နောင်ကို ဒီလိုလုပ်၊ ခင်ဗျားရဲ့ အရက်ပုလင်းခွံ တွေကို စတစ်အိတ်ထဲကို ပထမ ထည့်လိုက်။ နောက်ပြီး စက္ကူ အည ထဲကို တခါထပ်ထည့်။ ပြီးယင် ကူတချောင်းနဲ့ကောင်းကောင်း တော့။ မှုန်မှုန် ညက်ညက် ကြေသွားတဲ့အထိ ထု၊ ဒါဆိုယင်



www.burmeseclassic.com

www.burmeseclassic.com



အထဲမှာ ဘာပစ္စည်းပါမှန်း၊ ဗုလင်းဘယ်နှစ်လုံး ပါမှန်း အ
သိမ်းတဲ့လူက ဘယ်သိပါတော့မလဲ"

ဘရော့ဒီအဖို့ ငိုအားထက် ရယ်အားသန်ရသည့် ဖြစ်ရပ်
ပါပေ။

"ဆရာ့ဇနီးဆီက တယ်လီဖုန်းလာနေပါတယ်ဆရာ"

အတွင်းပြော တယ်လီဖုန်းမှတဆင့် ထွက်ပေါ်လာသော တာ
ကျ ရဲသား ဘစ်ဘီ၏သတင်းပို့သံက အတွေးရေယာဉ်ကြောခ်စီး
မျောပါနေသော ဘရော့ဒီကို လှုပ်လှုပ်ရှားရှား ဖြစ်သွားစေခဲ့သ

"ရှင် အလုပ်များနေတုန်း ကျွန်မ အနှောင့်အယှက်ပေးရ
စိတ်မကောင်းပါဘူး။ ဒါပေမယ့် ကျွန်မတို့ ပြန်လည်ဆန်းစစ်ကြ
အချက်တချက်ရှိနေတာနဲ့...."

တယ်လီဖုန်းကို ကောက်ယူလိုက်သည်နှင့် အယ်လင်း၏ အ
ထွက်ပေါ်လာခဲ့သည်။

"ဘာများတုံးကွ"

"ဖို—ကျွန်မတို့ ဒင်နာပါတီမပေးဖြစ်တာ ကြာခဲ့ပြီနော်၊နော
ဆုံးတခါ.... ဘယ်တုန်းက ပေးခဲ့တယ်ဆိုတာတောင် ကျွန်မ မေ့
ပြီ။ အဲဒါ အခု ကျွန်မတို့ ဒင်နာပါတီတခု လုပ်ကြယင် ကော
မလားလို့ပါ"

"ဘယ်တုန်းက နောက်ဆုံးပေးခဲ့တယ်ဆိုတာ ငါလဲ မမှတ်မိ
ပါဘူးကွာ။ ဒါထက် အခု ဘာအတွက် ပေးချင်တာလဲကွ"

"ဘာအတွက်မှရယ်လို့တော့ မဟုတ်ပါဘူး။ မိတ်ဖြစ်ဆွေ
မိတ်ဆွေတွေ စုစုဝေးဝေး တွေ့ကြရအောင်ပါပဲ"

ဘရော့ဒီက **မမှတ်မိ** ဟု ဆိုခြင်းမှာ တမင်သက်သက် လိမ်
ခြင်းသာ ဖြစ်သည်။ အမှန်မှာ သူ သေသေချာချာ မှတ်မိသည်။
နှစ်ဦးပေးခဲ့သည့်နောက်ဆုံးပါတီပွဲကိုဘရော့ဒီကောင်းကောင်းမှ
သည်။လွန်ခဲ့သောသုံးနှစ်ကဖြစ်သည်။အယ်လင်းသည်မိမိ၏သူငယ်
ဟောင်း သူကြွယ်ကတော်များနှင့် သတင်းတ မဖြစ်သောအ





တိုယ်တည်း အထီးကျန်ဆန်ခြင်းမှ လွတ်ကင်းရန် 'နွေဆွဲသည်
ဘာ' လူသစ်များနှင့် မိတ်ဆွေဖွဲ့ခဲ့သည်။ ထိုစဉ်က ပါတီတခု ပေး
သည်။ ထိုဒင်နာပါတီသို့ အပန်းဖြေဧည့်သည်စုံတွဲ သုံးတွဲကို ဖိတ်
ား ဧည့်ဝတ်ပြုခဲ့သည်။လွန်ခဲ့သော သုံးနှစ်တာကာလ ဒင်နာပါတီ
ညကို ဘရော့ဒီ ကောင်းစွာ အမှတ်ရလျက် ရှိသည်။ ထိုညက
တို့၏ စကားဝိုင်းသည် စိုစိုပြည်ပြည် မရှိခဲ့။ သူတို့ရှစ်ဦးအတွင်း
ချင်းချင်းပြောနေကြသော စကားများသည် များစွာ အဆီအငေါ
ည့်လှ။ အကြောင်းကား သူတို့ကျင်လည်ရာ ဘဝများက တဦး
တဦး ခြားနားကြသည်။ သူတို့လှုပ်ရှားရာ ပတ်ဝန်းကျင်က တဦး
တဦး ကွဲပြားခြားနားကြသည်။ ထို့ကြောင့် သူတို့စိတ်ဝင်စား
သာ၊ ပြောဆိုသော အကြောင်းအခြင်းရာများသည်လည်း တူညီမှု
လျှင်း မရှိပါပေ။ အိမ်ရှင်သည် ဧည့်သည်ကို အားနာ၍ သူ
ားကို မိမိ စိတ်မဝင်စားသော်လည်း စိတ်ဝင်စားဟန်ဆောင်ကာ
င်း'၊ 'အဲ' လိုက်နေရခဲ့သည်။ ဧည့်သည်ကလည်း အိမ်ရှင်
ည်ခင်းခဲ့သော '**ဒင်နာ**' မျက်နှာကို ထောက်ကာ အိမ်ရှင်ပြောသမျှ
ားကို 'အင်း'၊ '**အဲ**' လိုက်၍သာ နေရသည်။ စိတ်ပါဝင်စားမှု
ဝ မရှိကြချေ။ လွန်ခဲ့သောသုံးနှစ်က သူတို့နှစ်ဦး ပေးခဲ့သော
နာပါတီသည် 'အင်း၊ အဲ ဒင်နာပါတီသာ' ဖြစ်ခဲ့ချေသည်။
ည့်သည်ရော အိမ်ရှင်ပါ စိတ်ပျက်ခဲ့ရသော ညစာစားပွဲ ဖြစ်သည်။
ဉ့်မှစ၍ သူတပါးကို မိမိအိမ်သို့ ဖိတ်ခေါ် ဧည့်ဝတ်ပြုရမည့် ကိစ္စ
သမျှကို အယ်လင်းရော ဘရော့ဒီပါ နှစ်ဦးစလုံး တတ်နိုင်သမျှ
ရှောင်ရှားခဲ့ကြသည်။တဦးနှင့်တဦး တိုင်ပင်ညှိနှိုင်း နှီးနှောခြင်း မပြု
သော်လည်း ဒင်နာပါတီ 'သွားရန်' သို့မဟုတ် 'ပေးရန်' မှာ ငွေ
လုပန်းပြီး စိတ်နွမ်းရသည့် ဒုက္ခကြီးတခုဖြစ်ကြောင်း နှစ်ဦး
း၏ စိတ်ထဲတွင် စွဲမြဲစွာ မှတ်သားထားခဲ့ကြလေသည်။ သုံးနှစ်
ခဲ့ပြီ။ ယခုမှ အယ်လင်းသည် ဘာစိတ်ကူး ပေါက်လေသည်
ည်း



www.burmeseclassic.com

www.burmeseclassic.com



"ပါတီပေးတာကတော့ ဟုတ်ပါပြီ။ ဘယ်သူတွေကို ဖိတ်မှာလဲ"

အယ်လင်းကို တားချ်လည်း ရမည် မဟုတ်ကြောင်း ဘရော့ သိသဖြင့် ခွင့်ပြုလိုက်ရသည်။

"နံပါတ်တစ်အနေနဲ့ ဖိတ်ရမှာကတော့ မှက်(တ်)ဟူးပါးပါပဲ"

"ဟူးပါး....ဟုတ်လား၊ သူ့ကို ဘာလို့ ဖိတ်ရမှာလဲ၊ သူက အ လော့(ဒ်)ဟိုတယ်မှာ စားတာပဲ မဟုတ်သလား။ သူ ပေးတဲ့ အခန်း ထဲမှာ ထမင်းဖိုးလဲ ပါပြီးနေမှ ဥစ္စာ"

"ဒါနဲ့ မဆိုင်ပါဘူးလေ။ သူက ဧည့်သည်မဟုတ်လား။အိမ်ရှင် ဧည့်ဝတ်ပြုဖို့တာဝန်ရှိတာပေါ့။ ပြီးတော့လဲ သူက မဆိုးပါဘူး"

"နေပါအုံး....မင်းကသူ့ကို ဘယ်လိုလုပ် သိတာလဲ၊ မင်းတို့ခ သိနေကြပြီလို့ ငါ မထင်မိဘူး"

"ရှင့်ကို ကျွန်မ ပြောဖူးတယ်မဟုတ်လား၊ သောကြာနေ့ည အဲ(လ်)ဘတ်မော့ရစ်ရဲ့ ဆိုင်မှာ သူနဲ့ တွေ့ခဲ့တဲ့အကြောင်း ရှင့် ကျွန်မ ပြောခဲ့မိတယ်မဟုတ်လား"

"မင်း ငါ့ကို ဒီအကြောင်း မပြောဖူးသေးပါဘူးကွာ။ ကဲပါ ထားပါတော့၊ ဒါက အကြောင်းမဟုတ်ပါဘူး"

"အဲဒီဆိုင်မှာ တွေ့ကြတော့ သူဟာ တကြိမ်က ကျွန်မသိခဲ့ဖူး ဟူးပါးဆိုတဲ့လူတယောက်ရဲ့ ညီအရင်းခေါက်ခေါက် ဖြစ်နေတ ဆိုတာ သိရတယ်။ အမယ် ပြီးတော့ သူက ကျွန်မ အကြောင်း ကျွန်မထက်တောင် မှတ်မိနေသေးတယ်။ ဒါပေမယ့် သူက အတော် လေး ငယ်တယ်"

"ကဲပါ၊ တော်စမ်းပါ။ ပါတီကို မင်း ဘယ်တော့ ပေးချင်တာ လဲ"

"မနက်ဖြန်ညနေ"

"မင်းဟာက မြန်လှချေလား။ လူတွေ လာနိုင်ပါ့မလား။ တခြား ဘယ်သူတွေကို ဖိတ်အုံးမှာလဲ"





"မြန်ဆို ကြီးကြီးကျယ်ကျယ်လုပ်ပြီး များများစားစား ဖိတ်မယ့် ပါတီမှ မဟုတ်တာ။ နည်းနည်းနဲ့ ကြွကြွဝိုင်းမှာပဲ။ မီးဒိုး(စ်)တို့ ဝင်မယားရယ်၊ ဘက်(စ်)တာတို့ လင်မယားရယ်ပေါ့"

"ဒါထက် နေအုံး၊ ကောင်မလေး ခပ်ငယ်ငယ် တယောက်ကို တ်ယင်ကော ဘယ့်နှယ်လဲ"

ဘရော့ဒီက မေးလိုက်သည်။

"ဘာလုပ်ဖို့တုံး"

"ဩော....ဟူးပါးအတွက် အဖော်ရအောင်ပါ။ သူတို့ သက်တူ ယ်တူချင်း စကားပြောနိုင်တာပေါ့"

အယ်လင်းထံမှ စကားပြန်မရ၊ ခေတ္တမျှ ငြိမ်သက်သွားပြီးနောက်၊

"ဒီမှာရှင့်၊ ဟူးပါးဟာ အဖော်ရှာပေးရလောက်အောင် ငယ် ာတဲ့အရွယ် မဟုတ်သလို၊ ကျွန်မတို့ကလဲ သိပ်အိုစာကြသေးတာ ာတ်ဘူး။ ဒါပေမယ့် ရှင်က ရှာပေးစေချင်ယင်လဲ ရှာပေးလိုက် မယ်"

ဘရော့ဒီက....

"ကဲ.... ဒါပဲနော်၊ တွေ့မှ ထပ်ဆွေးနွေးကြသေးတာပေါ့"

ဟု ပြောကာ တယ်လီဖုန်းကို ချလိုက်သည်။

ဘရော့ဒီသည် စိတ်မာတ်ကျဆင်းစ ပြုလာပြီ ဖြစ်သည်။ သူ့ဇနီး ယ်လင်းသည် သူမ အကြိမ်ကြိမ် တပ်လန့် ရှုံးနိမ့်ခဲ့ပြီးဖြစ်သည့် သွင်ချင်းမတူသော ပတ်ဝန်းကျင်အတွင်းသို့ ပြန်လည် ချင်းနင်း ဆောက်ရန် ကြိုးစားလျက် ရှိနေပြန်ပြီ ဖြစ်သည်ကို ပြက်ပြက်ထင် င်လာရပြီ။ ယခုတကြိမ်တွင်မူ ယင်းပတ်ဝန်းကျင် အတွင်းသို့ ကို တွန်းပို့ပေးမည့် ကျောထောက်နောက်ခံ အင်အားတရပ် ည်း အသင့်ရှိနေပေပြီ။

ယင်းသည်ကား.... 'ဟူးပါး'။

*



www.burmeseclassic.com

www.burmeseclassic.com



[ က ]

ဘရော့ဒီသည် အိပ်ရာမှ ရုတ်တရက် လန့်နိုး လာခဲ့သည်။ ရင်ထဲ
တွင် ကတုန်ကယင် ဖြစ်နေသည်။ တစုံတခု၏ စေ ဆော် မှုကြော
မဖြစ်သင့် မဖြစ်ထိုက်သော ကိစ္စတခုခု ယနေ့ အမှန်မုချ ပေါ်ပေါ
လာတော့မည် ဖြစ်ကြောင်းကိုလည်း စိတ်ထဲတွင် အလိုလို သိရှိ
သလို ခံစားမိသည်။ သူ၏ လက်တဘက်ကို ဆန့်တန်းလိုက်ပြီး အယ်
လင်းကို စမ်းကြည့်လိုက်သည်။ အယ်လင်းသည် ရှိရမည့် နေရာ
ရှိမနေ။ ဘရော့ဒီသည် မျက်စိကိုဖွင့်လိုက်ပြီး ခုတင်ပေါ်တွင် အထ
တကြား ထ ထိုင်လိုက်သည်။

မိုးစင်စင်လင်း၍ နေပေပြီ။ အယ်လင်းသည် ပြတင်းပေါက်အနီး
ကုလားထိုင်တွင် ထိုင်လျက် အပြင်လောကသို့ ငေးမောကြည့်လျ
ရှိသည်။ အပြင်တွင် မိုးကြွင်း မိုးကျန်လေးများ ရွာသွန်းလျက် ရှိ
မိုးစက် မိုးဖွားလေးများသည် မှန်ပြတင်းပေါ်သို့ အဆက်မပြတ်





…ဆင်းလျက် ရှိကြသည်။ လေပြင်း၏ မဟာ့တရား တိုးဝှေ့ သွားမှု
…ဘင့် သစ်ရွက်သစ်ခက်လေးများသည် တရှုရှုမြည်ဟီးငိုညည်းလျက်
…သည်။

"စိတ်ပျက်စရာကောင်းတဲ့ နေ့ပဲနော်"

ဘရော့ဒီ၏ မှတ်ချက်ကို အယ်လင်းက မည်သို့မျှ နှုတ်တုံ့မပြန်။
…ပြတင်းတလျှောက် အထက်မှအောက်သို့ မြောင်းဝဖော် လမ်းစ
…စီးဆင်းနေကြတုန်သည့်မိုးရေစက်ကလေးများကိုသာ အဓိပ္ပာယ်
…ငေးမောကြည့်လျက် ရှိသည်။

"ဟေ ....မင်းဘာဖြစ်လို့ အိပ်ရာက အစောကြီး ထ နေတာလဲ"

ဘရော့ဒီက အယ်လင်းသို့ တိုက်ရိုက်မေးလိုက်သည်။

"ကျွန်မ အိပ်လို့ မပျော်ဘူး"

ဘရော့ဒီက တချက်သမ်းဝေလိုက်သည်။

အယ်လင်းတော့ မသိ။ ဘရော့ဒီကိုယ်တိုင်မှုကား ညက ကောင်း
…အိပ်မပျော်ခဲ့ရှုံမျှမက ယခုထက်တိုင် အိပ်ရေးမဝသေးချေ။ အယ်
…၏ အလိုကျ ညက ဒင်နာပါတီတခုပေးခဲ့ရသဖြင့် အတော်ကြီး
…နက်မှ အိပ်ရာဝင်ခဲ့ကြရသည်။

ညက ပါတီပွဲအကြောင်းကို တွေးမိသဖြင့် ဘရော့ဒီ သက်
…တချက် လေးတွဲ့စွာ ချလိုက်မိသည်။ ဘရော့ဒီတို့ တည်
…သော ညစာစားပွဲသို့ မီးဒိုး(စ်)တို့ လင်မယား၊ မက်(တ်)
…ါးနှင့် (ဟူးပါးအတွက် အဖော်ရစေရန် အထူးချေ့သည်တော်
…ဖိတ်ကြားထားခြင်း ခံရသော) မဒ္ဒဒေဗီဝစ်ကားတို့ တက်
…တ်ခဲ့ကြသည်။ ကလဲ့င်းဘက်(စ်)စတာနှင့် စီစီဘက်(စ်)တာတို့
…မောင်နှံ မှာမူ ခရီးလွန်နေသဖြင့် မလာရောက်နိုင်ခဲ့ကြပေ။ မူလ
… မဒ္ဒဝစ်ကားကို ဟူးပါးအတွက် အဖော်အဖြစ် ရည်ရွယ်ခဲ့သော်
…သည်း သူ့ ဇနီး အယ်လင်း သည်သာလျှင် ဟူးပါးအတွက်
…ယ် အဖော် ဖြစ်ခဲ့ချေသည်။



www.burmeseclassic.com

www.burmeseclassic.com



အယ်လင်းက မီးဒိုး(စ်)လင်မယားနှင့် ဒေစီဝစ်ကားတို့အား ည
ခုနစ်နာရီခွဲတွင်လည်းကောင်း၊ ဟူးပါးအား ခုနစ်နာရီတိတိတွင်
လည်းကောင်း အရောက်လာရန် မှာကြားထားခဲ့ခြင်းကြောင့် ထိုည
က ဟူးပါးသည် ခုနစ်နာရီငါးမိနစ်တွင် တဦးတည်း စောစီးစွာ
ရောက်ရှိလာခဲ့သည်။ ဟူးပါး စ,ရောက်ကတည်းက ထ,ပြန်သွားသည့်
အချိန်တိုင် စကားပိုင်းမှာရော ညစာ စားပွဲတွင်မှာပါ အယ်လင်း
တယောက်တည်းကသာ ဒိုင်ခံစကားပြော၍ နေခဲ့သည်။ အယ်လင်း
သည် စကားပြောတိုင်း ပြောတိုင်း ဟူးပါး၏ ပခုံး၊ လက်မောင်း
စသည်တို့ကို ပုတ်ကာ ကိုင်ကာဖြင့် အားတက်သရော ပြောဆိုနေ
သည်။ သူတို့နှစ်ဦး၏ မျက်လုံးများသည် လျှို့ဝှက်သော သင်္ကေ
များဖြင့် တိတ်တခိုး စကားပြောလျက်ရှိသည်ဟု ဘာရော့ဒ် ထင်မှတ်
မိသည်။ ဘာရော့ဒ်ကမူ အရက်ထည့်၊ ပန်းကန်သယ်၊ လိုက်ပွဲပြင်
စသည်ဖြင့် စားပွဲထိုးတဦးအဖြစ်သာ တာဝန်ယူခဲ့ရသည်။

ည ဆယ်နာရီကျော်၍ မီးဒိုး(စ်)တို့ ဇနီးမောင်နှံ နှင့် မစ္စဒေ
ဝစ်ကားတို့က ပြန်တော့မည်ဟု ထိုင်ရာမှ ထ,သောအခါ ဟူးပါး
သူလည်း တပါတည်း ပြန်တော့ရန် ဟန်ပြင်ခဲ့သည်။ ထိုအခါ
အယ်လင်းက ရှတ်တရက် ထ,ကာ အချိန်စောသေးကြောင်း၊ မပြ
စေလိုသေးကြောင်း အတင်းအဓမ္မ တားဆီးသည်။ သူမ၏ အပြ
အမူကို အားလုံးက အံ့အားသင့်သွားခဲ့ကြသည်။ သူမသည် ဧည့်
သည်အားလုံးကို တားဆီးခြင်းမဟုတ်ပဲ ဟူးပါးတယောက်တည်း
သာ ကွက်၍ တားလိုက်သောကြောင့်ဖြစ်သည်။ အယ်လင်းကိုယ်တိုင်
ကလည်း သူမ၏အဖြစ်ကို သူမချက်ချင်း သတိပြုမိလိုက်ပြီး ရှက်သွေး
ဖြာသွားခဲ့သည်။ သို့သော် စကားဖြင့် ဖာထေးလိုက်၏။ သို့သော်
ဘာရော့ဒ်သည် သူ့ဇနီးက ဟူးပါးအပေါ် ထားရှိသော အတွင်း
သဘောကို စောကြောမိလိုက်ပြီ ဖြစ်သည်။ သူ့ဇနီးအပေါ် စိတ်
မချနိုင်တော့။ ဟူးပါးသည် အယ်လင်းထက် ဆယ်နှစ်ငယ်သည်။
ဘာရော့ဒ်နှင့်စာလျှင်မူ ဆယ့်ငါးနှစ်ခန့် ငယ်သည်။ သူ့ထက်ပို





ချစ်နှုန်းယ်တောင့်တင်းသည်။ ချောမောသည်။ ပြီးတော့ ဟူးပါး
သည် အယ်လင်းတို့ကဲ့သို့ပင် အထက်တန်းလွှာ လူကုံထံ အသိုက်
အဝန်းမှ လာသူဖြစ်သည်။ မိမိ၏လက်ရှိဘဝကို မိမိငြီးငွေ့နေသည့်
အယ်လင်းသည် သူမ၏ဘဝပြန်လည်ဆန်းသစ်မှုကို ဟူးပါးနှင့်ရယူချင်
ရှာပေလိမ့်မည်။ အတွေ့အကြုံ အသစ်အဆန်းများကို မျှော်လင့်
တောင်း မျှော်လင့်နေပေလိမ့်မည်။ ကျစ်လျစ် တောင့်တင်းသော
ဟူးပါး၏ ရုပ်ခန္ဓာကို တောင့်တကောင်း တောင့်တာပေလိမ့်မည်။
ဘာရော့ဒ်သည် ဒုတိယခွဲ သက်ပြင်းတချက်ကို လေးတွဲ့စွာ ချ
လိုက်ပြန်သည်။ ဤကိစ္စကို သူရှေ့ဆက် မတွေးချင်တော့။ အိပ်ရာ
ပေါ်မှ ဆင်းလိုက်ပြီး ရေချိုးခန်းဆီသို့ တည့်မတ်စွာ လျှောက်သွား
ခဲ့သည်။ ခေါင်းပေါ်မှ ရေဝန်းကိုတဆုံးဖွင့်ချကာ သူ၏ဦးခေါင်း
ထဲမှ နှောက်ကျိုညစ်ထေးနေသော အတွေးများကို ရေအေးအေး
ဖြင့် ဆေးလျှော် မောင်းထုတ်ပစ်လိုက်လေသည်။

အဝတ်အစား ဝတ်ဆင်ပြီး၍ အောက်ထပ် မီးဖိုဆောင်သို့
ဘာရော့ဒ်ဆင်းလာသည့်အချိန်တွင် သူ၏သားများသည် နံနက်စာ
စားသောက်ပြီးနေကြပေပြီ။ အယ်လင်းသည် ဘာရော့ဒ်အတွက် ကြက်ဥ
ကြော်နေရာမှ ထိုနေ့ တနေ့တာအတွက် အစီအစဉ်ကို ကြေငြာလှာ

"ဒီလိုက ဦးယျော်ဦမူးကြီးဆီ သွားလိမ့်မယ်"
...ကြီးဘီလီသည် နွေရာသီ ကျောင်းပိတ် ရက်အားများတွင်
အပိုဝင်ငွေ ရစေရန်အတွက် ဦးယျော်ဦမူးကြီးတဦးထံတွင် ကူညီ
...ပေးလျက် ရှိသူဖြစ်သည်။
"...တင်က လူငယ်ရိပ်သာကို သွားလိမ့်မယ်၊ သားငယ်ကတော့
...(စ်)မိသားစုတို့ အိမ်မှာ အချိန်ဖြုန်းမယ်"
"...င်းကတော့"
"...မကာ ဒီနေ့တနေ့လုံး ဆေးရုံမှာ အချိန်ပြည့် အလုပ်လုပ်ရ...
... နေ့လယ်စာ အိမ်ပြန်မစားတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း၊ ဒီနေ့ ဗုဒ္ဓဟူးနေ့ပဲ။ ဗုဒ္ဓဟူးနေ့မှာ မင်းအချိန်ပြည့်အ
ဆင်းရလို့လား၊ ကိုယ်တော်မှ မသိသေးဘူး"

"ခါတိုင်းတော့ ဒီလိုမဟုတ်ပါဘူး။ ကောင်မလေးတယော
ဖျားနေလို့ ခွင့်ယူထားတယ်။ အဲဒါ ကျွန်မက သူ့ ကိုယ်စား အ
ဝင်လုပ်ပေးနေရတာ။ အခု ရှင် အလုပ်ကို အသွားမှာ မြို့
လမ်းကြုံယင် ရွှောင်းနဲ့မာတင်ကို ခေါ်သွားပေးပါလား။ ကျွ
လမ်းမှာ ဈေးဝယ်စရာရှိနေလို့ပါ။ အပြန်ကျယင်တော့ ကျွန်မ
ကြိုခဲ့ပါ့မယ်။ ညစာချက်အမီတော့ ကျွန်မ အိမ်ပြန်ရောက်မှာ

"အေးပါ ဖြစ်ပါတယ်"

သားငယ်နှစ်ယောက်သည် ဘရော့ဗိုနှင့်အတူ ဦးစွာ အိမ်မှ
ခွာသွားကြသည်။ သဒ္ဒးကြီး ဘီလီသည်လည်း မျှားမကြာမီမှ
စက်ဘီးတစီးဖြင့် ထွက်ခွာသွားခဲ့လေသည်။

*

အယ်လင်းသည် မီးဖိုခန်းထဲရှိ နံရံကပ်နာရီကြီးကို မော့
လိုက်သည်။ ရှစ်နာရီ ထိုးပေတော့မည်။

စောမျှားနေလေမလား။ အယ်လင်း တွေးကြည့်သည်။ စော
သည်ဆိုပြီး ဖုန်းမဆက်သေးပဲ အချိန်ဆွဲနေလိုက်ခါမှ ဘသား
ကိုဗြခြရှည်က ချော်တောငေါ်ပြီး အပြင်သို့ ထွက်သွားခဲ့လျှင်
တဒုက္ခ။ စောင့်စားခဲ့ရသမျှ အခွင့်အရေးတော့ လက်လွတ် ကုန်
မည်။ စောစောစီးစီး ကြိုတင်အကြောင်းကြားထားသည်က
ဟု တွေးမိလာ အယ်လင်းသည် အိမ်ပေါ်ထပ်သို့ တက်လာခဲ့သ

သူမသည် ခုတင်ပေါ်သို့ထိုင်ချလိုက်ပြီး အစိမ်းရောင် တယ
ဖုန်း လမ်းညွှန်စာအုပ်လေးကို ကောက်ယူလိုက်သည်။ သူမ၏
များသည် တုန်တုန်ယင်ယင် ဖြစ်နေသည်။ အယ်လင်းသည်

မတည်ငြိမ်မှုကို သတိပြုမိပြီး ရှုက်ပြုံးလေးတချက် ပြုံးလိုက်
သည်။ ထိုနောက် မိမိကိုယ်မိမိ အားပေးကာ 'အဘီလတ် လက်ရှိုး
သောက်ဆိုင်၏ နံပါတ်ကို လှည့်ချလိုက်သည်။

"အဘီလတ် လက်ရှိုးစားသောက်ဆိုင်ကပါ ခင်ဗျာ"

တဘက်မှ ပြန်ထူးသံကို ကြားလျှင်ကြားချင်း–

"ဟူးပါးရဲ့ အခန်းကို ပေးပါ။ ဟုတ်ကဲ့ မက်(တ်)ဟူးပါး ပါ"

"ခဏလေး စောင့်ပါခင်ဗျာ။ ဟူးပါး...ဟူးပါး။ အဲ...ဟုတ်ပြီ
...သူ့ည...ငါး။ ကျွန်တော် ခေါ်ပေးပါ့မယ်နော်"

စားသောက်ဆိုင်မှ စာရေး၏ ဖော်ရွေသောစကားသံများအဆုံး
အသံများ ခေတ္တပြတ်တောက် ငြိမ်သက်သွားသည်။ အယ်လင်း
သူမ၏ နှလုံးခုန်သံကို သူမ ပြန်ကြားနေရသည်ဟု ထင်မိသည်။
၏ လက်ယာဘက် လက်ကောက်ဝတ်တွင် သွေးတဒိတ်ဒိတ် တိုး
ည်ကိုလည်း ခံစား သိရှိနေရသည်။ 'ပြန်ချထားလိုက်လေ၊ ပြန်
ားလိုက်တော့' သူမ၏အသိစိတ်ဓာတ်က သူမကို သတိပေးနေ
'အချိန်မီသေးတယ်၊ ခပ်မြန်မြန် ပြန်ချထားလိုက်'။ သူမ၏
ောင်း၌ ချီတုံချတုံ ဖြစ်နေသည်။ ထိုစဉ် ဟူးပါး၏မာဆတ်ဆတ်
တယ်လီဖုန်းထဲမှ ထွက်ပေါ်လာခဲ့သည်။

"ဘယ်လို၊ ဘယ်သူပါလဲ"

ရားရေ၊ အခန်းထဲမှာ ဒေစီဝစ်ကားနဲ့များ သူ အိပ်နေရော့
ား။ အပြေးအလွှား အယ်လင်း တွေးကြည့်သည်။

"ဘယ်လို ပြောပါခင်ဗျ"

ူးပါး၏ စိတ်မရှည်သည့်အသံ ထပ်မံ ထွက်ပေါ်လာပြန်သည်။
ယ်လင်းက တံတွေး မျိုချကာ...

"မပေါ၊ မောင်လေးရဲ့။ အယ်လင်းလေ"

"ဩော်၊ မမလား။ ကျွန်တော်က ဘယ်သူများလဲလို့"



www.burmeseclassic.com

www.burmeseclassic.com



"မမကြောင့် မင်းအိပ်နေတာ အနှောင့်အယှက်များ ဖြစ်သွာ
သလား ငါ့မောင်"

"ဟင့်အင်း မဖြစ်ပါဘူး၊ ကျွန်တော် အခုပဲအောက်ထပ်ဆင်း
မနက်စာ စားတော့မလို့"

"ဒါထက် ဒီနေ့ မင်းအလုပ်ဆင်းဖို့ တကယ်ပဲ လိုအပ်နေလို့
မက်(တ်)ရယ်။ ရာသီဥတုက အေးစိမ့်စိမ့်နဲ့"

"အတပ်မပြောနိုင်သေးဘူး မမ၊ ကျွန်တော်ကတော့ လျှော
ပြီး ရေပြင်ကို နည်းနည်းပါးပါး လေ့လာ ကြည့်ချင်သေးတာ
ဒါပေမယ့် ဒီရာသီဥတုနဲ့ ဖြစ်မှဖြစ်ပါ့မလားလို့"

အယ်လင်း၏ စိတ်သည် ဒွိဟ ဖြစ်နေသည်။ **'ဆန္ဒ'**က တ
ဆို့ ဆွဲနေသည်။ **'အသိတရား'**က မပေကပ်ကပ်ဖြင့် တင်းရှိ
သည်။ ဆန္ဒရှိင်းများက သူမအား 'ပြောလိုက်လေ၊ ပြောလိုက်
နင့်ဆန္ဒကို ဖော်ထုတ်လိုက်ဖို့ ခုအချိန်ဟာ အကောင်းဆုံးပဲ' ဟု
ဆော် တွန်းပို့နေသည်။ အသိတရားကမူ သူမ၏ ပါးစပ်မှ
စကားလုံးများ ပြောမထွက်အောင် နှုတ်ဆွံ့နေစေသည်။

"မမက...မင်း...မင်း"

"ဘာလဲ မမ၊ ပြောလေ"

"ဩော်...ဟို ညတုန်းက ဒင်နာပါတီကို မင်း လာတာ
ကျေးဇူးတင်လို့ပါ"

ပြောမည်ဟု သူမ၏ စိတ်ထဲတွင် ကြံစည်ထားသည်က တ
နှုတ်မှ ထွက်သွားခဲ့သောစကားများက တခြား ဖြစ်နေသည်။

အယ်လင်း၏ အဖြစ်မှန်ကို မရိပ်မိသော ဟူးပါးက အ
သင့်ပင်....

"ဩော်၊ ဒါလား။ ကျွန်တော်လဲ ပျော်ပါတယ် အစ်မ"

အယ်လင်းသည် မောတိုက်စွာ အသက်ရှူနေသည်။ သူမ
ချင်သော စကားများက ရင်ထဲတွင် အသင့်ရှိနေကြပြီ ဖြစ်
လည်း နှုတ်ကမူ ခွင့်မပြုသေး။ ဆွံ့နေစေဆဲပင်။ 'ဟဲ့ ကော





ပြောလိုက်တော့လေ၊ နင်မေးချင်တဲ့ မေးခွန်းကို မေးလိုက်ပါတော့
လား။ ဘာ တွေမိလုပ်နေတာတုံး။ နောက်တခါ ဒီလိုအခွင့်အရေး
ရဖို့ မလွယ်ဘူးနော' ဟု မိစ္ဆာဆန္ဒရှိုင်းများက အဆက်မပြတ် တရစပ်
ဆို့ဆော်လျက်။ နောက်ဆုံးတွင်မူ သူမ၏ 'စိတ်ဆင်ရိုင်း' သည် 'ချွန်း
စညာသတိ' ကင်းမဲ့ခဲ့ရချေလပြီ။

"ဩော် မမက မင်း ဒီနေ့ နေ့လယ် အလုပ်လုပ်စရာ မရှိဘူးဆို
ယင်...အဲ...မမ ဆိုလိုတာက ရာသီဥတုမကောင်းလို့ အလုပ်မလုပ်
နိုင်ပဲ အအားရမယ်ဆိုယင် **တို့တတွေ** နေ့လယ်စာ အတူစားကြ
ရအောင်လားလို့"

"**နေ့လယ်စာ** ဟုတ်လား မမ။ တို့တတွေဆိုတော့ မမ ခင်ပွန်း
ရယ်၊ မမရယ်၊ ကျွန်တော်ရယ်ပေါ့ ဟုတ်လား"

ဟူးပါး၏စိတ်တွင် အံ့အားသင့်သလို ဖြစ်သွားသည်။ ပြီးခဲ့သည့်
ညကပင် ညစာကျွေးခဲ့သေးသည်။ ယနေ့ နေ့လယ်စာ စားရန်
ခေါ်နေပြန်ချေပြီ။ ဘယ်လိုများပါလိမ့်။ ဟူးပါး၏ အတွေးသံသယကို
အယ်လင်း၏ အသံက ဖြတ်တောက်ပစ်လိုက်သည်။

"မဟုတ်ပါဘူး၊ မမနဲ့ မောင်လေး နှစ်ယောက်ထဲပါ။ မာတင်က
တော့ နေ့လယ်စာလို သူ့ရုံးမှာပဲ စားလေ့ရှိတယ်လေ"

"ကောင်းပြီလေ၊ စားကြတာပေါ့။ ဒါ့ထက် ဘယ်မှာ စားယင်
ကောင်းမယ်လို့ အစ်မ ထင်သလဲ"

"**ဆက်(ဂ်)** ဆိပ်ကမ်းက **တံခွန်** ပျော်ပွဲစားရုံကတော့ အတော်
လေး ကောင်းတယ်လို့ ကြားဖူးတယ်။ အဲဒီနေရာကို မောင်လေး
သိလား"

အယ်လင်းသည် မေးသာမေးလိုက်ရသည်။ ထိုနေရာကို သူမကိုယ်
တိုင်လည်း မသိပါချေ။ တခုတော့ ကြားဖူးသည်။ ထိုနေရာသည် သူမ
တို့နေအိမ်နှင့် အတော်အလှမ်းကွာသည်။ ယခုလိုအချိန်မျိုးတွင် ထို
ပျော်ပွဲစားရုံတွင် လူရှင်းသည်။ ဆိတ်ငြိမ်သည်။ ပြီးတော့ အနည်းငယ်
မှောင်သည်....တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဖူးပါးက....

"အဲဒီနေရာကို ကျွန်တော် တခါမှတော့ မရောက်ဖူးသေးဘူး။ ဒါပေမယ့် ကျွန်တော် ရောက်အောင်လာနိုင်ပါတယ်။ လာရမယ့် အချိန်ကိုလဲ ပြောပါအုံး"

"ဆယ့်နှစ်နာရီခွဲလောက်ဆိုယင် ဘယ့်နှယ်လဲ"

"အိုကေ အစ်မ၊ ဖြစ်ပါတယ်"

"ဒါပဲနော် မောင်လေး"

အယ်လင်းသည်တယ်လီဖုန်းကိုချထားလိုက်သည်။သူမ၏ လက်များ သည် ယခုထက်တိုင် တုန်တုန်ယင်ယင် ဖြစ်နေချေသေးသည်။သို့သော် သူမ၏ စိတ်အစဉ်သည် ကြည်လင်ပေါ့ပါးသွားပြီ ဖြစ်သည်။ ချစ် သူနှင့် ပထမဆုံးအကြိမ် တွေ့ဆုံရန် ချိန်းဆိုထားခြင်းခံရသော ဆယ် ကျော်သက်မလေးအသွင် သွက်သွက်လက်လက် မြူးမြူးကြွကြွ ဖြ နေသည်။ လွန်ခဲ့သော ဆယ်နှစ်ကျော်တတည်းက ငုပ်လျှိုးနေခဲ့သော အချစ်စိတ်ကလေးသည် ယနေ့အခါ ငယ်မူပေါ်ကြွ ခေါင်းထောင် လာခဲ့ချေပြီ။

အယ်လင်းသည် ရေချိုးခန်းရှိရာသို့ လျှောက်သွားပြီး ရေပန်း အောက်သို့ဝင်ကာ တဝကြီး ရေချိုးပစ်လိုက်၏။ သုတ်သင် သန့်စင် ပစ်ဖို့ လိုအပ်သည်ဟု ယူဆရသည့် အမွေးအမှင်အားလုံးကိုလည်း သူ မ၏ ခန္ဓာကိုယ်ပေါ်မှ သုတ်သင် သန့်စင်ပစ်လိုက်၏။ တဖန် သူမ တကိုယ်လုံးကို ပေါင်ဒါမှုန့် အနည်းငယ် ဖြူးလိုက်သည်။ ပြီးလျှင် နံ့သာဆီ၊ ရေမွှေးရည် စသည်တို့ဖြင့် နှားရှက်နောက်။ လက်မောင်း ဒူးခေါက်ကွေး စသည်တို့အပြင် ခန္ဓာကိုယ်၏ အတွင်းပိုင်း အကြ အကြားများပါမကျန် ဟိုတို့ သည်ဆွတ် လုပ်လိုက်ပြန်သည်။

ပထမအဆင့်အနေဖြင့် အကြမ်းထည် မှုန့်နံ့သာ 'ခြယ်'ကာ 'သ' အပြီးတွင် သူမသည် အိပ်ခန်းတွင်းရှိ ကိုယ်လုံးပေါ်မှန်ကြီးရှေ့တွင် ရပ်လိုက်သည်။ သူမ ပိုင်ဆိုင်သည့် ပစ္စည်းများ၏ နောက်ဆုံးအခြေ အနေကို အယ်လင်းက အမှန်အတိုင်း သိရှိလိုသည်။ မိမိ၏ ကာ





သွမ်းချက်ကို တဘက်လူက လက်သင့်မှ ခံယူလိုပါမည်လော။

သူမ၏ ပါးပြင်သည် ပြည့်ပြည့်တင်းတင်း ဖောင်းဖောင်းအိအိ ရှိနေသည်။ ဇရာ၏ သင်္ကေတများဖြစ်သည့် အရေးကြောင်းများ ပေါ်လွင်ခြင်း မရှိသေး။

အယ်လင်းသည် ကိုယ်ကို မတ်မတ်ရပ်ယင်း ကြေးမုံပေါ်တွင် ပေါ်ထင်နေသော မိမိ၏အရိပ်ကို ကြည်ကြည်နူးနူး ကြည့်နေမိသည်။ ခါး ကျင်သလို ဝမ်းဗိုက်သားများသည်လည်း စည်၏ မျက်နှာပြင် တမျှ ဖြန့်ဖြန့်တင်းတင်းရှိလှသည်။ ဤသည်မှာ တသားမွေးပြီးတိုင်း လေ့ကျင့်ခန်း၏တခါယူခဲ့ခြင်းအကျိုးကျေးဇူးများပင်။တခုသာ ဖြော ရာရှိသည်။သူမသည် အပျိုစင်တဦးမဟုတ်ပဲ သားမွေးဖူးသည့် မိန်း မတယောက် ဖြစ်ကြောင်းကို တင်သားများက 'ဖော်ကောင်' လုပ် လျက် ရှိကြသည်။

မိမိကိုယ်ကို မိမိ စိတ်ကျေနပ်သည့်တိုင် ဝေဖန်သုံးသပ် ဆန်းစစ် မှုပြင်ပြီးသော် အယ်လင်းသည် သူနာပြုဝတ်စုံကို ကောက်ဝတ်လိုက် သည်။ အဝတ်ဗီရိုထဲမှ ဈေးဝယ်ပလတ်စတစ်အိတ်တလုံးကို ထုတ်ယူ လိုက်ပြီးနောက် ဘီကနီ အတွင်းခံဝတ်စုံတစုံ၊ ဘရာစီယာတခု၊ သေ သပ်စွာ ခေါက်ထားသော ခရမ်းနုရောင် ညဝတ်စုံတထည်၊ ခွာနိမ့် ဖိနပ်တရံ၊ ခေါင်းနံ့ ပျောက်ဆေး၊ ရေမွှေးတဗူး၊ ရေချိုးဆပ်ပြာမှုန့် တပုလင်း၊ သွားတိုက်ဆေးတဗူးနှင့် သွားပွတ်တံတချောင်း စသည့် ပစ္စည်းများကို ထည့်သွင်းလိုက်သည်။ အားလုံး အဆင်သင့်ဖြစ်သော အခါ သူမသည် ဗောက်(စ်)ဝက်ဂွန်း လိပ်ခုံးကားကလေးဖြင့် ဆောက်(သ်)သင်(မ်)တန်ဆေးရုံသို့ ထွက်ခွာလာခဲ့သည်။

ဆေးရုံသို့ သွားရာ ပျင်းရိ ငြီးငွေ့ဖွယ်ရာ ခရီးလမ်းတလျှောက် တွင် သူမသည် မိမိသုပ်ဆောင်လျက်ရှိသောလက်ရှိအခြေအနေကို ပြန် လည်သုံးသပ်ရန် လုံလောက်သောအချိန် ရရှိခဲ့ပေသည်။ အယ်လင်း ၏ စိတ်တွင် ယခု သူမ ရှေ့ရှုလျက်ရှိသော စွန့်စားခန်းသည် မှန် ကန်မှု ရှိမှ ရှိပါ၏လော....ဟူ၍ တခါတရံ ဒွိဟဖြစ်မိသည်။ သူမ၏



www.burmeseclassic.com

www.burmeseclassic.com

လုပ်ဆောင်ချက်များ မှန်ကန်မှု ရှိသည် မရှိသည်ကို ယခုလို အချိန်မျိုးတွင် သူမ မစဉ်းစား မတွေးတောလို။ လောလောဆယ်တွင် ဤအချက်ကို ဝေဖန်စစ်ကြောနေရန် အခါမဟုတ် ဟူ၍လည်း သဘောပေါက်ထားသည်။ သို့တစေ ဤအကြောင်းများကို မစဉ်းစားပဲလည်း မနေနိုင်။ သူမ၏ အာရုံတွင် ဤအကြောင်းများသာ တရစ်ဝဲဝဲ ပေါ်လာလျက် ရှိသည်။

*

အယ်လင်းသည် သူမ၏ ခင်ပွန်းသည် ဘရော့ဒီအား တူးပါးနှင့် ချိန်ထိုးကြည့်သည်။ ဘရော့ဒီအပေါ် သူမ စိတ်ကုန်ခန်းစ ပြုရခြင်း၏ အကြောင်းရင်းကို အဖြေရှာကြည့်သည်။ အဓိက အကြောင်းရင်းမှာ ဘရော့ဒီက သူမအား အလိုမလိုက်ခြင်း၊ ယုယကြင်နာမှုပေးရန် လုံလောက်သောအချိန် မရှိခြင်း စသည်.... စသည်တို့ကြောင့် ဖြစ်လေမည်လားဟုလည်း တွေးဆကြည့်သည်။

ဘရော့ဒီကလည်း သူ့ဇနီးအပေါ်တွင် လိုအပ်သော ယုယမှုနှင့် လုံလောက်သောအချိန် မပေးနိုင်ရခြင်းအတွက် ဆင်ခြေတခု အမြဲ ရှိသည်။ ယင်းဆင်ခြေမှာ ‘အလုပ်တာဝန်ဝတ္တရား များပြားလွန်း၍ မအားမလပ် ဖြစ်နေရသည်’ တူ၏။ သူ့ဆင်ခြေမှာလည်း ဟုတ်သလိုလိုတော့ ရှိသည်။ ကြည့်....

အမိတီမြို့၏ ရဲစခန်းတခုလုံးတွင် ဝန်ထမ်းအင်အားဟူ၍ စခန်းမှူး ဘရော့ဒီအပါအဝင် ခြောက်ယောက်မျှသာ ရှိသည်။ ယင်းခြောက်ယောက်ဖြင့်ပင် အမိတီတမြို့လုံး၏ လုံခြုံရေး၊ ကာကွယ်ရေး၊ တရားဥပဒေစိုးမိုးရေးကိစ္စရပ်များကို လည်ပတ်အောင် ဆောင်ရွက်နေရသည်။ ဤမျှနည်းပါးသော အင်အားသည် အခြားသော ရာသီများတွင် အကြောင်းမဟုတ်သော်လည်း ယခုလို အပန်းဖြေခရီးသည်များ ‘ကျ’လာတတ်သည့် နွေရာသီတွင်မူ တာဝန် ဝတ္တရားနှင့် အင်





အားမှာ မလိုက်ဖက်အောင်ဖြစ်ရသည်။ အလုပ်ကို လက်မလည်အောင် လုပ်ရလေ ရှိသည်။

ဤရဲစခန်း၏ ပုံမှန်တာဝန်ချိန်မှာ နံနက် ရှစ်နာရီမှ ညနေ လေးနာရီအထိ ဖြစ်သည်။ ဤအချိန်သည် ရုံးချိန်ဖြစ်သဖြင့် စခန်းရှိ အင်အား အပြည့်အဝကို အသုံးချ လှုပ်ရှားရသည်။ လူစေ့တက်စေ့ အလုပ်ခွင်ဝင်ကြရသည်။ ရဲသားတယောက်သည် လူစည်ကားရာအရပ် ဖြစ်သည့် ‘မိန်း’နှင့် ‘ဂါတာ’လမ်းဆုံတွင် ယာဉ်ထိန်းသိမ်းမှုတာဝန် ယူရသည်။ နှစ်ယောက်သည် ပတ္တရောင်လှည့် ရဲမော်တော်ယာဉ်ကိုယ်စီဖြင့် တမြို့လုံးအနှံ့ ကင်းလှည့်ရသည်။ တယောက်က တယ်လီဖုန်း စက်ခလုတ်ခုံတွင် အသင့်အနေအထားဖြင့် အမြဲရှိနေပြီး ဆက်သွယ်ရေးအလုပ်ကို လုပ်ရသည်။ တယောက်က စာပေးစာယူကိစ္စ၊ အမှုတွဲ ထိန်းသိမ်းခြင်းကိစ္စ စသည့် ရုံးလုပ်ငန်းများကို လုပ်ဆောင် ရသည်။ ဘရော့ဒီကိုယ်တိုင်ကမူ အရေးအကြီးဆုံးဖြစ်သည့် ‘ပြည်သူ့ဆက်ဆံရေး’ တာဝန်ကို ယူပြီး ပြည်သူနှင့် အမြဲ ထိတွေ့ဆက်ဆံရသည်။ ပေါ်ပေါက်လာသော ပြဿနာမှန်သမျှတို့ကို ပြေလည်အောင် ဒိုင်ခံ ဖြေရှင်းဆောင်ရွက်ပေးရသည်။

ညနေလေးနာရီတွင် ပုံမှန် တာဝန်ချိန် ကုန်ဆုံးပြီးသည့်နောက် ‘ညပိုင်း’ တာဝန်ချိန်သည် ဆက်တိုက် ဝင်ရောက်လာလေတော့သည်။ ယင်းတာဝန်ချိန်သည် ညနေ လေးနာရီမှသည် သန်းခေါင်ယံအထိ ဖြစ်၏။ ပြဿနာအပေါ်ဆုံး၊ စိတ်ရှုပ်စရာအကောင်းဆုံးအချိန် ဖြစ်သည်၊ လူငယ်လူရွယ်များသည် အရက်ဆိုင်များတွင် သောက်စား မူးယစ်ပြီးနောက် အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်း၊ ပတ်ဝန်းကျင်ကို အနှောင့်အယှက်ပေးခြင်း၊ ဆူပူရမ်းကားခြင်းများ ပြုလုပ်လေ့ရှိသည်။ ဒုစရိုက်သမားများ၊ မှောင်ရိပ်ခိုပြီး မတရားမှုများ ကျူးလွန်သည်မှာလည်း ဤအချိန်အပိုင်းအတွင်းမှာ ဖြစ်သဖြင့် ဤအဆိုင်းကိုလည်း နေ့လယ်ပိုင်းပုံမှန်တာဝန်ချိန်မှာကဲ့သို့ပင် အင်အားအပြည့် ခြောက်ယောက်စလုံးကိုပင် အသုံးပြုပေးရသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးအဆိုင်းဖြစ်သည့် ညသန်းခေါင်မှသည် နံနက်ရှစ်နာရီအထိ အဆိုင်းသည်ကား ရှိသမျှအဆိုင်းများအနက် အအေးချမ်းဆုံး ပြုသနာအကင်းဆုံးသောအပိုင်း ဖြစ်လေသည်။ ထုံးစံအားဖြင့် ဤအဆိုင်းတွင် ရဲသားသုံးယောက်သာ တာဝန်ချထားလေ့ ရှိသည်။ နှစ်ယောက်ရှိလျှင်လည်း လုံလောက်သည့်အဆိုင်း ဖြစ်သည်။ ယခု ရဲသားလေး ဖစ်ဇဲဂျယ်လိုက ရက်သတ္တနှစ်ပတ် ခွင့်ယူသွားနေသည်။ သို့သော် ကျန်နှစ်ယောက်က ယင်းအဆိုင်းကို ပုံမှန်လည်ပတ်အောင် လုပ်ရှားပေးလျက် ရှိကြသည်။ ဟင်းဒရစ်က စခန်းတွင် ထိုင်၍ ဝတ္ထုဖတ်ယင်း တယ်လီဖုန်းတာဝန်ကို ယူသည်။ ဟင်နရီကင်း(မ်)ဘဲ(လ်)က ရဲမော်တော်ယာဥ်ဖြင့် ကင်းလှည့်သည်။

ဘရော့ဒီသည် မိမိလက်အောက်ငယ်သားများ ခွင့်ယူခြင်း၊ အနားယူခြင်း စသည်တို့ကို တားဆီးပိတ်ပင်ခြင်းမရှိသော်လည်း မိမိကိုယ်တိုင်မှာမူ အပြင်းအထန်နာမကျန်းဖြစ်သော အခါမှလွဲ၍ အနားယူလေ့ မရှိ။ ယခု လက်ရှိရာထူးသို့ မရောက်ရောက်အောင် ကြိုးစားတက်လှမ်းခဲ့သူဖြစ်ရာ ဤရာထူးတွင် ကြာရှည်တည်မြဲရေး၊ ရာထူးနှင့်သူ့လုပ်အား ထိုက်တန်ညီမျှရေး စသည်တို့ကို ထာဝရ အလေးပေးသူ ဖြစ်သည်။ ရုံးအလုပ်ကို မိမိကိုယ်ရေးကိုယ်တာ ကိစ္စထက် ပိုမိုအလေးထားသူလည်း ဖြစ်သည်။

ဤအချက်များကြောင့် အယ်လင်းက သူ့ကို မကျေမနပ်ဖြစ်နေခြင်း၊ စိတ်ကုန်ခန်းစပြုနေခြင်းလည်း ဖြစ်ပေသည်။

✽

[ ခ ]

နံနက်၊ ဆယ့်တနာရီ လေးဆယ့်ငါးမိနစ်။

အယ်လင်းသည် လုပ်အားပေး သူနာပြုများကို အုပ်ချုပ်ရသော ဌာနကြီးမှူးအရာရှိထံ သွားရောက်ပြီး ကိုယ်လက်မအီမသာ ရှိသဖြင့်





အလုပ်မှ နေ့ဝက်ခွင့်ပြုပါရန် သွားရောက် ပြောဆိုသည်။ သူမ၏ သည်ပင်းရှိ သိုင်းရွိုက်(ဒ်)အကျိတ်မှာ ရောင်ရမ်း နာကျင်လျက်ရှိကြောင်း၊ ထို့ပြင် ဓမ္မတာရာသီသွေးလည်း ဆင်းလျက်ရှိကြောင်း အကြောင်းပြသည်။ ယခု သူနာပြုဆရာမများ နားနေရာ အခန်းထဲတွင် ခေတ္တမျှ လဲလျောင်းနေမည်ဖြစ်ကြောင်း၊ တမေ့ခန့် အိပ်၍မျှ သက်သာသေးပါက အိမ်သို့သာ ပြန်သွားတော့မည်ဖြစ်ကြောင်းကိုလည်း အယ်လင်းက ဆက်လက် ပြောပြသည်။ သို့မှသာ မွန်းလွဲပိုင်း အလုပ်ခွင်သို့ ပြန်ဝင်ချိန် တနာရီခွဲတွင် အလုပ်ခွင်၌ သူမကို မတွေ့ခြင်ရပါက ဌာနကြီးမှူးအရာရှိသည် အယ်လင်း အမှန်တကယ် နေမကောင်းသဖြင့် အိမ်သို့ ပြန်သွားပြီဖြစ်ကြောင်း ယုံကြည်ပေလိမ့်မည်ဟုလည်း အယ်လင်း တွေးမိသည်။

အယ်လင်းသည် ဆရာမများ အပန်းဖြေခန်းအတွင်းသို့ ဝင်ရောက်လာခဲ့သည်။ စိတ်ထဲတွင် တစ်မှနေ နှစ်ဆယ်အထိ ရေတွက်အချိန်ဖြုန်းယင်း အခြေအနေကို စောင့်ကြည့်သည်။ ထို့နောက် တံခါးကို အနည်းငယ်ဟပြီး အခန်း၏ အပြင်ဘက်သို့ ချောင်းကြည့်သည်။ စင်္ကြံ တလျှောက်လုံး လူရှင်းနေကြောင်း တွေ့ရသဖြင့် သူမသည် ဆေးရုံအောက်ထပ် ကားများ ရပ်နားထားရာ ကွက်လပ်ဆီသို့ လှစ်ကနဲ ဆင်းလာခဲ့သည်။

ဆက်(ဂ်)ဆိပ်ကမ်းသို့ ကားကို မောင်းလာစဉ် လမ်းတွင် တွေ့ရသော ဓာတ်ဆီဆိုင်တဆိုင်သို့ ဝင်ကာ ဓာတ်ဆီဖြည့်သည်။ ကားဓာတ်ဆီဖြည့်ပြီးသော် အယ်လင်းသည် ဓာတ်ဆီဆိုင်၏ အနောက်ဘက်ရှိ အမျိုးသမီးရေအိမ်သို့ ဝင်ခဲ့၏။

သူမသည်အိမ်သာတံခါးဝကို အလုံပိတ်သိုက်ပြီး ခန္ဓာကိုယ်ပေါ်ရှိ သူနာပြုဆရာမ အဝတ်အစားအားလုံးကို တခုမကျန် ချွတ်ပစ်လိုက်သည်။ ခြေထောက်တွင်စီးထားသောဖိနပ်ကိုပါမချန် ချွတ်ပစ်လိုက်ပြီး အေးစက်သော သမံသလင်းကြမ်းပြင်ပေါ်တွင် ဖိနပ်မဲ့ ခြေဗလာဖြင့် ရပ်ယင်း စွန့်စားမှု၏ သည်းထိတ်ထိတ် ရင်တဖိုဖို အရသာကို



www.burmeseclassic.com

ခံစားနေမိသည်။မိမိရှေ့နံရံပေါ်ရှိ ကြည့်မှန်ထက်တွင် ရောင်ပြန်ဟပ်နေသော သူမ၏ သူမ၏ အဝတ်မဲ့ခန္ဓာကိုယ်အားလည်း ပြန်လည် သုံးသပ်နေမိသည်။ ထို့နောက် အနံ့ဆိုးသတ် ဆေးဗူးကို ပလတ်စတစ်အိတ်အတွင်းမှ ထုတ်ယူလိုက်ပြီးနောက် လက်မောင်း၊ လက်ဖျံများနှင့် ခြေထောက်များပေါ်သို့ ဖျန်းလိုက်သည်။ သန့်စင်သော အတွင်းခံ ဝတ်စုံတစုံကိုလည်း ပလတ်စတစ်အိတ်အတွင်းမှပင် ထုတ်ယူ ဝတ်ဆင်လိုက်သည်။ ဘရာစီယာကို မဝတ်ဆင်မီ ယင်း၏ ခွက်တစုံအတွင်းသို့ ပေါင်ဒါမှုန့် အနည်းငယ်ကိုသည်း မမေ့မလျော့ဖြူးဖြစ်အောင် ဖြူးထည့်လိုက်သေးသည်။ ပလတ်စတစ်အတွင်းသို့ လိပ်ထည့်လာသော ခရမ်းနုရောင် နွေဝတ်စုံကို ထုတ်ယူလိုက်ပြီး အသေအချာ ဖြန့်လိုက်သည်၊ ခေါက်ရာ၊ တွန့်ကြေရာများ မရှိအောင် အနည်းငယ် ပြုပြင်လိုက်ပြီးနောက် ဝတ်စုံကို ဦးခေါင်းထက်မှ စွပ်သွင်းလိုက်၏။

အယ်လင်းသည် အသင့်ယူလာသော ခွာနိမ့်ဖိနပ်အတွင်းသို့လည်း ပေါင်ဒါမှုန့် အနည်းငယ်ကို မှတ်မှတ်ရရ ဖြူးလိုက်မိသေးသည်။ ဖိနပ်ကို မစီးမီ သူမ၏ ခြေဖဝါးရှိ ချွေးဆိမ်များ၊ အညစ်အကြေးများ သန့်စင်သွားစေရန် ထင်းရှူးစက္ကူပျော့ဖြင့်သုတ်ပစ်လိုက်ပြီးမှ ဖိနပ်ကို စီးလေသည်။ ထို့နောက် နောက်ဆုံး ပြုပြင်မှု အနေဖြင့် သွားတိုက်၊ ခေါင်းဖြီးသည်။ ပြီးလျှင် ဆေးရုံဝတ်စုံများကို ပလတ်စတစ်အိတ်အတွင်းသို့ ထည့်လိုက်သည်။ စိတ်တိုင်းကျ ပြုပြင်ပြီးသည်နှင့် အယ်လင်းသည် အိမ်သာတံခါးကို ဖွင့်ပြီး အပြင်သို့ ချောင်းကြည့်လိုက်သည်။ သူမအား မည်သူတစ်ယောက်မျှ အာရုံစိုက် ကြည့်ရှုနေခြင်း မရှိကြောင်း သိရလျှင် အပြင်သို့ လှစ်ကနဲ ထွက်လိုက်ပြီး ကားထဲသို့ ခပ်သုတ်သုတ် လှမ်းဝင်လိုက်၏။ ကားကို ဓာတ်ဆီဆိုင်၏ ရှေ့မျက်နှာဘက်မှ ကွေ့ပတ်၍ မောင်းသွားစဉ်တွင် သူမသည် ကိုယ်ကို ထိုင်ခုံပေါ်တွင်လျှောချ၍ထိုင်ယင်း ကိုယ်ကို အောက်သို့ ပုဝင်ထားလိုက်သည်။ သို့မှသာ အကာယ်၍ ဓာတ်ဆီဆိုင် အလုပ်သမားက သူမ





စောင့်ကြည့်နေခဲ့လျှင် သူမ၏ ခန္ဓာကိုယ်ပေါ်မှ အဝတ်အစား ပြောင်းလဲ ခြားနားမှုကို မြင်တွေ့ခြင်းရှိနိုင်မည် မဟုတ်ပါချေ။

*

မွန်းလွဲ ဆယ့်နှစ်နာရီ မိနစ်နှစ်ဆယ်အချိန်တွင် အယ်လင်းသည် ဆက်(ဂ်) ဆိပ်ကမ်းရှိ 'တံခွန်' ပျော်ပွဲစားရုံသို့ ရောက်ရှိလာခဲ့သည်။ ကားများ ရပ်နားရန်ကွက်လပ်မှာ စားသောက်ဆိုင်၏ နောက်ဘက် ခြမ်းတွင် ပြုလုပ်ထားသည့်အတွက် လျှို့ဝှက်သော အမှုတခုကို ပြုမိ ပြီး ဖြစ်သော အယ်လင်းမှာ စမ်းမြောက်ခြင်း ဖြစ်သေးသည်။ ဒုအတိုင်းဆိုလျှင် သူမ(သို့မဟုတ်) ဘရော့ဒီနှင့် သိကျွမ်းသော တစုံတယောက်က ဆက်(ဂ်)ဆိပ်ကမ်းအနီးမှ ကားကို ဖြတ်သန်း မောင်းနှင်သွားခဲ့သည့်တိုင် သူမ၏ကားကို အလွယ်တကူနှင့် မြင်တွေ့ ခြင်း ရှိနိုင်မည် မဟုတ်ပါချေ။

တံခွန် ပျော်ပွဲစားရုံသည် ပင်လယ်ပြင်မှ ရရှိသော အစား အစာများကိုသာ အထူးသီးသန့် ချက်ပြုတ် ရောင်းချသော စားသောက်ဆိုင်ငယ်လေး ဖြစ်သည်။ အယ်လင်းအနေဖြင့် ဤစား သောက် ဆိုင်လေးကိုမှ တမင် ရွေးချယ်ရခြင်းမှာ လုံလောက်သော အကြောင်း ရှိပေသည်။ အစားအသောက်များမှာ ဈေးနှုန်းကြီးမြင့် သည်ဖြစ်၍ ဤနေရာသို့ လူတိုင်း မသိနိုင်။ ထို့ပြင် အစားအစာ ကောင်းချခြင်းထက် နေ့ရာသီ ခရီးသွားများနှင့် လှေသမားများ သည်းခိုဖို့ကိုသာ အဓိကထား၍ ဖွင့်လှစ်ထားခြင်း ဖြစ်သဖြင့် ဒေသခံ သီများအနေဖြင့် နေ့လယ်စာ တနပ်စားဖို့အရေး ဆက်(ဂ်) ဆိပ်ကမ်းအထိ လာရောက်လေ့ မရှိကြ။ ထို့ကြောင့် လူရှင်းသည်။

www.burmeseclassic.com



ကားများ ဆိုက်ကပ်ရပ်နားရာ ကွက်လပ်အတွင်း၌ သူမ၏ကား အပြင် အခြား ကားနှစ်စီးသာ ရှိနေသည်။ သို့သော် အစိမ်းရောင် ဖို့(ဒ်)ပင်တိုကားငယ်လေးပါဝင်ခြင်း မရှိသဖြင့် စားသောက်ဆိုင် အတွင်း၌ ဟူးပါး ရောက်ရှိသေးဟန် မတူ။ အယ်လင်းသည် ကား ပေါ်မှ မဆင်းမီ ပိုက်ဆံအိတ်ကိုဖွင့်ကာ အိမ်မှ သူမ ယူဆောင်လာ ခဲ့သော ငွေများကို စစ်ဆေး ရေတွက်ကြည့်လိုက်သည်။ ငွေငါးဆယ် နီးပါးရှိ၏။ ဤငွေများမှာ သူတို့၏ အိမ်ထောင်တွင် အရေးပေါ် ကိစ္စများ ပေါ်ပေါက်လာပါက ထုတ်ယူသုံးစွဲနိုင်ရန် လိုရမည်ရ ဆောင်ထားသောငွေ ဖြစ်သည်။ ထိုလ အဖို့ ချမ်းသာသမျှသော ငွေပိုငွေလျှံလည်း ဖြစ်သည်။ မီးဖိုဆောင် ဗီရိုအတွင်းရှိ ကော်ဖီမှုန့် ဗူးလွတ် တခုအတွင်း၌ သူနှင့် ဘရော့ဒီ နှစ်ဦးသဘောတူ စုဆောင်း ထားသည့် အထဲမှ ဘရော့ဒီ မသိအောင် နှိုက်ယူလာခဲ့ခြင်း ဖြစ် သည်။

ယင်းငွေဖြင့် ဟူးပါးအား နေ့လယ်စာ ကျွေးမွေးရန် ရည်ရွယ် သည်။ သူတို့နှစ်ဦး တွေ့ဆုံရာတွင် ဟူးပါးက ငွေကြေး အကုန်အကျ ခံရပါက သူမအပေါ် စိတ်ကွက်သွားမည်ကို စိုးရိမ်မိသောကြောင့် ပင်။ နောက်ရက်များတွင် ဈေးနာဝယ်ခြမ်းရာမှ ငွေပိုငွေလျှံလေး များ ရလာလျှင် သူမ ယနေ့ ထုတ်ယူသုံးစွဲခဲ့သော ငွေကို ဘရော့ဒီ မသိအောင် ပြန်လည် ဖြည့်ထည့်ထားဖို့လည်း စိတ်ကူးထားသည် ရဲအမှုထမ်းတဦး၏ ဇနီးသည်ပီပီ လျှို့ဝှက်သော အလုပ်ကို လုပ်ကိုင် ရာမှာပင် အယ်လင်းသည် ပိပိရိရိ ရှိလှသည်။ ကော်ဖီမှုန့်ဗူးထဲမှ ငွေများကို သူမ ထုတ်ယူသုံးစွဲခဲ့ကြောင်း ဘရော့ဒီ မရိပ်မိစေရေး အတွက် ငွေများပြန်လည်ထည့်သွင်းသော အခါ၌လည်း မူလထုတ် ယူစဉ်ကအတိုင်း တန်ဖိုးတူ၊ အရေအတွက်တူ၊အရွက်တူ ဖြစ်အောင် လုပ်ဖို့ အရေးကြီးကြောင်း စဉ်းစားမိသည်။ ထို့ကြောင့် ကော်ဖီမှုန့် ဗူးလွတ်တွင်းမှ သူမ ထုတ်ယူလာခဲ့သော ငွေစက္ကူတို့၏ တန်ဖိုးနှင့် အရေအတွက်များကို အသေအချာ မှတ်သား ထားလိုက်သည်။





ဒေါ်လာ နှစ်ဆယ်တန် တရွက်၊ ဆယ်ဒေါ်လာတန်ငွေစက္ကူ နှစ်ရွက်၊ ငါးဒေါ်လာတန် တရွက်နှင့် တဒေါ်လာတန် သုံးရွက်တို့ ဖြစ်ကြ သည်။

အယ်လင်းသည် ကားပေါ်မှ ဆင်းလိုက်ပြီး ပျော်ပွဲစားရုံ ရှိရာသို့ လျှောက်လာခဲ့သည်။ သူမ၏ ဆံပင်ကို မိုးသေးမိုးဖွဲလေးများ ဒဏ်မှ ကာကွယ်ရန် လက်နှစ်ဘက်ကို ခေါင်းပေါ်တွင်အုပ်လျက် လာခဲ့၏။ ရာသီဥတုက မှုန်မှုန်မှိုင်းမှိုင်း ဖြစ်၍နေရာ ပျော်ပွဲစားရုံ၏ အတွင်းပိုင်း သည် အတန်ငယ်မှောင်၍ နေသည်။ စက္ကန့်ပိုင်းမျှကြာ၍ မျက်စိ အကျင့်ရသွားမှ အခန်း၏အနေအထားကို ပီပီသသ မြင်တွေ့လာ သည်။ ဆိုင်တဆိုင်လုံးတွင် အခန်းဟူ၍ တခန်းတည်းသာ ရှိသည်။ အခန်း၏ လက်ယာဘက်တွင် အရက်ကောင်တာရှိသည်။ အခန်း၏ အလယ်တွင် စားပွဲအလုံးနှစ်ဆယ်ခန့် ရှိနေသည်။ စားပွဲရှစ်လုံးခန့်ကို အခန်း၏ လက်ဝဲဘက် နံရံတွင်ကပ်၍ နေရာချပေးထားသည်။ အခန်း၏ နံရံများမှာ သစ်မည်းသားများဖြင့် ကာရံထားပြီး နွား ခေါင်းသတ်နေပုံများ၊ ရုပ်ရှင်ပိုစတာများဖြင့် တန်ဆာဆင် ထားလေ သည်။

အခန်းတွင်း၌ သူမအပြင် စုစုပေါင်း လူသုံးယောက်သာ ရှိနှင့် သည်။ ပြတင်းပေါက်တခုအနီးရှိ စားပွဲတွင် ထိုင်နေကြသော လက်နှစ်ဆယ်စန်းကျင် စုံတွဲတတွဲနှင့် သတင်းစာ ဖတ်နေသော စားပွဲထိုးတယောက်။ အယ်လင်းက သူမ၏လက်မှ လက်ပတ်နာရီကို ကြည့်လိုက်သည်။ ဆယ့်နှစ်နာရီပင် ခွဲလုနီးပေပြီ။

စားပွဲထိုးက အယ်လင်းအား မော့်ကြည့်ပြီး....

"ကျွန်တော် ဘာများ ကူညီရပါမလဲ" ဟု မေးလိုက်သည်။

"ဟုတ်ကဲ့၊ ခဏနေတော့ ပြောပါမယ်။ အလျင်ဆုံး အမျိုးသမီး သာ ဘယ်မှာရှိတယ်ဆိုတာ ပြောပါအုံး"



www.burmeseclassic.com

www.burmeseclassic.com



“ဒီ တားကောင်တာရဲ့ အဆုံးရောက်တော့ ညာဘက်ကို တွေ့... လိုက်၊ လက်ဝဲဘက်မှာတွေ့ရတဲ့ ပထမဆုံးအခန်းဟာ အမျိုးသ... အိမ်သာပဲ”

အယ်လင်းသည် အမျိုးသမီး အိမ်သာထဲသို့ တန်းဝင်သွား... မှန်ရှေ့တွင် ရပ်လိုက်သည်။ သူမ၏ လက်ယာဘက်လက်ကို ရှေ့... ဆန့်ထုတ်လိုက်သည်။ လက်ချောင်းလေးများသည် တုန်တုန်ယင်ယ... ဖြစ်နေကြသည်မို့ လက်သီးဆုပ်လိုက်ပြီး စိတ်ကိုငြိမ်အောင် ကြိုးစ... ထိန်းချုပ်ရသည်။ “စိတ်ကိုငြိမ်ငြိမ်သာထားတော့ မိအယ်လင်း။ ... မဟုတ်ယင်လဲ နင့်အတွက် ဘာမှ အကျိုးထူးဖြစ်ထွန်းလာမှာ မဟု... ဘူး” ဟု၍ မိမိကိုယ်မိမိ ပြန်လည်သတိပေး ဆုံးမနေရ၏။ သူမ၏ ခန္ဓာကိုယ်တွင် ချွေးများယိုစီးနေသည်ဟု ထင်မှတ်မိသဖြင့် လ... နှစ်ဘက်ကို အင်္ကျီအတွင်းသို့လျှို သွင်းပြီး ချိုင်းကြားကို လက်ချော... လေးဖြင့် စမ်းသပ်ကြည့်လိုက်သည်။ ချွေးများ စိုစွတ်နေခြင်း ... ပါချေ။ ပကတိ ခြောက်သွေ့လျက်ပင်။ ထို့ကြောင့် အယ်လ... သည် ခေါင်းဖြီးရန်နှင့် သွားများကို ပြန်လည် စစ်ဆေးရန်... အလုပ်ရှိတော့သည်။

အိမ်သာခန်းထဲမှ အယ်လင်းထွက်လာသည့်အခါ အချိန်မှာ ဆ... နှစ်နာရီနှင့် သုံးဆယ့်ငါးမိနစ် ရှိပေပြီ။

သူမသည် စားသောက်ခန်းသို့ လျှောက်သွား လိုက်ပြီး ... ယောက် ထိုင်၍ စားသောက်နိုင်မည့် စားပွဲတလုံးကို တောင်း... သည်။ လတ်သတ်ပဝါများကို ခေါက်နေသော စားပွဲထိုး အ... သမီးက စားသောက်ခန်း၏ အလယ်တည့်တည့်ရှိ စားပွဲခုံကို ... ပြသည်။

“ဒီနေရာကို သဘောကျရဲ့လား”

“ဟင့်အင်း။ အဲ့လေ...။ ဟုတ်ပါတယ်။ ဒီနေရာက ကောင်း... တယ်။ ဒါပေမယ့် ကျွန်မ လိုချင်တာက ထောင့်ကျကျစားပွဲမျိုး... ရှင့်မှာ အခက်အခဲမရှိဘူး ဆိုယင်ပေါ့”





“အို၊ သိပ်ဖြစ်တာပေါ့။ ဒီမှာ လူမှ မများတာ။ ကြိုက်ရာနေရာ၊ ...က်ရာစားပွဲကို ပြော၊ ရပါတယ်”

အယ်လင်းသည် သူမ စိတ်ကြိုက် စားပွဲတလုံးတွင် ဝင်၍ ထိုင်ချ...သည်။ ဟူးပါး ရောက်ရှိလာသည့် အခါတွင် သူမအား အလွယ်... မြင်တွေ့နိုင်စေရန်အတွက် စားသောက်ဆိုင်၏ တံခါးမကြီး... ကျောပေးလျက်သား ထိုင်လိုက်ခြင်း ဖြစ်သည်။

“သောက်စရာတခုခု ကျွန်မ ဘာယူခဲ့ရမလဲ”

“ဂျင်နဲ့တော်နစ် ယူလာပေးပါလား”

...ားပွဲထိုးလုံမပျိုက ကျောခိုင်း ထွက်သွားသည်နှင့် အယ်လင်း... တကိုယ်တည်း ပြုံးမိ၏။ ဘရော့ဒီနှင့်လက်ထပ်သည့်နေ့မှလွဲ၍ ...တသက်တာတွင် နေ့ခင်းကြောင်တောင် အရက်သောက်ခြင်း ...းမျှ မရှိခဲ့။ ယနေ့ အကြိမ်သည် ပထမဆုံး ဖြစ်သည်။ ...င်ရွှေရည်၏ ပူနွေးသော အတွေ့အထိဖြင့် သူမ၏ ခန္ဓာကိုယ်... လန်းဆန်း ဖူးတံလတ်တက်ကြွမှု အလျင်အမြန် ရယူလိုဇော...မှုဖြင့် အရက် ရောက်လာလျှင် ရောက်လာချင်း အယ်လင်း... ဖန်ခွက်တဝက်ခန့်ကို ဒရောသောပါး မော့ချလိုက်သည်။

...နှံ့အနည်းငယ်ကြာလေတိုင်း စားသောက်ဆိုင် ဝင်ပေါက်...သို့ သမင်လည်ပြန် လှည့်ကြည့်ယင်း လက်မှ လက်ပတ်နာရီ... ကြည့်ယင်းဖြင့် စိတ်လှုပ်ရှားစ ပြုလာပြီ ဖြစ်သည်။ ဆယ့်နှစ်... လေးဆယ့်ငါးတောင်ရှိနေပြီ။ သူလာမှလာပါ့အုံးမလား။ ... မရှိတော့ဘူးလား။ မာတင့်ကိုများ ကြောက်နေရော့... ငါ့ကိုများ လန့်နေသလား။ ဒီလိုလဲ ဟုတ်မယ် မထင်ပါ... ကယ်လို့ သူမလာယင် ငါ ဘာလုပ်ရမလဲ။ ငါ့ဘာသာ ငါ...ဝ စားပြီး အလုပ်ခွင် ပြန်ဝင်ရ ကောင်းမလား။ အိုး... ...ဒီလိုလဲ လိုမယ် မထင်ပါဘူး။ သူ လာမှာပါ။ ငါ့အပေါ်မှာ ...မလုပ်တန်ကောင်းပါဘူး။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီလို"

သူ နှုတ်ဆက်သံက သူမ၏ သောကများကို လွင့်စဉ်သွားစေ
သူတို့လည်း လန်းဖျပ်သွားစေသည်။ ကုလားထိုင်ပေါ်မှ ထ
တော် ဖြစ်သွားစေသည်။

"အို့"

ဟူးပါးက သူမနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်လွတ်တွင်
ထိုင်သည်။

"မမကို လန့်သွားအောင်လုပ်တာမဟုတ်ပါဘူး။ ကျွန်တော်
က ဆီကုန်နေလို့ ခုတ်ဆီဆိုင်မှာ ဝင်တန်းစီနေရသေးတယ်
တွေကလဲ ပြွတ်ကျပ်နေတာပဲ။ နောက်ကျသွားရတာ ဆော
နော် အစ်မ"

သူမ၏ မျက်လုံးများကို စူးစူးစိုက်စိုက် ကြည့်ယင်း အပြ
တောင်းပန်လိုက်သည်။

"ရပါတယ်၊ ဒီလောက်တောင်းပန်နေဖို့ မလိုပါဘူး။ အ
နောက်ကျတာပါပဲ"

စားပွဲထိုး လုံမပျို ရောက်ရှိလာသည်။

"သောက်စရာ ဘာယူမလဲရှင်"

ဟူးပါးသို့ မေးသည်။ ဤတွင်မှ ဟူးပါးသည် အယ်
အရက်ခွက်ကို သတိပြုမိသွားသည်။

"ဩော်၊ ဟုတ်ကဲ့၊ ကျွန်တော့်လဲ ဂျင်နဲ့တော်နစ်ပဲ ပေးပ

"ကျွန်မကိုလဲ နောက်တခွက် ထပ်ပေးပါအုံး။ ဒီတခွက်
ကုန်တောင် ကုန်တော့မယ်"

စားပွဲထိုး လုံမပျို ထွက်သွားလျှင်—

"နေ့လယ်စာစားတဲ့အချိန်မှာ ကျွန်တော် အရက်သော
မရှိခဲ့ဘူး အစ်မ"





"အေး၊ အစ်မလဲ မင်းလိုပါပဲကွ"

"ဘာလို့လဲဆိုတော့ ကျွန်တော်က သွေးနည်းနည်း ဆိုးတတ်
သ်၊ သုံးခွက်လောက်သောက်ပြီးတယ် ဆိုယင်ပဲ ပေါက်ပန်းဈေး
ားတွေ ပြောမိတော့တာပဲ။ အရက်ကို ကျွန်တော် တန်ဖိုးရှိရှိ
သောက်တတ်သေးဘူး"

သူတို့နှစ်ဦးသည် ရှေးဟောင်း နှောင်းဖြစ်များကို ပြန်ပြောင်း
ာဆိုကြသည်။ သူမတို့ နှစ်ဦးစလုံးနှင့် သိကျွမ်းခဲ့ဖူးသည့် ပုဂ္ဂိုလ်
းအကြောင်း၊ မဇ္ဈိမဒေသပညာရပ်တွင် ဟူးပါး၏ ဝါသနာအထုံ
င်မှု၊ ရည်ရွယ် မျှော်မှန်းမှု စသည်...စသည်များ။ သို့သော်
ခန်းအကြောင်းကိုလည်းကောင်း၊ ဘရော့ဒီအကြောင်းကိုလည်း
ာင်း၊ အယ်လင်း၏ သားများ အကြောင်းကိုလည်းကောင်း
ထူကမျှ စကားထဲ ထည့်၍ မပြောခဲ့ကြချေ။ တတ်နိုင်သမျှ အရော
ဲ မေ့ထားလိုက်ကြသည်။

ဒုတိယ အရက်ခွက် ကုန်သည်တွင် အယ်လင်းမှာ မြူးကြွကြွ
သဝေ ဖြစ်လာခဲ့ပြီ။ သူမသည် တတိယ တခွက် ထပ်သောက်ရန်
င့်တမိပြန်သည်။ သူမ နည်းတူ ဟူးပါးသည်လည်း နောက်
တ် ထပ်သောက်စေလိုသေးသည်။ ဟူးပါးက သူမအားလည်း
င်အမြင်မသေးပဲ နောက်ထပ်– အရက်ထပ်မှာနိုင်မည့် နည်း
ကို ရှာကြံကြည့်သည်။

ားပွဲပေါ်ရှိ အစားအစာ အမည်စာရင်း မီနူးကပ်ပြားတခုကို
တ်ယူလိုက်သည်။ ဟူးပါးကလည်း ကျန်တရွက်ကို ကောက်ယူ
စားလိုသည့်အစာကို ရွေးချယ်သည်။ နှစ်မိနစ်ခန့် အကြာတွင်
စားပွဲသို့ စားပွဲထိုး လုံမပျို ချဉ်းကပ်လာ၏။

"ဘာစားမယ်ဆိုတာ ရွေးပြီးပါပြီလား ရှင်"

"ဟင့်အင်း.... မရွေးရ သေးပါဘူး၊ ဟင်းလျာ အတွဲ အဖက်
ားရွေးချယ်နေတုန်း နည်းနည်းလောက် ထပ်သောက်ကြရယင်
ာင်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



အယ်လင်းက လိမ္မာပါးနပ်စွာ စကား စ,သည်။

"နှစ်ယောက်စလုံးအတွက်လား"

စားပွဲထိုး အမျိုးသမီးက မေးသည်။

"ဟုတ်တာပေါ့၊ ထူးခြားတဲ့ပွဲ ဖြစ်လို့ အထူး သော
ရအောင်"

ဟူးပါးက ဝင်ဖြေသည်။

စားပွဲထိုး လုံမပျို အနီးမှ ထွက်သွားလျှင် သူတို့နှစ်ဦးသည်
ကပ်ပြားများ ကိုယ်စီကိုင်ကာ အတွေးကိုယ်စီဖြင့် ငြိမ်လည်ငြိမ်
သွားကြပြန်သည်။ အယ်လင်းက စိတ်ပူနေသည်မှာ ဟူးပါးက
အား ကြောက်လန့်နေမည်လား ရှုံ့တိုး ရှုန့်တန့် ဖြစ်နေမည်
ဟု။ သို့သော် ဟူးပါး၏ မျက်နှာပေါ်တွင် ယင်းသို့သော
အရာမျိုးကို မမြင်ရ၍ စိတ်အေးရသည်။

အရက်ခွက်အသစ်များနှင့်အတူ စားပွဲထိုးလုံမပျို ပြန်လည်
ရှိလာသောအခါ သူတို့နှစ်ဦးသည် နေ့လယ်စာအဖြစ် စားသော
မည့် ဟင်းလျာအတွဲအဖက်များကို ရွေးချယ်ပြီးလေပြီ။မှာကြား
အစားအစာများကို စီမံရန်အတွက် စားပွဲထိုးလုံမပျို ပြန်
ထွက်ခွာသွားသောအခါ အယ်လင်းနှင့် ဟူးပါးတို့သည်
တိုးတိုးဖြင့် တွတ်ထိုးကြ၏။ ပထမ ဒေးဗစ်ဟူးပါးအကြော
ဒေးဗစ်၏ အိမ်ထောင်ရေးအကြောင်းစသည်များ....နောက် ဟူး
တို့၏ ဘိုးအေ အကြောင်း။ ဟူးပါးတို့၏ အဘိုးသည် ပြည့်တ
နန်း တခုကို ကွပ်ကဲခဲ့သော ဒုစရိုက် မျက်နှာကြီးတဦး ဖြစ်
ဟူသည့် စကားတရပ်လည်း အပါအဝင်ဖြစ်ခဲ့သည်။ ဟူးပါး
ဤစကားထွက်လာသော် အယ်လင်းမှာ ဝမ်းမြောက် သွာ
အကြောင်းကား ဟူးပါးပြောသည့် 'ပြည့်တန်ဆာ'ဟူသည့်
ဟာရ တရပ်အား 'နင်း'ကာ သူမ အလိုရှိသော အကြောင်း
သို့ ရောက်အောင် များခေါ်နိုင်မည်၊ လမ်းခင်းပေးနိုင်မည်ဟု





မိသောကြောင့်ပင်။ သို့သော်....စွန့်တော့ စွန့်ရမည်၊ အရဲစွန့်ပြီး ပြောရမည်။ လောင်းကစားမှု တခု ပြုလုပ်သကဲ့သို့ စွန့်စားပြီးလုပ်ကြည့်ရမည်။ ရပ်ကြည့်နေရုံဖြင့်တော့ အမြတ်မရှိနိုင်။

"အဲဒါဟာ ကျောင်းသူ အပျိုရိုင်းလေးဘိုင်းရဲ့ စိတ်ထဲမှာ ရှိတတ်တဲ့ စိတ်ကူးယဉ်ချက် ဖြစ်မှာပဲ"

"အစ်မ....ဘာကို ဆိုလိုတာလဲ"

"ပြည့်တန်ဆာ ဆိုတာ လေ....။ မိန်းမပျက် တယောက်လို ယောကျ်ားပေါင်းစုံနဲ့ ပေါင်းသင်းကြည့်ချင်တဲ့ ဆန္ဒ"

"အစ်မမှာကော အဲဒီလို စိတ်ကူးယဉ်ချက်တွေ ရှိလားဟင်"

အယ်လင်းက ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။ အမှန်မှာ မရယ်ချင်ပါပဲလျက် ရယ်ချင်ဟန်ဆောင်ခြင်း သက်သက်မျှသာ ဖြစ်သည်။ ဟူးပါးက တဲ့တိုးမေးလိုက်သည့်အတွက် သူမအရှက်ကို ဖုံးကွယ်ရန် ရယ်မောခြင်းမျှသာ။

"အဲဒီစိတ်ကူးယဉ်ချက်မျိုး ငယ်ငယ်တုန်းက အစ်မမှာ ရှိခဲ့သလား၊ မရှိခဲ့ဘူးလားဆိုတာ မမှတ်မိတော့ဘူး။ ရှိချင်လဲရှိခဲ့ဖူးမှာပေါ့။ ဒါပေမယ့် လူတိုင်းလူတိုင်းမှာ သာယာမှု အထူးအဆန်းကို ခံစားချင်တဲ့ဆန္ဒ တခုမဟုတ် တခု ရှိနေမှာတော့ သေချာပါတယ် ကွာ...."

ဟူးပါးက ပြုံးလိုက်သည်။ ကုလားထိုင် နောက်မှီပေါ်သို့ ကိုယ်ကို လျော့ချမှီထိုင်လိုက်သည်။ ဟူးပါးကလည်း ပါးသည်ပဲ။သည်လောက် အရိပ်ပြမှတော့ အကောင်အထည် ထင်တတ်ပြီ။ အယ်လင်းက သူမ၏ ခေါင်းကို အောက်သို့ငုံ့ထားပြီး စားသောက်ပြီးခါစ နေ့လယ်စာ ပန်းကန်အား ကြည့်နေသည်၊ ပန်းကန်ပြားထဲတွင် ကြွင်းကျန်ရစ်နေသော ပုစွန်ဆိတ်ကလေးတကောင်အား ထိုးဆွ ဆော့ကစားနေသည်။

ဟူးပါးက စားစရာတမျိုးနှင့်အတူ ဝိုင်အရက်တပုလင်း ထပ်မှာလိုက်သည်။ အယ်လင်းကမူ မည်သည့် အစားအစာကိုမျှ ဦးဆောင်၍



www.burmeseclassic.com

www.burmeseclassic.com



မှာကြားခြင်း မပြုချေ။ အကြောင်းကား သူမမှာသော အစားအစာကို ဟူးပါးက မနှစ်သက်ပါက သူ့စိတ်ထဲတွင် စနောင့်စနင်းဖြစ်သွားပြီး စိတ်ထင့်သွားနိုင်သည်။ ဤသို့ဆိုလျှင် သူမ မျှော်မှန်းထားသည့်ကိစ္စကြီး အကောင်အထည် ပေါ်မလာပဲ ဖြစ်သွားနိုင်သည်။ သူမ၏ ဦးတည်ချက်ကြီးကို လာရောက်ထိခိုက်နိုင်စရာအကြောင်းရှိသည်။ ထို့ကြောင့် သူမလုပ်ရမည့် တခုတည်းသော ကိစ္စမှာ 'ဟူးပါး စိတ်တွက်မည့်၊ စိတ်ပြိုငြင်မည့် ကိစ္စမှန်သမျှကို ရှောင်ရှားရေး' သာ ဖြစ်သည်။

"ကဲ...အစ်မရဲ့ ဟိုယ်တွေ့လေးကို ပြောပြစမ်းပါအုံး"

စားပွဲထိုးလုံမလေး ထွက်သွားသည်နှင့်တပြိုင်နက် ဟူးပါးကစကား စ,လိုက်သည်။ သူတို့နှစ်ဦးသည် မိမိတို့ လျှို့ဝှက်စွာ ခံစားခဲ့ကြသော သဘာဝထက် ကျော်လွန်စွာ ခံစားခဲ့ကြသော ထိပ်မှုရေးရာ၊ ကိလေသာ ကိစ္စရပ်များကို ကိုယ်စီ ကိုယ်င နှစ်ကိုယ်ကြား ဖွင့်ဟ ဆွေးနွေးကြသည်။ အရှက်အကြောက်တရားဟူသည်မှာ သူတို့နှစ်ဦးအကြားတွင် မရှိတော့ပြီ။ ပွင့်လင်းလွန်းသည်။ ပြောင်ကျလွန်းသည်၊ ညစ်ညမ်းလွန်းသည်။ သို့သော် အယ်လင်းကမူ ကျေနပ်သည်။ သူမ ခင်းထားသော လမ်းကြောင်းပေါ်သို့ ဟူးပါးဆိုသော သူငယ်တယောက် လေးဘက်ထောက်၍ တက်လာခဲ့ပြီဖြစ်သဖြင့် အကြီးအကျယ် ကျေနပ်မိသည်။

"ကဲပါ...ထားပါတော့။ ဒါဝေမယ့် တို့တွေ စနစ်တကျ စီစဉ်ကြမှ ဖြစ်မယ်၊ ကားနှစ်စီးလုံးနဲ့ သွားလို့လဲ မဖြစ်ဘူး။ တစီးကို ထားခဲ့ရလိမ့်မယ်။ မင်းရဲ့ကားက လူသိဖို့လွယ်တယ်၊ ထင်ရှားလွန်းတယ်။ ဒီတော့ အစ်မရဲ့ကားနဲ့ သွားကြမယ်။ ပြန်လာတော့မှ မင်းရဲ့ ကားကို ဝင်ယူမယ်၊ ဟုတ်လား"

"ဟုတ်ပါပြီတဲ့...ဗျား"

*





[ ၈ ]

လေးနာရီခွဲလုလုအချိန်တွင် အိမ်သို့ အယ်လင်း ပြန်လည်ရောက်ရှိခဲ့သည်။ သူမသည် အိမ်အပေါ်ထပ်ရှိ ရေချိုးခန်းဆီသို့ တောက်လျှောက်တက်သွားပြီး ရေချိုးကြွေအင်တုံမှ ရေပိုက်ခေါင်းကို ဖွင့်၍ ရေဖြည့်ထားလိုက်၏။ ဝတ်ဆင်ထားသော အဝတ်များကို တခုမကျန် ချွတ်ချလိုက်ပြီး အဝတ်ဟောင်းများ ထည့်သော ပုံးထဲသို့ ထိုး ထည့်လိုက်သည်။ မူလက ရှိနှင့်နေသော အခြားအဝတ်ဟောင်းများနှင့် ရောရောနှောနှောဖြစ်သွားအောင် ပြုလုပ်လိုက်သည်။ ထို့နောက် မှန်ရှေ့သို့သွားရပ်ပြီး သူမ၏မျက်နှာပြင်နှင့် လည်တိုင်ပေါ်တွင် ဟူးပါးက ပေးလိုက်သော ချစ်သင်္ကေတအမှတ်အသား ဒဏ်ရာ ဒဏ်ချက်များ ကျန်ရစ်ခဲ့ခြင်း ရှိမရှိ စစ်ဆေးကြည့်သည်။ ကံကောင်းလေစွ။ မည်သို့သော ဆဲလွန့်စမျိုးမှ ကျန်ရစ်နေခြင်း မရှိ။

ရေတဝက်ကြီး ချိုးပြီးသော် တကိုယ်လုံးအနှံ့ ပေါင်ဒါလူးသည်။ သွားကို စင်ကြယ်အောင် တိုက်သည်။ ပါးစပ်ကိုလည်း အနံ့ပျောက်ဆေးရည်တမျိုးဖြင့် ပလုတ်ကျင်းသည်။ ပြီးလျှင် အိပ်ခန်းဆီသို့ သွားပြီး အတွင်းခံ ဝတ်စုံအသစ်တစုံ ထုတ်ယူဝတ်ဆင်သည်။ ညဝတ်အင်္ကျီရှည်ကြီးကိုလည်း အပေါ်မှ ထပ်ဝတ်လိုက်ပြီးနောက် အိပ်ရာပေါ်သို့ ခုန်တက်ကာ ခြေပစ်လက်ပစ် လှဲချလိုက်သည်။ မျက်လုံးကို မှိတ်သည်။ စိတ်ကို တုံးတုံးချကာ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်အောင် ကြိုးစားသည်။

သို့သော်–

အိပ်၍မရ။ လွန်ခဲ့သော နာရီပိုင်းအတွင်းက ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်က သူမ၏ အာရုံအတွင်းသို့ တစိမ့်စိမ့် ချင်းနင်း ဝင်ရောက်လာတော့သည်။ မျက်လုံးကြီး အပြူးသားဖြင့် မျက်နှာကြက်



www.burmeseclassic.com

www.burmeseclassic.com



ကိုစူးစူးစိုက်စိုက်ကြည့်နေသော်လည်း အယ်လင်းသည် ဘာကိုမျှ မမြင်။ သူမ၏အမြင်အာရုံကို ကြီးစိုးလွှမ်းမိုးနေသည်က ဟူးပါး၏ မျက်နှာကြီးသာ။

ဤအကြောင်းအရာများကို ပြန်လည်တွေးတောတတ နေမိစဉ် မှာပင် အယ်လင်း၏မျက်ခွံများသည် တဖြည်းဖြည်း လေးလံလာခဲ့ပြီး တဖြည်းဖြည်း....တဖြည်းဖြည်းနှင့် သူမသည် အိပ်မက်....တမ္ဘာ ဆီသို့....။

*

မည်မျှကြာကြာ အိပ်ပျော်သွားခဲ့လေသည် မသိ။

"ဟော ....မင်း နေကောင်းတယ်နော်"

ကျယ်လောင်သော အသံတခုက အယ်လင်းကို သူမ၏ အတွေး ကမ္ဘာထဲမှ လှုပ်နှိုးလိုက်သည်။

အယ်လင်းသည် လန့်ဖျပ်ပြီး မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်၏ ဘာရော့ဒီသည် သူမ၏ ခြေရင်း ခုတင်ပေါ်တွင် ထိုင်လျက်၊ သူမ၏ အကဲခတ်သလို ကြည့်နေသည်။ အယ်လင်းက တချက် သမ်းဝေ လိုက်ပြီး....

"အခု....ဘယ်အချိန်ရှိပြီလဲ"

"ခြောက်နာရီ ထိုးတော့မယ်"

"အို....ရှောင်းကို ကျွန်မသွားကြိုရအုံးမှာပဲ။ ဖီးလစ်ဆန်တိုး(စ) တော့ မျှော်နေရှာတော့မယ်"

"ငါဝင်ခေါ်ခဲ့ပါပြီ၊ မင်းဆီကို ဖုန်းဆက်တာမရတာနဲ့...."

"ရှင် ကျွန်မဆီကို လှမ်းခေါ်သေးတယ်၊ ဟုတ်လား"





"အေးလေ၊ နှစ်ခါ သုံးခါ ခေါ်သေးတယ်။ ဆေးရုံကို နေ့လယ် နှစ်နာရီလောက်က လှမ်းဆက်တယ်။ မင်း အိမ်ပြန်သွားပြီ ထင် တယ်လို့ ပြောကြတယ်"

"ဟုတ်တယ်၊ ကျွန်မ ကောင်းကောင်းနေမကောင်းတာနဲ့ အိမ်ကို ပြန်-လာခဲ့တယ်"

"ဒီကိုလဲ ကိုယ် လှမ်းပြီး ဆက်ကြည့်သေးတယ်"

"ဟုတ်လား၊ ဘာအရေးကြီးတာ ရှိလို့လဲ"

"ဟင့်အင်း၊ မရှိပါဘူး။ မနေ့ညက မင်းကို ကိုယ်ပြောခဲ့တာ တွေနဲ့ပတ်သက်ပြီး ကိုယ်လုံးဝစိတ်မကောင်းဖြစ်ရကြောင်း မင်းသိ စေချင်လို့ပါ။ မင်းကို တောင်းပန်စကား ပြောချင်လို့ပါ"

ဘာရော့ဒီ စကားကို ကြားလိုက်ရသောအခါ အယ်လင်းမှာ မိမိ ကိုယ်မိမိ ရှက်ကြောက် ရွံရှာစိတ်များ ရှုတ်ခြည်း ဖြစ်ပေါ်လာ မိသည်။

သို့သော်....

လွန်ခဲ့ပြီ။

မှားခဲ့ပြီးပြီ။

"အို....ရှင်က သိပ်ချစ်ဖို့ ကောင်းပါလား။ ဒါ့အတွက်တော့ သောကရောက်မနေပါနဲ့ ရှင်ရယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်မ အားလုံးကို မေ့ပျောက်ပစ်ခဲ့ပြီးပါပြီ။ ဘာမှ အမှတ်မထားပါဘူး"

"ဪ...."

ဘာရော့ဒီက အာမေဋိတ်ပြုလိုက်သည်။ တစုံတခုကို သူမ ဆက် ပြောလေမည်လားဟု၍ စောင့်စား အကဲခတ်နေသည်။ အယ်လင်းက ရှေ့ဆက်ပြောရန် အကြောင်းမမြင်သော အခါတွင်မူ-

"ဒါဖြင့် မင်း ဘယ်သွားနေသလဲ"

"ကျွန်မ ပြောပြီးပြီလေ၊ အိမ်ကို ပြန်လာခဲ့တယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



သူမနှုတ်မှ ထွက်ပေါ်လာသော လေသံသည် သူမ ရည်ရွယ်ရင်းထက် ပိုမို၍ မာကျောသွားခဲ့သည်။

"ကျွန်မ အိမ်ကို တန်းပြန်လာတယ်။ အိမ်လဲရောက်ရော ထိုးအိပ်ခဲ့တယ်။ အခု နိုးလာတော့ ရှင့်ကို ကျွန်မ တွေ့ရတာပဲပေါ့"

"ဟင်....ဒါနဲ့တောင်မှ တယ်လီဖုန်းသံကို မင်း မကြားဘူးလား၊ အံ့ပါရဲ့။ တယ်လီဖုန်းက ဒီအနားမှာကပ်ပြီး ဒါလောက် မြည်နေတာကို"

ဘရော့ဒီက ခုတင်၏ အခြားဘက်အစွန်းအနီးတွင် စားပွဲတလုံးဖြင့် တင်ထားသော တယ်လီဖုန်းအား ညွှန်ပြယင်း ပြောလိုက်သည်။

"ဟင့်အင်း၊ ကျွန်မ...."

အယ်လင်းက တယ်လီဖုန်းပလပ်ကို ဖြုတ်ထားသည်ဟု ဆင်ခြေပေးရန် ပထမ စဉ်းစား ကြည့်သေးသည်။ သို့သော် ဘရော့ဒီကဲ့သို့ အမြဲတာဝန်ရှိနေသည့် ရဲအမှုထမ်းတဦး၏အိမ်သို့ အချိန်မရွေး ဆက်သွယ်နိုင်ရန်အတွက် တယ်လီဖုန်းများကိုအဆက်အသွယ်ဖြတ်တောက်၍ မရအောင် အထူးစီမံပြုလုပ်ထားကြောင်း ရုတ်တရက် သတိရလိုက်သဖြင့်–

"ကျွန်မ အိပ်ဆေးတလုံး သောက်ထားတယ်လေ။ အဲဒီတော့ ရှင့်တယ်လီဖုန်းက ဘယ်လောက်မြည်နေနေ ကျွန်မ ဘယ်နိုးပါ့မလဲ"

ဟု၍ လိမ်လည်ပြောလိုက်သည်။

ဘရော့ဒီက ဦးခေါင်း ခါယမ်းယင်း–

"အေး....တနေ့တော့ အဲဒီ သောက်အိပ်ဆေးတွေကို အိမ်သာပေါက်ထဲ ပစ်ချမိလိမ့်မယ်။ မင်းလဲ တဖြည်းဖြည်းနဲ့ 'ဆေးကျွန်' ဖြစ်မှန်းမသိ ဖြစ်နေပြီ"

သူက မတ်တတ် ထရပ်လိုက်ပြီး အိမ်သာဆီသို့ လျှောက်သွားသည်။ အိမ်သာတွင်း၌ ဘရော့ဒီ ကျင်ငယ်စွန့်နေသံကို အိပ်ရာပေါ်မှ အယ်လင်းက အတိုင်းသား ကြားနေရသည်။





"ဟူးပါးဆီက ဘာ သတင်းကြားသေးလဲဟေ့"

ရေအိမ်တွင်းမှ ဆူညံသံများကို ကျော်ဖြတ်ပြီး ဘရော့ဒီ အသံထွက်ပေါ်လာ၏။ အယ်လင်းက ခေတ္တမျှငြိမ်၍ စဉ်းစားလိုက်သည်။ မယုတ်မလွန် အဖြေပေးမှ တော်မည်ဟု တွေးမိသည်။

"အင်း....ဒီမနက်တုန်းက ခဏဝင်လာခဲ့တယ်၊ ဘာပြုလို့လဲ"

"သူ့ကိုလဲ တွေ့ချင်လို့ လိုက်ရှာနေတာ။ နေ့ခင်းတုန်းက တခါ၊ မွန်းလွဲပိုင်းတုန်းက သုံးလေးခါ ဖုန်းနဲ့ခေါ်ကြည့်သေးတယ်။ မရဘူး။ တည်းခိုရိပ်သာမှာလဲ မရှိဘူး။ သူဘယ်သွားမယ်ဆိုတာကိုလဲ တည်းခိုရိပ်သာက တာဝန်ကျတွေကို ပြောမသွားခဲ့ဘူး....တဲ့။ ဒါထက် ဒီကို ဘယ်အချိန်လောက်တုန်းက သူ ရောက်လာသလဲ"

"ရှင် အလုပ်သွားပြီးနောက် သိပ်မကြာခင်လေးမှာပါ"

"ဒီနေ့အဖို့ သူ ဘာလုပ်ရမယ်ဆိုတာကိုကော မင်းကို ပြောသွားခဲ့သေးလား"

"သူ ပြောတော့ ပြောတယ်၊ မော်တော်ပေါ်မှာ အလုပ် လုပ်စရာရှိတယ် ဆိုလားပဲ။ သေသေချာချာတော့ မမှတ်မိဘူး"

"အို....ရယ်စရာကြီးပါလား"

"ဘာပြုလို့"

"ငါ အိမ်အပြန်မှာ သင်္ဘောဆိပ်ကို ဝင်ခဲ့သေးတယ်။ ဆိပ်ကမ်းမှူးက ဟူးပါးကို သူ တနေ့လုံးမမြင်ဘူးလို့ ဆိုတယ်"

"ဒါဖြင့် သူ စိတ်ပြောင်းသွားလို့ များလား....ဒါမှ မဟုတ်လဲ ဟိုတယ်ခန်းတခုခုထဲမှာ ဖေစီဝစ်ကားနဲ့များအချစ်ပလူးနေမလားပဲ"

သူ့ အညစ်အကြေးစွန့်ခြင်း လုပ်ငန်းပြီးဆုံး၍ ရေပိုက်ခေါင်းကို ဖွင့်ချလိုက်သဖြင့် ရေအိမ်သာအတွင်းသို့ ရေများ တရဟော စီးကျလာသံကို အယ်လင်း ကြားလိုက်ရလေသည်။

*



www.burmeseclassic.com

www.burmeseclassic.com



# ၄

# [ က ]

ကြာသပတေးနေ့ နံနက်ခင်းတွင် ဘရော့ဒီထံသို့ ရာထူးဝန် ရွေးချယ်ရေးအဖွဲ့ထံမှ အစည်းအဝေး ဖိတ်စာတစောင် ရောက်ရှိလာခဲ့သည်။ ဖိတ်စာကို ကိုင်လိုက်သည်နှင့်တပြိုင်နက် မစ္စတာဗောင်း၏ ရုံးခန်း၌ ထိုနေ့ မွန်းလွဲပိုင်းတွင် အရေးပေါ် ကျင်းပ ပြုလုပ်မည့် ယင်းအစည်းအဝေး၏ ဦးတည်ချက် (သို့မဟုတ်) အဓိက ထား၍ ငြင်းခုံဆွေးနွေးကြမည့် (သို့မဟုတ်) အပြင်းအထန် တောင်းဆိုလာကြမည့် ကိစ္စရပ်မှာ မည်သည့် အကြောင်းအရာ ဖြစ်လိမ့်မည် ဆိုသည်ကို ဘရော့ဒီအနေဖြင့် ကြိုတင်ခန့်မှန်းသိရှိလိုက်ပြီး ဖြစ်နေခဲ့၏။





ယင်းမှာ–

'လာမည့်သီတင်းဆုံးရက်(သန်ဘက်ခါ)တွင် ကျရောက်မည့် ဇူလိုင်လ (၄)ရက်သည် အမေရိကန်ပြည်ထောင်စု၏ နှစ်ပတ်လည် လွတ်လပ်ရေး အောင်ပွဲနေ့ ဖြစ်သဖြင့် ရေချိုးဆိပ်ကို ပြန်လည်ဖွင့်လှစ်ပေးရေး' ပင် ဖြစ်ပေလိမ့်မည်။

သို့ဖြစ်၍ အစည်းအဝေးကျင်းပရာ ဌာနဖြစ်သည့် မြို့တော်ခန်းမသို့ ထွက်လာခဲ့စဉ် လမ်းတလျှောက်လုံးတွင် ဘရော့ဒီသည် သူ့အပေါ်သို့ ဗောင်းနှင့် သူ့အပေါင်းပါ တစုတို့က မည်သို့ မည်ပုံ တိုက်ခိုက် ထိုးနှက် အရေးဆိုလာနိုင်သည်များကို လည်းကောင်း၊ သူ့အနေနှင့် မည်သို့မည်ပုံ ပြန်လည်ခုခံ ကာကွယ် ပြောဆိုရမည်များကို လည်းကောင်း၊ ဦးနှောက်ထဲတွင် စနစ်တကျ အစီအစဉ် ခုံးဆွဲလာခဲ့သည်။

ဗောင်း၏ ရုံးခန်းသည် မြို့တော်ခန်းမ၏ ဒုတိယထပ်၊ အင်္ဂလိပ်အက္ခရာ 'တီ' ပုံသဏ္ဌာန် အဆောက်အအုံ၏ အရှေ့တောင်ထောင့်တွင် တည်ရှိပေသည်။ ဗောင်း၏ရုံးခန်းရှေ့တွင် သူ့အတွင်းရေးမှူး မလေး ဂျင်းနက်ဆန်းနား သည် စားပွဲတလုံးတွင် ကုလားထိုင်တလုံးနှင့် ထိုင်လျက်ရှိ၏။ ဂျင်းနက်သည် အသက်နှစ်ဆယ့်ခြောက်နှစ်ဆော့်ပြီ ဖြစ်သော်လည်း ယခုထက်တိုင် အိမ်ထောင်ဘက် မရှိရှာသေးသည့် မိန်းမချောလေး ဖြစ်သည်၊ ဘရော့ဒီသည် ဂျင်းနက်နှင့် တွေ့ခဲ့ရခါမျှသာ ဆုံဆည်းရလေ့ ရှိသော်လည်း သူသည် သူမအပေါ်တွင် ဖခင်တဦးစာ သမီးငယ်တဦးအပေါ် ထားရှိသော မေတ္တာမျိုးဖြင့် သံယောဇဉ် တွယ်တာနေမိသည်ဖြစ်လေရာ မြို့တော်ခန်းမသို့ ရောက်သည့်အခါတိုင်း ဗောင်း၏ အခန်းတွင်းသို့ မဝင်မီ သူမ၏ အိမ်ထောင်ရေးအခြေအနေနှင့် စပ်လျဉ်း၍ အမြဲလိုလို စပ်စုမေးမြန်းလေ့ရှိသည်။ ယနေ့အဖို့မူ သူသည် ဂျင်းနက်အား စကားတိုးလေးတခုကိုသာ ပြောလိုက်သည်။

"သူတို့အားလုံး အထဲမှာ ရောက်နေကြပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ လာရမယ့်သူမှန်သမျှ ရောက်နေပါပြီ"

ဘရေ့ဒီက အခန်းတွင်းသို့ လှမ်းဝင်ရန် ခြေလှမ်းပြင်လိုက်သည်တွင် ဂျင်းနက်က...

"ကျွန်မ အခု ဘယ်သူနဲ့တွဲနေတယ်လို့ အန်ကယ်ထင်သလဲ"

ဟု စကားစလိုက်သည်။

ဘရေ့ဒီက သူ့ခြေလှမ်းကို ရပ်လိုက်ယင်း ဖြူးဖဲ့ယဲ့ဖြင့်–

"ဘယ်သိနိုင်ပါ့မလဲကလေးရယ်။ ဒီနေ့ အန်ကယ် ဦးနှောက်တွေခြောက်နေလို့ မင်းပြောပြမှပဲ သိနိုင်တော့မယ် ထင်ပါရဲ့"

"အလကားပြောတာပါ။ အန်ကယ်တူမမှာ အခုထက်ထိ အတွဲမရှိသေးပါဘူး။ ဒါပေမယ့် အန်ကယ့်ကို ကျွန်မ တခု ပြောစရာရှိတယ်"

ဂျင်းနက်က သူမ၏လေသံကို ပင်ကိုယ်အသံထက် နှိမ့်ချလိုက်ပြီး ကိုယ်ကို ရှေ့သို့ ကိုင်းညွတ်ကာ....

"မစ္စတာ ဟူးပါးဆိုတဲ့သူကို ကျွန်မ စိတ်ဝင်စားမိတယ်"

"အထဲမှာ သူ ရှိသလား"

ဂျင်းနက်က ခေါင်းညိတ်ပြသည်။

"ဟေ၊ သူ ဘယ်တုန်းကများ ရာထူးဝန်ရွေးချယ်ရေးဘုတ်အဖွဲ့ဝင် လူကြီးအဖြစ် အရွေးခံခဲ့ရပါလိမ့်မလဲကွာ"

"ကျွန်မလဲမသိဘူး။ ဒါပေမယ့် ကျွန်မသိတာက သူဟာ ပါးနပ်စေတ်မြက်သူတယောက် ဖြစ်လိမ့်မယ်ဆိုတာပဲ"

"မင်းအတွက် ဝမ်းနည်းပါတယ် ဂျင်းနက်။ သူ့မှာက...."

"အတွဲရှိပြီးသားမို့လား။ ဘယ်သူများ ဖြစ်ပါလိမ့်မလဲ"

"ဒေစီဝစ်ကားလေ"

ဂျင်းနက်သည် ပြတ်လုံးကောင်းတခုကို ကြားလိုက်ရသည့်ပမာ ဖာက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

"အလို ဘယ်လိုပါလိမ့်၊ အန်ကယ်(လ်)က မင်းကို အသည်းကွဲစေမယ့် စကားပြောမိပြီထင်တယ်"





"မဟုတ်ပါဘူးအန်ကယ်(လ်)၊ ကျွန်မကို ကျီစယ်နေတာလား၊ ဒါမှမဟုတ် တကယ်ပဲ ဒေစီဝစ်ကားအကြောင်း မသိသေးလို့ လား"

"ဟောအေး၊ တကယ်ပဲ မသိသေးပါဘူး၊ ဘာဖြုလို့လဲ"

ဂျင်းနက်သည် သူမ၏လေသံကို နှိမ့်ချလျက်....

"ဒေစီဟာ လိင်ဖောက်ပြန်နေတဲ့ မိန်းကလေး, တယောက်ပဲ အန်ကယ်(လ်)ရဲ့။ သူမှာ တခန်းထဲအတူနေတဲ့ မိန်းမဖော်တယောက်ရှိတယ်လေ"

ဒေစီဟာ ဆန့်ကျင်ဘက် လိင်ဖြစ်တဲ့ ယောက်ျားလေးတွေဆိုယင် သုံးဝအကာပ်ခံတာမဟုတ်ဘူး။ ကျွန်မက ဒေစီ အကြောင်းကို အစင်းသိထားတာမို့ 'ဟူးပါးက ဒေစီနဲ့ ကြည်နေတယ်'လို့ အန်ကယ်(လ်)က ပြောတော့ ကျွန်မက ရယ်ချင်တာပေါ့ရှင့်"

ဂျင်းနက်ထံမှ မမျှော်လင့်သော သတင်းဆန်းကို ဘရေ့ဒီ ကြားလိုက်ရလေပြီ။ ဗော်င်း၏ ရုံးခန်း အတွင်းသို့ ဝင်သွားစဉ်တွင် "ဒါဖြင့် မနေ့က တနေ့လုံး မင်း ဘယ်ကိုများ ရောက်နေခဲ့လေသလဲ ဟူးပါးရယ်" ဟူသည့် အတွေးသစ်သည် ဘရေ့ဒီ၏ ဦးနှောက်တွင်းဝယ် ထွေးရစ်လျက် ပါရှိသွားခဲ့လေတော့သည်။

အစည်းအဝေးခန်းထဲသို့ ရောက်ရှိသွားသည်နှင့် တပြိုင်နက် သူ့ဘက်မှ ရပ်တည်မည့်သူ တဦးတလေမျှ မရှိကြောင်းကို ဘရေ့ဒီ သိလိုက်ရလေသည်။ အစည်းအဝေးသို့ တက်ရောက်ကြသူ များမှာ ဗော်င်း၏ ငယ်ပေါင်း မိတ်ဟောင်းများနှင့် မဟာမိတ်များချည်းသာ ဖြစ်ကြကုန်၏။ ကြည့်ပါဦး။ မီးသတ်ရေပိုက်ခေါင်းတခု၏ အသွင်သဏ္ဌာန် ဆောင်လျက်ရှိသည့် ဂင်တိုတိုပုဂ္ဂိုလ် တိုနီကက်ဆိုးလစ်မှာ အဆောက်အအုံ လုပ်ငန်းရှင်။ ချည့်နဲ့နဲ့ အဖိုးအို နက်(ဒ်)သက်မှာ ဆွေစဉ်မျိုးဆက် သုံးဆက်တိုင်တိုင် ပိုင်ဆိုင်ခဲ့ပြီး ဖြစ်သည့် အတီလတ်လက်ရှိ ပျော်ပွဲစားရုံ၏ ပိုင်ရှင်ဖြစ်သည်။ အမိတ်ဖြူ၏



www.burmeseclassic.com

www.burmeseclassic.com



အချက်ဆိုင် ပိုင်ရှင် ပေါ(လ်) ကိုနီဗာ၊ အသားမည်း ပေါ်ထူ၊ ရှာခဲ(ဆ်)လို့(စ်)။ သူတို့အားလုံးသည် ဖောင်း၏ ပေါင်းဟောင်း သင်းဟောင်း မိတ်ဆွေကောင်းကြီးများ ဖြစ်ကြသလို စီးပွားရေး ရဲဘော်ရဲဘက်ကြီးများလည်း ဖြစ်ကြပေသည်။ သူတို့လေးယောက် (သို့မဟုတ်) မြို့မျက်နှာဖုံး ရွေးချယ်ခံလူကြီး လေးဦးသည် လက်ဖက်ရည် စားပွဲ၏ တဘက်စွန်းတွင် ဝိုင်း၍ ထိုင်လျက်ရှိ၏။ ဖောင်းကမူ အခန်း၏ တဘက်စွန်းရှိ သူ့ အလုပ်စားပွဲတွင် နေရာယူထားသည်။ ဟူးပါးကမူ ပြတင်းပေါက်တွင် ရပ်လျက် အမီတီ ဆိပ်ကမ်းမြို့ကလေးကို အပေါ်စီးမှ နေ၍ လည်းကောင်း၊ ခပ်ဝေးဝေးတွင် ခပ်ရေးရေး မြင်တွေ့နေရသည့် အတ္တလန်တိတ် သမုဒ္ဒရာပြင်ကျယ်ကြီးဆီသို့လည်းကောင်း ငေးမောကြည့်ရှုလျက် ရှိသည်။

"အယ်(လ်)ဘတ် မောရစ် တယောက်ကော မမြင်ပါလား"

ဘရော့ဒီက အခန်းတွင်းရှိ အခြားသော ပုဂ္ဂိုလ်များအား စတ္တရားကျေ နှုတ်ဆက်ရို နှုတ်ဆက်လိုက်ပြီး ဖောင်းသို့ မေးလိုက်သည်။

"သူ မလာဘူးလေ။ ကျွန်တော် အထင်တော့ ကောင်းကောင်း မမာဘူး ထင်တယ်"

"ဒါထက် ဖရက်(ဒ်)ပေါ့တာ ကော"

"သူလဲ ဒီအတိုင်းပဲ၊ ခရီးမှာ ထွက်နေသလားပဲ"

ဖောင်းသည် ထိုင်ရာမှ ထရပ်လိုက်ယင်း ပြောလိုက်သည်။

"ကဲ....ရှိရမယ့်အရေအတွက်ကတော့ ပြည့်နေပြီပဲ၊ ကျွန်တော်တို့ စ ကြရအောင်။ ကဲ....မာတင် ကုလားထိုင်တလုံးဆွဲပြီး လက်ဖက်ရည်ဝိုင်းမှာ လာ ထိုင်ဗျာ"

သူကိုယ်တိုင်လည်း ကုလားထိုင်တလုံး ဆွဲယူလာပြီး လက်ဖက်ရည်ဝိုင်းသို့ ဝင်ခဲ့သည်။ အားလုံး နေသားတကျ ဖြစ်သွားသောအခါ





"ကဲ....အားလုံးလဲ သိကြပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့တတွေဟာ့ကြောင့် အခုလို ဒီနေရာမှာ အရေးပေါ်အစည်းအဝေး ထိုင်နေကြရတယ်ဆိုတာ၊ အခု ဒီမှာရှိနေကြတဲ့ ပုဂ္ဂိုလ်တွေအနက် တဦးတယောက်ထဲက လွဲယင် ကျန်ပုဂ္ဂိုလ် အားလုံးဟာ ကျွန်တော်တို့တတွေ ဘာကို အမှန်တကယ်လုပ်သင့်တယ်ဆိုတာ တစိတ်တဝမ်းထဲ သဘောတူ နားလည်ထားကြပြီး ဖြစ်ကြပါတယ်"

"ခင်ဗျားဆိုလိုတာက ကျွန်တော့်ကိုလား"

ဘရော့ဒီက ဝင်ပြောလိုက်သည်။

ဖောင်းက ခေါင်းညိတ်လိုက်သည်။

"ကျွန်တော်တို့ရဲ့ ရှုထောင့်ကနေပြီးတော့လဲ လာကြည့်ပါအုံးမာတင်။ အခု တမြို့လုံးဟာဆိုယင် စီးပွားပျက်တပ်ကြီး ဆိုက်နေပြီ၊ လူတွေလဲ အလုပ်လက်မဲ့ဖြစ်ကုန်ကြပြီ။ ဖွင့်လှဲဆဲဆဲ ဆိုင်တွေလဲ ပိတ်ထားရတယ်။ အိမ်အရောင်းအဝယ် ကိစ္စဆိုတာ ဖယ်ထားလိုက်ဦး၊ တည်းခိုခန်းတွေ၊ အိမ်ခန်းတွေကိုတောင် ငှားမယ့်လူ မရှိ ဖြစ်ကုန်ကြပြီ။ ကမ်းခြေကို တနေ့ထက်တနေ့ ပိုပြီး ကြာကြာပိတ်လေလုပ်တို့ဟာ ကိုယ်ရဲ့ အသုဘ ခေါင်းတလားကြီးရဲ့ အဖုံးကို ကိုယ်ပြီး သံတချောင်းပြီးတချောင်း ဆက်လက် ဆက်လက် ရိုက်သွင်းနေတာနဲ့ တူလေလေ ဖြစ်နေပြီမာတင်။ အခု ကျွန်တော်တို့လုပ်နေတဲ့အလုပ်က **ဒီမြို့ဟာ အန္တရာယ်ကင်းတဲ့မြို့ပါ၊ ဝေးဝေးကရှောင်ပါ**လို့ တရားဝင် ကြေငြာနေတာနဲ့ အတူတူဖြစ်နေပြီ၊ လူတွေကလဲ ကျွန်တော်တို့စကားကို နားထောင်ကြတယ်လေ။ ဝေးဝေးက ရှောင်နေကြပြီ"

"ဆိုကြပါစို့ဗျာ၊ ခင်ဗျားပြောတဲ့အတိုင်း လေးရက်နေ့မှာ ရေချိုးကမ်းကို ဖွင့်လိုက်ပါပြီတဲ့ လယ်ရီ"

ဘရော့ဒီက ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"…လူတယောက်လောက် ထပ်ပြီး သေမယ်ဆိုယင်ကောဗျာ"

"ဒါဟာ မျက်စိမှိတ်ပြီး စွန့်စားခြင်းတရပ်ပါပဲ ဘရော့ဒီ။ ဒါပေမယ့် ဘာမှ မလုပ်ပဲ ဒီလို ငြိမ်ပြီး ထိုင်နေတာနဲ့ စာယင်တော့ ဒီလို စွန့်စားကြည့်လိုက်တာကမှ တော်သေးတယ်ဆိုတာ ခင်ဗျားလဲ သဘောပေါက်ပါတယ်ဗျာ"

"ဒီရေချိုးဆိပ်ကို ပြန်ဖွင့်ဖို့ ပြောနေကြရတာကလဲ နိုင်လုံတဲ့ အကြောင်းပြချက်တွေ ရှိပါတယ်"

ဟူးပါးက ကြားဝင်ပြောလာသည်။

"ပထမအချက် အနေနဲ့ အခု ရက်သတ္တပတ် အတောအတွင်းမှာ ငါးမန်းကြီးကို ဘယ်သူမှ မမြင်တွေ့ခဲ့ကြရဘူး"

"ဘယ်သူမှ ရေထဲကို မဆင်းကြလို့ မမြင်တာကိုလဲ ထည့်ပြောအုံးလေ"

ဘရော့ဒီက ဆိုသည်။

"ဒါမှန်ပါတယ်၊ ဒါပေမယ့် ကျွန်တော် မော်တော်ဘုတ်နဲ့ နေ့တိုင်း ကင်းလှည့်နေခဲ့ပါတယ်။ အဲ တရက်က လွဲယင်ပေါ့ဗျာ"

"အဲ ကျုပ်က ခင်ဗျားကို အဲဒါမေးမလို့။ မနေ့က ခင်ဗျား ဘယ်သွားနေခဲ့သလဲ"

"မနေ့က မိုးရွာတယ်လေ"

ဟူးပါးက ကွန္ဒြေမပျက် ဖြေသည်။

"မှတ်မိတယ် မဟုတ်လား"

"ဒါဖြင့် ခင်ဗျား ဘာလုပ်နေခဲ့သလဲ"

"ကျွန်…ကျွန်တော်"

ဟူးပါးသည် ခဏမျှ နှုတ်ဆွံ့နေပြီးမှ–

"ရေနမူနာတွေကို လေ့လာနေခဲ့တယ်၊ ပြီးတော့ စာဖတ်နေခဲ့တယ်"

"ဘယ်မှာလဲ၊ ခင်ဗျားရဲ့ အခန်းထဲမှာလား"





"တချိန်လုံးတော့ အခန်းထဲမှာ ဘယ်ရှိနေနိုင်ပါ့မလဲဗျ။ တခါတရံတော့လဲ အပြင်ထွက်သေးတာပေါ့။ ခင်ဗျား ဘာကို ဆိုလိုချင်နေတာလဲ"

"ခင်ဗျားရဲ့တည်းခိုရိပ်သာကို ကျုပ် ရောက်ခဲ့သေးတယ်။ ခင်ဗျား မရှိဘူး၊ အပြင်ထွက်သွားတယ်လို့ တည်းခိုရိပ်သာက လူတွေက ပြောကြတယ်"

ဟူးပါးက စိတ်တိုတောင်းစွာဖြင့်–

"ဟုတ်တယ်လေ၊ ကျုပ်က ခြေချုပ်ကျနေတဲ့လူမှ မဟုတ်တာ။ ခင်ဗျားဆီ ငါးမိနစ် တကြိမ်ကျ သတင်းလာပို့ဖို့ လိုနေလို့လားဗျာ"

"ဒီလိုတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ခင်ဗျား ဒီကို ရောက်နေခြင်းရဲ့ အကြောင်းရင်းက အလုပ်လုပ်ဖို့ မဟုတ်လား။ တာဝန်မဲ့ ဟိုလျှောက်သွား ဒီလျှောက်သွား လုပ်နေဖို့ မသင့်ဘူး"

"ဒီမှာ ဆရာကြီးရဲ့၊ ကျုပ်က ခင်ဗျားဆီက အခကြေးငွေစားပြီး ဒီမှာ အလုပ်လာလုပ်နေတာ မဟုတ်ဘူး။ ဒီတော့ ကျုပ်ဘာသာကျုပ် ဘာလုပ်နေနေ ခင်ဗျား ဘာမှ ပြောနေစရာ အကြောင်းမရှိဘူး"

ဉာဘွင် ဝေါင်းက ကြားဝင် ပွဲထိန်းပေးလိုက်သည်။

"ကဲ ကဲ၊ တော်ကြပါတော့၊ တော်ကြပါတော့။ ဒါတွေပြောနေလို့ ဘယ်သူ ဘယ်သူမှာမှ အကျိုးမရှိနိုင်ပါဘူး"

ဟူးပါးက သူ့စကားကို ဆက်ပြန်သည်။

"ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ဗျာ၊ အဲဒီ ငါးမန်းဆိုတဲ့ သတ္တဝါကြီးရဲ့ အရိပ်လက္ခဏာဆိုလို့ ဘာတခုကိုမှ ကျွန်တော် မတွေ့ရသေးပါဘူး။ ပြောဆိုယင် ရေကလဲ တဖြည်းဖြည်း နွေးလိုက်လာပြီ။ ခုနစ်ဆယ် ဒီဂရီနီးပါးရှိလာပြီ။ သဘာဝတရားဟာလဲ တခါတရံမှာ ဖောက်လွဲဖောက်ပြန် ရှိတတ်ကြောင်း ကျွန်တော် သိပါတယ်။ ဒါပေမယ့် သဘာဝအတိုင်းပြောရယင် ငါးမန်းတွေဟာ ပိုမိုအေးမြတဲ့ ရေတွေကို နှစ်သက်လေ့ ရှိကြပါတယ်။ ဒီတော့—"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ဘာဖြစ်သလဲ၊ ဒီငါးမန်းကြီးဟာ ပိုမိုအေးမြတဲ့ ရေရာ ရှိတဲ့ မြောက်ပိုင်း ရေပြင်တနေရာဆီကို ထွက်သွားပြီလို့ ခင်ဗျား ဆိုလိုချင်တာလား"

"ဟုတ်တယ်၊ ပိုအေးတဲ့ မြောက်ပိုင်းဒေသ ရေပြင်တနေရာဆီ ဒါမှမဟုတ် ပိုအေးတဲ့ သမုဒ္ဒရာပြင်အောက် ရေအနက်ပိုင်းတနေရာ ဆီကို ရောက်သွားလောက်ပြီ။ တောင်ပိုင်း သမုဒ္ဒရာပြင်ကို ထွက် သွားမယ်ဆိုယင်လဲ ထွက်သွားနိုင်တာပဲ။ ဘယ်ကိုသွားတယ်၊ ဘာ ဖြစ်လိမ့်မယ် ဆိုတာကို ကျွန်တော်တို့ အတိအကျခန့်မှန်းပြီး မပြော နိုင်ဘူး"

"ဟုတ်ပြီ။ ကဲ...ကျုပ်ပြောချင်တာလဲ အဲဒီအချက်ပဲ။ ခင်ဗျားတို့ အားလုံးဟာ မိမိကိုယ်နှိုက်က အတိအကျ မသိနိုင်တဲ့ကိစ္စ၊ အာမခံချက် မပေးနိုင်တဲ့ ကိစ္စတခုကို မှန်းဆပြီး ပြောနေကြ ထင်ကြေးပေးနေ ကြတာ သက်သက်ပဲ" ဟု ဘရော့ဒီက ဝင်ပြောလိုက်သည်။

"ဒီမှာ...မာတင်၊ ခင်ဗျားအနေနဲ့ ကျုပ်တို့ဆီက ဘာ အာမခံချက် မျိုးမှ တောင်းနေစရာ အကြောင်းမရှိပါဘူးဗျာ"

"ဩော်...ဟုတ်လား၊ ဒါဖြင့် အဲဒီစကားကို ငါးမန်းကိုက်လို့ သေသွားခဲ့တဲ့ ဟီ ခရစ်စတင်းဝါ့(တ်)ကင်း ဆိုတဲ့ ကောင်မလေး ဒါမှမဟုတ် ကင့်(တ်)နာ ဆိုတဲ့ ကောင်လေးရဲ့ အမေကို သွားပြော ချေပါလားဗျ"

ဘရော့ဒီက ဝေါ့တော့တော့ ပြောလိုက်ရာ ဇော်င်းက စိတ်မရှည် သော လေသံဖြင့်–

"ကျုပ်နားလည်ပါတယ်။ ကျုပ်တို့အားလုံး ဒီမှာ တစုတဝေးကြီး ဝိုင်းထိုင်ပြီးစောင့်နေလို့လဲ ဘုရားသခင်က တောင်းကင်ပြင်မှာ '**ငါး မန်းကြီး ဒီရေပြင်မှာ မရှိတော့ဘူးဟေ့**' လို့ စာတန်းရေးပြီး အသိပေးလာမှာ မဟုတ်ပါဘူး။ ဒီမှာ လေ လာမြင်တွေ နေရာ သက်သေခံ အထောက်အထားတွေကို ကြည့်ပြီး အခြေအနေကို





ချင့်တွက် ချိန်ဆ ယူရမယ်။ ပြီးတော့ ဘာလုပ်ယင် အကောင်းဆုံးလဲ၊ ဘာလုပ်ကြမယ်ဆိုတဲ့ ဆုံးဖြတ်ချက်တခုခု ချကြရလိမ့်မယ်"

"ဟုတ်တယ်၊ ကျုပ်လဲ ဒီလိုပဲ နားလည်ပါတယ်။ ဒါထက် ဒီ မဟာပညာကျော်ပုဂ္ဂိုလ်လေးက ကျုပ်တို့အထဲ ဘယ်လိုလုပ် ပါလာ ခဲ့ရတာလဲ"

"ခင်ဗျားကြီး ဘယ်လိုဖြစ်နေတာလဲဗျ။ သူတို့က ကျုပ်ရဲ့ ထင် မြင် ယူဆချက်ကို တောင်းခံလို့ ကျုပ်က ဒီအစည်းအဝေးပွဲကို တက်လာရတာပဲ"

"ကောင်းပြီ" ဘရော့ဒီက ပြောသည်။

"ဒါဖြင့် ခင်ဗျားရဲ့ ထင်မြင်ချက်က ဘယ်လိုလဲ"

"ကျုပ်ရဲ့ ထင်မြင်ယူဆချက်က ဒီတပိုက်မှာ ငါးကြီးကို မတွေ့ရ ဘူး။ ကျုပ်တင်မကဘူး၊ ကမ်းခြေစောင့် တပ်ဖွဲ့ကလဲ မမြင်မိဘူး။ ပြီးတော့ ဒီကောင်ကြီး ခိုနေနိုင် လောက်အောင် ကျောက်စွန်း၊ ကျောက်ချွန်၊ ကျောက်တန်း တွေကလဲ သမုဒ္ဒရာကြမ်းပြင် ကနေ ဘွားကနဲ ပေါ်ထွက်မလာခဲ့ဘူး။ ငါးကြီးရဲ့အကြိုက် အစားအစာ ဖြစ်တဲ့ သားငါး အညစ်အကြေးတွေကိုလဲ ဒီရေပြင် ဝန်းကျင်မှာ စွန့်ပစ်ထားတာမရှိဘူး။ ဒီရေပြင်မှာ ငါးမန်းကြီး နေစေချင်လောက် အောင် (ဒါမှမဟုတ်) နေနိုင်လောက်အောင် ပုံမှန် သဘာဝ နိယာမ အရားထက် လွန်ကဲပြီး ပိုမို ပြောင်းလဲတောင်းမွန်နေတဲ့ ပတ်ဝန်းကျင် အခြေအနေမျိုးလဲ ဒီမှာ ဖြစ်ပေါ်နေခြင်း မရှိဘူး။ ဒါတွေ...ဒါတွေ ကြောင့် ငါးမန်းကြီး ဒီနေရာမှာ မရှိတော့ဘူးလို့ ကျွန်တော်ယူဆ တယ်။ ဒီကောင်ကြီး အခုထက်ထိ ဒီနေရာမှာ ဆက်လက်နေထိုင် တည်ရှိနေစရာ အကြောင်းမရှိပါဘူး"

"ဒါပေမယ် ...အဲဒီလို အကြောင်းမရှိပဲနဲ့၊ မရှိသင့်ပဲနဲ့ ရှိနေလို့၊ ရောက်နေခဲ့လို့ပဲ ပြဿနာတွေ ပေါ်ခဲ့ရပြီ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်…အဲဒါအတွက်တော့ ကျွန်တော်လဲ ရှင်းမပြတတ်ဘူး။ ကျွန်တော့်လိုပဲ တခြား ဘယ်သူကမှလဲ ဒီကိစ္စကို ရှင်းပြနိုင်မယ် မထင်ပါဘူး"

"ဒါဖြင့်ယင် ဘုရားသခင်ရဲ့ အလိုတော်ကျအတိုင်း ဖြစ်လာရတာများလား"

"ဒါတော့ ခင်ဗျားယူဆချင်သလို ယူဆနိုင်ပါတယ်"

"ပြီးတော့…ဒါဟာ ဘုရားသခင်ရဲ့ အပြုအမူကြောင့် ဖြစ်ပေါ်လာရတဲ့ကိစ္စမို့ ဘာတခုမှ အာမခံချက် မပေးနိုင်ဘူးလို့ တော ပြောအုံးမလား လယ်ရီ"

"ကဲ…မာတင်၊ ခင်ဗျား တယောက်ကတော့ ဘာတွေရှောက်ပြောနေမှန်းကို မသိဘူး။ ကျုပ်တို့ အခု ဆုံးဖြတ်ချက်တခုခုကို လုပ်ကြတော့မှာပါ"

ဗောင်း၏ အသံတွင် စိတ်ပျက်မှုများ ပါဝင်နေသည်။

"ဆုံးဖြတ်ချက်က ချပြီးသားပါဗျ ဗောင်းရ"

"ခင်ဗျားအနေနဲ့ကတော့ အဲဒီဆုံးဖြတ်ချက်က မှန်တယ်လို့ ပြောနိုင်မှာပေါ့ဗျာ"

"ကျုပ် ဆုံးဖြတ်ချက်က မမှန်ဘူးဆိုယင်၊ တကယ်လို့ နောက်ထပ်လူတယောက်လောက် ငါးမန်းအကိုက်ခံရလို့ ထပ်သေယင် ဘယ်သူ တာဝန်ယူမလဲဟင်။ ဘယ်သူ့ကို အပြစ်ပုံချမလဲ ဟင်၊ ဘယ်သူကရော တာဝန်ယူပြီး သေဆုံးသူရဲ့လင် (ဒါမှမဟုတ်)ဇနီး၊ (ဒါမှမဟုတ်) သားသမီးများဆီသွားပြီး '**ကောင်းမလားလို့ ကျုပ်တို့လဲ လက်တဲ့စမ်းလောင်းကစား ကြည့်မိကြတာပါ။ အခုလိုဆုံးသွားတော့လဲ ဘယ်တတ်နိုင်မလဲဗျာ**' လို့ ဘယ်သူ သွားပြောပေးမလဲ…ကဲ"

"ခင်ဗျားကလဲ အဆိုးဘက်ကချည်း ကြည့်လွန်းတာကိုဗျ။ အခုလိုဖြစ်လာတော့လဲ ကျုပ်တို့က လက်ပိုက်ကြည့်နေကြမှာ မဟုတ်ပါဘူး"





"တော်ပါတော့၊ တော်ပါတော့…ခင်ဗျားတို့အားလုံး သေခက်သုံးမကျတာမှန်သမျှ နောက်ဆုံးတော့ ကျုပ်တယောက်တည်း ကပဲ ပြီး ခေါင်းခံနေရတယ်။ ခံရပေါင်းလဲ များလှပြီ"

"နေစမ်းပါအုံး မာတင်ရဲ့၊ ကျုပ်ပြောပါရစေအုံး"

"ကျုပ်က အတည်ပြောနေတာဗျနော်၊ တကယ် အလေးအနက်ထားပြီး ပြောနေတာ။ တကယ်လို့ ခင်ဗျားတို့က ကမ်းခြေကို ဖြန့်ဖွင့်ဖို့ အားသန်နေကြယင်၊ တကယ်လို့ အဲဒါရဲ့ အကျိုးဆက်အဖြစ် ပြဿနာတစုံတခုပေါ်လာခဲ့ယင်လဲ ခေါင်းမရှောင်တမ်း တာဝန်ယူဖို့ ဦးမနှေးနဲ့။ ကျုပ်အနေနဲ့ပြောရယင် ဒီ အမိတီမြို့ရဲ့အဖွဲ့ရဲ့ အကြီးအကဲအဖြစ်နဲ့ ရပ်တည်နေသမျှကာလပတ်လုံး မြို့သူမြို့သားတွေရဲ့ အသက်အိုးအိမ် စည်းစိမ်လုံခြုံမှုကို ကာကွယ်စောင့်ရှောက်ပေးဖို့ ကျုပ်မှာ တာဝန်ရှိနေတယ်။ ဒီတော့ ကျုပ်ကတော့ ကမ်းခြေ ရေချိုးဆိပ်ကို လုံးဝဖွင့်မပေးနိုင်ဘူး"

"ကောင်းပြီလေ…ကျုပ်ကလဲ ပြောရတော့မှာပေါ့၊ တကယ်လို့ အခု သီတင်းပတ် ကုန်ဆုံးရက်ဖြစ်တဲ့ ဂျူလိုင်လေးရက်နေ့ အထိမှ ရေချိုးဆိပ်ကို ဖြန့်ဖွင့်မပေးဘူးဆိုယင် ခင်ဗျားရဲ့ လက်ရှိရာထူးမှာ ခင်ဗျား ဆက်လက်ပြီး သက်ဆိုးရှည်တော့မယ် မဟုတ်ပါဘူးမာတင်။ ကျွန်တော် ခင်ဗျားကို ခြိမ်းခြောက်နေတယ် မထင်လိုက်နဲ့နော်၊ အတည်ပြောနေတာ။ ကျုပ်တို့ကတော့ ဒီရေချိုးဆိပ်မှာ အန္တရာယ် မရှိတော့ပါဘူးလို့ ကြေငြာရမှာပဲ။ အဲ…ကျုပ်ရဲ့ ကြေငြာချက် ထုတ်ပြီးလို့မှ ခင်ဗျားက ကမ်းခြေကို ပိတ်ထားဆဲပဲ ဖြစ်နေအုံးမယ် ဆိုယင်တော့ ခင်ဗျားကို မြို့လူထုက စွဲချက်တင်ပြီး ဖြုတ်ချပစ်ကြလိမ့်မယ်။ ဒါမှမဟုတ်လဲ သံချောင်းတချောင်း ကောင်းကောင်း ရှာပြီး ခင်ဗျားကို ကောင်းကောင်း 'နှာ' ကြလိမ့်မယ်။ ကဲ…ကျုပ် ပြောတာကို သဘောတူကြပါသလား လူကြီးမင်းတို့"



www.burmeseclassic.com

www.burmeseclassic.com



"တူတယ်…တူတယ်၊ သဘောတူသမှ ရှေ့ဆုံးတန်းက သောက်ရန်း'တူ'သပေါ့။ 'နွှာ'ဖို့ သံချောင်းကောင်းကောင်း လိုတယ်ဆိုယင် ကျုပ်တပဲ တာဝန်ယူပြီး ရှာပေးမယ်ဗျ"

ဤစကားကို ပြောသူမှာ အဆောက်အအုံ လုပ်ငန်းရှင် ဖြစ်သူ 'ကဲကဲဆိုးလစ်'။

"ကျုပ်ရဲ့လူတွေလဲ အလုပ်လက်မဲ့ ဖြစ်နေ ကြရပြီ။ ဒီတော့ ခင်ဗျားက ကျုပ်လူတွေကို အလုပ်လက်မဲ့ ဖြစ်နေစေယင် ခင်ဗျားကိုယ်တိုင်လဲပဲ အလုပ်ပြုတ်မှ ဖြစ်မယ်"

အသားမည်း ပေါ်တူဂီ မစ္စတာရာဗဲ(လ်)လို့(ပ်၊စ်)၏ အသံ ဖြစ်မြေသည်။

ဘရော့ဒီက ခပ်အေးအေးပင် ပြန်ပြောလိုက်သည်။

"ဒီမှာ…မိတ်ဆွေတို့…ခင်ဗျားတို့က ကျုပ်ရဲ့ရာထူးကိုလိုချင်ထယ်ဆိုယင် အချိန်မရွေး ပြန်ယူနိုင်ပါတယ်"

ထိုစဉ်မှာပင် ဗောင်း၏အလုပ်စားပွဲပေါ်ရှိ စကားပြောကြေးနန်းစက်ခုံမှ တတီတီမြည်သံ ထွက်ပေါ်လာခဲ့သည်။ ဗောင်းက စိတ်ဆိုးမာန်ဆိုးဖြင့် စားပွဲရှိရာသို့လျှောက်သွားပြီး တယ်လီဖုန်းကို ကောက်ယူလိုက်သည်။

"မင်းကို ငါ ပြောထားတယ်မို့လား။ အစည်းအဝေး လုပ်နေတုန်းမှာ အနှောင့်အယှက် မပေးပါနဲ့လို့…"

ဗောင်းသည် တယ်လီဖုန်းအတွင်းသို့ ဒေါသတကြီး အော်ဟစ်ထည့်လိုက်ပြီးနောက် ခေတ္တမျှ ငြိမ်သက်စွာ နားထောင်နေလိုက်သည်။ တဖန် ဘရော့ဒီအား လှမ်း၍ ပြောလိုက်သည်။

"ခင်ဗျားအတွက် ဖုန်းလာနေတယ်။ ဂျင်းနက်က ပြောတော့ အရေးကြီးတယ်တဲ့။ အဲဒါ ခင်ဗျား ဒီ အခန်းထဲကပဲ ပြောမလား။ အပြင်ခန်းကပဲ ပြောမလား"

"ကျွန်တော် အပြင်က ဖုန်းနဲ့ပဲ ပြောပါ့မယ်"





ဘရော့ဒီက နေရာမှထလိုက်ပြီး အခန်းပြင်သို့ ထွက်ခဲ့သည်။ ရာထူးဝန်အဖွဲ့ အရွေးခံလူကြီးများ အစည်းအဝေးကျင်းပရာ နေရာသို့ တယ်လီဖုန်းဆက်သွယ်ပြောကြားရလောက်အောင် မည်မျှရှေ့ မည်မျှအရေးကြီးသောကိစ္စတရပ် ဖြစ်ပေါ်နေပါလိမ့်။ တယ်လီဖုန်းဆက်သူမှာ မည်သူဖြစ်နိုင်ပါလိမ့် စသည်ဖြင့် ဘရော့ဒီ တွေးကြည့်သည်။ တယောက်ယောက်များ ငါးမန်းအကိုက်ခံရပြန်လေပြီလား ဟူ၍လည်း စိတ်ပူမိသည်။ သူသည် စည်းဝေးခန်း၏ တံခါးမကြီးကို ပြန်ပိတ်လိုက်ပြီး ဂျင်းနက်ထံသို့ လျှောက်သွားခဲ့သည်။ ဂျင်းနက်က တယ်လီဖုန်းကို ဘရော့ဒီထံ လှမ်းပေးလိုက်သည်။ သူမက တယ်လီဖုန်းစက်ခလုတ်ခုံပေါ်ရှိ ခေတ္တစောင့်ဆိုင်းရန် သင်္ကေတ ဖြစ်သည့် 'စောင့်'ဟူသည့် မီးတလက်လက်လင်းနေသော အချက်ပြခလုတ်လေးကို နှိပ်၍ ခလုတ်ကိုပြန်ပိတ်ခြင်း မပြုနိုင်သေးခင်မှာပင် ဘရော့ဒီက

"ဒီနေ့ မနက်ပိုင်းတုန်းက အဲ(လ်)ဘတ်မောရစ်နဲ့ မရက်(ဒ်)ပေါ်တားတို့ဆီကို လယ်ရီဗောင်းက အစည်းအဝေးတက်ဖို့ ဖိတ်ခဲ့သေးလား"

ဂျင်းနက်က သူမ၏မျက်လုံးကို ဘရော့ဒီထံ ရှောင်ဖယ်ပစ်ယင်း…

"ဘယ်သူ့ကို ဘာအကြောင်းနဲ့မှပတ်သတ်ပြီး ဘာမှ မပြောရဘူးလို့ ကျွန်မကို မှာထားပါတယ်"

"ပြောစမ်းပါ မိန်းကလေး၊ ဒါကို ငါသိထားဖို့လိုအပ်နေလို့ပါ"

"အန်ကယ်(လ်)၊ ကျွန်မကို ဟိုအခန်းထဲက ရွှေမင်းသားလေးနဲ့ အောင်သွယ်ပေးမလားဟင်"

"အေးပါကွာ"

"ဒါဖြင့် ကျွန်မ ပြောမယ်။ အခု အခန်းထဲမှာရှိတဲ့ လူလေးယောက်ဆီကိုပဲ ဖိတ်ခိုင်းပါတယ်။ တခြား ဘယ်သူ့ကိုမှ မဖိတ်ခိုင်းပါဘူး။ အခု အစည်းအဝေးကိုရောက်နေတာဟာ ကျွန်မ ဖိတ်ရသမျှ လူကုန်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ။ ကဲ...၊ ခလုတ်ဖွင့်လိုက်တော့"

ဂျင်းနက်က ခလုတ်ဖွင့်လိုက်သည်နှင့်တပြိုင်နက် ဘရော့ဒီအား စကားပြောခွက်ထဲသို့ သူ့အမည်ကို ပြောထည့်လိုက်သည်။

"ဟုတ်ကဲ့၊ ဘရော့ဒီ ပြောနေပါတယ်"

*

အစည်းအဝေးခန်း အတွင်းရှိ ဗောင်းသည် သူ့အလုပ်စားပွဲပေါ်ရှိ တယ်လီဖုန်းစက်ခလုတ်ခုံရှိ တလက်လက် လင်းနေသော အချက်ပြမီးရောင်လေး ကွယ်ပျောက်သွားသည်အထိ သည်းခံစောင့်ဆိုင်းနေလိုက်သည်။ အပြင်ဘက်ခန်းရှိ ဘရော့ဒီသည် အခြားတဘက်မှ တယ်လီဖုန်းပြောလာသူနှင့် အဆက်အသွယ် ရရှိသွားပြီဟု စိတ်ချရသည့် အချိန်တွင်မှ သူသည် စားပွဲပေါ်မှ တယ်လီဖုန်းကို ဖြည်းညင်းစွာ ကောက်ယူလိုက်သည်။ လက်တဘက်က စကားပြောခွက်၏ အဝကို ပိတ်ထားပြီး ဘရော့ဒီနှင့် ဖြင်ပဗ္ဗိုလ်တို့ ပြောဆိုနေကြသော စကားများကို တိတ်တဆိတ် နားထောင်နေလေတော့သည်။ သူသည် အစည်းအဝေးခန်းတွင်းရှိ ကျန်ပုဂ္ဂိုလ် လေးယောက်တို့၏ မျက်နှာများကို တယောက်ပြီးတယောက် ကြည့်လိုက်သည်။ သူ့အကြည့်က သူ၏ ခိုးကြောင်ခိုးဝှက်နိုင်သော၊ ရိုင်းပြသောအပြုအမူကို ကန့်ကွက်လိုသူ၊ မကျေနပ်သူရှိက ထွက်ခဲ့ဟုသည့် 'စိန်'ခေါ်ပုံမျိုး။ သို့သော် မည်သူတဦးတယောက်ကမျှ သူ့အား ကန့်ကွက်စကားလှုပ်လိုဟန် ရှိပုံ မရ။ သူ ဘာလုပ်နေသည်ကို မတွေ့မမြင်သည့်နှယ် မသိကျိုးကျွံပြုလျက်ရှိသည်။ လူစိမ်းတဦးဖြစ်သော ဟူးပါးသည်ပင်လျှင် အထင်းပါးလှချေသည်။ သူကလည်း ဗောင်း၏အပြုအမူကို မသိလိုက်မသိဘာသာ နေနေ၏။ အမိက်မြို့၏ အရှုပ်အထွေးများနှင့် တတ်နိုင်သမျှ ကင်းကင်းရှင်းရှင်း နေနိုင်လေလေ သူ့အတွက် ကောင်းလေလေ ဖြစ်သည်ဟု ဟူးပါး သဘောပေါက်ထားပုံရသည်။





"ဗိုလ်မှူးမာတင်၊ ကျွန်တော် ဟယ်ရီပါ"

တဘက်မှ မီးဒိုး(စ်)၏ အသံကို ဘရော့ဒီ ကြားလိုက်ရသည်။

"ခင်ဗျား အစည်းအဝေး ထိုင်နေတယ်ဆိုတာ ကျွန်တော် သိပါတယ်။ ဒါပေမယ့် အရေးကြီးတာတခု ပြောစရာရှိနေလို့။ ဒီတော့ ခင်ဗျား သေသေချာချာနားထောင်ပါ။ ကျုပ် အကျဉ်းချုပ်ပြောပါမယ်။ လယ်ရီဗောင်းတယောက်တော့ ဆုပ်လဲ့စုံး၊ စားလဲရှုံး ဘဝ ရောက်နေပြီ"

"ဖြစ်နိုင်ပါ့မလားဗျ၊ မယုံကြည်နိုင်စရာပဲ"

"ဒီမှာ သေသေချာချာနားထောင်ပါလို့ ခင်ဗျားကို ကျုပ်ပြောထားပြီးပြီပဲ။ သူ့မှာ ကြွေးလည်ပင်းခိုက်နေတာဟာ ပြဿနာ မဟုတ်ဘူး။ သူ့ကြွေးရှင် ဘယ်သူဖြစ်တယ်ဆိုတာကမှ အဓိကပြဿနာပဲ။ တချိန်တုန်းကပေါ့ဗျာ၊ လွန်ခဲ့တဲ့နှစ်အစိတ်လောက်တုန်းက။ အဲဒီတုန်းက သူ့မှာငွေကြေးတပြားတချပ်မှ မရှိဘူး။ အဲဒီတုန်းက သူ့ဇနီးကလဲ အတော်ကြီး နာမကျန်း ဖြစ်နေခဲ့တယ်။ ဘာရောဂါလဲ ဆိုတာကတော့ ကျုပ်လဲ ဇဝေဇဝါဖြစ်နေပြီ။ အဲ...၊ ကြီးကျယ်တဲ့ ပြင်းထန်တဲ့ရောဂါတခု ဆိုတာကိုတော့ မှတ်မိတယ်။ အဲဒီတုန်းက ကျွန်တော့်ကို သူပြောခဲ့ဖူးတယ်။ သူ့မိတ်ဆွေ တယောက်က ငွေကြေး ချေးငှားလို့ သူ့မိန်းမကို ကောင်းကောင်းမွန်မွန် ဆေးဝါးကုသပေးနိုင်ခဲ့တယ်တဲ့။ ငွေကလဲ ဒေါ်လာအတော်များများပဲ။ အဲဒီတုန်းက ကျုပ်လဲ ဘာမှုထွေထွေထူးထူး မမေးခဲ့၊ မသိခဲ့ပါဘူး။ သူ့မှာ ပြဿနာဖြစ်နေတုန်း လိုလိုလားလား ကူညီသမှုပြုလာတဲ့ သူ့မိတ်ဆွေရဲ့နာမည်ကို သူပြောခဲ့ဖူးတယ်။ အဲဒီတုန်းက ကျုပ်ကလဲ ခပ်ငယ်ငယ်၊ ငွေကလဲ သိပ်မရှင်းသူမို့ အဲဒီလိုငွေကြေးနဲ့ပတ်သက်ပြီး ကူညီလာတဲ့ ကယ်တင်ရှင်ရဲ့နာမည်ကို ရေးမှတ်ထားခဲ့မိတယ်။ ဒါပေမယ့် တခါမှပြန်ပြီး လှန်လှော မကြည့်မိပါဘူး။ အဲ...ခင်ဗျားအား တနေ့မှာ လယ်ရီနဲ့စပ်လျဉ်းပြီး နည်းနည်းပါးပါးစုံစမ်းထောက်လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါလို့ ပြောလာတဲ့နေ့ အထိပေါ့။ အဲဒီဗောင်းရဲ့ မိတ်ဆွေ နာမည်က **တီနီရုပ်ဆို....တဲ့**”

“လိုရင်းကိုသာ ပြောစမ်းပါ ဟယ်ရီ”

“ပြောမှာပါဗျ၊ ခင်ဗျားကလဲ။ ကဲ အတိုချုံးပြောရယင် အခု လက်ရှိ အခြေအနေပေါ့ဗျာ။ လွန်ခဲ့တဲ့နှစ်သကျော်ဇကျော်လောက်က တနည်းအားဖြင့်ပြောရယင် ဒီငါးမန်းကိစ္စမပေါ်ပေါက်ခင်ကပေါ့ **ကက်(စ်)ကာတာ**ဆိုတဲ့ **ဦးပိုင်ကုမ္ပဏီ**တခု ပေါ်ပေါက်လာခဲ့တယ်။ အိမ်ခြံလယ်ယာမြေဥစ္စာရမ်း ရောင်းဝယ်ရေး ကုမ္ပဏီပေါ့။ အစပထမမှာတော့ ဒီကုမ္ပဏီဟာ ရှုရှန်မိုင်ခွင့်ဆိုတာ လောက်လောက် လားလား ရှိတာမဟုတ်ဘူး။ ဒီကုမ္ပဏီရဲ့ပထမဆုံး လုပ်ငန်းက စကော့(ချ်)လမ်းရဲ့ မြောက်ဘက်မှာရှိတဲ့ အာလူးခင်းတခုကို ဝယ်လိုက်ခြင်းပဲ။ အခု ခင်ဗျားသိထားတဲ့အတိုင်း ဒီနှစ် နွေရာသီဟာ ခါတိုင်းနှစ်တွေလို ကောင်းကောင်းမွန်မွန်ပုံပေါ်မလာလေလေ ကက်(စ်)ကာတာကုမ္ပဏီက ဥယျာဉ်ခြံမြေတွေကို ပိုမိုဝယ်လေလေဖြစ်ခဲ့တယ်။ သူတို့ရဲ့ လုပ်ဆောင်မှုတွေဟာ တရားဥပဒေဘောင်အတွင်းမှာ လုပ်ခဲ့ကြတဲ့ ပကတိတရားဝင်လုပ်ငန်းတွေ ဖြစ်တယ်။ ဒီကုမ္ပဏီကိုနောက်ကနေပြီး ငွေကြေးအထုံးအရင်းနဲ့ ထောက်ပံ့နေတဲ့ အဖွဲ့အစည်းတခု ရှိပုံပဲ။

“ကက်(စ်)ကာတာဟာ အမိတီမြို့ရဲ့စီးပွားရေးကျဆင်းနေတာကို အခွင့်ကောင်း ယူပြီး ဈေးချိုချိုနဲ့ ရနိုင်သမျှ မရွှေ့ပြောင်းနိုင်တဲ့ လယ်၊ ယာ၊ ခြံမြေပစ္စည်းတွေကို ဖိုပြီး ဝယ်ခဲ့တယ်။ ဒါပေမယ့် သိုသိုသိပ်သိပ် လုပ်ခဲ့ကြတယ်။ ဒီမှာ ပစ္စည်းဈေးတွေ ကျပုံကလဲ မယုံနိုင်စရာကောင်းလောက်အောင်ပဲ တတန်ထိုး ကျဆင်းခဲ့တာကိုး။ စစ်တွင်းကာလ အခြေအနေမျိုးလို ဖြစ်နေတယ်။ ဒီအရောင်းအဝယ်ကိစ္စတွေမှာ ကက်(စ်)ကာတာ ကုမ္ပဏီရဲ့ ကိုယ်စား ဥက္ကဋ္ဌ ဖြစ်တဲ့ လယ်ရီဗောင်းက အမြဲတစေ လက်မှတ်ထိုး အတည်ပြု ခဲ့တယ်။ ဒီကုမ္ပဏီရဲ့ ဒုတိယ ဥက္ကဋ္ဌကတော့ တီနီရုပ်ဆိုပါပဲ။ တိုင်း(မ်)သတင်း





စာရဲ့ စုံစမ်းလေ့လာထားချက်အရ ဆိုယင်တော့ တီနီရုပ်ဆိုတာ နယူးယောက်မှာရှိတဲ့ ထိပ်တန်း မာဖီယား လူဆိုးဂိုဏ်းကြီး ငါးဂိုဏ်း အနက် တဂိုဏ်းရဲ့ ခေါင်းဆောင်ပဲ”

“ဒါနဲ့များ ဒီတိရစ္ဆာန်ကြီးက သူ့ပစ္စည်းတွေ မရောင်းရလို့ နေ့ခင်းညချင်းပဲ ငတ်သေတော့မလိုလို ညည်းညူနေရသေးသလား။ ကမ်းခြေကို ပြန်ဖွင့်အောင် ဘာ့ကြောင့်များ အတင်း အကျပ် အာဏာသုံး တိုက်တွန်းနေသလဲဆိုတာ ကျုပ်တော့ မစဉ်းစားတတ်အောင်ပဲ ဟယ်ရီ”

“မသိဘူး၊ ကျုပ်လဲ သေသေချာချာတော့ မပြောတတ်သေးဘူး။ ကမ်းခြေကို ဒီလောက်တောင် အလျင်အမြန် ပြန်ဖွင့်ပေးဖို့ အကြောတ်အကန် တောင်းဆိုနေတာဟာ သူ ဦးစီးလုပ်ဆောင်နေတဲ့ ကုမ္ပဏီရဲ့ အကျိုးအတွက်တော့ ရာနှုန်းပြည့် ဖြစ်ဟန်မတူဘူး။ သူ့ တယောက်တည်းရဲ့ စီးပွားရေး မပျက်စီးရအောင် ကြိုးပမ်းနေခြင်းသာ ဖြစ်လိမ့်မယ်ထင်တယ်။ ကျုပ်တွေးမိသလောက်တော့ ဒီသူဟာ လောဘတကြီးနဲ့ သူ့ရဲ့ တဦးတည်းသောကိုယ်ပိုင်လုပ်ငန်းကို တောင်တအား ချုံ့မိနေပြီထင်တယ်။ ဘာပြုလို့လဲဆိုယင် အခု သူဟာ ရှုံးနိုင်၊ မကာယ်နိုင်အောင် ဖြစ်နေပြီး ငါးမန်းအန္တရာယ်ကြောင့် ရှေ့ဆက်ပြီး ပစ္စည်းတွေ ဘယ်လောက်ပဲ ဈေးကျနေနေ ဗောင်းဟာ သူ့ တယောက်တည်းအနေနဲ့ ဘာပစ္စည်း တခုခုကိုမျှ ဝယ်နိုင်စွမ်း ရှိတော့မှာ မဟုတ်ဘူး။ အမိတီမြို့ရဲ့ စီးပွားရေး အခြေအနေဟာ အခု အတိုင်းသာ ရှေ့ဆက် ဆိုးရွားနေအုံးမယ် ဆိုယင် ခင်ဗျားလူကြီး လယ်ရီဗောင်းတယောက်တော့ ကုန်းကောက်စရာ မရှိတော့လောက်အောင် ချွတ်ခြုံ ကျသွားလိမ့်မယ်။ အဲ....သူ့အနေနဲ့ ရရှိမယ့် တခုတည်းသော ထွက်ပေါက်ကတော့ အမိတီမြို့ရဲ့ စီးပွားရေး အခြေအနေ ...နဲ့အတိုင်း ပြန်လည်ရောက်ရှိလာပြီး အိမ်ခြံ ယာမြေ ဈေးတွေ တက်တဲ့ အခါပဲ။ ဒီအခါမှ....ဗောင်းဟာ သူ့ တယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာ ကြွေးနဲ့ဝယ်ထားတဲ့ ပစ္စည်းတွေကို စျေးတင် ရောင်းထု နိုင်ပြီး အမြတ်အစွန်း ရနိုင်ပေလိမ့်မယ်။ ဒါမှမဟုတ် ငါးမ အန္တရာယ်က ဆက်လက် ကြီးထွားနေပြီး အမိတို့ရဲ့ စီးပွားရေး ဆက်လက် ယိမ်းယိုင်နေအုံးမယ် ဆိုယင်တော့ ဇောင်းဟာ ဝယ်ထာ တဲ့ ပစ္စည်းတွေရဲ့ စာချုပ် ရက်ချိန်းစေ့ တာနဲ့ အမြတ်မရတဲ့အပြ အိတ်ထဲက ရှိတာပါစိုက်ပြီး ပေးဆပ်ရလိမ့်မယ်။ ပေးဆပ်ရ ငွေကလည်း နည်းနည်းနောနော မဟုတ်ဘူး။ ဒေါ်လာငါးသိန်း အထက်မှာရှိတယ်။ သူ ဝယ်ထားပြီးဖြစ်တဲ့ ပစ္စည်းတွေလဲ မူလပိုင် တွေရဲ့ လက်ထဲကို အခုပေါက်စျေးနဲ့ ပြန်ရောက်သွားကြလိမ့်မ ကျစျေးနဲ့လျော့ပြီးရောင်းထုတ်ပစ်ရလိမ့်မယ်ငါးမန်းတကောင်ကြော သူဟာ နေသင်းထိုင်ယင်း အမြတ် မရတဲ့အပြင် အရှုံး ပေါ်နေ

"တကယ်တော့ သူဟာ ကက်(စ်)ဘာတာ ကုမ္ပဏီရဲ့ အကြီးအ တယောက် ဆိုပေမယ့် တီနီရုပ်ဆိုတဲ့ဂိုဏ်းရဲ့ ကြိုးဆွဲရာ က နေရ ရုပ်သေးရုပ်ပဲ။ ငါးမန်း အခြေအနေကြောင့် ရုပ်ဆိုတို့က ပစ္စည်း ကို ကျစျေးနဲ့ လှိမ့်ဝယ်နေနိုင်သလောက် တကယ်တမ်း စီးပွား ပျက်စီးနေရသူကတော့ ဇောင်းတယောက်ပဲ။ တကယ်အထိနာသူ 'သူ'ပဲဗျ။ ဒါကြောင့် ဒီလူကြီး ဒါလောက် ကလန် ပျက်လောက်အော ဖြစ်နေရတာ"

"ခင်ဗျားဟာ တကယ့် လူသိမ်ကြီးပဲ မီးဒိုး(စ်)"

ကျယ်လောင်စွာ ဟစ်အော်လိုက်သော ဒေါသသံကြီးသ တယ်လီဖုန်းထဲဘွင် ရုတ်တရက် မြည်ဟည်းလာခဲ့သည်။ အသံရှင် ဘရေ့ဒီ မဟုတ်။ မီးဒိုး(စ်)နှင့် ဘရေ့ဒီတို့ စကားပြောနေသည် အစည်းအဝေးခန်းမတွင်းရှိ တယ်လီဖုန်း အပိုတလုံးမှနေ၍ ကြား ခိုးလှက် နားထောင်နေခဲ့သော ဇောင်း၏အသံ။ အမိတို့ မြို့တော်ဝန်ကြီး လယ်ရီဇောင်း၏အသံပင် ဖြစ်ချေသည်။





"ခင်ဗျား သတ္တိရှိယင် ကျုပ်အကြောင်း မကောင်းသတင်း သတင်းစာထဲမှာ စာတလုံး ထည့်ရေးကြည့်၊ ခင်ဗျားကို ကျုပ် ကောင်းကောင်းကြီးကလဲ့စားချေပြမယ်"

အစည်းအဝေးခန်းတွင်းရှိ တယ်လီဖုန်းကို ဒေါသတကြီးဖြင့် ဆောင့်ချလိုက်သည့်အသံကို ဘရေ့ဒီရော မီးဒိုး(စ်)ပါ နှစ်ဦးစလုံး ကြားလိုက်ကြရသည်။

"ကောင်းပါဗျာ။ ကျုပ်တို့ ရွေးချယ် တင်မြှောက်ထားတဲ့ မြို့တော်ဝန်ကြီးက သူ့ရဲ့ ရိုးသား တည်ကြည်ဖြောင့်မတ်ပုံ၊ သမာဓိ ...ကို ပြသသွားခြင်းပါပဲ"

မီးဒိုး(စ်)က ခနဲ့လိုက်သည်။

"ကဲ...ခင်ဗျား ဘာလုပ်မလဲဟယ်ရီ။ သတင်းစာထဲကနေ ဖွင့်ချ ...က်မလား"

"မလုပ်နိုင်သေးဘူး မာတင်။ ကျုပ်မှာက ဇောင်းဟာ လူဆိုး ...ဏ်းကြီးတခုနဲ့ အဆက်အသွယ်ရှိတယ်၊ လူဆိုးဂိုဏ်းတခုရဲ့ ဩဇာခံ ...နေတယ်ဆိုတဲ့ စွဲချက် တင်ဖို့ သက်သေခံ စာရွက်စာတမ်း အထောက် အထား ဘာတခုမှ ရှိသေးတာ မဟုတ်ဘူး။ အခုလောလောဆယ် သူ ...င်နေတာတွေက အားလုံး တရားဝင် လုပ်ငန်းတွေ ဖြစ်နေတော့ ...ာမှ မလုပ်သာသေးဘူး။ ရှေ့ဆက်ပြီး စုံစမ်းဖော်ထုတ်လို့ သူဟာ ...ဆိုးဂိုဏ်းတခုရဲ့ ဩဇာခံ တယောက် ဖြစ်နေကြောင်း ခိုင်လုံတဲ့ ...က်သေ အထောက်အထား တခုခု ရလာတဲ့နေ့ ကျယင်တော့... ...န်တော်တို့ တမျိုးစီစဉ်ကြတာပေါ့"

"ဒီမှာ တခု မေးစမ်းပါ... အခု ဒီမှာရှိနေတဲ့ ရွေးချယ်ခံ မြို့မျက် ...ုးလူတွေ အားလုံးဟာ ဇောင်းရဲ့ကိစ္စမှာ ပါဝင် ပတ်သက်နေ ...သလား။ အခု လယ်ရီက အဲဒီလူတွေကို သူ့ဘက်ပါအောင် ...ည်းရုံးထားပြီး ကျုပ်ကို ဝိုင်း'တွယ်'နေကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း၊ မပါကြပါဘူး။ ခင်ဗျားဆိုလိုတာက ကက်ဆိုးလစ်ကိုးနိုင်ဗာကို ဗဟုတ်လား။ သူတို့က လယ်ရီရဲ့ ကျေးဇူးပြုမှုကို တကြိမ်နှစ်ကြိမ် ခံစားဖူးခဲ့တဲ့ လူတွေမို့ ဗောင်းရဲ့ လူရင်းတွေဖြစ်နေကြတာပါ၊ တကယ်လို့ အဲဒီ အစည်းအဝေးခန်းထဲမှာ အဘ သက်ချာကြီး ရောက်နေတယ်ဆိုယင်တော့ ကျုပ် မအံ့ဩဘူး။ အဖိုးကြီးက အသက်ကြီးပြီ၊ လယ်ရီဗောင်းကိုလဲ ကဏ္ဍကောစလုပ်ဝံ့သူ မဟုတ်လေတော့ ဗောင်းက သူ့ဘက်မှာ အင်အား များရလေအောင် အဖိုးကြီးကို အစည်းအဝေး တက်ဖို့ တမင် ဖိတ်ထားတာ ဖြစ်ရမယ်။ အဲ- လိုဖက်(င်)ကတော့ လူဖြောင့်တယောက်ပါ။ ဗောင်းနဲ့ ဘယ်ကိုပတ်သက် စပ်ယှက်လေသူ မဟုတ်ပါဘူး။ သူ့လူတွေ အလုပ်လက်မဖြစ်ရေး တခုတည်းကိုသာ စိတ်ဝင်စားသူပဲ။ ဘာပဲဖြစ်ဖြစ်ဒေလူတိုင်းလူတိုင်းဟာ သူ့အကြောင်းနဲ့သူ မလွဲသာ မကင်းသာ ခင်ဗျားနဲ့ ဆန့်ကျင်ဘက် အခြေအနေမှာ ဖြစ်နေကြတယ်။ အဲ ဗောင်းကိုတိုင်ကလဲ အဲဒီလိုဖြစ်အောင် အပိုင်လုပ်ထားတာ။ ခင်ဗျားကို မလှုပ်နိုင်အောင် ချည်လိုက်တာပဲ"

အစည်းဝေးခန်းတွင်း၌ ဟူးပါး ရောက်ရှိ နေသည်ကိုလည်း ဘရေ့ဒီ မကျေနပ်။ ထို့ကြောင့်-

"ဒီကိစ္စတွေကို ဟူးပါးသိသလား။ ဒီကောင်လေးကလဲ ကမ်းခြေကို မဖွင့် ဖွင့်အောင် အတင်းအကျပ် ပြောနေတော့တာပဲ"

ဟု မေးလိုက်သည်။

"ဒီကိစ္စကို သူ လုံးဝ မသိဘူးဆိုတာ ကျုပ် သေသေချာချာ သိပါတယ်"

"ခင်ဗျား အနေနဲ့ အခု ကျွန်တော် ဘာလုပ်သင့်တယ်လို့ မြင်သလဲ။ ခင်ဗျား ခေါ်တဲ့ တယ်လီဖုန်းကို လာမကိုင်ခင် စည်းဝေးခန်းမထဲမှာ ရှိနေစဉ်ကတည်းက အခုလက်ရှိရာထူးက ထွက်လိုက်ပြီလို့ ကျွန်တော် ဗောင်းကို ပြောခဲ့ပြီးပြီ"

---

ကေသရာဇာ



"ဘုရားရေ...၊ အဲဒီလိုလဲ တရှူးထိုး မလုပ်လိုက်နဲ့အုံးလေ။ အခုလောလောဆယ်မှာ ခင်ဗျားမှ မရှိယင် မဖြစ်တဲ့ အခြေအနေမှာ ရှိနေတယ်။ ခင်ဗျားကို ကျုပ်တို့ တမြို့လုံးက လိုအပ်နေပါတယ်။ တကယ်လို့ ခင်ဗျားကသာ ကိုယ့်ဘာသာကို နှုတ်ထွက်သွားမယ်ဆိုယင် ဗောင်းက သိပ်ကို အကြိုက်တွေ့သွားမှာပဲ။ ဗောင်းနဲ့ ရပ်ဆိုဟာ သူတို့ ဩဇာအာဏာတည်မယ့် လူတယောက် စိတ်ကြိုက်ခေါင်းခေါက်ရွေးပြီး လစ်လပ်သွားတဲ့ ခင်ဗျားရဲ့ရာထူးမှာ ခန့်ထားလိုက်ကြမှာပဲ။ အဲဒီတော့ ကျွန်တော်သာ ခင်ဗျားနေရာမှာ ရှိနေမယ်ဆိုယင် ကမ်းခြေကို ပြန်ဖွင့်ပေးလိုက်မှာပဲ"

"ဘုရားရေ၊ ဒါဆို သူတို့ရဲ့ဆန္ဒကို အညံ့ခံ လိုက်လျောရာ ရောက်သွားတော့မှာပေါ့"

"ခင်ဗျားပဲ ပြောတယ် မဟုတ်လား၊ ကမ်းခြေကို ပြန်ဖွင့်ဖို့ သူတို့က မဲအများစုနဲ့ တောင်းဆိုနေကြပြီဆို...။ ပြီးတော့— ဟူးပါးပြောတာလဲ မှန်ပါတယ်။ အခု ကျုပ်တို့ ငါးကြီးကို မတွေ့ရတာ အတော်ကြာသွားပြီပဲ။ အဲဒီတော့ ဒီကမ်းခြေဟာ အန္တရာယ်နဲ့ အမြန် ဆိုသလိုပြန်ဖွင့်ပေးရမှာကတော့ အသေအချာပဲ။ ဒီတော့ ဖွင့်မယ် ဖွင့်၊ အခုတတည်းက ဖွင့်သင့်တယ်လေ။ ခင်ဗျားက ဇွတ်ပေကပ်ပြီး မဖွင့်ပဲနေယင်လဲ ဗောင်းကတော့ လုံးဝ အလျှော့ပေးမှာ မဟုတ်ဘူး။ ဖြစ်တဲ့နည်းနဲ့ ဖွင့်ပစ်မှာ သေချာတယ်။ အဲဒီအခါကျတော့မှ ခင်ဗျားဟာ အလကားလူ ဖြစ်သွားရလိမ့်မယ်။ ကမ်းခြေ ပြန်ဖွင့်ပြီးတဲ့နောက် ဘယ်လို အန္တရာယ်မျိုးမှ ဖြစ်မလာပဲ ပုံမှန်အခြေအနေ ပြန်ရောက်သွားမယ်ဆိုယင်လဲ ကောင်းပါတယ်။ အဲဒီအခါကျမှ 'ဗောင်း'ကို ကျွန်တော်တို့ တနည်းတဖုံ လုပ်နိုင်မယ်"

"ကောင်းပြီလေ ဟယ်ရီ၊ ကျွန်တော် ပြန်စဉ်းစားပါအုံးမယ်။ ကမ်းခြေကို ပြန်ဖွင့်ရမယ်ဆိုယင်လဲ ကျုပ်နည်းနဲ့ကျုပ် ဖွင့်မှာပေါ့။ ကျွန်တော့်ဆီကို ဖုန်းဆက်တာ ကျေးဇူးပဲဗျို့"

---

ကေသရာဇာ

www.burmeseclassic.com

www.burmeseclassic.com



ဘရော့ဒီသည် တယ်လီဖုန်းကို ပြန်ချထားလိုက်ပြီးနောက် ဗောင်း၏ အခန်းအတွင်းသို့ ဝင်လာခဲ့၏။

ဗောင်းသည် တံခါးမကြီးကို ကျောပေး၍ ရပ်နေသည်။ သူသည် ပြတင်းပေါက်မှတဆင့် မြင်ပ ရှုခင်းများကို ကြည့်၍ နေခြင်းဖြစ်ပြီး ဘရော့ဒီ ခြေသံကို ကြားသဖြင့် နောက်သို့ လှည့်ပြီး....

"အစည်းအဝေးကြီးတော့ ပြီးသွားပါပြီ"

"ပြီးသွားပြီ ဟုတ်လား၊ ခင်ဗျား ဘာကို ဆိုလိုတာလဲ"

ကက်ဆိုလစ်က မေးလိုက်သည်။

"ဒီသောက်ကိစ္စကြီးကို ကျုပ်တို့အားလုံး ဖြတ်ခုတ်မှနေ့ရသေးဝဲ"

ဗောင်းက စားပွဲကို ကျော့ ဖတ် လျှောက်လာခဲ့ပြီး

"ပြီးပြီ တို့ဒီ၊ ငါက ပြီးပြီဆိုယင် ပြီးပြီပဲ။ ဘာမှ စောဒက တက်မနေနဲ့တော့။ ငါ့ကို အနှောက်အယှက် ထပ်မပေးနဲ့ကွာ ဟုတ်လား ဒီကိစ္စက တို့တွေ လိုချင်တဲ့ ပုံစံအတိုင်း ဖြစ်လာရမှာပါ။ စခန်းမှူးကြီးနဲ့ ဆွေးနွေးဖို့ ငါ့ကို အခွင့်အရေး တခုသာ ပေးပါ။ ဟဲ၊ အားလုံးပဲ ပြန်နိုင်ကြပါပြီ"

ဘူးပါးနှင့် ရွှေးချယ်ခံ လူကြီး လေးယောက်တို့သည် စည်းဝေး ခန်းတွင်းမှ ထွက်ခွာသွားခဲ့ကြသည်။ ဘရော့ဒီက ဗောင်း၏ နောက် ကျောအားကြည့်ယင်း သူ့အပေါ်တွင် သနားကြင်နာသမှု ဖြစ်သည် သည်။ မြေနိမ့်တုန်း လှံမစိုက်သင့် ဟူ၍ တွေးနေမိ၏။ ဗောင်းသည် တံခါးကို ပြန်ပိတ်ပြီးနောက် ဆိုဖာရှည်ရှိရာသို့ လျှောက်လာခဲ့ပြီး ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ သူ၏ ဇာတောင်ဆစ် နှစ်ဘက်ကို ဒူးခေါင်းများပေါ်တွင် ထောက်ထားယင်း သူ့လက်ချောင်းလေး များဖြင့် သူ၏ နားသယ်စပ်များကို ဖိနှိပ် ပွတ်သပ်နေ၏။

"ကျွန်တော်တို့နှစ်ယောက်ဟာ မိတ်ဆွေကောင်းတွေ ဖြစ်ခဲ့ဖူးပါ တယ် မာတင်"

သူက စ,ပြောသည်။





"အခုလဲပဲ ဒီအတိုင်းဖြစ်နိုင်ကြဖို့ ကျွန်တော် မျှော်လင့်ပါတယ်"

"မီးဒိုး(စ်) ပြောခဲ့တဲ့အထဲက ဘယ်လောက်များများ မှန်တန် နေသလဲ"

"ဒါကို ကျွန်တော် မဖြေနိုင်ဘူး မာတင်။ ဖြေလို့ မဖြစ်ဘူး။ တခါတုန်းက ကျုပ်ကို လူတယောက်က တစုံတခု ကူညီသမှုပြုခဲ့ဖူး တယ်။ အခု အဲဒီလူက ကျုပ်ရဲ့အကူအညီကို ပြန်လည်မျှော်လင့်နေပြီ တောင်းခံနေပြီလေ။ ဒါလောက်သိရယင် တော်ပါတော့ မာတင်"

ဗောင်းက သူ့ဦးခေါင်းကို မော့လိုက်သည်။ သူ့မျက်လုံးများ သည် နီရဲနေပြီး မျက်ရည်များဖြင့် စိုစွတ်နေကြောင်းကို ဘရော့ဒီ တွေ့ရသည်။

"ခင်ဗျား သူ့ကိုပြန်ပေးဖို့ အကြွေး ဘယ်လောက်တင်နေသလဲ"

"မူလတုန်းကတော့ အရင်းက ဒေါ်လာ သုံးထောင်ထဲပါ။ အဲဒီ ငွေကို ကျွန်တော် နှစ်ကြိမ်တိုင်တိုင် ပြန်ပေးဖို့ ကြိုးစားခဲ့ပါတယ်။ ကြာတော့ ကြာခဲ့ပါပြီ။ ဒါပေမယ့် သူက လက်မခံခဲ့ဘူး။ တွင်တွင် ငြင်းခဲ့တယ်။ ကျုပ်ကို စေတနာသက်သက်နဲ့ ကူညီတာပါ။ လက် ဆောင် ပေးတာလို့ပဲ သဘောထားပါလို့လဲဆိုတယ်။ အဲ လွန်ခဲ့တဲ့ နှစ်လလောက်တုန်းကတော့ ကျုပ်ဆီကို ဖြုန်းစားကြီး ရောက်လာခဲ့ တယ်။ ကျုပ်ကလဲ ရှိစုမဲ့စု ငွေသားချည်းသက်သက် ဒေါ်လာ ၁ထောင်ကို ပေးခဲ့ပါတယ်။ ဒါပေမယ့် သူတို့က 'ဒါလောက်နဲ့ ဘာရမလဲ' လို့ ဆိုတယ်။ ဒါပေမယ့် သူတို့က ငွေပြန်လိုချင်တာ မဟုတ်ဘူးတဲ့။ အကူအညီတခု ပြန်လိုချင်တယ်လို့ ဆိုတယ်။ ရှင်းနှီး မြုပ်နှံမှုတခုလုပ်မယ်။ 'ကံ' လိုက်ယင်လဲ ချမ်းသာနိုင်မယ်လို့ ဆိုတယ်။ သူတို့အတွက် ရှင်းနှီးမြုပ်နှံမှုတွေ လုပ်ပေးပါလို့ ဆိုခဲ့တယ်"

"ခင်ဗျား အခု ငွေဘယ်လောက်ကုန်နေပြီလဲ"

"ဘုရားသခင်မှပဲ သိနိုင်တော့မှာပဲ။ မြူးတာပြားမှတောင်မကျန် တော့ပါဘူး။ ခင်ဗျား ကျုပ်ကို ကူညီကယ်တင်နိုင်မလား မာတင်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ ခင်ဗျားကို ကျုပ်လုပ်ပေးနိုင်တာ တခုတော့ ရှိပါတယ်။ အဲဒါက ခရိုင်ရှေ့နေချုပ်ဆီ ခင်ဗျားကိုခေါ်သွားမယ်။ ခင်ဗျားက အမှန်အတိုင်းသာ အစစ်ခံ။ သူက ခင်ဗျားကိစ္စကို တရား ဥပဒေနဲ့အညီ ဆောင်ရွက်ပေးလိမ့်မယ်"

"ခရိုင်ရှေ့နေချုပ်ရဲ့ ရုံးခန်းက ပြန်အထွက်မှာပဲ ကျုပ်အသက် ပျောက်ရမယ့် အဖြစ်ကို ခင်ဗျားက မြင်ချင်နေပြီထင်တယ်။ ကျုပ်ဇနီး အယ်လီနောဟာ တကောင်ကြွက် တမျက်နှာအဖြစ်နဲ့ ကျန်ခဲ့မှာပေါ့။ ကျုပ်လိုချင်တဲ့အကူအညီက အဲဒါမျိုး မဟုတ်ဘူးဗျ"

"ကျုပ် သိပါတယ်လေ"

ဘရော့ဒီက ဗောင်းအား ငုံ့ကြည့်လိုက်သည်။ ယခုအခါ ဗောင်းသည် ဒဏ်ရာရနေသည့်တိရစ္ဆာန်တကောင်နှယ် ကုပ်ချောင်းချောင်း ဖြစ်နေပေပြီ။ ဘရော့ဒီသည် သူ အသေဆုပ်ကိုင်ခဲ့သော ကမ်းခြေ မဖွင့်ရေး အဆိုနှင့်ပတ်သက်၍ မိမိကိုယ်မိမိ သံသယဝင်လာပြီ ဖြစ်သည်။ မိမိ၏လုပ်ရပ် မှန်မှ မှန်ပါမည်လားဟူ၍ စိတ်တွင်စနိုးစနောင့် ဖြစ်လာခဲ့ရပေပြီ။

"ကဲ၊ ကျွန်တော် ပြောမယ်ဗျာ။ ကမ်းခြေ ရေချိုးဆိပ်တွေကို ကျွန်တော် ပြန်ဖွင့်ပါတော့မယ်။ ဒါပေမယ့် ခင်ဗျားကို ကူညီချင်လို့တော့ မဟုတ်ဘူးနော်။ ကျုပ်က ဖွင့်မပေးပဲ တင်းခံနေယင်း ခင်ဗျားက နည်းလမ်းရှာပြီး ကျုပ်ကို ဖယ်ရှားပစ်တော့မှာကို ကျုပ် သိလို့ပဲ။ ပြီးတော့လဲ ကျုပ်ရဲ့အယူအဆကို လက်ခံချင်တဲ့စိတ် သိပ် မရှိလှတော့တာ မို့ပါပဲ"

"ကျေးဇူးပါပဲ မာတင်။ ခင်ဗျားရဲ့ဆုံးဖြတ်ချက်ကို ကျွန်တော် အလေးအမြတ်ပြုပါတယ်"

"နေအုံး နေအုံး၊ ကျုပ်ပြောတာ မဆုံးသေးဘူး။ ခုနက ပြောခဲ့တဲ့အတိုင်း ရေချိုးဆိပ်ကို ကျွန်တော်ဖွင့်ပေးမယ်။ ဒါပေမယ့် ကမ်းခြေမှာ အစောင့်အရှောက်တွေကိုတော့ ချထားပေးရလိမ့်မယ်။ ပြီးတော့ ဟူးပါးကိုလဲ မော်တော်တစင်းနဲ့ ကင်းလှည့်ခိုင်းမယ်။





ပြီးတော့ ရေချိုးဆိပ်ကို ဆင်းလာတဲ့ လူတွေကိုလဲ **ဒီနေရာဟာ အန္တရာယ် မကင်းတဲ့ နေရာ ဖြစ်ကြောင်း** သိနားလည်အောင် သတိပေးရလိမ့်မယ်"

"အို၊ ဒီလိုတော့ မလုပ်နဲ့လေ။ ဒါဆို ကမ်းခြေကို ပိတ်အောင် လုပ်ခနေတာနဲ့ ဘာထူးမလဲ"

"လုပ်ရမယ်လယ်ရီ၊ ဒါကိုတော့ ကျုပ် လုပ်ရလိမ့်မယ်"

"ခင်ဗျားက ဘယ်လိုလုပ်မှာလဲ။ လူသတ်ငါးမန်းကြီးအကြောင်း ဆိုင်းဘုတ်တွေကို လိုက်စိုက်မှာလား။ '**ရေချိုးဆိပ်ကို ဖွင့်ပါပြီ၊ ဒါပေမယ့် ဝေးဝေးက ရှောင်ကြပါ**ဗျို့' လို့ သတင်းစာထဲမှာ ကြော်ငြာထည့်မှာလား။ ပြီးတော့ ခင်ဗျားတို့ 'ရဲ'တွေက ကမ်းစပ်မှာ လျှောက်သွားနေကြယင်လဲ ဘယ်သူမှ ရေချိုးဆိပ်ကို လာကြမှာ မဟုတ်ဘူး"

"ဒီ့ပြင်တော့ ဘာလုပ်ရမယ်ဆိုတာ တခြားနည်းလမ်း ကျုပ်မှာ မရှိတော့ဘူး။ ငါးမန်းကြီး မရှိတော့ဘူးဆိုတာ ကျုပ်တော့ လုံးဝ မယုံကြည်သေးဘူး"

ဗောင်းက နေရာမှ ထလိုက်သည်။

"ကောင်းပြီလေ မာတင်၊ ခင်ဗျား သိပ် ခေါင်းမာတာကိုး၊ ဒီတော့ ခင်ဗျားကို ရာထူးက ဖြုတ်ချလိုက်ပြီးတဲ့ နောက်ပိုင်းမှာ ဘာမန်အရပ်သားတယောက် ဘဝနဲ့ ရေချိုးဆိပ်ဘလျှောက်ပြေးပြီး ငါးမန်းကြီး၊ ငါးမန်းကြီး လို့ အော်ခနေပေတော့"

✻

ဘရော့ဒီသည် ဗောင်း၏ရုံးခန်းမှပြန်ထွက်လာခဲ့သည်။ လှေကားထစ်များအတိုင်း ဆင်းလာခဲ့စဉ် သူ့လက်ပတ်နာရီကို ကြည့်လိုက်သည်၊ မွန်းလွဲ တနာရီပင် ကျော်ပေပြီ။ သူသည် အခတော်ပင် ဆာ



www.burmeseclassic.com

www.burmeseclassic.com



လောင်နေပြီ ဖြစ်သဖြင့် ဝါတာလမ်းရှိ စားသောက်ဆိုင်ဘက်သို့ ခြေဦးလှည့်လိုက်သည်။

ဆိုင်တံခါးကို တွန်းဖွင့်လိုက်သည်နှင့် ဘရော့ဒီသည် ယင်း ဆိုင်ပိုင်ရှင် ပေါ(လ်)လို့(ဖ်)လား၏ အသံကို စတင်ကြားလိုက်ရသည်။

**"တကယ့် အာကာဘ့ရှင်ကြီး ကျနေတာပဲ။ သူ့ရဲ့ဖြိုးသနားတာ ဘယ်လိုရှိနေတယ်ဆိုတာတော့ ကျုပ်လဲ မပြောတတ်ဘူး"**

ဘရော့ဒီကို မြင်လျှင် သူသည် ရုက်ချွံ့ချွံ့ဖြစ်သွားသည်။ အထက်တန်း ကျောင်းသားဘဝက ဘရော့ဒီနှင့် ပေါ(လ်) လို့(ဖ်)သည် ကျောင်းနေဖက် ဖြစ်ခဲ့သည်။ ထိုစဉ်က သူသည် အလွန်ပိန်လှီသော သူငယ်လေး ဖြစ်ခဲ့၏။ သို့သော် သူ့ဖခင်၏ စားသောက်ဆိုင်လုပ်ငန်းတွင် တာဝန်ယူ လုပ်ကိုင်ရသော အခါ၌မူ သူသည် တနေ့လျှင် ဆယ့်နှစ်နာရီ၊ တပတ်လျှင် ခုနစ်ရက်လုံးလုံး အစားအစာပုံများ အကြား၌သာ ကျင်လည်ခဲ့ရသည် ဖြစ်ရကား သူသည် အစားအစာများ၏ သွေးဆောင်ခြင်းကို ကြံ့ကြံ့ခိုင်ခိုင် တွန်းလှန်နိုင်ခြင်း ရှိတော့ မတူခဲ့။ ယခု သူ့ခန္ဓာသည် 'သစ်တော်သီး' တလုံးအိုပုံကို ဆောင်လျက် ရှိချေပြီ။

"ဟော...မင်း ကိုယ့် အကြောင်း ပြောနေတယ် မှတ်တယ်"

"မင်းက ဘာ့ကြောင့် ပြောနိုင်ရတာလဲ"

လို(ဖ်)က ပြန်မေးလိုက်သည်။

"မဟုတ်ပါဘူး၊ ကိစ္စမရှိပါဘူး။ မင်း ကိုယ့် အတွက် နေ့လယ်စာ ကောင်းကောင်းတခု စီစဉ်ပေးကွာ။ မင်း စိတ်ချမ်းသာစေမယ့် သတင်းတခု ငါပြောပြမယ်"

"အေး...ကိုယ်ကလဲ ဒါမျိုးမှ ကြားချင်တာ"

ဘရော့ဒီအတွက် အသားညှပ်ပေါင်မုန့် လာချပေးယင်း ပြောလိုက်သည်။

"လာမယ့် ဂျူလိုင်လေးရက်နေ့အတွက် ရေချိုးဆိပ်ကို ကိုယ်ဖွင့်ပေးတော့မယ်"





"ဟာ...ဒါဆို ပျော်စရာပေါ့"

"အရောင်းရ ဘယ်နှယ်လဲ"

"အရောင်းထိုင်းပါတယ်"

"မင်းကတော့ အမြဲတမ်း စီးပွားရေး မဟန်ဘူးပဲ ပြောနေတာပဲ မဟုတ်လား"

"ဒါမျိုးတော့ တခါမှ မကြုံသေးပါဘူးဗျာ။ အခုအနေဟာ တော်တော်နဲ့မှပြန်ကောင်းမလာယင် ငါဟာ လူမျိုးရေးအဓိကရုဏ်းတွေရဲ့ တရားခံ ဖြစ်သွားနိုင်တယ်"

"ဟ...၊ လုပ်စမ်းပါအုံး။ မင်းက ဘာကို ဆိုလိုတာလဲ"

"ဆိုပါတော့...။ ဒီနှစ် နွေအတွက် ငါ့ စားသောက်ဆိုင်မှာ စားပွဲထိုး လူငယ်တယောက် လိုတယ်ဆိုပါတော့။ လူငယ်နှစ်ယောက်ဟာ အဲဒီအလုပ်အတွက် ပြိုင်လျှောက်ကြမယ်။ ငါကလဲ နှစ်ယောက်လုံးကို ငှားဖို့ မတတ်နိုင်ဘူး။ တယောက်ပဲ ငှားနိုင်မယ်။ ဘာဖြစ်လို့ လဲဆိုတော့ အလုပ်ကလဲ သိပ်များများစားစား ခိုင်းဖို့ရှိတာ မဟုတ်လေတော့၊ အလုပ်လာလျှောက်တဲ့အဲဒီလူငယ်နှစ်ယောက်ကလဲ တယောက်က အဖြူ၊ တယောက်က အမည်း"

"ဒီတော့...မင်း ဘယ်သူ့ကို ငှားမလဲ"

"ကျုပ်လား။ ကျုပ်ကတော့ နီဂရိုးလေးကိုပဲ ငှားမှာပေါ့။ ငွေကို သူက ပိုပြီး လိုအပ်နေလိမ့်မယ်လို့ ကျုပ် ယူဆမိ တယ်လေ"

*

ညနေ ငါးနာရီ ဆယ်မိနစ်အချိန်တွင် အိမ်သို့ ဘရော့ဒီပြန်ရောက်လာသည်။ အိမ်ခြံဝင်းအတွင်းသို့ ကားကို မောင်းဝင်လိုက်စဉ်တွင် အိမ်နောက်ဖေးတံခါး ပွင့်လာပြီး အယ်လင်းက သူ့ထံသို့ ပြေးထွက်လာသည်ကို ဘရော့ဒီ လှမ်းမြင်လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် ငိုယိုလျက်ရှိပြီး အတော်ကြီး စိတ်ခါတ်ကျဆင်းလျက် ရှိကြောင်းမှာလည်း သိသိသာသာကြီး ပေါ်လွင်လျက် ရှိနေသည်။

"ဘာ...ဘာဖြစ်လို့လဲ"

ဘရော့ဒီက မေးလိုက်သည်။

"ဘုရားမ,လို့ ရှင် အိမ်ကို စောစောပြန်ရောက်လာတာပဲ။ စခန်းထိ လှမ်းပြီး ကျွန်းမ ဖုန်းဆက်သေးတယ်။ ရှင် ပြန်သွားပြီလို့ ပြောတယ်။ လာပါအုံး—ဒီမှာ ကြည့်ပါအုံး"

အယ်လင်းက သူ့လက်ကိုဆွဲပြီး ရှေ့မှဦးဆောင်ထွက်သွားသည်။ နောက်ဖေးတံခါးပေါက်ကို ကျော်သွားလျှင် အမှိုက်ပုံးများထားရာ အဖိုလေးတခုဆီသို့ ရောက်၏။

"အဲဒီထဲမှာပဲ ကြည့်စမ်းပါအုံး"

အယ်လင်းက အမှိုက်ပုံးတခုသို့ လက်ညှိုးညွှန်ပြသည်။

အမှိုက်ပုံး၏အဖုံးကို ဘရော့ဒီ ဖွင့်လိုက်သည်။ အတွင်းရှိ အမှိုက်များ၏ အထက်တွင် တွေ့လိုက်ရသည်က ကြောင်တကောင်။ သားလေး "ရှောင်း"၏ အချစ်တော် ကြောင်ထီးကလေး ဖရစ်စကီ။ ကြောင်ကလေးမှာ ဆက်ကျိုး၍ သေနေခဲ့ပေပြီ။ လည်လိမ် သတ်ဖြတ်ခြင်း ခံရသဖြင့် ယင်း၏ဦးခေါင်းမှာ နောက်ကျောဘက် သို့ပင် ရောက်ရှိနေခဲ့၏။ ယင်း၏ မျက်လုံးဝါတစုံမှာ ပြူးကြောင်ကြောင်ဖြင့် သူ့ကျောကုန်းကို ကြည့်နေသယောင် ရှိသည်။

"ဟာ... ဘယ်လိုတွေ ဖြစ်ကုန်ကြတာလဲ။ ကားကြိတ်သွားတာလား"

ဘရော့ဒီက အလန့်တကြား မေးလိုက်သည်။

"မဟုတ်ဘူး၊ လူတယောက်က သတ်သွားတာ"

အယ်လင်းက ရှိုက်ငိုလိုက်ပြီး....

"လူတယောက်ပေါ့၊ ကားပေါ်က ဆင်းလာပြီး ဖရစ်စကီကို ကောက်ယူလိုက်တယ်။ ပြီးတော့ သူ့ခေါင်းကို ကိုင်ပြီး လည်လိမ်ချိုးလိုက်တာ နောက်ဆုံး ဆက်ကျိုးတဲ့အထိပဲ။ ဒီအချိန်မှာ ရှောင်းလဲ အနားမှာ ရှိနေတော့ အဲဒီမြင်ကွင်းက သူကလေးကို ချောက်ချောက်ချားချား ဖြစ်သွားစေခဲ့တယ်။ ဒီနောက် အသက်ထွက်သွားပြီဖြစ်တဲ့ ကြောင်လေးကို မြက်ခင်းပြင်ပေါ်မှာ ပစ်ချပြီး ဒီလူလဲ ကားမောင်းပြီး ပြန်ထွက်သွားတယ်"





"သူ ဘာပြောသွားသေးလဲ"

"ကျွန်မမသိဘူး။ ရှောင်းလေးလဲ အိမ်ထဲရောက်နေပြီ။ သူလေးလဲ အတော်ပဲ စိတ်ချောက်ချားနေတယ်။ ကျွန်မလဲ သားလေးကို အဖြစ်မှန် မေးတင်ရက်ပါဘူး။ မာတင်ရယ်...အခု ဘာတွေ ဖြစ်နေကြသလဲဟင်။ ကျွန်မတော့ ဘာမှနားမလည်နိုင်အောင် ဖြစ်နေပြီ"

ဘရော့ဒီက အမှိုက်ပုံး၏ အဖုံးကို ဆောင့်ပိတ်ပစ်လိုက်သည်။

"ခွေးမသား မျိုးမစစ်တွေ"

နှုတ်မှ ဆဲရေး ရေရွတ်လိုက်သည်။ သူ့မေးကြောကြီးများ ထောင်ထလာသည်။ အံကြိတ်သည်။

"တဲ—အိမ်ထဲ ဝင်ကြရအောင်"

ငါးမိနစ်မျှကြာလျှင် ဘရော့ဒီသည် အိမ်ထဲမှ ပြန်ထွက်လာသည်။ ကြောင်သေကောင်လေးကို အမှိုက်ပုံးထဲမှ ပြန်ထုတ်လိုက်ပြီး ကားထဲသို့ ပစ်သွင်းလိုက်သည်။ ထို့နောက် ကားကို ခြံထဲမှ နောက်ပြန်ဆုတ်ထွက်ပြီး လမ်းပေါ်သို့ ခပ်ကြမ်းကြမ်း မောင်းတက်လိုက်၏။ ကိုက်ဘရာခန့် မောင်းမိပြီဆိုလျှင် သူသည် ဒေါသတကြီးဖြင့် ရဲကားမှ 'ဥသြသံ'ကို ဖွင့်လိုက်သည်။

ဘရော့ဒီသည် စကော့(ချ်)လမ်း တဘက်ရှိ ဗောင်း၏ ကျူဒါ စံ ကျောက်သားအိမ်ကြီးသို့ရောက်ရန် မိနစ် အနည်းငယ် မျှသာ အချိန်ယူရသည်။ သူသည် ကြောင်သေကောင်၏ ခြေနှစ်ချောင်းကို ကိုင်ပြီး လှေကားထစ်များမှတဆင့် အိမ်ပေါ်သို့ တက်ခဲ့သည်။ ပြီးနောက် တံခါးမကြီးအနီးရှိ လူခေါ်ခေါင်းလောင်းကို အဆက်



www.burmeseclassic.com

www.burmeseclassic.com



မပြတ် တီးလိုက်သည်။ ဗောင်း၏ ဇနီးသည် အယ်လီနော်ဗောင်း တံခါးကို လာမဖွင့်ပေးပါစေနှင့် ဟူ၍လည်း ကျိတ်၍ ဆုတောင်း မိသည်။

“ဟယ်လို...မာတင်ပါလား။ ကျုပ်....”

တံခါးကို လာရောက်ဖွင့်ပေးသူ လယ်ရီဗောင်းမှာ ဘရော့ဒီ၏ အပြုအမူကြောင့် သူ့စကားကို အဆုံးမသတ်နိုင်။ တဝက်တပျက်နှင့် ရပ်သွားခဲ့၏။ ဘရော့ဒီက လက်ကို မြှောက်လိုက်ပြီး ခြောင်သေ ကောင်ကို ဗောင်း၏ မျက်နှာဆီသို့ တိုးကပ်ပြလိုက်သည်။

“ဒါက ဘာသဘောလဲဟင် လူယုတ်မာကြီး”

ဗောင်းမှာ မျက်လုံး ပြူးသွားရသည်။

“ခင်ဗျား ဘာကိုဆိုလိုတာလဲ၊ ခင်ဗျားဘာကိုဆိုလိုသလဲ။ ကျုပ် တော့ နားမလည်အောင် ဖြစ်နေတယ်”

“ခင်ဗျားရဲ့လူတယောက်က ဒါကို လုပ်သွားခဲ့တာပဲ။ ကျုပ်ရဲ့ ခြံရှေ့မှာ လာ စော်ကားသွားခဲ့တာ။ အရွယ်မရောက်သေးတဲ့ ကျုပ် ရဲ့ သားလေးတယောက်ရဲ့ ရှေ့မှာ လာ ကျူးလွန် သွားခဲ့တာ။ သောက်ရမ်း ချစ်စရာကောင်းလှတဲ့ ကျုပ်ရဲ့ ခြောင်ကြီးကို ရက် စက်သွားတယ်။ ဒါကို ခင်ဗျားက ခိုင်းလိုက်တာမဟုတ်လား”

“မကြောင်စမ်းပါနဲ့ မာတင်”

ဗောင်းသည်လည်း အကြီးအကျယ် တုန်လှုပ်နေဟန် ရှိသည်။

“ကျုပ် ဒါမျိုး မလုပ်ပါဘူးဗျာ....ဘယ်တော့မှလဲ မလုပ်ပါဘူး”

ဘရော့ဒီက သူ့အသံကိုနှိမ့်၍....

“ကျုပ် ပြန်သွားပြီးတဲ့ နောက်မှာ ခင်ဗျားရဲ့ လူတွေကို အကြောင်းကြားလိုက်သလား၊ ခေါ်လိုက်သေးသလား”

“ဟုတ်တယ်၊ ဒါပေမယ့် **မနက်ဖြန်ကျယင် ရေချိုးဆိပ်ကို ပြန်ဖွင့်တော့မယ့်** အကြောင်းကိုပဲ ပြောလိုက်ပါတယ်”





“ခင်ဗျား ဒီတခုပဲ ပြောသလား”

“ဟုတ်ပါတယ်၊ ဘာဖြစ်လို့လဲ”

“ခင်ဗျား လူလိမ်ကြီးပါ”

ဘရော့ဒီက ဗောင်း၏ ရင်ဘတ်ကို ခြောင်သေကောင်ဖြင့် အားအား လွှဲရိုက်ပစ်လိုက်သည်။

“ကျုပ်ရဲ့ခြောင်ကို လည်လိမ် သတ်ပစ်လိုက်ပြီးတဲ့နောက် အဲဒီ ကောင်က ကျုပ်ရဲ့ ရှစ်နှစ်သားလေးကို ဘယ်လိုပြောသွားတယ် ထင် သလဲ”

“ဟင့်အင်း၊ ကျုပ် ဘယ်သိပါ့မလဲ”

“အေး....၊ သူ ပြောသွားတာက ခင်ဗျား ကျုပ်ကို ပြောခဲ့တဲ့ အတိုင်း တပုံစံတည်းပဲ။ သူက.... ‘ဟေ့....၊ မင်းရဲ့ အဖိုးကြီးကို ပြောလိုက်၊ နောက်ကို ဒီလောက် **ခေါင်းမာချင်အုံး**’....တဲ့....ကဲ”

ဘရော့ဒီက ချာကနဲလှည့်ပြီး လှေကားထစ်များအတိုင်း ပြန်ဆင်း သွားသည်။

ဗောင်းသည် ထယောက်တည်း ငူငူကြီး ရပ်လျက် ကျန်ရစ်ခဲ့လေ သည်။

*





www.burmeseclassic.com



# ၁၀

[က]

သောကြာနေ့သည် မိုးသား မိုးတိမ်များဖြင့် အုံ့အုံ့ဆိုင်းဆိုင်း မှုန်မှုန်မှိုင်းမှိုင်းဖြစ်၍နေပြီး တခါတရံ မိုးသေးမိုးဖွဲလေးများပင် ချလေ့ရှိသည်။ ထိုနေ့အဖို့ ရေဆင်းကူးသူဟူ၍ များများစားစား မ... ဘရော့ဒီ၏ လူများ ကမ်းခြေသို့ရောက်လာခါစ နံနက်စောစောပိုင်း ကသာ စုံတွဲတတွဲ ရေဆင်းချိုးခဲ့သည်။

သောကြာနေ့ ညပိုင်းတွင်မူ ဘရော့ဒီက ကမ်းခြေစောင့်တပ် ထံ လှမ်းဆက်သွယ်ပြီး ရာသီဥတုခန့်မှန်းချက်ကို တောင်းခံကြ သည်။ ရာသီဥတု အစီရင်ခံစာက စနေနေ့သည် သာယောင့်သာယ ရှိမည်။ ရာသီဥတု ကြည်လင်ကောင်းမွန်မည်ဟု ဆိုထားပေသည်။

ဘရော့ဒီအနေဖြင့်လည်း ရာသီဥတုကို ကြည်လင် ကောင်း စေချင်သည့်ဆန္ဒ ရှိပေသည်။ အကြောင်းကား ယခု သီတင်းဆုံးရက် တွင် အများပြည်သူ အားလပ်ရက်သည့် သုံးရက်ဆက်တိုက် ပါ နေသည့်ဖြစ်ရကား ရပ်ဝေးမှ အပန်းဖြေခရီးသည်များသည် အမိ မြို့သို့ လာရောက် အပန်းဖြေကြမည်သာဖြစ်သည်။ ဤအားလပ်ရက်





သုံးရက်အတွင်း ငါးမန်းအန္တရာယ် မပေါ်ပေါက်ခဲ့သော် အင်္ဂါမြို့ သို့ရောက်လျှင် 'ဤတမ်းခြေ၌ ငါးမန်းမရှိတော့ပြီ' ဟူ၍ ယူဆနိုင်မည် ဖြစ်ပေသည်။ ဘရော့ဒီသည် ငါးမန်းကြီး ဤကမ်းခြေမှ အမြန်ဆုံး ထွက်ခွာသွားစေချင်ပြီ ဖြစ်သည်။ ငါးမန်းကြီးကိုသာမက မက်(တ်) ဟူးပါးကိုလည်း ထွက်သွားစေချင်နေပြီဖြစ်သည်။ သူ့နေရင်း ဝု(ဒ်) ဟိုး(လ်)သို့ ပြန်စေချင်နေပြီ ဖြစ်သည်။

ဟူးပါးသည် ငါးမန်းကြီးကို အကြောင်းပြုပြီး အမိတီသို့ ရောက်လာသည့် အာဂန္တုဖြစ်သည်။ ယခုမူ ငါးမန်းကြီးကိုသာမက သူ့ဇနီး အယ်လင်းကိုပါ ဆက်လက် အကြောင်းပြုနေပြန်ပြီလားဟု ဘရော့ဒီသည် သံသယဖြစ်မိသည်။ ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့ကို သူ လုံးဝ မကျေနပ်ဖြစ်မိ၏။ ဟူးပါးက တနေ့လုံးလုံး ပျောက်နေခဲ့သလို သူ့ဇနီး အယ်လင်းကိုလည်း တနေ့လုံး တယ်လီဖုန်းဖြင့် ခေါ်မရ ဖြစ်နေခဲ့၏။ ညနေပိုင်း အိမ်သို့ပြန်အရောက်တွင် အယ်လင်းကို အိပ်ရာထက်တွင် တွေ့ရသည်။ သူမ၏အဆိုက နေမကောင်း ဖြစ်နေသည်တဲ့။ ဘရော့ဒီ အနေဖြင့် အကဲခတ်ကြည့်ရာ သူမ၏ အသွင်ဖြင့်က သာမန် နေ ကောင်း ထိုင်မသာ ဖြစ်ရပုံမျိုးထက် တစုံတခုကို အားတိုက် ခွန်စိုက် ဆောင်ရွက်ခဲ့ပြီးနောက် ခြေကုန်လက်ပန်း ကျနေသည့်ပုံမျိုး။

ရာသီဥတု အခြေအနေ ခန့်မှန်းချက်ကို ကြားသိရလျှင် သိရချင်း အကြောင်းပြန်မည်ဟု ဟူးပါးအား ဘရော့ဒီက ကတိပေးခဲ့ပြီး ဖြစ်သည်မို့ အောက်ထပ် တယ်လီဖုန်းရှိရာ မီးဖိုဆောင်သို့ ဘရော့ဒီ လျှောက်လာခဲ့သည်။ အယ်လင်းက ညစာစားပွဲတွင် အသုံးပြုခဲ့သော ပန်းကန်ခွက်ယောက်များကို ဆေးကျောလျက် ရှိနေသည်။ ဟူးပါး သည် အဘီလတ် တည်းခိုရိပ်သာ၌ နေထိုင်လျက်ရှိကြောင်း ဘရော့ဒီ သိပြီးဖြစ်သည်။ တယ်လီဖုန်းနံပါတ် မှတ်တမ်းစာအုပ်လေးသည် ချောင်ကောင်တာစွန်းရှိ ငွေတောင်းခံလွှာစာရွက်များ၊ ဈေးဝယ် မှတ်တမ်း စာရင်းစာရွက်များနှင့် ရုပ်ပြဇာတ်လမ်းစာအုပ်များ ထပ်



www.burmeseclassic.com

www.burmeseclassic.com



ထားသည့် အပုံထဲတွင် ရှိနေကြောင်းကိုလည်း မြင်တွေ့ထားပြီးဖြစ်သည်။ သို့သော် အယ်လင်းအား အငိုက်ဖမ်းလိုသဖြင့်....

"ဟူးပါးဆီ တယ်လီဖုန်းဆက်စရာ ရှိနေတယ်။ စာအုပ်သေတ္တာ ဘယ်မှာပါလိမ့်"

"သူ့ဖုန်းနံပါတ်က ၆....၅....၄....၃...."

အယ်လင်းက မဆိုင်းမတွ အဖြေပေးလိုက်၏။

"ဟင် မင်း ဘယ်လိုလုပ်သိသလဲ"

"ရှင်ကလဲ အဆန်းလုပ်လို့၊ ဒီမြို့က အရေးကြီးတဲ့ တယ်လီဖုန်းနံပါတ်တွေအားလုံး ကျွန်မ အလွတ်ရတယ် ဆိုတာကို ရှင်လဲ အသိသားနဲ့။ အာဘီလတ် တည်းခိုရိပ်သာရဲ့ နံပါတ်က ခြောက် ငါး သေ... သုံး ပါ"

ဟုတ်ပေသည်။ အယ်လင်းပြောသည်မှာ အမှန်ပင်ဖြစ်၏။ တိုင်ရုံ ယခင် အခါများ တတည်းကပင် တယ်လီဖုန်း နံပါတ်များနှင့် စပ်လျဉ်းလာလျှင် အယ်လင်းသည် အလွတ်မှတ်ထားလေ့ရှိသည်။ ဤသည်ကို ဘရော့ဒီ အသိပင်။ သူကိုယ်တိုင် မေ့နေသော တယ်လီဖုန်းနံပါတ်များရှိလျှင်လည်း အယ်လင်းထံ အကူအညီတောင်းရလေ့ရှိသည်။ သူမသည် တယ်လီဖုန်းလမ်းညွှန် စာအုပ်ကြီးတစ်ခုသဖွယ် အသုံးပြု ထားရလောက်သူ ဖြစ်လေသည်။ ဤ အချက်ကို နဂိုက သိထားပါလျက်နှင့် ယခုကဲ့သို့ ကောက်ကျစ်စွာ အငိုက်ဖမ်း မေးမြန်းခြင်း အတွက် ဘရော့ဒီသည် မိမိမိကိုယ်မိမိ ကျိန်ဆဲပစ်တင်မိလေသည်။

သူသည် အယ်လင်းပြောသော နံပါတ်ကို လှည့်ချလိုက်သည်။ ညဉ့်စာရေး အမျိုးသားတဦး၏အသံ တဘက်မှ ပေါ်လာသည်။

"အာဘီလတ် တည်းခိုရိပ်သာကပါ"

"ဟုတ်ကဲ့၊ မက်(တ်)ဟူးပါးရဲ့ အခန်းပေးပါ"

"သူ့ အခန်းနံပါတ်ကို သိပါသလားခင်ဗျာ"

"ဟင့်အင်း။ မသိပါဘူး"





ဘရော့ဒီသည် ဒုတိယအကြိမ် ပညာစမ်းရန် ဖြင့်မြန်သည်။ တယ်လီဖုန်းစကားပြောခွက်ကို လက်ဘဘက်ဖြင့် ပိတ်လိုက်ပြီး...

"သူ့ အခန်းနံပါတ်ကို သိလား ဟင်" ဟု အယ်လင်းအား မေးလိုက်သည်။

အယ်လင်းက သူ့ကို ခေတ္တမျှ စေ့ကြည့်နေလိုက်သည်။ ပြီးမှ ဦးခေါင်းကို ဖြည်းညင်းစွာ ယမ်းခါလိုက်သည်။

"ခြော၊ ရပြီ ရပြီ။ လေး....သုည....ငါး တဲ့"

ကောင်တာစာရေးက ဟူးပါးအခန်းရှိ တယ်လီဖုန်းနှင့် လိုင်း ချင်း ဆက်သွယ်ပေးလိုက်သည်။ ဖုန်းသံ နှစ်ကြိမ် မြည်ပြီးမှ ဟူးပါး၏ အသံ ထွက်ပေါ်လာခဲ့သည်။

"ဘရော့ဒီပါ"

"ဟုတ်ကဲ့၊ ဆို"

ဟူးပါး၏အခန်းသည် မည်သို့မည်ပုံ ဖွဲ့စည်း တည်ဆောက်ထား သိမ့်မည်ဖြစ်သည်ကို ဘရော့ဒီသည် သူ မျက်နှာမူထားရာ နံရံ ပေါ် တွင် စိတ်ကူးဖြင့် ပုံဖော်ကြည့်လျက်ရှိသည်။ အခန်းက ကျဉ်းကျဉ်း မှောင်မှောင် တွန့်လိမ်ကျေမွနေသော မွေ့ရာ။

"ရာသီဥတု ခန့်မှန်းချက်တတော့ ကောင်းပါတယ်"

"ဟုတ်တယ်၊ ကျုပ်လဲ သိတယ်"

"ဒီတော့ မနက်ဖြန်မနက်မှာ ခင်ဗျားနဲ့ ကျုပ် ဆိပ်ခံဘော တံတားမှာ တွေ့ကြမယ်"

"ဘယ်အချိန်လဲ"

"ကိုးနာရီ ခွဲ"

"ကောင်းပြီလေ"

"ဒါထက် ခင်ဗျား ဒေဗစ်ဝစ်ကာနဲ့ ဘယ်အခြေအနေ ရှိသလဲ။ ခင်ဗျားတို့နှစ်ယောက်က အတွဲညီတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ဘယ်အခြေအနေရှိရမှာလဲ။ သူတပါးရဲ့ လိင်မှုကိစ္စအခြေအနေကို ဝင်ရောက် စပ်စုတာဟာ ရဲမှူးတယောက်ရဲ့ အလုပ်လား"

"ထားပါတော့လေ၊ ကျုပ်က အလကားနောက်တာပါ"

ဘရော့ဒီက တယ်လီဖုန်းကို ပြန်ချထားလိုက်သည်။

သူ့ စိတ်ထဲတွင် ဟူးပါးလိုလူ၏ ဤသို့ ပြောဆိုခံရခြင်းကို မကျေမနပ် ရှုံးရှုံးရှားရှား ဖြစ်သွားသည်။ သူ မသကာနေသူထံမှ ဤသို့ သူခိုးက လူဟစ်သောစကား၊ ပြန်ပက်သောစကားကို ကြားရသောအခါ ပို၍ မခံမရပ်နိုင် ဖြစ်သွားရသည်။

သို့နှင့် အနီးရှိ အယ်လင်းကိုသာ ဖိမဲ့လေသည်။

"မင်းကို မေးစရာတခုရှိတယ်။ ဟိုတညက သားလတ် မာတင်က ပင်လယ်ကမ်းခြေ ပျော်ပွဲစားထွက်ဖို့ ပူဆာနေသံ ကြားမိတယ်။ အဲဒါ ဘယ်တော့လဲ"

သူက သူမ၏မျက်နှာကို စေ့စေ့ကြည့် မေးသော်လည်း သူမက သူ့ကို ပြန်မကြည့်။ မျက်နှာလွှဲပြီး ဖြေသည်။

"ဘယ်တော့ရယ်လို့ သီးသန့် သတ်မှတ်ထားရက် မရှိပါဘူး။ သက်သက် စိတ်ကူးပေါက်ရာ ပြောတာပါ"

"အို…အိပ်ဖို့ အချိန်တန်နေပြီပဲ"

"ဟင်၊ ရှင် ဘာပြောတယ်"

"မင်းကြည့်ရတာ သိပ်နေကောင်းပုံ မရပါဘူး။ နောက်ပြီး မင်းဟော့ သတိမထားမိဘူး မှတ်တယ်။ အဲဒီဖန်ခွက် မင်း ဆေးနေတာ နှစ်ခါပြန်တောင် ဖြစ်သွားတာ ငါမြင်တယ်"

သူက ရေခဲ သေတ္တာထဲမှ စည်သွတ် ဘီယာဗူးကို ထုတ်ယူလိုက်သည်။ ယင်း၏ထိပ်ဝရှိ သတ္တုမောင်းတံ လက်ကိုင်လေးကို ဆွဲမ,ပြီး အဖုံးကို ဖွင့်လိုက်သည်။ သို့သော် အဖုံး ပွင့်မလာပဲ သတ္တုလက်ကိုင်လေးသာ အရင်းမှ ကျိုးပဲ့ပြီး သူ့ လက်ညှိုးနှင့် လက်မအကြား၌ ပါလာခဲ့သည်။





"သောက်သုံးမကျတဲ့ဟာ"

ဘရော့ဒီက ညစ်ညမ်းစွာ ဆဲရေးလိုက်ပြီး စည်သွတ်ဘီယာဗူးအား အိမ်တွင်း အမှိုက်ပုံးအတွင်းသို့ ဒေါသတကြီး လွှင့်ပစ်လိုက်သည်။ ထို့နောက် ခြေသံတဒုန်းဒုန်းမြည်အောင် နင်းပြီး အခန်းတွင်းမှ ထွက်သွားခဲ့လေသည်။

*

[ ၁ ]

စနေနေ့၏ မွန်းလွဲပိုင်း။

ဘရော့ဒီသည် သဲသောင်ပြင်မို့မို့ပေါ်တွင် ရပ်လျက်မှ အောက်ဘက်တွင် မြင်တွေ့နေရသည့် စကော့(ချ်)လမ်း ကမ်းခြေရေချိုးဆိပ်ကို ပေါ်စီးမှနေ၍ စောင့်ကြည့်လျက်ရှိသည်။ သူသည် အထူး အခွင့်အာဏာရ ထောက်လှမ်းရေးသမားတဦးအသွင် မိမိကိုယ် မိမိ ထင်မိ၊ သွေးကြီးမိသလို ပေါ်ကြောင်ကြောင်နိုင်လှသော အလုပ်တခု ဆောင်ရွက်နေမိသည့် လူ့အနွံတယောက်နှယ်လည်း ခံစားရမိသည်။ သူသည် ပိုလိုရှပ်အင်္ကျီနှင့် ရေကူးဘောင်းဘီတိုကို ဝတ်ဆင်ထားသည်။ ဤဝတ်စုံများမှာ ယနေ့ သူထမ်းဆောင်နေရသည့်အလုပ်များနှင့် လိုက်လျောညီထွေ ဖြစ်စေရန် အထူးစပယ်ရှယ် ဝယ်ယူခဲ့ခြင်း ဖြစ်သည်။ သူသည် ရဲအရာရှိတဦးဖြစ်သည့်အားလျော်စွာ ဖောင်းကိုသာ အမြဲလိုလို ဝတ်ဆင်ခဲ့ရသည် ဖြစ်သည်။ ထို့ ကြောင့်လည်း ယခုလို ဘောင်းဘီတိုကို ဝတ်လိုက်သောအခါ နှစ် းများစွာ နေရောင်မထိခဲ့သော ပေါင်သား ဖြူဖြူဖွေးဖွေးများ သည်းကောင်း၊ ဘောင်းဘီရှည်နှင့် ထိမိ ပွတ်တိုက်မိခဲ့ဖန်များ ကြောင့်ခြောင်တလင်းခါလုနီးပါး အမွေးများကျွတ်ထွက်နေခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည့် ခြေသလုံးများသည် လည်းကောင်း နေရောင်ခြည်တွင် ဘ
ကနဲ ပေါ်ပေါက်လာခဲ့ရ၏။ ဤဖြစ်ရပ်အတွက် မိမိကိုယ်မိမိ စိတ်
ဒေါသ ထွက်မိသည်။ ဘရေ့ဒီက သူနှင့်အတူ ဇနီးသည် အယ်
အား ဤကမ်းခြေသို့ လိုက်ပါလာစေလိုခဲ့သည်။ ဤသို့ လိုက်
လာခြင်းဖြင့် အယ်လင်းအဖို့ စိတ်ပြောင်းပျောက် ဖြစ်သွားနိုင်သေ
ဟူ၍ ဘရေ့ဒီက တွက်ဆခဲ့သည်။ သို့သော် အယ်လင်းက အိ
ကိစ္စများ လုပ်စရာရှိသေးသည်ဟုဆိုကာ ဘရေ့ဒီ၊ အကြံပြုချက်
ငြင်းပယ်ခဲ့သဖြင့် ဘရေ့ဒီမှာ တကိုယ်တည်း ထွက်လာခဲ့ခြင်း
သည်။ ဘရေ့ဒီနံဘေးရှိ ခရီးဆောင် အိတ်ထဲတွင် ပါရှိလာသေ
များမှာမှန်ပြောင်းတစုံ၊ **ဧပြ(လ်)ကီ တော်(လ်)ကီ**ခေါ်ခရီးဆော
အသံလွှင့်သတင်းဖမ်းစက်ငယ်တလုံး၊ စည်သွတ်ဘီယာနှစ်ဗူးနှင့် ဆိ
စက္ကူဖြင့် ထုပ်ထားသော အသားညှပ်ပေါင်မုန့် တချပ် စသည်
ဖြစ်ကြသည်။ ကမ်းခြေနှင့် မိုင်ဝက် မပြည့်တပြည့် အကွာအဝေး
ပင်လယ်ရေပြင်ပေါ်တွင်မူ ဖလစ်ကာ မော်တော်ငယ်သည် အ
အရပ်သို့ ရွေးရှုပြီး ဖြည်းညင်းစွာ ရွေ့လျားလျက် ရှိသည်။

ရာသီဥတုနှင့် စပ်လျဉ်း၍ ကမ်းခြေစောင့် တပ်များ၏ ကြို
ခန့်မှန်းချက်သည် မှန်ကန်ခဲ့လေ၏။ကောင်းကင်ပြင်တခွင်တွင် မြူ
ကင်းစင်လျက် ကြည်ကြည်လင်လင် ရှိနေသည်။ နွေးထွေးသော
ရောင်ခြည်၊ ပင်လယ်ပြင်မှ တိုက်ခတ်လာသော သာသာညင်းည
လေနုအေး စသည်တို့က ထိုနေ့ကို သာယာသော နေ့တနေ့အ
တန်ဆာဆင်လျက် ရှိပေသည်။

ဆယ်ကျော်သက်ရွယ် စုံတွဲ လေးငါးတွဲခန့်တို့မှာ ထုံးစံအ
ဟိုတစု သည်တစုနှင့် အသက အသက နှစ်ယောက်တကမ္ဘာ ဖန်
ကြလျက်။ အချို့သော စုံတွဲများကမူ သဲသောင်ပြင်ပေါ်တွင်
မယှက် လဲလျောင်းယင်း နေရောင်ခြည်၏ တွေ့ထိမှု အရသာ
အပြည့်အဝ ခံစားရယူနေကြသည်။ မိသားစုတစုကမူ သဲသော
ပြင်ပေါ်တွင် မီးသွေးမီးဖြင့် မီးပုံပွဲကျင်းပနေကြသည်။ ထိုမီးဖို





ချက်ပြုတ် ကြော်လှော်ရာမှ ထွက်လာသော အမဲသားဟင်း၏
နံ့သင်းသင်းလေးသည် ဘရေ့ဒီ၏ နှာဝအား လာရောက် ကလိ
နေလေသည်။

ကမ်းခြေ ရေချိုးဆိပ်ကို ဖွင့်လှစ်ထားခဲ့ပြီး ဖြစ်သော်လည်း ရေ
ဆင်းကူးသူဟူ၍ ယခုအချိန်အထိ တစုံတယောက်မျှ မရှိသေးပေ။
သာအချို့က သူတို့၏ သားသမီးများကို ရေစပ်သို့ ခေါ်ဆောင်
သွားပြီး တလိပ်လိပ်တက်လာသော ဒီလှိုင်းများအကြားတွင် ခြေတွ
အမျှ လမ်းလျှောက် ဆော့ကစားစေသော်လည်း ရေကူးစေခြင်း
ရှိခဲ့ချေ။ မိနစ် အနည်းငယ်ခန့် ရေစပ်တွင် အချိန်ဖြုန်းကြပြီး
သည့်နောက်တွင်မူ ပျင်းရိ ငြီးငွေ့လာသောကြောင့် ပင်လော(သို့
သည်းမဟုတ်) ကြောက်ရွံ့ ထိတ်လန့်၍ပေလော မသိ၊ သူတို့၏
ကလေးငယ်များကို ပြန်ခေါ်ပြီး ကမ်းခြေပေါ်သို့ ပြန်တက်သွားခဲ့
ကြလေသည်။

သူ့နောက်ဘက်ရှိ မြက်ဖုတ်များအတွင်း၌ တစုံ တယောက်
လျှောက်လှမ်းလာသောခြေသံကိုကြားလိုက်ရသဖြင့် ဘရေ့ဒီသည်
နောက်သို့ လှည့်ကြည့်လိုက်သည်။ အသက်လေးဆယ်ကျော် အရွယ်
ရှိမည့် အမျိုးသားတဦးနှင့် အမျိုးသမီးတဦးတို့သည် သူတို့၏
င်သွေးဖြစ်ဟန်တူသည့် ကလေးနှစ်ယောက်နှင့်အတူ သဲကမူပေါ်
တက်လာခဲ့ကြသည်။အမျိုးသားသည် ကာကီဝတ်စုံနှင့် အတွင်း
တီရှပ်အင်္ကျီကို ဝတ်ဆင်ပြီး ဘတ်စကက်ဘော ကစားသူတွင်
တ်ဆင်သော ဖိနပ်ကို စီးထားသည်။ အမျိုးသမီးကမူ အဆီအစ်၍
ချစ်အရစ်ဖြစ်နေသော သူမ၏ ခြေသလုံးများကို လုံခြုံအောင်
မဖုံးနိုင်လောက်အောင်ပင် တိုနေပြီဖြစ်သော ဆေးဆိုးပန်းရိုက်
တ်စုံတထည်ကို ဝတ်ဆင်ထားသည်။ သူတို့နှစ်ဦးစလုံးသည် ဝဝ
ဖိုင့်များ ဖြစ်ကြ၏။ သူတို့ တက်လှမ်းခဲ့ရာ လမ်းကြောင်း၏
နောက်ဘက် မလှမ်းမကမ်း စကော့(ချ်) လမ်းဘေး တနေရာတွင်



www.burmeseclassic.com

www.burmeseclassic.com



ခရီးရှည်သွား စခန်းချ'ဝင်နီဘာဂို' ကားတစီး ဆိုက်ကပ် ရပ်န ထားသည်ကိုလည်း ဘရော့ဒီ သတိပြုမိလိုက်သည်။

"ကျွန်တော် ဘာများ အကူအညီ ပေးရပါမလဲဗျာ"

ကမူထိပ်သို့ လှူဝစုံတွဲ ရောက်လာသည်တွင် ဘရော့ဒီက ခရ ဦးကြို မေးမြန်းလိုက်သည်။

"ဒီကမ်းခြေဟာ...."

အမျိုးသမီးက မေးသည်။

"ခင်ဗျားတို့က ဘယ်ကမ်းခြေကို လိုက်ရှာ နေတာပါလဲ အဲ...ပုဂ္ဂလိကပိုင် ကမ်းခြေကို ရှာတယ် ဆိုယင်တော့...."

"ဒီ ကမ်းခြေပါပဲကွာ၊ မမှားနိုင်ပါဘူး။ဘာပြုလို့လဲဆိုယင်—

အမျိုးသားက သူ့ အင်္ကျီ အိတ်အတွင်းမှ မြေပုံစာရွက်တရွက် ထုတ်ယူလိုက်ပြီး မိမိကိုယ်မိမိ အလွန်စိတ်ချယုံကြည်စွာ၊ မိမိကို မိမိ အထင်ကြီးလွန်းစွာဖြင့် ပြောလိုက်သည်။ အပိုင် ပြောချ သော သူ့ လေသံတွင် ကွင်း(စ်)ဘိုရောက်(ဂ်) နယ်မှ လူးယောက်သ တယောက်၏ လေယူ လေသိမ်း ပါရှိနေကြောင်း ဘရော့ဒီ သ ပြုမိလိုက်၏။

"....တို့တတွေက နှစ်ဆယ့်ခုနှစ်လှမ်းကနေကွေ့ပတ်ပြီး ဒီလ အတိုင်း လိုက်ခဲ့တာပဲ။ အခု ဒီနေရာဟာ အမှန်ပဲပေါ့"

မြေပုံစာရွက်၏တနေရာသို့ လက်ညှိုးထောက်ယင်း ထိုပုဂ္ဂိုလ် ပြောလိုက်သည်။ ထိုအခါ အသက် ဆယ့်သုံးနှစ်ခန့် ရှိမ ခပ်ဝဝ ကလေးငယ်က....

"ဒါဖြင့်ယင်....ငါးမန်း ဘယ်မှာလဲဟင်၊ ငါးမန်းကြီး ဘယ်မှာလဲ။ ဖေဖေ ပြောတော့ ကျွန်တော်တို့ ငါးမန်းကြီး တွေ့ရ တော့မယ်ဆို"

"မင်း ပါးစပ် ပိတ်ထားစမ်း" လူဝကြီးက သူ့သားငယ်အ လှမ်း၍ကြိမ်းမောင်းလိုက်ပြီး ဘရော့ဒီ ဘက်သို့ လှည့်၍...





"ဘယ်မှာလဲဗျ၊ နာမည်ကျော် ငါးမန်းကြီး"

"ဘယ်ငါးမန်းကို ပြောတာလဲ"

"လူတွေကို ကိုက်သတ်နေတဲ့ ငါးမန်းကြီးလေ၊ ရုပ်မြင်သံကြား မှာ ကျုပ်တို့ကြည့်ခဲ့ရတယ်။ ကူမ္ဘာ သုံးခုက ထုတ်လုပ်တဲ့ အစီအစဉ် သုံးခုစလုံးမှာ ကြည့်ခဲ့ရပြီးပြီ။ ဒီမှာ ရှိတယ်လေ... လူသတ် ငါးမန်း ကြီးကို ခင်ဗျားမသိဘူးလား"

"အယင်ကတော့ ရှိခဲ့ဖူးတယ်။ အခုတော့ မတွေ့ရတော့ပါဘူး။ နောက်လဲ ပြန်လာတော့မယ် မဟုတ်ပါဘူး"

အမျိုးသားသည် ဘရော့ဒီအား ခေတ္တမျှ တွေ၍ ကြည့်နေလိုက် ပြန်၏။ ပြီး မကျေမနပ် မာန်ဖီသံနှင့် ဆိုသည်။

"ကျုပ်တို့က ဒီငါးမန်းကြီးကို ကြည့်ဖို့အတွက် မိုင်ငါးရာ များ စွာ ဝေးတဲ့ နေရာက လာခဲ့တယ်။ အခု ဒီငါးမန်းကြီး မရှိတော့ဘူး လို့ ခင်ဗျားက ပြောတယ်၊ ဟုတ်လား။ ရုပ်မြင်သံကြားရဲ့အဆိုနဲ့တော့ တခြားစီပါလား"

"ဟာ...ဒါတော့.... ကျုပ် ဘယ်တတ်နိုင်ပါမလဲ။ ခင်ဗျား လာ ကြည့်တဲ့အချိန်မှာ ဒီငါးမန်းကြီး ဒီနေရာမှာ ရှိနေပါမယ်လို့ ဘယ် သူက တာဝန်ယူထားလို့လဲ။ ပြီးတော့ ဒီငါးမန်းကြီးက ရေထဲက လာပြီး သူ့ကို လာတွေ့တဲ့ လူတွေနဲ့ လက်ဆွဲနှုတ်ဆက်၊ လက်ခံ တွေ့ ဆုံလိမ့်မယ်လို့ လဲ ခင်ဗျား မျှော်လင့်နေဖို့ မသင့်ပါဘူး"

"ခင်ဗျား ကျုပ်ကို ပြက်ချော်ချော်မပြောနဲ့ ကိုယ့်လူ"

လူဝကြီးက ဘရော့ဒီအား ဟောက်လိုက်သည်။

ဘရော့ဒီက မတ်တတ် ထ ရပ်လိုက်ပြီး—

"ဒီမှာ ဆရာကြီး...ကျုပ်ပြောတာကို နားထောင်စမ်းပါအုံး"

သူ့ ရေကူးဝတ်စုံ၏ ခါးပတ်ဘွင် ချိတ်ထားသော ပိုက်ဆံအိတ် တွင်းမှ မှတ်ပုံတင်ကတ်ပြားလေးကို ထုတ်ယူပြီး လူဝကြီး မြင်စေ အောင် ထောင်ပြလိုက်၏။ ယင်းမှာ ဘရော့ဒီသည် အကော်မြို့



www.burmeseclassic.com

ရဲ့စခန်း၏ စခန်းမှူးကြီးဖြစ်ကြောင်း သက်သေခံသည့် စီစစ်ရေး ထက်ပြားလေး ဖြစ်ချေသည်။

"ကျုပ်က ဒီမြို့ရဲ့ လုံခြုံရေးဝန်ထမ်း စခန်းမှူးကြီးပဲ။ ခင်ဗျား ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာ ကျုပ်မသိဘူး။ ခင်ဗျားကိုယ် ခင်ဗျား ဘယ်လိုအထင်ရောက်ဘဝင်မြောက်နေတယ်ဆိုတာလဲ ကျုပ် မသိဘူး။ ဒါပေမယ့် ကျုပ်သိတာက ဒီမြို့ထဲမှာရှိတဲ့ သူတပါးရဲ့ ကိုယ်ပိုင်ရေချိုးဆိပ် တခုခုထဲကို ခင်ဗျား ကျူးကျော်ဝင်ရောက်ပြီး အနှောင့်အယှက်ပြုယင်တော့ ထိထိရောက်ရောက် အရေးယူပစ်ရမယ် ဆိုတာပဲ။ ကဲ....ခင်ဗျား အခု ဘာလုပ်မယ် ဆိုတာကိုသာ တဆိတ် အမိန့်ရှိပေတော့"

လူဝကြီး၏ လေသံမှာ တမုဟုတ်ချင်း ပြောင်းလဲသွားတော့သည်။

"တောင်းပန်ပါတယ်ဗျာ....ဒီလိုပါ....ကျွန်တော်တို့ မိသားစုဟာ သီတင်းဆုံး အားလပ်ရက်တွေမှာ တနေရာမဟုတ် တနေရာ ခရီး ထွက် အပန်းဖြေလေ့ ရှိကြပါတယ်။ အလျင်အပတ်တုန်းက **ဂျန်းဂဲ(လ်)ဟာဘီတက်** ကို သွားခဲ့တယ်။ ဒီအပတ်တော့ **ဂျာစီရှိုး**ကို အသွားမှာ ငါးမန်းသတင်းကို ကြားခဲ့ရတယ်။ ကျွန်တော့် ကလေး တွေ သူတို့ဘသက်မှာ ငါးမန်းကို တခါမှ မမြင်ဖူးကြသေးဘူးလေ။ အဲဒါ တပူပူ တဆူဆူ လုပ်နေတာနဲ့ ငါးမန်းကိုပြရအောင် ကျွန်တော် တို့ ဒီဘက်ကို လာခဲ့ကြတာပဲ။ ဒါထက် ကျွန်တော်တို့ ဒီနေရာမှာ နေ့လယ်စာ စားချင်လို့ ခဏလောက် စခန်းချချင်တယ်၊ ဖြစ်ပါ့မလား"

ဘရော့ဒီအနေဖြင့် လူဝကြီးတို့ မိသားစုအား အများပြည်သူပိုင် ရေချိုးဆိပ်သို့ သွားရောက်စခန်းချ စားသောက်ကြရန် မောင်းထုတ် ပိုင်ခွင့်ရှိသည်။ သို့သော် ယင်းကမ်းခြေကို ပုဂ္ဂလိက ပိုင်ဆိုင်သူက ကန့်ကွက်အားမြစ်ချက် ဆိုင်းဘုတ်တစုံတခုမျှ စိုက်ထူထားခြင်းမရှိ သောကြောင့် လူဝကြီးတို့မိသားစုသည် သူတို့၏ခရီးသွားမော်တော်





ကားကို ကမ်းခြေနှင့် တမိုင်ခန့် အကွာအဝေးတွင် ရပ်နားထားလို သည်ဆိုက ထားပိုင်ခွင့် ရှိနေပေသည်၊ သို့နှင့်....

"ကောင်းပြီလေ၊ ဒီမှာ ခဏတဖြုတ်တော့ နားကြပေါ့။ ဒါ ဟာ အများပြည်သူပိုင်တဲ့ ပြည်သူ့ရေချိုးဆိပ်တော့ မဟုတ်ဘူး။ ဆိုလ်တဦး တယောက်က သီးသန့်ပိုင်ဆိုင်တဲ့ ကိုယ်ပိုင် ကမ်းခြေ ခံနေတယ်။ ဒီတော့ ပိုင်ရှင်က လာပြီး ကန့်ကွက် ပြောဆိုမယ်ဆို ယင်တော့ ခင်ဗျားတို့ ဒီနေရာက ဖယ်ပေးရလိမ့်မယ်၊ ဒါပေမယ့် ဒီနေ့အဖို့တော့ ခင်ဗျားတို့ကို ကန့်ကွက်ပြောဆိုမယ့်သူ ပေါ်လာ လိမ့်မယ်မထင်ပါဘူး။ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ခင်ဗျားတို့ ဒီနေရာက ထွက်သွားတဲ့ အချိန်မှာ ဒီသဲသောင်ပြင်ပေါ်မှာ စက္ကူတစ၊ အမှိုက်ဆံဟောင်း တချောင်း စသဖြင့် အမှိုက်အစအန ဘာတခုမှ မကျန်ခဲ့ရစ်နဲ့၊ ခင်ဗျားတို့ရဲ့ အမှိုက်သရိုက် အညစ်အကြေးတွေ ကျန်ခဲ့တယ်ဆိုယင်တော့ ခင်ဗျားကို အရေးယူရမှာပဲ"

"ကောင်းပါပြီ ခင်ဗျာ"

လူဝကြီးနှင့် မိသားစုတို့သည် သဲကမူပေါ်မှနေ၍ အောက် ဂိုက် သုံးဆယ်ကျော် သုံးဆယ်ခန့်အထိ လျှောက်သွားလိုက်ပြီးမှ သောင် ပြင်ပေါ်တွင် ထိုင်ချလိုက်သည်။

ဤတွင်မှ ဘရော့ဒီလည်း သူ့လက်မှ နာရီကို ငုံ့ကြည့်မိတော့ သည်။

ဆယ့်နှစ်နာရီဆယ့်ငါး။

သူ့လွယ်အိတ်အတွင်းမှ 'ဝေါ(လ်)ကီ တော်(လ်)ကီ' စကားပြော စက်ကို ထုတ်ယူလိုက်ပြီး ခလုတ်တခုကို နှိပ်လိုက်သည်။

"လီယိုနတ်(ဒ်)သား ဟော့"

စက်ကလေးပိုင်းအတွင်းမှာပင် တဘက်မှ ပြန်လည်ထူးသံကို ကြားလိုက် ရသည်။

"ဟုတ်ကဲ့၊ ကျွန်တော်ကြားရပါတယ် စခန်းမှူးကြီး"



www.burmeseclassic.com

www.burmeseclassic.com



ဟင်းဒရစ်သည် ယနေ့အဖို့ သူ့အားလပ်ရက် ဖြစ်သော်လည်း စေတနာ့ဝန်ထမ်း လုပ်အားပေး တာဝန်ယူနေသူဖြစ်သည်။ ဘရေး၏ အစီအစဉ်အရ ဘြာဂံပုံဆောင် လုံခြုံရေးစခန်းသုံးခု ဖွင့်ခဲ့သည်။ ယင်းစခန်းသုံးခုမှနေ၍ မဟာရန်သူတော် ငါးမန်းအား စောင့်ကြည့်ရှုပြီး ရေချိုးဆိပ်ဆင်းသူ အပန်းဖြေခရီးသည်များ၏ အသ အန္တရာယ် လုံခြုံရေးကို ကာကွယ် စောင့်ရှောက် ပေးကြရမည် သည်။ ဘရော့ဒီ ရောက်ရှိရာ နေရာ ပင္ဂလိက ကမ်းခြေက စခ အမှတ်'တစ်'။ ရေပြင်ပေါ်ရှိ ဟူးပါး၏ 'ဖလစ်ကာ' မော်တော် စခန်းအမှတ်'နှစ်'။ ဟင်းဒရစ်ရှိရာ အများပြည်သူပိုင် ရေချိုးဆိပ် စခန်းအမှတ် 'သုံး'။

"အေး၊ အဲဒီမှာ ဘာအကြောင်းထူးသလဲ ဟေ"

"ဘာမှ ထူးထူးထွေထွေမရှိပါဘူး။ အသေးအဖွဲ့ကိစ္စလေးပဲ ရှိ တယ်။ အဲဒါက လူတချို့ ကျွန်တော့်ဆီကို လက်မှတ်တွေကိုင် ကိုင် လာတွေ့နေကြတယ်"

"ဘာလက်မှတ်တွေလဲ"

"ကမ်းခြေကို ဆင်းခွင့်လက်မှတ်တွေပါ။ သူတို့အပြောကတော့ အဲဒီလက်မှတ်တွေကို မြို့ထဲက လူတယောက်ဆီက သူတို့ဝယ်လာတာ ပါတဲ့။ တစောင်ကို နှစ်ဒေါ်လာခွဲ ပေးရတယ်ဆိုပဲ။ အဲဒီလက်မှ ပါမှ ကမ်းခြေကို ဆင်းခွင့်ရှိတယ်ဆိုလို့ ဝယ်လာတာပါတဲ့။ ကျွ တော့်ဆီမှာတောင် စာတစောင်ရှိသေးတယ်။ ကျွန်တော်ဖတ်ပြမယ

အဲဒီလက်မှတ်ပေါ်မှာ ရေးထားတာက **'ငါးမန်း ကမ်းခြေ** **'တစောင်လျှင် တယောက်သာဝင်ခွင့်ရှိသည်'၊ 'နှစ်ဒေါ်လာခွဲ** တဲ့။ ကျွန်တော့်အထင်တော့ ဖျံကျတဲ့ လူလည်တယောက်က စာ ပေါက်ထွင်နေပြီလို့"

"ဒုက္ခပါပဲ၊ ဒါထက် မင်းက သူတို့ယူလာတဲ့ လက်မှတ်တွေ အဓိပ္ပာယ်မရှိဘူးဆိုတဲ့အကြောင်း မင်းက ပြောလိုက်တော့ သူတို့ တုံ့ပြန်ချက်တွေက ဘယ်လိုရှိသလဲ"





"သူတို့လား၊ ရှုးကြောင်ကြောင်ဖြစ်ကုန်ကြတာပေါ့။ အညာမိဖြို ဆိုပြီး ဒေါသူပုန် ထကုန်ကြတယ်။ ကျွန်တော်က ပြောပြလိုက်တယ်။ ဒီရေချိုးဆိပ်ကို ဆင်းဖို့အတွက် ဘယ်လို အခကြေးငွေ တပြားတချပ်မှ ပေးဖို့ မလိုပါဘူး။ လက်မှတ်ရှိရှိ မရှိရှိ အကြောင်းမဟုတ် ဘူး။ ဘယ်သူမဆို လွတ်လွတ်လပ်လပ် လာခွင့်ရှိတယ်။ ဒါပေမယ့် မော်တော်ယာဉ်ဆိုက်ကပ်ရာ ကွက်လပ်အတွင်းမှာတော့ ကားရပ်ခွင့် လက်မှတ်မရှိယင် ဘယ်ကားမှ မရပ်ရဘူးလို့"

"အဲဒီ လက်မှတ်တွေကို ဘယ်သူက ရောင်းသလဲ ဆိုတာကော ပြောရဲ့လား"

"လူတချို့ကို ပြောတာပဲ။ 'မိန်း' လမ်းမကြီးပေါ်မှာ ရောင်း တယ်တဲ့။ အဲဒီလက်မှတ်မှ မပါယင် ဘယ်သူမှ ရေချိုးဆိပ်ကို ဆင်းခွင့် မရှိဘူးရယ်လို့လဲ ပြောသေးသတဲ့"

"ကောင်းပြီလေ၊ ဒီလိုလုပ်၊ မင်း အခု လမ်းဘေးတယ်လီဖုန်း ကနေပြီး စခန်းကိုပြန်ဆက်၊ တယ်လီဖုန်း ကောက်ကိုင်တဲ့ လူဟာ ဘယ်သူပဲဖြစ်ဖြစ် ငါက ခိုင်းတယ်လို့ ပြော။ 'မိန်း' လမ်းမကြီးကို အမြန်ဆုံးသွားပြီး လက်မှတ်ရောင်းနေတဲ့ကောင်ကို ချက်ချင်း ဖမ်း ခေါ်ခဲ့။ ဒီကောင်ဟာ တခြားမြို့က လာတာဆိုယင်တော့ မောင်း ထုတ်လိုက်"

"ဘာပုဒ်မ တပ်ရမလဲ ဆရာ"

"ကြိုက်ရာတပ်ကွာ၊ **လိမ်လည်မှု** ဖြစ်ဖြစ်ပေါ့။ လိုရင်းက ဒီကောင့်လုပ်ငန်း ရပ်တန့်က ရပ်ဖို့ပဲ"

"ကောင်းပြီ ဆရာ"

"တခြား ဘာရှိသေးလဲ"

"မရှိပါဘူး၊ ရုပ်မြင်သံကြားတခုက ခရီးသွား ရုပ်မြင်သံကြား ရိုက်ကူးရေး မော်တော်ယာဉ်တစီးနဲ့ စက်အဖွဲ့ မနက်စောစော တတည်းက ရောက်နေတယ်။ တခြားတော့ ဘာမှ မလုပ်ပါဘူး။ ဒီက လူတွေနဲ့ တွေ့ဆုံပြီး ဆွေးနွေးခန်း မှတ်တမ်းတင်နေတယ်"

ကေသရာဇာ

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စ"

"ငါးမန်းရဲ့ အခြေအနေနဲ့ ပတ်သက်လို့ပေါ့၊ ဥပမာအားဖြင့် 'ခင်ဗျားရေဆင်းမကူးရဲဘူး မှတ်လား၊ ငါးမန်းကြီးနဲ့ ပတ်သက်လို့ ဘယ်လိုထင်မြင်ချက်ရှိသလဲ'စတဲ့ မေးခွန်းမျိုးတွေ မေးနေတာယ်။ သူတို့ ဒီမှာ ဘယ်လောက်ကြာကြာ နေမယ် ဆိုတာတော့ မသိဘူး။ လူတွေ ရေထဲမဆင်းပဲ နေတဲ့ အချိန်တတည်းထစပြီး တမေးတည်း မေးနေကြတော့တာပဲ"

"ကောင်းပြီလေ၊ ဘယ်သူ့ကိုမှ သူတို့ ပြဿနာ မလုပ်ဘူး ဆိုယင်တော့ ရှိပစေပေါ့"

ဘရေ့ဒီသည် ဟင်းဒရစ်နှင့် စကားပြောဆိုမှု အဆက်အသွယ် ဖြတ်တောက်ပစ်လိုက်ပြီးနောက် ခေတ္တမျှစောင့်ဆိုင်းနေလိုက်သည်။ ထို့နောက် ခလုတ်တခုကို နှိပ်လိုက်သည်။

"ဟူးပါးလား။ ဘရေ့ဒီ ပြောနေဘာယ်၊ ဘာသတင်းထူးသေးလဲ။ ကိုယ်ပြောနေတာ ကြားရဲ့လား။ အကြောင်းပြန်ပါ"

ဘရေ့ဒီထံမှ တတိယအကြိမ် ဆက်သွယ်မှု ပြုလုပ်ပြီးသော အခါတွင်မှ ဟူးပါး၏ ထူးသံကို ကြားလိုက်ရသည်။

"ဝမ်းနည်းပါတယ် ခင်ဗျာ။ ကျွန်တော် ပဲ့ပိုင်းကို ရောက်နေလို့ပါ၊ ကျွန်တော် တခုခု မြင်လိုက်မိတယ်ထင်လို့"

"ဟုတ်လား၊ ဘာကို မြင်လိုက်သလဲ"

"ဘာမှ မဟုတ်ပါဘူး၊ သေချာပါတယ်။ ကျွန်တော် မျက်စိမှောက်သွားတာပါ"

"အဲဒီ မြင်လိုက်မိတယ်ဆိုတဲ့ အရာဟာ ဘာဖြစ်လိမ့်မယ်လို့ ခင်ဗျား ထင်သလဲ"

"မထင်တတ်အောင်ပါပဲ။ အရိပ် တခုခုလဲ ဖြစ်တန်ရာကောင်းပါတယ်။ နေရောင်ကြောင့် ရေပြင် အရောင်တောက်သွားတာ ဖြစ်လေမလားပဲ"





"ကောင်းပြီလေ၊ အဲဒီနေရာမှာ ထပ်လေ့လာကြည့်နေပါအုံး။ ကျုပ်လဲ မကြာခင်မှာ ခင်ဗျားနဲ့အတူ ထပ်ပြီးလေ့လာပါအုံးမယ်"

"ဟုတ်ကဲ့၊ မိနစ်ပိုင်းအတွင်းမှာပဲ ကျွန်တော့် ခမ်ာတော်ဟာ အများပြည်သူသုံးတဲ့ ရေချိုးဆိပ်ရဲ့ရှေ့ကို ရောက်လာပါလိမ့်မယ်"

ဘရေ့ဒီသည် စကားပြောစက်ငယ်ကို ပိတ်ပစ်လိုက်ပြီး အိတ်ထဲသို့ ပြန်ထည့်လိုက်သည်။ ထို့နောက် အသားညှပ် ပေါင်မုန့်ကို ထုတ်ယူလိုက်၏။ စည်သွတ်ဘီယာဗူးများကို အအေးစိမ်ထားသည့် ရေခဲထည့်ထားသော ပလတ်စတစ်အိတ်နှင့် နီးကပ်စွာတွေ့ထိထားခြင်းခံရသဖြင့် အသားညှပ် ပေါင်မုန့်များမှာ အေးစက်ခဲတောင့်လျက် ရှိနေချေပြီ။

မွန်းလွဲ နှစ်နာရီ ခွဲခန့်တွင်မူ ကမ်းခြေ တခုလုံးတွင် လူသူလေးပါး လုံးဝ ကင်းစင်သွားတော့မလောက် ဖြစ်ခဲ့သည်။ နံနက်ခင်းက ကမ်းခြေသို့ ရောက်ရှိလာခဲ့သူများမှာ ယခုအခါတွင် တင်းနစ်ကစားကွင်းများဆီသို့လည်းကောင်း၊ အချို့မှာ လှေလှော် ရွက်လွှင့်ရန် ဝင်လယ်ဝဆီသို့လည်းကောင်း၊ အချို့မှာ ဆိတ်ကသာ အလှမြှုပြင်ရေး ဆိုင်များသို့လည်းကောင်း ထွက်ခွာသွားကြ ကုန်ပြီဖြစ်သည်။ ရေချိုးဆိပ်တွင် ယခုထက်တိုင် ကျန်ရှိနေကြသေးသူများမှာ ဒါဇင်ဝက်ခန့်သော ဆယ်ကျော်သက်ရွယ်လူငယ်များနှင့် လူဓကြီး မိသားတစုတို့သာလျှင် ဖြစ်သည်။

ဘရေ့ဒီ ခြေထောက်များမှာလည်း နေရောင်ခြည်အောက်တွင် အနေကြာခဲ့ပြီဖြစ်သည်မို့ ပူစပ်ပူလောင်ဖြစ်လာခဲ့ပေပြီ။ သို့နှင့် သူသည် မျက်နှာသုတ်ပဝါဖြင့် သူ၏ ခန္ဓာကိုယ် အောက်ပိုင်းအား ရစ်ပတ်လွှမ်းခြုံထားလိုက်သည်။ အခြားသော လုံခြုံရေး စခန်းများတွင် မည်သို့သော ထူးခြားမှုများ ရှိသည်ကို သိလိုသဖြင့် ဝေါ(လ်)ကီတော်(လ်)ကီကို ထုတ်ယူပြီး ဟင်းဒရစ်ထံ ဆက်သွယ်မှု ပြုလိုက်သည်။

*



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေ ထူးသေးလဲ လီယိုနတ်(ဒ်)"

"ထူးခြားမှု မရှိပါဘူး ဆရာ"

"ရေထဲဆင်းကူးတဲ့သူတွေရော ရှိသေးလား"

"ဟင့်အင်း၊ မရှိပါဘူး ခင်ဗျ"

"အေး၊ ဒီမှာလဲ အဲဒီအတိုင်းပဲ။ ဒါထက် လက်မှတ်လိမ်ရောင်းနေတဲ့ ကောင်တွေနဲ့ပတ်သက်လို့ ဘာသတင်း ကြားရသေးလဲ"

"ဟင့်အင်း၊ အဲဒီလက်မှတ် ကိုင်ထားတဲ့လူတွေ ကျွန်တော့်ဆီ ထပ် မလာကြတော့ပါဘူး။တယောက်ယောက်က အဲဒီလူကို သတိပေးလိုက်ပြီ ထင်တယ်"

"ဟိုရုပ်မြင်သံကြား ကုမ္ပဏီက လူတွေကော...."

"သူတို့ ထွက်သွားကြပြီလေ၊ မိနစ်ပိုင်းလောက်ပဲ ရှိသေးတယ်။ ဆရာ ဘယ်မှာ ရှိနေတယ်ဆိုတာကိုလဲ သူတို့က သိချင်နေကြတယ်"

"ဘာ့အတွက်လဲ"

"ကျွန်တော့်ကို မကျေနပ်လို့ပဲ ဖြစ်မှာပေါ့"

"မင်းကကော....ငါ ဘယ်မှာရှိတယ်ဆိုတာ သူတို့ကို ပြောလိုက်သေးသလား"

"ဟုတ်ကဲ့ ပြောလိုက်ပါတယ်။ လျှို့ဝှက်ထားစရာ အကြောင်း မရှိဘူး ထင်လို့ပါ"

"ဟုတ်ပြီလေ၊ တော်ကြာမှ မင်းဆီ ငါ တခါ ထပ်ခေါ်လိုက်အုံးမယ်"

ဘရော့ဒီသည် လဲလျောင်းနေရာမှ ထ,လိုက်သည်။ မျက်နှာသုတ်ပဝါကို ခါးလယ်တွင် ရစ်ပတ်လိုက်ပြီးနောက် ရေစင်သို့ဆင်းခဲ့သည်။ ဝေါ(လ်)ကီ တော်(လ်)ကီ စကားပြော ဆက်သွယ်ရေးကိရိယာကိုလည်း လက်တွင်း၌ ကိုင်ထားသည်။

ထိုစဉ် သူ့နောက်ကျောဘက် တနေရာဆီမှ မော်တော်ကားစက်သံကို ကြားလိုက်ရသည်။ ထရပ်ကားဖြူကြီး တစီးသည်





ကော့(ချ်)လမ်းဘေးတွင် ရပ်ထားသည်။ ကား၏ ကိုယ်ထည်ပေါ်တွင် "ဒဗလျူအဲင်(န်) ဘီ စီ ရုပ်မြင်သံကြား သတင်းစဉ်ဌာန"ဟူသည့် စာတန်းကြီးကို ဆေးအနက်ဖြင့် ပီပြင် ထင်ရှားစွာ ရေးထားသည်။ ကား၏ ရှေ့ခန်းတံခါး ပွင့်လာပြီး လူတယောက် ဆင်းလာ၏။

သူ့ အနီးသို့ ထိုသူ ရောက်ရှိလာသည့်အခါ ဘရော့ဒီ့ စိတ်တွင် သူက မိမိ မြင်တွေ့ သိကျွမ်းဖူးသူတဦး ဖြစ်လေမည်လား ဟူ၍ သံသယ ဖြစ်မိသည်။ ထိုသူသည် လူငယ်ထဲကဖြစ်ပြီး လိမ်ကောက်ကောက် ဆံပင်ရှည်နှင့် ကုပ်ကွေးကွေး နှုတ်ခမ်းမွေးများကို ပိုင်ဆိုင်ထားသည်။

"စခန်းမှူးကြီး ဘရော့ဒီ ဆိုတာပါလား ခင်ဗျာ"

အနီးသို့ ရောက်လာသည်နှင့် ထိုလူရွယ်က မေးလိုက်သည်။

"ဟုတ်ပါတယ်"

"ကျွန်တော်တ ရုပ်မြင်သံကြား အစီအစဉ်(၄)က ဘော့(တ်)...ဒယ်(လ်)ဘန်ပါ။ စခန်းမှူးကြီး ဒီမှာ ရှိနေတယ်လို့ သူတို့က ...ပြောလိုက်တာနဲ့ ကျွန်တော် လိုက်လာခဲ့တာပါ"

"ခင်ဗျားက သတင်းထောက်လား"

"ဟုတ်ပါတယ်။ ကျွန်တော့် အဖွဲ့သားတွေက ကားထဲမှာ ရှိ...တယ်"

"ခင်ဗျားကို ကျုပ် မြင်ဖူးသလိုလိုပဲ။ ကဲ....ဒါထက် ကျုပ် ဘာ...း လုပ်ပေးရမလဲ"

"စခန်းမှူးကြီးနဲ့ 'တွေ့ဆုံမေးမြန်းခြင်း' လုပ်ချင်လို့ပါ"

"ဘာ့အတွက်လဲ"

"ငါးမန်းကိစ္စ တခုလုံးဆိုပါတော့....။ ဒီကမ်းခြေကို ဘယ်လို...ကြောင်းကြောင့် ပြန်ဖွင့်တယ်ဆိုတဲ့ အထိပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဘရော့ဒီက ခေတ္တမျှ တွေးဆ နေလိုက်သည်။မဆိုစလောက်သော သတင်း ထုတ်ပြန်ပေးလိုက် ရုံမျှနှင့် အမိတ်မြို့အား မည်သို့မျှ ထိခိုက် နစ်နာစေလိမ့်မည် မဟုတ်ဟု ယူဆသည်။ ထို့ကြောင့်…

"ကောင်းပြီလေ၊ ဖြစ်ပါတယ်။ ဘယ်နေရာမှာ ဆွေးနွေး [illegible] မြန်းချင်တာလဲ"

"ကမ်းခြေရေစပ်မှာ လုပ်ချင်ပါတယ်။ ဒါဖြင့် ကျွန်တော့် [illegible] သားတွေကို သွားအကြောင်းကြား ချေအုံးမယ်။ မိနစ်ပိုင်းအတွ[illegible] မှာပဲ ကျွန်တော် စက်အဖွဲ့ ပြင်ဆင်ပြီး ဖြစ်မှာပါ။ ဒီကြားထဲ[illegible] စခန်းမှူးကြီး လုပ်စရာရှိယင် အသင့် လုပ်ထားနိုင်ပါတယ်။ [illegible] တော်တို့ အသင့်ဖြစ်ယင် အသံပြုလိုက်ပါ့မယ်"

မစ်ဒယ်(လ်)ဘန်သည် ထရပ်ကားရှိရာသို့ ထွက်သွားသည်။

ဘရော့ဒီအနေဖြင့် ထူးထူးထွေထွေ လုပ်စရာဆို၍ ဘာမှ[illegible] လမ်းလျှောက်ယင်း အချိန်ဖြုန်း နေခြင်းသည်သာ အကောင်း[illegible] ဖြစ်၍ သူသည် ရေစပ်သို့ ဆင်းလာခဲ့၏။ ဆယ်ကျော်သက်[illegible] လူငယ်လေးများ၏ အနီးမှ ဖြတ်လျှောက်သွားသောအခါ လူ[illegible] တစုတို့သည် တစုံတခုကို အငြင်းအခုံ အလောင်းအစား ဖြစ်[illegible] ကြကြောင်း ဘရော့ဒီ သတိပြုမိလိုက်သည်၊ သို့နှင့် အနေသအ[illegible] ရပ်၍ နားထောင်ကြည့်လိုက်သောအခါ ဂျင်(မ်)အမည်ရှိ လူ[illegible] လေးတဦးအား ပင်လယ်ရေပြင်ထဲတွင် ဂိုတ်တရာခန့် အ[illegible] အဝေးအထိ ရေဆင်းကူးဝံ့လျှင် ဆုအဖြစ် ဆယ်ဒေါ်လာပေး[illegible] ဟု သူ့ သူငယ်ချင်းတသိုက်က စိန်ခေါ်နေခြင်းဖြစ်ကြောင်း [illegible] ရသည်။

သူငယ်လေးက ရေထဲသို့ ဆင်းမည်ပြုသောအခါ ဘရော့ဒီ[illegible] မိမိ မည်သူမည်ဝါဖြစ်ကြောင်း အသိပေး ပြောကြားပြီး ရေထဲ[illegible] ကြာရှည်စွာ မနေရန်လည်း မှာကြားလိုက်သည်။





ဂျင်(မ်)သည် ရေထဲသို့ လွှားကနဲခုန်ဆင်းပြီး စတင် ကူးခပ် လေတော့သည်။

ထိုစဉ် ဘော့(ဘ်)မစ်ဒယ်(လ်)တန်သည် ဘရော့ဒီ နောက် ကျောဘက်မှ ဒရောသောပါး ပြေးထွက်လာခဲ့ပြီး ရေကူးနေသော ဂျင်(မ်)အား လက်မြှောက် ဝှေ့ယမ်းကာ ဟစ်ခေါ်လိုက်သည်။

"ဟေ့…သူငယ်လေး ပြန်လာအုံး….၊ ခဏ ပြန်လာခဲ့အုံး"

ဂျင်(မ်)သည် ရေကူးရပ်လိုက်ပြီး မတ်တတ်ရပ်လိုက်၏။

"ဘာဖြစ်လို့လဲ…"

"ဘာမှမဖြစ်ပါဘူး။ရေထဲကို မင်း ခုန်ဆင်းသွားတာကို ဓာတ်ပုံ နည်းနည်း ရိုက်ချင်လို့ပါ။ ရမယ်….မှတ်လား"

"ရပါတယ်"

သူငယ်လေးသည် ကမ်းခြေသို့ ပြန်လျှောက်လာခဲ့သည်။

"သူ ဝေးဝေး ရောက်မသွားခင် ပြန်ခေါ်နိုင်တာ ကံကောင်း တာပဲ။ ဒီနေ့ ကျွန်တော်တို့ကလဲ ရေဆင်းကူးတဲ့ သူတွေအကြောင်း သတင်းအရ ယူချင်နေတာနဲ့ အတော်ပဲ"

ဘရော့ဒီ နံဘေးတွင် လူနှစ်ယောက်လာရပ်သည်။ တယောက် [illegible] ခြေသုံးချောင်းထောက် စင်တခု ပါရှိသော ၁၆ မီလီမီတာ [illegible]င်မရာကို ကိုင်ထားသည်။ သူက တောနင်းဖိနပ်၊ ဘောင်းဘီ [illegible]ည်၊ ကာကီရှပ်အင်္ကျီနှင့် သားရေအတွင်းခံ အင်္ကျီတထည်ကို ဝတ် [illegible]င်ထားသည်။ ကျန်တယောက်ကမူ ပထမလူထက် ပို၍ပုသည်၊ [illegible]သည်၊ ပို၍အသက်ကြီးသည်။ သူက မီးခိုးရောင်ဝတ်စုံကိုဝတ် [illegible]င်ထားပြီး အသံဖမ်းကိရိယာများကို ကိုင်တွယ်ထားသည်။

"ဟုတ်ပြီ၊ အဲဒီနေရာမှာနေ ဝါ(လ်)တာ။ ခင်ဗျားအသင့်ဖြစ်ပြီ [illegible]င် ကျွန်တော့်ကို ပြော"

မစ်ဒယ်(လ်)တန်သည် သူ့ အိတ်ကပ်မှ မှတ်စုစာအုပ်ကို ထုတ် [illegible]ိုက်ပြီး ဂျင်(မ်)အား မေးခွန်းများကို စတင် မေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အသက်ကြီးကြီးမုဂ္ဂိုလ်သည် မစ်ဒယ်(လ်)ထံလျှောက်လာပြီး ဝိုင်ယာကြိုးတခုဖြင့် ဆက်သွယ်ထားသော မိုက်ကရိုဖုန်း စကားပြောခွက်ကို လှမ်းပေးလာ၏။ ကင်မရာမင်းက ရိုက်ကူးမှုကို စလေပြီ။ မစ်ဒယ်(လ်)တန်က ကင်မရာကို မျက်နှာမူကာ "ကျွန်တော်တို့ဟာ ဒီကမ်းခြေကို မနက် ခပ်စောစောကတည်းက ရောက်လာခဲ့ကြပါတယ်။ ဒီကမ်းခြေမှာ ငါးမန်းရဲ့ အရိပ်အရောင်ကို မတွေ့ရသေးပါဘူး။ ဒါပေမယ့် လူတွေဟာ ကြောက်လန့်နေကြဆဲပါပဲ။ ဘယ်သူမှ ရေဆင်းမကူးဝံ့ကြပါဘူး။ ဟော...အခုတော့ စွန့်စားမယ့် လူစွမ်းကောင်းလေး ပေါ်လာခဲ့ပါပြီ။ သူ့နာမည်က ဂျင်(မ်) ပရက်(စ်)ကော့ပါတဲ့" ဟု ပြောချလိုက်သည်။ ထို့နောက် စကားပြောခွက်ကို သူငယ်လေး၏ ပါးစပ်အနီးတွင် တေ့ပေးကာ....

"ကဲ...ဆိုပါအုံး ဂျင်(မ်)ရဲ့။ မင်း ရေထဲကို ဆင်းကူးရမှာ ကြောက်စိတ် မဖြစ်မိဘူးလား"

"ဟင့်အင်း မကြောက်ပါဘူး၊ ရေထဲမှာ ဘာမှ ရှိမယ်လို့ မထင်ပါဘူး"

"မင်း ရေကောင်းကောင်း ကူးတတ်သလား"

"အို သိပ်ကူးတတ်တာပေါ့"

မစ်ဒယ်(လ်)တန်က ဂျင်(မ်)သို့ လက်ကမ်းပေးလိုက်သည်။

"အောင်မြင်ပါစေ ဂျင်(မ်)၊ အခုလို စကားစမြည် ပြောဖော်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်"

သူငယ်လေးက မစ်ဒယ်(လ်)တန်၏ လက်ကို ဆွဲကိုင် လှုပ်ယမ်းယင်း....

"ဟုတ်ကဲ့၊ အခု ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ဟော ! ရပ်လိုက်စမ်း"

မစ်ဒယ်(လ်)တန်က ကင်မရာမင်းသို့ ဟစ်အော်လိုက်သည်။

"ကဲ၊ အစက ပြန်ရိုက်မယ်ဗျာ။ ဒီမှာ ဂျင်(မ်)ရဲ့၊ မင်းကို ငါက ကျေးဇူးတင်ပါတယ်လို့ ပြောပြီးတဲ့အခါမှာ မင်းက ငါ့ကို ဘာမှ





နဲ့ပြောမနေနဲ့တော့လေ။ ချာကနဲလှည့်ပြီး ကင်မရာကို ကျောပေးလိုက်၊ ပြီးယင် ရေစပ်ဘက်ကို ဦးတည်ပြေးသွားလိုက်၊ ဟုတ်ပြီလား။ ဘာပေါက်ပြီနော်"

"ကောင်းပါပြီ ခင်ဗျာ"

သူငယ်လေးမှာ ချမ်း၍ တုန်နေပေပြီ။ သူသည် လက်မောင်းကို ပွတ်သပ်လျက် ရှိသည်။

"ဗျို့ တော့(မ်)"

ကင်မရာဆရာ၏အသံ ထွက်လာပြန်သည်။

"ချာတိတ်ရဲ့ ကိုယ်ကို ရေစိုနေတော့ သဘာဝမကျဘူး။ ခြောက်အောင် သုတ်ပစ်လိုက်ယင် ကောင်းမယ်။ ရေထဲကို အစကတည်းက ဆင်းခဲ့ပြီးတဲ့ ပုံမျိုး ရေစိုကြီးဖြစ်နေယင် မကောင်းဘူးဗျ"

သူ့အကြံပြုချက်ကို မစ်ဒယ်(လ်)တန်က လက်ခံပြီး ဂျင်(မ်)အား ခန္ဓာကိုယ်ပေါ်မှ ရေများ ခြောက်သွေ့သွားအောင် သုတ်ပစ်ဖို့ ကောင်းဘန်ရပြန်သည်။ သူငယ်လေးကလည်း ရုပ်မြင်သံကြားအရာရှိ၏ ဆန္ဒကို လိုက်လိုက်လျောလျော ဖြည့်ဆည်းပေး၏။ ထိုစဉ် ရေချိုးဒီအနီးမှ အသံတသံ ထွက်ပေါ်ခဲ့ပြန်သည်။ အသံရှင်မှာ (စ်)ဘိုရောက်(ဂျ်)၊ နယူးယောက်နယ်သား လူဝကြီး။

"အဲဒီမှာ ဘာလုပ်နေကြတာလဲ ဗျို့"

"ရုပ်မြင်သံကြား အစီအစဉ်အတွက် သတင်းတခု ရိုက်နေကြလေ။ သူတို့က လူတယောက် ရေထဲ ဆင်းကူးတာကို 'ဖြ' ဆိုတယ်"

"အို တုတ်လား၊ ကျုပ်လဲ ရေကူးဝတ်စုံယူလာခဲ့ယင် အကောင်း"

ဆွေ့က ရိုက်ကူးခဲ့သော တွေ့ဆုံ မေးမြန်းခန်းလေးကို ဒုတိယ မြန်လည်း ရိုက်ကူး ကြ ပြန်သည်။ သည် တကြိမ်တွင် မစ်ဒယ်(လ်)တန် လိုချင်သည့် ပုံစံအတိုင်း ဖြစ်သွားခဲ့သည်။ သူငယ်လေးက မစ်ဒယ်(လ်)တန် နှင့် လက်ဆွဲ နှုတ်ဆက်ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



စကားမျှ ထပ်မံပြောဆိုမနေတော့ပဲ ပင်လယ်ရေစပ်သို့ အပြေးထွက်သွားခဲ့လေ၏။

မစ်ဒယ် (လ်) တန်က ကင်မရာမင်းနှင့် အသံဖမ်း ဆရာထံ လျှောက်သွားပြီး ညွှန်ကြားချက်များကို ပေးလိုက်သည်။

"ဝေါ(လ်)တာ၊ ခင်ဗျားက ဆက်သာ ရိုက်ထား။ အိုက်(ဒ်) ခင်ဗျားကတော့ အသံဖမ်းစက်ကို ပိတ်ပစ်လိုက်နိုင်ပါပြီ"

ကင်မရာမင်းက ဂျင်(မ်) ကူးခတ်သွားရာ ရေကြောတလျှောက် နောက်မှနေ၍ ကင်မရာဖြင့် မလွတ်တမ်း ရိုက်ကူးလျက် ရှိသည်။

"ခင်ဗျား ပေ ဘယ်လောက်များ ရိုက်ထားချင်သလဲ"

မစ်ဒယ်(လ်)တန်အား မေးလိုက်သည်။

"ပေတရာလောက်ရယင် တော်ပါပြီ။ ပြီးယင် သူ ကမ်းကို ပြန် ကူးလာတဲ့အခါမှာလဲ အဆင်သင့် ရိုက်နိုင်အောင် ပြင်ထား"

ပင်လယ်ပြင်တွင် ကင်းလှည့် ခုတ်မောင်းလျက်ရှိသည့် ဖလစ်ကာ ၏ စက်သံကို ဘရော့ဒီ မသဲမကွဲ စတင် ကြားလာရပြီ ဖြစ်သည်။ ဘရော့ဒီက 'ဝေါ(လ်)ကီတော်(လ်)ကီ' ကို ထုတ်ယူလိုက်ပြီး ဟူး အား ခေါ်လိုက်သည်။

"ခုနက မြင်လိုက်ရတဲ့ဟာ ဘာဖြစ်တယ်ဆိုတာ သိပြီလား"

"ခုထက်ထိ ကျွန်တော် သဲသဲကွဲကွဲ မသိရသေးပါဘူး။ အင်း ဖြစ်မလား မသိဘူး။ ကျွန်တော့်မျက်စိတွေလဲ ညောင်းညာနေ မျက်စိမှောက် အမြင်မှားတာပဲ ဖြစ်လေမလား မသိဘူးဗျ"

ထိုစဉ် မစ်ဒယ်(လ်)တန်က ရုပ်မြင်သံကြား အဖွဲ့၏ အသံ စက်မှမိုက်ကရိုဖုန်းစကားပြောခွက်ကို ဘရော့ဒီ ပါးစပ်နှင့်ဝေါ(လ်) ကီတော်(လ်)ကီ သတင်းပို့စက်အကြားသို့ အတင်းလာရောက် ထည့်ပြီး အသံဖမ်းယူနိုင်ရန် ကြိုးစားသည်။ ဘရော့ဒီ ပါး အတွင်းသို့ မိုက်ကရိုဖုန်းကြီး ဝင်သွားလု မတတ် ဖြစ်သွား ဘရော့ဒီက တွန်းဖယ်ပစ်လိုက်သည်။ မစ်ဒယ်(လ်)တန်က ဇွဲမလျော့ ချေ။ နောက်တကြိမ် ထပ်မံ ကြိုးစားပြန်သည်။ ယခုတကြိမ်တွင်





သူ့မိုက်ကရိုဖုန်းကို ဘရော့ဒီ နှုတ်ခမ်းနှင့် တလက်မခန့်ကွာဝေးသည့် နေရာတွင် ထားပေးရှာသည်။

ဘရော့ဒီ မြင်ကွင်းအတွင်းသို့ 'ဖလစ်ကာ' ဝင်ရောက်လာခဲ့ပြီ။

"ဟူးပါ။ ကောင်လေးတယောက် ရေထဲ ဆင်းကူး နေတာ ခင်ဗျား တွေ့မိသလား။ အခု ကမ်းခြေတနေ ဂိုက် သုံးဆယ်လေးဆယ် အကွာလောက်မှာ ရောက်နေပြီ။ အဲဒါ ခင်ဗျားက သူ့ကို ပြောလိုက်ပါ။ ကမ်းခြေကို ပြန်ကူးလာခဲ့တော့လို့"

ဘရော့ဒီသည် အသံလွှင့် သတင်းပို့စက်ကို သူ့ခါးတွင် ရစ်ပတ် ထားကာ မျက်နှာသုတ်ပဝါတွင် ချိတ်ထားလိုက်သည်။ သူ့လက်နှစ် ဘက်ကိုလည်း အော်လံသဖွယ် ပြုလုပ်ပြီး ဂျင့်(မ်)ထံသို့ လှမ်း၍ အော်လိုက်သည်။

"ဟေ့....ချာတိတ်၊ ပြန်လှည့်လာခဲ့တော့၊ တော်လောက်ပြီ"

"ဘုရားသခင် ကယ်တော်မူပါ။ ခင်ဗျားကလဲ လုပ်လိုက်မှဖြင့် ချမ်းပဲ။ ကျုပ်နားအုံ ပွင့်ထွက်သွားလိမ့်မယ်"

ဘရော့ဒီ အော်သံသည် နားကျပ်များ တပ်ဆင်၍ စနစ်တကျ အသံဖမ်းယူနေသော ရုပ်မြင်သံကြားစက်အဖွဲ့မှ အသံဖမ်းဆရာ၏ နားနှစ်ဘက်ကို ကောင်းကောင်းကြီး ဒုက္ခပေးလိုက်လေသည်။

ရေပြင်ပေါ်တွင် ကူးခပ်နေသော သူငယ်ကမူ ဘရော့ဒီ အော် သံကို အလျှင်းမကြားချေ။ သူသည် ရေ့တူရူသို့ ဆက်လက် ကူးခပ်မြဲ ခပ်လျက် ရှိသည်။ ဂျင်(မ်)အား ဆယ်ဒေါ်လာ ပေးမည်ဟု ဆို စိမ်ခေါ်ခဲ့သည့် ကမ်းခြေပေါ်မှ သူငယ်ကလေးကသာ ဘရော့ဒီအော်သံကို ကြားသဖြင့် ရေစပ်သို့ ဆင်းလာခဲ့သည်။

"ဘာဖြစ်နေလို့လဲ"

ကောင်လေးက မေးသည်။

"ဘာမှမဖြစ်ပါဘူး၊ သူ ပြန်ကူးခဲ့ဖို့သင့်ပြီလို့ ငါထင်လို့"

"ခင်ဗျားက ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေး၊ ငါက ဒီမြို့ရဲ့ ရဲစခန်းမှူးကြီးပဲ။ ဒီတော့ မင်း ဝင်မ
သေးဖယ်နေ၊ ပြီးတော့ ဟေ့လူ ခင်ဗျားရဲ့ သောက်မိုက်ကရိုဖူ
ထိုလဲ ကျုပ်မျက်နှာရှေ့မှာ တရစ်ဝဲဝဲလုပ်မနေနဲ့။ ဖယ်ပေးစမ်း"

ဘရော့ဒီက ညစ်ညမ်းစွာ ဆဲရေးလိုက်သည်။

မစ်ဒယ်(လ်)တန်က မျက်လုံးပြူးနေသော သူ့အသံဖမ်းဆရာ
အေးဆေးစွာ လှမ်းပြောလိုက်သည်၊

"မပူပါနဲ့ အိုက်(ဗ်)၊ အဲဒီညစ်ညစ်ညမ်းညမ်း ဆဲရေးတိုင်းထွ
နေရာကို တို့များ ပြုပြင် တည်းဖြတ်၊ ဖြတ်တောက်ပစ်လိုက်
ရပါတယ်"

ဘရော့ဒီက အသံလွှင့်သတင်းယူစက်ငယ်ကို ခါးမှ ပြန်လည်ဖြု
ယူလိုက်ပြန်သည်။

"ဟူးပါးရေ၊ ချာတိတ်က ကျုပ် ပြောတာကို မကြားဘူး
အဲဒါ ခင်ဗျားကပဲ ပြောလိုက်စမ်းပါဗျာ။ နောက်ကြောင်းပြန်
လာခဲ့တော့လို့"

"ကောင်းပါပြီ၊ ကျွန်တော် ပြောလိုက်ပါမယ်"

'ဖလစ်ကာ' သည် အနောက်အရပ်သို့ ဦးတည်လျက် ရှိနေ
လက်ဝဲဘက်သို့ ကွေ့ချလိုက်သည်။ ရုတ်တရက် အရှိန်ဖြင့် ကွေ့
လိုက်သည် ဖြစ်ခြင်းကြောင့် ပင်လယ်ပြင်မှ ရေများသည် အထ
ရေပန်းတခုသဖွယ် စဉ်ထွက်သွားကြကုန်သည်။

"အဲ...အဲဒီ မော်တော်ကို အမီအရ ရိုက်ဟေ့ ဓါ(လ်)တာ"

မစ်ဒယ်(လ်)တန်က သူ့ ကင်မရာ ဆရာထံသို့ အော်ပြော
သည်။

*

ငါးမန်းကြီးသည် ယင်း၏ ဦးခေါင်းအထက်ရှိ ရေပြင်ပေါ်
ဖြစ်ပေါ်လျက်ရှိသည့် ဆူသံ ညံသံများကို ကောင်းစွာ ကြားသိ
လေပြီ။ သူသည် ဖလစ်ကာ မော်တော်၏ အောက်ဘက် ရေရှစ်ဆ





အကွာရှိ ရေအောက် သဲကြမ်းပြင်ပေါ်တွင် ရုပ်တိုက်၍ ကူးခပ်နေ
ခြင်း ဖြစ်သည်။ မကြာမတင်မီကပင် ငါးမန်းကြီးသည် ယင်း၏
ဦးခေါင်းအထက်ရှိ ဆူညံသံ ဖြစ်ပေါ်စေသော အရာ ကို သူတေ
သနပြုလုပ်ရန် အထက်သို့ နှစ်ကြိမ် တက်လာခဲ့သေးသည်။ နှစ်ကြိမ်
လုံးပင် ဖလစ်ကာ၏ ဝမ်းဗိုက်အောက် တကိုက် (သို့မဟုတ်)
နှစ်ကိုက်ခန့်သာ ကွာလှမ်းသော အကွာအဝေးမှနေ၍ ကူးခပ် လိုက်
ပါသွားယင်းမှ လေ့လာခဲ့သည်။

သို့သော် သူ့ခေါင်းပေါ်မှ ယင်း 'ဆူဆူညံညံ' ကြီးသည် မည်
သည့် အရာဝတ္ထုကြီးဖြစ်မှန်း မသေမချာ ဖြစ်နေသည်နှင့် ငါးကြီးက
ခင်ရောက်တိုက်ခိုက်ခြင်း မပြုခဲ့ချေ။ ထို့အတူ ယင်း ပစ္စည်းကြီးနှင့်
ဝေးရာသို့ ရှောင်တိမ်းထွက်ခွာသွားခြင်းလည်း မပြုပဲ နေခဲ့သည်။

ဂျင်(မ်)သည် ရေကူးနေရာမှ ရပ်နားလိုက်သည်။ ကိုယ်ကိုဖော်၍
ခေါင်းကိုမော့ယင်း ကမ်းခြေသို့ပြန်မျှော်ကြည့်လိုက်သည်။ ဘရော့ဒီ
က သူ့ လက်နှစ်ဘက်ကို မြှောက်ပြယင်း ကမ်းစပ်သို့ ပြန်လာရန်
အော် ပြောဆိုလိုက်သည်။ သူငယ်ကလေးကလည်း ဘရော့ဒီ
ကို ကြားဟန်ဖြင့် ပြန်လည် လက်မြှောက်လိုက်ပြီးနောက်
ကမ်းစပ်ဘက်သို့ ပြန်သည် ကူးခပ်လာ၏။ သူငယ်ကလေးသည်
ကမ်းစပ်နှင့် ကိုက်ခြောက်ဆယ်ခန့် ကွာလှမ်း နေသေးသည်ဖြစ်ရာ
အနေဖြင့် အနည်းဆုံးတမိနစ် (သို့မဟုတ်) တမိနစ်ကျော်ကျော်
ကြာမြင့်အောင် ကူးခပ်နေရဦးမည် ဖြစ်သည်ကို ဘရော့ဒီ တွက်ဆ
သည်။

ဟူးပါးသည် ဖလစ်ကာ မော်တော်ကို တနာရီလျှင် ရေမိုင်
ငါးမိုင်နှုန်း မောင်းနှင်နေသည်ဖြစ်ရာ ရေကူးနေသော သူငယ်
ရှိရာ ကိုက်ဘရာခန့် အကွာအဝေးသို့ ရောက်ရန်မှာ စက္ကန့်
ဆယ်ခန့်သာ အချိန်ကြာမြင့်ခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငါးမန်းကြီးသည် သူ့ဦးခေါင်းထက်ရှိ ပစ္စည်းကြီး၏ မြည်သံ ပြောင်းလဲ ရွေ့လျားပုံကို သတိပြုမိသည်။ သို့နှင့် အသံများ ပြူ ပေါ်ရာ အရပ်ဆီသို့ ဖြည်းညင်းစွာ လိုက်ပါသွားခဲ့လေသည်။

ဟူးပါးသည် ဂျင့်(မ်)ထံမှ ဂိုက်အနည်းငယ်ခန့် ကွာလှမ်းသည့် နေရာတွင် မော်တော်၏ စက်ရှိန်ကိုသတ်၍ ရပ်လိုက်သည်။ ဂျင်(မ်) က မော်တော်၏စက်သံကိုကြားသဖြင့် ခေါင်းမော့ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး"

ဟူးပါးက ဖြေသည်။

"...ဆက်သာ ကူးပါ"

ဂျင်(မ်)သည် ခေါင်းကို ရေပြင်ပေါ်သို့ ပြန်လည်စိုက်ချလိုက်ပြီး ဆက်လက်ကူးခပ်ပြန်သည်။ တကြိမ်တွင် သူသည် လှိုင်းတချက်ကို ဖြတ် သွားသဖြင့် သူ့ သာမန်ကူးခပ်ချက်ထက် ပိုမိုကွာလှမ်းသော အရှိန်သို့ ရောက်ရှိသွားခဲ့သည်။ ထိုနောက် နှစ်ချက်သုံးချက်ခန့် လက်ယက် ခြေခတ် လုပ်လိုက်ရုံဖြင့် သူသည် မတ်တတ်ထရပ်နိုင်လောက်သည့် ရေအနက်သို့ ရောက်ရှိသွား၏။ ပင်လယ်ရေသည် သူ့ပခုံးနှင့် တတန်းတည်း ဖြစ်နေသည်။ သူသည် ဆက်လက် ကူးခပ်ခြင်းမပြု တော့ပဲ ရေထဲတွင် ခြေကို လျှောတိုက်ပြီး လျှောက်လာခဲ့သည်။

"တဲ....ကဲ လာစမ်း"

ဘရော့ဒီက ဂျင့်(မ်)အား ဆီးကြိုခေါ်ငင်သည်။

"လာနေပါပြီဗျ၊ ဘာဖြစ်နေလို့လဲ"

ဘရော့ဒီနောက်မှ မစ်ဒယ်(လ်)တန်က သူ့ကင်မရာမင်းအား လှမ်းမေးလိုက်သည်။

"ခင်ဗျား အခု ဘာရိုက်နေသလဲ ဝါ(လ်)တာ"

"ကလေးနဲ့ ရဲ နှစ်ယောက်စလုံးကို ရိုက်နေဘယ်။ တကွက်ထဲ မှာပဲ ရဲရော ကလေးရော ဝင်အောင်ရိုက်နေတယ်"





"ဟုတ်ပြီ၊ ကောင်းတယ်။ အိုက်(ဗ်)…. ခင်ဗျားတော့ အသံ ဖမ်းနေသလား"

အသံဖမ်းဆရာက ခေါင်းညိတ်ပြသည်။

မစ်ဒယ်(လ်)တန်က စကားပြော မိုက်ကရိုဖုန်းကို ကောက်ယူ လိုက်ပြီး—

"ဒီအစီအစဉ်ကို ရှုစားနေကြတဲ့ ပရိသတ်များ ခင်ဗျား။ အခု ဆိုယင် တခုခုတော့ အမှန်တကယ် ဖြစ်ပျက်သို့ နေပါပြီ။ ဘာ ဖြစ်တယ် ဆိုတာကိုသာ ယတိပြတ် ပြောမပြနိုင်သေးတာပါ။ တခုခု တော့ တကယ်ပဲ ဖြစ်ပျက်နေပါတယ်။ အားလုံး သိကြပြီး ဖြစ်တဲ့ အတိုင်း ဂျင်(မ်)ပရက်စကော့(တ်)ဟာ မကြာခင် ကလေးကပဲ ပင်လယ်ထဲကို ရေဆင်းကူးခဲ့ပါတယ်။ အဲ…မော်တော်ပေါ်မှာရှိတဲ့ လူက ရေပြင်ပေါ်မှာ တစုံတခုကို မြင်တွေ့သွားခဲ့ပါတယ်။ အခု ဆိုယင် ရဲစခန်းမှူးကြီး ဘရော့ဒီဟာ ကောင်ကလေး ကမ်းစပ် ပေါ်ကို ဖြစ်နိုင်သမျှ အမြန်ဆုံး ပြန်လည်ရောက်ရှိလာရေးအတွက် ကြိုးစားနေပါတယ်။ ဒါဟာ ငါးမန်းကြောင့်လဲ ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် အသေအချာတော့ မပြောနိုင်သေးပါဘူး ခင်ဗျား"

ဟူးပါးသည် မော်တော်ကို နောက်ပြန် ပြန်ကွေ့ လိုက်သည်။ သူသည် အမှတ်မထင် ပဲ့ပိုင်းသို့လှည့်လိုက်သလို ဖြစ်သွားခဲ့သည်။ ထိုစဉ်မှာပင် ငါးမန်းကြီး၏ ငွေရောင်ကျောရိုး ဆူးတောင်ကြီးကို မြင်တွေ့လိုက်ရတော့သည်။ ပထမတွင် ယင်းသည် နေခြည်အောက် တွင် ခိုပြာရောင်လှိုင်းလုံးများဖြင့် ရောနှောနေသဖြင့် ဟူးပါးသည် သူ့မျက်စိကိုပင် သူ သံသယ ဖြစ်သွားခဲ့သေးသည်။ သို့သော် အောက်သို့ လှိုင်းလုံးများ ပြန်လည်ကျဆင်းသွားချိန်တွင်မူ သေမင်း မြို့ကြီး၏ ကျောရိုး ဆူးတောင်ကြီးသည် တခုတည်း လွတ်လွတ် ကင်းကင်း ထင်းထင်းရှင်းရှင်းကြီး ကျန်ရစ်လျက် ရှိလေသည်။

"ဟော့ ....သတိထား၊ သတိထား"

"ဘာလဲဗျ" ဘရော့ဒီက ပြန်မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါးကြီးဗျ....ငါးကြီး၊ ကောင်လေးကို ဆွဲတင်၊ မြန်မြန်ဆွဲတင်ပါဗျ"

ဂျင်(မ်)သည် ဟူးပါး၏ ဟစ်အော်ပြောဆိုသံကို ကြားလိုက်ရသဖြင့် ရေထဲမှ အမြန်ဆုံးပြေးထွက်ရန် ဟန်ပြင်လိုက်သည်။ သို့သော် ရင်ဘတ်အထိနက်သော ရေထဲတွင် လိုသလိုပြေး၍ မရကြောင်း လက်တွေ့တွင် ဂျင်(မ်) သိလာရတော့သည်။ သူ့လှုပ်ရှားမှုများသည် ကုန်းမြေပေါ်မှာထက် ပိုမိုအားစိုက်ထုတ်ရကြောင်း၊ ပိုမိုနှေးကွေးနေကြောင်း တွေ့မြင်နေရသည်။ ထိုအချိန်မှာ လှိုင်းလုံးတလုံးက သူ့အား ဝင်ရောက် ဆောင့်တိုက် ပစ်လိုက်မှုကြောင့် သူငယ်လေးမှာ ဘေးစောင်းယိမ်းယိုင်သွားခဲ့ရသေးသည်။ သူသည် ဒယိမ်းဒယိုင် ဖြစ်နေရာမှ ရှေ့သို့ ကိုယ်ကို ဟပ်ထိုးလှဲချလိုက်သည်။

ဘရော့ဒီသည် ရေထဲသို့ ပြေးဆင်းလာပြီး ဂျင်(မ်)အား ကူညီရန် အားထုတ်သည်။ ထိုစဉ်မှာ လှိုင်းလုံးတလုံးက ဘရော့ဒီ၏ ဒူးနှစ်ဘက်ကို ဝင်ဆောင့်လိုက်ရာ ဘရော့ဒီမှာ နောက်ပြန်လဲကျလု နီးပါး ဖြစ်သွားရသည်။

မစ်ဒယ်(လ်)တန်က မိုက်ကရိုဖုန်းထဲသို့ စကားအချို့ကို ပြောထည့်လိုက်ပြန်သည်။

"မော်တော်ပေါ်မှာရှိတဲ့ပုဂ္ဂိုလ်က 'ငါး' ဆိုတဲ့ စကားတခွန်းကို သူပြောတဲ့စကားထဲမှာ ထည့်ပြောသွားခဲ့ပါတယ်။ အဲဒီ ငါးဟာ ငါးမန်း ကိုပဲ ဆိုလိုသလားဆိုတာ မသိပါဘူး"

"ဘာလဲ...ငါးမန်းကြီး၊ ဟုတ်လား။ ကျုပ်ဖြင့် မတွေ့မိပေါင်"

ကွင်း(စ်)ဘိုရောက်(ခ်) နယူးယောက်သား လူဝကြီး၏ အသံ ဖြစ်သည်။

သူသည် မစ်ဒယ်(လ်)တန်၏ အနောက်ဘက်သို့ ကပ်၍ ရပ်လျက် ရှိသည်။

မစ်ဒယ်(လ်)တန်က နောက်သို့ လှည့်လိုက်ပြီး....

"ခင်ဗျားက ဘယ်သူလဲ"





"ကျုပ်နာမည်က လက်စတာကရော့(စ်)လို့ ပါတဲ့။ ခင်ဗျားက ကျွန်တော်နဲ့ အင်တာဗျူး လုပ်ချင်သလား"

"သွားစမ်းပါ....လာရှုပ်မနေနဲ့"

မစ်ဒယ်(လ်)တန်က ဟောက်ထုတ်လိုက်သည်။

သူငယ်ကလေးသည် ကမ်းစပ်သို့ အလျင်အမြန် ရွေ့လျားလာလျက် ရှိနေသည်။ သူ့လှုပ်ရှားခြင်းမှာ ရေကူးခြင်း မဟုတ်သလို လမ်းလျှောက်ခြင်းလည်း မမည်ပေ။ ရေအနက်မှာ ခါးလယ်ခန့်သာ ရှိတော့သည်မို့ ရှေ့ဆက် ရေကူး၍ မလွယ်တော့သလို လမ်းလျှောက်ရန်လည်း လွတ်လွတ်လပ်လပ် မဖြစ်သေးချေ။ သို့နှင့် သူသည် သူ့ရှေ့ရှိ ရေထုအား လက်နှစ်ဘက်ဖြင့် ဗယ်ညာယက်ယင်းနှင့် ကမ်းပေါ်သို့ အပြေးအလွှား တက်လာနေခြင်းသာ ဖြစ်လေသည်။ သူ့အသွင်သဏ္ဍာန်မှာ ကုန်းကုန်းကွကွကြီး ဖြစ်၍နေသည်။

ထိုစဉ်မှာပင်–

ငါးမန်းကြီး၏ ငွေရောင်ညစ်ညစ် ကျောရိုးဆူးတောင်ကြီးသည် သူငယ်လေး၏နောက်ဘက် ရေပြင်ပေါ်တွင် ဘွားကနဲ ပေါ်လာလေတော့သည်။ ဓားပါးပါးဖြင့် ရေလွှာပြင်ကို ခွဲနေဘိသကဲ့သို့ ဖြစ်သည်။

ဂျင်(မ်)နှင့် များစွာ ကွာလှမ်းခြင်း မရှိ။

အလွန်ဆုံးရှိလှမှ ငါးဂိုက်သာ။

"ဟော....ဟော....ဟိုမှာတွေ့လား သားတို့။ ဘင်နီ တွေ့လား။ သားငယ် ဒေဗီကော မြင်ရဲ့လား။ ဟိုမှာလေ"

လူဝကြီး ကရော့(စ်)လီက သူ့သားများသို့ အားပါးတရ ဟစ်အော် ပြောဆိုလိုက်သည်။

"ဝေါ(လ်)တာ၊ ဟိုမှာ တွေ့ရဲ့လား"

မစ်ဒယ်(လ်)တန်က သူ့ကင်မရာဆရာသို့ အားတက်သရောမေး လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့...တွေ့တယ်၊ ကျွန်တော် အဝေးရိုက်မှန်ဘီလူးနဲ့ ဖမ်းဆွဲပြီး ရိုက်ရနေတယ်။ ဟုတ်ပြီ...ဝင်ပြီ...ဝင်ပြီ"

"ဟေ့...မြန်မြန်...ဖမ်းဆွဲလိုက်"

ဘာရေ့ဒီက ဂျင်(မ်)ထံသို့ ဒရောသောပါး ပြေးဆင်းသွားပြီး လက်ကမ်းပေးလိုက်သည်။ သူငယ်ကလေး၏ မျက်လုံးများမှာ ဝိုင်းစက် ပြူးကျယ်လျက် ရှိပေပြီ။ သူ့နှာသီးမှာလည်း ရဲတွတ်လျက်ရှိသည်။ နှာဝတွင်လည်း နှာရည်များ၊ နှပ်များပင် ယိုစီး၍ နေလေသည်။ ဘာရေ့ဒီ လက်တဘက်သည် သူငယ်လေး၏ လက်ကို ဖမ်းမိသည်နှင့်တပြိုင်နက် အားကုန် ဆောင့်၍ ဆွဲလိုက်ရာ ဂျင်(မ်)မှာ ရွှေ့ကနဲ မြောက်တက်လာခဲ့သည်။ ဤတွင် ဂျင်(မ်) ရင်ဘတ်ကို သူ၏ခါးစောင်းတွင် တင်ပြီးသည်နှင့် တပြိုင်နက် ဘာရေ့ဒီသည် အလျင်မြန်ဆုံးသောအဟုန်ဖြင့် ကုန်းပေါ်သို့ တက်ပြေးလေတော့သည်။

ယင်း၏ နှာတဖျားတွင် ရောက်ရှိနေခဲ့သော သားကောင်မှာ လက်မတင်လေး လွတ်မြောက်သွားခဲ့ပြီ ဖြစ်ကြောင်း သိရှိသွားသည်နှင့် တပြိုင်နက် ငါးမန်းကြီးသည် သူ၏ ခန္ဓာကိုယ်ကြီးကို အောက်သို့ နိမ့်ချလိုက်သည်။ ထို့နောက် ထို့ထက်ပို၍ နိမ့်သော အောက်ပိုင်း သဲကြမ်းပြင်ရှိရာသို့ ငုပ်လျှိုးဝင်ရောက် ကွယ်ပျောက်သွားခဲ့၏။

"ဘယ်လိုလဲ၊ မင်း စိတ်လှုပ်ရှားတုန်းပဲလား"

ဘာရေ့ဒီက ဂျင်(မ်)အား မေးလိုက်သည်။

"ကျွန်တော် အိမ်ပြန်ချင်တယ်"

သူငယ်လေးမှာ ခိုက်ခိုက်တုန် ချမ်းနေရှာပြီ ဖြစ်သည်။

"အေးပါ၊ မင်းပြန်ချင်နေပြီဆိုတာ ငါသိပါတယ်"

ဘာရေ့ဒီက ဂျင်(မ်)အား သူ့သူငယ်ချင်းများ ရှိရာသို့ ခေါ်သွားရန် ဟန်ပြင်လိုက်သည်။ သို့သော် မစ်ဒယ်(လ်)တန်က ဝင်ရောက် နှောင့်ယှက် လာပြန်သည်။





"ခုနစကားကို တခေါက်ပြန်ပြောပါလား ခင်ဗျာ။ ကျွန်တော် ရှုပ်မြင်သံကြား အစီအစဉ်အတွက်"

"ဘာ...ဘာကို ပြန်ပြောရမှာလဲ"

"အာပဲဖြစ်ဖြစ်ပေါ့။ ခုနက သူငယ်လေးကို ခင်ဗျားပြောလိုက်တဲ့ စကားကို တခေါက် ပြန်ပြောပြလို့ ဖြစ်မယ်ဆိုယင် ပြောပြပေးပါလား။ ကျွန်တော်တို့ အသံမသွင်းလိုက်ရပဲ လွတ်သွားခဲ့လို့"

"သောက်လုပ်တာလဲ ရှုပ်လိုက်တာ၊ ဖယ်စမ်းပါ၊ ကျုပ်ရှေ့က ပိတ်မထားပါနဲ့"

ဘာရေ့ဒီက ပြတ်သားတိုတောင်းစွာ ပြောလိုက်ပြီး ဆယ်ကျော်သက်လေးများရှိရာသို့ လျှောက်သွားခဲ့သည်။

"ကဲ...ဂျင်(မ်)ကို ဆယ်ဒေါ်လာ ပေးမယ်ဆိုတဲ့လူက သူ့ကို ဖိုက်ဆံ ဆက်ဆက်ပေးလိုက်၊ ပြီးတော့ သူ့ကို အိမ်တိုင်ရာရောက် လိုက်ပို့ပေးလိုက်၊ ကြားလား"

ဂျင်(မ်)က ခေါင်းညိတ်ပြသော်လည်း သူ့မျက်နှာမှာ သွေးမရှိသေး၊ ဖြူဖတ်ဖြူရော်နှင့် ကြောက်လန့်တုန်လှုပ်နေဆဲ။

ဘာရေ့ဒီသည် သူ့ ဝေါ(လ်)ကီ တော်(လ်)ကီကို သတိရသဖြင့် ရှာကြည့်သည်။ ရေစပ်တွင် လှိုင်းလုံးများ၏ ပုတ်ခတ်ကစားခြင်းကို ခံနေရရှာသည်။ ဘာရေ့ဒီက ကောက်ယူလိုက်ပြီး ရေကို ကုန်စင်အောင် သုတ်ပစ်လိုက်ပြီး ခလုတ်တခုကို နှိပ်လိုက်သည်။

"လီယိုနတ်(ဒ်)လားဟေ့။ အေး...ဒီမယ် သေသေချာချာ နားထောင်။ ရေဆင်းကူးတဲ့လူတွေရှိယင် ခုချက်ချင်းအားလုံး ကုန်းပေါ်တက်ခိုင်းလိုက်။ မြန်မြန်လုပ်။ နောက်ထပ် ဘယ်သူမှ ရေထဲ ထပ်မဆင်းနိုင်အောင်လဲ မင်း သေသေချာချာ စောင့်ကြည့်ခဲ့နဲ့။ နောက်ထပ် လူစားလဲပေးတဲ့ အထိပေါ့။ ကြားလား။ **အခုအချိန်ကစပြီး အမိတီရေချိုးဆိပ်ကို ပိတ်လိုက်ပြီ။ တရားဝင်ပိတ်လိုက်ပြီ။**

*



www.burmeseclassic.com

www.burmeseclassic.com



ငါးမန်းမြို့ကြီးပေါ်မှ ပေါက်လာမှုကြောင့် ရေချိုးဆိပ်လေးတွင် ရုတ်ရုတ်သဲသဲ လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီးနောက် ကြောက်စိတ် ငယ်ထိပ်တက်ကာ သတိလစ် မေ့မြောသွားရသူ ကလေးငယ် တဦးမှာ

# ၉

ကေသရာဇာ

www.burmeseclassic.com

www.burmeseclassic.com



# ၁၁

[က]

တနင်းလာနေ့၊

ပင်လယ် ရေမျက်နှာပြင်ကျယ်ကြီးသည် ကျောက်ကျောပြင်ကြီး တခုကဲ့သို့ ပြန့်ပြန့်ပြူးပြူး ငြိမ်ငြိမ်သက်သက် ရှိနေသည်။ ရေမျက်နှာပြင်ပေါ်တွင် လှိုင်းတွန့်ကလေးများ ဖြစ်သွားစေလောက်သည့် လေပြည်လေးပင်လျှင် တိုက်ခတ်နေခြင်းမရှိ။ လေသည် အထူးငြိမ်သက်လျက်။ နေပူရှိန်၏ စုပ်ယူမှုကြောင့် တံလှပ်တို့သည် ရေမျက်နှာပြင်၏ အထက်လေထုထဲတွင် တရှိန်ရှိန် တလက်လက် လွင့်တက်လျက် ရှိကြသည်။ တခါတရံတွင်မူ ဝေဟင်ထက်၌ ပျံသန်းလျက်ရှိကြသော ပင်လယ်စင်ရော်လေးများ ရေပြင်ပေါ်သို့ ပျံဆင်းလာပြီး အစာသုတ်တတ်သည်။ ဤသို့သော အခါမျိုးတွင်မူ စက်ဝိုင်း ပုံဆောင် ဝဲဂယက်လေးများသည် တခုပြီးတခု ဆင့်ကဲဆင့်ကဲ





ဖြစ်ပေါ်လာတော့သည်မှာ အဆုံးအစ အပိုင်းအခြား မရှိတော့သယောင်ပင် ထင်မှတ်ရလောက်သည်။

တံငါမော်တော်ကို ရေလယ်တွင် ငြိမ်သက်စွာ ရပ်ထားသည်။ ဒီရေ ဖြေဖြေးလေးတိုးလျက်ရှိသည့်မို့ မော်တော်မှာ ရေစီးကြောင်းအတိုင်း မသိမသာ ရွေ့လျား မျောပါလျက် ရှိသည်။ ငါးမျှားတံနှစ်ချောင်းကို တံငါမော်တော်၏ပဲ့ပိုင်းတွင် စိုက်ထားသည်။ ဟူးပါးသည် မော်တော်ပဲ့ပိုင်းရှိ ဂါလံနှစ်ဆယ်ဝင်သံစည်ကြီးတခု၏အနီးတွင် ထိုင်လျက် လိုက်ပါခဲ့၏။ ယင်းသံစည်ကြီး အတွင်းရှိ ပစ္စည်းများသည်ကား တိရစ္ဆာန်တို့၏ အရိအရွဲ အညစ်အကြေးများ။ တနည်းအားဖြင့် ငါးစာများ။ ဟူးပါးသည် ယင်းပုံးထဲရှိ ငါးစာအရိအရွဲများကို ယောက်ချိုတခုဖြင့် ခပ်ယူပြီး ပင်လယ်ရေပြင် ပေါ်သို့ မကြာခဏ ပက်ဖျန်းပေးလျက် ရှိသည်။

မော်တော်၏ ဦးပိုင်းဘွင်မူ တလက်မနီးပါး အချင်းရှိပြီး ဝိုက်တရာကျော်ရှည်သည့် ကြိုးများဖြင့် သစ်သားစည်ပိုင်း အလွတ်လေးများကို အတန်း နှစ်တန်းဖြုလုပ်ပြီး ကုန်းပတ်ပေါ်တွင် ချထားသည်။ ယင်း စည်ပိုင်းများကို ချည်နှောင်ထားသော ကြိုးတစ၏ အဖျားစွန်းများတွင်မူ သံမဏိမှိန်းတံများကို ခိုင်ခန့်စွာ တပ်ဆင်ထားပါ၏။

ဘရော့ဒီသည် မော်တော် ကုန်းပတ်ပေါ်တွင် အသေတပ်ဆင်ထားသော ကုလားထိုင်တွင် ထိုင်လျက်ရှိသည်။ သူ့ခန္ဓာကိုယ်သည် ရာသီဥတု ပူအိုက်မှုကြောင့် ချွေးများဖြင့် စေးကပ်လျက် ရှိ၏။ ပင်လယ်ပြင်သို့ သူတို့ထွက်လာခဲ့သည်မှာ ခြောက်နာရီမျှ ကြာမြင့်ခဲ့ပြီ၊ ငါးမန်းကြီး ပေါ်လာနိုးနိုးဖြင့် နေရာမှ မရွေ့တမ်း ထိုင်၍စောင့်စားနေခဲ့သည့်တချိန်လုံး လေပြည်လေညင်း တိုက်ခတ်မှုဟူ၍ လုံးဝမရှိခဲ့။ သူ့ကုပ်ပိုးမှာလည်း နေလောင်လာခဲ့ပြီ။ သူ့ဦးခေါင်းကို အနည်းငယ် လှုပ်ရှားလိုက်လေတိုင်း ချွေးရွဲ၍ နူးညံ့ပျော့ပျောင်းနေသည့် သူ့ လည်ကုပ်သားကို မာတောင့်နေသော ယူနီဖောင်း၏

www.burmeseclassic.com



ကော်လာက ခါးဖြင့် တတိတိ လှီးဖြတ်နေတိသကဲ့သို့ ရှတတ ဖြစ်နေစေသေသည်။ သူ့ခန္ဓာကိုယ်မှထွက်သော အောက်သိုးသိုးချွေးနံ့များနှင့် ဟူးပါး၏ စည်ပိုင်းထဲမှ အညစ်အကြေး အနံ့များကလည်း သူ့နှာဝတွင် လာရောက် ဒုက္ခပေးလျက် ရှိကြသည်။

ဘရော့ဒီက သူ့ရှေ့တည့်တည့်ရှိ ခေါက်လှေကား တခုပေါ်တွင် ထိုင်နေသည့် ပုဂ္ဂိုလ်ကြီး၏ ရုပ်သွင်ကို ကြည့်လိုက်သည်။

ထိုသူမှာ ကံ့ါသည်ကြီး 'ကွင့်' ဖြစ်သည်။

စနေနေ့မွန်းလွဲပိုင်း၌ ငါးမန်းကြီးကို ပြန်ဘည်မြင်တွေ့လိုက်ရပြီးသည့် နောက်တွင် ဘရော့ဒီသည် သတင်းစာဆရာ ဟယ်ရီမီးဒိုး(စ်)နှင့် နယူးယောက် တိုင်း(မ်) သတင်းစာမှ သတင်းထောက် ဘီ(လ်)ဝှစ်(တ်)မင်းတို့၏ အကြံပေးမှုကြောင့် 'ကွင့်' အမည်ရှိ တံငါသည်ကြီး တဦးနှင့် ဆက်သွယ်မှု ပြုလုပ်ခဲ့သည်။ သူ့ တနေ့ဝင်ငွေမှာ ဒေါ်လာ နှစ်ရာခန့် ရှိသည်ဟု ကွင့်က ဆိုသည်။ ယခု ဖမ်းရမည့် ငါးမန်းဖြူကြီးမှာ သူ့အဖို့ အထူးတလည် ဆောင်ရွက်ပေးရမည့် လုပ်ငန်းဖြစ်သဖြင့် ဒေါ်လာ လေးရာ ပေးမှသာ ကူညီနိုင်မည် ဖြစ်ကြောင်း ကွင့်က ဈေးကိုင်သည်။ ငါးမန်းလိုက်ရှာယင်း တံငါသည် ဘင်ဂါဒနာ သေဆုံး သွားခဲ့ရကြောင်းကိုလည်း ကွင့်က သိထားခဲ့ပြီးဖြစ်သည်။ ယခု သူနှင့် ဈေးမတည့်ဖြစ်သွားပြီး နောက်မှ တဖန် သူ့ထံ ပြန်၍လည့် ချဉ်းကပ်လာမည်ဆိုပါက သူ့လုပ်အား၏ တန်ဖိုးမှာ တနေ့ ဒေါ်လာသုံးရာအထိ မြင့်တက်သွားလိမ့်မည် ဖြစ်ကြောင်းလည်း ခြိမ်းခြောက်ခဲ့သေးသည်။ သို့နှင့် ဘရော့ဒီမှာ မတတ်သာတော့ပဲ ကွင့်နှင့် သူ၏ငါးဖမ်းမော်တော် '**အော်ကာ**' ကို ငှားရမ်းခဲ့ရခြင်းဖြစ်သည်။ သူနှင့်ဟူးပါးတို့က ကွင့်အား ကူညီမှုပေးရန် အဘူလိုက်ပါလာခဲ့ကြခြင်း ဖြစ်သည်။

ဘရော့ဒီက ကွင့်အား ငေးကြည့်ယင်း ကွင့်၏အသက် မည်မျှရှိလိမ့်မည်ကို ခန့်မှန်းကြည့်သည်။ ငါးဆယ်ဝန်းကျင်တော့ ရှိပေမည်။ အတိအကျတော့ ဘရော့ဒီ မခန့်မှန်းတတ်။ ဤလို အလုပ်ကြမ်းလုပ်





...ာလူများမှာ အသက်ခန့်မှန်းရ ခက်တတ်သည် မဟုတ်ပါလား။ ...အရုပ်မှာ ခြောက်ပေလေးလက်မခန့် ရှိလိမ့်မည်။ အလေးချိန်ကမူ ...င်တရာ့ရှစ်ဆယ်နှင့် တရာ့ကိုးဆယ်ကြားဖြစ်မည်။ သူသည် ထိပ်...ောင်လျက်ရှိသည်။ ခေါင်းတုံးရိပ်ထားရျကား မဟုတ်။ ဆံပင်ကျွတ်...ာကြောင့်သာ ဖြစ်လေသည်။ အကြောင်းကား သူ့ဦးခေါင်း...တွင် ဆံပင်တိုလေးများဟိုဘက်သည်တကွက်ကျန်ရှိနေသေး...ားကြောင့်ပင်။

သူသည် အဖြူရောင် တီရှပ်ဖွပ်ကျယ်နှင့် အရောင် လွင့်နေပြီဖြစ်...ာ အသားကပ် အပြာရောင် ဂျင်းဘောင်းဘီကျပ်ကို ဝတ်ဆင်...သည်။ နေမှာ ဦးခေါင်းပေါ်သို့ ရောက်ရှိလာခဲ့ပြီဖြစ်၍ ကွင့်...ည်ရေတပ်သားများ ဆောင်းလေ့ရှိသော ကက်ဦးထုပ်ပြားလေး...ခေါင်းတွင် ဆောင်းလိုက်သည်။

...င့်၏ ရုပ်သွင်ကို စိတ်ဝင်တစား ငေးမော ကြည့်နေမိရာမှ ...းကြောင်းတခုက သူ၏ရင်ဘတ်ပေါ်တွင် အထက်မှအောက်သို့ ...သာခဲ့ခြင်းကို ခံစားလိုက်မိရသဖြင့် ဘရော့ဒီမှာ တွန့်သွားမိ... သူက ဦးခေါင်းကိုငဲ့ပြီး ပဲ့ပိုင်းသို့ လှည့်ကြည့်လိုက်သည်။ ...သေါ်သို့ နေရောင်ခြည်ဖြာကျနေခြင်းမှ ရောင်ပြန် ဟပ်သဖြင့် ...းများ ကျိန်းစပ်သွားရသည်။ သူသည် ကြာကြာ မကြည့်နိုင်။ ...းကို လွှဲဖယ်ပစ်လိုက်၏။

...ို့ ကွင့်၊ နေကာမျက်မှန်မပါဲ ခင်ဗျား ဘယ်လို နေနိုင်သလဲ။ ...တော့ မရဘူးဗျ"

...ျုပ် ဘယ်တုန်းကမှ နေကာမျက်မှန် မတပ်ခဲ့ဖူးဘူး"

...အသံက သာမန်မျှသာဖြစ်သည်။ လိုက်လိုက်လျောလျော မရှိ...နိုင်သလို နှစ်နှစ်ကာကာ အလေးအနက်မရှိလှဟုလည်းပြော...သည်၊ သို့သော် စကားများများပြောလိုခြင်း မရှိသည်ကတော့ ...သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘရော့ဒီကမူ လက်ရှိအခြေအနေကို ပျင်းရိညည်းငွေ့စ ပြု ဖြစ်သည်မို့ အပျင်းပြေ စကားပြောနိုင်ရန် အားထုတ်သည်။

"ဘာကြောင့်လဲဗျ"

"ကျုပ်အဖို့တော့ နေတာမျက်မှန်တာ မလိုအပ်ပါဘူး။ သဘာ အတိုင်း ကြည့်ရ မြင်ရတာကမှ ပိုကောင်းပါသေးတယ်"

ဘရော့ဒီက သူ့လက်မှနာရီကို ကြည့်လိုက်သည်။ နှစ်နာရီ ကျော်လွန်ခဲ့ပြီ။ နေလုံးကွယ်ပျောက် အမှောင်သို့ရောက်ဖို့ နော ထပ် သုံးလေးနာရီခန့် အချိန်ယူရပေဦးမည်၊ ယခုလို ပုံအ သာဆိုလျှင် ယနေ့အဖို့ ငါးမန်းကို မြင်တွေ့ရဖို့ လမ်းမရှိတော ဘရော့ဒီ ထင်မှတ်မိသည်။

"ခင်ဗျား ဒီလိုပဲ တနေ့လုံးလုံးနေပြီး ငါးကို မတွေ့ရတဲ့နေ ခဏခဏ ကြုံဖူးသလား"

ကွင့်အား မေးလိုက်သည်။

"တခါတလေတော့လဲ ဒီလိုပဲပေါ့၊ ဘာကြောင့်လဲ"

"ဩော် လူတွေက ခင်ဗျားကို ငွေပေးငှားပြီး ခင်ဗျားက တကောင်မှ မဖမ်းမိဘူးဆိုတော့..."

"ဘယ်တတ်နိုင်ပါ့မလဲ၊ ဒါဟာ ထုံးစံပဲ။ ကိုတ်...အသာနေ ငါးစာကို တကောင်ကောင် လာဟပ်နေပုံပဲ"

ကွင့်က ဘရော့ဒီအား စကားမပြောနိုင်စေရန် တန့်တား သည်။ ဘရော့ဒီက နေရောင်ခြည်ကို ကာကွယ်ရန်အလို့ငှာ လ ဘက်ဖြင့် သူ့မျက်နှာပေါ်တွင်ကာယင်း ရေပြင်သို့ကြည့်လိုက် ရေပြင်မှာ မူလကအတိုင်း ငြိမ်သက်လျက်ပင်။

"ဘယ်မှာလဲဗျ...ဘာမှလဲ မမြင်ရပါလား"

"စောင့်ကြည့်အုံးလေ...မြင်ရမှာပေါ့"

မော်တော်၏ ပဲ့ပိုင်းတွင် ချိတ်ထားသော ငါးများတံမှ ငါးများကြိုးသည် သတ္တုအချင်းချင်း ပွတ်တိုက်သံ မြည်ပြီး ရစ်လုံးမှ တဖြည်းဖြည်း ပြေလျော့လိုက်ပါသွားသည်။ ရေအော





သတ္တဝါတကောင်ကောင်သည် ငါးစာကို အမှန်ပင် ဟပ်လေပြီ။ သတ္တုဝိုင်ယာကြိုးသည် မော်တော်အမြီးပိုင်းမှသည် ရေအောက်သို့ ကြောင့်တန်းတည့်မတ် တင်းရင်းစွာ ရှိနေသည်။နေခြည်နှင့် ရေပြင်မှ ရောင်ပြန်ဟပ်မှုတို့ကြောင့် ငွေချည်မျှင်လေး တချောင်းပမာအရောင် တောက်လျက်ရှိသည်။

"ခင်ဗျား ငါးများတံကိုယူလိုက်...၊ ပြီးတော့ ကျုပ်က အချက် ပေးလိုက်တာနဲ့တပြိုင်နက် ခင်ဗျားဆတ်ကနဲ ဆောင့်ဆွဲယူလိုက်"

ကွင့်က ဘရော့ဒီအား အမိန့်ပေးသည်။

"အဲဒါ ငါးမန်းလား"

ဘရော့ဒီက ကွင့်အား ပြန်မေးလိုက်သည်။ ရက်ပေါင်း အတန် ကာမျှ သူ့ကို ဒုက္ခပေးခဲ့သော သားရဲကြီး၊ မိစ္ဆာကောင်ကြီးကို နောက်ဆုံးတော့ သူသည် နဖူးတွေ့၊ ဒူးတွေ့ ရင်ဆိုင်ရလေပြီ။ ငါးမန်းနှင့်လူ ပင်လယ်ပြင်တွင် တွေ့ကြုံပြီပေါ့။ သူ့ကို အိပ်မပျော် သော ညပေါင်းများစွာ ဖြစ်စေခဲ့သော၊ ထမင်းလုံးတစ္ဆေပမာ ခြောက်လှန့်ခဲ့သော ငါးမန်းကြီးကို ရင်ဆိုင်ရပါပြီကောဟူသည့် အသိဖြင့် သူ့နှလုံးခုန်နှုန်းမှာ ပိုမိုမြန်ဆန်လာသည်။ သူ့နှုတ်ခမ်း များ ခြောက်သွေ့လာသည်။ သူသည် လက်ကိုင်အား ပိုမိုကောင်း စေရန် လက်ဖဝါးမှ ချွေးများကို ဘောင်းဘီဖြင့် သုတ်ပစ်လိုက် ထို့နောက် သင်္ဘော၏ ပဲ့ပိုင်းတွင် ချိတ်ထားသော ငါးများတံ ဖြုတ်ယူလိုက်ပြီး ပေါင်ကြားသို့ သွင်းကာ ပုံးဆစ်နှစ်ဘက်ဖြင့် လိုက်သည်။

ကွင့်က ခပ်လှောင်လှောင် 'ဟက်'ကနဲ တချက် ရယ်လိုက်သည်။ ခု ငါးစာကို လာဟပ်တာက ငါးချာတိတ်လေး တကောင်ပါ ခင်ဗျားကို ပွဲမဝင်ခင် မြင်တကျင်းပဆိုသလို လေ့ကျင့်ခန်းပေးချင် ပါ၊ ဒါမှ ဟို တကယ့်အကောင်ကြီးနဲ့ ကျွန်တော်တို့ တွေ့ကြတဲ့ ါမှ ကြံ့ကြံ့ခိုင်ခိုင် ရင်ဆိုင်နိုင်မှာ..."



www.burmeseclassic.com

www.burmeseclassic.com



ကွင့်က ငါးမျှားကြိုးကို စက္ကန့်အနည်းငယ်မျှကြာအောင် စိုက်စိုက် ကြည့်နေလိုက်ပြီး....

"ဟုတ်ပြီ....ဆွဲပေတော့"

ဘရော့ဒီက ငါးမျှားတံမှ မောင်းထိန်းတံလေးကို လွှ သည်။ ကြိုးသည် ရစ်လုံးမှ လျော့သွားပြီး ငါး၏ ဆွဲခေါ လိုတ်ပါသွားသည်။ ဘရော့ဒီက သူ့ခန္ဓာကိုယ်ကို ရှေ့သို့အလို ကိုင်းပေး လိုက်သည်။ ထို့နောက် ငါးမျှားတံကို အပေ မြှောက်ဆွဲ ဆွဲလိုက်သည်။ ငါးမျှားတံ၏ ထိပ်ဖျားသည် လေ တခုသဏ္ဌာန် ကွေးသွားသည်။ ဘရော့ဒီ ညာလက်က ရစ် အလျှင်အမြန် ရစ်ယူသည်။ သို့သော် သူရစ်ယူသလို ကြိုးကလိ လာခြင်းမရှိ။ တင်းခံနေသည်။ ထို့နောက် ရစ်ထားပြီးသမျှ များသည်ပင် ရေထဲသို့ ပြန်လည် ပြေလျော့ ကျသွားခဲ့သေးသ

"ခင်ဗျားကလဲ အလကားသက်သက် အားအကုန် ခံမနေ ပါနဲ့ဗျာ"

ကွင့်၏ အသံ ပေါ်လာသည်။

ဘရော့ဒီက ငါးမျှားတံကို လက်နှစ်ဘက်ဖြင့် စုံကိုင်လိုက် ငါးသည် ရေနက်ပိုင်းသို့ ငုပ်လျှိုးယင်း ဇယ်မှ ညာသို့ ဇယ်သို့ ဖြည်းညှင်းစွာ ရွေ့လျား ကူးခပ်သည်။ ငါး၏ ကူးခ အရှိန် လျော့နည်းသွားသည်ကို အခွင့်ကောင်းယူကာ ဘရော့ဒီ ရစ်လုံးကို အလျှင်အမြန် ပြန်ရစ်သည်။ ငါးမျှားတံကို ကိုင် သော ဇယ်ဘက်လက်မှာ လက်အံသေလာပြီ။ လက်မောင်း ပြုတ်ထွက်သွားလေမည်လားဟုပင် သူ ထင်မှတ်မိသည်။ ညာ လက်ချောင်း များမှာလည်း ကြွက်တက် ချင်သလို ဖြစ်လာသ တခါတရံ တချုန့်ဇွတ်တခု ပူးတပ်၍ပင် သွားခဲ့သည်။

"ဘယ်လိုငါးမျိုးများ လာဖမ်းမိပါလိမ့်မလဲ"

ဘရော့ဒီက မြည်တမ်းလိုက်၏။

"အလကား....ငါးမန်းပြာလေး တကောင်ပါ"





"အနည်းဆုံး တန်တဝက်လောက်တော့ အချိန်စီးမယ့်အကောင်" ကွင့်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

"ဘယ်ကသာ....အလွန်ဆုံးရှိလှမှ ပေါင်တရာ့ငါးဆယ်ပေါ့ဗျ"

ဘရော့ဒီက ခါးကိုင်းပြီး ငါးမျှားတံကို အလိုက်သင့် လျော့ပေး လိုက်၊ ပြန်ဆွဲတင်လိုက်၊ လျော့ပေးလိုက်၊ ပြန်ဆွဲတင်လိုက် စသည်ဖြင့် ကြိမ်ဖန်များစွာ ပြုလုပ်သည်။ နောက်ဆုံး ကွင့်၏ အသံ ထွက်ပေါ် လာခဲ့သည်အထိ ဖြစ်သည်။

"ဟုတ်ပြီ....ရပြီ....ရပြီ၊ အဲဒီအတိုင်း ငြိမ်ငြိမ်လေးထား...."

ဘရော့ဒီက ကြိုးကို ရစ်လုံးဖြင့် ပြန်လည် ရစ်ပတ်နေခြင်းကို ရပ်လိုက်သည်။

ကွင့်သည် လျင်မြန်သော အဟုန်ဖြင့် ဘရော့ဒီအနီးသို့ ရောက်ရှိ လာခဲ့၏။ သူ့လက်ထဲတွင် စစ်သုံး အမ်–ဝမ်း ရိုင်ဖယ် တပတ်ရစ် ပါလက်၊ သင်္ဘောပဲ့ပိုင်းမှနေ၍ ရေပြင်ပေါ်သို့ ငုံ့ကြည့်လိုက်သည်။

"ဟဲ....ခင်ဗျားဖမ်းမိတဲ့ငါးဟာ ဘာငါးမျိုးလဲ သိချင်ယင် ဒီမှာ လာကြည့်"

အနက်ရောင် ကြီးစိုးနေသော ရေပြင်ထက်တွင် စိမ်းပြာရောင် ငါးမန်းတကောင် ပေါ်လာသည်။ အလျား ရှစ်ပေခန့် ရှိမည်။ သွယ်လျလျ ရှည်မျောမျော ခန္ဓာကိုယ်ရှိသည်။ ယ်တိမ်း ညာယိမ်း တို့ကွေ့သည်ကောက်ဖြင့် ဖြည်းညင်းစွာ ကူးခပ် နေသော်လည်း အားခွန်စိုက်၍ ရုန်းကန်ခြင်း အလျင်း မရှိတော့ပြီ။

"ဒီကောင်ကြီးက လှတယ်နော်"

ဟူးပါးက ဝင်ပြောသည်။

ကွင့်သည် ရိုင်ဖယ်၏ အန္တရာယ်ကင်း မောင်းထိန်းခလုတ်ကို ဖြုတ် လိုက်သည်။ ငါးကြီး၏ ဦးခေါင်းသည် ရေပြင်ထက်သို့ လက်မ အနည်းငယ်ခန့် ကြွတက်လာသည်နှင့် တပြိုင်နက် ကွင့်သည် ကျည် သုံးတောင့်ကို ဆက်တိုက် ပစ်ထုတ်လိုက်သည်။ ငါးကြီး၏ ဦးခေါင်း တွင် ကျည်ဆန်ဝင်သွားရာ အပေါက်ငယ်လေးများ ဗိုဗိုဖြင့်ဖြင့် ဖြစ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သည်။ သို့သော် သွေးများ ယိုစီးထွက်ပေါ်လာခြင်း အလျှင်း မရှိ။ ငါးကြီးသည် တချက်နှစ်ချက်မျှ ဆတ်ကနဲ တုန်ခါသွားပြီး နောက် လုံးဝ ငြိမ်သက်သွားတော့သည်။ ကူးခပ်ခြင်း မရှိတော့။

"သေပြီလား" ဘရော့ဒီက မေးသည်။

"ရှူး...အသာနေ၊ သတိမေ့သွားတာလဲ ဖြစ်ချင်ဖြစ်မယ်။ဘာ ဖြစ်ဖြစ် ဒါပါပဲ၊ သူ ဘာမှ မလုပ်နိုင်တော့ပါဘူး"

ကွင့်သည် ဘောင်းဘီအိတ်အတွင်းမှ လက်အိတ်တဘက်ကို ထုတ် ယူလိုက်ပြီး ညာဘက်လက်တွင် စွပ်လိုက်သည်။ ပြီး ငါးများဝိုင်ယာ ကြိုးကို ဆွဲယူသည်။ သူ့ လက်တကမ်း အကွာသို့ ငါးကြီးရောက် လာသောအခါ သူ့ခါးရှိ ခါးပတ်တွင်ချိတ်ထားသော ဓားမြှောင် ဖြုတ်ယူလိုက်ပြီး ငါးကြီး၏ ပါးစပ်အတွင်းမြို့ ထိုးသွင်းလိုက် ထို့နောက် ဓားကို ဒေါင်လိုက်လှည့်ပြီး ငါးမန်းဖြူကြီး၏ပါးစပ် ကန့်လန့်ဖွင့်လိုက်သည်။ သို့သော် ပါးစပ် ပွင့်မလာခဲ့။ ကြိုက်ပုံဆောင် သွားလေးများက ဓားပြားကို ကိုက်ထားလိုက်သည်။ ကွင့်က စိတ် စွာဖြင့် ဓားကို ခက်ခက်ခဲခဲ ထုတ်ယူပြီး ခါးပတ်တွင်ပြန်ချိတ်ထား လိုက်သည်။ထို့နောက် သံဖြတ် ကတ်ကြေးကို ထုတ်ယူလိုက်၏။

"ခင်ဗျားတို့က ကျုပ်ကို အခကြေးငွေ လုံလုံလောက်လောက် ပေးထားမှတော့ ကျုပ်ကလဲ...ဒီငါးများချိတ်နဲ့ ကြိုးတထွာ တမိုက် လောက်ကိုတော့ အဆုံးခံရပါတယ်ဗျာ"

ကွင့်သည် ကြေးနန်းဖြင့် ပြုလုပ်ထားသော ငါးများကြိုး ကတ်ကြေးဖြင့် ဖြတ်ပစ်လိုက်ရန် ဟန်ပြင်လိုက်ပြီးမှ....

"ဩ...မေ့လို့....မေ့လို့၊ ခဏနေအုံး။ ခင်ဗျားတို့ကို အထူး အဆန်း ပြစရာ ရှိသေးတယ်"

သူသည် သံဖြတ်ကတ်ကြေးကို အိတ်အတွင်းသို့ ပြန်ထည့်လိုက်ပြီး ခါးကြားမှ ဓားကို ဖြုတ်ယူလိုက်ပြန်သည်။ငါးများကြိုး၏ အဖျား ဆွဲယူပြီး ငါးသေကြီးကို ရေထဲမှ မ,တင်လိုက်သည်။ ထို့နောက် သူ့ လက်ဘတဘက်သည် ဖျတ်ကနဲ မြောက်တက်သွားပြီးသည့်နောက်တွင်





ငါးကြီး၏ ဝမ်းဗိုက်တခုလုံးသည် ဓားချက်တချက်တည်းဖြင့် ဟက် တက် ကွဲခဲ့ရလေသည်။ ဝမ်းဗိုက်ကြီးသည် ဟင်းလင်းကြီး ပွင့်သွား ပြီးသည့်နောက် အတွင်းရှိ အူသိမ်၊ အူမ အစရှိသည့် ခန္ဓာကိုယ်တွင်း အင်္ဂါအစိတ်အပိုင်း အသီးသီးတို့သည် ရေပြင်ပေါ်သို့ တထွေးကြီး ပြုတ်ကျလာတော့သည်။ ယင်း ပစ္စည်းများသည် အဖြူ၊ အနီ၊ အပြာ သည့် အရောင်အဆင်းများကို ဆောင်လျက် ရှိကြသည်မှ တောင်း တလုံးထဲမှ အင်္ကျီ အဝတ်အထည်ဟောင်းများကို အောက်သို့ သွန်ချ လိုက်ဘိသကဲ့သို့ ရှိပေသည်။

ထို့နောက်တွင် ကွင့်သည် ငါးများကြိုးကို သံဖြတ်ကတ်ကြေးဖြင့် ဖြတ်ချလိုက်သည်။ ရေထဲသို့ ပြန်လည် ရောက်ရှိသွားသည်နှင့်တပြိုင် နက် ငါးမန်းကြီးသည် သွေးများ၊ အူသိမ်၊ အူမ စသည့် ကိုယ်တွင်း အင်္ဂါ အစိတ်အပိုင်းများတို့ဖြင့် ရှုပ်ရှက်ခတ်နေသည့် ရေပြင်ထဲတွင် သူ့ခန္ဓာကိုယ်ကြီးကို လွန့်လွန့်လူးလူး ယမ်းခါပစ်လေသည်။ သူ့ပါး စပ်ကိုလည်း အငြိမ်မထား။ ပါးစပ်ပေါက်ရှေ့သို့ ရောက်ရှိလာသမျှ သော ပစ္စည်းမှန်သမျှကို ကိုက်ဖြတ်ဝါးမျိုပစ်လျက် ရှိသည်။ ယင်း၏ ခန္ဓာကိုယ်ကြီးအား အငြိမ်မနေပဲ လှုပ်ရှားယမ်းခါနေမှုကြောင့် များ မကြာမီသော အချိန် အတွင်းမှာပင် ငါးမန်းဖြူကြီးသည် မိမိ၏ ခန္ဓာကိုယ်ပြင်ပသို့ ရောက်ရှိနေပြီဖြစ်သည့် မိမိ၏ ဝမ်းတွင်းမှ အူသိမ် အူမများကိုပင် ပြန်လည် ကိုက်ဖြတ် စားသောက်မိလေတော့သည်။ သို့သော် အသိဉာဏ်ခေါင်းပါးလှသည့် ငါးမန်းကြီးသည် မိမိ၏ ခန္ဓာကိုယ်အား မိမိကိုယ်တိုင်က ပြန်လည် စားသုံးနေမိသည့် အဖြစ် မှန်ကို လုံးဝမသိရှိပါချေ။ မိမိ၏ အူများကိုပင် အခြားတပါးမှ လာ သော သားကောင်များအဖြစ် ထင်မြင် ယူဆပြီး အဆက်မပြတ် လောဘတကြီး ဝါးမျိုလျက်ရှိရာ များမကြာမီ အချိန်အတွင်းမှာပင် ယင်း၏ အူသိမ်၊ အူမများမှာ လုံးဝ ပြတ်တောက် ပျက်စီးကုန်တော့ သည်။ ထိုအခါ ပါးစပ်မှ မျိုချလိုက်သော အစာသည် ချက်ချင်းပင် ဝမ်းဗိုက်ရှိ ဓားဒဏ်ရာ ကွဲအက်ကြောင်းမှ ပြန်လည် ပေါက်ထွက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရေထဲသို့ ပြန်လည်ရောက်ရှိသွားကြသည်။ တဖန် ချက်ချင်းဆိုသလိုပင် ငါးကြီး၏ ပါးစပ်ရှေ့သို့၊ ယင်းမှတဖန် ပါးစပ်အတွင်းသို့။ သို့နှင့် ငါးကြီးက သူ့ကိုယ်သူ ပြန်လည် စားသောက်နေခြင်းအမှုမှာ အဆုံး မရှိတော့သယောင် တဖန်ဖန်တလဲလဲ သံသရာ လည်နေပေတော့သည်။

"ကဲ....စောင့်ကြည့်ကြအုံး၊ ကျုပ်တို့ကံကောင်းခဲ့ယင် နောက်ထပ် ငါးမန်းပြာတွေကို အုပ်လိုက် ထပ်တွေ့ရအုံးမယ်။ အဲဒါဆိုယင်တော့ တကယ်ကို ပွဲကြီးပွဲကောင်းပဲ။ သူမိတ်တွေက သူ့ကိုယ်သူ ပြန်စားနေတဲ့ သူ့ကို ကူညီပြီး ဝိုင်းစားပေးကြလိမ့်မယ်။ ဒီလိုနဲ့ တကောင်ကို တကောင် စားယင်း၊ သွေးထွက်သံယို ဖြစ်ယင်း၊ သွေးညှိနံ့နံယင်း၊ ကိုက်ကြယင်း၊ စားကြယင်းနဲ့ မဆုံးနိုင်တဲ့ စားပွဲသောက်ပွဲကြီး တခု ပေါ်လာလိမ့်မယ်"

ဘရော့ဒီက ရေထဲမှ ငါးမန်းပြာကြီးကို ငေးကြည့်နေမိသည်။ သတ္တဝါကြီးသည် အသက်ပြင်းလှပေစွ။ ယခုထက်တိုင် မသေသေး။ ယခုအခါတွင် အပိုင်းအစ အမှုန်အမွှားလေးများဘဝသို့ပင် ရောက်ရှိနေပြီဖြစ်သော သူ့ခန္ဓာကိုယ်၏ အပိုင်းအစလေးများကို လိုက်ဟပ်နေဆဲပင်။ ထိုစဉ်မှာပင် နောက်ထပ် ငါးမန်းပြာ တကောင်ကို ဘရော့ဒီ ထပ်မံ တွေ့မြင်လိုက်ရပြန်သည်။ ပထမ ငါးမန်းလောက် မကြီးလှ။ အလျား လေးပေထက်ပင် ပိုပုံမရ။ ရင်ပွင့်နေပြီဖြစ်သော ပထမ ငါးမန်းကြီး၏ ရင်ဘတ်မှ အသားစကြီးကို လှမ်းဟပ်လိုက်ပြီး ယင်း၏ ခန္ဓာကိုယ်ကို မြွေတကောင်ကဲ့သို့ ဗယ်ညာလှုပ်ယမ်း ဆတ်ခနဲ ပစ်လိုက်သည်။ တွဲရရွဲ ကျနေသော အသားစကြီးမှာ ငါးမန်းငယ်၏ ပါးစပ်တွင်းသို့ စုတ်ပြတ်လျက် ပါသွားခဲ့သည်။ မကြာမီမှာပင် ငါးမန်းပြာတကောင် ပေါ်လာပြန်သည်။ ထို့နောက် နောက်တကောင်။ ပြီးနောက် တကောင် ထပ်မံ ပေါ်ပေါက်လာခဲ့ပြန်သည်။ ယင်းတို့သည် တကောင့်ကို တကောင်ကိုက်၊ ကျန်တကောင်ကို အခြား တကောင်က ကိုက်။ သူ့ကို ငါကိုက်၊ ငါ့ကို သူကိုက်ဖြင့် ရေပြင်မှာ





သွေးချင်းချင်းနီလျက် ဝဲကတော့တခုသဏ္ဍာန် လှိုင်းပွက်ပွက်ထလျက် ရှိတော့သည်။

ကွင့်သည် ဤသို့သော အခြင်းအရာကို ကျေနပ်ခြင်း ရှိဟန်မတူသေး။ ရေပြင်ပေါ်သို့ ကိုယ်ကို ကိုင်းလိုက်ပြီး လက်တွင်း၌ အသင့်ယူဆောင်ထားသော ပုဆိန်သဏ္ဍာန် သံချွန်ဖြင့် ယင်း ငါးပြာ အုပ်အတွင်းသို့ လှမ်း၍ ရိုက်လိုက်သည်။ သူ့လက်ကို အပေါ်သို့ ပြန်ဆွဲယူလိုက်သောအခါ၌မူကား ငါးမန်းငယ်လေး တကောင်သည် တန်းလန်းကြီး စိုက်ပါလာတော့၏။ ကွင့်သည် ပထမနည်းအတိုင်းပင် ငါးမန်းငယ်ကို ရင်ခွဲပြီး ရေထဲသို့ ပြန်ပစ်ချလိုက်သည်။

ယင်း ငါးမန်း အဓိကရုဏ်းအတွင်း၌ ငါးမန်အကောင်ရေပေါင်း မည်မျှ ပါဝင်လိမ့်မည်ဆိုသည်ကို ဘရော့ဒီ မခန့်မှန်းနိုင်။ ကျောရိုးဆူးတောင်များ တခုပေါ်တခု ဖြတ်တက်သွားပုံ၊ အမြီးများ တဖျတ်ဖျတ် ရိုက်ခတ်ပုံများကို မျက်စိနောက်လောက်အောင် မြင်တွေ့နေရသဖြင့် ဘရော့ဒီသည် ကိုယ်ကို မတ်လိုက်သည်။ ဤတွင်မှ သူ့အင်္ကျီတွင် ရေများနှင့်အတူ ငါးသွေးများလည်း ပေကျံနေကြောင်းကို သတိပြုမိတော့သည်။

ငါးမန်းပြာများ အချင်းချင်း သတ်ပွဲကြီးသည် မိနစ်ပေါင်းအတန်ကြာသည်အထိ ဆက်လက် ဖြစ်ပွားနေခဲ့သည်။ နောက်ဆုံးတွင်မှ ငါးမန်းကြီး သုံးကောင်သာ ကျန်ရစ်ခဲ့သည်။ ယင်း ငါးမန်းကြီး သုံးကောင်စလုံး ရေပြင်အောက်ကို ငုပ်လျှိုးကွယ်ပျောက်သွားခဲ့လေမှ မှူးပါးက....

"ဘုရား....ဘုရား"ဟု ရေရွတ်လိုက်သည်။

"မင်းကြည့်ရတာ သဘောကျပုံမရဘူး" ကွင့်က ဆိုသည်၊

"ဟုတ်တယ်၊ ကျုပ်မကြိုက်ဘူး။ ဘယ့်နှယ်ဗျာ လူတွေ ပျော်စေပြက်စေဖို့အတွက် တိရစ္ဆာန်တွေက အသက် သွေးစေးကြရတယ် လို့ဗျာ။ ခင်ဗျားကရော ဒါကို သိပ်သဘောကျသလို့လား"

ကွင့်က ခပ်ညင်းညင်း လှောင်ရယ် ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သဘောကျတာ မကျတာအပထား၊ ဒါဟာ ကျုပ်ရဲ့ ဝမ်းရေး အလုပ်ပဲ"

ကွင့်က ပြောပြောဆိုဆိုဖြင့် အနီးရှိ ရေခဲပုံးထဲမှ ငါးစာကို ထုတ်လိုက်သည်။ ယင်းငါးစာကို ငါးမျှားချိတ်နှင့် ကြိုးပါ အဆင်သင့် တပ်ထားပြီး ဖြစ်သည်။ ထို့နောက် ပလာယာကို အသုံးပြုပြီး ယင်း ငါးစာနှင့် ငါးမျှားကြိုးကို ငါးမျှားတံတွင် တပ်လိုက်သည်။ ပြီးလျှင် မော်တော်မှ ဂိုက်သုံးဆယ်ခန့် အကွာအဝေးရှိ ရေပြင်ထဲသို့ ငါးမျှား ချိတ်ကို လွှဲပစ်လိုက်သည်။ ငါးမျှားတံကိုလည်း မော်တော်ပဲ့ပိုင်းတွင် ခိုင်ခန့်စွာ တပ်ဆင်ထားလိုက်သည်။

ငါးမန်းဖြူကြီးအလာကိုမူ သူတို့သုံးဦးသည် ပျင်းရိစွာ စောင့်ဆိုင်းကြရပေလိမ့်ဦးမည်။

*

"ကဲ၊ ခင်ဗျားတို့ကော ဘီယာသောက်ကြအုံးမလား"

ဘရေ့ဒီက မေးလိုက်သည်။ နှစ်ယောက်စလုံးက မြိုင်တူ ခေါင်းညိတ်သဖြင့် ဘရေ့ဒီသည် မော်တော်၏ အောက်ထပ် စမ်းဗိုက်ခန်း အတွင်းသို့ ဆင်းလာခဲ့သည်။ ရေခဲသေတ္တာအတွင်းမှ စည်သွတ် ဘီယာ သုံးဗူးကိုထုတ်ယူပြီး အပေါ်သို့ ပြန်တက်မည်ပြုသောအခါ ဘရေ့ဒီသည် အခန်းနံရံတွင် သံမှိုဖြင့်ရိုက်၍ ကပ်ထားသော ဓာတ် ပုံနှစ်ပုံကို သတိပြုမိလိုက်သည်။ ဓာတ်ပုံများမှာ သက်တမ်း ကြာမြင့်ခဲ့ပြီဖြစ်ဟန်တူသည်။ ခေါက်ရာ ကျိုးရာများအဖြင့် အနားစွန်းများမှာ ကော့ကွေး လိမ်ကောက်လျက်ဝင် ရှိနေပြီ။ တပုံတွင် ကွင့်သည် သူ့ တင်ပါးသို့ ထိလုသည့်တိုင် မြင့်မားမို့မောက်လျက်ရှိသည့် ထူးဆန်း သော အသွင်ဆောင် ငါးအပုံကြီးနံဘေးတွင် ရပ်လျက်ရှိ၏။ အခြား ပုံတမူ သောင်ပြင်ပေါ်တွင် ချထားသော ငါးမန်းသေတကောင်ကို ရိုက်ကူးထားခြင်း ဖြစ်သည်။ သို့သော် ဓာတ်ပုံထဲတွင် နှိုင်းယှဉ်





ချိန်ထိုးကြည့်စရာ အခြားသော အရာဝတ္ထုပစ္စည်းများ ပါဝင်နေခြင်း မရှိသဖြင့် ဘရေ့ဒီသည် ယင်း ငါးမန်း၏ အလျား မည်မျှ ရှိမည် ဆိုသည်ကို ခန့်မှန်းတွက်ဆနိုင်ခြင်း မရှိပါချေ။

ဘရေ့ဒီသည် အပေါ်သို့ ပြန်တက်လာပြီး ဘီယာဗူးများကို ဝေလိုက်သည်။ ပြီး မူလက သူထိုင်နေခဲ့သော ကုလားထိုင်ပေါ်သို့ ပြန်ထိုင်ချလိုက်သည်။

"အောက်ထပ်မှာ ဓာတ်ပုံတွေ မြင်ခဲ့ရတယ်။ ခင်ဗျားရဲ့နံဘေးက ငါးပုံကြီးဟာ ဘာ ငါးတွေမျိုးလဲဗျ"

"သြော်၊ တာပွန်ငါးတွေပါ၊ ကြာခဲ့ပါပြီ။ ကျုပ် ဖရေဒ်ရီဒါမှာ ငါးဖမ်းစဉ်ကပေါ့။ ကျုပ်လဲ တခါမှ ဒါမျိုးကို မမြင်ဖူးသေးဘူး။ လေးညလောက် ဖမ်းခဲ့တာ အဲဒီလောက်ကြီးတဲ့ အကောင်ကြီးတွေ အကောင်သုံးဆယ်ကျော် လေးဆယ်လောက် ရခဲ့တယ်"

"နောက်တပုံ ကရော"

"အဲဒါက သာမန် ငါးမန်းမဟုတ်ဘူးဗျ။ ငါးမန်းဖြူကြီးပဲ။ အလျား ဆယ့်လေးပေ၊ ဆယ့်ငါးပေလောက် ရှည်ပြီး မေါင်သုံး ထောင်လောက် အချိန်စီးတယ်"

"ဟုတ်လား၊ ခင်ဗျား ဘယ်ပိုမျှား ဖမ်းခဲ့သလဲ"

"မှိန်းနဲ့ ပစ်ဖမ်းရတာပေါ့။ ဒါပေမယ့်...." ကွင့်က ခပ်သဲ့သဲ့ ရယ်လိုက်သည်။

"အဲဒီတုန်းက လူနဲ့ ငါးဟာ အကြိတ်အနယ် မီးကုန် ရေခန်း နွှဲခဲ့ရတာကလား။ ဘယ်သူက ဘယ်သူ့ကို အမိအရ ဖမ်းနေတယ် ဆိုတာ ဝေခွဲလို့ မရလောက်အောင်ပါပဲ"

"ဟုတ်လား ဆိုပါအုံး"

"ဒီမိစ္ဆာကြီးက ကျုပ်ရဲ့ မော်တော်ကို အတင်းဝင်တိုက်ခိုက်တယ် လေ။ ကျုပ်တို့က သူ့ကို ဒေါသထွက်အောင် စခြင်း၊ ဘာခြင်း လုံးဝ မရှိပါဘူး။ ကျုပ်တို့ဟာ ဒီနေရာမှာထိုင်ပြီး ကိုယ့်ကိစ္စနဲ့ကိုယ် အမှုမဲ့ အမှတ်မဲ့ နေ နေကြတယ်။ အဲဒီအချိန်မှာ အတိုက်ခံလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



တာပဲ။ စ ဖြစ်ဖြစ်ချင်းမှာ ကျုပ်က ထင်လိုက်မိတယ်၊ ကျုပ်တို့ရဲ့ မော်တော်ကို မီးရထားခေါင်းတွဲကြီးတခုခုက အရှိန်ပြင်းပြင်းနဲ့ ဝင်ဆောင့်ပါပြီလို့ပေါ့။ ကျုပ်ရဲ့ အဖော်ဘာ ရေထဲကို လွင့်စဉ်ကျသွားခဲ့တယ်။ သူကတော့ ကယောင်ကတမ်းနဲ့ 'ရေနစ်ပါပြီဗျို့' လို့ ဟစ်အော်သွားခဲ့ပါသေးတယ်။ ဒီကောင်ကြီး နောက်တကြိမ် ကျွန်တော်တို့ မော်တော်လဲ လာတိုက်ရော ဘာပြောကောင်းမလဲ....၊ ကျုပ်ကလဲ လက်ထဲမှာရှိတဲ့ မှိန်းကြီးနဲ့ သူ့ကို တခါတည်း စိုက်ချလိုက်တယ်။ ဒီနောက် သူ့နောက်က ကျုပ်တို့ မျောလိုက်သွားတာ အတ္တလန္တိတ် သမုဒ္ဒရာကြီးရဲ့ တဝက်လောက်ကိုတောင် ခရီးပေါက်ခဲ့ကြတယ် မှတ်တယ်"

"ခင်ဗျား ဘယ်လိုလုပ် နောက်ကနေ လိုက်သွားသလဲ၊ ဒီကောင်ကြီးက ရေထဲငုပ်ဝင် မသွားဘူးလား"

ဘာရေ့ဒီက နားမရှင်းဟန်ဖြင့် မေးလိုက်သည်။

"ဘယ်ငုပ်လို့ ရပါ့မလဲဗျာ။ မှိန်းကြီးနဲ့ တွဲထားတဲ့ သစ်သားစည်ပိုင်းတွေ ပါနေတာပဲ။ ဒါတွေက ရေပေါ်မှာ ပေါ်လာပေါ်နေတော့ ငါးမန်းကြီးဟာ ဘယ်လိုနည်းနဲ့မှ ရေငုပ်လို့ မရအောင် ဖြစ်နေတယ်။ ဒီတော့ ကျုပ်တို့က စည်ပိုင်းတွေကို ခြေရာခံပြီး ထက်ကြပ်မကွာ လိုက်သွားခဲ့တာပေါ့။ နောက်ထပ် နှစ်နာရီလောက်အတွင်းမှာပဲ ကျုပ်တို့ဟာ ဒီကောင်ကြီးရဲ့ ကိုယ်ထဲကို နောက်ထပ် မှိန်းနှစ်ချောင်း ထပ်ပြီး ပစ်သွင်းနိုင်ခဲ့သေးတယ်။ နောက်ဆုံးတော့ ဒီကောင်ကြီးဟာ ရေထဲမှာနေလို့ လုံးဝ မဖြစ်တော့လောက်အောင် ရေပေါ် ပေါ်လာရတယ်။ ဒီမှာတင် ကျုပ်တို့က သူ့ အမြီးကို ကျော့ကွင်းပစ်စွပ် ဖမ်းပြီး ကမ်းခြေ အရောက် ဆွဲယူ လာနိုင်ခဲ့ကြတယ်"

"အခု ကျွန်တော်တို့ဖမ်းမယ့် ကောင်ကြီးကိုရော၊ ဒီငါးမျှားချိတ်၊ ငါးမျှားတံတွေနဲ့ ဖမ်းလို့ ဖြစ်ပါ့မလား။ ကျွန်တော့် အထင်တော့ မလွယ်ဘူး ထင်တာပဲ"





ဘာရေ့ဒီက သံသယဖြင့် မေးသည်။

"ဒီငါးမျှားချိတ်နဲ့ ငါးမျှားတံတွေကို သုံးရတာ ရည်ရွယ်ချက်နှစ်ခုရှိပါတယ်၊ ပထမအချက်က ဒီကောင်ကြီး ဒီအနီးနားတဝိုက်မှာ ရှိမရှိ သေချာဖို့ပဲ။ တကယ်လို့ ဒီကောင်ကြီးက ငါးမျှားချိတ်နဲ့ ငါးစာကို လာဟပ်ပြီဆိုယင် ကျွန်တော်က ကြိုးကို ချက်ချင်း ဖြတ်ချလိုက်မယ်၊ ဒါဆို ဒီကောင်ကြီး ရှိနေတာ သေချာသွားပြီပေါ့။ နောက်တချက်က ဒီငါးစာကြောင့် ဘယ်လို သတ္တဝါထူးတွေကို တွေ့မလဲဆိုတာ သိရမယ်"

"ကဲ ဆိုပါတော့၊ ငါးမန်းဖြူကြီးပေါ်လာပါပြီတဲ့။ ကျွန်တော်တို့ ပထမဆုံး ဘာကို လုပ်ကြမလဲ"

"ဒီကောင်ကြီးက ကျုပ်တို့ကို စိတ်ဝင်စားနေအောင် ပြုလုပ်ဖို့က အဓိက အရေးကြီးတယ်။ သူ့ကို မမိခင် ဒီနေရာက သူပြန်ထွက်သွားခဲ့ဖို့ အထူး ဂရုပြုရမယ်။ ဒီကောင်ကြီးတွေက ပါးနပ်မှု၊ ဆာတက်ကျွမ်းမှု သိပ်မရှိတဲ့ တိရစ္ဆာန်အမျိုးအစားတွေပါ။ သူ့ကို ဘယ်လိုလုပ်ရမယ်ဆိုတာဟာ သူ့ကို ကျွန်တော်တို့ ဘယ်လိုပုံစံမျိုးနဲ့ တွေ့လာရမယ်ဆိုတဲ့ အပေါ်မှာ မူတည်နေပါတယ်။ ဒီသတ္တဝါကြီးဟာ သူ့ရဲ့ သားကောင်နောက်ကို လိုက်ပြီဆိုယင် ရေပေါ်မှာ သူ့ရဲ့ကိုယ်ကို နည်းနည်း ဖော်လာတတ်တယ်။ ဒါမှမဟုတ်လဲ ရေမျက်နှာပြင်ရဲ့ အောက်ကနေ ရှုပ်ပြီး ကူးလာတတ်တယ်၊ ကျုပ်အနေနဲ့ကတော့ ဒီကောင်ကြီး ကျုပ်ရဲ့ ပစ်ကွင်းထဲကို ဝင်လာပြီး ပင်လောက်တဲ့ နေရာကို ရောက်ယင် မှိန်းကို မြန်နိုင်သမျှ အမြန်ဆုံး သူ့ကိုယ်ထဲကို ပစ်သွင်းလိုက်မှာပဲ"

"ဒါထက် ခင်ဗျားရဲ့ ငါးမျှားချိတ်က သိပ်ပြီး သိသာ ထင်ရှားနေမနေဘူးလား"

"ဟာ—ဒီကောင်တွေက တကယ် ဦးနှောက်မဲ့တဲ့ ကောင်တွေ ဘူးတကောင်ရဲ့ ဦးနှောက်လောက်တောင် ဒီကောင်တွေရဲ့ ဦးနှောက် အသိဉာဏ်မြင့်မားလှတာ မဟုတ်ဘူး။ မြင်မြင်သမျှ စားချင်



www.burmeseclassic.com

www.burmeseclassic.com



တာပဲ။ ငါးစာတပ်မထားတဲ့ ငါးမျှားချိတ်ကို ခင်ဗျား ဝစ်ချယင်
တောင် ဒီကောင်တွေက စားပစ်လိုက်မှာပဲ။ တခါက ကျုပ်ရဲ့ မိတ်
ဆွေတယောက် ကြုံရပုံများ မှတ်မိသေးတော့တယ်။ သူ့မော်တော်
ဘုတ်ရဲ့ အင်ဂျင်စက်ကို ငါးမန်းကြီးတကောင်က အစာမှတ်ပြီး ဆွဲ
သွားတယ်။ တချက်တည်းနဲ့ သူ မျိုချလို့မရလို့သာ နောက်ဆုံးမှာ
ထွေးထုတ်သွားခဲ့တယ်”

“သူတို့အမက်မောဆုံးအစာက ဘာများလဲဗျ ကွင့်ရ”

ဟူးပါးက မေးလိုက်သည်။

“မင်းဆိုလိုတာက ဒီကောင်တွေ မငြင်းစတမ်း စားတဲ့ အစာကို
မေးတာလား”

ကွင့်က ခပ်ပြုံးပြုံးအမူအရာဖြင့် ဟူးပါးအား ပြန်မေးလိုက်သည်
ထို့နောက် မော်တော်ပဲ့ပိုင်းတနေရာရှိ အစိမ်းရောင် ပလတ်စတစ်
အမိုက်ပုံးတခုသို့ လက်ညှိုးညွှန်ပြယင်း....

“....သိချင်သပဆိုယင် ကိုယ်တိုင်သွားဖွင့်ကြည့်ပေတော့။ တို့လို
ဖမ်းနေတဲ့ ငါးကြီးကိုတွေ့ယင် သူ့ကို အဲဒါကို အရင်းပြုပြီး အမ်
ဖမ်းဖို့ ကိုယ့် တခုတ်တရ ယူလာခဲ့တာပဲ”

ဟူးပါးက ပလတ်စတစ်ပုံး ရှိရာသို့ လျှောက်သွားလိုက်သည်
ပုံး၏ ကိုယ်ထည်တွင် တပ်ဆင်ထားသော သတ္တု မောင်းတံခို
ကလေးများကို ဖြုတ်လိုက်ပြီး အဖုံးကို အထက်သို့ မ,ပြီး ဖွင့်လိုက်
သည်။ တွေ့လိုက်ရသော မြင်ကွင်းကြောင့် သူသည် အတော်ကြီးတုန်
လှုပ် ချောက်ချားသွားမိသည်၊ ရေအပြည့် ရှိနေသော ပုံးထဲတွင်
ခေါင်လိုက် ပေါလော မျောနေသော အရာမှာ ပုလင်းပုံ သဏ္ဍာန်
နှာခေါင်းရှိသော ‘**လပိုင်**’ အသေကောင်လေး ဖြစ်သည်။ မော်
တော်၏ လှုပ်ရှားမှုအတိုင်း ရေပုံးထဲမှ အသက်မဲ့ လပိုင်သေကောင်
မှာလည်း ညင်ညင်သာသာ လှုပ်ရှား ရွေ့ပါးလျက် ရှိ၏။ ယင်း
သတ္တဝါ ကောင်လေးသည် အရှည်နှစ်ပေထက် မပို။ ငါးမန်းဖမ်းရာ
တွင် အသုံးပြုသည့် ကြီးမားသော ငါးမျှားချိတ်ကြီးတခုသည် လပိုင်





လေး၏ ပါးစပ်မှ ဝင်ပြီး ဝမ်းဗိုက်မှ ပေါက်ထွက်လျက် ရှိသည်။
ဟူးပါးက ရေပုံးမှချိတ်များကို ပြန်ချိတ်လိုက်၏။

“လပိုင် သားပေါက်စ လေးပါလားဗျ”

ကွင့်က ရယ်ကျဲကျဲဖြင့်....

“ပိုကောင်းတာပေါ့ကွ”

“ခင်ဗျား ဒါကို ဘယ်က ရခဲ့သလဲ”

ရေပုံးကို ခေတ္တမျှ တွေ့၍ ကြည့်နေပြီး အဖုံးကို ဆောင့်ပိတ်လိုက်
ယင်း ကွင့်အား ဒေါသသံဖြင့် လှမ်းမေးလိုက်သည်။

“ဒီကနေ့ အရှေ့ဘက်ခြောက်မိုင်လောက်ဝေးတဲ့ နေရာလောက်
က ရခဲ့တယ် မှတ်တယ်။ နို့....နေဝါအုံး၊ ဘာဖြုလို့လဲ”

“ကျွန်တော်မေးနေတာက ခင်ဗျား ဒီလပိုင်ငယ်လေးကို **ဘယ်လို
ရခဲ့သလဲ** လို့”

“မင်းကရော ဘယ်လို ထင်သလဲ။ သူ့အမေဆီက ရခဲ့တာပေါ့
ကွ—”

“ခင်ဗျား ဒီကောင်လေးရဲ့ အမေကိုပါ သတ်ခဲ့တယ်ပေါ့”

“မဟုတ်ရပေါင်ကွာ”

ကွင့်က ရယ်လိုက်သည်။

“သူ့အမေက မော်တော်ထဲကို ခုန်ဝင်လာပြီး ငါ့ရဲ့အိပ်ဆေးတွေ
ကို အများကြီး မျိုချပစ်ခဲ့တယ်လေ”

သူက စကားကို ခေတ္တရပ်နားထားလိုက်သည်။ ရယ်သံများ ပေါ
ထွက်လာလေမည်လား ဟု စောင့်စားမိသည်။ သို့သော် သူ့ဖြတ်
ချက်ကို မည်သူကမျှ ရယ်မောခဲ့ခြင်း မရှိသည့်အတွက်....

“ဒီကောင်မျိုးတွေကို တို့ ဝယ်ချင်ယင်တောင် ဘယ်မှာမှ ရှာ
လို့ မရဘူးဆိုတာ မင်းလဲ အသိပဲ မဟုတ်လား”

ဟု ဆင်ခြေပေးလိုက်သည်။

ဟူးပါးသည် ဒေါသအလွန်အမင်းထွက်နေပြီဖြစ်သည်။ ကွင့်အား
စူးစိုက်စိုက်ကြည့်ယင်း....



www.burmeseclassic.com

www.burmeseclassic.com



"လပိုင်တွေဟာ ဘေးမဲ့အပေးခံရတဲ့ တိရစ္ဆာန်မျိုးဆိုတာ ခင်ဗျားသိရဲ့ မဟုတ်လား"

"ဒါပေမယ့် ငါက တင်ပါသည့်ပဲကွ။ ငါးဖမ်းတဲ့ အခါမှာ ငါဖမ်းချင်တာ ဖမ်းမှာပေါ့"

"လပိုင်တွေကို သတ်ဖြတ် သုတ်သင်ခြင်း မပြုရဘူးလို့ တရားဥပဒေထုတ်ပြန်တားဆီးထားတာပဲဥစ္စာ"

"နေပါအုံး ဟူးပါးရဲ့၊ မင်းရဲ့ အသက်မွေးကျောင်းအလုပ်ဟာ ဘာလဲကွ"

"ကျွန်တော်က မစ္ဆဗေဒပညာသည်လေ။ ငါးမျိုးတွေအကြောင်းလေ့လာနေသူပေါ့။ ဒါ့ကြောင့်လဲ ဒီကို ရောက်လာရတာပဲ။ ဒါကို ခင်ဗျားလဲ သိလျက်သားနဲ့"

"ကောင်းပြီ၊ ငါပြောမယ်။ ငါမော်တော်လာငှားတဲ့ လူတွေကို ငါဟာ မေးခွန်းတွေထုတ်၊ စပ်စုလေ့ မရှိပါဘူး။ မင်းရဲ့ အသက်မွေးဝမ်းကျောင်းအလုပ်ကို မေးရတာက မင်းကို နားလည်မှု ရှိအောင် အယောက် ဖြစ်စေချင်လို့ပဲ။ ကဲပါ အာပဲဖြစ်ဖြစ် ထားပါတော့ ဒီမှာ၊ တရားဥပဒေရဲ့ ဆိုလိုရင်းသဘောက စီးပွားဖြစ် အင်နဲ့ အားနဲ့ အများကြီး မဖမ်းဆီးရဘူးလို့သာ ဆိုလိုတာပါ။ ပြီးတော့ တခါ ဦးနှောက် ကျပ်မပြည့်တဲ့ လူတွေက အားကစားလို့ နာမည်တပ်ပြီး သေနတ်နဲ့အပျော်ပစ်၊ လက်တည့်စမ်းကြတာကိုသာ တားဆီးတာပါ စီးပွားဖြစ်မဟုတ်ပဲ သူ့ဝမ်းရေး တခုထဲအတွက်သာ ငါးစာအဖြစ် တကောင်တလေ အသုံးချရတာကိုတော့ ဥပဒေက တားဆီးခြင်း မရှိပါဘူးကွာ"

"မဟုတ်သေးဘူးလေဗျာ၊ အခုဆိုယင် လပိုင်တွေဟာ ဒီကမ္ဘာပေါ်ကနေ လုံးဝ မျိုးဆက် ပပျောက်လုနီးပါး ဖြစ်နေပြီ။ ဒီကောင်တွေ ပြုန်းတီး ပပျောက်ခြင်း မရှိရအောင် သတ်ဖြတ် သုတ်သင်ခြင်း လုံးဝမပြုရလို့ အတိအလင်း ဆိုထားတာပဲဥစ္စာ"





"မင်း ကိုယ့်ကို လာဆရာလုပ်မနေနဲ့ ချာတိတ်။ ပိုက်တွေအများချပြီး ငါးတွေကို အကြီးအကျယ် ဖမ်းနေတဲ့ မင်းဘိုးအေ တင်ငါ်တော်တွေ၊ ဂျပန်သင်္ဘောတွေကို သွားပြောချေ။ အဲဒီအခါမှာ က မင်းကို ကောင်းကောင်း ကလော်တုတ်လိုက်ကြလိမ့်မယ်။ ငါပြောလိုက်ရ။ သူတို့ရဲ့ ပိုက်တွေထဲမှာဆိုယင် ငါးတွေနဲ့ လပိုင်တွေပါရောပြီး ဖမ်းမိလာတာပဲ။ ဘယ်သူကမှ အရေး ဂရုတစိုက်နဲ့ ပြန်လွှတ်တယ်ရယ်လို့ မရှိကြဘူး။ အေး—သူတို့ လဲ ဝမ်းစာရေးအတွက် အလုပ်လုပ်ယင်း မလွှဲမရှောင်သာပဲ တွေကို သတ်မိသလို၊ အစာစားဖို့ ပါးစပ်ပေါက်ရှိတဲ့ ငါကလဲ ရေးအတွက် လပိုင်တွေကို တခါတရံ ငါးစာအဖြစ် အသုံး တော့တာပဲ။ ကဲ အဲဒါ ဘာဖြစ်သလဲ"

နှင့် ဟူးပါးတို့၏ အခြေအနေမှာ တဖြည်းဖြည်းနှင့် တင်း ခဲ့သည်။ ဤတွင် သူတို့နှစ်ဦး၏ စကားစစ်ထိုးပွဲကို • တချိန် ထိုင်နားထောင်နေခဲ့သော ဘရော့ဒီက ကြားဝင်ဖြေရှင်းပေး သည်။ သို့သော် ဘရော့ဒီသည် ကွင့် ဘက်မှ လိုက်ပြောသည်ဟု းက ယူဆသဖြင့် ဘရော့ဒီနှင့် ဟူးပါး ဆက်လက်စကားများ သည်။

နေ့အဖို့ သူတို့ မျှော်မှန်းထားခဲ့သလို 'သမင်းဖြူကြီး'ကို ဆီးနိုင်ပဲနှင့် ဆိပ်ကမ်းသို့ ပြန်ခဲ့ရလေသည်။

✻

[ခ]

လယ်ပြင်သို့ထွက်၍ သမင်းဖြူဖမ်းဆီးခြင်း၏ ဒုတိယနေ့။ တို့သည် မနက် ခြောက်နာရီတွင် သင်္ဘောဆိပ်မှ ထွက်ခွာ ကြသည်။ ထွက်ခွာလာခါစက အနောက်တောင် လေပြည် တဖြူးဖြူး တိုက်ခတ်လျက် ရှိသောကြောင့် အေးမြ



www.burmeseclassic.com

www.burmeseclassic.com



သာယာသောနေ့တနေ့ ဖြစ်လိမ့်မည်ဟု ခန့်မှန်းခဲ့ကြသည်။ သို့သော
နံနက်ဆယ်နာရီကျော်သည်နှင့် လေမှာပြန်လည်ငြိမ်သက်သွားေ
သည်။ မော်တော်မှာလည်း ငြိမ်သက်စွာ ရပ်နားထားသည်
ရွှံ့ရေအိုင်အတွင်းမှ စက္ကူလှေငယ်လေး တခုသို့နှယ် ဖြစ်၍နေ
သည်။

ယနေ့မူ ဘရေ့ဒီသည် ပါးနပ်လိမ်မာသူဖြစ်သွားခဲ့ပြီ။
ဉူတုနှင့်လိုက်လျောညီထွေမည့် အဝတ်များကို ရွေးချယ်ဝတ်ဆင်
သည်။ ကော်လာရှည်ရှည်ပါရှိသော အဖြူရောင် ရှပ်အင်္ကျီလ
ချည်ထည်ဘောင်းဘီရှည်အပေါ်စား၊ ခြေအိတ်အဖြူနှင့် ခွာအ
စားအပ် ဖိနပ်တရံ တို့ကို သူ ဝတ်ဆင်ထား၏။ ထို့ပြင်အချိန်
ရန်အတွက်လည်း သူ့ တပည့်ဟင်းဒရစ်ထံမှ 'အန္တရာယ် အရို
အမည်ရှိ လျှို့ဝှက်သည်းဖို စွန့်စားခန်းဝတ္ထုတအုပ်ကို ငှားရမ်
ခဲ့သည်။ သူ၊ ဟူးပါးနှင့် ကွင့်တို့၏ ဆက်ဆံရေးသည် ပြေပြ
အလျှင်းမရှိ။ ပွင့်လင်းရေးရင်းနှီးမှုလည်း လုံးဝမရှိ။ အလုပ်သ
သက်သက်မျှသာ ရှိသဖြင့် တယောက်နှင့်တယောက် စကားေ
ခြင်း နည်းလေလေ အန္တရာယ် ကင်းလေလေ ဖြစ်မည်ဟု ဘ
ယူဆသည်။ ကွင့်သည် နှုတ်စ လျှာစ နည်းသူဖြစ်ပြီး သူ့အလုပ်
သူစိတ်ရှင်စားသူဖြစ်သည်။ ဟူးဖရဲနှင့်လည်း ယမန်နေ့က ခွ
ခွန်းငယ် စကားပြောခဲ့ရပြီးဖြစ်သဖြင့် ယနေ့ သူနှင့် မျက်နှ
ဆိုင်ရမည်ကိုပင် ဘရေ့ဒီအနေဖြင့် 'အမ်း' ၍နေသည်။ ထို့ ေ
ဝတ္ထုစာအုပ် သည်သာလျှင် သူ့အဖို့ ယနေ့ တနေ့တာ အ
အကောင်းဆုံး အဖော်မွန် ဖြစ်မည်ဟု ဘရေ့ဒီ ယူဆမိသည်။

*

"ဟော ကျုပ်တို့ရဲ့ ငြှေးသည်ကြီးတော့ ရောက်လာပြီ"
ကွင့်က ရုက်တရက် ပြောလိုက်သည်။ လူ့အသံမှာ ခပ်
ခပ်မှန်မှန်ပင် ဖြစ်သည်။ သို့သော် ငိုက်မြည်းနေသည့် ဘရေ့
လန့်ဖျပ်သွားစေ၏။ ဟူးပါးကလည်း မတ်တပ် ထ ရပ်လိုက်

ကွင့်က သူ့ ခေါင်းမှ ဦးထုပ်ကိုချွတ်ပြီး ထိုင်ခုံတခုပေါ်သို့ ပစ်
င်လိုက်သည်။

"ငါးများတံကို ယူလိုက်ပါ"

ဘရေ့ဒီက မော်တော်၏ပွဲပိုင်းတွင် ချိတ်ထားသော ငါးမျှား
ကို ဖြုတ်ယူလိုက်သည်။ ပြီး ဒူးနှစ်ဘက်ဖြင့် ညှပ်၍ထိန်းကာ လက်
ဘက်ဖြင့် မြဲမြဲ စွာ ကိုင်ထားလိုက်၏။

မော်တော်ပဲ့ပိုင်းတွင် တပ်ဆင်ထားသော ရစ်လုံးတခုမှ ငါးစာ
းတခုကို ရေအောက်မှ သတ္တဝါတကောင်က ဆွဲချသွားသဖြင့်
းသည် ရစ်လုံးမှ လျင်မြန်သော အဟုန်ဖြင့် ပြေလျော့လိုက်ပါ
ဆင်းသွားလျက် ရှိသည်။

"ကျုပ် အချက်ပြလိုက်တာနဲ့တပြိုင်နက် ရစ်လုံးရဲ့ဘရိတ်ကို ဆွဲ
လိုက်ပါ"

ကွင့်က ဘရေ့ဒီအား အမိန့်ပေးသည်။ ထိုစဉ်မှာပင် ကြိုးမှာ
လျော့ခြင်းမရှိပဲ ရပ်တန့်သွားသည်။

"နေအုံး နေအုံး၊ ဒီကောင်ကြီး ကွေ့သွားပြီ"

ကြိုးမှာ ရေထဲသို့ ဆက်လက် ပြေကျခြင်းမရှိပဲ ရပ်တန့်မြဲရပ်
လျက်ရှိသည်။

"ကြိုးကို ပြန်ရစ်လိုက်ပါတော့ဗျာ"

ဘရေ့ဒီက ရေထဲမှကြိုးစကို ရစ်လုံးဖြင့် ပြန်ဆွဲတင်သည်။
သည် လုံးဝအထစ်အငေါ့မရှိ။ အလိုက်သင့်ပင် ပါလာခဲ့သည်။
ာမိအချိန်အတွင်းမှာပင် ဝိုင်ယာနန်းကြိုး၏ အဖျားစွန်းသည်
ပြင်ပေါ်သို့ ရောက်ရှိလာခဲ့၏။ ငါးစာမရှိတော့။ ငါးစာသာ
ငါးများချိပ်ပင် မရှိတော့။ ငါးမျှားချိပ်နှင့် ဝိုင်ယာနန်းကြိုး
အဝက်တို့သည် ငါးစာနှင့်အတူ ရေအောက်မှ သတ္တဝါ
ကောင်၏ ပါးစပ်အတွင်းသို့ ရောက်ရှိသွားခဲ့လေပြီ။ ကွင့်သည်
စကို ကိုင်ယင်းမှ တွေးတွေးဆဆ ပြောလိုက်သည်။



www.burmeseclassic.com

"ကျွန်တော်တို့တော့ ခင်ဗျားရဲ့ မိတ်ဆွေကြီးနဲ့ တွေ့ရပြီ တယ်"

"ဘာပြောတယ်"

ဘရော့ဒီက အဓိပ္ပာယ်ကို နားမလည်သလို ပြန်မေးလိုက် ဟူးပါးကလည်း မော်တော်၏ လင့်စင်ပေါ်မှ ခုန်ဆင်းလိုက်

"ခင်ဗျား နောက်နေတာလား ကွင့်"

"ကျုပ် အထင်ကို ပြောတာပါ။ ဒါပေမယ့် သေချာပါ ဒီကောင်ကြီးပဲ ဖြစ်ရမယ်။ ဘာလို့လဲဆိုယင် ဝိုင်ယာကြိုးကို ပါလား။ 'တီ'ကနဲ ပြတ်ပါသွားတယ် တွေ့လား။ ကိုက်ချက်က ပဲ ရှိတယ်။ ဘာမှ တွေဝေ တုံ့ဆိုင်းနေတာ မရှိဘူး။ ပြီးတော့ မရဲ့ မပိုင်မနိုင်နဲ့ စမ်းတဝါးဝါး ကိုက်ရာတွေလဲ လုံးဝ မတွေ့ ကြည့်ရတာ ဒီကောင်ကြီးက သူ့ပါးစပ်ထဲ ငါးများချိတ်နဲ့ ကြိုး ပါသွားတာကို သိချင်မှတောင် သိမယ်။ တချက်ဟပ်လိုက်ပြီး ဝ ကို ပြန်ပိတ်လိုက်တာနဲ့ သူ့ပါးစပ်ထဲ ငါးစာရော၊ ငါးများချိတ် ကြိုးရော၊ အားလုံး ပါသွားတာပဲဖြစ်မယ်"

"ဒါဖြင့် ကျွန်တော်တို့ အခု ဘာလုပ်ကြမလဲ"

"ကြည့်မယ်လေ၊ စောင့်ကြည့်ကြမယ်။ နောက် ငါးမျှား တချောင်းကို လာဟပ်ချင် ဟပ်အုံးမှာပဲ။ ဒါမှမဟုတ် ရေပြင် တက်ချင်လဲ တက်လာလိမ့်မယ်"

"ဟို လပိုင်သေလေး ကိစ္စကော ဘယ်လိုလုပ်မလဲ"

"ခုနက ကောင်ဟာ ကျုပ်တို့ လိုချင်နေတဲ့ သေမင်းဖြူကြီး မဟုတ် စောင့်ကြည့်ရမယ်။ အဲဒီ ရေအောက်က မိစ္ဆာကောင် ကျုပ်ရဲ့ လပိုင်လေးကို ချကျွေးသင့်လောက်အောင် အကောင် မယ် ဆိုယင်တော့ ချကျွေးရမှာပဲ။ အဲသလိုမဟုတ်ပဲ တွေ့ကရာ မယ်၊ တွေ့ကရာဆွဲမယ့် ကောင်မျိုး ဆိုယင်တော့ ကျုပ်ရဲ့ လေးကို အချည်းနှီး မဖြစ်စေချင်ဘူး"





သူတို့ စိတ်ရှည်ရှည်ဖြင့် စောင့်ကြည့်နေလိုက်သည်။ သို့သော် ရေမျက်နှာပေါ်တွင် မည်သို့သော လှုပ်ရှားမှုမျိုးမျှ ဖြစ်ပေါ်လာခြင်း မရှိခဲ့။ ရေပြင်မှ ငါးသေးငါးမွှားလေးများ မြူးတူးခုန်ထွက်လာခြင်းမရှိသလို ဝေဟင်မှ ငှက်စင်ရော်လေးများကလည်း အစာသုတ်ရန် ရေပြင်ပေါ်သို့ 'ဒိုက်' ထိုးဆင်းလာခြင်း မရှိခဲ့။

ဟူးပါးက ခပ်ချိုချိုယောက်မဖြင့် ငါးစာများကို ခပ်ယူပြီး ရေထဲသို့ ပက်ဖျန်း သွန်ချနေသံသည်သာလျှင် ပတ်ဝန်းကျင် တခုလုံးတွင် ဖြစ်ပေါ်လျက်ရှိသည့် တခုတည်းသော မြည်သံ ဖြစ်ပေသည်။

ထိုစဉ်မှာပင် ငါးများတံ၏ ရစ်လုံးမှ ကြိုးသည် တဖြည်းဖြည်း ပြေကျ လျော့ပါသွားခဲ့သည်။

"အသာနေ ဒီအတိုင်းပဲထား။ ငါးများတံကို မကိုင်နဲ့"

ကွင့်က ဘရော့ဒီအား တားမြစ်လိုက်သည်။

ဘရော့ဒီ ခန္ဓာကိုယ် အတွင်းတွင် ကြောက်ရွံ့ထိတ်လန့်သော၊ တုန်လှုပ်ချောက်ချားသော ခံစားမှုများ ဖြစ်ပေါ်လာခဲ့ပြီ။ သူတို့ မော်တော်၏ အောက်ဘက် ရေလွှာပြင်အတွင်း၌ ကူးခပ် လိုက်ပါလျက်ရှိသည့် သတ္တဝါသည် မည်သို့သော အကောင်မျိုးပါလိမ့်။ သူ့ စွမ်းပကား၊ ကား မည်မျှ ကြမ်းကြုတ်ကြောက်မယ်ဖွယ် ကောင်းလေသနည်း။ ဘရော့ဒီမှာ တွေးယင်း တွေးယင်းနှင့် ရှေ့ဆက်မတွေးဝံ့လောက်အောင်ပင် ဖြစ်လာခဲ့ရသည်။

ရေနက်ထဲသို့ တရွေ့ရွေ့ ပြေကျနေသော ကြိုးမှာ တုံ့ကနဲ ရပ်သွားသည်။ ထို့ပြင် တင်းတင်းရင်းရင်း မရှိတော့။ လျော့လျည်း လျော့လျည်း ဖြစ်သွား၏။

"တောက်၊ တခါတော့ လုပ်သွားပြန်ပြီကွာ"

ကွင့်က ပြောပြောဆိုဆိုနှင့် ငါးများတံကို မော်တော်၏ ပွဲပိုင်းတွင် ချိတ်ထားရာမှ ဖြုတ်ယူလိုက်သည်။ ထိုနောက် ရစ်လုံးကို ရစ်ပြီး ကြိုးကို ပြန်ဆွဲတင်သည်။ ကြိုးမှာ ပထမအကြိမ်မှာကဲ့သို့ပင် တိတိကျကျ ပြတ်တောက်နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတခါ အဖျားပိုင်းကို ပိုခိုင်တဲ့ကြိုးနဲ့ ချည်ကြည့်မယ်"

ကွင့်က ပြောပြောဆိုဆို ရေခဲပုံးကိုဖွင့်ပြီး ငါးစာတခုကို ယူလိုက်သည်။ထို့နောက် ပိုင်ယာနန်းကြိုး အဖျားပိုင်းကို ဖြုတ်လိုက်သည်။ ပြီး နံရံ အံဖုံးတခုကို ဖွင့်ကာ သံကွင်းတခုစီသည် ရှစ်ပိုင်း သုံးပိုင်း လက်မရှိပြီး အလျား လေးပေအရှည်ရှိသည့် သံကြိုးတချောင်းကို ထုတ်ယူကာ ငါးမျှားကြိုး၏ အဖျားစွန်းတွင် တပ်ဆင်လိုက်သည်။ ငါးမျှားချိတ်နှင့် ငါးစာကိုလည်း ယင်းသံကြိုးဖြင့် တွဲလိုက်သည်။

"ကြည့်ရတာ ခွေးလည်ပတ်သံကြိုးနဲ့ တူတယ်နော်"

ဘာရော့ဒီက မှတ်ချက်ပြုလိုက်သည်။

"တချိန်တုန်းကတော့ ဟုတ်ခဲ့တာပေါ့"

"ဒီကောင်ကြီးက ဒီသံကြိုးကိုရော ကိုက်ဖြတ်အုံးမှာလား"

"ထင်တာပဲ။ အချိန်နည်းနည်းတော့ ကြာချင်ကြာမယ်ပေါ့။ ဒီကောင်ကြီးက အစာကို ငမ်းငမ်းတက်နေယင်တော့ မရအရ ကိုက်ဖြတ်မှာ သေချာတယ်။ သူ့ကို နည်းနည်းလောက်တော့ လှည့်စားနိုင်မယ်။ အရှုံးလုပ်နိုင်မယ် ထင်တာပဲ။ ဒီလိုလုပ်ခြင်းအားဖြင့် သူ့ကို ရေမျက်နှာပြင်ပေါ် အရောက် ဆွဲခေါ် လာနိုင်မလားဝဲ"

"အခုလိုလုပ်တာ အဆင်မပြေယင်ကော"

"ခု လောလောဆယ်တော့ ဘာလုပ်ရမယ်ဆိုတာ မဆုံးဖြတ်ရသေးဘူး။ အရှည် လေးလက်မရှိတဲ့ ငါးမျှားချိတ်နဲ့ သံကြိုးရှည်ရှည်အချောင်းမှာ ငါးစာကြီးကြီးချိတ်ယင် ကောင်းမလားလို့ တွေးနေမိတယ်"

"ကဲ၊ လာစမ်းကွာ၊ မိစ္ဆာကောင်ကြီး၊ မင်းကို ကြည့်ရအောင်"

ကွင့်သည် ငါးမျှားချိတ်ကို မော်တော်နှင့် ဂိုက်အတော်ဝေးဝေး ရေပြင်တနေရာဆီသို့ လွှဲယမ်း ပစ်ချလိုက်သည်။ လူသားသုံးဦးတို့၏ မျက်စိခြောက်လုံးတို့သည် ငါးမျှားကြိုး ရေထဲသို့ မြုပ်ဝင်နေသည့် နေရာတဖိုက်သို့ မျက်တောင်မခတ် စူးစိုက်စွာ ကြည့်နေကြသည်။





တူးပါးသည့် ယောက်ချိုဖြင့် ငါးစာ အရိုးအရွဲ့များကို ခပ်ယူပြီး ရေပြင်ပေါ်သို့ ပက်ချလိုက်သည်။ ထိုစဉ် သူ့မျက်စိထဲတွင် ပစ္စည်းတစုံတခု၏ လှုပ်ရှားမှုကို ရိုးတိုးရိပ်တိပ် မြင်လိုက်ရသဖြင့် ဇယ်ဘက်သို့ လှည့်ကြည့်လိုက်မိသည်။ ဤလှုပ်ရှားမှုကို ဘာရော့ဒီကလည်း မြင်တွေ့လိုက်သဖြင့်....

"ဘုရားရေ"

ဟု ရေရွတ်လိုက်သည်။

မော်တော် ပဲ့ပိုင်းနှင့် ဆယ်ပေခန့်ပင် ကွာလှမ်းမည် မဟုတ်။ တတော့ချွန်ပုံဆောင် ငါးမန်းကြီး၏ နှာခေါင်းချွန်ချွန်ကြီးမှာ ရေမျက်နှာပြင်၏ အထက်သို့ နှစ်ပေခန့် ထိုးထွက်လျက်ရှိသည်။ ငါးမန်းကြီး၏ ဦးခေါင်းပိုင်းသည် မီးခိုးရောင် မှုန်မှုန်မှိုင်းမှိုင်း အဆင်းကို ဆောင်လျက်ရှိသည်။ မျက်လုံး အမည်း တစုံက ဦးခေါင်း၏ ဘေးတဘက်တချက်စီတွင် ရှိသည်။ သူ့နှာသီးမှာမူ နီနှစ်ရောင်အတိုင်း ဆွတ်ဆွတ်ဖြူလျက်။ ကြီးမားသော ပါးစပ်ကြီးကို တဝက်တပျက် ဖွင့်ဟထားရာ အတန်းမညီမညာ ပေါက်ရောက်လျက်ရှိသော ကြိုင်ပုံဆောင် ကြီးမားသော သွားချွန်ကြီးများကိုပင် ကြောက်မယ်စဖွယ် မြင်တွေ့နေရသည်။

ငါးနှင့် လူ။ လူနှင့် ငါးတို့သည် တဦးနှင့်တဦး ဆယ်စက္ကန့်မျှ ကြာအောင် တဦးကိုတဦး ကြက်သေ,သေ ကြည့်နေမိကြသည်။ လူနှင့် ငါးတို့ ရေပြင်တွင် ရင်ဆိုင်မိပေပြီ။

ဦးစွာ သတိဝင်လာသူမှာ ကွင့်။

"မှိန်း....မှိန်းကို ယူလိုက်"

သူက အသံဝါကြီးဖြင့် ဟစ်အော် အမိန့်ပေးလိုက်သည်။ သူကိုယ်တိုင်လည်း နီးရာမှိန်းတံတချောင်းကို ပြေးဆွဲသည်။

ဘာရော့ဒီကမူ 'အမ်-ဝမ်း' ရိုင်ဖယ်ကို ကောက်ကိုင်လိုက်သည်။ ထိုစဉ်မှာပင် ငါးကြီးသည် ရေအောက်သို့ ငုပ်ပြီး နောက်ကြောင်းသို့ ပြန်လှည့်သွားသည်။ လခြမ်းပုံဆောင် အပေါ်ဖိုက် အတောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အမြီးကြီးကို တချက်မျှ လှုပ်ခါ ယမ်းခတ်သွားခဲ့သည်။ ဘရော့ဒီ
သေနတ်ဖြင့် ကယောင်ကတမ်း တချက် ပစ်ထည့်လိုက်သေးသည်
သို့သော် ငါးကြီးကိုမထိပဲ လွဲချော်သွားခဲ့၏။ ငါးကြီးသည် ရေ
အောက်သို့ ဝင်ရောက်ပျောက်ကွယ်သွားခဲ့ချေပြီ။

"သွားပြီ၊ ငုပ်သွားပြီ"

ဘရော့ဒီက အားမလို အားမရ နှမြော တသသဖြင့် ပြောလို
သည်။

ဟူးပါးက....

"အံ့မခန်း ငါးကြီးပါပဲဗျာ။ ကျုပ်ထင်တာထက်တောင် ပိုကြီး
တယ်။ သူ့ကိုယ်ထည်ရဲ့ အနံဟာ အနည်းဆုံး လေးပေလောက်တော့
ရှိမယ်ထင်တယ်"

"အေး၊ ဖြစ်နိုင်ပါတယ်"

ကွင့်က ပြန်ဖြေယင်း မှိန်းတံနှစ်ချောင်း၊ ကြိုးခွေနှစ်ခွေနှင့် ထ
ပစ္စည်းများတွင် တပ်ဆင်ထားသော သစ်သားစည်ပိုင်းများကို
တော်၏ ပဲ့ပိုင်း လက်ရန်းအနီးတွင် အသင့် စီရရီ နေရာချထားလို
သည်။

"တကယ်လို့ ဒီကောင်ကြီး တကျော့ ပြန်လာမယ်ဆိုယင် အဆ
သင့်ဖြစ်ရအောင်"

"ခင်ဗျား ဒီလို ငါးမန်းကြီးမျိုးကို အယင်တုန်းက မြင်ဖူး
သလား ကွင့်"

ဟူးပါးက မေးလိုက်သည်။ သူ့မျက်လုံးများသည် အရော
တောက်လျက်ရှိကြသည်။ စိတ်တက်ကြွမှုဖြင့် ပြူးကျယ်လျက်ရှိ
သည်။

"ဟင့်အင်း၊ မမြင်ဖူးသေးဘူး"

"ဘယ်လောက် အရှည်ရှိမယ် ထင်သလဲ"





"ခန့်မှန်းရ မလွယ်ဘူး ကွ။ ပေ နှစ်ဆယ်လောက် ရှိချင်ရှိမယ်။
ဒီထက် ပိုချင်လဲ ပိုနိုင်တယ်။ ဘယ်လောက်ပဲ အရှည် ကွာခြားကွာ
ခြား၊ အန္တရာယ်ပေးမှုကတော့ ကွာခြားချက် သိပ်မရှိပါဘူး။ ဘာပြု
လို့လဲဆိုရင် အလျား ခြောက်ပေရှိတဲ့ ငါးမန်းတိုင်းဟာ လူကို
ကောင်းကောင်း ဒုက္ခပေးနိုင်တာမို့ပဲ။ ဒီ ခွေးမသားကြီးကတော့
တို့ကို ပိုလို့တောင် အန္တရာယ်ပေးနိုင်သေးတယ်"

"ကျုပ်ကတော့ ဒီကောင်ကြီး ပြန်လာပါစေလို့ ဆုတောင်းရ
တာပဲ"

ဟူးပါးက သူ့ဆန္ဒကို ပြောလိုက်သည်။

ဘရော့ဒီသည် ကျောစိမ့်သလိုလိုခံစားမိသည်။ တုန်တုန်ယင်ယင်
လည်း ဖြစ်လာသည်၊

"သိပ် အံ့သြဖို့ ကောင်းတာပဲ။ ဒီကောင်ကြီးက ကျုပ်တို့ကို
သွားဖြဲပြနေသလိုပဲ"

"သူတို့ပါးစပ်က ဟထားယင် ဒီအတိုင်းပဲမြင်ရတဲ့ဥစ္စာ၊ ဒါပေ
မယ့် နောင်ကို သူ့ကို ဒီထက်ပိုပြီး အခွင့်အရေး မပေးမိစေနဲ့။
တကယ်တော့ ဒီကောင်ကြီးဟာ ဆွံ့အ နေတဲ့ အမှိုက်ပုံးကြီးပဲ။
ရသမျှ အကုန်မျိုမှာပဲ"

"ခင်များက ဘာလို့ ဒီလိုပြောနိုင်သလဲ။ ငါးဆိုတာ သဘာဝ
ရဲ့ အလှတပါးပဲ။ ဘုရားသခင်ကို မမေ့မလျော့အောင်၊ ယုံကြည်
မှုရှိအောင် ဖြစ်ပေါ်တည်ရှိနေရတဲ့ သတ္တဝါ တကောင်ပဲ"

ဟူးပါးက သူ့အယူအဆကို ပြောသည်။

"သွားစမ်းပါ... ပေါက်တတ်ကရတွေ"

ကွင့်က မော်တော်၏ လင့်စင်ပေါ်သို့ လှမ်းတက်ယင်းမှ ဟူး
ပါးကို 'ဟောက်'လိုက်သည်။

ဘရော့ဒီက....

"ခင်ဗျား လပိုင်သေကို သုံးအုံးမယ် မဟုတ်လား"

ဟု မေးလိုက်သည်။

www.burmeseclassic.com



"ဟင့်အင်း၊ မလိုသေးပါဘူး။ ဒီကောင်ကြီး ရေပေါ်ရောက်လာအောင် တခါ ထပ်လုပ်ရအုံးမယ်။ သူပြန်လာအုံးမှာပါ"

ကွင့်က ဘရော့ဒီသို့ ပြန်အော်ပြောနေစဉ်မှပင် ဟူးပါး၏နောက်ခကျောဘက်မှ ရေသံလိုလိုကြားရသဖြင့် လှည့်လိုက်၏။

"ကြည့်စမ်း....ကြည့်စမ်း"

ကွင့်က အလန့်တကြား အော်လိုက်သည်။

ပေသုံးဆယ်ခန့် လှမ်းသော အကွာအဝေးခန့်မှ ဖြစ်သည်။ ငါးမန်းဖြူကြီးသည် မော်တော်ဆီသို့ ဦးတည် ကူးခတ်လာလျက်ရှိသည်။ ကြိုဂံပုံဆောင် ကျောရိုးဆူးတောင်ကြီးသည် ရေမျက်နှာပြင်၏ အထက်တွင် တပေခန့် မြင့်တက် ပေါ်ထွက်လျက်ရှိသည်။ ယင်းဆူးတောင်ကြီးက ရေပြင်ကို ဓားတချောင်းဖြင့် ခွဲနေဘိသကဲ့သို့ရှိပြီး ရေပြင်ကို ဆူးတောင်ဖြင့် အရှိန်နှင့်ပွတ်တိုက်မိရာမှ မြည်သံကို ဖြစ်ပေါ်စေလျက်ရှိသည်။ ရေများကိုလည်း ဖွာရရာ ကြဲသောလှိုင်းတွန့်လေးများ အဖြစ် ဘေး တဘက်တချက်သို့ ဖြာထွက်စေလေသည်။

"မော်တော်ကိုတော့ ဝင်တိုက်ဖို့ ကြိုးစားနေပြီဗျို့"

ဘရော့ဒီက ကျန်လူများကို သတိပေးလိုက်သည်။

ကွင့်က ကုန်းပတ်ပေါ်သို့ ခုန်ဆင်းလိုက်ပြီး

"ကျုပ်ကို မှိန်းပေးစမ်း"

ငါးမန်းကြီးသည် မော်တော်၏အနီးသို့ရောက်လာခဲ့ပြီ။ ရှေ့သို့ ချဉ်းကပ် လာစဉ်တွင် မော်တော်၏ လက်ရန်းအနီးတွင် ရပ်နေသည့် ဟူပါးအား သူ့မျက်လုံးနက်တစုံဖြင့် စူးစူးစိုက်စိုက်ကြည့်ပြီးနောက် မော်တော်ဝမ်းဗိုက်အောက်သို့ ငုပ်လျှိုး ဝင်ရောက်သွားခဲ့သည်။

ကွင့်က မှိန်းကို ကိုင်မြှောက်လိုက်ပြီး မော်တော်၏ ကိုယ်ထည်ဖိုင်းသို့ လှည့်လိုက်သည်။ ထိုစဉ်မှာပင် မှိန်းတံသည် ဘရော့ဒီထိုင်နေကျဖြစ်သည့် သစ်သားကုလားထိုင်နှင့် သွားရောက် ရိုက်မိ





သည်။ ၎င်းတွင် မှိန်းသွားမှာ မှိန်းတံမှကျွတ်ပြီး ကုန်းပတ်ပေါ်သို့ ပြုတ်ကျသွားတော့၏။ ကွင့်က အရေးထဲ အရာပေါ်သော ဖြစ်ရပ်ကြောင့် ညစ်အူမ်းစွာ ဆဲရေးလိုက်၏။ ပြီး မှိန်းသွားကိုပြန်ကောက်ပြီး မှိန်းတံတွင် ပြန်တပ်လိုက်သည်။

"အကောင်ကြီး ရှိသေးလား"

ဟူးပါးက လှမ်းမေးလိုက်သည်။

"ခင်ဗျားရဲ့ဘက်ကို ရောက်သွားပြီ။ ခုနက ဒီဘက်ကနေ ဖြတ်သွားခဲ့တယ်။ ခင်ဗျားရဲ့ ဘက်မှာ"

ကွင့်သည် သူ့နောက်ကျောဘက်သို့ အချိန်မီ ရုတ်ခြည်း ပြန်လှည့်လိုက်သည်။ မော်တော်နှင့် ပေခလှမ်းလှမ်းရေပြင်အောက်တွင် ငုပ်ဝင်သွားသည့် ငါးမန်းကြီးကို ခပ်ရေးရေးသာ မြင်လိုက်ရသည်။ သူနောက်ကျသွားပေပြီ။ သူသည် ဒေါသတကြီးဖြင့် မှိန်းကိုချထားလိုက်ပြီး ရိုင်ဖယ်သေနတ်ကို ကောက်ယူ လိုက်သည်။ ထို့နောက် ငါးမန်းကြီး ငုပ်ဝင်ကွယ်ပျောက်သွားရာ ရေပြင်ထဲသို့ ကျည်တကပ်လုံး ကုန်စင်အောင် ကျည်တောင့်များကို အချည်းနှီးပစ်ထွတ် ဖြုန်းတီးပစ်လိုက်၏။

ထို့နောက်ဆဲရေး မြည်တွန်လိုက်ပြီး သေနတ်ကို အောက်သို့ ပြန်ချယင်းပြောလိုက်သည်။

"ဒီတခါတော့ ကံကြီးတာပဲဗျို့။ ကျုပ်တို့ မော်တော်ကို ဘယ်လိုမှ အန္တရာယ် ပြုမသွားခဲ့ဘူး"

*



www.burmeseclassic.com

www.burmeseclassic.com



# ၁၂

## [က]

"ဟေ့....ဟေ့၊ အဲဒါကြီးကိုတော့ ကျုပ်ရဲ့ မော်တော်ပေါ်ကို တင်လို့ မဖြစ်ဘူး"

ကွင့်က ကန့်ကွက် ပြောဆိုလိုက်သည်။

သူတို့သည် ဆိပ်ခံတံတားပေါ်တွင် ရပ်လျက်ရှိကြသည်။ အရုဏ်ဦး၏ လင်းရောင်ခြည်သည် အရှေ့ဘက်မိုးကုတ်စက်ဝိုင်းတွင် ပေါ်ထွက်လာခဲ့ပြီး ဖြစ်သည်။ ညင်သာသော လေနုနုလေး ကလည်း တောင်အရပ်ဆီမှ ပြေပြေလေး တိုက်ခတ်လျက်။ မော်တော်သည် ပင်လယ်ပြင်သို့ ခွာရန် အသင့်ရှိနေပြီ။ မော်တော်၏စက်ကိုလည်း အသင့်နှိုးထားပြီးပြီ။ သေမင်းဖြူကြီးကို သုတ်သင် သတ်ဖြတ်ရာတွင် အသုံးချရမည့်လက်နက်ကိရိယာ များကိုလည်း မော်တော်၏ ပဲ့ပိုင်းတွင် စီကာစဉ်ကာ အဆင်သင့် ထားရှိပြီးလေပြီ။





ဆိပ်ခံတံတား၏ အခြားတဘက်စွန်းရှိ လမ်းပေါ်တွင် ဝန်တင်ပစ်ကပ် ထရပ်ကားကြီးတစီး တရွေ့ရွေ့ မောင်းနှင်ထွက်ခွာသွားသည်။ ကားကြီး၏ တံခါးပေါ်တွင် ရေးသားထားသော စာတမ်းမှာ အရုဏ်ဦး၏ လင်းရောင်ခြည် အောက်ဝယ် မပီဝိုးတဝါး မြင်တွေ့လိုက်ရသည်။ 'ဂု(ဒ်)ဟိုး(လ်)အဏ္ဏဝါမေဒသိပ္ပ'' ဟူ၏။

ကွင့်သည် မော်တော်ကို ကျောမှီ ရပ်လျက် ရှိသည်။ အမြင့်ခြောက်ပေ၊ အလျားခြောက်ပေနှင့် အနံ လေးပေရှိသော အလျူမီနီယမ် သတ္တုလှောင်အိမ်ကြီးတခု၏ ဘေးတဘက် တချက်စီတွင် ရပ်လျက်ရှိသော ဘရော့ဒီနှင့် ဟူပါးတို့အား သူက ခပ်တည်တည်ဖြင့် ကြည့်လျက်ရှိသည်။

ယင်း သတ္တုလှောင်အိမ်ကြီးအား ရေအောက်တွင် လိုသလို ရွှေ့လျားမှု လုပ်နိုင်သည့် ထိန်းသိမ်းပဲ့ကိုင်ရေး စက်တခုကိုလည်း သင်းပစ္စည်းကြီး၏ အတွင်းပိုင်းတနေရာတွင် တပ်ဆင်ထားပေသည်။ လှောင်အိမ်ကြီး၏ အမိုးပိုင်းတွင်မူ ဆလင်ဒါ ထုလုံးပုံဆောင်ထိုင်ကီ နှစ်လုံးကို တပ်ဆင်ထားသည်။ လှောင်အိမ်ကြီး၏အတွင်းပိုင်း ကြမ်းခင်းပေါ်တွင်မူ ရေငုပ်ရာတွင် အသုံးပြုသည့် အသက်ရှူအောက်ဆီဂျင်ဗူးတလုံး၊ မျက်နှာဖုံး မှန်ဝိုင်းတခု၊ သားရေပြောင် ရေငုတ်ဝတ်စုံတထည်နှင့် ရီဂူလေတာတခု ချထားကြောင်း ကွင့် သတိပြုမိလိုက်သည်။

"နေပါအုံး ဒါကြီးကို ဘာပြုလို့ ခင်ဗျားရဲ့ မော်တော်ပေါ်ကို တင်ခွင့်မပြုချင်ရတာလဲဗျ။ သိပ်လဲအလေးချိန် မစီးပါဘူး။ပြီးတော့ ရေထဲချပြီး ကြိုးနဲ့ ချည်ဆွဲယူသွားယင်လဲ ရပါတယ်"

"ဒါကြီးက နေရာယူလွန်းတယ်ဗျ။ ကျုပ်ရဲ့ မော်တော်က ခပ်သေးသေး ခပ်ကျုပ်ကျုပ်ရယ်"

"ကျုပ်လဲ ဒါပဲ ပြောနေတာပဲ၊ ယူမလာဝါနဲ့လို့ ဒါပေမယ့် ကျုပ်စကားကို သူ နားမထောင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဘရော့ဒီက ဝင်ရောက် ပြောဆိုသည်။

"နေပါဦး၊ ဒါကြီးကို ဘယ်မှာ သုံးမှာမို့လဲ"

ကွင့်က ဟူးပါးအား မေးလိုက်သည်။

"ငါးမန်း လှောင်အိမ်ဆိုတာ ဒါပေါ့"

ဟူးပါးက ရှင်းပြသည်။

ရေငုပ်သမားတွေသုံးတဲ့ပစ္စည်းပဲ။ သမုဒ္ဒရာ ပြင်ကျယ်ကြီးထဲကို ဆင်းရတဲ့ ရေငုပ်သမားတွေက ဒီလိုလှောင်အိမ်ကြီးမျိုးကို သုံးလေ့ရှိတယ်။ ဒီအထဲကို ဝင်ပြီးနေယင် ငါးမန်းရဲ့ အန္တရာယ်က ကင်းဝေးတယ်။ ကိုယ်လုပ်ချင်တဲ့ အလုပ်ကိုလဲ ဖြောင့်ဖြောင့်တန်းတန်း လုပ်နိုင်တယ်။ ကျုပ်က ဒါကြီးကို ပု(ဒ်)ဟိုး(လ်)ကို ပြန်မှာရတာ။ ခုနက ထရပ်ကားကြီးက လာပို့သွားခဲ့တာ"

"ဒါကြီးကို ဘယ်လိုအသုံးချဖို့ အစီအစဉ်ရှိသလဲ"

"ကျွန်တော်တို့က ငါးမန်းကြီးကိုတွေ့ယင်၊ ဒါမှမဟုတ် ငါးမန်းကြီးက ကျွန်တော်တို့ကို တွေ့သွားပြီဆိုယင် ကျွန်တော်က ဒီလှောင်အိမ်ကြီးထဲဝင်ပြီး ရေအောက်ကို ဆင်းသွားမယ်။ ပြီးတော့ ဓာတ်ပုံတွေ ရိုက်ယူမယ်။ ဒီလောက်ကြီးတဲ့ ငါးမန်းမျိုးကို ဘယ်သူမှ ဓာတ်ပုံ မရိုက်ဖူးကြသေးဘူး"

"အေး၊ ဒါပေမယ့် ငါ့မော်တော်ပေါ်မှာ လိုက်လာယင်တော့ ဒါမျိုးကို ခွင့်မပြုနိုင်ဘူး"

"ဘာကြောင့်လဲဗျ"

"ဒါဟာ အရူးထခြင်းသက်သက်ပဲ။ မိုက်မဲမှုသက်သက်ပဲ။ ဆင်ခြင်တုံတရားရှိတဲ့ လူတယောက်ဆိုယင်တော့ မိမိရနိုင်တဲ့ အခွင့်အရေးနဲ့ ရယူသင့်တဲ့ အခွင့်အရေးကို ခွဲခြား သိမြင်တတ်ရမယ်။ အခွင့်အရေးဆိုတာ ရတိုင်းယူလို့ ကောင်းတာ မဟုတ်ဘူး။ အကန့်အသတ် စည်းကမ်းကလနားရှိရမယ်။ အခု မင်းလုပ်မှုက ယူသင့်တဲ့ အခွင့်အရေးထက်ကျော်ကျော်နေပြီ"





"ခင်ဗျားက ဘာ့ကြောင့် ဒီလိုပြောနိုင်သလဲ"

"သိတာပေါ့။ အခု မင်းယူချင်တဲ့ အခွင့်အရေးက လူသားတိုင်း ရယူနိုင်တဲ့ အခွင့်အရေးထက် ပိုနေပြီ။ ဒီလောက် စွမ်းပကားကြီးမားတဲ့ ငါးကြီးတကောင်က မင်း လှောင်အိမ်ကိုရော မင်းကိုပါ မနက်စာအဖြစ် စားပစ်လိုက်မှာပေါ့"

"ကျုပ်ကတော့ ဒီလိုမထင်ဘူး။ သူဟာ စားဖို့ သောက်ဖို့တခုကိုပဲ အလေးအနက်ထားနေမှာ မဟုတ်ပါဘူး"

"စားဖို့ကို သိပ်အလေးအနက်ထားမှာကတော့ အသေအချာပါပဲ။ လှောင်အိမ်ထဲမှာရှိတဲ့ သတ္တဝါက သူ့ကို ခံတွင်းတွေ့စေမယ့် အရာမှန်းသိယင် မင်း လှောင်အိမ်လောက်တော့ သူက အသာလေး ဖောက်ဖျက်ပစ်လိုက်လိမ့်မယ်"

"ကျွန်တော်ကတော့ မထင်ပါဘူး"

"ကောင်းပြီလေ၊ ကျုပ်အယူအဆ မှားတယ်ပဲ ထားလိုက်ပါတော့။ ကျုပ်ပြောတာကို **မေ့ပစ်လိုက်ပါ**"

"ဒီမှာလေ ကွင့်ရဲ့၊ ဒီလိုအခွင့်အရေးမျိုးဆိုတာ တဘဝ တသက်တာမှာ တခါကြုံရတာ။ ကြုံခါင့်ကြုံခဲ ကိစ္စပါဗျာ။ ဒါဟာ ကျုပ်တယောက်တည်းရဲ့ အကျိုးအတွက် ပြောနေတာ မဟုတ်ရပါဘူးဗျာ။ လူတိုင်းအတွက်ပါ။ ဘာပြုလို့လဲဆိုယင် ငါးမန်းဖြူတွေအကြောင်း လူတချို့က ရုပ်ရှင်ရိုက်သွားခဲ့ကြပြီ။ ဒါပေမယ့် ဒီလို သမုဒ္ဒရာပြင်ကျယ်ကြီးထဲမှာ နှစ်ဆယ့်လေးပေအရှည်ရှိတဲ့ ငါးမန်းကြီး လွတ်လွတ်လပ်လပ် ရေကူးသွားလာနေတာကိုတော့ ဘယ်သူမှ ဓာတ်ပုံမရိုက်ခဲ့ဖူးသေးဘူး မဟုတ်လား။ ဒါဟာ အခွင့်ကောင်းပဲ"

"ဟေ့ ဟူးပါးရဲ့၊ သူက ဒီကိစ္စဟာ မဖြစ်နိုင်ဘူး၊ သဘောမတူဘူး။ **မေ့ပစ်လိုက်ပါတော့**လို့ ပြောနေပြီ မဟုတ်လား။ ဘာတွေ ထပ်ရှည်နေတာလဲ"

ဘရော့ဒီက ဝင်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"....သူပြောတဲ့အတိုင်း ဒီကိစ္စဟာ မဖြစ်နိုင်တာမို့ ဆက်ပြော မနေတော့ပဲ မေ့ပစ်လိုက်ကွာ။ မဖြစ်နိုင်တာတွေ။ ပြီးတော့ ငါ လိုယ်တိုင်လဲ သဘောမတူဘူး၊ ငါ့မှာ တာဝန်ရှိတယ်။ ပြဿနာ တစ် တခု ဖြစ်လာယင် ငါ့ခေါင်းပေါ်ပုံကျလာမှာ။ တို့တတွေ ဒီကို ရောက်လာခဲ့ကြတာကလဲ အိမ်တွင်းပြဖို့ အပျော်တမ်းရုပ်ရှင် အရိုက် ထွက်လာကြတာမဟုတ်ဘူး။ ငါးမန်းကိုသတ်ဖို့ ထွက်လာခဲ့ကြတာ"

"တာဝန်ရှိတယ်၊ ဟုတ်လား။ ဘာတာဝန်လဲ၊ ခင်ဗျားက ကျုပ် အတွက် ဘာတာဝန်များ ယူထားလို့လဲ"

"အို ရှိတာပေါ့။ အခုလို ငါးမန်းဖမ်း ခရီးထွက်လာနိုင်ဖို့ ကုန် ကျစရိတ်ကို အမိတ် မြို့သူမြို့သားတွေက အကုန်အကျခံထားရတာ"

ဟူးပါးသည် ဘရော့ဒီအား နိုင်အောင် ပြောနိုင်မည် မဟုတ် သဖြင့် ကွင့်ဘက်သို့ လှည့်လိုက်သည်။

"ခင်ဗျားကို ကျုပ် ငွေပေးမယ်ဗျာ"

ကွင့်မျက်နှာမှာ ပြုံးရောင်သန်းလာသည်။

"အို....ဟုတ်လား။ ဘယ်လောက်ပေးမှာလဲ"

"ထားစမ်းပါ"

ဘရော့ဒီက ဝင်ရောက် ဟန့်တားသည်။

"ဟေ့၊ ကွင့်ဘာပြောပြော ငါ ဂရုမစိုက်ဘူး။ ငါတခုပဲ ပြော မယ်။ အဲဒီလှောင်အိမ်ကြီးကို မင်း မယူလာခဲ့နဲ့"

ဟူးပါးကလည်း ဘရော့ဒီကို ဂရုမစိုက်။ ကွင့်ကိုသာ ငွေပြ၍ အခ အရ စည်းရုံးသည်။

"ဒေါ်လာတရာ လက်ငင်း ပေးမယ်ဗျာ၊ ငွေသားတရာပေးမယ်။ ကြို ပေးထားစေချင်ယင်လဲ ရမယ်။ ခင်ဗျားကြိုက်သလိုသာ ပြော"

ဟူးပါးက သူ့ဘောင်းဘီအိတ်တွင်းမှ ပိုက်ဆံအိတ်ကို နှိုက်ယူ လိုက်သည်။

"ဟေ့....ငါ ခွင့်မပြုဘူးလို့ ဘယ်နှစ်ခါပြောရမလဲ"

ဘရော့ဒီက ကြားဝင် အော်ပြန်သည်။





"ဟုတ်လား ကွင့်။ ဒေါ်လာငွေ တရာနော်၊ ဟောဒီမှာ ငွေ းချည်းသက်သက် လက်ငင်းပေးမယ်။ ချက်လက်မှတ်နဲ့တောင် တ်ဘူး"

ဟူးပါးက ဒေါ်လာနှစ်ဆယ်တန် စက္ကူငါးရွက် ရေတွက်ပြီး သို့ လှမ်းပေးလိုက်သည်။

"ကျုပ်တော့ ဘာမှ နားမလည်ဘူး။ ကိုယ့်အသက် ကိုယ် ပြောပဲ သေကြောင်းကြံစည်နေတဲ့လူကို တားမြစ်ပိတ်ပင်ဖို့ကတော့ အလုပ် မဟုတ်တာ အမှန်ပဲ"

ကွင့်က ပြောပြောဆိုဆို ဟူးပါးကမ်းပေးသောငွေများကို လက်ခံ က်သည်။

၌တွင် ဘရော့ဒီကလည်း မနေသာတော့။ ကွင့်ကို စစ်ကြောပြော တော့၏၊

"ခင်ဗျား အဲဒီလှောင်အိမ်စုတ်ကြီးကို တင်ရဲ တင်ကြည့်၊ ခင်ဗျား သာလေးရာ မရတော့ဘူးမှတ်"

ဘရော့ဒီ စိတ်ထဲကမူ 'ဟူးပါး ဒီလောက်သေစေချင်တာ သူ့ သာသူ လွတ်လွတ်ကင်းကင်း တော်ရာမှာ သွားသေစေပါလား သူ ဘာသာသူ ကြိုက်ရာအချိန်မှာ သွားလုပ်ပါစေလား။ ဘာ ကိုယ့်အပေါ်ကို အမှုပတ်အောင် လုပ်နေရတာလဲ'ဟု ကွင့် မကျေမနပ်ဖြင့် စိတ်ထဲမှ ရေရွတ်နေမိသည်။

ဟူးပါးကလည်း တစခန်း ထလာပြန်သည်။

"အဲဒီ လှောင်အိမ်ကြီးမှ မယူရယင် ကျုပ်လဲ မလိုက်တော့ဘူး"

"ဟာ....ဒါဆို သိပ်ကောင်းတာပေါ့၊ မင်းမပါလေ ကောင်းလေ င်းကြိုက်သလိုသာ နေရစ်ခဲ့ ကိုယ့်လူရေ"

ဘရော့ဒီက ဟူးပါးအား ခပ်ချဉ်ချဉ်နှင့် ပြောလိုက်သည်။

"အင်း.... ဒီလိုဆိုယင် ကွင့်ကတော့ သဘောကျလိမ့်မယ်မထင် ကျုပ်ပြောတာ မှန်ရဲ့လား ကွင့်"

ဟူးပါးက ကွင့်အားကိုးဖြင့် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တို့ လူသစ်တယောက် ရှာခေါ်သွားမယ်"

ဘရော့ဒီက ပြောလိုက်သည်။

"ဟာ.... ဒီလို လွယ်လွယ်နဲ့ ချက်ချင်းကြီး ဘယ်မှာ သွား… ရမလဲ"

ကွင့်က ညည်းညည်းညူညူဖြင့် ဆိုလိုက်ရာ ဘရော့ဒီက—

"ဒါဖြင့်လဲ ဒီနေ့ အစီအစဉ်ဖျက်ပြီး မနက်မှပဲ ခရီးထွက်… အောင်။ ဟူးပါးကလဲ ဝု(ဒ်)ဟိုး(လ်)မြန်ပြီး သူ့ငါးလေး… ဆော့နေပါစေတော့"

ဟူးပါးက အလွန်အမင်း ဒေါသဖြစ်သွားသည်။ စိတ်… ဒေါသဖြစ်လွန်းမက ဖြစ်သွားပြီး သူ့ပါးစပ်မှ မပြော… စကားတခုကိုပင် ပြောထွက်ခဲ့မိသည်။ သူ သတိရလိုက်… အခါနှောင်းခဲ့လေပြီ။

"ကျုပ်က ငါးလေးတွေနဲ့တော့ မဆော့ဘူး။ ကျုပ် ဆေ… က....ခင်ဗျား....ရဲ့ အို....ဒါတွေကို မေ့လိုက်ကြပါစို့ဗျာ"

စက္ကန့်အနည်းငယ် ကြာသည်အထိ သူတို့သုံးယောက်သည် … စကားကိုမျှ မပြောဖြစ်ကြပဲ ငြိမ်သွားခဲ့ကြသည်။ ကြောင်သ… သွ့ အသလိုလို ဖြစ်နေခဲ့ကြသည်။ ဘရော့ဒီသည် ဟူးပါ… ကြောင်ပြီး ငေးစိုက်ကြည့်နေမိသည်။ သူ့နားမှ ကြားလိုက်… များကိုပင် မယုံကြည်သလိုလိုဖြစ်သွားသည်။ ယုံလည်း မယုံကြ… သူပြောလိုက်သည့် စကားလုံးများ၏ နောက်ကွယ်တွင် အနက်… မည်မျှကျယ်ဝန်းမည်၊ မည်သည့် အဓိပ္ပာယ်ကို ဆောင်လေမည်… သည်ကို ဘရော့ဒီ မခန့်မှန်းနိုင်။

သူ့ဒေါသယမ်းအိုးမှာ အရှိန်ပြင်းထန်စွာ ပွင့်ထွက်ပေါ… သွားခဲ့၏။ ခြေလှမ်းနှစ်လှမ်းခန့် လှမ်းလိုက်ရုံဖြင့် သူသည် ဟူး… ရှေ့သို့ ရောက်ရှိသွားခဲ့သည်။ ဟူးပါး၏ အင်္ကျီကော်လာနှင့်… အား သူ့လက်နှစ်ဘက်ဖြင့် စုံဆုပ်ကိုင် ဖျစ်ညှစ် ထားလိုက်…





…သက်သီးဆုပ်များကို ဟူးပါး၏ လည်မျိုသို့ ထောက်ထားလိုက်… သည်။

"မင်းပြောတာ ဘာလဲဟင်။ မင်းဘာကို ဆိုလိုတာလဲ"

ဟူးပါးမှာ ခက်ခက်ခဲခဲ အသက်ရှူသွင်းနေရပြီ ဖြစ်သည်။ သူ့… ည်ပင်းကို ရစ်ပတ်ထားသည့် ဘရော့ဒီ လက်များကို ဖြေချနိုင်… ဟူးပါးက ကြိုးပမ်းလျက် ရှိသည်။

သို့သော်....

သူက ရုန်းလေလေ ဘရော့ဒီက ပို၍ အင်းကျပ်စွာ ဖျစ်လေလေ… ရာ မကြာမီမှာပင် ဟူးပါးမှာ အသက်ရှူကျပ်လာခဲ့တော့သည်။

"ကဲ... ပြောစမ်း၊ မင့်စကားရဲ့အဓိပ္ပာယ်က ဘာလဲ"

"အလကားပါ၊ ဘာမှမဟုတ်ပါဘူး၊ ကျုပ်ကလဲ စိတ်ဆိုးနေ… ာ ပြောမိပြောရာ ပြောချလိုက်တာပါပဲ"

"အယင်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်းတုန်းက မင်း ဘယ်ကို… ာက်နေသလဲ"

"ဘယ်မှ မသွားပါဘူး။ ခင်ဗျား ကျုပ် လည်ပင်းကို လွှတ်စမ်း… အသက်ရှူကျပ်လှပြီ"

ဘရော့ဒီက လက်ချောင်းများကို ပိုမိုတင်းကျပ်စွာ ဖျစ်လိုက်… သည်။

"ကဲ....ပြောစမ်း၊ မင်းဘယ်မှာ ရှိနေခဲ့သလဲ"

"မိုတယ်(လ်)ခန်းတခုထဲမှာပါ။ ကဲပါ....ကျုပ်လည်ပင်းကို လွှတ်… းပါ"

ဘရော့ဒီက သူ့လက်ကို အနည်းငယ် လျှော့ပေးလိုက်သည်။

"ဘယ်သူနဲ့ သွားတာလဲ"

မေးသာ မေးလိုက်ရသည်။ ဟူးပါး၏ ပါးစပ်မှ ထွက်လာမည့်… ဖြေကို သူမကြားရဲ။ နားမထောင်ရဲပါချေ။ အယ်လင်းနှင့် သွား… ပါသည် ဟု မပြောပါစေနှင့် ဟု ဆုတောင်းနေမိသည်။ သူ့သတ်…သ



www.burmeseclassic.com

www.burmeseclassic.com



ပြချက်သည် မိမိနားထောင်နားဝင်ချိုမြည့်သက်သေပြချက်တခု ဖြ
ဟုလည်း မရဲတရဲ ဆုတောင်းနေမိသည်။

"ဒေစီဝစ်ကားနဲ့ပါ"

"မင်းလူလိမ်ပဲ"

ဘရော့ဒီက ဟူးပါး၏လည်ပင်းကို ခပ်တင်းတင်း ညှစ်လို
သည်။ အညှစ်ခံရသူက ဟူးပါးဖြစ်သော်လည်း တကယ်
မျက်ရည်ဝဲလာရသူမှာ ဘရော့ဒီပင်။ သူ့အသည်း ကွဲဝင်ခတ်
ဟူးပါးကလည်း လွှတ်မြောက်ရေး အတွက် ရှန်း ယင်း ကန်
မှုပင်

"ခင်ဗျား ဘာကို ဆိုလိုတာလဲ"

"ဒေစီဝစ်ကားဆိုတဲ့ ကောင်မလေးက လိင်ဖောက်ပြန်
လက်(စ်)ဘီယ လေးပဲ။ ဒါသက်သက် မင်းလိမ်နေတာပဲ။
မင်းပြောတဲ့အတိုင်း မိုတယ်(လ်)ခန်းထဲမှာ မင်းတို့ နှစ်ယော
ဘာလုပ်နေကြသလဲ။ ဇာတိုး ဝန်းတိုး သင်နေကြသလား။
ချုပ်နေကြသလား....ကဲ"

ဟူးပါး၏ အသိအာရုံသည် ကြည်လင်ခြင်းမရှိတော့။ ဘရေ
လက်သီးဆုပ်များက ဟူးပါး၏ ဦးနှောက်သို့ ဆက်သွယ်ထား
သွေးကြောများ အတွင်းရှိ သွေးများ၏ ပေ့ညှဲ့ဖတ် သွားလာ
ဖြတ်တောက်ပစ်ခဲ့လေပြီ။ သူသည် သတိလစ် မေ့မြောလု
ဖြစ်သွားခဲ့ရသည်။ ဘရော့ဒီက သူ့လက်များကို လွှတ်လို
ဟူးပါးအား ကုန်းပတ်ပေါ်သို့တွန်းလှဲလိုက်သည်။ ဟူးပါးက အ
မသေစေရေးအတွက် လေကောင်း လေသန့်များကို အင
ရှူရှိုက်လျက်ရှိသည်။

"လိင်ဖောက်ပြန်နေတဲ့ မိန်းကလေးနဲ့ ဆက်ဆံရအောင် မင်း
ဒီလောက်တောင် ဖြစ်နေရလားကွ....ဟေ"

ဘရော့ဒီက အသံဝါကြီးဖြင့် ဟစ်အော် ကြိမ်းမောင်းလိုက်





ဟူးပါး၏ အသိဉာဏ်များသည်လည်း ယခုမှ ပြန်လည် ကြည်လင်လာခဲ့ပြီ ဖြစ်သည်။ ယခုမှတော့ မထူးပြီ။ သူ့ပြောလက်စ စကားကို ဆက်နင်းရပေတော့မည်။

"ကျွန်တော်လဲ အစကတော့ ဘယ်သိပါ့မလဲဗျာ။ အခန်းထဲရောက်တော့မှ.... အချိန်ကလွန်နေပြီ.... ကျွန်တော်လဲ မထူးတော့ဘူးဆိုပြီး...."

"မင်း အဓိပ္ပာယ်မရှိတာတွေ မပြောနဲ့ကွာ။ လက်(စ်)ဘီယ တယောက်ဟာ ယောကျ်ားလေး တယောက်နဲ့ အိပ်ဖို့ ဘယ်တော့မှ မိုတယ်(လ်)ခန်းထဲကို မလိုက်ဘူး"

"ဟုတ်ပါတယ်၊ ဒေစီဝစ်ကားကတော့ လိုက်ပါတယ်"

ဟူးပါးကလည်း ဇွတ်မှိတ်ငြင်းသည်။နည်းနည်းမျှမလျှော့။သို့သော် အနည်းငယ်မျှတော့ ဘရော့ဒီအလိုကို လိုက်ပြောမှ ဖြစ်မည်ကို သိသဖြင့် စကားကို အနည်းငယ်ပြင်၍ ပြောသည်။

"သူက ကျွန်တော့်ကျတော့ ကြည်ကြည်သာသာ ရှိတယ်ဗျ။ ကျွန်တော့်ကို သိလားကြောင်း ပြတယ်လေ....။ ပုံမှန် မိန်းကလေးစိတ် ပြန်ဝင်လာတယ်ထင်ပါရဲ့။ဒါပေမယ့် ကျွန်တော်တို့ နှစ်ယောက် ကြိုးစားကြည့်ကြပေမယ့် ထင်တိုင်း မပေါက်ခဲ့ပါဘူးဗျာ။ စိတ်ပျက်စရာကောင်းတာသာ အဖတ်တင်ခဲ့တာပါပဲ"

"မင်း ငါ့ကို အရူးလုပ်မနေနဲ့ကွ"

"မလုပ်ရပါဘူးဗျာ၊ ခင်ဗျားမယုံယင် ဒေစီ့ကို မေးကြည့်နိုင်ပါတယ်။ ခင်ဗျားဘာသာ စုံစမ်းယူပါ"

ဟူးပါးသည် သူ့လိမ့်လုံးမှာ ပိရိခြင်းမရှိလှ၊ ဆင်သေကို ဆိတ်ရေဖြင့် ဖုံးနေခြင်း သက်သက်မျှသာ။ သူ့သက်သေပြချက်မှာ ခိုင်လုံမှုမရှိလှ။ ဘရော့ဒီလို စခန်းမှူးတယောက်အနေဖြင့် ဟူးပါး၏စကားမှန် မမှန်ဆိုသည်ကို စုံစမ်းလိုသော အချိန်လေးအတွင်း၌ပင် လွယ်လင့်တကူ စစ်ဆေး ဖော်ထုတ်နိုင်မည်ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ဟူးပါးအနေဖြင့် ဘရော့ဒီ လက်အတွင်းမှ လောလောဆယ် လွတ်မြောက်ရန်မှာ အခြားသော နည်းလမ်းများမရှိပြီ။ ဤနည်းကိုသာ တွေးမိသဖြင့် နောင်အခါမှ ဖြစ်လိုရာဖြစ်၊ နောင်ခါလာ နောင်ခါချေးဟူ၍ သဘောထားကာ မျက်စိမှိတ်ပြီး ဇွတ်ပြောချလိုက်ခြင်းဖြစ်သည်။ ဟူးပါးအနေဖြင့် လုပ်ရန်တနည်းသာရှိသည်။ ညနေပိုင်း ဆိပ်ကမ်းသို့ ပြန်ရောက်ပြီးနောက် သူ့ တည်းခိုရိပ်သာသို့ အပြန်လမ်းခရီးတွင် အနီးဆုံး တယ်လီဖုန်းရုံတခုသို့ သွားကာ ဒေစီဝစ်ကားထံ တယ်လီဖုန်းဆက်၍ အကျိုးအကြောင်း ရှင်းပြ။ အကယ်၍ ဘရော့ဒီက သူမထံ လာရောက်မေးမြန်း စုံစမ်းခဲ့ပါလျှင် သူဖန်တီးခဲ့သော လုပ်ဇာတ်လေး အတိုင်း တသွေမတိမ်း ကူညီ ထွက်ဆို ပေးပါမည့်အကြောင်း တိုးလျှိုး တောင်းပန်။

ဤသို့မလုပ်လိုလျှင်လည်း အခြားတနည်းတော့ ရှိသေးသည်။ ဆိပ်ကမ်းသို့ မော်တော် ကပ်မိပြီ ဆိုသည့်နှင့် တပြိုင်နက် (ဘရော့ဒီက ဒေစီဝစ်ကားအား ဆက်သွယ်ခြင်း မပြုနိုင်မီ) အိုရီယင့်ပွ ငှင့်သို့ အပြေးသွား၊ ရရာကားကြုံစီးပြီး အမိတိမြို့မှ အမြန်ဆုံး ထွက်ခွာ။ အဘိလတ်ဟိုဘယ်ကိုလည်းကောင်း၊ အမိတိမြို့ကိုလည်းကောင်း လုံးဝ နောက်ကြောင်း ပြန်လှည့်မကြည့်တော့နှင့်။

"အေးပါ၊ ငါ ဒေစီဝစ်ကားကို မေးကြည့်မှာပါ။ စိတ်သာချမ်းမင်း စောင့်သာကြည့်နေ"

ဘရော့ဒီက အခိုင်အမာ ပြောလိုက်သည်။

ဘရော့ဒီနှင့် ဟူးပါးတို့နှစ်ဦး၏ ရန်ပွဲကို တချိန်လုံးစောင့်ကြည့်နေခဲ့သော ကွင်၏ရယ်သံ ထွက်ပေါ် လာခဲ့သည်။

"ကျုပ်တသက်မှာတော့ ဟူးပါးရဲ့ အဖြစ်မျိုး ဒီတခါပဲကြားဖူးသေးတယ်။ အဆန်းပဲ လက်(စ်)ဘီယံနဲ့များ ဟား....ဟား.... ဟား....ဟား"





ဘရော့ဒီက ဟူးပါး၏ မျက်နှာအား စူးစူးစိုက်စိုက်ကြည့်ယင်း အဖြေရှာနေသည်။ သူ့ ပြောစကားမှာ အမှန်လော အမှားလော ဝေခွဲမရ ဖြစ်နေသည်။ ဟူးပါးကမူ ဘရော့ဒီမျက်နှာအား ပြန်မကြည့်ရဲ။ မော်တော်၏ကုန်းပတ်ကိုသာ တွေတွေကြီး စိုက်ကြည့်နေခဲ့သည်။

"ကဲ၊ ဘယ်လိုလဲဆရာတို့။ ဒီနေ့ ပင်လယ်ပြင်ကို ထွက်ဖြစ်မှာလား မထွက်ဖြစ်ဖူးလား၊ ဘာပဲဖြစ်ဖြစ်နော်၊ ထွက်သည်ဖြစ်စေ မထွက်သည်ဖြစ်စေ၊ နေ့တွက်စရိတ်ကိုတော့ ခင်ဗျား အကျေပေးရမှာပဲ"

ဘရော့ဒီမှာ အသည်းကွဲခတ်ခံရသည့်နှယ် နေမထိ ထိုင်မသာဖြစ်နေ၏။ ခရီးစဉ်ကို ပယ်ဖျက်လိုက်ပြီး အမိတိမြို့သို့ ပြန်သွားချင်သည်။ ဟူးပါးနှင့် သူ့ ဇနီး အယ်လင်းတို့ကိစ္စကို စစ်မေးဖော်ထုတ်လိုက်ချင်သည်။ သို့သော်....။ ဆိုပါစို့.... အဖြစ်မှန်ကို ဖော်ထုတ်နိုင်ပြီး အဖြေသည် သူ့ အတွက် **အမည်း** ဘက်က ဖြစ်နေပါလျှင်ကော။ သူ ဘာများ တတ်နိုင်ပါဦးမည်နည်း။ သူ့ မိန်းမကို လင်ငယ်နေရ ကောင်းလားတဲ့ဆိုကာ ပါးနား ဆွဲရိုက်ပစ်လိုက်ရမည်လော။ အိ နှင်ချရမည်လော။ မိမိကပဲ သူ့ ကို စွန့်ပစ်ရမည်လော။ ထိုသို လိုက်၍တော့ မိမိတွင် ဘာများ အကျိုးထူးလာပါမည်န ဝမ်းဗိုက် စားရမည်။ စဉ်းစဉ်းစားစား လုပ်ရမည်။ မိမိမှာ လုံလော သကို ကြာ အချိန်ရှိနေသည်။ စဉ်းစဉ်းစားစားလုပ်သည်က မှားပ တွေးမိသည်။ သို့နှင့် ကွင်၏အမေးအား အဖြေပေးလိုက

"သွားမယ်။ ကျုပ်တို့ ပင်လယ်ပြင်ကို ထွက်ကြမယ်"

"ဒီလှောင်အိမ်ကြီးပါ ပါမှာလား"

"ပါမယ်။ သူက ဒါလောက်တောင်သေချင်နေတာ။ သေတာပဲ၊ သေပလေ့စေ ခွင့်ပြုလိုက်ပါ"

*



www.burmeseclassic.com

www.burmeseclassic.com



နံနက် ဆယ်နာရီခန့်တွင် ညင်ညင်သာသာ တိုက်ခတ်လာသော လေပြည်ငလေအေးသည် ပင်လယ် ရေမျက်နှာပြင်ကို လှိုင်းတွန့်လေးများ ဖြစ်ပေါ်စေပေသည်။ ငါးမန်းကြီး ပေါ်လာနိုးဖြင့် မျှော်ကိုးနေကြသည့် မော်တော်ပေါ်မှ လူသားသုံးဦးကို အအေးဓာတ် ရစေသည်။ ထုံးစံအတိုင်း ဟူးပါးက ငါးစာများကို ခပ်ချိုယောက်ဖြင့်ခပ်၍ ရေပြင်ပေါ်သို့ ပက်ဖျန်းပေးနေရာမှ ထွက်ပေါ်နေသည့် အသံသည်သာလျှင် မော်တော်၏ စနိုးကျင်တခွင်တွင် ကြားနေရသည့် တခုတည်းသော မြည်သံ ဖြစ်သည်။

ဘရော့ဒီကမူ ကုလားထိုင်တွင် ထိုင်လျက် အတွေးနယ်ချဲ့နေခဲ့သည်။ အိပ်ပျော်မသွားအောင်လည်း မိမိကိုယ်မိမိ ဂရုစိုက်နေရသည်။ ယခုမူ ဟူးပါးအပေါ်တွင် ဖြစ်ပေါ်ခဲ့သော သူ့ဒေါသမှာ အထိုက်အလျောက် ပြေငြိမ်းသွားခဲ့ပြီ ဖြစ်သည်။ ဟူးပါး၏ ပြောစကားသည် ဖြစ်နိုင်ကောင်းသည်၊ မှန်နိုင်ကောင်းသည် ဟူ၍သည်းဆင်ခြင်နေမိသည်။ အကြောင်းမှာ လူတို့သည် အလွယ်ဘကူစစ်ဆေးဖော်ထုတ်နိုင်သည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လုပ်ဇာတ်ခင်းသေ

(ဘ ကြ။ ဖြီးဖြန်းခြင်း မရှိတတ်ကြ။ အလွယ်တကူနှင့် အထိမ်ပေါ်

ယင့်ပွ ငသည့် ကိစ္စရပ်များတွင် ရဲရဲအာမခံဝံ့ခြင်း မရှိကြ။ ထို့ပြင်

ထွက်ခွာ။ ငယ်လင်းကိုလည်း သူက အကြွင်းမဲ့ ယုံကြည်ပြီးသား။ သူ့

ကောင်း လုံး

"အေးပါ၊ သူ့အပေါ်တွင် တကြိမ်တခါမျှ လိမ်လည်ခဲ့ဖူးခြင်း မရှိခဲ့

မင်း စောင့်သ ျစ်ယုတ်မာခြင်းမျိုးလည်း မရှိခဲ့စဖူး။ အခြားတပါးသော

ဘရော့ဒီကျ များနှင့်လည်း ဖောက်ပြန်ခြင်း အလျင်းကင်းခဲ့သည်။

ဘ်....

ဘရော့ဒီနှာ် လူတိုင်း လူတိုင်းတွင် 'ပထမဆုံး' အကြိမ်ဆိုသည်မျိုးနေခဲ့သော ရှိတတ်ကြသည်။ ပထမဆုံးအကြိမ် စားဖူးခြင်း၊ ပထမဆုံး

"ကျုပ် သွားဖူးခြင်း၊ ပထမဆုံးအကြိမ် ရောက်ဖူးခြင်း၊ ပထမဆုံး

သေးတယ်မ် မြင်ဖူးခြင်း....စသည်.... စသည်မျိုး။

ဟား....ယခု မိမိ၏ အယ်လင်းတယောက်တော့။

---





ဟူးပါးနှင့် 'ပထမဆုံးအကြိမ်' မမှားဖူးပဲ ရှိပါမည်လော၊ ပထမဆုံးအကြိမ် မမိုက်ဖူးပဲ ရှိပါမည်လော။

ဤသို့ တွေးမိပြန်လျှင်လည်း ဘရော့ဒီ စိတ်မှာ နောက်ကျိလာပြန်တော့သည်။ သို့နှင့် စိတ်ပြေလက်ပျောက် တစုံတခု လုပ်ရန်စဉ်းစားကြည့်သည်။ စာအုပ်။ စာအုပ်သည် လူ၏ အကောင်းဆုံးမိတ်ဆွေ။ စိတ်ကို အငြိမ်စေနိုင်ဆုံးသော ပစ္စည်း။ ဟင်းဒရစ်ထံမှ ငှားထားသော သည်းထိတ် ရင်ဖို စွန့်စားခန်း ဝတ္ထုကို သွားသတိရမိသည်။သည် 'အန္တရာယ် အပျိုရိုင်း' ဝတ္ထုကို သူထဝက်ခန့် ဖတ်ပြီးခဲ့လေပြီ။ ယခု မော်တော်၏ ဝမ်းပိုက်အတွင်းပိုင်း စာအုပ်စင်ပေါ်တွင် ကျန်နေခဲ့သည့် ဝတ္ထုစာအုပ်ကို အောက်ဆင်းယူရန် ထိုင်ရာမှ ထလိုက်သည်။ ဘီယာသောက်ရန်လည်း သတိရသဖြင့်

"ဘီယာသောက်ချင်တဲ့လူများ ရှိကြသလား"

"ဟင့်အင်း၊ မသောက်တော့ဘူး"

ဟူးပါးက ငြင်းသည်။

"အို....သောက်မှာပေါ့"

တွင့်က လက်ခံသည်။

"ဟော....ဟော....သူလာပြီ....သူလာပြီ"

လှေကားထစ်များကို နင်းလျက် မော်တော်၏ ဝမ်းဗိုက်တွင်းမှ တက်လာနေစဉ်မှာပင် ဘရော့ဒီသည် ဟူးပါး၏ အသံကို ကြားလိုက်ရ၏။

ယင်းစကားရပ်များသည် ဟူးပါးက မိမိအား ရည်ညွှန်းခြင်းဖြစ်သည်ဟု ဘရော့ဒီက အစပထမတွင် ထင်မိသည်။ သို့သော် ဟူးပါးက မော်တော်၏ ပဲ့ပိုင်းတွင် ခုန်ဆွ ခုန်ဆွ ပြုလျက် ပင်လယ်ပြင်သို့ကြည့်ယင်း ပြောနေကြောင်း တွေ့ရသဖြင့် သူ ကြားလိုက်ရသော စကားများမှာ မိမိအား ရည်ညွှန်းခြင်း မဟုတ်ပဲ မိမိတို့ရှာနေသော ငါးမန်းမြီးကြီးကိုသာ ရည်ညွှန်းခြင်း ဖြစ်ပေမည်ဟု ဘရော့ဒီ တွက်လိုက်သည်။

---



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်။ ဒီကောင်ကြီးပါပဲ၊ သေချာပါတယ်"

ဟူးပါးက ဆက်၍ ပြောနေပြန်သည်။

ဘရော့ဒီ ခန္ဓာကိုယ်အတွင်း၌ သွေးတိုးနှုန်း မြန်ခဲ့ပြီ။ သူသည် ကုန်းပတ်ပေါ်သို့ အပြေးတက်သွားပြီး အမောတကော မေးလိုက်သည်။

"ဘယ်မှာလဲ...ဘယ်မှာလဲ"

"ဟိုမှာလေ မတွေ့ဘူးလား"

ကွင့်က ပင်လယ်ရေပြင် တနေရာသို့ လက်ညှိုး ညွှန်ပြလိုက်သည်။ ဘရော့ဒီက နေရောင်ခြည် ရောင်ပြန်တပ်နေသော ရေပြင်ပေါ်သို့ မျက်စိကျင့်သားရအောင် အတော်ကြီး ကြည့်ယူရသည်။ များမကြာမီ ပင် သူသည် ရေပြင်ကို ဒေါင်လိုက် ဖြတ်ခွဲနေသည့် ငါးမန်းကြီး၏ မီးခိုးရောင် ညစ်မှောင်မှောင် ကျောရိုး ဆူးတောင်ကြီးကို မြင်တွေ့လာရသည်။ လခြမ်း ပုံသဏ္ဌာန် အပေါ်ပိုင်းကြီး အမြီးကြီးကိုလည်း ဗယ်ညာ လှုပ်ယမ်းယင်း သူတို့၏ မော်တော်နောက်သို့ လိုက်ပါလျက် ရှိကြောင်းကို သိလိုက်ရသည်။ ငါးမန်းကြီးသည် မော်တော်နှင့် ဂိုက်သုံးဆယ် (သို့မဟုတ်) ဂိုက်လေးဆယ်ခန့်သာ ကွာလှမ်းပေမည်ဟု ဘရော့ဒီ ခန့်မှန်းကြည့်သည်။

"ဒီကောင်ကြီးပဲဆိုတာ သေချာရဲ့လား"

ဘရော့ဒီက သံသယဖြင့် မေးသည်။

"သေချာပါတယ်၊ ကျုပ်တို့ကို ဒုက္ခပေးနေတဲ့ ကောင်ကြီးဟာ သူပါပဲ"

"ဒါဖြင့် ခု ဘာလုပ်ကြမလဲ"

"အခုတော့ ဘာမှ မလုပ်နိုင်သေးဘူး၊ မီးစင်ကြည့်'က'ရမယ်၊ သူ ဘာလုပ်မလဲဆိုတာ စောင့်ကြည့်ရမယ်။ ဟေ့....ဟူးပါးရေ၊ မင်းရဲ့ ငါးစာပုံးကို ဒီနေရာယူခဲ့ပြီး ရေထဲ ဖျန်းပေးပါအုံး"

ကွင့်ညွှန်ကြားသည့်အတိုင်း ဟူးပါးက လုပ်ဆောင်ပေးသည်။





ကွင့်သည် ရှေ့သို့ လျှောက်သွားလိုက်ပြီး မှိန်းသွားကို မှိန်တံ သစ်သားချောင်းတွင် သေချာစွာ တပ်ဆင်လိုက်၏။ ကြိုးတပ်ထားသော သစ်သားစည်တလုံးကိုကောက်ယူလိုက်ပြီး သူ့လက်တဘက်နှင့် ဖွဲ့ထားသည်။ ကျန် လက်တဘက်တွင်လည်း ကြိုးခွေနှင့် မှိန်းတံကို ကိုင်မြှောက်ကာ အသင့်အနေအထားဖြင့် စောင့်ဆိုင်းနေလိုက်သည်။

ငါးကြီးသည် ရှေ့သို့ ကူးလာလိုက်၊ နောက်သို့ မြန်ကျွေ့သွားလိုက်နှင့် အလုပ်ရှုပ်နေသည်။ ခန့်မှန်းကြည့်ရသည်မှာ သတ္တဝါကြီးသည် သွေးညှီနံ့ဖြစ်ပေါ်ရာ လမ်းစကို လိုက်လံရှာဖွေနေပုံ မျိုး ဖြစ်သည်။

"အဲဒီ ငါမျှားတံက ကြိုးတွေကို ရစ်လိုက်ပေတော့ဗျို့။ အခုမှတော့ အသုံး မလိုတော့ဘူး"

ကွင့်က ဘရော့ဒီအား ညွှန်ကြားလိုက်သည်။

ဘရော့ဒီက ငါးမျှားတံများကို သိမ်းလိုက်ပြီး အသုံးမလိုတော့ပြီဖြစ်သော ငါးစာများကို ရေထဲသို့ ပစ်ချလိုက်သည်။ ငါးကြီးသည် မော်တော်အနီးသို့ တဖြည်းဖြည်းချင်းသာ တိုးကပ်လာလျက်ရှိသည်။

ကွင့်က သစ်သားစည်ကို မော်တော်၏လက်ရန်းပေါ်သို့ တင်လိုက်သည်။-မှိန်းကို ကိုင်မြှောက်ယင်း....

"လာလေ။ ဒီကို လာပါတော့လား"

သေမင်းဖြူကြီးကို စိန်ခေါ်လိုက်၏။

သို့သော်

ငါးမန်းဖြူကြီးက ဂိုက်ငါးဆယ်အကွာအဝေးမှသာ လိုက်ပါလာခဲ့သည်။ ထိုအကွာအဝေးထက် လျော့တာ ရှေ့တိုးလာခြင်း မရှိ။

"ကျွန်တော့်လက်လှမ်းနဲ့ မမှီတဲ့အကွာအဝေးမှာပဲ ဒီကောင်ကြီးက နေ နေတယ်ဗျ။ ကဲဗျာ...ဘရော့ဒီ ခင်ဗျားက ငါးစာတချို့ကို ယူပြီး ရေထဲပစ်ချပေးစမ်းပါ။ ဒီနားကပ်လာအောင် ငါးစာနဲ့ မျှားသူရမှာပဲ။ ကြော် ဒါထက် ရေထဲကို ခင်ဗျား ငါးစာတွေ ပစ်ချပေးတဲ့ အခါမှာ အသံမြည်ပစေ၊ ရေတွေ ဗွမ်းကနဲ စဉ်ထွက်ကုန်အောင်



www.burmeseclassic.com

www.burmeseclassic.com



ပစ်ပါ။ ဒါမှ ရေထဲကို ပစ္စည်းတစုခု ကျလာတယ်ဆိုတာ ဒီကောင်ကြီး သိမယ်”

ဘရော့ဒီက ကွင့် စေခိုင်းသည့်အတိုင်း လုပ်ဆောင်ပေးလျက်ရှိသည်။ သို့သော် ငါးမန်းကြီးကမူ ရှေ့သို့ တိုးကပ်လာခြင်း မရှိသေး။

“ဒါလောက်နဲ့ မရသေးဘူးဗျ။ ကျန်သေးတဲ့ ငါးစာတွေပါ ပစ်ချအုံး။ ဟိုခရဲသေတ္တာထဲမှာ ငါးစာတချို့ကျန်သေးတယ်။ အဲဒါတွေပါယူလာခဲ့။ ဪ....ဘီယာတွေပါရေပေါ်သွန်ချဗျာ။ ဘီယာတွေလဲ ရှိသေးတာပဲ”

“ဗျာ—ဘီယာဟုတ်လား။ ဘီယာက ဘာလုပ်ဖို့လဲ”

“ကျုပ်တို့ ရေထဲကို များများပစ်ချနိုင်လေ ပိုကောင်းလေပဲ။ ဆိုလိုတာက ဒီကောင်ကြီး စိတ်ဝင်စား နေအောင် လုပ်ဖို့ပဲ။ ဘာပဲဖြစ်ဖြစ် သူ စိတ်ဝင်စားစရာရှိနေအောင် လုပ်ပေးရမယ်။ ဒါမှ ရေထဲကို ပြန်ငုပ်မသွားမှာ”

“ဟို လပိုင်လေးကို ထုတ်မသုံးတော့ဘူးလား”

ဟူးပါးက ပြင်မေးလိုက်သည်။

“မင်းက သိပ် သဘောကျပုံ မရဘူးမှတ်လား”

ကွင့်က ပြန်ဖြေသည်။

“မဟုတ်ပါဘူး၊ ကျုပ်အတွက် အနှောင့်အယှက်မဖြစ်ပါနဲ့။ လုပ်စရာရှိတာသာ လုပ်ပါ။ ကျုပ်ကလဲ ဒီကောင်ကြီးကို ကြည့်ချင်ပါတယ်”

“ကောင်းပြီလေ၊ ဒါဖြင့်လဲလိုအပ်လာတဲ့အချိန်မှာ ထုတ်သုံးပေးပါမယ်”

ငါးစာများ တဖြည်းဖြည်း ကုန်သွားခဲ့သည်၊ ငါးကြီးကမူ မော်တော်အုတ်ခနောက် ဂိုက်လေးငါးဆယ် အကွာအဝေးမှာပင် ရှိနေဆဲ။

ကွ ့က စိတ်ညစ်စ ပြုလာပြီ။





“မထူးတော့ပါဘူးဗျာ၊ ကျုပ်မှာ ရွေးစရာလမ်း မရှိတော့ဘူး။ လပိုင်လေးပဲ ချကျွေးရတော့မှာပဲ” သူသည်ပြောပြောဆိုဆို မှိန်းကိုဘေးသို့ ချထားလိုက်သည်။ ဘရော့ဒီ အနီးရှိ ပလတ်စတစ်ရေပုံး၏ အဖုံးကိုဖွင့်လိုက်ရာ အသက်မဲ့နေပြီဖြစ်သော လပိုင်ငယ်လေး၏ မျက်သုံး ပြူးကြောင်ကြောင်လေးကို ဘရော့ဒီ မြင်လိုက်ရသည်။ ရေပုံးထဲမှ လပိုင်သေလေးသည် မော်တော်ကို လှိုင်းအပုတ်ဘွင် လှုပ် လှုပ်လှုပ်လှုပ်နှင့် ယိမ်းထိုး၍ နေသည်။ ဤမြင်ကွင်းက ဘရော့ဒီအား ရင်မျို့စေသဖြင့် သူက ရေပုံးကို မျက်နှာလွှဲထားလိုက်၏။

“တဲ....ကောင်လေးရေ၊ အချိန်တော့ ကျလာပြီကွ”

ကွင့်က ပြောပြောဆိုဆို လပိုင်သေလေး၏ ပါးစပ်တွင် တပ်ဆင်ထားသော ငါးများချိတ်တွင် ခွေးလည်ပင်း၌ တပ်ဆင်သည့် သံကြိုးလေးကို ဆပ်မံချိတ်ဆွဲတပ်ဆင်လိုက်သည်။ ထို့နောက် ကြိုးတချောင်းဖြင့် ယင်းသံကြိုးနှင့် မော်တော်၏ လက်ရန်းအား တွဲဆက် ချည်နှောင်လိုက်ပြန်သည်။ ပြီးလျှင် ဗယ်ဘက်လက်ဖြင့် လပိုင် သေလေးအား မြှောက်ကိုင်လိုက်၏။ညာဘက်လက်ကမူ အသင့်ကိုင်ထားသော ဓားမြှောင်တချောင်းဖြင့် လပိုင်သေလေး၏ ဝမ်းဗိုက်အား အစိတ်စိတ် အမြွှာမြွှာ မွှန်းလိုက်သည်။ လပိုင်သေလေး၏ ဝမ်းဗိုက် ထဲမှ အမည်းရောင် အောက်သိုးသိုး ပုတ်အဲ့ အဲ့ အရည်များ ဗင်လယ်ပြင်ပေါ်သို့ ထွက်ကျလာခဲ့သည်။ နောက်ဆုံးတွင် ကွင့်က လပိုင်သေလေးကို ပင်လယ်ပြင်ပေါ်သို့ပစ်ချလိုက်၏။ လပိုင်သေလေး ရေပေါ်တွင် ပေါ်တင်စေရန်အတွက်လည်း ကွင့်ကကြိုးစကိုခြေဖြင့်နင်းလျက် အလျော့အတင်းပြုလုပ်ပေးရ၏။ လပိုင်သေလေးသည် မော်တော်၏ ဒိုင်း ခြောက်ပေခန့်အကွာ ပင်လယ်ရေပြင် ပေါ်တွင် ပေါ်လောမျောလျက် လိုက်ပါလာခဲ့သည်။

“ခင်ဗျားဟာက သိပ် မကာပ်လွန်းဘူးလားဗျ”

ဘရော့ဒီက မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မကပ်လွှန်းလို့လဲမဖြစ်ခဲ့သေးဘူးလေ၊ သူက ဂိုက်လုံးဆယ်ကျော် လောက် အဝေးမှာရှိနေတာ ကျုပ်က ဘယ်လိုလုပ်သိအောင် ထိ နိုင်မှာလဲ"

ကွင့်က မှန်းတံကိုမြှောက်လျက် ငါးမန်းကြီး၏ ဆူးတောင်အား မျက်ခြည်မပြတ် ကြည့်နေသည်။

ငါးမန်းကြီးသည် ရှေ့သို့တရွေ့ရွေ့ တိုးအပ်လာခဲ့ပြီး၊

သို့ရာတွင် ထုံးစံအတိုင်း ရှေ့တိုးလာလိုက် နောက်သို့ ပြန်ကူး သွားလိုက်၊ အမြီးကြီးကို ဗယ်ညာ ယမ်းခါပစ်လိုက် စသည်ဖြင့် အလုပ်ရှုပ်နေသေးသည်။ မော်တော်မှ ပေနှစ်ဆယ်၊ နှစ်ဆယ့်ငါးပေ ခန့်ကွာလှမ်းသည့်နေရာသို့အရောက်တွင်မူ ရေသတ္တဝါကောင်ကြီး သည် စက္ကန့်အနည်းငယ်မျှကြာအောင် မလှုပ်မယှက် ငြိမ်သက်စွာ ရပ်နားနေလိုက်သည်။ ယင်း၏ ဦးခေါင်းကြီးကို မော်တော်ရှိရာသို့ တည့်မတ်စွာ ချိန်ရွယ်ထားလိုက်၏။ သူ့အမြီးကြီး များသည်း ရေ ထဲသို့ မြုပ်ဝင်သွားခဲ့သည်။ ကျောရိုးဆူးတောင်ကြီးကသည်း ရေ ထဲသို့ နောက်ပြန်လျှောကျ မြုပ်ဝင်ကွယ်ပျောက်သွားလေတော့၏။

ထာဖန်....

ချက်ချင်းဆိုသလိုပင်မော်တော်ဘုတ်၏ပဲ့ပိုင်းနှင့်ကပ်လျက်ရှိသည့် ရေပြင်ပေါ်တွင် ငါးကြီး၏ ဦးခေါင်းကြီးသည် ပြန်လည်ပေါ်ထွက် လာခဲ့၏။ ရောမပါးစပ်ကြီးကို အစွမ်းကုန်ဖွင့်ဟလျက် ခံရှိုင်းရှိုင်း ကြီး သွားဖြူဖြူနေ သယောင်ရှိသည်။ မျက်လုံးအနက် တစုံကလည်း ပြူးကျယ်လျက်။

ဘရော့ဒီက ထိတ်လန့်မှုကြောင့် မည်သည့် စကားကိုမျှ မပြော မဖြစ်အောင် နှုတ်ဆွံ့နေမိသည်။

"ဟေ့ ကောင်ကြီး၊ လာ လာ ရှေ့တိုးခဲ့အုံး။ ဒီမှာ ဘာကြီးလဲ ဆိုတာ ကြည့်စမ်း"

ကွင့်က မှန်းတံကို ပခုံးပေါ်တွင် ထမ်းထားယင်း ဟစ်အော် လိုက်သည်၊ ငါးကြီးသည် ခေတ္တမျှငြိမ်သက်စွာ ရပ်နား ယင်း





မော်တော်ကို ကြည့်နေလိုက်သေးသည်။ ထို့နောက် ရေထဲသို့ သူ၏ ဦးခေါင်းကြီးကို အသံမမြည်အောင် ငုပ်လျှိုးပစ်လိုက်သည်။ စက္ကန့် ပိုင်းအတွင်းမှာပင် ကွင့်တို့၏ မြင်ကွင်းမှ ငါးမန်းကြီး ပြန်လည် ကွယ်ပျောက်သွားခဲ့သည်။

"ဘယ်ရောက်သွားပြန်ပလဲ"

ဘရော့ဒီက မေးလိုက်သည်။

"လာမှာပါ။ သူ ပြန်လာမှာပါ။ ကဲ၊ ဟော့ ကောင်ကြီး ပြန် လာတော့လေကွာ။ ဒီမှာ မင်းရဲ့ ညစာရှိတယ်။ လာစားပါအုံး"

ကွင့်က လဖိုင်သေကို မှန်းဖြင့်ချိန်ရွယ်ထားယင်းမှ ပြောလိုက်၏။

ရုတ်တရက် သူတို့၏မော်တော်သည် ဗယ်မှညာသို့။ တဖန် ညာ မှ ဗယ်သို့ ပြင်းပြင်းထန်ထန် သွက်သွက် ခါခါ ယိမ်းယိုင် လှုပ်ရှား သွားခဲ့တော့သည်။ မော်တော်ပေါ်မှ လူများမှာ ဖရိုဖရဲ ပြိုလဲကုန် ကြသည်။ ကွင့်၏ ခြေနှစ်ချောင်းစလုံး ကြမ်းပြင်ပေါ်မှ လွတ်သွားခဲ့ ရသည်။ ကြမ်းပြင်ပေါ်သို့ တန်လှဲ ခံရသလို လဲကျသွား၏။ မှန်း သွားသည့် မှန်းတံမှ ကျွတ်ထွက်ကာ ကုန်းပတ်ပေါ်သို့ကျပြီး တခုစီ တစဉ္စကလျား ဖြစ်သွားခဲ့ရသည်။ ဘရော့ဒီသည်လည်း ကြမ်းပြင် ပေါ်သို့ လိမ့်ကျသွားသဖြင့် လက်လှမ်းမှီရာ ကုလားထိုင်အား လှမ်း ဆွဲထားလိုက်ရသည်။ ဟူးပါးကမူ နောက်ပြန်လဲကျပြီး မော်တော်၏ ကော်ခန်းနံရံသို့ အရှိန်ပြင်းပြင်းနှင့် သွားဆောင့်မိသည်။

လပိုင်သေကို မော်တော်နှင့် ဆက်တွဲချည်နှောင်ထားသည့် ကြိုး မှာ တုန့်ခါသွားပြီး တင်းသွားခဲ့၏။ နောက် အရှိန်နှင့် ဆောင့်ဆွဲခံ ရပြီး ကြိုးမှာ လျော့လျည်း လျော့လျည်းဖြင့် ရေပေါ်သို့ တက် လာခဲ့ပါ၏။

ကွင့်က ဒေါသတကြီး ညစ်ညမ်းစွာ ဆဲရေးတိုင်းထွာလိုက်သည်။

"ခင်ဗျား ဘာတွေ လုပ်နေတယ်၊ ခင်ဗျား စာတ်လို ချောင် ချောက်တွေ ဆင်ထားတယ်ဆိုတာ ဒီကောင်ကြီးက ကြိုတင်သိနေ မှုံးပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဘရော့ဒီက ကွင့်အား ပြောလိုက်သည်။

"ဒီလို ငါးမျိုး ကျုပ်တသက်မှာ တခါမှ မတွေ့ဖူးခဲ့သေးပါဘူး"

"ဒီမော်တော်ကို အယင် ဝင်တိုက်ခိုက်ပြီး ကျွန်တော်တို့ တတွေ ဇရုန်းသုန်းကားဖြစ်နေမှ လပိုင်သေကို သူရမယ်ဆိုတာ ဒီကောင်ကြီး သိထားပုံပဲ"

"သွားစမ်းပါ၊ ဘယ်ကလာ ဟုတ်ရမှာလဲ။ သူက လပိုင်သေကို စင်ဆွဲတာ ချိန်သားမကိုက်ပဲ ဖြစ်သွားတာကိုများ"

သူတို့နှစ်ဦး၏ စကားဝိုင်းသို့ ဟူးပါး ဝင်ရောက်လာသည်။

"ဗျာ၊ လပိုင်သေကို ဝင်ဆွဲတာ ဟုတ်လား။ ဆန့်ကျင်ဘက် အရပ်ကနေ ဘယ်လိုလုပ် ဝင်ဆွဲလို့ ရပါ့မလဲဗျာ။ လပိုင်သေက မော်တော်ပဲ့ပိုင်းမှာ၊ ဒီကောင်ကြီးက ဟိုဘက်ကနေ ဝင်ဆောင့်ခဲ့တာပဲ"

"သူ ဘာပဲလုပ်လုပ်လေ၊ ကိစ္စမရှိပါဘူး။ သူ့ကို မိမှာ သေချာပါတယ်"

ကွင့်က လပိုင်သေလေးအား ချည်နှောင်ထားသည့် ကြိုးကို ဆွဲတင်လိုက်သည်။ ကြိုး၏ အဖျားစွန်းတွင် လပိုင်သေလေး ရှိမနေတော့။ သေမင်းဖြူကြီး၏ ပါးစောင်ကြီးအတွင်း၌ လပိုင်သေလေး ပါသွားခဲ့ပြီ ဖြစ်ရုံမျှမက သံမဏိ ငါးမျှားချိတ်ကြီးမှာလည်း ကွေးကောက်နေသည့် သဏ္ဌာန်မရှိတော့။ ဖြောင့်ဖြောင့် စင်းစင်းကြီး ဖြစ်သွားခဲ့လေပြီ။ ငါးမျှားချိတ်၏ မူလက ကောက်ကွေးနေသော နေရာတွင် အချိုင့်ရာလေးနှစ်ခုကိုတွေ့ရှိရသည်။ ယင်းမှာ ငါးမန်းကြီး၏ သွားရာများ ဖြစ်ကြသည်။ ငါးမန်းဖြူကြီးက လပိုင်သေကို ဆွဲယူ တင်စားရာမှ ယင်း၏ ထူးခြား ကြီးမားသော စွမ်းပကားကြောင့် သံမဏိ ငါးမျှားချိတ်ကောက်ကြီးမှာ ဖြောင့်တန်းသွားရုံမျှမက သွားရာများပင် ထင်နေခဲ့ခြင်းပင် ဖြစ်ပေတော့သည်။





"ဘုရားရေ၊ သူ့ပါးစပ်ကြီးနဲ့ ကိုက်ဆွဲလိုက်တာနဲ့ ဒီသံမဏိ ငါးမျှားချိတ်ကြီးက ဖြောင့်သွားတယ်၊ ဟုတ်လား"

ဘရော့ဒီက အလန့်တကြား ရေရွတ်လိုက်သည်။

"သိပ်ဟုတ်တာပေါ့။ ဒီလိုသံမဏိချောင်းကို ခင်ဗျား စိတ်ကြိုက် ကွေးထားလိုက်။ ဒီကောင်ကြီးက သူ့ပါးစပ် ဖြဲဖြဲကြီးနဲ့ လွယ်လွယ်လေး ပြန်ဖြောင့်ပေးလိမ့်မယ်။ အခု ဒီငါးမျှားချိတ်ကိုတောင် သုံးလေးစက္ကန့်ထက် ပိုမကြာပဲ 'ဖြောင့်' သွားနိုင်တာကို ကြည့်"

ကွင့်က ဘရော့ဒီ စကားကို ထောက်ခံ ပြောဆိုလိုက်သည်။

ဘရော့ဒီသည် ကုလားထိုင်ပေါ်သို့ ပြန်ထိုင်ချလိုက်သည်။ သူ့လက်ချောင်းလေးများသည် ထုံကျင်သလို၊ ယားယံသလို ခံစားနေသည်။ အသက်ကို ဖြင်းဖြင်း ရှူသွင်း ရှူထုတ် လုပ်ယင်း သူ့စိတ်ထဲတွင် ဖြစ်ပေါ်လာလျက် ရှိသော တုန်လှုပ် ချောက်ချားစိတ်များကို အတင်း မောင်းနှင်ထုတ်ပစ်လိုက်သည်။

"ဒီကောင်ကြီး ဘယ်ကို ထွက်သွားပြီလို့ ခင်ဗျား ထင်သလဲဗျ"

ဟူးပါးက ကွင့်အား မေးလိုက်သည်။

"ဝေးဝေး မသွားပါဘူး၊ ဒီနားမှာပဲ ရှိမှာပါ။ ကျုပ်အထင်တော့ ဒီကောင်ကြီး တကျော့ ပြန်လာလိမ့်အုံးမယ် ထင်တယ်။ ခုနက လပိုင်လေးက သူ့အတွက် သွားကြား ညှပ်ရုံလောက်ရှိမှာ၊ အာသာပြေအုံးမှာ မဟုတ်ဘူး။ ဒီကောင်ကြီး ထပ်စားချင်အုံးမှာပဲ"

ကွင့်က မှိန်းတံ၊ ကြိုးခွေ စသည်တို့ကို အသင့်ပြင်ဆင်ပြီး နေသားတကျ ထားလိုက်သည်။ ငါးစာများကိုလည်း ငါးမျှား ကြိုးများဖြင့် တွဲချည်နှောင်လိုက်ပြီး မော်တော်၏ ဘေးပတ်ပတ်လည် ရေပြင်ထဲသို့ တွဲလောင်းချထားလိုက်သည်။

"ဒီကောင်ကြီးက ငါးထဲမှာတော့ အတော်လည်ပုံရတယ်"

ဘရော့ဒီက သူ့အယူအဆကို တင်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"လည်သလား မလည်ဘူးလားတော့ မပြောတတ်ဘူး။ ဒါ
မယ့် ကျုပ်တသက်မှာ မမြင်ဖူးသေးတာကိုတော့ ဒီကောင်ကြီး
လုပ်ပြသွားခဲ့တာ အမှန်ပဲ"

လူသားသုံးယောက်တို့သည် အခါမလပ် ပင်လယ် ရေမျက်နှာ
ပြင်တဝိုက်သို့ လှမ်းမျှော်ကြည့်ယင်း ငါးမန်း၏ ကျောရိုး ဆူးတော
ကြီး မည်သည့်နေရာမှ ပေါ်ထွက်လာလေမည်နည်းဟု စိတ်စောလျ
ရှိကြ၏။

အချိန်သည် တရွေ့ရွေ့နှင့် ကုန်ဆုံးလာခဲ့သည်။

နံနက် ဆယ့်တစ်နာရီပင် ခွဲခဲ့ပြီ၊ ကွင့်သည် ထိုင်နေရာမှ ခုန်
လိုက်ပြီး မှိန်းတံတချောင်းကို အလျှင်အမြန် ပြေးဆွဲလိုက်သည်။

"ဘာဖြစ်တာလဲဗျ"

ဘာရော့ဒီက အလန့်တကြား မေးလိုက်သည်။

"ဒီကောင်ကြီး ပြန်လာပြီဗျ"

ကွင့်က ဘာရော့ဒီကို လှည့်မကြည့်ပဲ ဖြေသည်။

"ခင်ဗျား ဘယ်လိုလုပ် သိသလဲ"

"ဒီကောင်ကြီး ငါးစာတခုကို စားသွားပြီ။ ဒီကြိုးကို ကြည့်
ဆတ်ကနဲ တုံ့ကနဲ ဖြစ်သွားတယ်။ ပြီးတော့ နှစ်ပင်လိမ်၊ သုံးပင်
ကျစ်ထားတဲ့ ကြိုးလေးတွေဟာ ပြတ်ပြတ်သွားတယ်။ တွေ့လား"

"ဟာ...ဒါဆို ဒီကောင်ကြီး ကျုပ်တို့ရဲ့ မော်တော်အောက်
ရောက်နေပြီပေါ့"

ဤတွင် ကွင့်က 'စိန့်' ခေါ်လိုက်သည်။

"ကဲ....ရေထဲကို ဆင်းဝံ့တဲ့လူ ရှိကြသလား"

ဟူးပါးကလည်း မဆိုင်းမတွပင်....

"လှောင်အိမ်ကြီးကို ရေထဲချကြရအောင်"

"ဟာ...အရေးထဲမှာ ကြောင်မနေစမ်းပါနဲ့"

ဘာရော့ဒီက ဟန့်တားလိုက်သည်။

---





"မဟုတ်ပါဘူး၊ ကျွန်တော် အတည်ပြောနေတာပါ။ ဒါမှ
ဒီကောင်ကြီးကို မော်တော်အောက်က ထွက်လာအောင် မောင်းထုတ်
ပေးနိုင်မှာပေါ့"

"မင်းက လှောင်အိမ်ထဲ ဝင်လိုက်သွားမယ်ပေါ့"

"ပထမ အခေါက်မှာမဝင်သေးပါဘူး၊ လှောင်အိမ်ကြီး သပ်သပ်
အလျှင်ချကြည့်မယ်။ ဒီကောင်ကြီးက ဘယ်လို တုံ့ပြန်မလဲဆိုတာ
စောင့်ကြည့်အုံးမယ်။ ဗျို့ ကွင့် ခင်ဗျားရဲ့ သဘောကရော ဘယ်လိုလဲ"

ဟူးပါးက ကွင့်အား စစ်ကူတောင်းလိုက်သည်။

"လှောင်အိမ်ကို ရေထဲချရုံနဲ့ ကျုပ်ကို ဘယ်လိုမှ မထိခိုက်စေပါ
ဘူး။ ပြီးတော့ ဒီလှောင်အိမ်အတွက်လဲ ကျုပ်က ငွေရပြီးသားပဲဟာ"

ကွင့်က သူ့လက်ထဲမှ မှိန်းတံကို အောက်သို့ ချထားလိုက်ပြီးနောက်
ဟူးပါးနှင့်အတူ လှောင်အိမ်ရှိရာသို့ လျှောက်သွားလိုက်သည်။ ဟူးပါး
က လှောင်အိမ်အတွင်း ကြမ်းပြင်ပေါ်ရှိ သူ့ ရေငုပ် ကိရိယာများကို
ထုတ်ယူလိုက်သည်။ ထို့နောက် လှောင်အိမ်၏ အဖုံးကိုပြန်ပိတ်ကာ
လှောင်အိမ်ကို ကြိုးနှစ်ချောင်းဖြင့် သေချာစွာ ချည်နှောင်ပြီး ပင်လယ်
ရေပြင်အတွင်းသို့ ချထားလိုက်သည်။

"နေပါအုံး၊ ဒါကြီးကို ရေထဲချလိုက်ရုံနဲ့ ငါးကြီးကို ရေပေါ်
တက် လာအောင် လုပ်နိုင်မယ်လို့ မင်း ဘာကြောင့် ပြောနိုင်သလဲ"

ဘာရော့ဒီက ဟူးပါး၏ လုပ်ရပ်ကို အထင်မကြီးဟန်ဖြင့် မေးလိုက်
သည်။

"ဒီကောင်ကြီး 'တက်' လာအောင် လုပ်မယ်လို့ ကျွန်တော်
ပြောမိပါဘူး။ မော်တော်အောက်က 'ထွက်' လာအောင်သာ
ကျွန်တော်လုပ်နေတာပါ။ ဒါကြီးကို မြင်လိုက်တဲ့အခါ သူ့မှာ စူးစမ်း
တဲ့စိတ်များ ဖြစ်လာ မလားလို့ပါ"

သို့သော် ဟူးပါး မျှော်လင့်သဆို ငါးကြီးက ထွက်လာခြင်း
တက်လာခြင်း အလျှင်းမပြုခဲ့ပါချေ။ လှောင်အိမ်ကြီးသည် ပင်လယ်
ရေထုအတွင်း၌ ငြိမ်ငြိမ်သက်သက်ပင် ရှိနေခဲ့ပါချေသည်။

---



www.burmeseclassic.com

www.burmeseclassic.com



"တောက်...အုပ်သွားပြန်ပြီ နောက်ငါးစာတခု"

ကွင့်က ဒေါသတကြီး ဟစ်အော်လိုက်သည်။

"တက်ခဲ့စမ်းကွာ၊ မသာကြီး နင့်ကို ငါ နှုပ်နှုပ်စဉ်းပစ်လိုက်မယ်
ရေပေါ်ကိုသာ တက်ခဲ့စမ်း"

လူသားသုံးဦးတို့၏ အာရုံက လှောင်အိမ်ကြီးရှိရာသို့ စူးစိုက်
စဉ်တွင် အဟိတ်တိရစ္ဆာန်ကြီးက သူတို့၏ အလစ်တွင် နောက်ပိုင်း
အလစ်ဝင်၍ ငါးစာကို ဆွဲသွားခြင်းပင် ဖြစ်တော့သည်။

နောက်ထပ် ဆယ့်ငါးမိနစ်ခန့်ကြာသည်အထိ ဆက်လက် စော
ဆိုင်းပါသော်လည်း ငါးမန်းကြီးမှာ ပေါ်မလာတော့။ သေမင်း
ဖြူကြီးက လူသားသုံးဦးအား ကိုယ်ရောင်ဖျောက်ပြသွားခဲ့သည်
တနာရီနီးပါးပင် ကြာခဲ့လေပြီ။

"ကဲ...ကောင်းပြီလေ"

ဟူးပါးက အရင်းလည်း မရှိ၊ အဖျားလည်း မဲ့သော စကား
အချို့ကို ပြောဆိုပြီး မော်တော်ဘုတ်၏ ဝမ်းဗိုက်ခန်းအတွင်းသို့ ဆင်း
သွားခဲ့သည်။ သူ ပြန်တက်လာသောအခါတွင်မူ လက်ထဲ၌ ရေ
အခွံ တခုတပ်ဆင်ထားသော ရုပ်ရှင်ရိုက် ကင်မရာ တလုံးနှင့် လမ်း
လျှောက်တုတ်တခုနှင့် ဆင်ဆင်တူသော ပစ္စည်းတခု ပါလာခဲ့သည်။

"မင်း ဘာလုပ်မလို့လဲ"

ဘာရော့ဒ်က မေးလိုက်သည်။

"ကျုပ်ကိုယ်တိုင် ရေထဲ ဆင်းတော့မယ်လေ။ ကျုပ်ကပဲ သူ့ကို
ရေပေါ် ခေါ်တင်လာနိုင်ကောင်းပါရဲ့"

ဟူးပါးက ထည်ဝါစွာ ပြောလိုက်သည်။

"မင်းရဲ့ အသိဥာဏ်လေး တထွာတမိုက်နဲ့ ပေါက်ကရအလုပ်
တွေ လျှောက်လုပ်အုံးမလို့လား။ တကယ်လို့ ဒီကောင်ကြီးနဲ့ ရင်
ဆိုင်တွေ့ရပြီဆိုပါတော့ မင်း ဘာလုပ်မလဲ"

"ပထမဆုံး ဒီကောင်ကြီးကို ရုပ်ရှင်ရိုက်ယူမယ်၊ ပြီးတော့ သူ့ကို
အသေသတ်မှာပေါ့"





"ဟုတ်လား၊ ဒါဖြင့် မေးစမ်းပါရစေအုံး။ ဘာနဲ့ သတ်မှာလဲ"

"ဒါနဲ့ပေါ့"

ဟူးပါးက သူ့လက်ထဲရှိ ပစ္စည်းကို မြှောက်ပြလိုက်သည်။

ယင်းပစ္စည်း၏ သာမန်အသွင်က တုတ်တချောင်းသာ။ အဖျား
တဘက်တွင် သားရေကြိုးတင်ထားသည့် လမ်းလျှောက်တုတ်တခု၏
သဏ္ဍာန်ကို ဆောင်လျက်ရှိသည်။

ကွင့်က ခိုးခိုးခစ်ခစ် လှောင်ရယ် ရယ်သည်။

"အတွေးအခေါ်ကောင်းသားပဲ။ မင်း အဲဒီတုတ်ကြီးနဲ ငါးမန်း
ကြီးကို မသေမချင်း ကလိထိုးပြီး သတ်လို့ရတာပဲ၊ ဟုတ်တယ်....
ဟုတ်တယ်"

"အဲဒါကြီးက ဘာလဲ"

ဘရော့ဒီက ဟူးပါးအား မေးလိုက်သည်။

"လူတွေကတော့ အမျိုးမျိုး နာမည်ပေးထားတာပဲ။ ဒါပေမယ့်
သူ့ရဲ့အသုံးဝင်ပုံက ရေအောက်မှာ ပစ်လို့ ခတ်လို့ရလို့ **ရေအောက်
သေနတ်** လို့ အခေါ်များကြတယ်"

ဟူးပါးက ယင်းတုတ်၏ အဖျားစွန်းနှစ်ဘက်ကို ဆွဲလိုက်ရာ တုတ်
မှာ နှစ်ပိုင်း ဖြစ်သွားတော့သည်။

"ဒီမှာကြည့်"

ဟူးပါးက သူ့အိတ်ထဲမှ ကျည်ဆံတခုကို ထုတ်ယူလိုက်ပြီး တုတ်
ချောင်း တပိုင်း၏ အခေါင်းပေါက်တခုအတွင်းသို့ သွင်းလိုက်သည်။
ထို့နောက် တုတ်ချောင်းနှစ်ခုစလုံးကို မူလအတိုင်းဖြစ်အောင် အံကျ
စရွေးကျ ပြန်လည်သွတ်သွင်းပိုက်၏။

"ငါးကြီးနဲ့ အနီးကပ်ရင်ဆိုင်လာတဲ့အခါမှာ ဒီတုတ်နဲ့ ငါးကြီးကို
ဆောင့်သာထိုးလိုက်၊ ကျည်ဆန်ဟာ သူ့အလိုလို ထွက်သွားလိမ့်မယ်
ငါးမန်းကြီးကို တချက်တည်းနဲ့ အသေသတ်နိုင်ဖို့ အသေချာဆုံးနေရာ
ကတော့ သူ့ဦးခေါင်းနောက်ကို ကျည်ဆန်ထိဖို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်ကြီးတဲ့ ငါးကြီးကျတော့ကော မင်းရဲ့ ရေအောက်သေနတ်လေးက...."

"ကျွန်တော် ထိအောင် ပစ်နိုင်မှာပါ"

"တကယ်လို့ မင်းပစ်တာ လွဲသွားမယ်ဆိုယင်ကော"

"ကျွန်တော်လဲ ဒါပဲ စိုက်ပူနေတာ"

ဟူးပါးက ရီးသားစွာ ဝန်ခံသည်။

"ဟုတ်တယ်၊ ကျုပ်လဲ ဒါပဲ တွေးနေတာ။ ပေါင်ငွေငါးထောင်ယူပြီး ကိုယ့်ကိုကိုက်သတ်စားတော့မယ့် ဒိုင်နိုဆော ကမ္ဘာဦး သတ္တဝါကြီးကို သေးနဲ့ သွားပန်းနေတာနဲ့ တူနေပြီလားလို့"

ကွင့်က သူ့ ခံစားမှုကို ပြောပြသည်။

"အို — ကျုပ်က ဒါကို ပြောတာ မဟုတ်ပါဘူး။ ကျုပ်က ငါးကြီးကို ကြောက်လို့ ပြောနေတာ မဟုတ်ဘူး။ ကျုပ်ပစ်တာ ငါးကြီးကို လွဲချော်သွားမယ်ဆိုယင် ဒီကောင်ကြီးကို ခြောက်လှန့် မောင်းနှင်ဝစ်လိုက်သလို ဖြစ်သွားမှာစိုးလို့ ပါ။ ဒီကောင်ကြီး သေလား ရှင်လား မသိနဲ့၊ မတင်မကျကြီး ဖြစ်နေကြရမှာကို စိုးရိမ်မိလို့ ပါ"

"ဒီကောင်ကြီးက နောက်ထပ် လူတွေကို ကိုက်သတ်တဲ့ တိုင်အောင်ပေါ့။ ဒီကောင်ကြီး သေပြီလား မသေသေးဘူးလား၊ တအုံနွေးနွေး ဖြစ်နေရမယ့် ကိစ္စ...ဟုတ်တယ် မှတ်လား"

ဘရော့ဒီက ဟူးပါးအား မေးလိုက်သည်။

"မင်းက ရှုးကြောင်ရှကြောင် တောင်လေးပါလား"

ကွင့်က မှတ်ချက်ပြုလိုက်ရာ ဟူးပါးသည် ရှူးရှူးရှားရှား ဖြစ်သွားကာ...

"ကျုပ်ကိုပြောတာ၊ ဟုတ်လား ကွင့်"

"ကျုပ်က ခင်ဗျားလို ဒီငါးကြီးကို နိုင်နိုင်နင်းနင်း အောင်အောင်မြင်မြင် မဖမ်းနိုင်တဲ့ လူတော့ မဟုတ်ရပါဘူးနော်။ ခင်ဗျားရဲ့ အစီအမံအတိုင်း လုပ်နေယင် ရှိသမျှ ငါးစာတွေ ချချကျွေးယင်းနဲ့ ဒီမှာ တလ ကိုးသီတင်းလောက် အချိန်ကုန်လိမ့်မယ်"





"ဒီကောင်ကြီး ငါ့လက်ချက်နဲ့ မသာပေါ်ရမှာပါ။ ငါပြောတာကို မင်း သေသေချာချာမှတ်ထားပါ"

"ခင်ဗျားသာ အိုသေသွားမှာပါ။ ငါးကြီးကတော့ ထွက်မလာတော့ပါဘူး။ ပြီးတော့ ငါးကြီးက ခင်ဗျားကြီးတို့ နားလည်ထားတဲ့ ငါးတွေရဲ့ထုံးစံအတိုင်း လိုက်နာနေထိုင်တဲ့ငါးတကောင် မဟုတ်ဘူး"

ကွင့်က ဟူးပါးအား သေချာစွာ စူးစိုက် ကြည့်လိုက်ပြီးနောက် တည်ငြိမ်စွာ ပြောချလိုက်သည်။

"မင်းက ငါ့လုပ်ငန်းအပေါ်မှာ စော်ကားလာတယ်ပေါ့၊ ဟုတ်လား ချာတိတ်"

"မဟုတ်ပါဘူး၊ ကျွန်တော် အဲဒီသဘောပြောတာမဟုတ်ပါဘူး။ ဒါပေမယ့် အခုဖြစ်နေတာက ဒီငါးကြီးက ခင်ဗျားထင်ထားတာထက် ပိုပြီး ပါးနပ်တဲ့ ကောင်ကြီး ဖြစ်နေလို့ ပြောတာပါ"

"ဟုတ်ပြီလေ၊မင်းက မင်းကိုယ်မင်း 'ကွင့်' ထက် တော်ရွှေ့ယ်လို့ ယူဆနေတယ်ပေါ့၊ ဟုတ်စ"

"ဒါတော့ ခင်ဗျားယူဆချင်သလို ယူဆလေ။ ဒါပေမယ့် ကျုပ်အနေနဲ့ကတော့ ဒီငါးကြီးကို အောင်အောင်မြင်မြင်နဲ့ သုတ်သင်ပစ်နိုင်လိမ့်မယ်လို့ ယုံကြည်ထားတာပဲ"

"ကောင်းပြီလေ၊ ကြိုးစားကြည့်ကြအုံးပေါ့၊ ဟုတ်လား"

ဤတွင် ဘရော့ဒီက မနေသာတော့။ ဝင်ရောက်ဟန့်တားရပြန်လေသည်။

"ကဲပါ၊ တော်ကြစမ်းပါ။ ဒါပေမယ့် သူ့ကိုတော့ ဒီလှောင်အိမ်ကြီးနဲ့ လွှတ်ဖို့မသင့်ဘူးထင်တယ်....ကွင့်"

"ခင်ဗျား ဘာမှဝင်မပြောနဲ့ ဘရော့ဒီ။ ဒီကောင်က မပြန်နိုင်တဲ့ လမ်းကို သွားချင်နေတာ။ သွေးနားထင်ကို ရောက်နေတဲ့ ကောင်သေပစေ။ ဒါမှ သူ့ 'အာ' အကျယ်ရပ်သွားမယ်"

"တော်စမ်း၊ ခင်ဗျားပါးစပ်ကြီး ပိတ်ထားလိုက်"

ဘရော့ဒီက ကွင့်အား ဟိန်းဟောက် မာန်မဲလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်မှာ ဘရော့ဒီ အာရုံဝယ် ခံစားချက်မျိုးစုံတို့မှာ ရှုပ်ထွေး ဖွေလီလျက် ရှိနေချေပြီ။ သူ့စိတ်၏ တစိတ်တဒေသမှာ ဟူးပေး တယောက် သေချင်သော ရှင်ချင်ရှင် လုံးဝ ဂရုမစိုက်ချင်သယောင် ရှိသည်။ သို့သော် ဤဆန္ဒသည် ဟူးပါးအား ကလဲ့စားချေလိုသော ဆန္ဒရိုင်းများ ဖြစ်နေမည်လား မသိ။ တဘက်တွင်မူ ဟူးပါးသည် လည်း လူသားတယောက်ပင်ဖြစ်၍ အလဟဿ အသက်တချောင်း မဆုံးရှုံးစေလိုပေ။ လူတယောက် အကျိုးမဲ့ သေဆုံးရခြင်းမျိုးကို အ လက်မခံလိုချေ။ ထို့ကြောင့် တတ်နိုင်သမျှ တားဆီးခြင်းပြုသည်။

"ကဲ၊ လှောင်အိမ်ထဲ ဝင်တော့လေ"

ကွင့်က ဟူးပါးအား မသွားဆွပေးသည်။

မိုက်ရူးရဲစိတ်ဖြင့် သွေးကြွနေသော ဟူးပါးကလည်း လွဲမှား သော မာနဖြင့် ကွင့်၏ စိန်ခေါ်ချက်ကို အလွယ်တကူ လက်ခံလိုက် သည်။

"ကောင်းပြီ၊ ကျုပ် ခုပဲ သွားမှာပါ"

ဟူးပါးသည် သူ့ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသည့် သာမန် အဝတ်အစားများကို ချွတ်ချလိုက်ပြီး ရေငုပ် အဝတ်အစားများဖြင့် လဲလှယ်ဝတ်ဆင်လိုက်သည်။

"ကျုပ် ရေထဲဆင်းသွားတဲ့အခါ ခင်ဗျားတို့က ဒီနားပဲ ရပ်ပြီး အသင့်စောင့်နေကြပါ။ တကယ်လို့ ငါးကြီး ထွက်လာမယ်ဆိုယင် မှိန်းနဲ့၊ ဒါမှမဟုတ် ရိုင်ဖယ်နဲ့ အမြန်ပစ်နိုင်အောင် ကြိုးစားပါ"

ဟူးပါးက ကွင့်နှင့် ဘရော့ဒီအား ပြောလိုက်သည်။

"ဟေ ...ငါလုပ်စရာရှိတာ ငါ့ဘာသာ ငါလုပ်မယ်။ မင်းက မင်းအလုပ်ကို မင်း ဂရုစိုက်ဖို့ပဲ"

ဘရော့ဒီက ဟူးပါးအား အသက်ရှူ အောက်စီဂျင်ဗူးများ တပ် ဆင်ရာတွင် ကူညီမပေးသည်။

"ကဲ၊ ခင်ဗျားတို့နှစ်ယောက်က ကြိုးစနှစ်စကို တယောက်တခုစီ ဆွဲတင်လိုက်ယင် လှောင်အိမ်ကြီးက ရေမျက်နှာပြင်ထက်ကို ပေါ်လာ





လိမ့်မယ်။ ကျွန်တော်က လှောင်အိမ်ရဲ့ ခေါင်းမိုးအဖုံးကို ဖွင့်ပြီး အထဲကို ဝင်သွားမယ်။ ပြီးတော့ ကြိုးစတွေကို ရေအောက် လျှော့ ချပေး၊ ကြိုးစဆုံးသလောက်ရှိယင် မော်တော်နဲ့ အသေချည်ထား လိုက်ပါ။ ပြန်တက်ဖို့ကတော့ ကျွန်တော့်ဘာသာကျွန်တော် လှောင် အိမ်ကို ထိန်းသိမ်းမောင်းနှင်ပြီး တက်လာခဲ့မယ်။ ဒီကြိုးနှစ်ချောင်း ပြတ်ထွက်မသွားသေးသရွေ့တော့ လှောင်အိမ်ရဲ့အပေါ်မှာ တပ် ထားတဲ့ ရေပေါ်ပေါ်စေတဲ့ တိုင်ကီတွေကို အသုံးမချချင်သေး ဘူးဗျ" ဟူးပါးက အစီအစဉ်ကို ကွင့်နှင့် ဘရော့ဒီအား ရှင်းပြ သည်။ ကွင့်က တချက်ဝင်လှောင်လိုက်သည်၊

"ငါးမန်းကြီးရဲ့ ဝါးအစားမခံရမချင်း ရေပေါ် ပေါ်စေတဲ့ တိုင်ကီတွေကို မသုံးချင်သေးဘူးလို့ ပြောပါကွာ"

ဟူးပါးက ကွင့်အားကြည့်ပြီး တချက်ပြုံးလိုက်သည်။

"ဒီလို စေတနာထားတာ ကျေးဇူးပါပဲဗျာ"

ကွင့်နှင့် ဘရော့ဒီတို့က ကြိုးများကို ဆွဲတင်လိုက်ရာ သံဇကာ လှောင်အိမ်ကြီးမှာ ရေမျက်နှာပြင်ပေါ်သို့ ပေါ်ထွက်လာခဲ့သည်။

"ဟုတ်ပြီ ဟုတ်ပြီ၊ တော်တော့ အဲဒီမှာပဲထား"

ဟူးပါးက ပြောပြောဆိုဆို ရေငုပ်မျက်နှာဖုံးကို တပ်ဆင်လိုက် သည်။ လက်ဝါးပြင်ပေါ်သို့ တံတွေးထွေးထည့်လိုက်ပြီး ယင်းလက် ဖြင့် ရေငုပ်မျက်နှာဖုံး၏ မှန်သားကို ကြည်လင်သွားအောင် ပွတ် တိုက်ပစ်လိုက်သည်။ ထို့နောက် ကျောကုန်းပေါ်ရှိ အသက်ရှူ အောက်စီဂျင်ဓာတ်ငွေ့ဗူးနှင့် ဆက်သွယ်ထားသော ရာဘာလေပိုက် ၏ ခေါင်းကို သူ့ပါးစပ်တွင် တပ်ဆင်လိုက်၏။ ပြီး အသက်ရှူ လေ ပွင့်၏ ခလုတ်ကို ဖွင့်လိုက်ကာ တချက်နှစ်ချက်ခန့် အစမ်းသဘော အသက်ရှူဖွာရှိုက်လိုက်သည်။

ဟူးပါးသည် မော်တော်၏ ကိုယ်ထည်ပေါ်မှကျော်ပြီး လှောင် အိမ်၏ ခေါင်းမိုးအဖုံးကိုဖွင့်ကာ အတွင်းသို့ လှမ်းဝင်မည်ပြုလိုက် သည်။ ထိုစဉ်မှာပင် တစုံတခုကို သတိရဟန်ဖြင့် ခြေလှမ်းကို ပြန်



www.burmeseclassic.com

www.burmeseclassic.com



ရပ်လိုက်သည်။ ပါးစပ်တွင်ငုံထားသော အသက်ရှူ လေပြွန် ပိုက်ခေါင်းကိုလည်း ပြန်ချွတ်လိုက်ပြီး....

"ကျုပ်မေ့ နေလို့ ဗျ"

ဟု ပြောလိုက်သည်။ သူ့နှာခေါင်းမှာ ရေအောက်ကြည့်မှန်မျက်နှာဖုံး၏အောက်တွင် ရောက်ရှိနေသည်ဖြစ်ရာ သူ့စကားသံမှာ မပီသ။ နှာခေါင်းသံ ပါနေသည်။

"ဘာလဲကွ"

ဘရေ့ဒီက မေးလိုက်သည်။

ဟူးပါးက မော်တော်၏ ကုန်းပတ်ကို ဖြတ်လျှောက်သွားပြီး သူချွတ်ထားခဲ့သည့် ဘောင်းဘီအိတ်ဘွင်းမှ ပစ္စည်းတခုကို ထုတ်ယူလိုက်သည်။ ငွေသားဖြင့် ဘောင်ကွတ်ထားသော ငါးမန်းသွားလေး တချောင်း။

ဘရေ့ဒီ့အာရုံသည် သူတို့အိမ်တွပ် ဒင်နာပါတီပေးခဲ့သည့် ညအား ပြန်လည် အမှတ်ရသွားခဲ့သည်။ ထိုညကက ဟူးပါးသည် အယ်လင်းအား ငါးမန်းသွားတချောင်း လက်ဆောင်ပေးခဲ့သည်။ မကာအိုသို့ သူရောက်ရှိစဉ်က ငါးမန်းသွားနှစ်ချောင်းဝယ်ခဲ့ကြောင်း ပြောပြသည်။ တရုတ်လူမျိုးများသည် ယင်းငါးမန်းသွား များကို ကိုယ်နှင့်မခွာ ဆောင်ထားခြင်းအားဖြင့် ငါးမန်းကိုက်မည့် အန္တရာယ်မှ ကင်းဝေးနိုင်သည်ဟု အယူသည်းကြကြောင်းကိုလည်း ထိုညက ဟူးပါးက ပြောဆိုသွားခဲ့သည်။ ယခု ဟူးပါး၏ လက်တွင်း၌ ကိုင်ထားသည့် ငါးမန်းသွားမှာ သူဝယ်ခဲ့သည့် ငါးမန်းသွား တစုံအနက်မှ ကျန်တချောင်း ဖြစ်ပေသည်။

ဘရေ့ဒီက ဟူးပါးအား ဘာမျှမပြောပဲ အသာကြည့်နေလိုက်သည်။ ဟူးပါးက သူ့ရေငုပ် သားရေမပြောင် ဝတ်စုံ၏ဇစ်ကို အောက်သို့ ဆွဲဖွင့်ချလိုက်သည်။ ထို့နောက် ငါးမန်းသွားလေးကို သူ ရင်ဘတ်နှင့် အင်္ကျီအကြားသို့ ပစ်ထည့်ပြီး ဇစ်ကို ပြန်ပိတ်လိုက်၏။

"သိပ်ပြီး ဂရုတစိုက် သိမ်းနေဖို့တော့ မလိုပါဘူးဗျာ"





သူက ပြုံး၍ပြောလိုက်ယင်းမှ သံမဏိ လှောင်အိမ် ရှိရာသို့ လျှောက်သွားလိုက်သည်။ ဘရေ့ဒီက ဟူးပါး၏ နောက်ကျောအား ကြည့်ယင်းမှ မိမိကိုယ်မိမိ မေးခွန်းပုစ္ဆာတပုဒ် ထုတ်နေမိသည်။

"ဟူးပါးနဲ့ အယ်လင်းတို့နှစ်ယောက်နဲ့ ပတ်သက်တဲ့ အမှန်တရားကို မင်း တကယ်သိချင်သလား ဘရေ့ဒီ။ကြားသိရဖို့ကော တကယ်ပဲ သတ္တိရှိရဲ့လား"

သတ္တုလှောင်အိမ်အတွင်းသို့ သူ့ခန္ဓာကိုယ် အောက်ပိုင်းတဝက်ခန့် သွင်းမိချိန်တွင် ဟူးပါးသည် ခေတ္တမျှ ရပ်နား နေလိုက်ပြီး ဘရေ့ဒီအား မျှော်ကြည့်လိုက်သည်။ ထို့နောက် သူ့လက်ဝဲဘက်လက်မှ လက်ညှိုးနှင့် လက်မတို့ကို စက်ဝိုင်းပုံ အဝိုင်းလေး လုပ်ပြလိုက်သည်။ သူ့ဆိုလိုချက်မှာ **'အခြေအနေကောင်းပါသည်'** (သို့မဟုတ်) **'အို၊ ကေ'**ပင်တည်း။

သူသည် လှောင်အိမ်၏ ခေါင်မိုးအဖုံးကို ပိတ်လိုက်ပြီးနောက် သံမဏိလှောင်အိမ်၏ ကြမ်းပြင်ပေါ်သို့ ခြေနင်းမိသည့်တိုင် ဆင်းသွားခဲ့သည်။ လှောင်အိမ်အတွင်း၌ ဟူးပါးအခြေတကျ နေရာယူပြီးလောက်သည့်အချိန်တွင် ဘရေ့ဒီနှင့် ကွင့်တို့က လှောင်အိမ်တွင် သိုင်းချည်ထားသော ကြိုးများကို အောက်သို့ တဖြည်းဖြည်း လျှော့ချပေးလိုက်သည်။ သတ္တုလှောင်အိမ်၏ ထိပ်ပိုင်းသည် ပင်လယ်ရေမျက်နှာပြင်အောက် အနက်လေးပေခန့်သို့ ရောက်ရှိသွားသည်တွင် အောက်သို့ ဆက်လက် လျှော့ချခြင်း မပြုတော့ပဲ ရပ်တန့်ထားလိုက်ပြီး ကြိုးစနှစ်ချောင်းကို မော်တော်ဘုတ်နှင့် ခိုင်ခန့်စွာ ချည်နှောင်လိုက်ကြသည်။

"ကဲ၊ အောက်ထပ်က ရိုင်ဖယ်သေနတ်အမြန်သွားယူချေ။ ကျည်အသင့်ထိုးပြီးသားရှိတယ်"

ကွင့်က ဘရေ့ဒီအား အမိန့်ပေးလိုက်ပြီး သူကိုယ်တိုင်လည်း မှိန်းတံကိုကောက်ယူလိုက်ကာ ပခုံးပေါ်တွင် အသင့်အနေအထားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ထားလိုက်သည်။ ဘရော့ဒီသည်လည်း စက္ကန့်ပိုင်းအတွင်းမှာပင် ရှိုင်ဖယ်သေနတ် တလက်နှင့်အတူ ကုန်းပတ်ပေါ်သို့ ပြန်လည်ရောက်ရှိလာခဲ့၏။

"သူ့ အောက်ဆီဂျင်ဗူးက အသက်ရှူဖို့ ဘယ်လောက်ကြာကြာခံမှာလဲဗျ"

ဘရော့ဒီက ကွင့်အား မေးလိုက်သည်။

"ဘယ်လောက်ကြာကြာခံမယ်ဆိုတာထက် အဲဒီအောက်ဆီဂျင်ဗူးဆီ ကုန်စင်တဲ့အထိအောင် သူအသက်ရှင်မှ ရှင်နိုင်ပါမလားဆိုတာ ကျွန်တော်တွေးပူနေမိတယ်။ အခု သူလုပ်နေတဲ့အလုပ်က ဘာနဲ့တူသလဲဆိုတော့ မီးပုံထဲသက်နှိုက်ပြီး ငါ့လက်ကို မီးမလောင်ပါစေနဲ့လို့ ဆုတောင်းနေတဲ့ လူမျိုးပဲ။ တကယ်တမ်း စဉ်းစားဆင်ခြင်တတ်တဲ့ လူတယောက်ဆိုယင်တော့ ဒါမျိုး ဘယ်တော့မှ မလုပ်ဘူး"

ပင်လယ်ရေမျက်နှာပြင်အောက်ရှိ ဟူးပါးသည်ကား....

ရေထုတွင်းသို့ သူနှင့် လှောင်အိမ်ကြီးကို ထိုးဖောက်ဝင်ရောက်ဆင်းသက်လာခဲ့မှုကြောင့် ဖြစ်ပေါ်လာသော လေပလုံစီလေးများကွယ်ပျောက်ကင်းစင်သွားသည်အထိ ဟူးပါးသည်စိတ်ရှည်လက်ရှည်စောင့်စားနေလိုက်သေးသည်။

သူ့ မျက်နှာဖုံးအတွင်း၌ ရေအနည်းငယ် စိမ့်ဝင်နေသည်ဖြစ်ရာ ဟူးပါးသည် ဦးခေါင်းကို နောက်သို့ အနည်းငယ် လှန်ချလိုက်ပြီး မှန်ဝိုင်းပေါ်သို့ လက်ဖြင့်ဖိကာ အပေါ်သို့ အနည်းငယ်ပင့်တင်လိုက်သည်။ ပြီးလျှင် နှာခေါင်းအတွင်းမှ ထွက်သက်လေများကို မှန်သားပြင်ပေါ်သို့ မှုတ်ထုတ်လိုက်သည်။ ဤသို့ လေးငါးကြိမ်ခန့် ပြုလုပ်ပေးလိုက်သည့်အခါတွင်မှ မျက်နှာဖုံး မှန်ဝိုင်းလေးမှာ ကြည်ကြည်လင်လင် ဖြစ်သွားလေသည်။

သူသည် အပြာရောင်ရေထုကြီးအတွင်းဝယ် အထီးကျန် တကိုယ်တည်းရှိနေရသလို ခံစားမိသည်။ ရေထုကို ဖောက်ထွင်း ဝင်ရောက်





လာသည့် နေရောင်ခြည်တန်းလေးကလည်း ရေလှိုင်းပြင်လှုပ်ရှားမှုနှင့်အတူ လိုက်ပါကခုန်လျက်ရှိနေသည်။ သူ့ နားထဲတွင် ကြားနေရသည့် တခုတည်းသော အသံမှာလည်း သူ့ အသက်ရှူသံပင် ဖြစ်တော့သည်။ အသက်ရှူသွင်းလိုက်စဉ်တွင် ကျယ်လောင်သော အသံကို ဖြစ်ပေါ်စေသော်လည်း ထွက်သက်ကို ပြန်ထုတ်လိုက်စဉ်တွင်မူ လေပလုံစီလေးများ ရေထုအတွင်းသို့ ဝင်ရောက်သွားသံ တိုးတိုးညင်ညင်လေးကိုသာ ဖြစ်ပေါ်စေသည်။ သူ့ ရေငုပ် ဝတ်စုံတွင် လေးလံသော အရာဝတ္ထုများ ချိတ်ဆွဲထားခြင်းမရှိသဖြင့် အသက်ရှူ အောက်စီဂျင်ခါတ်ငွေ့ဗူးကြီးနှင့်အတူ သူ့ ခန္ဓာကိုယ်ကြီးသည် ရေပြင်ပေါ်သို့ ကြွတက်ပြီး သံမဏိလှောင်အိမ်ခေါင်းမိုးနှင့် သွားရောက် ရိုက်မိခြင်းမရှိစေရန် ဟူပါး၏ လက်များက လှောင်အိမ်၏ အကာ သံတန်းများကို ဆုပ်ကိုင်ထားရသည်။

ဟူးပါးသည် သူ့ ပတ်ဝန်းကျင် ထက်အောက်ဝဲယာ နေရာအနှံ့ကို သုံးသပ်လေ့လာလိုက်သည်။ အော်ကာမော်ဘော်၏ ဝမ်းဗိုက်ပိုင်းသည် သူ့ ဦးခေါင်းထက် ရေပြင်ပေါ်တွင် ညင်ညင်သာသာ လွန့်လူးလျက် ရှိ၏။ ပထမတွင် ဟူးပါးသည် ဤသံမဏိ လှောင်အိမ်ကြီးကို စိတ်ကွက်မိသည်။ သူ့ ရှေ့ နောက် ဝဲယာ ထက်အောက် အရပ်ဆယ်မျက်နှာတွင် သံတန်းသံတိုင်ကြီးများ ကာဆီးထားသဖြင့် ရေပြင်ထဲတွင် သူ လေ့လာလိုသမျှကို စိတ်တိုင်းကျ လှုပ်ရှားသွားလာ လေ့လာခွင့်မရသဖြင့် စိတ်ငြိုငြင်မိခြင်းဖြစ်သည်။ တဖန် လှောင်အိမ်ကြီးအတွင်းသို့ မိမိ မည်သည့်အတွက်ကြောင့် ဝင်ရောက်နေရခြင်း ဖြစ်သည်ကို ပြန်လည်သတိရမိသည်။ ဤတွင်မှ လှောင်အိမ်ကြီးကို ကျေးဇူးတင်မိရပြန်သည်။

ဟူးပါးက ဟိုဟိုသည်သည်ကြည့်ကာ သေမင်းဖြူကြီးကို ရှာဖွေကြည့်သည်။ မည်သည့်နေရာတွင်မျှ မရှိ။ ယင်း၏ အရိပ်အယောင်ကိုပင် မမြင်ရသေး။ ကွင့်၏ အတွေးအခေါ်ကမူ 'မော်တော်၏အောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ငါးမန်းကြီး ဝင်ခိုနေသည်’တဲ့။ ယခု လက်တွေ့တွင်မူ မော်တော်၏ အောက်ခြေတွင် ငါးကြီး ခိုနေခြင်းမရှိ၊ ‘ဘယ်ရှိနိုင်ပါ့မလဲ၊ ‘ခို’နေ ‘ငြိမ်’နေယင် ဒီကောင်ကြီး အသက်သေသွားရမှာပေါ့။ သူ့ အသက် ရှင်သန်ရေးအတွက် သူဟာ အမြဲလှုပ်ရှား ကူးခတ်နေမှ ဖြစ်တော့ မပေါ့။ အဖိုးကြီး ကွင့်က အလကားပဲ၊ ဘာမှနားမလည်ပဲ တွေ့ကရာ တွေ့ လျှောက်တွေး၊ လျှောက်ခပြော လုပ်နေဘာယ်’။ ဟူးပါး၏ စိတ် ထဲတွင် ကွင့်အား အထင်သေးခြင်း ဖြစ်မိသည်။

ရေထုအတွင်းသို့ နေရောင်ခြည်တန်းများ ထိုးဖောက် ဝင်ရောက် လျက်ရှိသော်လည်း ဟူးပါး မြင်ရသည့် မြင်ကွင်းက ကောင်းစွာ ကြည်လင်ခြင်း မရှိလှ။ ပေလေးဆယ်ထက် ပိုလွန်၍ မြင်တွေ့ရခြင်း ငှာ မစွမ်းနိုင်။ သူသည် ရှေ့နောက် ဝဲယာ ဟိုဟိုသည်သည် လှည့် ပတ်ကြည့်ယင်းမှ ငွေရောင်အဆင်းရှိ သတ္တဝါကြီး မှုန်ဝါးဝါး ရေ မြင်တနေရာမှ ပေါ်လာနိုးဖြင့် မျှော်ကိုးနေမိသည်။

မော်တော်အုတ်၏ ဝမ်းဗိုက်အောက်၊ သူ့ဦးခေါင်းထက် ရေပြင်ဆီ သို့လည်း အမှတ်မထင် မော့ကြည့်မိပြန်သည်။ ရေ၏ အရောင်သည် အပြာရောင်မှ မီးခိုးရောင်သို့လည်းကောင်း၊ ထိုမှတဖန် မည်းမှောင် မှောင် အဆင်းသို့လည်းကောင်း၊ တရွေ့ရွေ့ ပြောင်းလဲလျက် ရှိ ကြောင်း သတိပြုမိသည်။ ယင်းသည် နေရောင်ခြည်နှင့် မိုးသား မိုး တိမ်တို့၏ ပြောင်းလဲရွေ့လျားမှုကြောင့်သာ ဖြစ်နိုင်သဖြင့် ဟူးပါး၏ စိတ်တွင် ပူပင်ခြင်းမဖြစ်မိ။ သူ့ လက်မှ နာရီကို ကြည့်လိုက်သည်။ ရောက်လာမှတော့ မထူးပြီ။ နောက်ထပ် နာရီဝက်ခန့် ကြာသည် အထိ စိတ်ရှည်ရှည်ဖြင့် စောင့်ဆိုင်းနေပြီးမှ အပေါ်သို့ ပြန်တက်မည် ဟု ဆုံးဖြတ်ချက်ချလိုက်သည်။

ငါးမန်းကြီးနှင့် ရင်ဆိုင်တွေ့လျှင် ရုပ်ရှင်ရိုက်ကင်မရာဖြင့် မည်သို့ မည်ပုံ ရိုက်ကူး မှတ်တမ်းတင်မည်ဟု စိတ်ကူးယဉ်နေမိသည်မှာ အချိန် မည်မျှ ကြာမြင့်သွားခဲ့သည်မသိ။ သူ့ မျက်နှာဖုံးမှ မှန်ဝိုင်းလေးအား ပစ္စည်းတစုံတခု၏ရုတ်တရက်လာရောက်ထိတွေ့ခြင်းကိုခံလိုက်ရသဖြင့် ဟူးပါးမှာ လန့်ဖျပ်သွားရသည်။ အယောင်ယောင် အမှားမှား ဖြစ်သွားခဲ့သည်။ ယင်းပစ္စည်းမှာ စင်စစ်တွင် ငါးစာ အပိုင်းလေး တတုံးဖြစ်ပြီး ဒီလှိုင်းလုံး၏ သယ်ဆောင်မှုကြောင့် သူ့ ထံသို့ ရောက် ရှိလာခဲ့ခြင်းပင်။ ဟူးပါးက ယင်း ငါးစာအတုံးလေးကို အလျင် အမြန်ဖမ်းယူပြီး လှောင်အိမ်သံတိုင်များ အကြားမှ အပြင်သို့ ပြန် လည် လွှင့်ထုတ်ပစ်လိုက်သည်။ သူသည် ပျင်းရိ ငြီးငွေ့စွာ လှောင် အိမ်၏ အောက်ပိုင်းသို့ တချက်မျက်စိကစားလိုက်သည်။ ရှေ့နောက် ဝဲယာသို့လည်း မျက်လုံး တချက် ဝင့်လိုက်ပြန်သေးသည်။ တဖန် လှောင်အိမ်၏ အောက်ခြေပိုင်းသို့ ဒုတိယမွ မျက်စိ ကစားမိပြန် သည်။

“ဟော....”

သူ့ နှုတ်မှ အာမေဋိတ် ထွက်သွားသည်။

သူ မျှော်လင့်စောင့်စားနေခဲ့သော သူ့ အချစ်တော် ငါးမန်းကြီး သည် နောက်ဆုံးတော့ ရေပြင်တနေရာမှ ပေါ်ထွက်လာခဲ့ရပါချေ ပြီတည်း။ ရေအောက်အနက်ပိုင်း တနေရာမှ အပေါ်သို့ ဆန်တက် လာခဲ့သည်။ သို့သော် ဗြုန်းစားကြီး ပေါ်ထွက်လာခြင်းမျိုးမဟုတ်၊ ဖြည်းဖြည်းညင်းညင်း သက်သက်သာသာနှင့် ရေပြင်ထက်သို့ ကြွ တက်လာခဲ့ခြင်းပင်။

ဟူးပါးသည် သူ့ ရှေ့မှ ငါးကြီးကို မမှိတ်မသုန် ငေးစိုက်ကြည့် နေမိသည်။ သူသည် ငါးမန်းကြီးကို သေမင်းကြီးအဖြစ် မြင်သည့် အတွက် ငါးမန်းကြီးထံမှ ဝေးရာသို့ အပြေး ထွက်သွားချင်သည်။ သို့သော် ငါးမန်းကြီးကို သဘာဝတရားက ဖန်ဆင်းထားသည့် အလှ အပတခုအဖြစ်လည်း မြင်တွေ့နေသည်မို့ ငါးမန်းကြီးအနားမှ မခွဲ ချင်၊ မခွာရက်ဖြစ်နေသည်။ ငါးမန်းကြီး၏ အလှအပတွင် ယစ်မူးနေ သည်။

ဟူးပါးက သူ့ ရုပ်ရှင်ကင်မရာကို မြှောက်၍ ဓာတ်ပုံရိုက်ယူလို သည်။ သို့သော် သူ့ လက်များက သူ့ စိတ်ကို အလိုမလိုက်၊ သူသည်



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနီးကပ်သည်ထက် နီးကပ်လာပြီဖြစ်သောငါးမန်းကြီးကို သာ ငေးကြောင်ကြောင် ကြည့်နေမိသည်။

'အရိပ်' တခု၏ တိတ်ဆိတ်ပုံ တိတ်ဆိတ်ခြင်းဖြင့် ငါးကြီးသည် ရှေ့သို့ တရွေ့ရွေ့ ကူးခတ်လာခဲ့သည်။ ဟူးပါးသည်လည်း သူ့ကိုယ်သူ အမှတ်မထင်နောက်သို့တဖြည်းဖြည်းချင်းပြန်ဆုတ်နေမိသည်။ သူ၏ဦးခေါင်းကြီးသည်သံမဏိလှောင်အိမ်မှ ပေအနည်းငယ်ခန့်သာ ကွာလှမ်းတော့သည့် အကွာအဝေးသို့ ရောက်ရှိလာသည့်အခါတွင်မှ သေမင်းဖြူကြီးသည် ဘေးသို့ ရုတ်တရက် ချိုးကွေ့လိုက်သည်။ ဟူးပါးသည် မိမိ၏ မျက်စိရှေ့မှ တဖြည်းဖြည်းချင်း ဖြတ်ကျော်သွားခဲ့သည့် ငါးမန်းကြီးကို ပါးစပ်အဟောင်းသားဖြင့် ငေးမောကြည့်နေခဲ့လေသည်။ သူ့တသက်တာတွင် ဤမျှ ကြီးမားသော ငါးမန်းကြီးကို ဤမျှ နီးကပ်သော အကွာအဝေးမှ ကြည့်ရှုလေ့လာခွင့်ရသည်မှာ ဤအကြိမ်သည် ပထမဆုံး ဖြစ်ပေတော့သည်။

ပထမဆုံး ငါးကြီး၏ နှာတံကြီး ဖြတ်သွားသည်။ သည့်နောက် ကြိုဂံပုံဆောင် သွားစွယ်များ အတန်းလိုက် မညီမညာပေါက်ရောက်သည့် မေးရိုးကားကားကြီးများ။ ပြီးလျှင် သူ့ကို စူးစူးစိုက်စိုက်ကြီး ကြည့်သွားခဲ့သော မျက်လုံးနက်လေး တစုံ။ အထစ်ထစ်လေးများ ဖြစ်နေသော ပါးဟက်။

ငါးကြီးကိုကြည့်ယင်း ဟူးပါး၏ စိတ်ထဲတွင် အားမလိုအားမရ မရိုးမရွဖြစ်လာတော့သည်။ သို့နှင့် သူ၏ လက်တဘက်ကို လှောင်အိမ် သံတိုင်များအကြားမှ ထုတ်ပြီး ငါးမန်းကြီး၏ ခန္ဓာကိုယ်အား ထိတွေ့စမ်းသပ်ကြည့်လိုက်သည်။ သတ္တဝါကြီး၏ ကိုယ်ထည်မှာ အေးစက် မာကျောလျက် ရှိသည်။ သို့သော် သူ ထင်မှတ်ထားသကဲ့သို့ ကပ်စေးစေး ကြမ်းတမ်းတမ်း ဖြစ်မနေပါချေ။ ချောချောမွတ်မွတ် ရှိနေပါလေသည်။ ဟူးပါး၏ လက်သည် ငါးမန်းကြီး၏ ကိုယ်လုံးကြီးကို ပွတ်အပ်နေရာမှ ဝမ်းဗိုက်ဗိုင်း ဆူးတောင်များ၊ မကြာမီတွင်





သည့်အကြေးစွန့် အင်္ဂါအနီးမှ ဆူးတောင် စသည်များကို တခုပြီး တခု ဆက်လက်စမ်းသပ်ခွင့်ရခဲ့သည်။ ငါးမန်းကြီး၏ ကိုယ်ထည်ကြီးမှာ အလွန်ကြီးမား၍ရှည်လျားသဖြင့် ဟူးပါး၏ စိတ်ထဲတွင် ဆုံးမှ ဆုံးဦးမည်လား၊ ဆုံးနိုင်ခဲလှလေခြင်းဟူ၍ပင် ထင်မှတ်မိသည်။ အတန်ကြာမှ ဗယ်ညာခါယမ်းလျက်ရှိသည့် အမြီးကြီးသည် သူ့အနားမှ ဖြတ်သန်းသွားခဲ့လေ၏။

ငါးကြီးသည် လှောင်အိမ်အနီးမှ ခွာသွားခဲ့လေပြီ။ ဟူးပါး၏ အားထဲတွင် ရေပြင်ပေါ်သို့ အရှိန်အဟုန်ပြင်းစွာဖြင့် ပြေးလာခဲ့သော ပဲ့စည်းလေးများ ကျရောက်လာသံ အသံခပ်အုပ်အုပ်ကို ကြားလိုက်သည်။ တချိန်တည်းမှာပင် ရေပလုံစီ အတန်းလေး သုံးတန်း ရေထုအတွင်း၌ ဖြတ်သန်းသွားသည်ကိုပါ ဟူးပါး မြင်တွေ့လိုက်ရသည်။

ကျည်ဆန်သုံးတောင့်။ မော်တော်ပေါ်မှ ဘရော့ဒီနှင့် ကွင့်တို့က ရေထုအတွင်း၌ ကူးခပ်နေသည့် ငါးကြီးကို မြင်တွေ့သွားပြီဖြစ်သည့်အတွက် သေနတ်ဖြင့် ပစ်ခတ်လိုက်ခြင်း ဖြစ်ပေမည်။ သို့သော် ကျည်ဆန်များသည် ငါးကြီးကို မထိ။ ငါးကြီး၏ ကိုယ်ပေါ်မှ ကျော်ဖြတ်သွားခဲ့ကြခြင်းသာ ဖြစ်ပေ၏။

ဟူးပါး၏ စိတ်ထဲတွင်မူ 'မော်တော်ပေါ်က လူများက ငါးကြီးကို သေအောင် မပစ်ကြပါစေနဲ့၊ ကျေးဇူးပြုပြီး လှောင်အိမ်အနား ငါးကြီး ပြန်လာပါအုံး။ ရုပ်ရှင်ရိုက်မှတ်တမ်းတင်ပါရစေအုံး' ဟူးပါး စိတ်ထဲမှ ကျိတ်၍ ဆုတောင်းနေမိသည်။

"ရေအောက်မှာ ဒီကောင် ဘာလုပ်နေပါလိမ့်၊ ဘာလို့များ သူ့ သေနတ်နဲ့ ငါးကြီးကို မပစ်သေးတာလဲ မသိဘူး"

ဘရော့ဒီက မကျေမနပ်ဖြင့် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကွင့်ကမူ ဘရော့ဒီစကားကို မည်သို့မျှ ခွန်းတုံ့မပြန်။ လက်ထဲမှ မှိန်းတံကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ယင်းမှ ရေပြင်သို့ စူးရှစွာ စိုက်ကြည့်နေသည်။ ငါးကြီးကို စိန်ခေါ်နေသည်။

"ထွက်ခဲ့လေကွာ၊ ရေပေါ်ကို တက်ခဲ့စမ်းပါ ငါးကြီးရ။ ကွင့်ဆီကို လာခဲ့စမ်းပါ"

"သူဘာလုပ်နေသလဲ၊ ခင်ဗျား မြင်ရသလား"

ဘရော့ဒီ ကကွင့်အား မေးလိုက်သည်။ ကွင့်က တိုတိုတုတ်တုတ်ပင် အဖြေပေးလိုက်၏။

"ဟင့်အင်း"

မှုန်ဝါးဝါး ရေပြင်တနေရာဆီမှ ငါးမန်းကြီးက သူ့ထံသို့ ပြန်ကွေ့လာပြီဖြစ်ကြောင်းကို ဟူးပါးသည် ကင်မရာ၏ 'မြင်ကွင်းရှာ' အပေါက်ငယ်မှ ချောင်းကြည့်ယင်း မြင်တွေ့လိုက်ရသည်။ ငါးကြီးသည် ပထမအကြိမ်ကကဲ့သို့ မဟုတ်တော့ပြီ။ ယင်း၏ အမြီးကြီးကို ဝဲယာ တဘက်တချက်သို့ ခပ်ကြမ်းကြမ်း၊ ခပ်ရမ်းရမ်း ရိုက်ခတ်ယင်းမှ ဟူးပါးရှိရာ လှောင်အိမ်ဆီသို့ တန်းတန်းမတ်မတ်ကြီး ကူးခတ်လာခဲ့သည်။ တရှိန်ထိုး ကူးခတ်လာခဲ့သည်။ အသက်ရှူရန် ယင်း၏ ပါးစပ်ပြဲကြီးကို ဖွင့်ချည် ပိတ်ချည် လုပ်ယင်း ကူးခပ်လာခဲ့သည်မှာ ရှေ့တည့်တည့်မှ မြင်တွေ့ရသူ ဟူးပါးအဖို့ ကြက်သီးထစရာပင် ဖြစ်တော့သည်။

အကွာအဝေး ပြောင်းလဲသွားမှုကြောင့် ဟူးပါးသည် သူ့ကင်မရာကို ချိန်သားကိုက်ဖြစ်စေရန် မှန်ဘီလူးကို အတိုး အလျှော့ အရွှေ့ အပြောင်းလုပ်ယင်း ညှိပေးလိုက်သည်။

သို့သော် ငါးကြီးသည် ယခင် တကြိမ်ကကဲ့သို့ မဟုတ်တော့။ လှောင်အိမ်အနီးသို့ ရောက်ရှိလာသည့်တိုင် ဘေးတဘက်သို့ ကွေ့ရှောင်သွားခြင်းမပြုတော့ပဲ လှောင်အိမ်ကြီးကို တည့်တည့်မတ်မတ်ကြီး ဝင်ဆောင့်ပစ်ခဲ့၏။ သူ့နှုတ်သီးချွန်ကြီးဖြင့် လှောင်အိမ်ကြီးအား အရှိန်ပြင်းပြင်းနှင့် ဝင်ရောက်တိုက်ခိုက်ရာ သံမဏိတိုင် နှစ်ချောင်းမှာ ဘေးတဘက်တချက်ဆီသို့ ကွေးထွက်သွားခဲ့သည်။

ငါးကြီးသည် အမြီးကြီးကို ခပ်ကြမ်းကြမ်း ဆက်လက် ယမ်းခါလျက်ရှိရာ ယင်း၏ ခန္ဓာကိုယ်ကြီးအား လှောင်အိမ်တွင်းသို့ မဝင်ဝင်အောင် နှဲ့သွင်းနေသကဲ့သို့ ရှိပေသည်။ တချိန်တွင် ငါးမန်းဖြူကြီး၏ နှာတံရှိုးကြီးက ဟူးပါး၏ ရင်ဝတည့်တည့်သို့ ဝင်ဆောင့်ထည့်လိုက်သည်ဖြစ်ရာ ဟူးပါးမှာ နောက်ဘက်သို့ အရှိန်ဖြင့် လွင့်စဉ်ထွက်သွားခဲ့သည်။ သူ့လက်တွင်းရှိ ရုပ်ရှင်ရိုက် ကင်မရာမှာလည်း လွင့်စဉ်ကျသွားခဲ့သည်။ သူ့ပါးစပ်အတွင်း၌ ငုံထားသည့် အသက်ရှူအောက်ဆီဂျင် ပိုက်ခေါင်းမှာလည်း ပြုတ်ထွက်သွားခဲ့သည်။ သူ့ရင်ဘတ်မှာ အလွန်အမင်း နာကျင်လျက်ရှိပြီး လေကောင်း လေသန့်ကို အပြင်းအထန် တောင့်တလျက် ရှိသည်ဖြစ်ရာ ဟူးပါးက အောက်ဆီဂျင် ပိုက်ခေါင်းကို သွေးရူး သွေးတန်း ရှာကြည့်သည်။ သို့သော် လွယ်လွယ်နှင့် ရှာမရ ဖြစ်နေသည်။

"ဟ…ဆော်နေပြီ၊ လှောင်အိမ်ကြီးကို ဒီကောင်ကြီး ဝင်ဆော်နေပြီ"

ဘရော့ဒီက ထိတ်လန့်တကြား ဟစ်အော်လိုက်ပြီး ကြိုးစတဘက်ကို ကိုင်ကာ သံမဏိလှောင်အိမ်ကြီးကို ရေပေါ်သို့ ဆွဲတင်နိုင်ရန် ကြိုးစားသည်။

"ပစ်လေ…ခင်ဗျား မှိန်းကို ပစ်တော့လေ"

ဘရော့ဒီက ကွင့်အား သတိပေးသည်။







www.burmeseclassic.com

www.burmeseclassic.com



"ပစ်လို့ ဘယ်ဖြစ်အုံးမလဲဗျ၊ ရေပေါ်တက်လာမှ ပစ်လို့ဖြစ်
ပေါ့။ ဟော့ ကောင်ကြီး အပေါ်တက်လေကွာ"

ကွင့်က ဘရော့ဒီအား ခပ်ကျယ်ကျယ်ပြန်အော်လိုက်ပြီး သံ
လှောင်အိမ်ကြီးရှိနေရာ ရေပြင်ဆီသို့သာ မချင့်မရဲနှင့် ဆက်
ကြည့်ရှုနေလေသည်။

ငါးကြီးသည် နောက်ဘက်သို့ ပြန်လည်ကူးခတ် ထွက်လိုက်
လှောင်အိမ်ကြီး၏ သံတိုင်များကြားမှ လွတ်ထွက်သွားလေသ
ထို့နောက် ညာဘက်သို့ ကူးခတ်သွားသည်။ ဟူးပါးသည်
ဦးခေါင်းနောက်မှ အောင်ဆီဂျင်ဗူးကို ကိုင်တွယ်စမ်းသပ်ယ
အသက်ရှူ ရာဘာပြွန်၏ခေါင်းကိုပါ ပြန်လည် တွေ့ရှိခဲ့သ
အသက် အောင့်ထားရသည်မှာ ကြာပြီဖြစ်သဖြင့် သူသည် အော
ဆီဂျင် ပိုက်ခေါင်းကို ပါးစပ်တွင်းသို့ အလျင်အမြန် သွတ်သွင်း
အားပါးတရ အသက်ရှူချလိုက်သည်။ သူ့ စိတ်က စောနေသ
ဟူးပါးသည် အမှားမှား အယွင်းယွင်းလုပ်ဆောင် မိခဲ့ချေပြီ။
ပါးစပ်အတွင်းသို့ ရေများ အလုံးအရင်းနှင့် ဝင်ရောက်လာ
ရေသီးသွားခဲ့သည်။ ချောင်းတဟွတ်ဟွတ် ဆိုးကာ ရေအချို့သ
အသက်ရှူဗူးအတွင်းသို့ ရောက်ရှိသွားခဲ့သည်။ ရေအချို့သည်
ပိုက်အတွင်းသို့ လည်းကောင်း၊ အချို့မှာ နှာခေါင်းထဲ
လည်းကောင်း ရောက်ရှိသွားခဲ့သည်။ ထို့ကြောင့် အသက် ရှူ
ရာဘာ ပိုက်ခေါင်းမှ တဆင့် လေကို ရှူမသွင်းခင် ရှေးဦး
ထွက်သက်ကို ယင်းပိုက်ခေါင်းမှ အပြင်သို့ ပြန်လည် မှုတ်ထုတ်
လိုက်ရသည်။ ထို့နောက် အဆုတ်တွင်းသို့ အောင်စီဂျင်ကို တဝ
ရှူသွင်းပစ်လိုက်လေသည်။ ဤတွင်မှ ရီဝေ နောက်ကျိနေသေ
ဟူးပါး၏ မျက်လုံးအစုံသည် ကြည်လင် ပီပြင်သော အမြင်အာ
ပြန်လည် ရရှိခဲ့လေသည်။ ဤတွင်မှ မိမိမျက်နှာမူထားရာ သံ
လှောင်အိမ်ကြီး၏ နံရံ တဘက်သည် အကြီးအကျယ် ပျက်စီးလ





ရှိကြောင်း တွေ့သိုက်ရသည်။ သံမဏိချောင်းကြီးများသည် ဘေးသို့
ကွဲကားလျက်အပေါက်ကြီးတခုသဖွယ်ဖြစ်လျက် ရှိ၏။ သို့နှင့် ဟူးပါး
သည် လှောင်အိမ်၏ ခေါင်မိုးရှိ အပေါက်ကို ဖွင့်ပြီး အပြင်သို့
ထွက်ရန် ကြိုးစားလေတော့သည်။

ဤအချိန်မှာပင် သေမင်းဖြူကြီးသည် ဟူးပါး တကျော့
ပြန်လည် ရောက်ရှိလာခဲ့တော့သည်။

မိစ္ဆာကောင်ကြီးသည် ကယ်ပေါက်သဏ္ဌာန် ဖြစ်နေသော သံတိုင်
ကြီးများကြားသို့ အရှိန်ဖြင့် တည့်မတ်စွာ မြေးဝင်လာခဲ့သည်။
ယင်း၏ အမြီးကြီးကိုလည်း ဘေး ဗယ်ညာသို့ ဆတ်ခါဆတ်ခါ
အဆက်မပြတ် ရိုက်ခတ်လာခဲ့သည်။ ဟူးပါးသည် သူ့ နောက်ကျောရှိ
သံတိုင်များနှင့် တသားတည်းကျလုနီးပါးတိုးကပ်ထားယင်းမှ သူ့ ခန္ဓာ
ကိုယ်အား မရမက လှမ်း၍ လှမ်း၍ ဟပ်နေသော ငါးမန်းကြီး၏
ပါးစပ်ဖြဲကြီးကို လွတ်အောင် ကြိုးစားပမ်းစား ရှောင်တိမ်းနေရ၏။

ထိုစဉ်မှာပင် ဟူးပါးသည် ရေအောက်ပစ် သူ့ သေနတ်ကို သွား
သတိ ရမိသည်။ သို့နှင့် သူ့ညာဘက်လက်မောင်းကို အောက်သို့
နှိမ့်ချလိုက်ပြီး ကြမ်းပြင်ပေါ်မှ ကောက်ယူရန် ကြိုးစားကြည့်သည်။
ထိုစဉ်မှာပင် ငါးမန်းကြီးကလည်း သူ့ကို တချက် ထပ်ဟပ်လိုက်ပြန်
သည်။ ဟူးပါး၏ ကြောက်ရွံ့စိတ်သည် သည်တကြိမ်တွင် ငယ်ထိပ်
သို့ပင် ရောက်ခဲ့ပြီ၊ ငါးကြီး၏ သွားချွန်ချွန်များသည် သူ့ရင်ခေါင်းမှ
ပွတ်ကာ သီကာလေးမျှ လွဲသွားခဲ့သည်။ နောက်တချက် ထပ်ဟပ်
လျှင် သူ့အသက် ထွက်ရချေတော့မည် ဖြစ်သည်ကို ဟူးပါး နားလည်
လိုက်ရပြီ။ သို့နှင့် သူသည် ရှိသမျှ စွမ်းအားကို အကုန်စုရုံးကာ
ငါးကြီး၏ မျက်လုံးကို လက်သီးဖြင့် ထိုးထည့်လိုက်လေသည်။ ငါးကြီး
ကလည်း ယင်းလက်ကို မလွတ်တမ်း ဖမ်းဟပ် ကိုက်ဖြတ်ပစ်ခဲ့သည်။

အသက်မထွက်မီ ဟူးပါး နောက်ဆုံး သိရှိလိုက်ရသည့် အရာ
သည်ကား—



www.burmeseclassic.com

www.burmeseclassic.com



သူ့ လက်မောင်းမှ ပန်းထွက်နေသည့် သွေးများအကြားမှ မြင်တွေ့လိုက်ရသော ငါးမန်းကြီး၏ မျက်လုံးအစုံသည် အေးစက် မာကျောလျက်ရှိကြောင်း၊ သူ့ကို စူးစူးဝါးဝါးကြီး ကြည့်လျက်ရှိကြောင်း။

"[illegible]မန်း[illegible]က သူ့ကို မိသွားပြီ၊ လုပ်ကြပါအုံး....တခုခု"

[illegible]ဒီက အော်လိုက်သည်။

"သူ သေပါပြီဗျာ"

ကွင့်က အေးဆေးစွာ ပြန်ပြောသည်။

"သူ သေပါပြီ"

ဟူးပါးအား ပါးစပ်တွင်း၌ ဟပ်မိသည်နှင့်တပြိုင်နက် ငါးကြီးသည် လှောင်အိမ်အတွင်းမှ နောက်ပြန် ပြန်ထွက်လာခဲ့သည်။ ဟူးပါး၏ ခန္ဓာအား ကိုက်ယင်း၊ ဝါးယင်းမှ ငါးကြီးသည် ရေအောက်သို့ပေ အနည်းငယ်မျှ နိမ့်ဆင်းသွားခဲ့သေးသည်။ ထို့နောက် အမြီးကြီးကို [illegible]ခါယင်းမှ ကိုယ်ကို အပေါ်သို့ မတ်ပေးလိုက်ရာ ဟူးပါး၏ [illegible]လောင်းကို ကိုက်ထားသော ငါးကြီး၏ ပါးစပ်ပြဲကြီးနှင့် ကိုယ်အပေါ်ပိုင်းတဝက်မှာ ရေပြင်ထက်သို့ ဘွားကနဲ ပေါ်တက်လာတော့သည်။

"ဟော....ဟော.... အပေါ်ကို တက်လာပြီ"

ဘရော့ဒီက ဟစ်အော် သတိပေးလိုက်သည်။

"ရိုင်ဖယ်ကို ယူ...မြန်မြန်"

ကွင့်က ဘရော့ဒီအား ပြန်အော်ပြောလိုက်ပြီး သူ့ကိုယ်တိုင်ကလည်း လက်ထဲရှိ မိုန်းတံကို ပစ်လွှတ်ရန် လက်ကို အသင့်မြှောက်ထားလိုက်သည်။





ဟူးပါးကို ပါးစပ်တွင် ကိုက်လျက်နှင့် ငါးကြီးသည် မော်တော်ဘုတ်နှင့် ဆယ့်ငါးပေအကွာတွင် ပေါ်ထွက်လာခဲ့ခြင်း ဖြစ်သည်။ ငါးမန်းကြီးသည် ဟူးပါး၏ ခန္ဓာကိုယ်အား ခါးလည်မှ ဖြတ်၍ကိုက်ထားရာ ဦးခေါင်းနှင့် လက်များက ငါးကြီး၏ ပါးစောင်တဖက်တွင်လည်းကောင်း၊ ခြေထောက် နှစ်ချောင်းက ကျန်တဖက်တွင်လည်းကောင်း တွဲလောင်းကျလျက်။

ပစ်ကွင်းက ကောင်းလှသည်။ အခြေအနေက မေးလွန်းလှသည်။ ငါးကြီး၏ ဝမ်းပျဉ်းသား ဖြူဖြူဖွေးဖွေး ပြန့်ပြန့်ကားကားကြီးသည် ထင်ထင်ရှားရှားကြီး ပေါ်လွင်နေသည်။ ပစ်မှတ်ကလည်း အလှမ်းမကွာဝေးသဖြင့် 'သေချာပေါက်ပဲ' ဟုတွေးကာ ကွင့်က သူ့လက်ထဲမှ မိုန်းတံကို အားကုန်လွှဲ၍ အရှိန်ပြင်းပြင်း ပစ်လွှတ်လိုက်သည်။

သို့သော်-

အချိန်နှောင်းသွားခဲ့သည်။ ကွင့် လက်မှ မိုန်းတံ ထွက်ခွာသွားသည့်အချိန်၌ပင် ငါးကြီး၏ ခန္ဓာကိုယ်မှာလည်း ရေပြင်ပေါ်မှ ပြန်လည်ကျဆင်းသွားခဲ့ချေပြီ။ ထိုမိုန်းတံသည် ငါးမန်း၏ ဦးခေါင်းထက် လေထုထဲမှာ ဖြတ်သန်းသွားပြီးနောက် ရေပြင်ပေါ်သို့ ကျသွားခဲ့သည်။ ငါးမန်းကြီးသည် ရေမျက်နှာပြင်ပေါ်သို့ ပြန်လည် ကျဆင်းသွားသော်လည်း ရေထုအတွင်းသို့ ငုပ်လျှိုးဝင်ရောက်သွားခြင်း မရှိသေး။ ယင်း၏ ဦးခေါင်းကြီးသည် ရေမျက်နှာပြင် ထက်ကွင်းပေါ်ထွက်နေဆဲပင် ရှိနေသေးသည် ဖြစ်၍....

"ဟေ့ လူ ပစ်လေ.... ပစ်ထည့်လိုက်"

ကွင့်က ဘရော့ဒီအား ဟစ်သော် အမိန့်ပေးလိုက်သည်။

ဘရော့ဒီကလည်း သေနတ်ကို ကောင်းစွာ ချိန်မနေတော့ပဲ သွေးရှူးသွေးတန်းဖြင့် ခလုတ်ကို ဆက်တိုက် ဆွဲညှစ်ပစ်လိုက်သည်။ ပထမ ကျည်နှစ်တောင့်သည် ငါးကြီး၏ အရှေ့ ရေပြင်ထဲသို့ စိုက်ဝင်



www.burmeseclassic.com

www.burmeseclassic.com



သွင်းခဲ့သည်။ တတိယ ကျည်ကမူ ငါးကြီး၏ ပါးစပ်တွင်းသို့ တွဲလောင်းကျနေသည့် ဟူးပါး၏ လည်ကုပ်ဆီသို့ တည့်တည့်မတ်မတ် ဖောက်ထွင်း ဝင်ရောက်သွားသေတော့သည်။

ဘရော့ဒီမှာ အံကြီးအကျယ် တုန်လှုပ်သွားရ၏။

"ပေးစမ်းပါ၊ အသုံးမကျလိုက်တာ"

ကွင့်က ဘရော့ဒီလက်ထဲမှ သေနတ်ကိုဆွဲယူပြီး ချက်ချင်း ပစ်တွင် တောက်တာ ချိန်လိုက်သည်။ တဆက်တည်းမှာပင် ကျည်နှစ်တောင့်ကို ဆက်တိုက်ပစ်ထုတ်လိုက်သည်။ သည်တကြိမ်တွင်လည်း 'ကွင့်'တယောက် နောက်ကျရပြန်လေပြီ။ ဘရော့ဒီထံမှ သေနတ်ကို သူ လုယူနေစဉ်အချိန်မှာပင် ငါးမန်းကြီးက ရေအောက် အေးကင်းရာသို့ ငုပ်လျှိုးဝင်ရောက်သွားခဲ့ပါချေပြီ။ ကျည်ဆန်နှစ်တောင့်သည် လွန်ခဲ့သော စက္ကန့်ပိုင်းအတွင်း ငါးမန်းကြီး ရှိနေခဲ့ဖူးသည့် ရေပြင် တနေရာဆီသို့ အချည်းနှီးကျဆင်းသွားခဲ့ကြလေသည်။

ရေပြင်သည် ပြန်လည် ငြိမ်သက်သွားခဲ့လေပြီ။

လေပြည် လေညင်း တိုက်ခတ်သံမှလွဲ၍ မည်သို့သော ဆူညံသံမျိုးကိုမျှ မကြားရတော့။ အခြေအနေသည် လွန်ခဲ့သော မိနစ်ပိုင်းကနှင့် ပြောင်းပြန်ကြီး ခြားနားလျက် ရှိတော့၏။ သင်္ဘောလှောင်အိမ်ကြီးကိုချ ထားရာ ရေပြင်တဝိုက်တွင်လည်း ငြိမ်သက်ခြင်းက ကြီးစိုးလျက် မည်သို့သော ပျက်စီးမှုမျိုးမျှ မဖြစ်ပေါ်ခဲ့သယောင်ယောင်။

ထူးခြားမှုက တခုသာ ရှိသည်။

ယင်းထူးခြားမှုမှာ ယခုအခါ မော်တော်ပေါ်တွင် 'ဟူးပါး' တယောက် မရှိတော့ပြီဖြစ်ခြင်းပင်။

"ကဲ...ခု...ကျုပ်တို့ ဘာလုပ်ကြမလဲ၊ ကျုပ်တို့ လုပ်စရာ ဘာမှ မရှိတော့ဘူး။ ဒီတော့ ပြန်ကြတာပဲ ကောင်းပါတယ်"

ဘရော့ဒီက စိတ်ပျက်ခြင်းကြီးစွာဖြင့် ဆိုသည်။

"ပြန်သွားမယ်လေ....လောလောဆယ်အဖို့တော့ ပြန်သွားကြဖို့ပဲ ရှိတာပဲ"

ကေသရာဇာ



ကွင့်က ခပ်အေးအေး ခပ်မှန်မှန်ပင် တုံ့ပြန်သည်။

"ဘာ....အခုလောလောဆယ်အဖို့၊ ဟုတ်လား။ ခင်ဗျားဘာကို ဆိုလိုတာလဲ။ ကျုပ်တို့ လုပ်စရာ ဘာကျန်သေးတော့လို့လဲ။ ဒီကိစ္စက ဘုရားသခင်၊ ဒါမှမဟုတ် သဘာဝတရားက လုပ်ပေးမှပဲ ရတော့မယ့်ကိစ္စပဲ။ လူသားတွေအနေနဲ့ ဘယ်လိုမှ မတတ်နိုင်တော့ဘူး"

"ခင်ဗျားက—အရှုံးပေးချင်နေပြီလား ကိုယ့်ဆရာ"

"ဟုတ်တယ်၊ ဒီကိစ္စကို ကျုပ်လက်မြှောက်ချင်နေပြီ။ ပြီးတော့.... ဒီနေ့ဖြစ်ပျက်ခဲ့တဲ့ ကိစ္စကြောင့် နောက်နေ့တွေအတွက် ကုန်ကျစရိတ်ကို ကျုပ်ဘယ်လိုမှ ရှာလို့ရတော့မယ် မဟုတ်ဘူးဆိုတာ သေချာသလောက် ဖြစ်နေတယ်"

"ငွေကိစ္စကို ပြောမနေပါနဲ့ဗျာ။ အခုအခြေအနေမှာ ငွေဟာ အဓိကအကြောင်းအရာ မဟုတ်တော့ပါဘူး။ ငွေရရေး မရရေးပေါ်မှာ မူမတည်တော့ပါဘူး"

"ခင်ဗျား ဘာကို ဆိုလိုတာလဲ"

ဘရော့ဒီက ကွင့်ကိုကြည့်ပြီး မေးလိုက်သည်။ ကွင့်သည် ငါးမန်းကြီး နောက်ဆုံးရှိနေခဲ့သည် ရေပြင်တနေရာဆီသို့ ငေးကြည့်နေယင်းမှ....

"ဒီကောင်ကြီးဟာ ကျုပ်ရဲ့ကိုယ်ရေးကိုယ်တာကိစ္စတရပ်ဖြစ်လာပြီ။ သူ့ကို ကျုပ်ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် အသေသတ်ရတော့မယ်။ အဲဒီတော့ ဘယ်သူပါပါ မပါပါ ကျုပ်ကတော့ မနက်ဖြန်ဒီကို ထပ်လာအုံးမယ်။ ဒီကောင်ကြီးကို မတွေ့မချင်း၊ ဒီကောင်ကြီး မသေမချင်း ကျုပ်လက်မလျှော့ဘူး။ အဲဒီတော့ ခင်ဗျား လိုက်ချင်သပဆိုယင်လဲ လိုက်ခဲ့၊ မလိုက်ချင်ယင်လဲနေခဲ့၊ ရတယ်။ ကျုပ်ကတော့ ဒီကောင်ကြီးကို အသေသတ်ရမှ ဖြစ်မယ်.... မသတ်ရယင် ကျေကို မကျေဘူး"

"ကျုပ်လဲ လိုက်မှာပေါ့ဗျာ"

ကေသရာဇာ

www.burmeseclassic.com

ဘရော့ဒီက ကွင့်၏မျက်နှာကိုကြည့်ယင်းပြောလိုက်သည်။ ကွင့်၏မျက်လုံးအစုံတို့သည် ငါးမန်းကြီး၏ မျက်လုံးများနည်းတူ အဆုံးမရှိသယောင် နက်မှောင်မှောင်ဖြစ်နေသည်ဟု ဘရော့ဒီ ထင်မှတ်မိသည်။

"ကျုပ်တို့မှာ ရွေးချယ်စရာ တခြားနည်းလမ်း မရှိပါဘူးဗျာ"

ကွင့်သည် သူ့ခါးပတ်ရှိ ဓားအိမ်အတွင်းမှ ဓားမြှောင်တချောင်းကို ထုတ်ယူလိုက်ပြီး ဘရော့ဒီသို့ လှမ်းပေးလိုက်သည်။

"ကဲ.... ဒီလှောင်အိမ်က ကြိုးတွေကို ဖြတ်ချလိုက်ပါတော့ဗျာ။ ကျုပ်တို့လဲ ပြန်ကြရအောင်"

*







# ၁၃

[က]

ဆိပ်ခံတံတားတွင် 'အော်ကာ' မော်တော်ဆိုက်ကပ်မိသည်နှင့် တပြိုင်နက် ဘရော့ဒီသည် သူ့မော်တော်ကား ရပ်ထားခဲ့သည့်နေရာသို့ ခပ်သုတ်သုတ် လျှောက်လာခဲ့သည်။ ဆိပ်ခံတံတား၏ တဘက်ထိပ်တွင် အများသုံး တယ်လီဖုန်းရုံလေး တခုရှိနေသည်။ တယ်လီဖုန်းရုံလေးအနီးမှ ဖြတ်လျှောက် လာမိစဉ်တွင် သူသည် ဒေစီဝစ်ကားထံ တယ်လီဖုန်းဆက်ရန် ရှိသေးကြောင်း သတိရလိုက်သည်။ သူသည် တယ်လီဖုန်းရုံအနီးတွင် ခေတ္တမျှရပ်၍ တစုံတခုကို တွေးတောနေလိုက်သေးသည်။ ထို့နောက် တယ်လီဖုန်းဆက်မနေတော့ပဲ သူ့မော်တော်ကားဆီသို့ ဆက်လက် လျှောက်သွားလိုက်၏။

အကြောင်းကား၊ သူသည်....

"ဒေစီဝစ်ကားဆီ ဆက်သွယ်စုံစမ်းလို့ အဓွန့်တရှားကို ဖော်ထုတ်နိုင်ပါပြီတဲ့။ ဘာလုပ်မလဲ၊ဘာများတတ်နိုင်အုံးမှာလဲ ကိုကစ္စ



www.burmeseclassic.com

www.burmeseclassic.com



ပြတ်နေပြီဗျ။ ဒီကိစ္စကို ခေါင်းထဲက လုံးဝပယ်ဖျောက်နိုင်ယင် ကိုယ့်အတွက် အကောင်းဆုံး ဖြစ်မှာပဲ”

—ဟု တွေးတောကာ ဆင်ခြင်မိသောကြောင့်ပင်တည်း။

ကားမောင်းယင်းမှပင် ဘာရေ့ဒီသည် သူ့ဇနီး အယ်လင်းကို သတိရနေမိသည်။ ပင်လယ်ပြင်မှ မော်တော်ပြန်ထွက်မလာမီကပင် ကွင့်သည် ရေဒီယို အသံသွင့် စကားပြောစက်ဖြင့် အင်္ဂလန်ပါ ပြည်ာရှင် မက်(တ်)ဟူးပါးက ငါးမန်းကိုက်၍ သေဆုံးသွားရပြီ ဖြစ်ကြောင်း ကမ်းခြေစောင့် တပ်ဖွဲ့သို့ သတင်းပေးပို့ခဲ့ပြီးဖြစ်၏။ ဘာရေ့ဒီကလည်း ‘မိမိအသက်အန္တရာယ်ထိခိုက်ခြင်း အလျှင်းမရှိကြောင်း၊မိမိဇနီး အယ်သင်းဘာရေ့ဒီထံတယ်လီဖုန်းဖြင့်အကြောင်းကြားပေးပါမည့်အကြောင်း’ ကမ်းခြေစောင့်တပ်ဖွဲ့မှ တာဝန်ကျ အရာရှိအား မေတ္တာရပ်ခံခဲ့သည်။ ဟူးပါးသေဆုံးသွားပြီဖြစ်ကြောင်း သတင်းဆိုးကို ကြားသိရလျှင် အယ်လင်းသည် မည်သို့မည်ပုံ တုံ့ပြန် ခံစားမှု ဖြစ်ပေါ်လေမည်နည်းဟု ဘာရေ့ဒီသည် ကားမောင်းယင်း မှပင် လမ်းတလျှောက်လုံးတွေးတောလာခဲ့မိသည်။

အယ်လင်းသည် ဟူးပါးသေဆုံးသည့်သတင်းကို ကြားရခါစက တဝကြီးငိုပစ်ခဲ့လေသည်။ သို့သော် ဟူးပါးအတွက် ငိုရခြင်း သက်သက်ကား မဟုတ်ချေ။

သူမနှင့်ဟူးပါးတို့သည် ချစ်ခဲ့မိကြသည်။ သို့သော် မေတ္တာတရား စစ်စစ်ဖြင့်တော့ မဟုတ်။ သူ့ကို သူမက အသုံးချခဲ့ခြင်းမျှသာ ဖြစ်သည်။ သူမတောင့်တခဲ့သော သာယာမှုကို သူက ဖြည့်ဆည်းပေးနိုင်ခဲ့သဖြင့်လည်း သူမက သူ့ကို ကျေးဇူးတင်ခဲ့ခြင်းဖြစ်သည်၊ သို့သော် လင်သားတဦး အပေါ်တွင် ထားရှိသော မေတ္တာမျိုးဖြင့်တော့ မချစ်နိုင်၊ ထာဝရလက်တွဲ မသွားနိုင်။

ဘဝတကွေ့တွင် အမှတ်မထင် ဆုံဆည်းခဲ့ရသော ဘဝတူလူသားတဦး ကွယ်လွန်ဆုံးပါးသွားသည့်အတွက် သာမန် ငိုကြွေးခြင်း





သက်သက်မျှသာ။ ယခုမူ ဟူးပါးသည်လည်း သူ့အစ်ကို ဒေးဗစ်ကဲ့သို့ပင် အယ်လင်း၏အတိတ်ဘဝမှ မှုန်ဝါးဝါး အရိပ်ကလေးတခုသာ ဖြစ်ရပေတော့မည်။

သူမငိုကြွေးရခြင်း၏ အကြောင်းရင်းတချက်မှာ လယ်ရီဗောင်းနှင့် သူ့ဇနီးတို့ စီးပွားရေး ချွတ်ခြုံကျသွားခဲ့ပြီဖြစ်သဖြင့် ဤအမိတီမြို့မှအပြီးအပိုင်ထွက်ခွာသွားတော့မည်ဟူသည့် သတင်းကို ကြားခဲ့ရကြောင့်ပင် ဖြစ်သည်။

ထိုနေ့ညနေခင်းမှာပင် လယ်ရီဗောင်းသည် ဘာရေ့ဒီ မိသားစုတို့အိမ်သို့ ရောက်ရှိလာခဲ့သည်။ အယ်လင်းမှာ ချက်ရေး ပြုတ်ရေး ကိစ္စများဖြင့် အလုပ်ရှုပ်နေချိန် ဖြစ်သဖြင့် ဗောင်းသည် သူမရှိရာ မီးဖိုခန်းအတွင်းသို့ တောက်လျှောက် ဝင်လာခဲ့သည်။

ထို့နောက် အကြီးအကျယ်ကျဆင်းလျက်ရှိသော သူ့စိတ်ဓာတ် ပြန်လည်လန်းဆန်း တက်ကြွ လာစေရေးအတွက် အရက် တခွက် တောင်းသောက်ပြီးနောက် သူ့စီးပွားရေး ပျက်စီးသွားခဲ့ရပုံ၊ဤမြို့မှ အပြီးအပိုင် ပြောင်းရွှေ့ရတော့မည် ဖြစ်သည့်အကြောင်း စသည်များကို ပြောပြသွားခဲ့သည်။ အယ်လင်း၏ နဖူးကိုလည်း နှုတ်ဆက်သောအနမ်းကိုနမ်းယင်းမှ သူမကို သူမျှော်မှန်းမိကြောင်း ချိုတိုတိုတိုစကား ဆိုသွားခဲ့သည်။

အယ်လင်းကမူ တကြိမ်သာ အမှားခံမည်။ နှစ်ကြိမ်ထိတော့ အမှားမခံနိုင်။ လယ်ရီဗောင်းတို့ မိသားစုနှင့် သူမတို့မိသားစု နှစ်ကာလကြာရှည်စွာ ချစ်ခင်ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံလာခဲ့ကြသူများ ဖြစ်ကြခြင်းကြောင့် ယခုလို ဖြုန်းစားကြီး လယ်ရီဗောင်းတို့ဇနီးမောင်နှံမှာ အခြားတနေရာသို့ အပြီးအပိုင် ထွက်ခွာသွားရတော့မည်၊ စီးပွားရေးမှာလည်း လုံးဝချွတ်ခြုံကျသွားခဲ့ရပြီဖြစ်ကြောင်း သိရသည့်အခါတွင် ကိုယ်ချင်းစာနာ စိတ်မကောင်းခြင်းဖြစ်မိသည် မိန်းမသားတဦး၏ လက်နက်ဖြစ်သည့် မျက်ရည်ကို ထုတ်သုံးခြင်းသာဖြစ်သည်။ ထို့ထက်တော့ အနည်းငယ်မျှ မပိုခဲ့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



တရော့ဒီ မော်တော်ကား အိမ်ဝင်းထဲသို့ မောင်းဝင်လာသံ ကြားရသဖြင့် အယ်လင်းသည် အိမ်နောက်ဖေးတံခါးကို အသင့်ဖွင့် ထားလိုက်သည်။ တံခါးရှိရာသို့ လျှောက်လှမ်း ဝင်လာနေသော ဘရော့ဒီကို မြင်တွေ့သွားလိုက်ရသည်တွင် အယ်လင်းက "ဘုရား ရေ... သူ့ကြည့်ရတာ အတော်ကြီး ပင်ပန်းနွမ်းနယ်နေပါလား" ဟု စိတ်ထဲမှ ရေရွတ်လိုက်မိသည်။ သူ့မျက်လုံးများသည် ရဲတွတ် လျက် ရှိကြသည်။ လှုပ်ပုံပန်းမှာလည်း မလှုပ်တလှုပ်နှင့် ရှိနေ၏။ ဘရော့ဒီကလည်း အယ်လင်း၏မျက်နှာကို တချက်ကြည့်ရုံဖြင့် သူမ သည် တစ်ကြီး ငိုထားခဲ့ပြီးဖြစ်ကြောင်း ရိပ်မိလိုက်သည်။

အယ်လင်းသည် ဘရော့ဒီအား တံခါးအပေါက်ဝတွင် ဆီးကြို နမ်းလိုက်သည်။

"ရှင့်ကြည့်ရတာ သိပ်မရွှင်ဘူး၊ တခုခု သောက်လိုက်ယင် ကောင်းမယ်ထင်တယ်"

"အေး...ဟုတ်တယ်၊ ငါသောက်ဖို့သင့်တာ ကြာပြီ"

သူသည် ဧည့်ခန်းတွင်းသို့ တောက်လျှောက်ဝင်သွားပြီး ကုလား ထိုင်တလုံးပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

"ဘာသောက်မလဲ ဟင်"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ ခပ်ပြင်းပြင်းတခုဆိုယင် ကောင်းမယ်"

သူမသည် မီးဖိုဆောင်ထဲသို့ဝင်သွားပြီး ဖန်ခွက်တလုံးအတွင်းသို့ **မော့(ဒ်)ကာ အရက်အား လိမ္မော်ရည်နှင့်**အတူ ရောစပ် ထည့် ကာ ဘရော့ဒီထံသို့ ယူလာခဲ့၏။ အယ်လင်းသည် ဘရော့ဒီ၏ ကုလားထိုင်လက်ရန်းပေါ်သို့ တင်ပလ္လင်ဝင်ထိုင်လိုက်ကာ ဖြူးဖြူးလိုက် ၏။ ပြီး သူမ၏ လက်ချောင်းကလေးများကို ဘရော့ဒီ ဆံပင်များ အကြားသို့ လျှိုသွင်းကာ သာသာဖွဖွ ဆော့ကစားပေးသည်။

"ဒီနေရာမှာ ဆံပင်ကျွတ်ပြီး အကွက်ကလေးတခု ဖြစ်နေတယ် နော်။ ဒါလေးကို ကျွန်မ သတိမထားမိတာတောင် ကြာလှပြီ"





"အေးကွာ၊ ဒီနေ့အဖို့ ငါ့ခေါင်းပေါ်မှာ ဆံပင်တွေ ရှိနေသေး တာပဲ ကံကောင်းလှပြီ။ ဒီနေ့လောက် စိတ်ဆင်းရဲ ပင်ပန်းရတာမျိုး ငါဖြင့် တခါမှ မကြုံဖူးသေးဘူး"

ဘရော့ဒီက ညည်းညည်းညူညူ ပြောလိုက်သည်။

"အခုတော့ ပြဿနာတွေ အားလုံးရှင်းကုန်ပြီမဟုတ်သား"

"အေး၊ ငါကသိ အဲသလိုပဲ ဖြစ်စေချင်ပါတယ်။ တကယ်ပါ။ အဲသလိုပဲ ဖြစ်စေချင်တယ်"

"ရှင် ဘာကိုဆိုလိုတာလဲ။ အခု ရှင် အလုပ်တွေပြီးကုန်ပြီမဟုတ် လား။ ရှေ့ ဘာဆက်လုပ်ဖို့ ကျန်သေးလို့လဲ"

"မနက်ဖြန်မနက် ခြောက်နာရီမှာ ပင်လယ်ပြင်ကို တခါထွက် ကြရအုံးမယ်"

"ကျွန်မကို နောက်ပြောင်နေတာများလားရှင်"

"မဟုတ်ရပါဘူးကွာ။ တကယ်ပါ"

"ဒါဖြင့် ဘာလို့ သွားရမှာလဲ၊ ရှင့်အနေနဲ့ ဘာများလုပ်နိုင်မယ် ထင်သေးလို့လဲ"

"ဒီကောင်ကြီးကို အမိဖမ်းရမယ်လေ၊ ပြီးတော့ အသေ သတ်ရ မယ်ပေါ့"

"ရှင် တကယ်ပဲ သတ်နိုင်လိမ့်မယ်လို့ ယုံကြည်နေသလား"

"ဒါတော့ မသေချာဘူးလေ၊ ကွင့်ကတော့ သတ်နိုင်လိမ့်မယ် လို့ သူ အသေအချာ ယုံကြည်နေတာပဲ။ ဘာကြောင့် ယုံကြည်နေ တယ်တော့ ကိုယ်လဲ မပြောတတ်ဘူး"

"ဒါဖြင်လဲ သူ့ဘာသာသူ သွားပါစေလား။ သူ့ဘာသာသူ ဝေစေ၊ သတ်ပစေလေ စေပေါ့"

"အို...ဒီလိုတော့လဲ ဘယ်ဖြစ်အုံးမလဲ"

"ဘာ့ကြောင့်"

"ကိုယ်မှာက တာဝန်ရှိသေးတာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"အို....ဒါ ရှင့်တာဝန်မဟုတ်ပါဘူး"

သူမသည်စိတ်တိုလာပြီဖြစ်သည်။ မကျေမနပ်ဖြစ်လာပြီ။ ကြောက်ရွံ့ တုန်လှုပ်လာခဲ့ပြီ။ သူမ၏စကားတွင် ဒေါသသံလေးများပင်စွက်လာခဲ့ပြီ။ မျက်လုံးအိမ်အတွင်း၌လည်း မျက်ရည်များ ရစ်ဝဲလာခဲ့ရလေပြီ။

ဘရော့ဒီက ခေတ္တမျှ တွေးတောနေလိုက်သည်။ ပြီးမှ

"အေး....မင်းပြောတာလဲ မှန်ပါတယ်"

"ဒါနဲ့များ ဘာလို့ ထပ်သွားချင်ရသေးတာလဲ"

"မင်း နားလည်အောင် ဘယ်လို ရှင်းပြရမယ် ဆိုတာကိုတော့ မသိနိုင်အောင် ဖြစ်နေပြီ"

"ရှင်....ရှင်....တခုခု ကြိုးစားနေတယ် မဟုတ်လား။ ရှင့်ကို လူအများက လက်ခံလာအောင် တခုခုလုပ်ပြဖို့၊ သက်သေပြဖို့ ကြိုးစားနေတယ် မဟုတ်လား"

"အေး....မင်းပြောတာလဲ ဖြစ်ချင် ဖြစ်နိုင်တာပဲ။ အသေအချာတော့ ငါလဲ မပြောတတ်ဘူး။ ဟူးပါး သေတုန်းကတော့ ငါလဲ ဒီကိစ္စကြီးကို လက်လျှော့ပစ်ဖို့ စိတ်ကူးခဲ့မိတယ်"

"ဒါဖြင့်....ရှင် ဘာကြောင့် စိတ်ပြောင်းသွားရတာလဲ"

"ကွင့် ကြောင့်ပဲ ထင်ပါရဲ့။ ကွင့်က ဒီငါးကြီးကို အသေမသတ်နိုင်ဘူးဆိုယင် အယင်က သူ နားလည် ယုံကြည်ထားတဲ့ အရာတွေ အားလုံးဟာ မှားယွင်းနေတဲ့သဘော ရောက်သွားမှာ စိုးရိမ်ပုံရနေတယ်။ ဆိုလိုတာက သူဟာ ဝါရင့် တံငါသည်ကြီး တယောက်ပဲ။ ဒီအဏ္ဏဝါထဲမှာရှိနေတဲ့ ရေသတ္တဝါတွေရဲ့အကြောင်းကို သူလောက် သိနားလည်ထားတဲ့လူ မရှိဘူးလို့ လဲ ယူဆထားပုံရတယ်။ အဲဒီငါးမန်းကြီးကျမှ သူ အသေမသတ်နိုင်ပဲ လက်လျှော့လိုက်ရမယ်





ဆိုယင် သူဟာ အလကားလူတယောက်ဖြစ်သွားမှာကို စိုးရိမ်မိပုံပဲ။ သူများက သူ့ကို အထင်သေးသွားမှာထက် သူ့ကိုယ်သူ အဲဒီလို နားလည် လက်ခံရမှာကို စိုးရိမ်နေသလိုပဲ"

အယ်လင်း၏ မျက်လုံးအိမ်အတွင်းမှ မျက်ရည်များသည် သူမ၏ ပါးပြင်နှစ်ဘက်ပေါ်သို့ သွင်သွင်စီးကျလာခဲ့ပေပြီ။

"ကျွန်မနဲ့ ကလေးတွေကိုလဲ ထည့်စဉ်းစားပါအုံးရှင်။ ရှင်မရှိယင် ကျွန်မတို့ ဘယ်လိုနေရပါ့မလဲ။ ဒီကိစ္စဟာ ရှင်တယောက်ထဲမှာပဲ တာဝန်ရှိနေတယ်လို့ ရှင် ယူဆ နေသလား။ ရှင့်မှာ အပြစ်ရှိတယ်လို့ ထင်နေသလား"

"တာဝန်ရှိတယ်လို့ ထင်နေတယ် ဟုတ်လား။ ဘာကို တာဝန်ရှိနေလို့လဲ"

"ဟို ကလေးနဲ့ အဖိုးကြီးသေရတဲ့ ကိစ္စလေ။ အဲဒီအသက်ဆုံးရှုံးမှုနှစ်ခုဟာ ရှင့်ကြောင့်လို့များ ယူဆနေသလား....ဟင်၊ အခု အဲဒီငါးမန်းကြီးကို သုတ်သင်ပစ်နိုင်တာနဲ့ ပျက်စီးဆုံးရှုံးမှုအားလုံးဟာ ပြန်ကောင်းလာမယ်၊ ဆုံးရှုံးပြီးတဲ့ အသက်နှစ်ချောင်း ပြန်ရှင်လာလိမ့်မယ်လို့များ....ရှင်ထင်နေသလား....ဟင်။ တကယ်တော့ ရှင်ဟာ ကလဲ့စားချေမှုကို လိုချင်နေတာပဲ"

ဘရော့ဒီက သက်ပြင်းတချက် ချလိုက်သည်။

"အေး.... မင်း ပြောတာလဲ ဖြစ်ချင် ဖြစ်နိုင်တယ်။ ဒါပေမယ့် မတတ်နိုင်ဘူးလေ။ ဒီကောင်ကြီးရဲ့ အန္တရာယ် ကင်းရှင်းသွားတဲ့အခါကျမှပဲ အရာရာဟာ နဂါလန်ပြန်ထ လာနိုင်မယ်၊ အခြေအနေ အရပ်ရပ်ဟာ ပြန်လည် ကောင်းမွန်လာလိမ့်မယ်လို့ ငါယုံကြည်နေမိတော့လဲ အခက်သားပဲ"

"ဩ....ဒီတော့ ရှင်က ဒီကောင်ကြီးကို သတ်ယင်းနဲ့ ရှင်ပါ သေသွားတော့...."



www.burmeseclassic.com

www.burmeseclassic.com



"မမိုက်မဲစမ်းပါနဲ့ကွာ။ ငါလဲ ဘယ်သေချင်ပါ့မလဲ။ မင်းက ငါဟာ မျောက်လို့များ ငါးမန်း အဖမ်း ထွက်နေတယ် မှတ်သလား။ မတတ်သာလို့သာ လုပ်နေရတာပါကွာ"

"ဒါဖြစ်ယင်လဲ မသွားပဲ နေလိုက်ပါတော့ ရှင်ရယ်"

"မင်းကို ငါချစ်ပါတယ်ကွာ"

ဘရော့ဒီက အယ်လင်းအား စိုက်ကြည့်ပြီး အားမလို အားမရ ပြောလိုက်သည်။

"ဟုတ်ပါတယ်…ဟုတ်ပါတယ်၊ ရှင်က ကျွန်မကို ချစ်ပါတယ်။ ချစ်သမှ သိပ်ချစ်ပေါ့၊ သိပ်ချစ်လို့လဲ အခုလို ကျွန်မ ကြိုက်တာတွေ လုပ်နေတာပဲ"

အယ်လင်းက စိတ်ဆိုး မာန်ဆိုးဖြင့် ခါးခါးသီးသီး ပြောလိုက်သည်။

ညစာကို သူတို့နှစ်ဦးသည် တိတ်ဆိတ်စွာ စားသောက်ကြသည်။ တဦးနှင့် တဦး ဟက်ဟက်ပက်ပက် စကားပြောခြင်း မရှိခဲ့။ ညစာ စားသောက်ပြီး၍ ပန်းကန်ခွက်ယောက်များကို ဆေးကြောပြီးသည်နှင့် တပြိုင်နက် အယ်လင်းသည် အပေါ်ထပ်သို့ တက်သွားခဲ့သည်။ ဘရော့ဒီကလည်း အိမ်ရှေ့ဧည့်ခန်းတွင်းသို့ တကိုယ်တည်း ထွက်လာခဲ့သည်။ ခလုတ်များကိုနှိပ်၍ ဧည့်ခန်းတွင်း၌ ထွန်းထားသော လျှပ်စစ် မီးလုံးမီးပွင့်များကို ပိတ်ပစ်လိုက်သည်။ ခန်းမကြီးအတွင်းရှိ မီးပွင့်ကို ပိတ်ပစ်ရန် လက်လှမ်းလိုက်စဉ်မှာပင် ဘရော့ဒီသည် အိမ်ရှေ့တံခါးခေါက်သံကို ကြားရ၏။

တံခါးဖွင့်ပေးလိုက်လျှင် သူ မြင်တွေ့လိုက်ရသူက…

ဟယ်ရီမီးဒိုး(စ်)။ လီဒါသတင်းစာ၏ အယ်ဒီတာ သူ့ချစ်မိတ်ဆွေကြီး မီးဒိုး(စ်)။

"ဟေ…ဟယ်ရီပါလား၊ လာ…အထဲဝင်လေ"

"တင့်အင်း…မဝင်တော့ပါဘူးဗျာ၊ ညဉ့်နက်လှပါပြီ။ ဟောဒီ လေး ပေးချင်တာနဲ့ လှည့်ဝင်ခဲ့တာပဲ"





မီးဒိုး(စ်)က သူ့လက်တွင်း၌ အသင့်ကိုင်လာခဲ့သော မနိုလာ စာအိတ်တလုံးကို ဘရော့ဒီသို့ လက်ကမ်းပေးလိုက်သည်။

"ဘာတွေလဲဗျ"

"ဖွင့်ကြည့်ပေါ့ဗျာ။ ကဲ…သွားမယ်။ မနက်မှ တွေ့ကြသေးတာပေါ့"

မီးဒိုး(စ်)က ချာကနဲလှည့်ပြီး လမ်းဘေးရှိ စက်လှည်းမသတ်၊ မီးလည်း ဖွင့်ထားဆဲဖြစ်သည့် သူ့မော်တော်ကားဆီသို့ လျှောက်သွားလိုက်သည်။

ဘရော့ဒီသည် အိမ်ရှေ့တံခါးမကြီးကို ပြန်ပိတ်လိုက်ပြီး စာအိတ်ကို ဖွင့်ဖတ်လိုက်သည်။ အတွင်း၌ ပါရှိသော ပစ္စည်းသည်ကား နောက်တနေ့ နံနက်ပိုင်းတွင် ထုတ်ဝေမည်ဖြစ်သော လီဒါသတင်းစာ၏ အယ်ဒီတာ့အာဘော်၊ ခေါင်းကြီးပိုင်း ဖြစ်လေသည်။ လက်ရေးမူ စာကြမ်းဘဝမှသည် ပုံနှိပ်စာလုံးအဖြစ်သို့ အသွင်ပြောင်းလဲပြီးခါစ ပုံနှိပ်စက်အတွင်းမှ အဦးဆုံး ထွက်လာသည့် 'ဖရူ(ဖ်)' စာရွက် ဖြစ်သည်။

အယ်ဒီတာ့အာဘော်ကဏ္ဍ၏ အပေါ်ဆုံး အပိုင်း နှစ်ပိုင်းကို မင် အနီဖြင့် ဝိုင်းပြထားသည်ဖြစ်ရာ ဘရော့ဒီက စိတ်ဝင်စားစွာ ဖတ်ကြည့်လိုက်သည်။

"ဝမ်းနည်း သဝဏ်"

လွန်ခဲ့သည့် ရက်သတ္တ သုံးပတ်ခန့်အတွင်းမှာပင် ကျွန်ုပ်တို့၏ အမိတီမြို့လေးသည် ကြောက်မက်ဖွယ် အနိဋ္ဌာရုံ ဖြစ်ရပ်ဆိုးကြီးများနှင့် တခုပြီးတခု ဆက်တိုက် ရင်ဆိုင်လာခဲ့ရပေသည်။ အမိတီမြို့၏ မြို့မိ မြို့ဖများ၊ ဤမြို့၏ မိတ်ဆွေ သင်္ဂဟများသည် ယင်း ဖြစ်ရပ်ဆိုးကြီးများကို ကျော်ဖြ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ရန်အတွက် ညီညာဖြဖြ အစွမ်းကုန် ကြိုးစားခဲ့ကြပါသော်လည်း ယနေ့ထက်တိုင် အောင်မြင်စွာ တွန်းလှန် ဖယ်ရှားနိုင်ခြင်း အလျှင်း မရှိသေးပါချေ။

ယမန်နေ့ကလည်း ငါးမန်းကြီး၏ အန္တရာယ်ကို တွန်းလှန်ခုခံကြယင်းမှ လူသားတဦးသည် သူ့ အဖိုးတန်လှသော အသက်တချောင်းကို ထပ်မံစွန့်လွှတ်ခဲ့ရပြန်လေပြီ။ သူသည် ဝု(ဒ်)ဟိုး(လ်) အဏ္ဏဝါဗေဒသိပ္ပံမှ မစ္ဆဗေဒ ပညာရှင်တဦးဖြစ်ပြီး မဟာငါးမန်းဖြူကြီးအား တကိုယ်တော် စွန့်စားတိုက်ခိုက်ခဲ့ရာမှ အသက်ဆုံးရှုံးသွားရခြင်း ဖြစ်ပေသည်။

မစ္စတာဟူးပါး၏ တစောက်ကန်း အပြုအမူနှင့် ပတ်သက်၍ အချို့က ဝေဖန်ပြစ်တင်ခြင်း ပြုကောင်း ပြုကြမည် ဖြစ်သော်လည်း နောက်မတွန့်တတ်သော သူ၏ ရဲစွမ်းသတ္တိ၊ အမိတီ ရေချိုးဆိပ်မြို့လေးကို သာယာအေးချမ်းစေလိုသော သူ၏ စိတ်ကောင်း စေတနာ စသည်များကိုကား ဖုံးဖိ၊ ကွယ်ဝှက်၊ ထိန်ချန်၍ မရစကောင်းပါပေ။ အငြင်းပွား စရာအကြောင်းလည်း မရှိပါချေ။

သူသည် သူ့ကိုယ်ပိုင် ငွေများ၊ ကိုယ်ပိုင် အချိန်များကို အသုံးချပြီး အမိတီမြို့၏ အေးချမ်းသာယာရေး၊ သူ့ မိတ်ဆွေ အမိတီ မြို့သူမြို့သားများ၏ အသက်အန္တရာယ်ကာကွယ်ရေးများကို သူ့ အသက်နှင့် လဲ၍ ဆောင်ရွက်သွားခဲ့သည် ဖြစ်ရာ ကျွန်ုပ်တို့ကလည်း သူ့အား အမိတီမြို့၏ မိတ်ဆွေကောင်း တယောက်အဖြစ် မှတ်တမ်းတင်ခြင်း ပြုလိုက်ရပေသည်။

*





## "ကျေးဇူးတင်လွှာ"

အမိတီ ရေချိုးဆိပ် မြို့ကလေးသို့ **'သေမင်းမြို့ ငါးမန်းကြီး'** စတင်ရောက်ရှိလာစဉ် ကတည်းက မြို့သူမြို့သားတို့၏ အသက် စည်းစိမ်ကို ကာကွယ် စောင့်ရှောက်ရေး အတွက် လှုတယောက်သည် အချိန်မလပ် ကြိုးပမ်းအားထုတ် လျက်ရှိနေခဲ့ပေသည်။

ထိုပုဂ္ဂိုလ်သည်ကား အမိတီမြို့၏ ခန်းမှူးကြီး **ဘေဆင် ဘရော့ဒီ** ပင် ဖြစ်၏။

ငါးမန်းကြီး၏ ပထမဆုံးအကြိမ် တိုက်ခိုက်မှု ပေါ်ပေါက် လာခဲ့ပြီးကတည်းက ဘရော့ဒီသည် ဤ ရေချိုးဆိပ်တွင် အန္တရာယ်ရှိနေပြီဖြစ်ကြောင်းကို ပြည်သူသို့ အသိပေးခဲ့ သည်။ လူသားများ၏ အသက်အန္တရာယ်ကို ကာကွယ်ပေး နိုင်ရန်အတွက် ကမ်းခြေကိုလည်း ယာယီ ပိတ်ထားခဲ့ သည်။

သို့သော် သူ့အား ဤသတင်းစာတိုက်မှ အယ်ဒီတာ အပါဝင် လူတစုတို့က သူ့ အယူအဆမှာ မှားယွင်းနေ ကြောင်း၊ ဤအမိတီ ကမ်းခြေ၏ အနီးပတ်ဝန်းကျင် ရေပြင် တွင် ငါးမန်းကြီးသည် ကြာရှည်စွာ ရှိနေလိမ့်မည် မဟုတ် ကြောင်း ကန့်ကွက် ပြောဆိုမိခဲ့ကြပါသည်။ သူသည် အများ နှင့် တယောက် ဖြစ်နေ၍ မည်သို့မျှ မတတ်နိုင်ပဲ အလျှော့ ပေးခဲ့ရပါသည်။ ထို့နောက် ရက်သတ္တနှစ်ပတ်အတွင်း ငါး မန်းကြီး၏ တိုက်ခိုက်မှုမှာ ဆက်တိုက်ဆိုသလို ဖြစ်ပေါ်လာ သောအခါတွင်သည်း ဘရော့ဒီက ကမ်းခြေကို ပိတ်ပစ်ရေး၊ ငါးမန်း၏ အန္တရာယ်ကို ပြည်သူသို့ ထုတ်ဖော် အသိပေးရေး စသည်တို့ကို သူက အတင်းအကျပ် တောင်းဆိုလာခဲ့ပြန်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။ သို့သော် ဤအကြိမ်တွင်လည်း သူသည် လူတစု၏ ကန့်ကွက်တားမြစ်ခြင်းကိုသာမက ရှုတ်ချခြင်း၊ ခြိမ်းခြောက်ခြင်းများကိုပါ ခံခဲ့ရပြန်သည်။

ယခုမူ

ဘရောဒီသည် သူ့အသက်ကိုစွန့်၍ ငါးမန်းကြီးကို အပြီးတိုင် သုတ်သင် သတ်ဖြတ်နိုင်ရန် ပင်လယ်ပြင်သို့ ထွက်ခွာသွားခဲ့ပါလေပြီ။ ယခု သူ ရှေးရှုသွားနေသည့် ပင်လယ်ပြင်ခရီးသည်ကား မစ္ဆဗေဒ ပညာရှင်လေး ဟူးပါးအား "မြန်လမ်းနဗ္ဗာ" ဖြစ်စေခဲ့သော ခရီးကြီးပင်။ ယခု ကျွန်ုပ်တို့အနေဖြင့် ပြုလုပ်ရမည့် အလုပ်သည်ကား

**မစ္စတာ ဘရော့ဒီ တစ်ယောက် ဘေးမသီ ရန်မခဝဲ ကျွန်ုပ်ထံ ပြန်လည် ရောက်ရှိစေရေးအတွက် ဗိုင်းဝန်း မေတ္တာပို့သ ကြရန်နှင့်**

**သူ၏ သူမတူအောင် ထူးခြားသော၊ တည်ကြည် ခိုင်ခံ့သော သမာဓိစိတ်နှင့် တော်တည့် မှန်ကန် ဖြောင့်မတ်သော စိတ်ဓာတ်များအတွက် ကောင်းချီး ဩဘာ ပေးကြရန် ဖြစ်ပါကြောင်း။**

"ကျေးဇူးပါပဲ တယ်ရီ"

ဘရော့ဒီက စာကို ဆုံးအောင် ဖတ်ပြီး တကိုယ်တည်း ပြောလိုက်သည်။

*

သန်းခေါင်ယံ အချိန်သို့ ရောက်သည်တွင် အရှေ့မြောက်အရပ်မှ လေပြင်း တိုက်ခတ်လာသည်။ လေပြင်းသည် မိုးသံကိုပါ အပါခေါ်လာခဲ့ပြီး လှိုင်းများ၊ လိုက်ကာများကို ဖြတ်ကျော်ကာ ဘရော့ဒီ





အိပ်ခန်းတွင်းသို့ တရကြမ်း ဝင်ရောက်လာခဲ့၏။ လေပြင်း တိုက်ခတ်သံနှင့် အိပ်ခန်း၏ ကြမ်းပြင်ပေါ်သို့ မိုးပက်သံများကြောင့် ဘရော့ဒီသည် အိပ်ရာမှ လန့်နိုးလာခဲ့သည်။ ဘရော့ဒီက အိပ်ရာမှ ထပြီး ပြတင်းပေါက်မှ တံခါးရွက်များကို လိုက်ပိတ်သည်။ ထို့နောက် အိပ်ရာပေါ် ပြန်တက်ပြီး အိပ်ပျော်အောင် ကြိုးစား၍ အိပ်သည်။ သို့သော် မရ။ မနက်ဖြန်မနက်တွင် ပင်လယ်ပြင်သို့ ခရီးထွက်ရမည်ဖြစ်သဖြင့် စိတ်က စောနေသည်။ စိတ်က စောလွန်းသဖြင့် အိပ်စက်နားနေရန်ကိုပင် ငြင်းဆန်နေသယောင် ရှိသည်။ သို့နှင့် သူသည် ညဝတ်အင်္ကျီပွကြီး ကောက်စွပ်ပြီး အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ဧည့်ခန်းသို့ သွားပြီး ရုပ်မြင်သံကြားစက်ကို ဖွင့်သည်။ အစီအစဉ်တခုမှ ရုပ်ရှင်ဇာတ်ကားတခု လွှင့်ထုတ် ပြသလျက် ရှိသဖြင့် ဘရော့ဒီက ထိုင်ကြည့်နေလိုက်သည်။

ရုပ်ရှင်ကြည့်ယင်းမှ မည်သို့ မည်ပုံ အိပ်ပျော်သွားခဲ့သည်မသိ။ သူ နိုးလာသည့်အချိန်တွင် နံနက် ငါးနာရီ ရှိပေပြီ။ ရုပ်မြင်သံကြားစက်ကို ပိတ်ပြစ်လိုက်ပြီး ထိုင်ရာမှ ထလိုက်သည်။ ရာသီဥတုကို အကဲခတ်ကြည့်ရာ လေတိုက်ရာလမ်းကြောင်းမှာ ပြောင်းလဲသွားခဲ့ပြီဖြစ်ကြောင်း သိရသည်။ သို့သော် မိုးကမူ ရွာနေဆဲ။ ကွင့်ထံ ဖုန်းဆက်ပြီး လက်ရှိ အခြေအနေကို တိုင်ပင် ဆွေးနွေးရ ကောင်းမည်လားဟု ပထမတွေးမိသေးသည်။ သို့သော် သူတို့သည် လေပြင်းတိုက်နေရုံမျှ မက လေမုန်တိုင်းကြီးပင် ကျနေနေ ထိုနေ့အဖို့ ပင်လယ်ပြင် ခရီးစဉ်က လုံးဝ ဖျက်ပစ်မည် မဟုတ်ပဲ သွားဖြစ်အောင် သွားကြမည်သာဖြစ်၍ ဖုန်းဆက်နေရန် မလိုအပ်ဟု ဆုံးဖြတ်လိုက်သည်။

သို့နှင့်သူသည် အပေါ်ထပ်သို့ တက်လာပြီး တိတ်ဆိတ်စွာ အဝတ်လဲသည်။ အိပ်ခန်းထဲမှမထွက်မီ သူသည်ခုတင်ပေါ်တွင်အိပ်ပျော်လျက်ရှိသောအယ်လင်းကိုကြည့်လိုက်သည်။ သူသည်အယ်လင်းကိုနောက်ဆုံးမြင်ခဲ့ရခြင်း ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ အယ်လင်း၏ အိပ်ပျော်နေ



www.burmeseclassic.com

www.burmeseclassic.com



သော မျက်နှာပေါ်တွင် မျက်မှောင်ကြုတ်နေ သယောင် အရေးအကြောင်းလေးများကို ဘာရော့ဒီ တွေ့ရသည်။

**"မင်းကိုလေ....ကိုယ် တကယ်ပဲ ချစ်ပါတယ်ကွာ...."**

ဘာရော့ဒီက လေသံလေးဖြင့် ပြောယင်း အယ်လင်း၏ နဖူးပြင်ကို သာသာ ဖွဖွ ရှရှလေး နမ်း လိုက်သည်။

ထို့နောက် အောက်ထပ်သို့ ဆင်းလာခဲ့ပြီး သူ့သားလေးများ၏ အိပ်ခန်းတွင်းသို့ ဝင်ကြည့်သည်။ ကလေးများသည် အဖူးအပင် အကြောင့်ကြ ကင်းရှင်းစွာဖြင့် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်လျက် ရှိနေကြပေသည်။

*







# ၁၄

## [က]

ဆိပ်ခံတံတားသို့ ဘာရော့ဒီရောက်ရှိလာချိန်တွင် 'ကွင့်' က သူ့ကို အသင့် စောင့်ဆိုင်းလျက်ရှိကြောင်း တွေ့ရသည်။ ချွေးစေးများဖြင့် အဆီပြန်လျက်ရှိသော အရပ်ရှည်ရှည် သူ့ရုပ်သွင် သဏ္ဌာန်ကြီးမှာ အရက်ဦး၏ အလင်းရောင်အောက်ဝယ် မပီဝိုးတဝါး ရှိနေသည်။ သူသည် လက်တွင်းရှိ 'မှိန်း' သွားကို မားသွေးကျောက်တုံးတခုဖြင့် သွေးလျက် ရှိနေခဲ့၏။

"ခင်ဗျားဆီတောင် ကျွန်တော် ဝင်ခဲ့အုံးမလို့ပဲ"

ဘာရော့ဒီက မိုးကာအင်္ကျီကို ဆွဲဝတ်ယင်း ပြောလိုက်သည်။

"ဒါထက်...ရာသီဥတုအခြေအနေက ဘယ်လိုရှိသလဲ"

"ခဏနေယင် ကြည်ကြည်လင်လင် ဖြစ်သွားမှာပါ။ မဖြစ်ရဲ့အကြောင်း မဟုတ်ပါဘူး။ သတ္တဝါကြီးကတော့ ရှိနေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဘရော့ဒီက တအိအိရွှေ့လျားလျက်ရှိသော မိုးတိမ် မိုးသားများကို မော့ကြည့်လိုက်သည်။

"အတော့်ကို အုံ့အုံ့ဆိုင်းဆိုင်း မှုန်မှုန်မှိုင်းမှိုင်း ဖြစ်နေတာပဲနော်.... ဒါထက် ကျုပ်တို့ နှစ်ယောက်ထဲပဲလား"

"နှစ်ယောက်ထဲပေါ့.... ခင်ဗျားက ဘယ်သူ့ကိုများ မျှော်လင့်နေသေးသလဲ"

ကွင့်က ပြောပြောဆိုဆိုဖြင့် တံငါ မော်တော်ပေါ်သို့ ခုန်တက်လိုက်သည်။

"မျှော်လင့်တယ်လို့ မဟုတ်ပါဘူး၊ ခင်ဗျားအတွက် လက်တို လက်တောင်းကူညီဖို့လူတယောက်ယောက်များ လိုအုံးမလားလို့ပါ"

"မလိုပါဘူး၊ ခင်ဗျားသိတဲ့အတိုင်း ဒီကောင်ကြီးအဖို့ လူနည်းတာများတာက အကြောင်းမဟုတ်ဘူး။ လူများတိုင်း သူ့ကို အနိုင်ရမယ်လို့ မဆိုနိုင်ဘူး၊ နည်းပရိယာယ်သာ အဓိကပါ။ ပြီးတော့ ဒီကောင်ကြီးနဲ့ ပတ်သက်ပြီး တခြား မဆိုင်တဲ့လူတွေကိုလဲ ဒုက္ခမပေးချင်တော့ဘူး"

ဘရော့ဒီသည် ကုန်းပတ်၏ ထောင့်တနေရာတွင် တာပေါ်လင် ပတ္တူစတခုဖြင့် ဖုံးအုပ်ထားသော ပစ္စည်းတခုကို တွေ့သဖြင့်

"ဟိုတာကြီးက ဘာလဲဗျ"

လက်ညှိုးညွှန်ပြယင်း မေးလိုက်သည်။

"သိုးသေတကောင်ပါ"

ကွင့်က မော်တော်၏စက်ကို နှိုးယင်းမှ ဖြေလိုက်သည်။ မော်တော်စက်သည် တချက်တည်း နှိုးလိုက်ရုံဖြင့် နိုးသွားပြီး အင်ဂျင်သံက ကျယ်လောင်စွာ မြည်ဟည်းလာခဲ့သည်။

"ဘာအတွက်လဲဗျ၊ ခင်ဗျားက ဒီကောင်ကြီးနဲ့ယစ်ပူဇော် ပသအုံးမလို့လား၊ ဒါမှမဟုတ် ခေါ်စာပစ်မလို့လား"

ကွင့်က မပွင့်တပွင့် 'ဟာက်'ကနဲ တချက်ရယ်လိုက်ပြီး....

"မဟုတ်ပါဘူး၊ ဒီ သိုးသေကောင်ကို 'ငါးစာ' အဖြစ် အသုံးချမလို့ပါ။ ပထမ ဒီကောင်ကြီးကို မနက်စာ ကျွေး၊ မျှားခေါ်





လာပြီး မှ အသေသတ်ရမယ်။ ကဲ.... မော်တော် လက်ရန်းက ကြိုးကို ဖြေလိုက်ပါတော့ဗျာ"

မော်တော်၏ ပဲ့ပိုင်း လက်ရန်းသို့ ဘရော့ဒီ ရောက်ရှိသွားချိန်၌ ဆိပ်ခံတံတားပေါ်တွင် မော်တော်ကားတစီး အပြင်းမောင်းနှင်လာသံကိုကြားလိုက်ရသည်။ ကားရှေ့မီးလုံးတစုံ၏အလင်းရောင်ကိုလည်း မြင်ရသည်။ ထို့နောက်.... ကား ဘရိတ် အုပ်လိုက်သဖြင့် ကားဘီးနှင့် လမ်း ပွတ်မိ ကြိတ်မိသံ ထွက်ပေါ်လာခဲ့၏။ ထိုနောက် ကားတွင်းမှ လူတယောက်သည် 'အော်တာ' မော်တော်ရှိရာသို့ ဦးတည်၍ ပြေးလာသည်။ သူသည်ကား 'တိုင်း (မ်းစ်)' သတင်းထောက် 'ဘီ(လ်)ဝှစ်(တ်)မင်'။

"ကံကောင်းလို့ဗျို့.....၊ ကျုပ်ဖြင့် မှီမှ မီပါ့မလားလို့"

"ဘာလိုချင်လို့လဲ" ဘရော့ဒီက မေးလိုက်သည်။

"ကျွန်တော် လိုက်ချင်လို့ပါ။ ခင်ဗျားတို့ နောက်ကို လိုက်ပြီး သတင်းယူဖို့ ကျွန်တော် အမိန့်ရခဲ့တယ်"

"မောင်ရင် ဘယ်သူလဲဆိုတာတော့ ကျုပ် မသိဘူး။ ဒါပေမယ့် ဘယ်သူပဲဖြစ်ဖြစ် မလိုက်ရဘူးဟေ့၊ ကဲ...ဘရော့ဒီ ကြိုးဖြေလိုက်တော့ဗျာ"

"ဘာလို့ မလိုက်ရမှာလဲ၊ ကျွန်တော်က ခင်ဗျားတို့ကို အနှောင့်အယှက်ပေးမှာမှ မဟုတ်သာ၊ အကူအညီတောင် ပေးချင် ပေးနိုင်အုံးမှာပါ။ ဒီမှာ ခင်ဗျားတို့စဉ်းစားကြည့်ပါ။ အခု ခင်ဗျားတို့ လုပ်နေတာက အဖိုးတန် သတင်းကြီးတပုဒ်ပါ။ အဲဒီသတင်းကို ကျုပ် ကိုယ်တိုင်ကိုယ်ကြပ် လိုက်ယူချင်လို့ပါ"

"လုပ်မနေနဲ့....မလိုက်ရဘူးဆို မလိုက်ရဘူး"

ကွင့်က စကားကို အပြတ်ပြောလိုက်သည်။

"ဒါဖြင့်လဲ ကျုပ်ဘာသာကျုပ် မော်တော်တစင်းငှားပြီး လိုက်ခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကွင့်က သဘောကျစွာ ရယ်မောလိုက်သည်။ "ကြည့်သေးတာပေါ့။ ဒီလိုဆိုးရွားတဲ့ ရာသီဥတုအခြေအနေမျိုးမှာ မိုက်မိုက်ကန်းကန်း အငှားလိုက်ရဲတဲ့ မော်တော်သမားရှိသေးသလားလို့။ ရှိယင်လဲ ဒီလောက်ကျယ်တဲ့ သမုဒ္ဒရာပြင်ကျယ်ကြီးထဲမှာ တို့ကို မတွေ့တွေ့အောင် လိုက်ရှာပေါ့။ ကဲ...ကြာတယ်၊ ဘရော့ဒီ...ကြိုးဖြုတ်လိုက်ပေတော့"

ဘရော့ဒီက ကြိုးကိုဖြုတ်ပြီး မော်တော်ကုန်းပတ်ပေါ်သို့ ပစ်တင်လိုက်သည်။ ကွင့်က စက်ရှိန်ကို မြှင့်တင်လိုက်သည်နှင့်တပြိုင်နက် တံငါမော်တော်လေးသည် ပင်လယ်ရေပြင်ဆီသို့ တဟုန်ထိုး ပြေးထွက်သွားတော့သည်။ ဆိပ်ခံတံတားဆီသို့ ဘရော့ဒီ ပြန်လှည့်ကြည့်လိုက်သောအခါ မော်တော်ကားရှိရာသို့ ဖြည်းညင်းစွာ လျှောက်သွားနေသော ဝှစ်(တ်)မင်ကို မြင်တွေ့ရ၏။

မွန်တောက်မြို့၏ ကမ်းလွန် ပင်လယ်ရေပြင်သည် ကြမ်းတမ်းခက်ထရော်လျက် ရှိသည်။ အရှေ့တောင်ဆီမှ တိုက်ခတ်လာသော လေပြင်းကြောင့် ကြီးမားသော လှိုင်းလုံးကြီးများ ဖြစ်ပေါ်လျက်ရှိသည်။ တံငါ မော်တော်လေး အော်ကာသည် လှိုင်းလုံးများအကြားတွင် နိမ့်ချည် မြင့်ချည် ခက်ခက်ခဲခဲ ဖြတ်သန်းသွားနေရသည်။ ကုန်းပတ်ထောင့် တနေရာရှိ သိုးသေကောင်မှာလည်း လှိုင်းအပုတ်တွင် တလူပ်လူပ် ဖြစ်နေသည်။

အနောက်တောင်အရပ်သို့ ဦးတည် ခုတ်မောင်းလာသော သူတို့၏ မော်ဘော် ပင်လယ်ဝသို့ ရောက်ရှိလာသောအခါ ကွင့်က စက်ရှိန်ကို လျှော့ချလိုက်သည်။ တသဲသဲရွာနေသော မိုးမှာလည်း ဖွဲဖွဲမျှသာ ရွာခတော့သည့်အဆင့်သို့ ရောက်ရှိလာခဲ့ပြီ။

ဘရော့ဒီက ကမ်းခြေသို့ ပြန်လှည့်မျှော်ကြည့်လိုက်ရာ မီးပြတိုက်ကြီးကို မီးရောင်တသက်သက်နှင့် မြင်တွေ့နေရသေးပင် ဖြစ်သည်။

"ကျွန်တော်တို့ ခါတိုင်းသွားခဲ့တဲ့ခရီးလောက် ဝေးဝေးမရောက်သေးဘူး မှတ်တယ်"





"ဟုတ်တယ်လေ"

"ကမ်းခြေနဲ့ဆိုယင် နှစ်မိုင်ကျော်ကျော်လောက်ပဲ ရှိအုံးမယ် ထင်တယ်ဗျ"

"ဟုတ်တာပေါ့၊ အဲသလောက်ပဲ ရှိမှာပါ"

"ဒါဖြင့် ခင်ဗျား ဘာဖြစ်လို့ စက်ရှိန်ကို လျှော့ပစ်လိုက်ရတာလဲ"

"ကျုပ်စိတ်ထဲမှာ ခံစားမှုတခု ဖြစ်လာလို့ပါ"

ကွင့်က မီးရောင်ဖျော့ဖျော့ကလေး မြင်နေရသော ကမ်းခြေတနေရာသို့ လက်ညှိုးညွှန်ပြယင်း ပြောလိုက်သည်။

"အဲဒါဟာ အမိတ်ပဲ"

"အဲဒီတော့...." ဘရော့ဒီက စကားဆက်ပေးလိုက်သည်။

"အဲဒီတော့.... ဒီကောင်ကြီးဟာ သိပ်ဝေးဝေးလံလံကို သွားနေလိမ့်မယ်လို့ ကျွန်တော် မထင်ဘူး။ အမိတ်နဲ့ အခု ကျွန်တော်တို့ မော်တော်ရှိနေတဲ့ နေရာကြား နှစ်မိုင်သာသာရှိတဲ့ ပင်လယ်ရေပြင်အောက်မှာပဲ ရှိနေလိမ့်မယ်လို့ ကျွန်တော် ယူဆမိတယ်"

"အကြောင်းက...."

"အကြောင်းက... ခုနက ကျွန်တော် ပြောခဲ့တဲ့ အတိုင်းပဲ။ ကျွန်တော့်စိတ်ထဲက ခံစားမှုတခုခုကြောင့်၊ လှုံ့ဆော်မှုတမှုခုကြောင့် သိလာသလို ပြော်နေတာပဲ။ ဘယ်လိုကြောင့် သိသလဲ၊ ဘာကြောင့်သိသလဲ ဆိုတာကိုတော့ ရှင်းပြဖို့ မတတ်နိုင်ဘူး"

"ပြီးခဲ့တဲ့ နှစ်ရက်တုန်းကတော့ ဒီကောင်ကြီးကို ဒီ့ထက်ဝေးတဲ့ နေရာတွေမှာ ကျွန်တော်တို့ တွေ့ခဲ့ကြတယ် မဟုတ်လား။ ခင်ဗျားလုပ်ပုံတွေကို ကျုပ်တော့ နားမလည်နိုင်အောင် ဖြစ်နေပြီ ကွင့်"

ကွင့်က မည်သို့မျှ ပြန်လှန်ဖြေရှင်းချက် ပြုလုပ်မနေတော့ပဲ စက်ကို အရှိန်သတ်လိုက်သည်။ မော်တော်၏ ပဲ့ပိုင်းသို့ လျှောက်သွားပြီး သွေးညှီများ၊ အမဲ သားငါးတို့၏ အရိုးအရွဲ့များကို ထည့်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ရေပုံးကို ကောက်ယူလိုက်၏။ ယောက်ချိုတခုကို ဘရော့ဒီသို့ လက်ကမ်းပေးလိုက်သည်။

"ကဲ.... ခင်ဗျားက ကျေးဇူးပြုပြီး ဒီပုံးထဲက အရိုးအရွဲတွေကို ယောက်ချိုနဲ့ ခပ်ပြီး နည်းနည်းစီ နည်းနည်းစီ ပင်လယ်ထဲ ဖျန်းပေးစမ်းပါ"

ကွင့်က သူကိုယ်တိုင်လည်း သိုးသေကောင်၏ လည်ပင်းကို ကြိုးတချောင်းဖြင့် ချည်နှောင်ယင်း ခေတ္တမျှ အလုပ်ရှုပ်နေလိုက်သည်။ သိုးသေကောင်၏ ဝမ်းဗိုက်ကို ဓားဖြင့် တချက်ခွဲလိုက်ပြီးနောက် မော်တော်၏ အထက်စပ်ပိုင်းတွင် တင်ထားလိုက်သည်။ ချည်တိုင်နှင့် သိုး၏ လည်ပင်း အကြားတွင် ချည်နှောင်ထားသော ကြိုးမှာ အလျားပေ နှစ်ဆယ်တိတိရှိသည်။ ချည်တိုင်တွင် သေချာ ခိုင်ခန့်စွာ ချည်နှောင်ပြီး ဖြစ်သည်ဟု စိတ်ချရသောအခါတွင်မှ ကွင့်က သိုးသေကောင်ကို ပင်လယ်ပြင်အတွင်းသို့ တွန်းချလိုက်သည်။ သိုးသေကောင်သည် မော်တော်နှင့် ပေနှစ်ဆယ်အကွာအဝေးမှနေ၍ တန်းလန်း တန်းလန်းနှင့် မျှောလျက် လိုက်ပါလာခဲ့သည်။

တဖန် ကွင့်သည် ကြိုးနှစ်ခွေကို ယူလာပြီး တခုစီတွင် သစ်သားစည်ပိုင်းတလုံးကျစီနှင့် မှိန်းသွားတချောင်းကျစီ တပ်ဆင်လိုက်သည်။ ကြိုးတင်ပြင်ဆင်မှုအားလုံး ပြီးစီးသွားသည်နှင့်

"ကဲ....၊ ကြည့်ရအောင်။ ဘယ်လောက် ကြာကြာ အချိန်ယူရမလဲလို့"

ရာသီဥတုမှာ ကြည်လင် သာယာလာခဲ့ပြီ။ ကမ်းခေါ်တနေရာမှလည်း တကြိမ် နှစ်ကြိမ်ခန့် အလင်းရောင်တခု ဝင်းကနဲ လက်ကနဲ ဖြစ်သွားကြောင်း သူတို့နှစ်ဦး သတိပြုမိလိုက်သည်။

ရေပုံးထဲမှ သားပုတ်၊ ငါးပုတ် သွေးညှီ ရည်များကို ရေပြင်ပေါ်သို့ ပက်ဖျန်းပေးနေသော ဘရော့ဒီအဖို့ အညှီ အဟောက်နံ့များကြောင့် ဝမ်းခေါင်းတွင်းမှ အော်ဂလီဆန်လာခဲ့သည်။ ဝမ်းဗိုက်တွင်း၌ အစာမရှိသောကြောင့် ပို၍ဆိုးသည်ဟု ထင်မိသည်။ အိမ်မှ





မထွက်ခင် အစာတခုခု စားလာခဲ့လျှင် အခံရ သက်သာလေမည်လားဟု စဉ်းစားမိသည်။

ပင်လယ်ရေလှိုင်းလေးများက စည်းဝါးတကျ တဖွတ်ဖွတ် လှုပ်ရှား ရိုက်ခတ်နေကြပုံကို ကွင့်က စိမ်ပြေနပြေ ငေးမောကြည့်ရှုနေနိုင်သော်လည်း ဘရော့ဒီမှာမူ တချိန်လုံးထိုင်၍ ငါးစာချနေခဲ့ရသည်ဖြစ်၍ သူ့တင်ပါးများမှာ ကျိန်းစပ်လာခဲ့ပြီ ဖြစ်သည်။ လက်မောင်းများမှာလည်း ညောင်းညာ ကိုက်ခဲလာခဲ့ပြီ။ သို့နှင့် မော်တော်ရပ်၊ အညောင်းအညာ ဆန့်ယင်း ပဲ့ပိုင်းကို မျက်နှာမူလိုက်သည်။

ထိုစဉ်ကြုံ ကျမှာပင်....

သူ ရပ်နေသော မော်တော်၏ ပဲ့ပိုင်းနှင့် ငါးပေမျှပင် မကွာလှမ်းသော ရေပြင်ထက်တွင် ရှာမ ငါးကြီး၏ ဦးခေါင်းကြီး ဘွားကနဲ ပေါ်လာသည်ကို မြင်တွေ့လိုက်ရလေတော့သည်၊ ငါးမန်းကြီး၏ ဦးခေါင်းကြီးမှာ သူနှင့် အလွန့်အလွန် နီးစွာကပ်၍ ပေါ်ပေါက်လာခဲ့သည် ဖြစ်ရကား မိမိ လက်တွင်းရှိ ယောက်ချိုနှင့် လှမ်း၍ ရိုက်လိုက်မည်ဆိုလျှင် ထိနိုင်လောက်ပေသည်ဟု ဘရော့ဒီ တွေးမိလိုက်သည်။ ငါးမန်းကြီး၏ မည်းနက် အေးစက်သော မျက်လုံးအစုံက သူ့ကို အပြူးသား စူးစိုက်ကြည့်နေသည်။ ဘော်ငွေရောင် နှာခေါင်းဖြူဖြူ ချွန်ချွန်ကြီးသည် သူ့ကို ဦးတည် ချိန်ရွယ်လျက်ရှိသည်။ တြိဂံပုံဆောင် ချွန်ချွန်မြမြ သွားလေးများ စီရရီ ပေါက်နေသည့် မေးရိုးကားကားကြီးများကိုလည်း အစွမ်းကုန် ဖြဲဟထားသည်။

"ဘုရားရေ...."

ဘရော့ဒီမှာ အကြီးအကျယ် တုန်လှုပ်ချောက်ချားခြင်း ဖြစ်သွားရတော့သည်။ မိစ္ဆာငါးကြီးသည် သူ သတိမပြုမိခင် မည်သည့်အချိန်ကတည်းက သူ့ရှေ့သို့ ရောက်ရှိနေခဲ့လေသနည်း။ အကယ်၍သာ သူမတ်တတ်ထမရပ်ပဲ၊ အညောင်းမဆန့်ပဲ ထိုင်မြဲ ထိုင်နေခဲ့မည်ဆိုပါမူ....။



www.burmeseclassic.com

www.burmeseclassic.com



သူက ထိတ်လန့်တုန်လှုပ်စွာဖြင့် နောက်သို့ အမြန်လှည့်ပြီး ကွင့်သို့ လှမ်းအော်ပြောလိုက်သည်။

"ဒီမှာဗျို့....အငကောင်ကြီး လာပြီ"

သက်သောင့်သက်သာ ထိုင်နေသော ကွင့်သည် ဘာရောဒီအနီးသို့ ရုတ်ခြည်း ရောက်ရှိလာခဲ့သည်။ ထိုအချိန်တွင် ငါးမန်းကြီး၏ ဦးခေါင်းသည် ရေပြင်အောက်သို့ ပြန်လည် ငုပ်လျှိုး ရောက်ရှိသွားခဲ့ပေသည်။ သို့သော် စက္ကန့်ပိုင်းအတွင်းမှာပင် ဘွားကနဲ ပြန်လည်ပေါ်ထွက်လာခဲ့ပြီး မော်တော်၏ ပဲ့ပိုင်းကို သူ၏ ပါးစပ်ပြဲကြီးဖြင့် အတင်းဝင်၍ ဟပ်လေသည်။ သူသည် မော်တော်၏ သစ်သားကိုယ်ထည်ကို ပါးစပ်ဖြင့် ကိုက်ပြီး ဦးခေါင်းကို ဗယ်ညာ လှုပ်ရှား ယမ်းခါ ပစ်လိုက်သည်။ မော်တော်မှာ သိမ့်သိမ့်တုန် တုန်လှုပ် ယမ်းသွားသဖြင့် ဘာရောဒီက ကုန်းပတ်ပေါ်ရှိ ကြိုးချည်တိုင်ကို ခိုင်ခိုင်မြဲမြဲကိုင်ယင်း မော်တော်ပေါ်မှ မိမိ လွင့်စဉ်ကျမသွားရလေအောင် ဟန်ချက်မြဲမြဲဖြင့် ထိန်းထားရလေသည်။ သူ၏ မျက်လုံးကိုလည်း ငါးမန်းကြီးထံမှ မခွာရဲချေ။ ငါးကြီး၏ ဦးခေါင်းတချက် လှုပ်လေတိုင်း မော်တော်မှာ တခါ ယမ်းသွားသည်ဖြစ်လေရာ မျှားမကြာမီမှာပင် ကွင့်သည် ခြေချော်ပြီး ကုန်းပတ်ပေါ်သို့ ဒူးထောက်လျက် သား လဲကျသွားခဲ့၏။ ထို့နောက် ငါးကြီးသည် မော်တော်ကို လွှတ်လိုက်ပြီး ရေအောက်သို့ ငုပ်လျှိုးသွားခဲ့သည်။ မော်တော်မှာလည်း ပြန်လည် ငြိမ်သက်သွားရပြန်လေသည်။

"ဒီကောင်ကြီးက ကျုပ်တို့ကို စောင့်နေခဲ့တာဗျ"

ဘာရောဒီက အော်ပြောသည်။

"ဟုတ်တယ်၊ ကျုပ် သိပါတယ်"

"ဒါနဲ့....သူက ဘယ်လို"

"ဘာပဲဖြစ်ဖြစ် ကိစ္စမရှိပါဘူး။ ကျုပ်တို့ အခု သူ့ကို ရပြီပဲ"





"ဘာပြောတယ်၊ ကျုပ်တို့ရပြီ ဟုတ်လား၊ ခုနက မော်တော်ကို သူ ဘာလုပ်သွားခဲ့တယ်ဆိုတာ ခင်ဗျား မြင်ရဲ့လား"

"မြင်တယ်လေ၊ ဒီမော်တော်ကို သွက်သွက်ခါ လှုပ်ယမ်းသွားခဲ့တယ်လေ၊ မဟုတ်ဘူးလား"

ထိုစဉ်မှာပင် သိုးသေကောင်ကို ချည်နှောင်ထားသော ကြိုးမှာ ရုတ်ခြည်း တင်းသွားခဲ့သည်။ ခေတ္တမျှ လှုပ်ယမ်းသွားသည်။ ထို့နောက် ကြိုးသည် ရေပြင်ပေါ်သို့ လျော့လျည်းလျည်းဖြင့် ပြန်ပေါ်လာခဲ့၏။

"ဒီကောင်ကြီးတော့ သိုးသေကို သုတ်သွားပြီဗျ။ မိနစ်ပိုင်းအတွင်းမှာ ပြန်ပေါ်လာလိမ့်မယ် ကြည့်နေ"

ကွင့်က မတ်တတ်ရပ်လိုက်ပြီး မှိန်းကို ကောက်ကိုင်လိုက်သည်။

"သူက သိုးကို အာပြုလို့ အယင်မစားတာလဲ"

"သူ့မှာ အသိတရားမရှိဘူးလေ။ ကဲ၊ အေးပေးကောင်ကြီး ထွက်ခဲ့စမ်း။ ဒီတခါတော့ မင်းအလှည့်ပဲဟေ့"

ကွင့်က ဒေါသတကြီး ဟစ်အော် ကြုံးဝါးလိုက်သည်။

ကွင့်၏မျက်နှာမှာ ဒေါသရောင် လွှမ်းနေသည်။ မျက်လုံးအစုံမှာ ဒေါသ,မီး တညီးညီး တောက်လောင်လျက် ရှိကြောင်း ဘာရောဒီ တွေ့မြင်ရသည်။ စိတ်ခေတ်ဖြင်းထန် တက်ကြွမှုဖြင့် ပြုံးလိုက်ရာ သူ၏ အပြုံးသည် မလှမပ ဖြစ်ပေါ်လာသည်။ သူ့နှုတ်ခမ်းမှာ ဖြဲကား သွားပြီး သွားများ ပေါ်လာခဲ့၏။ တောက်ကျစ်သော အပြုံးတခု ဖြစ်လာခဲ့သည်။ စိတ်လှုပ်ရှားမှုဖြင့် သူသည် သူ့ လည်ကုပ်သားအား လက်သီးဆုပ်ဖြင့် တအားထုယင်း ငါးမန်းကြီးအား ဒုတိယအကြိမ် ပြန်ပေါ်လာမည့် အချိန်ကို စိတ်မရှည်စွာ စောင့်စားနေသည်။

ထိုစဉ်ကြိုက်မှာပင် မော်တော်သည် ပြင်းပြင်းထန်ထန် တုန်ခါ သွားခဲ့ရပြန်သည်။

"ဒီကောင်ကြီး ဘာလုပ်နေပြန်ပြီလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဘရော့ဒီက မေးလိုက်သည်။ ကွင့်က မော်တော်နံဘေးသို့ ငုံ့ကြည့်ယင်း ပါးစပ်မှ အယုတ္တ အနတ္တများကို ဟစ်အော်လိုက်၏။

"ထွက်ခဲ့စမ်း၊ ထွက်ခဲ့စမ်း၊ အဲဒီအောက်ထဲက ထွက်ခဲ့စမ်း။ မင်းက ငါ့ကို ရေထဲမြှုပ်မပစ်နိုင်ခင်မှာ ငါက မင်းရဲ့ အူတွေကို ဆွဲနှုတ်ပစ်လိုက်မယ်ကွ—သိရဲ့လား"

"ဘာလဲဗျ၊ ခင်ဗျားပြောတဲ့ ရေထဲမြှုပ်ပစ်မယ်ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်က။ သူက ဘာလုပ်နေလို့လဲ"

"သူလား....သူက ဘာလုပ်နေရမလဲ၊ ကျုပ်တို့မော်တော်ရဲ့ ဝမ်းဗိုက်ပိုင်းမှာ အပေါက်ဖောက်ပေးနေတယ်လေ၊ ဟော့ ကောင်ကြီး ထွက်ခဲ့စမ်း၊ ငါ့အကြောင်း သိသွားစေ့မယ်"

ကွင့်က သူ့လက်တွင်းမှ မှိန်းကို အထက်သို့ မြှောက်လိုက်သည်။

ဘရော့ဒီက ဒူးထောက် ထိုင်ချလိုက်ပြီး မော်တော်စက်ခန်းရှိရာသို့ သွားသည့် အံဖုံးတံခါးတခုကို မ,ဖွင့်လိုက်သည်။ စက်ခန်းမှာ စက်ဆီများဖြင့် ပေကျံ လျက်ရှိပြီး အတွင်း၌ အလင်းရောင်က အားနည်းလှ၏။ မော်တော်၏ ဝမ်းဗိုက်ခန်းထဲတွင် ရေများ ရှိနေသည်။ သို့သော် ထိုရေများမှာ မူလကတည်းက သမရိုးကျ ရှိရိုးရှိစဉ် ရေများသာ ဖြစ်သည်။ အပေါက်သစ်တခုမှ ရေများ တရဟော ဝင်နေသည့် လက္ခဏာရပ်ကို ဘရော့ဒီ မမြင်တွေ့ရ။

"ဘုရားမ,တာပဲ၊ ဘာမှမဖြစ်လို့ တော်သေးတာပေါ့"

မော်တော်၏ ပဲ့ပိုင်း၊ လက်ယာဘက် ဆယ်ဂိုက်ခန့် အကွာတွင် ငါးမန်းကြီး၏ ကျောရိုးဆူးတောင်ကြီးနှင့် အပေါ်ပိုင်းကြီး အမြီးကြီးသည် ရေပြင်ထက်တွင် ဘွားကနဲ ပေါ်လာခဲ့ပြီး မော်တော်ရှိရာသို့ လျင်သောအဟုန်ဖြင့် ရွေ့လျားလာခဲ့သည်။





"လာပြီ...လာပြီ—ဘီရုစ္ဆာန်ကြီး ပေါ်လာပြီ"

ကွင့်က ခြေနှစ်ဘက်ကို ခပ်ခွဲခွဲရပ်ပြီး အသင့်အနေအထားဖြင့် နေလိုက်သည်။ ဗယ်ဘက်လက်ကို သူ့တင်ပါးပေါ်တွင် ထောက်ထားပြီး မှိန်းကိုင်ထားသော ညာဘက်လက်ကို အထက်သို့ မြှောက်ထားလိုက်သည်။ ငါးမန်းကြီးက မော်တော်နှင့် ပေအနည်းငယ်ခန့်သာ ကွာလှမ်းတော့သည့် နေရာသို့ ရောက်ရှိလာခဲ့သည့်အချိန်တွင်မူ ကွင့်သည် သူ့လက်တွင်းရှိသံခဏ်မှိန်းတံကို ငါးကြီး၏ဦးခေါင်းဆီသို့ အားကုန် ပစ်လွှတ်လိုက်လေတော့သည်။

မှိန်းတံသည် ငါးမန်းကြီး၏ ကျောရိုး ဆူးတောင်ကြီး၏ အရှေ့ဘက် ခပ်ကျကျနေရာတွင် စိုက်ဝင်သွားခဲ့သည်။ တချိန်တည်းမှာပင် ငါးကြီးက သူ၏ ဦးခေါင်းကြီးဖြင့် မော်တော်၏ ပဲ့ပိုင်းကို ပြင်းထန်သော အဟုန်ဖြင့် ဝင်ရောက် ဆောင့်တိုက်ပစ်လိုက်၏။ ကွင့်မှာ ကုန်းပတ်ပေါ်သို့ နောက်ပြန်လဲကျပြီး တလိမ့်ခေါက်ကွေး ဖြစ်သွားသည်။ သူ၏ ဦးခေါင်းမှာ ကုလားထိုင်၏ ခြေတံတခုနှင့် သွားဆောင့်မိခဲ့သည်။ သူ့လည်ကုပ်ဆီမှလည်း သွေးများ ယိုစီးကျလာတော့၏။ သို့တစေ ကွင့်က အလျင်အမြန် ပြန်လည်ခုန်ထလိုက်ပြီး—

"မိပြီကွ၊ မင်းကိုမိပြီ မသာကြီး၊ ခုတော့ ဘာတတ်နိုင်သေးလဲ"

ငါးမန်းကြီးက ရေမျက်နှာပြင် အောက်သို့ ငုပ်လျှိုး သွားခဲ့ရာ သံခဏ် မှိန်းတံတွင် တပ်ဆင်ထားသည့် ကြိုးမှာလည်း မြွေကြီး တကောင်အလား ရေအောက်သို့ လျှင်မြန်စွာ တွန့်လိမ် လိုက်ပါသွားခဲ့သည်။ ကြိုးတွင် တပ်ဆင်ထားသော သစ်သားစည့်ပိုင်းလေးများသည်လည်း ကြိုးနှင့်အတူ ရေအောက်သို့ တဖါတည်း ပါသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါးကြီးက ရေအောက်ကို ဆွဲချသွားပြီဗျ"

ဘရော့ဒီက အလန့်တကြား ပြောလိုက်သည်။

"မပူပါနဲ့၊ မကြာခင်မှာပဲ သူပြန်ပေါ်လာအုံးမှာပါ။ ဒီတခါကျမှ ကျုပ်က မှိန်းတံ နောက်တချောင်း သူ့ဆီ ပစ်သွင်းလိုက်မယ်၊ ပြီးတော့ တချောင်းပြီး တချောင်း ဆက်တိုက် ပစ်သွင်းသွားမယ်။ နောက်ဆုံး ဒီကောင်ကြီးက လက်လျှော့အရှုံးပေးသွားတဲ့ အထိပေါ့။ ဒီနောက်မှာတော့ ဒီကောင်ကြီးကို ကျုပ်တို့ ရပြီပေါ့ဗျာ"

ကွင့်က ပင်လယ်ရေပြင်ကို မမှိတ်မသုန် ကြည့်နေယင်းမှ ပြောလိုက်သည်။ ကွင့်၏ မိမိကိုယ်မိမိ စိတ်ချယုံကြည်မှုသည် အလွန်ခိုင်မာပြင်းထန်လှရကား ဘရော့ဒီသို့ပင် မာတ်ကူးသွားသည်ဟု ဆိုရပေမည်။ ကွင့်၏ လှုပ်ရှားမှုကို မျက်ခြည်မပြတ် လေ့လာကြည့်ရှုနေသော ဘရော့ဒီမှာ ကွင့်၏ အသွင်အပြင်ကို မြင်တွေ့ရပြီးနောက် သူ့ခန္ဓာကိုယ် တခုလုံးသည် ပျော်ရွှင်အားတက်မှုများဖြင့် ပြည့်လျှံလာသလို ခံစားရသည်။ ပူပင်သောကရောက်ရမှုများကလည်း အခိုက်အတန့်အားဖြင့် ငြိမ်းအေးသွားခဲ့သည်။ ကွင့်၏ လည်ကုပ်တလျှောက်တွင် သွေးများ စီးဆင်းနေသည်ကို မြင်လိုက်ရသော ဘရော့ဒီက....

"ဟေ့လူ....ခင်ဗျား ခေါင်းမှာ သွေးထွက်နေတယ်"

ဟု အလန့်တကြား ပြောလိုက်သည်။

သို့တစေ ကွင့်က ဂရုပြုမိဟန်မပြချေ။

"ခင်ဗျား....စည်တလုံး သွားယူခဲ့ပါအုံး။ ကြိုးခွေတွေကို ရှုပ်မသွားစေနဲ့နော်....တော်ကြာ လုပ်ရတာ ခက်နေအုံးမယ်"

ဘရော့ဒီက ကွင့်၏ စေခိုင်းချက်ကို ဆောင်ရွက်ပေးလိုက်သည်။

"ဟေ....ဟော....သူလာပြီဗျို့....လာပြီ"





ကွင့်က ဗယ်ဘက်ရေပြင်တနေရာသို့ လက်ညှိုး ညွှန်ပြလိုက်သည်။ သစ်သားစည်ပိုင်းမှာ ရေလွှာပြင်အထက်သို့ ပေါ်ထွက်လာခဲ့ပြီး ရေမျက်နှာပြင်ပေါ်တွင် ပေါ်လောပေါ်လော၏။ ကွင့်က ကြိုးတပ်ထားသော မှိန်းတံကို မြှောက်လိုက်ပြီး ငါးမန်းကြီး ပေါ်ထွက်လာမည့်နေရာကို အသင့် ချိန်ရွယ်ထားလိုက်သည်။ ငါးမန်းကြီးသည် မော်တော်နှင့် ကိုက်အနည်းငယ်မျှသာ ကွာလှမ်းတော့သော နေရာတွင် ကပ်၍ ပေါ်လာခဲ့သည်။ ရှေးဦးစွာ ငွေဖြူရောင် နှာခေါင်းချွန်ချွန်ကြီး၊ ထို့နောက် ပါးစပ်ပြဲကြီး၊ ပြီး ကျောရိုးဆူးတောင်ကြီး။ ပစ်ခင်တခုမှ လွှတ်တင်လိုက်သော ဒုံးပျံကြီးတခု တောင်းကင်ပြင်သို့ ထိုးတက်လာပုံမျိုး ဖြစ်သည်။ ရေလွှာထုကို ငါးမန်းကြီး ခွဲထွက်လာသည့် အရှိန်နှုန်းမှာ အလွန်ပြင်းထန် လျင်မြန်လွန်းရကား သူ၏ ဆူဖြိုးသော ခါးခိုးခရောင်ဖြူညစ်ညစ် ဝမ်းဗိုက်ပိုင်းနှင့် ဖွာရပေါက်ဆူးတောင်တို့သည်ပင်လျှင် ရေမျက်နှာပြင် အထက်သို့ ဘွားကနဲ ပေါ်ထွက်လာခဲ့၏။

ကွင့်က သူလိုချင်သော အခွင့်အရေးတရပ်ကို မမျှော်လင့်ပဲနှင့် ရလိုက်ပြီဖြစ်သဖြင့် အားတက်သရော ညစ်ညမ်းစွာ ဆဲရေးလိုက်ပြီး လက်ထဲမှ ဒုတိယမှိန်းကို အလျင်အမြန်ဆုံးသော နှုန်းဖြင့် အကျိုးရှိရှိ အသုံးချလိုက်သည်။ သံမဏိမှိန်းတံသည် ကွင့်အလိုရှိသော ပစ်မှတ်သို့ တိတိကျကျ ထိထိမိမိကြီးပင် သွားရောက်စိုက်ဝင်ခဲ့လေသည်။ ငါးမန်းကြီးက ရေပြင်ထဲမှ ခုန်အထွက်၊ သူ့ခန္ဓာကိုယ်ကြီး လေထုထဲတွင် ရှိနေစဉ်မှာပင် ကွင့် ပစ်လွှတ်လိုက်သော မှိန်းတံက ဟာလာ ဟင်းလင်း ဗလာကျင်းလျက်ရှိသော ငါးကြီး၏ ဝမ်းဗိုက်ကို အရှိန်ပြင်းပြင်းနှင့် သွားရောက် စိုက်ဝင်သွားခဲ့ခြင်းပင် ဖြစ်တော့၏။ ဝမ်းဗိုက်တွင် မှိန်းတံ တန်းလန်းကြီးနှင့် ငါးမန်းကြီးသည် လေထုထဲမှနေ၍ ရေပြင်ပေါ်သို့ မှောက်ခုံကြီး ပြန်လည် ကျဆင်းလာသည်။ ရေပြင်ပေါ်သို့ ငါးမန်းကြီး 'ဝုန်း'ကနဲ ကျဆင်းလာသည့် အရှိန်ကြောင့် ပင်လယ်ရေ အတော်များများသည် အထက်သို့ ကျဲ တဖင် လွင့်စဉ်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး 'အော်တာ' မော်တော်ပေါ်သို့ မိုးရွာချသည့်နှယ် ဝုန်းဝုန်း ဒိုင်းဒိုင်းနှင့် မြန်လည်း ကျဆင်းလာလေသည်။

"ဒီတခါတော့ ဒီကောင်ကြီး တကယ် အသိနာသွားပြီ"

ဒုတိယ မိုန်းတုံမှ ကြီးခွေသည် လျှင်မြန်သောအဟုန်ဖြင့် ပင်လယ် ပြင်အတွင်းသို့ ပြေလျှောလိုက်ပါ ကျဆင်းနေသည်ကို ကြည့်ယင်း ကွင့်က ပြောလိုက်သည်။

ရုတ်တရက်....

တံငါမော်တော်ကြီးသည် ဖြိုင်းဖြိုင်းထန်ထန် ယိမ်းယိုင် လှုပ်ခါ သွားခဲ့ပြန်သည်။ ပစ္စည်းတစုံတခုကို အခြားပစ္စည်းတစုံတခုဖြင့် ပွတ် တိုက် ကြိတ်ဝါးရာမှ ဖြစ်ပေါ်လာသည့် ကျိုးကျိုးဂျွတ်ဂျွတ်မြည်သံ ခပ် အုပ်အုပ်သည်လည်း ပေါ်ထွက်လာခဲ့၏။

"လာလေ၊ ငါ့ကို လာကိုက်ပါလား မသာကြီးရဲ့"

ကွင့်က ဒေါသတကြီး ဟစ်အော် ကြုံးဝါးလိုက်၏။

"မင်းက တို့ကို ဆွဲချသွားလို့ ရမယ်များ ထင်နေသလား ကွ— ဟေ...."

ကွင့်သည် မော်တော်၏ရှေ့ပိုင်းကို ပြေးသွားပြီး အမြန်ဆုံး စက် နှိုးလိုက်သည်။ ထို့နောက် မော်တော်ကို ရေပြင်ပေါ်တွင် ပေါ် လော ပေါ်လျက်ရှိသော သစ်သားစည်ပိုင်းလေးများနှင့် ဝေးရာ သို့ အမြန်ဆုံး မောင်းထွက်လိုက်သည်။

"မော်တော်ကို ဒီကောင်ကြီး ဖျက်ဆီးသွားသေးလားဟင်"

ဘရော့ဒီက စိုးရိမ်တကြီး မေးလိုက်သည်။

"နည်းနည်းပါးပါးတော့ ပျက်မှာပဲ။ ကျုပ်တို့ မော်တော်ကို နည်းနည်းပါးပါးတော့ အပေါက်ဖောက်ပေးသွားမှာသေချာတယ်။ ဒါပေမယ့် မပူပါနဲ့၊ ကျုပ်တို့ ရေစုပ်စက်နဲ့ စုပ်ထုတ်လိုက်ယင် ရပါ တယ်"





"ဒါပေါ့....ဒါပေါ့...ဒီလိုပဲ ဖြစ်ရမှာပေါ့ဗျာ"

ဘရော့ဒီက ရွှင်မြူးစွာ ပြောလိုက်သည်။

"ဘယ်လိုကြောင့်....ဒီလိုပဲ ဖြစ်ရမှာပေါ့လဲ"

ဘရော့ဒီ စကားကို နားမလည်သလိုနှင့် ကွင့်က ပြန်မေးသည်။

"ဒီကောင်ကြီးတော့ နိဗ္ဗာန်တံတော့မှာပါ"

"သိပ်မသေချာသေးဘူးလေ၊ ဟိုမှာလဲ ကြည့်ပါဦး"

ကွင့်ညွှန်ပြရာသို့ ဘရော့ဒီက လှမ်းကြည့်လိုက်သည်။ သစ်သား စည်ပိုင်းလေးနှစ်လုံးကို တွေ့ရသည်။ ယင်းတို့သည် ငါးမန်းကြီး၏ ကိုယ်တွင် စိုက်ဝင်နေသော မှိန်းတံမှ ကြိုးများနှင့် ဆက်သွယ်ချည် နှောင်ထားခြင်းခံရသော သစ်သားစည်ပိုင်းလေးတစုံ ဖြစ်သည်။ သို့သော် ယင်းတို့သည် ရေမျက်နှာပြင်ပေါ်တွင် ပေါ်လော မျောပါ နေကြခြင်းမဟုတ်ပေ။ တဝက်ခန့်မှာ ရေတွင်နစ်မြုပ်လျက်၊ ကျန် တဝက်ခန့်သာ ရေမျက်နှာပြင်ပေါ်တွင် ငါးမန်းကြီး ကူးခတ်သွား လာရာသို့ အရှိန်ဖြင့်လိုက်ပါနေကြခြင်းဖြစ်သည်။ စည်ပိုင်းလေးနှစ်လုံး က ရေထုအတွင်းမှ ဖြတ်သန်းပြေးသွားနေသည်မို့ ရေပြင်ပေါ် တွင် လှိုင်းဂယက်ရေပန်း ရေမှုန်လေးများ ဖြစ်ပေါ်လျက် ရှိသည်။ ပင်လယ်ပြင်တွင် ကျွမ်းကျင်ပြီးဖြစ်သည့် ကွင့်ကဲ့သို့သော လုပ်သက် ရင့် တံငါသည်တဦးအဖို့ ယင်းသစ်သားစည်ပိုင်းလေးများ၏ လှုပ် ရှားတုံ့ပြန်မှု အရှိန်အနည်းအများကို ထောက်ချင့်၍ ငါးမန်းကြီး တွင် ကျန်ရှိနေသေးသော စွမ်းအားကို တွက်ဆနိုင်ပေသည်။

"ဒီကောင်ကြီး ကျုပ်တို့နောက်ကို လိုက်နေတာလားဗျ"

ဘရော့ဒီက နားမလည်စွာ မေးမြန်းလိုက်သည်။

ကွင့်က ခေါင်းညိတ်ပြသည်။

"ဘာလို့လဲဗျာ။ ကျုပ်တို့ဟာ သူ့ရဲ့အစာလို့ ဒီကောင်ကြီးထင် နေတုန်းပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး။ အခိုပွာယ်ကတော့ သူဟာ ကျုပ်တို့ကို ပြန်ချချင်တဲ့ သဘောပဲ"

ပထမဆုံးအကြိမ် ဖြစ်မည်ထင်သည်။ သူသည် ကွင့်၏ မျက်နှာပြင်ပေါ်တွင် စိတ်လှုပ်ရှားမှုကြောင့် မျက်မှောင်ကြုတ်သည့် အရေးအကြောင်းလေးများကို မြင်တွေ့လိုက်ရသည်။ ကြောက်ရွံ့သောကြောင့်၊ စိတ်ချောက်ချားမှုကြောင့်တော့ မဟုတ်။ စိတ်ထဲတွင် မသက်မသာ မကြည်မလင်ဖြစ်သွားမှု၏ ရောင်ပြန်ဟပ်လာခြင်းသာ ဖြစ်ပေသည်။ပမာအားဖြင့် ခိုင်းနိုင်းရသော ကစားပွဲတခု၊ ပြိုင်ပွဲတခုတွင် စိတ်တက်ကြွစွာ အားသွန်ခွန်စိုက် ပါဝင်ယှဉ်ပြိုင်နေစဉ်အတွင်း သက်ဆိုင်ရာ အာဏာပိုင်ပုဂ္ဂိုလ်တဦးဦးက ယင်းကစားပွဲ၏ ကစားနည်းဥပဒေဘာရပ်ရပ်ကို ကြိုတင် ကြေငြာခြင်းမရှိပဲနှင့် ရုတ်တရက် ပြောင်းလဲပစ်လိုက်သောအခါမျိုး၌ ပြိုင်ပွဲဝင်နေသော အားကစားသမားများ၏ မျက်နှာပြင်တွင် ဖြစ်ပေါ်လာရသော ခံစားချက်မျိုး။

"ဒီလိုမျိုး လုပ်တတ်တဲ့ငါးကို ခင်ဗျား အယင်တုန်းက တွေ့ခဲ့ဖူးသလား ကွင့်"

"ဟင့်အင်း၊ ဒီလိုကောင်မျိုးကို တခါမှ မတွေ့ခဲ့ဖူးသေးပါဘူး။ အယင် ခင်ဗျားကို ပြောခဲ့ဖူးသလို မော်တော်ကို ငါးမန်းရဲ့ အတိုက်ခံရတာတွေ ရှိခဲ့ဖူးတယ်။ ဒါပေမယ့် အများအားဖြင့်တော့ သူတို့ကို မှိန်းတချက်ထိပြီးယင် မော်တော်နဲ့လူကို အတိုက်ရပ်ပြီး သူတို့ကိုယ်ထဲကို စိုက်ဝင်နေတဲ့ မှိန်းကိုသာ ပြန်ပြီး တိုက်ခိုက် ရန်လုပ်နေလေ့ရှိတယ်"

ဘရော့ဒီက ပဲ့ပိုင်းသို့ မျှော်ကြည့်လိုက်သည်။

မော်တော်သည် နှုန်းမှန်မှန်ဖြင့် ရွေ့လျားလျက်ရှိသည်။ ကွင့်၏ ပဲ့ကိုင် ထိန်းသိမ်းမှုအောက်ဝယ် မော်တော်လေးသည် ဇယ်တွေ့ညာကောက်ဖြင့် ခုတ်မောင်းသွားနေသည်။

"ကောင်းပြီ၊ မင်းလိုချင်တဲ့ တိုက်ပွဲပုံစံက ဒီလိုဆိုယင် ငါကလဲ ဒီလိုပဲဟေ့"





ကွင့်ဟာ အားဝါးတရ ဟစ်ခအော်ကြွေးကြော်လိုက်ပြီး မော်တော်၏ စက်ရှိန်ကို လျှော့ချလိုက်သည်။ ထို့နောက် ပဲ့ပိုင်းသို့ ပြေးလာပြီး မှိန်းတံကို ကောက်ယူလိုက်သည်။

"ကဲ၊ လာစမ်း၊ မိစ္ဆာကောင်ကြီး။ ဒါကြီးကို လာယူဟေ့"

သစ်သားစည်ပိုင်းလေးများတည် ရေထဲတွင် ဖြတ်သန်း ပြေးလာလျက် ရှိနေကြတည်။ပထမဂိုက်သုံးဆယ်အကွာမှ၊နောက်ဂိုက်အစိတ်။ ထို့နောက် ဂိုက်နှစ်ဆယ်။

ဘရော့ဒီ မြင်လိုက်သည်။ ငါးမန်းကြီး၏ မီးခိုးရောင်ကိုယ်ထည်ပြားပြားကြီးသည် ရေမျက်နှာပြင်အောက် ခြောက်ပေအကွာမှ နေ၍ ကူးခတ်လာပြီး မော်တော်၏ ကိုယ်ထည်အနီးမှ ကျော်ဖြတ်ကာ မော်တော်၏ ရှေ့ပိုင်းဆီသို့ ဆန့်တက်သွားခဲ့၏။

"ဒီမှာ....ဒီမှာ၊ ရှေ့ကို ဆန့်တက်သွားပြီ"

သူက အသံကုန် အော်ပြောလိုက်သည်။

"ရှီး....တဲ့မှပဲ"

ကွင့်က သူ့ဆုံးဖြတ်ချက် မှားယွင်းမှုကြောင့် ဆဲရေးလိုက်သည်။ သူ မှန်းထားသလို ငါးကြီးက မော်တော်ကို နောက်ပိုင်းမှ ဝင်မတိုက်ပဲ မော်တော်၏ဘေးမှ ကပ်ကျော်သွားခဲ့သဖြင့် မော်တော်ပဲ့ပိုင်းတွင် ခိုင်ခန့်စွာချည်နှောင်ထားသော မှိန်းတံနှင့် ကြိုးများကို အလျင်အမြန် ပြန်လည်ဖြုတ်ယူလိုက်ပြီး ဦးပိုင်းသို့ ပြေးရပြန်သည်။ ဦးပိုင်းသို့ ရောက်သော် မှိန်းတံကြိုးကို မော်တော်၏ ဦးပိုင်းတနေရာတွင် ခိုင်ခန့်စွာ ပြန်ချည်ရသေးသည်။ ပြင်ဆင်စရာများကို ကသောကမျော ပြန်လည် လုပ်ဆောင်ပြီး မှိန်းတံကို သေချာစွာ ကိုင်၍ ကိုယ်ကို မတ်လိုက်သောအခါ၌မူ....

သေမင်းဖြူကြီးသည် သူ့ပစ်ကွင်းအတွင်းမှ ထွက်ခွာသွားခဲ့ချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မော်တော်၏ရှေ့ မနှစ်ဆယ်ခန့် ကွာလှမ်းသော ရေပြင်တနေရာဆီတွင် ကူးခပ်သွားနေသည့် ငါးမန်းကြီး၏ အမြီးကြီးကိုသာ ကွင့် မြင်လိုက်ရလေ၏။

"ဟော ဟော၊ ပြန်လာပြန်ပြီဗျို့"

ကွင့်က အော်လိုက်သည်။

မော်တော်နှင့် ဂိုက်သုံးဆယ်ခန့် ကွာလှမ်းသည့်နေရာသို့ အရောက်တွင် ငါးကြီးသည် နောက်ကြောင်းသို့ ပြန်လှည့်လာခဲ့သည်။ သူ့ဦးခေါင်းကြီးကို ရေပြင်ထက်သို့ ဖော်လာသည်။ နောက်၊ ပြန်ငုပ်သွားပြန်သည်။ သူ့ကျောရိုး ဆူးတောင်ကြီးကမူ လှေတစင်း၏ ရွက် တခုပမာ ရေပြင်၏ အထက်တွင် မတ်မတ် ထောင်ထောင်နှင့်။

ဘရော့ဒီက လှေကားမှတဆင့် ခေါက်တံခါးပေါ်သို့ တက်လာခဲ့သည်။ အပေါ်သို့ ရောက်သော် ကွင့်၏ ပုံစံကို သူ မြင်တွေ့လိုက်ရသည်။ ကွင့်သည် သူ့ညာဘက်လက်ကို နောက်သို့ ဆွဲထားပြီး ခြေဖျားထောက်လျက် ရပ်နေသည်။

ငါးမန်းဖြူကြီးသည် ခေါင်းကြီးကို ရေပေါ်သို့ ဖော်၍ ကူးခပ်လာသည်။ ယင်း၏ ကူးခပ်နှုန်းမြန်ဆန်မှုကြောင့် ရေပြင်မှာ ပေါက်ကွဲမှုတခု ဖြစ်နေသလို မြည်သံဆိုးကြီးတခု ဖြစ်ပေါ်လျက် ရှိသည်။ ကွင့်က အခွင့်အရေးကို တိတိပပ အရ ယူလိုက်သည်။ သူ့လက်တွင်းမှ မှိန်းတံကို ငါးမန်းကြီး၏ နှာယောင်ဆီသို့ ချိန်၍ ပစ်လွှတ်လိုက်သည်။ မှိန်းတံသည် ငါးမန်းကြီး၏ ညာဘက်မျက်လုံး အပေါ်တည့်တည့်တွင် သွားရောက် စိုက်ဝင်ခဲ့သည်။ မော်တော်ပေါ်မှ ကြိုးခွေသည် ဖြည်းညင်းစွာ ပြေကျ လျော့ပါသွားခဲ့၏။

"ချက်ကောင်း ထိတာပဲ၊ ခေါင်းကို ထိတယ်"

ကွင့်က ကျေနပ်စွာ ပြောလိုက်သည်။





ယခုအခါ ရေပြင်ပေါ်တွင် သစ်သားစည်ပိုင်း သုံးလုံးမျှ ပေါ်တက်လာခဲ့ပြီဖြစ်သည်။ ယခင်ကကဲ့သို့ ရေထဲတွင် တဝက်နစ်မြုပ်ပြီး ပြေးလွှားနေခြင်းမျိုးလည်း မဟုတ်တော့။ ရေပြင်၏ အပေါ်ယံလွှာတွင် ဈော့စီးနေသလိုပင်။ ငါးမန်းကြီး အားအင်ကုန်ခန်းသွားပြီလား၊ နိဂုံးတံတော့မည်လော။

ထိုစဉ်မှာပင် စည်ပိုင်းသုံးလုံးမှာ ရေပြင်ပေါ်မှ ရုတ်ခြည်းပျောက်ကွယ် သွားခဲ့ကြလေသည်။ ရေအောက်သို့ နစ်မြုပ်သွားခဲ့ရလေသည်။

"ဟာ၊ သောက်တောင်ကြီးကလဲ ဒီပြင် ငါးတွေ ဒီလိုမဟုတ်ကြပါဘူး။ ဘယ့်နှယ် မှိန်းလဲ သုံးချောင်း စိုက်နေတယ်၊ စည်ပိုင်းသုံးလုံးကိုလဲ ရေအောက် မြုပ်အောင် ဆွဲယူသွားနိုင်သေးတယ်ဆိုတော့ ဘယ်ထူးဆန်းတဲ့ ကောင်ကြီးပါလား"

မော်တော်သည် သွက်သွက်ခါယမ်းသွား၏။ ရေပေါ်သို့ မြောက်တက်သွားသည်ဟု ထင်မှတ်ရသည်။ ထို့နောက် ရေအောက်သို့ ပြန်ကျသွားခဲ့ရပြန်သည်။ သစ်သားစည်ပိုင်းလေး သုံးလုံးသည် ရေပြင်ထက်သို့ ပေါ်တက်လာခဲ့ပြန်လေပြီ။ နှစ်လုံးမှာ မော်တော်၏ ကိုယ်ထည်တဘက်တွင်။ ကျန်တလုံးမှာ အခြားတဘက်တွင်။ မကြာမီ ယင်းတို့သည် ရေအောက်သို့ ပြန်သည် နစ်မြုပ်သွားခဲ့ကြပြန်သည်။ အဟိတ်တိရစ္ဆာန် သေမင်းဖြူကြီးက လူသားနှစ်ဦးအား လှည့်စားနေပုံပင်။ စက္ကန့်ပိုင်း အနည်းငယ် ကြာသောအခါ မော်တော်နှင့် ဂိုက်နှစ်ဆယ်ခန့် လှမ်းသော နေရာတွင် စည်ပိုင်းလေး သုံးလုံး ပြန်သည် ပေါ်လာခဲ့ကြပြန်သည်။

ကွင့်က မှိန်းတံအသစ်တချောင်းဖြင့် ငါးမန်းကြီး အလာကို စောင့်ကြိုလျက်ရှိနေရာမှ ဘရော့ဒီအား လှမ်း၍ ပြောလိုက်သည်။

"အောက်ထပ်ဆင်းပြီး ကြည့်စမ်းပါအုံးဗျာ၊ အကောင်နာကြီးက ကျုပ်တို့ မော်တော်ကို ဘယ်လောက်များ ဖျက်ဆီးသွားခဲ့သလဲလို့"



www.burmeseclassic.com

www.burmeseclassic.com



ဘရေ့ဒီက မော်တော်၏ ဝမ်းဗိုက်ခန်းတွင်းသို့ လျှင်မြန်စွာ ခုန်ဆင်း ဝင်ရောက်သွားသည်။ အခန်း၏ ကြမ်းပြင်သည် သွေ့ခြောက်လျက်၊ သူသည် ကြမ်းခင်း ကော်ဇောရှည်ကြီးအား မယူ ဆွဲလှန်လိုက်သည်။ အံဖုံးတခုကို တွေ့ရသဖြင့် ဖွင့်ကြည့်လိုက်၏။ ပင်လယ်တွင်းမှ ရေများသည် အပေါက်တခုမှ တရဟော စီးဝင်လျက် ရှိသည်ကို အံ့ဩစဖွယ် မြင်တွေ့လိုက်ရတော့သည်။ 'သွားပြီ တို့တော့ ရေနစ်သေရတော့မှာပဲ' ဟု ဘရေ့ဒီ တကိုယ်တည်း ပြောမိသည်။ သူငယ်စဉ်ကလေးဘဝက ထိတ်လန့် ချောက်ချားခဲ့ရသော အိပ်မက်ဆိုးများသည် သူ့ အသိ အာရုံအတွင်းသို့ ချင်းနင်း ဝင်ရောက်လာခဲ့ကြတော့၏။ သူသည် အပေါ်ထပ်ကုန်းပတ်ပေါ်သို့ အလျှင်အမြန် ပြန်တက်လာခဲ့ပြီး—

"အခြေအနေကတော့ မဟန်ဘူးဗျ၊ ဝမ်းဗိုက်ခန်း ကြမ်းပြင်ရဲ့ အောက်ထပ်ကို ရေတွေ တရဟောဝင်နေပြီ"

"ဒါဖြင့် ကျုပ်ကိုယ်တိုင်ပဲ ဆင်းကြည့်လိုက်ပါအုံးမယ်"

ကွင့်က ဘရေ့ဒီအား မှိန်းတံကို လက်ကမ်းပေးယင်း....

"ကျွန်တော် အောက်ဆင်းနေတုန်း ဒီကောင်ကြီး ရောက်လာခဲ့မယ်ဆိုယင် ချက်ကောင်းကို အပိုင်သာ ထွယ်လိုက်ပေတော့"

ပြောပြောဆိုဆို ကွင့်က အောက်ထပ်သို့ ဆင်းသွားခဲ့သည်။

ဘရေ့ဒီသည် မော်တော်၏ အထက်ပိုင်း လင့်စင်ပေါ်မှနေ၍ စောင့်နေသည်။ လက်ထဲတွင် မှိန်းတံကြီးကို အသင့် ကိုင်ထားယင်းမှ ရေပြင်ပေါ်တွင် ပေါ်လာ ပေါ်နေသော သစ်သားစည်ပိုင်းလေးများအား မမှိတ်မသုန်စိုက်ကြည့်နေသည်။ တခါတရံ ရေပြင်အောက်မှ ငါးမန်းကြီး၏ ဆောင့်ဆွဲမှုကြောင့် 'တုံ့' ကနဲ 'တုံ့' ကနဲ ဖြစ်သွားခဲ့ရုံမှ အပ စည်ပိုင်းလေများသည် ရေပြင်ပေါ်တွင် ငြိမ်ငြိမ်သက်သက်နှင့် ရှိနေကြသည်။ "မင်း ဘယ်သို့မျိုးသေမလဲ ငါးမန်းကြီးရာ" ဘရေ့ဒီက တကိုယ်တည်းပြောလိုက်သည်။ ထိုစဉ်မှာပင်အောက်ထပ်မှ မော်တာစက်နိုးသံကို ကြားလိုက်ရသည်။

တေသရုဇာ



ကွင့်က ဘရေ့ဒီ့ထံ ပျောက်လာယင်း

"ဒီကောင်ကြီးက ကျုပ်တို့ မော်တော်ရဲ့ ဝမ်းဗိုက်ကို ဖောက်သွားခဲ့တယ်။ ဒါပေမယ့် ကိစ္စမရှိပါဘူး။ ကျုပ်ရဲ့ ရေစုပ်စက်တွေက ခဏနဲ့ စုပ်ထုတ်ပစ်နိုင်မှာပါ"

ဘရေ့ဒီထံမှ မှိန်းတံကို ကွင့်က ပြန်လည် လက်ပြောင်းယူလိုက်သည်။

ဘရေ့ဒီက သူ့လက်ဖဝါးများကို ခြောက်သွေ့ သွားစေရန် ဘောင်းဘီဖြင့် သုတ်ပစ်လိုက်၏။

"ခင်ဗျား တကယ်ပဲ ဒီကောင်ကြီးကို ဆွဲယူ သွားနိုင်မှာလားကွင့်"

"တကယ်ပေါ့၊ ဒီကောင်ကြီး သေသွားယင် ဆွဲယူသွားမှာပေါ့"

"အဲဒါ ဘယ်တော့ ဖြစ်မလဲ"

"သူ့ သေချိန် စေ့တဲ့အခါပေါ့"

"သူ့ သေချိန်တရော ဘယ်တော့ စေ့မလဲ"

"စောင့်ကြည့်ရမယ်လေ"

ဘရေ့ဒီက သူ့လက်ပတ်နာရီ ကို ကြည့်လိုက်သည်။ ရှစ်နာရီ နှင့် မိနစ်သုံးဆယ်။

သူတို့သည် နောက်ထပ် သုံးနာရီခန့် ကြာသည်အထိ ထပ်မံ စောင့်ဆိုင်း နေခဲ့ရသည်။ သစ်သား စည်ပိုင်းလေးများ လှုပ်ရှား ရွေ့လျားရာသို့ ခြေရာကောက် နောက်ယောက်ခံ လိုက်လံ ကြည့်ရှုခဲ့ရသည်။

ပထမတွင် သူတို့ မျက်ခြည်ပြတ်သွားလုမတတ် ဖြစ်ခဲ့ရသေးသည်။ ဆယ့်တစ်နာရီခန့်သို့ ရောက်သည်တွင်မူ စည်ပိုင်းလေးများ ရေထဲသို့ မြုပ်ဝင်သွားမှု ကြိမ်ဖန် အရေအတွက်မှာလည်း သိသိသာသာကြီး လျော့ပါသွားခဲ့လေပြီ။ တခါတရံ တနာရီ နီးပါးကြာသည့်တိုင် စည်ပိုင်းလေးများသည် ရေမျက်နှာပြင် အောက်သို့ တကြိမ်တခါမျှ မြုပ်ဝင်သွားခြင်းမရှိပဲလည်း နေတတ်သည်။

တေသရုဇာ

www.burmeseclassic.com

www.burmeseclassic.com



ဆယ့်တစ်နာရီ ခွဲတွင်မူ သစ်သား စည်ပိုင်းလေးများသည် ရှေ့မျက်နှာပြင်ပေါ်တွင် ဟိုဟိုသည်သည် လှုပ်လှုပ်ရှားရှား ရှိနေကြတော့သည်။

မိုးသည် တိတ်သွားခဲ့ပြီ။ လေပြင်းသည်လည်း လေနုအေးလေး အဖြစ်သို့ အသွင်ပြောင်းလဲသွားခဲ့ချေပြီ။ သို့သော် ကောင်းကင်ပြင်ကမူ မှုန်မှုန်မှိုင်းမှိုင်း ကမ္ဘာကြီးထည်ကြီးကို ဖယ်ရှားပစ်လိုဟန် မပြသေး။

"ခင်ဗျား ဘယ်လိုထင်သလဲ၊ ဒီကောင်ကြီး သေပြီလား"

ဘရော့ဒီက မေးလိုက်သည်။

"သေမသေတော့ အတပ်မပြောနိုင်သေးဘူးဗျ။ ဒါပေမယ့် သူ့အမြီးကြီးကို ကျော့ကွင်းပစ်စွပ်ပြီး ကမ်းခြေကို ဆွဲယူသွားဖို့ အချိန်ကတော့ သိပ်မဝေးလှတော့ဘူးဗျ"

ကွင့်က ပြောပြောဆိုဆို -သစ်သားစည်ပိုင်းများနှင့် တွဲထားသော ကြိုးတခွေကို ကောက်ယူလိုက်ပြီး မော်တော်၏ကိုယ်ထည် သံတန်းတခုတွင် ချည်နှောင်လိုက်သည်။ အဖျားစွန်း အခြားတဘက်တွင်မူ ကျော့ကွင်းပြုလုပ်နိုင်ရန် နဖားကွင်း တခုကို တပ်ဆင်လိုက်၏။

ငါးအကောင်ကြီးများကို ဖမ်းဆီးပြီးနောက် ရေပေါ်သို့ ဆွဲတင်ရာတွင် အသုံးပြုသော စက်သီးဝင်မှ လျှပ်စစ် ဓာတ်အားဖြင့် မောင်းနှင်၍ရအောင် ပြုလုပ်ထားခြင်း ဖြစ်သည်။ အကယ်၍ ငါးမန်းကြီးကို ကျော့ကွင်းပစ်စွပ် ဖမ်းဆီးပြီးနောက် ရေပေါ်သို့ ဤစက်သီးဖြင့် ဆွဲတင်ရာတွင် အခက်အခဲမရှိစေရန်အတွက် ကွင့်က ခလုပ်နှိပ်၍ စက်ကို စမ်းသပ်ကြည့်သည်။ စက်သည် ပုံမှန်အတိုင်း ကောင်းမွန်စွာ လည်ပတ်လျက်ရှိကြောင်း တွေ့ရှိရသဖြင့် ကွင့်က ခလုတ်ကို ပြန်ပိတ်ထားလိုက်သည်။





ထို့နောက် ကွင့်သည် မော်တော်၏စက်ရှိန်ကိုမြှင့်တင်လိုက်ပြီး သစ်သား စည်ပိုင်းလေးများရှိရာသို့ ရှေးရှု မောင်းထွက်လိုက်သည်။ သို့သော် အရှိန်ပြင်းပြင်း မောင်းနှင်ခြင်းမဟုတ်ပဲ သတိကြီးစွာထား၍ ဖြည်းဖြည်းမှန်မှန် မောင်းထွက်လာခြင်းသာ ဖြစ်သည်။ ပတ်ဝန်းကျင် ရေပြင်ကိုလည်း မမှိတ်မသုန် ကြည့်ရှုလာခဲ့သည်။ အကယ်၍ ငါးမန်းကြီးက မော်တော်ရှိရာသို့ တဟုန်ထိုး ပြေးဝင် တိုက်ခိုက်လာမည်ဆိုပါကလည်း အလွယ်တကူလမ်းကြောင်းပြောင်း ရှောင်တိမ်းပစ်ရန် ရည်ရွယ်ထားသည်။

သို့သော် သစ်သား စည်ပိုင်းလေးများသည်ကား ငြိမ်ငြိမ် သက်သက်ပင်။

ငါးကြီး၏ အရိပ်အရောင်ကိုလည်း မမြင်တွေ့ရသေး။

သစ်သား စည်ပိုင်းလေးများ၏ အနီးသို့ မော်တော်၏ ကိုယ်ထည်ကြီး ကပ်မိသည့်အချိန်၌ ကွင့်က မော်တော်၏ စက်ရှိန်ကို လျှော့ချလိုက်ပြန်သည်။ သူသည် မော်တော်နံဘေးသို့ ကိုယ်ကို ကိုင်းလိုက်ပြီး လက်ထဲရှိ သံချိတ်ချည်ဖြင့် ရေပြင်ပေါ်မှ ကြိုးစကို လှမ်းဆွဲလိုက်သည်။ ပြီး သစ်သားစည်လေးများကို မော်တော်၏ ကုန်းပတ်ပေါ်သို့ ဆွဲတင်လိုက်သည်။

ကွင့်သည် သစ်သားစည်များမှ ကြိုးများကို စနစ်တကျ ဖြစ်အောင် ဖြန့်လည်ပြုပြင်လိုက်သည်။ သို့သော် ကြိုးများမှာ ရေစိုနေသည့်ပြင် သွေးများသည်း ပေကျံနေသည့်အလျောက် ကိုင်တွယ်ရသည်မှာ လက်မမြဲ ချော်ထွက်လျက်ရှိသည်။ ကြိုးများကို ပူးတွဲ ထုံးနှောင်ရသည်မှာလည်း အဆင်မပြေဖြစ်၍နေသည်။ သို့နှင့် သူသည် ခါးပတ်တွင် ချိတ်ထားသော ဓားမြှောင်ကို ထုတ်ယူလိုက်ပြီး ရှုပ်ထွေးနေသော ကြိုးထုံးတခုကို ဖြတ်ထုတ်လိုက်၏။ တဖန်လက်တွင်းမှဓားကို ကုန်းပတ်ပေါ်တွင် ထိုးစိုက်ထားလိုက်၏။ ပြီး လက်တဘက်ဖြင့် ရှုပ်ထွေးနေသော ကြိုးများကို ရှင်းထုတ်ရန် ကျန်လက်တဘက်ဖြင့် သစ်သား စည်များကို ကုန်းပတ်ပေါ်သို့ ဆွဲတင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူသည် ကြိုးစတဘက်ကို ကိုင်းယင်း မော်တော်၏ ရှေ့ပိုင်းသို့ပြေးသွားကာ 'စက်သီး'အတွင်းသို့ လျှောသွင်း တပ်ဆင်လိုက်၏။ ပြီးလျှင် လက်ဖြင့် စက်သီးကို လှည့်ပြီး လေးငါးပတ်ခန့်ကြိုးကို ရစ်ယူလိုက်သည်။ ထို့နောက် မော်တော်ခလုတ်ကို ဖွင့်၍ လျှပ်စစ်ဓာတ်အားဖြင့် စက်သီးကြီးကို လည်ပတ်စေလေသည်။

ကြိုးရှည်ကြီး၏ ရေပြင်ပေါ်တွင် အိကျနေသော အစိတ်အပိုင်းကို လျှပ်စစ်မော်တာ ဓာတ်အားဖြင့် လည်ပတ်နေသော စက်သီးကြီးက လျင်သောအဟုန်ဖြင့် ရစ်ယူမိပြီ ဆိုသည်နှင့်တပြိုင်နက် မော်တော်ကြီးမှာ ရှေ့သို့ဆောင့်ထွက် သွားတော့၏။ ရှေ့အောက်မှ ငါးကြီးက ဆောင့်ဆွဲလိုက်သော အရှိန်ဖြင့် မော်တော်ကြီးမှာ ဦးစိုက်ကျွမ်းပြန်မှောက်ခုံလန်သွားတော့မလို ဖြစ်သွားသည်။

"ဒီစက်သီးနဲ့ ဒီကောင်ကြီးကို ဆွဲတင်လို့ ရနိုင်ပါ့မလားဗျ"

ဘာရေ့ဒီက သံသယစွက်သော လေသံဖြင့် ကွင့်အားလှမ်းမေးလိုက်သည်။

"အင်း....ရေပေါ် ရောက်အောင်တော့ ဆွဲတင်နိုင်ချင်မှ ဆွဲတင်နိုင်မယ်ပေါ့၊ ဒါပေမယ့် ဒီကောင်ကြီး ရေထဲငုပ်ဝင်မသွားအောင်တော့ တားထားနိုင်လိမ့်မယ်"

စက်သီးသည် ဖြည်းဖြည်းချင်း လည်ပတ်လျက် ရှိနေသည်။ စက်သီးနှင့် ကြိုးပွတ်တိုက်မိရာမှ တကျွီကျွီ ညည်းသံကြီးသည် အခါမလပ်ဖြစ်ပေါ်လျက်ရှိသည်။ ကြိုးသည် ရေပြင်ပေါ်သို့ အလွန်နှေးကွေးစွာ တက်လာနေသည်။ စက်သီး၏ ဘီးတပတ်အပြည့် လည်ပတ်မိရန်မှာ သုံးစက္ကန့်မှသည် လေးစက္ကန့်အထိ ကြာမြင့်တတ်သည်။

ရုတ်တရက် ကြိုးသည် အလျင်အမြန်လျော့ပြီး လိုက်ပါလာသဖြင့် စက်သီးကလည်း အလျင်အမြန် ရစ်ပတ်ယူလျက်။ သို့သော် ကြိုးသည် တကြိမ်နှစ်ကြိမ်ခန့် ဆက်၍ 'တင်း' သွားခဲ့သည်။ ပြန်လည်'တုံ့' ဆွဲလိုက်သလို ဖြစ်သွားခဲ့သည်၊ ထို့ကြောင့် ကြိုးပေါ်မှ ရေများသည် ကွင့်၏ အင်္ကျီပေါ်သို့ စဉ်ကျလာခဲ့သည်။





"ကြိုးပြတ်ချင်လို့များလား"

ဘာရေ့ဒီက မေးလိုက်သည်။

"မဟုတ်ဘူး၊ ခွေးမသားကြီး အပေါ် တက်လာတော့မယ်"

ဘာရေ့ဒီသည် ကွင့်၏ မျက်နှာပေါ်တွင် ကြောက်ရွံ့ စိုးရိမ်မှုလက္ခဏာများကို ပထမဆုံးအကြိမ် မြင်တွေ့လိုက်ရပြီဖြစ်၏။

ကွင့်သည် စက်ခန်းသို့ အလျင်အမြန် ပြေးသွားပြီး မော်တော်ကို ရှေ့သို့ အလျင်အမြန် မောင်းထွက်နိုင်ရန် စက်ရှိန်ကို မြှင့်တင်လိုက်၏။

သို့သော် သူ့ လှုပ်ရှားမှုမှာ နောက်ကျခဲ့ရလေပြီ။

သေမင်းငါးကြီးသည် မော်တော်၏ ညာဘက်မှ ကပ်လျက် 'ဘွား' ခနဲ ပေါ်ထွက်လာခဲ့သည်။ ကျယ်လောင်သော ဆူညံသံကြီးသည် သည်း သူနှင့်အတူ ဖြစ်ပေါ်လာခဲ့၏။ မိစ္ဆာကောင်ကြီးသည် ရေမျက်နှာပြင်အထက်သို့ ဒုံးပျံကြီးတစင်းအသား အရှိန်အဟုန် ပြင်းစွာဖြင့် ခေါင်လိုက်ကြီး ထိုးတက်လာခဲ့ခြင်း ဖြစ်၏။ ဘာရေ့ဒီမှာ ယင်းသတ္တဝါကြီး၏ အရွယ်အစားကို မြင်လိုက်ရသည်နှင့် အသက်ပင် မရှူမိတော့ပဲ အံ့သြတကြီး ကြောင်ကြည့်နေမိသည်။

သတ္တဝါကြီးသည် မော်တော်၏ရှေ့ပိုင်း သူတို့၏ ဦးခေါင်းအထက်တွင် ရောက်ရှိနေချိန်၌ ယင်း၏ ခန္ဓာကိုယ်ကြီးဖြင့် ပိတ်ကွယ်ထားမှုကြောင့် အလင်းရောင်ကိုပင် မမြင်ရတော့လောက်အောင် ဖြစ်သွားခဲ့ရသည်။ ဆူးတောင်ကြီးများမှာလည်း အတောင်ပံကြီးများသဖွယ် ယင်း၏ ခန္ဓာကိုယ်အတွင်းမှ ပေါ်ထွက်လျက် ရှိကြသည်။ ကြည့်မြင်ရသည်မှာ ဖြောင့်မတ်နေသလေက်ကို မာကျောနေပုံရသည်။ ဘာရေ့ဒီက မှင်တက်မိနေစဉ်မှာပင် ငါးကြီးသည် မော်တော်၏ပဲ့ပိုင်းနှုန်းပတ်ပေါ်သို့ အရှိန်ပြင်းပြင်းဖြင့် ကျဆင်းလာခဲ့သည်။ မော်တော်၏ သစ်သားကိုယ်ထည်များ ကျိုးသံ၊ ပဲ့သံများနှင့်အတူ မော်တော်၏ ပဲ့ပိုင်းမှာလည်း လှိုင်းလုံးများအောက်ကို ရောက်ရှိသွားခဲ့ရတော့သည်။ ရေများသည် မော်တော်၏ ဦးခေါင်းပိုင်းဆီသို့လည်း စက္ကန့်



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ် အတွင်းရောက်ရှိသွားကြပြီး ဘရော့ဒီနှင့် ကွင့်တို့နှစ်ဦးမှာ တင်ပါးသို့တိုင် နက်သောပင်လယ်ရေထဲတွင် ရပ်လျက်နေကြရတော့သည်။

ငါးကြီးသည် မော်တော်ပေါ်သို့ ကျလာစဉ်ကအတိုင်း ပဲ့ပိုင်းကုန်းပတ်ပေါ်တွင် ရှိနေသည်။ ယင်း၏ ပါးစပ်ပြဲကြီးသည် ဘရော့ဒီ ရင်ဘတ်မှ သုံးပေခန့်မျှ မလှမ်းသော အကွာအဝေးတွင် ရောက်ရှိနေ၏။ ယင်း၏ ကိုယ်ကြီးကို ဟိုဟိုသည်သည် လှုပ်ယမ်း တွန့်ခါလျက်ရှိနေသည်။ ငါးမန်းကြီး၏ မျက်လုံးနက်တစုံသည် ဘော(စ်)ဘောလုံး၏ ပမာဏခန့်ရှိပြီး ယင်း၏ သွယ်အိမ်အတွင်း၌ ရောင်ပြန်ထပ်လျက်ရှိသော မီမီ၏ ရုပ်ပုံလွှာကိုပင် မိမိ ပြန်လည် မြင်တွေ့နေရသည်ဟု ဘရော့ဒီ ထင်မှတ်မိလေသည်။

"မိစ္ဆာကြီး နင်က ငါ့မော်တော်ကို နှစ်ပစ်တယ်ပေါ့ကွလ"

ကွင့်သည် ပြောပြောဆိုဆိုနှင့် ကြိုးတချောင်း၏ အဖျားစွန်းတွင် ချည်နှောင်ထားသော လက်ပွမ်းမီးရော မှိန်းသွားတချောင်းကို ဆွဲယူလိုက်ပြီး သေမင်းဖြူကြီး၏ ဗိုက်သားဖြူဖြူ မြည့်မြည့်တင်းတင်းကြီး အတွင်းသို့ အားကုန်ထိုးစိုက်ဆည့်လိုက်သည်။ သွေးများသည် အရှိန်အဟုန် ပြင်းစွာဖြင့် ငါးကြီး၏ ဝမ်းဗိုက်အတွင်းမှ ပန်းထွက်လာကာ ကွင့်၏ လက်များကို [illegible] စိုသွားစေလေသည်။

မော်တော်၏ပဲ့ပိုင်းသည် လုံးဝ နစ်မြုပ်သွားခဲ့ပြီ။ ဦးပိုင်းကြီးမှာလည်း ရေပေါ်သို့ ဒေါင်လိုက်ကြီး ထောင်တက်လာခဲ့သည်။ မော်တော်ကြီး ဇာအက်နှစာင်းနင်း ဖြစ်သွားခဲ့သည့်အလျောက် လင့်စင်ထဲတွင် ထည့်ထားသော သစ်သားစည်ပိုင်းအပိုလေးများမှာ ရေထဲသို့ ကျဆင်းသွားခဲ့ကြရသည်။ ယင်းတို့တွင် ချည်နှောင်ထားသော ကြိုးများမှာလည်း သစ်သားစည်လေးများနှင့်အတူ ရေပြင်ပေါ်သို့ လိုက်ပါ ကျဆင်းသွားခဲ့သည်မှာ တုတ်ကောင် သံကောင်လေးများ ရေစပ်တွင် ကူးခတ် သွားလာနေကြသကဲ့သို့ ဖြစ်လေ၏။





သေမင်းဖြူကြီးသည် ယင်း၏ ခန္ဓာကိုယ်ကြီးအား တချက် နှစ်ချက်မျှ တွန့်ခါကာ လှုပ်ယမ်းလိုက်ရာ ပဲ့ပိုင်း ကုန်းပတ်ပေါ်မှ လျှောကျသွားပြီး ပင်လယ်ရေပြင်ထဲသို့ ရောက်ရှိသွားတော့သည်။ ထို့နောက် လှိုင်းလုံးများ၏ အောက်သို့ မြုပ်ဝင်သွားခဲ့သည်။

ငါးမန်းကြီး ရေအောက်သို့ ကျဆင်းသွားခြင်းနှင့်အတူ ငါးမန်းကြီး၏ ဝမ်းပျဉ်းပိုင်းတနေရာသို့ ကွင့်က ထိုးစိုက်ပစ်ခဲ့သော မှိန်းလှွား တွင် ချည်နှောင်ထားသော ကြိုးခွေသည်လည်း အတူ လိုက်ပါ ကျဆင်းသွားခဲ့ပေတော့၏။

ရုတ်တရက်....

မော်တော်၏ ကုန်းပတ်ပေါ်တွင် နင်းထားသော ကွင့်၏ ခြေထောက်နှစ်ချောင်းမှာလည်း ကြမ်းပြင်ပေါ်မှ မြောက်တက် ဟန်ချက် ပျက်သွားခဲ့ရသည်။ သူသည် ပက်လက်လန်ပြီး ရေပြင်ပေါ်သို့ လဲကျသွားတော့သည်။

"ဓား....ဓား....ဓားပေးစမ်းပါ"

ကွင့်က အလန့်တကြား ဟစ်အော် အကူအညီတောင်းလိုက်သည်။ ဘရော့ဒီက ကွင့်အား သမင်လည်ပြန် လှည့်ကြည့်လိုက်ရာ ရေပြင်ပေါ်တွင် ပေါ်ထွက်လျက်ရှိသော ကွင့်၏ဗယ်ဘက်ခြေထောက်သည် ကြိုးများဖြင့် ရစ်ပတ် ရှုပ်ထွေးလျက် ရှိကြောင်း တွေ့လိုက်ရသည်။

အဲဖြစ်မှန်မှာ....

ငါးမန်းကြီး မော်တော်ပေါ်မှ လျှောကျသွားစဉ်တွင် ယင်း၏ ဝမ်းဗိုက်တွင် တန်းလန်းကြီး ဖြစ်လျက်ရှိသော မှိန်းသွားတွင် ချည်နှောင်ထားသည့် ကြိုးခွေက ကွင့်၏ ခြေထောက်အား ရစ်ပတ် ဆွဲချသွားခြင်းပင် ဖြစ်တော့သည်။

ဘရော့ဒီက ဟိုဟိုသည်သည် ကြည့်ကာ ဓားကို ရှာသည်။ မော်တော်၏ ဦးပိုင်းတွင် ဓားမြှောင်တချောင်း စိုက်ထားသည်ကို တွေ့သဖြင့် အလျင်အမြန် ဆွဲယူလိုက်သည်။ သို့သော် ဓားက အရေးထဲတွင် အလွယ်တကူ နှုတ်မရ ဖြစ်နေချေသေးသည်။ လက်ထဲတွင် ဓား



www.burmeseclassic.com

www.burmeseclassic.com



မြှောင်ကို ဆုပ်ကိုင်မိသည်နှင့်တပြိုင်နက် ဘရော့ဒီသည် ခါးထိနစ်
သော ရေထဲတွင် ခတ်ခက်ခဲခဲလျှောက်လှမ်းယင်း ကွင့်ထံသို့ ပြန်လာ
ခဲ့သည်။

ဘရော့ဒီက ကွင့်အား လှမ်းကြည့်လိုက်သည်။ ကွင့်သည် တုန်ယင်
သော လက်ချောင်းများဖြင့် သူ့လက်ကို ဘရော့ဒီထံ အငမ်းမ
လှမ်းပေးလိုက်ရှိသည်။ ပြူးကျယ်နေသော သူ့မျက်လုံးအစုံတလည်း
တောင်းပန် ခယမ်းနေဟန် ရှိသည်။ ကွင့်လက်ထဲသို့ အမြန်ဆုံးရောက်
အောင် ဘရော့ဒီသည် မည်သို့ပင် အားစိုက်ကြိုးပမ်းပါသော်လည်း
သူ့ခါးလယ်ခန့်အထိ ရေဝင်လျက် ရှိရုံမျှမက တခြမ်းစောင်းနေပြီ
ဖြစ်သည့် မော်တော်ပေါ်တွင် လျှောက်လှမ်းနေခြင်း ဖြစ်သည်
မျှော်မှန်းသလောက် ခရီးက မတွင်လှ။

ကွင့်ထံသို့ ဘရော့ဒီ ရောက်လု ရောက်ခင်တွင်....

မည်းမည်းမှောင်နေပြီဖြစ်သည့် ပင်လယ်ရေပြင်အတွင်းသို့ ကွင့်၏
ခန္ဓာကိုယ်ကြီးသည် တဖြည်းဖြည်း လျောကျ နစ်ဝင်သွားခဲ့လေတော့
သည်။

ကွင့်၏ ခန္ဓာကိုယ်ကြီး မြုပ်ဝင်သွားရာ ရေပြင်တဝိုက်သည် အခိုး
အတန့်အားဖြင့် ငြိမ်သက်သွားခဲ့သည်။ ရေမျက်နှာပြင် အထက်တွင်
တဝက်၊ ရေအောက်တွင် တပိုင်း ဒေါင်လိုက်ကြီး ဖြစ်နေသည့် မော်
တော်ကြီး ရေအောက်သို့ တဖြည်းဖြည်းချင်း နစ်ဝင်လျက်ရှိရာ
ဖြစ်ပေါ်လာသည့် ရေသံသဲ့သဲ့လေးသည်သာလျှင် ပတ်ဝန်းကျင်
တခုတည်းသော မြည်သံ ဖြစ်လေသည်။

ရေသည် ဘရော့ဒီ ပခုံးသို့တိုင် ရောက်ရှိလာခဲ့ချေပြီ။ ဘရော့ဒီ
သည် ဆောက်တည်ရာမရ ဖြစ်ပြီး လက်လှမ်းမှီရာ တိုင်တတိုင်
အမြန်ဖမ်းကိုင်လိုက်၏။ ယင်းသည် ဗူလ်စက်သီးကို ချိတ်ဆွဲ တပ်ဆင်
သည့် တိုင်ကြီး ဖြစ်ပေသည်။

---

စာသရုပ်ဖော်



ဘရော့ဒီသည် ထိုတိုင်လုံးကြီးကို အမိအရ ဖက်တွယ်ထားစဉ်မှာ
ပင် ရေပြင်အောက်မှ ဖင်ထိုင်ခုံ ကူရှင်တခု အပေါ်သို့ ပေါ်ထွက်
လာခဲ့သည်ကို အမှတ်မထင် မြင်တွေ့လိုက်ရသည်။ သို့နှင့် ယင်းထိုင်
ခုံကို လှမ်းဆွဲလိုက်သည်။ ကူရှင်ထိုင်ခုံ သူ့လက်ထဲသို့ ရောက်ရှိလာ
ချိန်တွင် တကြိမ်က သူ့တပည့် ဟင်းဒရစ် ပြောခဲ့ဖူးသော စကား
တရပ်ကို ဘရော့ဒီ ပြန်လည် အမှတ်ရလာခဲ့သည်။ ယင်းမှာ....

**"အဲဒီကူရှင်တွေက ဆရာ့ကို ရေပေါ် ပေါ်နေအောင် ကောင်းကောင်း ထိန်းထားပေးနိုင်ပါတယ်။ တကယ်လို့ ဆရာ တာ ရှစ်နှစ်သားလေး ဖြစ်မယ်ဆိုယင်ပေါ့"**

....ဟူ၍ ဖြစ်သည်။ ထို့ကြောင့် ဘရော့ဒီသည် ကူရှင် ထိုင်ခုံ
လေးကို လုံးဝဥဿုံ အားမကိုးရဲသေး။ တိုင်ကြီးကိုသာ မြဲမြဲဖက်တွယ်
ထားရသည်။

ထိုစဉ်မှာပင် သူနှင့် ကိုက်နှစ်ဆယ်ခန့် ကွာလှမ်းသော ရေပြင်
တနေရာတွင် ငါးကြီး၏ကျောရိုးဆူးတောင်ကြီးသည် ရေမျက်နှာပြင်
အထက်သို့ တဖြည်းဖြည်း ပေါ်ထွက်လာခဲ့လေတော့သည်။

ငါးကြီး၏ အမြီးသည် ဖြည်းညင်းစွာ ဘယ်ဘက်သို့ တချက် ခတ်
သွားခဲ့သည်။ တဖန် ညာဘက်သို့ တချက်။

ထို့နောက်....

ကျောရိုးဆူးတောင်ကြီးသည် ဘရော့ဒီထံသို့ ဖြည်းညင်းစွာ ရွေ့
လျား တိုးကပ်လာခဲ့သည်။

**"သွား....သွား....ငါ့အနားမလာနဲ့"**

ဘရော့ဒီက အသံကုန် ဟစ်အော်လိုက်သည်။

သို့တစေ....

သေမင်းဖြူကြီးက ရှေ့သို့ တိုးမြဲ တိုးလာခဲ့သည်။

---

စာသရုပ်ဖော်

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းချင်း....တဖြည်းဖြည်းချင်း။

ငါးကြီး၏ နောက်တွင်မူ သစ်သားစည်များ၊ ကြိုးထွေး ကြိုးစများက တန်းလန်း....တန်းလန်းနှင့်။

ထိုစဉ်မှာပင်....

တိုင်ကြီးမှာလည်း ရေထုအတွင်းသို့ ဒေါင်လိုက်ကြီး တဖြည်းဖြည်းချင်း နစ်ဆင်းသွားခဲ့တော့သည်။ မတတ်နိုင်တော့။ ဘာရော့ဒီသည် မော်တော်ဦးပေါ်သို့ သွားရောက် ခိုနားရန် ဆုံးဖြတ်လိုက်ပြီး ရေပြင်ပေါ်သို့ ဝမ်းလျားထိုး မှောက်ချကာ စတင် ကူးခတ်လေသည်။

မော်တော်၏ ဦးချွန်ဆီသို့ ရောက်လု ရောက်ခင်ကလေးတင်မှာပင် မော်တော်ဦး၏ ဦးပိုင်းကြီးသည် မူလကထက် ရေမျက်နှာပြင်ပေါ်သို့ ပိုမိုကြွတက်လာခဲ့သည်။ ပြီး ရုတ်ခြည်း ရေမျက်နှာပြင် အောက်သို့ အပြီးအပိုင် ပြန်လည်ကျဆင်း မြုပ်ဝင်သွားခဲ့လေတော့သည်။

ဘာရော့ဒီသည် ရွေးချယ်စရာလမ်းကြောင်း မရှိတော့ပြီ။

တိုင်ကြီးကိုသာ ဆက်လက်ဖက်တွယ်ထားပါက သူသည်လည်း အော်ကာ တံငါမော်တော်နှင့်အတူ သမုဒ္ဒရာ ကြမ်းပြင်ပေါ်သို့တိုင် လိုက်ပါသွားရပေလိမ့်မည်။

သို့နှင့် သူသည် တိုင်ကြီးကို လွှတ်လိုက်ပြီး ကူရှင်ဖင်ထိုင်ခုံလေးကို အလျှင်အမြန် ဖက်တွယ်ထားလိုက်သည်။ တထောင်ဆစ်နှစ်ဘက်ကို ယင်း ကူရှင်ပေါ်တွင် ကန့်လန့်ဖြတ်တင်ပြီး ကိုယ်ကို စန့်စန့်ထားကာ ခြေနှစ်ချောင်းကို အဆက်မပြတ် ခတ်ပေးခြင်းအားဖြင့် သူသည် ရေတွင် မနစ်မြုပ်နိုင်ကြောင်းကို မကြာမြင့်မီသော အချိန်အတွင်းမှာပင် ဘာရော့ဒီ သိရှိနားလည်လာရသည်။ ယင်း နည်းသည် သူ့ကို ရေပေါ်တွင် ပေါ်စေသောနည်း ဖြစ်သလို မောပန်းခြင်း အလျှင်းမရှိပဲ သက်သောင့်သက်သာနှင့် ကူးခတ်နိုင်သော နည်းလည်း ဖြစ်ပေတော့သည်။





သို့သော်....

မှိန်းချက်များဒဏ်ကြောင့် အနာကြီး နာနေပြီဖြစ်သော သေမင်းဖြူကြီးသည် တစ တစနှင့် သူ့အနီးသို့ ရောက်ရှိလာခဲ့သေတော့သည်။ သေမင်းဖြူကြီးသည် သူ့ကို ကျားနာခဲ ခဲသေတော့မည်။ ဘာရော့ဒီသည် မည်သို့ပင် ကြိုးစားကူးခတ် ပြေးထွက်ပါသော်သည်း မလွတ်နိုင်အောင် ဖြစ်နေရသည်။ သူ့အချက် နှစ်ဆယ်ခန့် ခတ်နှုန်းသည် ငါးမန်းကြီး အမြီးတချက်ခတ်နှုန်းကိုပင် မကျော်လွန်နိုင်အောင် ဖြစ်ခနေတော့သည်။

ကတော့ပုံသဏ္ဍာန် နှာယောင်ကြီးသည် သူနှင့် ပေအနည်းငယ်ခန့်သာ ကွာလှမ်းပေတော့သည်။ ဘာရော့ဒီအနေဖြင့် လွတ်လမ်းမမြင်တော့။ မျှော်လင့်ချက်မရှိတော့။ သူမမျှော်မှန်းခဲ့ဖူးသော နာကျင်မှုဝေဒနာဖြင့် သူ အသက် သေဆုံးရပေတော့မည်။ ဘာရော့ဒီသည် မျက်စိကို စုံမှိတ်ကာ ဘယ်သံပါအောင် အော်ဟစ်လိုက်လေတော့သည်။

အံ့ဩဖွယ် ကောင်းလေစွ။

သူ မျှော်လင့်ထားသလိုမျိုး လုံးလုံး ဖြစ်မလာခဲ့ပါချေ။

သူ့မျက်လုံးများကို ဖွင့်ကြည့်လိုက်သည်။

ငါးမန်းကြီး၏ ပါးစပ်ဖြူကြီးသည် သူ့ကို ဟပ်မိလု ဟပ်မိခင် အခြေအနေမှာ ရှိခဲ့သည်။ သူ့ထံမှ နှစ်ပေခန့်သာ ကွာလှမ်းတော့သည့် နေရာသို့တိုင် ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။ သို့သော် ငါးကြီးသည် ထိုနေရာ၌ပင် ရပ်တန့်ခြင်း ပြုသွားခဲ့ရပေသည်။ အကြောင်းကား ငါးမန်းကြီးသည် ယင်းနေရာသို့ အရောက်တွင် အသက်လွှတ်သွားခဲ့ရခြင်းကြောင့်ပင်။



www.burmeseclassic.com

www.burmeseclassic.com



သမင်းဖြူကြီးကို သမင်းက ခေါ်ဆောင်သွားခဲ့လေပြီတည်း။

ဘရော့ဒီသည် ကူရှင် ဖင်ထိုင်ခုံလေးကို ပိုက်လျက်မှပင် ဝိညာဉ် ကင်းမဲ့နေပြီဖြစ်သည့် သမင်းဖြူကြီးကို ငေးငေးငိုင်ငိုင် ကြည့်နေမိသည်။သံမဏိရောင်လိုလို၊ မီးခိုးရောင်လိုလိုအသွေးရှိ ငါးမန်းကြီးသည် ရေပြင်အောက်သို့ တဖြည်းဖြည်းချင်း နစ်ဆင်းဝင်ရောက်လျက် ရှိနေသည်။

ဘရော့ဒီသည် ပင်လယ်ရေပြင်ထဲသို့ ဦးခေါင်းကို နှစ်ကာ မျက်စိကို ဖွင့်ကြည့်လိုက်သည်။ ဆားငန်ရေ မှုန့်ဝါးဝါး အကြားမှပင် သူသည် မြင်ကွင်းတခုကို နောက်ဆုံး မြင်တွေ့လိုက်ရလေတော့သည်။ ငါးမန်းကြီးသည် တဖြည်းဖြည်းချင်းညင်ညင်သာသာ ရေအောက်သို့ ကျဆင်းလျက်ရှိသည်။ ငါးကြီး၏ ခန္ဓာကိုယ်တွင် မြုပ်ဝင်နေသော မှိန်းသွားတွင် ဆက်ထားသော ကြိုးက တန်းလန်း တန်းလန်း လိုက်ပါလျက်ရှိသည်။ ယင်းကြိုးနှင့် ရစ်ပတ်လျက် ပါသွားသူကား ကွင့်၊ ရေလုပ်သား တံငါသည်ကြီး ကွင့်။ ငါးတို့၏ သဘာဝကို နားလည်သော၊ ပင်လယ်ပြင်တွင် ဆုရှင်တဆူ မင်းမူခဲ့သော ကွင့်။ အပွဲပွဲ နွှဲခဲ့သော ကွင့်။ ယခုတပွဲကျမှ နှုပ်ပစ်ခံလိုက်ရသော ကွင့်။

သူသည်လည်း ကြိုးတန်းလန်းနှင့် ငါးကြီးနောက်မှ လိုက်ပါ ကျဆင်းသွားခဲ့သည်။ သူ့ဦးခေါင်းက နောက်သို့ လန်လျက်ရှိသည်။ မျက်လုံးများက အပြူးသား။ အကြောင်သား။ တခုခုကို ငြင်းဆို ကန့်ကွက်နေဟန် တူသော ပါးစပ်က ပွင့်ဟလျက်။ သူ့ လက်နှင့် ခြေများကမူ ကိုးရိုးကားရား။

မကြာမီ ငါးကြီးသည် သူ့မြင်ကွင်းမှ ပျောက်ကွယ်သွားခဲ့တော့သည်။ သို့သော် ရေအောက်သို့ ဆက်လက် ကျဆင်းနေဦးမည်တော့ အမှန်ပင်။သို့သော် သမုဒ္ဒရာအနက်ပိုင်းသို့တိုင် ကျဆင်းသွားလိမ့်မည်တော့ မဟုတ်ပေ။ ရေမျက်နှာပြင်ပေါ်တွင် ပေါ်လောပေ





လျက်ရှိသည့် သစ်သားစည်ပိုင်းလေးများက ငါးမန်းကြီး ရေအောက် ကြမ်းပြင်သို့တိုင် ဆက်လက်ကျဆင်းသွားခြင်းကိုမူ ဟန့်တား၊ တားဆီးထားပေမည်။ ရေပြင်ပေါ်မှ အလင်းရောင် ထွင်းဖောက်မရောက်နိုင်သည့် ရေအနက်တနေရာရာတွင် 'တန့်' နေပေလိမ့်မည်။ကြိုးတန်းလန်းနှင့် 'ကွင့်'၏ အလောင်းကောင်ကြီးကမူ ရေပြင်၏ လှုပ်ရှားမှုကြောင့် ဖြည်းဖြည်းသာသာ လှုပ်ရှား လည်ပတ်လျက် ရှိနေကြောင်းကို မှုန်ပျပျ အသင်းရောင်အောက်တွင် ဘရော့ဒီ မြင်တွေ့လိုက်ရသည်။

ဘရော့ဒီသည် အသက်အောင့်မထားနိုင်သည့်တိုင် လေမွန်းလာသောအခါတွင်မှ သူ့ဦးခေါင်းကို ရေပြင်အထက်သို့ ဖော်လိုက်သည်။ သူ့မျက်လုံးများကို ကြည်လင်သွားအောင် ပထမ လုပ်လိုက်သည်။ ထို့နောက် အမီတီမြို့ကမ်းခြေဘက်သို့ လှမ်းမျှော်ကြည့်လိုက်သည်။ ကမ်းခြေဘက် တနေရာတွင် ကမ်းခြေစောင့် တပ်ဖွဲ့၏ မျှော်စင်တခုမှ မီးရောင်ကို ခပ်ရေးရေး မြင်တွေ့လိုက်ရသည်။

အမီတီရေချိုးဆိပ်ကမ်းမြို့လေးသို့'**သမင်းဖြူ**'ဘေးအန္တရာယ် ဆိုးကြီး ကျရောက်သာခဲ့ပြီး သည်နောက်တွင်–

မြို့သူ မြို့သားအားလုံး ကျီးလန့် စာစားဖြစ်ခဲ့ရသည်။

စီးပွားရေးလုပ်ငန်းများ အကြီးအကျယ် ကျဆင်းခဲ့ရသည်။

တမြို့လုံး စီးပွားပျက် ကပ်ကြီးဆိုက်ခဲ့ရသည်။ လယ်စီးဘင်း ကဲ့သို့သော မြို့တော်ဝန်ပင်လျှင် စီးပွား ပျက်ပြားသဖြင့် အမီတီ မြို့ကို စွန့်ခွာ ထွက်ပြေးခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မြေသလုံး အိမ်တိုင်မလေး ခရစ္စတင်း ဝေါ့(တ်)တင်း မှသည် အဖိုးကြီး ကာတာ အထိ အပြစ်မဲ့သော နွေးညှိသည့် ခရီးသွားများ၏ အသက်များစွာတို့မှာ ပျက်စီးဆုံးရှုံးခဲ့ရသည်။

ယင်း သေမင်းဖြူကြီးကို ဖျက်ဆီးသုတ်သင်ရေးအတွက်-

မစ္ဆပေဒ ပညာရှင် 'မက်(တ်)ဟူးပါး'၊

တံငါသည် ရေလုပ်သားကြီး 'ကွင့်'၊

စသူတို့၏ အသက်အိုးအိမ်တို့မှာ 'စတေးခံ' ခဲ့ကြရသည်။

စခန်းမှူးကြီး ဘရော့ဒီအဖို့မူ-

၎င်း'သေမင်းဖြူကြီး'ကို သုတ်သင်ဖျက်ဆီးရေး၌ အများသူငါကဲ့သို့ အသက်အိုးအိမ် စည်းစိမ်များ စွန့်လွှတ်ခဲ့ရခြင်း အလျှင်းမရှိသော်လည်း

'စတေးခံရ' ခြင်းတော့ ရှိခဲ့သည်။

ယင်းမှာ

သူ့အချစ် (သို့မဟုတ်)

သူ့နှလုံးသား (သို့မဟုတ်)

သူ့ဇနီးသည် 'အယ်လင်း'။

ယခုမူ-

အရာရာသည် ပြီးဆုံးခဲ့ရလေပြီ။

ရက်ပေါင်း အတန်ကြာမျှ ပူးဝင်နှောင့်ယှက်၊ ခြောက်လှန့်၍ နေခဲ့သော'သေမင်းဖြူ' အိပ်မက်ဆိုးကြီးသည် ယခုမူ နိဂုံးတံခဲ့ရလေပြီ။

မည်သို့ပင်ဖြစ်စေ

အမှန်တရားဘက်မှ ရဲရဲဝံ့ဝံ့ ရပ်တည်ကာ ကိုယ်ကျိုးမငဲ့ပဲ ရှုပ်ရှုပ်ချုံချုံ ဆောင်ရွက်ခဲ့သော သူ့အဖို့မှုကား နောက်ဆုံးတွင် အောင်မြင်မှုသည် သူ့ရလဒ်ပင် ဖြစ်ခဲ့ရချေတော့သည်။ အမိတီမြို့သူမြို့သားအပေါင်းတို့သည် သူ့ကို တယ်တင်ရှင် သူရဲကောင်းကြီးအဖြစ် ဂုဏ်ပြုရန် စောင့်ဆိုင်းနေကြပေလိမ့်မည်။





ထို့ပြင် သာယာချမ်းမြေ့သော ဘဝတာစုတို့ ပြန်လည် အစပျိုးရန် စောင့်ဆိုင်းနေသူတဦးလည်း ရှိပေလိမ့်ဦးမည်။

ထိုသူသည်ကား ချစ်ဇနီး 'အယ်လင်း'။

မာတင်ဘရော့ဒီသည် သူ့ခေါင်းထဲမှ စိတ်ညစ်စရာ အတွေးအမြင် အားလုံးကို ဖြုတ်တောက် မေ့ဖျောက် ပစ်လိုက်ပြီး ရေမြင်ပေါ်သို့ မှောက်ချကာ စတင် ကူးခပ်လေတော့သည်။

မျှော်စင်ကြီးရှိရာ အမိတီ ကမ်းခြေသို့ ဦးဘည်လျက်....။

ဇော်ဗလ



www.burmeseclassic.com



BURMESE CLASSIC .com



▲ မိမိ၏ကိုယ်ရေးကိုယ်တာ၊ အိမ်ထောင်ရေးကိစ္စထက် ရုံးလုပ်ငန်းတာဝန်ကို ပိုမိုအလေးထား ဆောင်ရွက်တတ်သည် ဖြစ်ခြင်းကြောင့် ဇနီးသည်၏ ငြိုငြင်ခြင်းကိုခံနေရရှာသူ ရဲမှူးကြီး 'ဘရော့ဒီ'အဖြစ် မင်းသားကြီး 'ရွိုင်ရှိုင်းဒါး'။

www.burmeseclassic.com

www.burmeseclassic.com



▲ ငါးမန်းဖြူကြီး ဝင်ရောက်လာသော အခါ
ရေပြင်ပေါ်တွင် အေးအေးလူလူ
အပန်းဖြေနေကြသူ တစု ချမှာ]



▲

ဟူးပါးနှင့် ဘရော့ဒီ တို့တ
ဒေသခံ တံငါသည်များ မမ်းဆီးရရှိလာခဲ့သော
'ငါးမန်းဖြူ' တကောင်၏ ဝမ်းဗိုက်ကို
ခွဲစိတ်ကြည့်လိုက်သောအခါ။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



'သေမင်းငါးမန်းကြီး'၏ အနှောင့်အယှက်ပေးမှုကြောင့် စိတ်ပင်ပန်းလှစွာနှင့်
ငြိမ်းရှာသော ရဲအုပ်ကြီး 'ဘရောဒီ' နှင့် ဇနီးသည် 'အယ်လင်း'။



ယူ(နီ)ဗာ(ဆယ်)အကျော်ဝါ မောင်း
သိပ္ပံ မဂ္ဂဇင်း ပညာရှင်
မက်(တ်) ဟူး ပါး သည်
'ဂျော' သတင်းစာ၏ အယ်
ဒီတာ ဟယ်ရီ မီးဒိုး(စ်)၏
ဖိတ်ခေါ်ချက်ဖြင့် ဂျော
သေမင်းငါးကြီးကို နှိမ်နင်း
ရန် အမီတီ ရေချိုးဆိပ်မြို့
လေးသို့ ရောက်ရှိလာခဲ့ပြီး
လိုအပ်သော လေ့လာ စုံ
စမ်းမှုများကို ပြုလုပ်လေရာ။

BURMESE CLASSIC .com
www.burmeseclassic.com




[illegible]များ ပင်လယ်ပြင်သို့ထွက်၍ ဖမ်းဆီး ရရှိခဲ့သော ငါးမန်းမြှာ ငါးရက် အတွင်း လူသား သုံးဦးတို့၏ ဇီဝိန်ကို ခြွေသွားခဲ့သော ငါးမန်းဖြူကြီး ကောက်စင်စစ် ဟုတ် မဟုတ် ဆိုသ ‘ကို ‘ဟူပါ’က နည်းစနစ်ကျနစွာ စစ်ဆေးနေလ လာကြည့်ရာ-



▲ ငါးမန်းဖြူကြီးအား
အပြတ်အသတ် နှိမ်နင်းပေးရေးအတွက်
တံငါသည်ကြီး ‘ကွင့်(တ်)’အား
ဒေါ်လာ လေးရာ ပေး၍ ငှားရမ်းရလေပြီ။

www.burmeseclassic.com



အမိတီမြို့၏ စီးပွားရေးအား ခြိမ်းခြောက် နှောင့်ယှက် နေသော ငါးမန်းကြီး၏ ရန်ကို ပယ်ရှင်းနိုင်မှသာ မြို့လူထု၏ ဝင်ငွေအခြေအနေ ကောင်းမွန်လာမည် ဖြစ်သည်မို့ ဒေသခံ မြို့သူ မြို့သားများ ပင်လယ်ပြင်သို့ တစုတဝေးကြီး ငါးမန်း အမဲလိုက် ထွက်ကြသည်မှာ ပျော်ပွဲကြီးတခု ပမာအလား....။





▲ "ဒီလို ငါးမျိုး ကျုပ် တသက်မှာ
တခါမှ မတွေ့ခဲ့ဖူးသေးဘူး။
ကျုပ် မမြင်ဖူးသေးတာ မှန်သမျှ
ဒီကောင်ကြီးက လုပ်ပြသွားခဲ့တာပဲလေ—"

www.burmeseclassic.com

www.burmeseclassic.com



သောင်းကျန်းလာသည့် သေမင်းဖြူကြီးအား နှိမ်နင်းရန် ပင်လယ်ပြင်သို့ ထွက်ခွာလာရပြီဖြစ်သည့် 'ကွင့်(တ်)'၊ 'ဘာရော့ဒီ' နှင့် 'ဟူးပါး'။

BURMESE CLASSIC .com



◀ သူတို့ မျှော်လင့်စောင့်စား နေခဲ့သောငါးမန်းဖြူကြီးအား အနီးကပ် တွေ့ဆုံလိုက်ရသော အခါ....

www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ...ဟိုမှာ...ငါးမန်းကြီး"။ အနီးကပ် ဖြတ်သွားသော ငါးမန်းကြီးကို မြင်တွေ့လိုက်ရသော ဟူးပါးမှာ အလန့်တကြား -

ရေအောက်သို့ ဆင်းပြီး ငါးမန်းကြီးအား ရေပြင်ပေါ်သို့ မောင်းတင်ရန် ကြိုးစားနေသော ဟူးပါးနှင့် သူ့အား · စိတ်မပါ လက်မပါ ကူညီနေရသော ဘရော့ဒီ။



www.burmeseclassic.com

www.burmeseclassic.com



ငါးမန်းကြီးမှာ သူတို့ ထင်မှတ်ထားသည်ထက်
ပိုမိုပါးနပ်ပြီး အစာကို မဟပ်၊
မော်တော်အနီးကပ်၍ ဟိုကူး သည်ခပ် လုပ်ယင်း သူတို့အား
အကဲခတ်နေသည် ဖြစ်ရကား....



• သမင်းဖြူကြီးနှင့် လူသား သုံးဦးတို့၏
• နောက်ဆုံး တိုက်ပွဲ၊
• မည်သူ နိုင်၍ မည်သူ ရှုံးမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com





▲

ချက်ချင်းဆိုသလိုပင် မော်တော်ဘုတ်၏ ပဲ့ပိုင်းနှင့်
ကပ်လျက်ရှိသည့် ရေပြင်ပေါ်တွင်–ငါးကြီးသည်
ပေါ်ထွက်လာခဲ့၏။ ရောမ ပါးစပ်ကြီးကို
အစွမ်းကုန် ဖွင့်ဟလျက်၊ မျက်လုံးအနက် တစုံ
ကလည်း ပြူးကျယ်လျက်....။

www.burmeseclassic.com

www.burmeseclassic.com



"ထွက်ခဲ့စမ်း၊ ထွက်ခဲ့စမ်း၊ အဲဒီအောက်ထဲက ထွက်စမ်း။ မင်းက ငါ့ကို ရေထဲ မြုပ်မပစ်ခင်မှာ ငါက မင်း အူတွေကို ဆွဲနုတ်ပစ်လိုက်မယ်ကွ သိရဲ့လား"





www.burmeseclassic.com

www.burmeseclassic.com





'ခရစ္စတင်း'



www.burmeseclassic.com

www.burmeseclassic.com




ရဲမှူးကြီး ဘရော့ဒီမှာ အမိတီမြို့ ရေချိုးဆိပ်ကိုခေတ္တပိတ်ထားရေးနှင့် စပ်လျဉ်းပြီး သူနှင့် သဘောထားခြင်း မတူညီသည့် မြို့ခံ ပုဂ္ဂိုလ်များနှင့် ဤသို့ အငြင်းအခုန် စကားစစ်ထိုး တိုက်ပွဲဝင်ခဲ့ရပြီးနောက်....

## အစီရင်ခံပါသည်၊

စာရှုသူ ယခု ဖတ်ရှုပြီးစီးသွားပြီဖြစ်သည့် 'ဇော်ဗလ' ၏ 'သေမင်းမြှု နှင့်စတေးခံ' ဘာသာပြန်ဝတ္ထုသည် ရန်ကုန်မြို့တွင် ယနေ့[ရုပ်ရှင်ရုံကြီး(၃)ရုံ၌ တပြိုင်တည်း]ရုံတင်ပြသလျက်ရှိနေသော 'ဂျော(စ်)'[Jaws]ရုပ်ရှင်ကား၏ ဇာတ်လမ်းကို ပြန်ဆိုတင်ပြထားသည့် ရုပ်ရှင်ဝတ္ထု မဟုတ်ပါ။

စာရေးဆရာ 'ပီတာဘင်(ချ်)လေ' ၏ မူရင်းဝတ္ထုအား မူရင်းရသ မပျက် ဆီလျော်စွာ မြန်မာပြန်ဆိုထားသည့် 'ဝတ္ထုဘာသာပြန်၊ ဘာသာပြန်ဝတ္ထု' စစ်စစ်ပင် ဖြစ်ပါသည်၊

ပီဘာဘင်(ချ်)လေသည် သူ၏ဂျော(စ်)ကို ၁၉၇၄ခုနှစ်တွင် ပထမဆုံးအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ပြီးနောက် ဇော်ဗလက (၁၉၇၆ ခုနှစ် ဩဂုတ်လအတွင်းတွင်) မြန်မာဘာသာပြန် အဖြစ် ပထမအကြိမ် ပုံနှိပ် ထုတ်ဝေခဲ့ပြီး ဖြစ်ပါ၏။

ယင်းဂျော(စ်)ကို ၁၉၇၅ ခုနှစ်တွင် ရုပ်ရှင်အဖြစ်အသွင်ပြောင်းသောအခါ မူရင်းဝတ္ထုကို အနည်းငယ် သွေဖည်၍ ပြောင်းလဲတင်ဆက်မှုများ ရှိခဲ့ပါသည်။ [ဥပမာအားဖြင့် မိမိ ကိုယ်ရေးကိုယ်တာ, အပိုင်းထက် လုပ်ငန်းတာဝန်ပိုင်းကို ပိုမိုအလေးပေးသဖြင့် ရဲမှူးကြီးဘရော့ဒီမှာ အိမ်ထောင်ရေးပြေမလည်ဖြစ်ရသည့် အပိုင်း၊ ဒေသခံအာဏာပိုင် ပုဂ္ဂိုလ်များနှင့် အစေးမကပ် ဖြစ်ရသည့်အပိုင်း၊ အဏ္ဏဝါဇေဒပညာရှင် ဟူးပါးနှင့် အယ်လင်း(ရဲမှူးကြီး ဘရော့ဒီ၏ဇနီး)တို့၏ ဇာတ်လမ်း၊ ဟူးပါး၏ ဘဝ နိဂုံးပိုင်း၊ အဓိကဗီလိန်ဇာတ်ကောင်ဖြစ်သည့် 'သေမင်းမြှု' (ရောမငါးမန်းဖြူ) ကြီး၏ ဇာတ်သိမ်းပိုင်း စသည်....စသည်တို့ကို မှန်ဝါးစွာ တင်ပြထားခြင်း၊ ချန်လှပ်ထားခြင်း၊ မြုပြင်ပြောင်းလဲထားခြင်း]

'ဂျော(စ်)' ဝတ္ထုကို ဖတ်ထားပြီးနှင့်သောပုဂ္ဂိုလ်များနှင့် ဝတ္ထုကို မဖတ်ရသေးသော်လည်း (တဆင့်စကားတဆင့်နားဖြင့် ပြောသံကြားရခဲ့)သူများအဖို့ ဝတ္ထုနှင့်ရုပ်ရှင် မည်သည့်အဘွက်ကြောင့် မတူညီခြင်း ဖြစ်ရသည်၊ မည်သည့်နေရာများဘွင် မတူညီ ရှိနေသနည်းဟူ၍ သို့လော သို့လော ဖြစ်နေရခြင်းများကို အဖြေပေးရန်နှင့် ဝတ္ထုနှင့် ရုပ်ရှင် မည်သူက သာသည်၊ မည်သူညံ့သည် စသည်တို့ကို တိုက်ဆိုင်နှိုင်းယှဉ် ခံစားကြည့်နိုင်ကြစေရန် အတွက် ဇော်ဗလ၏ 'သေမင်းမြှုနှင့်စတေးခံ' (Jaws မြန်မာပြန်)ကို ဒုတိယအကြိမ် ပြန်လည်ပုံနှိပ်ထုတ်ဝေလိုက်ရခြင်း ဖြစ်ပါ၏။

ဤ ဒုတိယအကြိမ်ပုံနှိပ်ထုတ်ဝေခြင်းဘွင် (မြန်မာပြည်ကျေးမှု ဓလေ့ထုံးစံနှင့် မကိုက်ညီသော အကြောင်းအရာအနည်းငယ်ကို ဖြတ်တောက် ပြင်ဆင်ထားခြင်းမျိုးမှလွဲ၍) ပထမအကြိမ် ထုတ်ဝေစဉ်က အတိုင်းပင် ဖြစ်ပါကြောင်းကိုလည်း အစီရင်ခံအပ်ပါသည်။

www.burmeseclassic.com